http:\\www.dhammadownload.com

တိပိဋကဓရဟောစဉ်တရားတော်များ(အဋ္ဌမတွဲ)

မင်းကွန်းဆရာတော်
ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဆဋ္ဌသင်္ဂါယနာ ဝိသဇ္ဇက
အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

# အရှင်ဝိစိတ္တသာရာဘိဝံသ

၏

# ဟောစဉ်တရားတော်များ

(အဋ္ဌမတွဲ)

တိပိဋက=နိကာယသာသနာပြုဉပဋ္ဌာက စာအုပ်စာပေနှင့်
မော်ကွန်းအဖွဲ့က ထုတ်ဝေသည်။

ဓမ္မဒါန

သာသနာ ၂၅၄၇ ကောဇာ ၁၃၆၅ ခရစ်နှစ် ၂၀၀၄

http:\\www.dhammadownload.com

## မမေ့သင့်သော ဗုဒ္ဓ ဩဝါဒ

၁။ အားကိုးရာအစစ်သည် ဗုဒ္ဓ ဓမ္မ သံဃ၊
၂။ အမြဲနှလုံးသွင်းရန်အစစ်သည် အနိစ္စ ဒုက္ခ အနတ္တ၊
၃။ မိတ်ဆွေအစစ်သည် ကံ ဉာဏ် ဝီရိယ၊
၄။ နေ့စဉ်အလုပ်သည် ဒါန သီလ ဘာဝနာ၊
၅။ အမြဲလက်ကိုင်ထားရန်အစစ်သည် ခန္တီ မေတ္တာ သစ္စာ၊
၆။ ရန်သူအစစ်သည် လောဘ ဒေါသ မောဟ၊
၇။ ဥစ္စာပစ္စည်း၏ အနှစ်သည် ဒါန၊
၈။ မိမိခန္ဓာကိုယ်၏ အနှစ်သည် သီလ၊
၉။ မိမိအသက်၏ အနှစ်သည် ဘာဝနာ၊
၁၀။ အလှူအားလုံးတွင် တရားအလှူသည် အမြတ်ဆုံး၊
၁၁။ အရသာအားလုံးတွင် တရားအရသာသည် အမြတ်ဆုံး၊
၁၂။ ဗုဒ္ဓတရား မေ့မထားနှင့် .... .... ..... ။
ဆုံးမတိုင်းသာ ကျင့်ကြံပါက ဘယ်မှာ နိဗ္ဗာန်ဝေးမည်နည်း။

http:\\www.dhammadownload.com

တိပိဋကဓရဟောစဉ်တရားတော်များ(အဋ္ဌမတွဲ)

မင်းကွန်းဆရာတော်
ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဆဋ္ဌသင်္ဂါယနာ ဝိသဇ္ဇက
အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

# အရှင်ဝိစိတ္တသာရာဘိဝံသ

၏

# ဟောစဉ်တရားတော်များ


## (အဋ္ဌမတွဲ)

တိပိဋက=နိကာယသာသနာပြုဥပဋ္ဌာက စာအုပ်စာပေနှင့်
မော်ကွန်းအဖွဲ့က ထုတ်ဝေသည်။

ဓမ္မဒါန

သာသနာ ၂၅၄၇ ကောဇာ ၁၃၆၅ ခရစ်နှစ် ၂၀၀၄

http:\\www.dhammadownload.com



တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက

# အရှင်ဝိစိတ္တသာရာဘိဝံသ

http:\\www.dhammadownload.com

http:\\www.dhammadownload.com



# သာသနာ့ချိန်ခွင်ကြီး လေးလက်တရားတော်

## (ဂ) ဥပါသကာ ဒါယကာ ချိန်ခွင်ကြီး

## မာတိကာ


၁။ စိတ္တသူကြွယ် (ပညာချိန်ခွင်)တရားတော် - ၁

(က) ကျောင်းထိုင်ဘုန်းကြီး ဦးသုဓမ္မ - ၈

(ခ) အောက်ကလိအာ+အာကလိအောက် - ၁၇

(ဂ) ရှင်သုဓမ္မစိတ်ဆိုးပြီ - ၂၀

(ဃ) သုဓမ္မရဟန်းအားအဖော်တပည့်ရဟန်း ထည့်ပေးခြင်း - ၂၈

(င) အရှင်သုဓမ္မအား ဩဝါဒတရားပေးခြင်း - ၃၀

(စ) အရှင်သုဓမ္မ ရဟန္တာဖြစ်ခြင်း - ၃၂

၂။ စိတ္တသေဋ္ဌေး ဘုရားထံ ဆည်းကပ်ခြင်း - ၃၃

(က) စိတ္တသေဋ္ဌေး ဘုရားဖူးသွားဖို့ စိမံပုံ - ၃၅

(ခ) နတ်များက ကူညီကြခြင်း - ၃၆

(ဂ) စိတ္တသေဋ္ဌေးရောက်ပြီ - ၄၁

(ဃ) နတ်ပန်းမိုး ဖြိုးဖြိုးရွာသွန်းချ - ၄၃

(င) လူနတ်တို့က လက်ဆောင်ပေးကြ - ၄၇

၃။ စိတ္တသူကြွယ်၏ အတိတ်ဝတ္ထု - ၅၁

(က) တောပန်းများ ခူးယူခဲ့ခြင်း - ၅၃

(ခ) စိတ္တနတ်သားဘဝ(နှင့်) စိတ္တသူကြွယ်ဘဝ - ၅၅

http:\\www.dhammadownload.com



၄။ စိတ္တသံယုတ်(၁)သံယောဇနသုတ်တရားတော်- ၅၇
(က) လင်းနို့သားငါးရာ - ၆၄
(ခ) ဖားနတ်သားအကြောင်း - ၆၅
(ဂ) စိတ္တသူကြွယ်၏ လျှောက်ထားချက်အဖြေ - ၇၁
(ဃ) မဟာထေရ်ကြီးတို့ ချီးမွမ်းတော်မူကြခြင်း - ၈၀
၅။ စိတ္တသံယုတ်(၂) ဣသိဒတ္တသုတ်တရား - ၈၁
၆။ စိတ္တသံယုတ်(၃) ဒုတိယဣသိဒတ္တသုတ်တရား- ၈၉
(က) အတ္တဒိဋ္ဌိမဖြစ်ပုံအမေးအဖြေ - ၁၀၂
(ခ) မမြင်ဘူးသောမိတ်ဆွေဖြစ်နေခြင်း - ၁၀၄
(ဂ) ကျောင်းထိုင်ရန်လျှောက်ထားတောင်းပန်ခြင်း-၁၀၇
(ဃ) ရဟန္တာမြတ်တို့သံယောဇဉ်ဖြတ်ပုံ - ၁၀၈
၇။ စိတ္တသံယုတ် (၄)
မဟာကပါဋိဟာရိယသုတ်တရား - ၁၁၀
(က) အရှင်မဟာကရဟန္တာခွင့်ပန်လျှောက်ထားခြင်း-၁၁၅
(ခ) အရှင်မဟာကတန်ခိုးစီမံခြင်း - ၁၁၇
(ဂ) စိတ္တသေဌေးကြည်ညိုဝမ်းမြောက်ခြင်း - ၁၂၀
၈။ စိတ္တသံယုတ်(၅) ပဌမကာမဘူသုတ် - ၁၂၈
(က) ဘုရားချီးမွမ်းဥဒါန်းကျူးရင့်ခြင်း - ၁၃၄
(ခ) ဥဒါန်းကျူးရင့်တော်မူခြင်း - ၁၃၇
(ဂ) ကာမဘူသုတ်(အဆက်) - ၁၃၉
၉။ စိတ္တသံယုတ်(၆) ဒုတိယကာမဘူသုတ် - ၁၄၅
(က) အထူးမှတ်ဖွယ်အဓိပ္ပာယ် - ၁၄၇

http:\\www.dhammadownload.com



(ခ) စတုတ္ထအမေးအဖြေ – ၁၆၀
(ဂ) ပဉ္စမအမေးအဖြေ – ၁၆၂
(ဃ) ဆဋ္ဌမအမေးအဖြေ – ၁၆၅
(င) သတ္တမအမေးအဖြေ – ၁၇၀
(စ) အဋ္ဌမအမေးအဖြေ – ၁၇၃
(ဆ) နဝမအမေးအဖြေ – ၁၇၆
(ဇ) ဒသမအမေးအဖြေ – ၁၇၈
၁၀။ စိတ္တသံယုတ်(၇) ဂေါဒတ္တသုတ် – ၁၈၀
(၁) အပ္ပမာဏစေတောဝိမုတ္တိ – ၁၈၂
(၂) အာကိဉ္စညစေတောဝိမုတ္တိ – ၁၈၅
(၃) အနိမိတ္တစေတောဝိမုတ္တိ – ၁၈၈
၁၁။ စိတ္တသံယုတ်(၈) နိဂဏ္ဌနာဋပုတ္တသုတ် – ၂၀၃
(က) ပဌမ မဟာပညာသုတ် – ၂၂၁
(ခ) ပြဿနာဆယ်ချက်ဟောတော်မူခြင်း – ၂၂၅
(ဂ) ဝိညာဏဋ္ဌိတိခုနစ်ပါးအကြောင်း – ၂၃၈
၁၂။ စိတ္တသံယုတ်(၉) အစေလကဿပသုတ် – ၂၄၇
(က) သူငယ်ချင်းနှစ်ဦးတရားဆွေးနွေးခန်း – ၂၄၉
(ခ) အစေလကဿပ တရားကျပြီ – ၂၅၂
(ဂ) အရှင်ကဿပ ရဟန်းပြု၍ ရဟန္တာဖြစ်ခြင်း – ၂၅၄
၁၃။ ဂိလာနဒဿနသုတ် – ၂၅၇
(က) ဆွေမျိုးများ အထင်မှားကြသဖြင့်
စိတ္တသေဋ္ဌေးတရားဟောပြပြီး – ၂၅၉
(ခ) ပဉ္စမဩဝါဒ ဘုရားဂုဏ်တော် ၉–ပါး – ၂၆၄

http:\\www.dhammadownload.com



## တိပိဋကရေယောစဉ်တရားတော်များ(အဋ္ဌမတွဲ)

(ဂ) ဒုတိယသြဝါဒခန်း တရားဂုဏ်တော် ၆–ပါး – ၂၆၉
(ဃ) တတိယသြဝါဒခန်း သံဃာ့ဂုဏ်တော် ၉–ပါး– ၂၇၂
(င) စတုတ္ထသြဝါဒခန်း အပ္ပမာဒပဋိပတ္တိ – ၂၇၅
၁၄။ ဟတ္ထကအာဠဝကသီတင်းသည်
(သမာဓိချိန်ခွင်တရားတော်) – ၂၇၈
(က) အာဠဝကသုတ် – ၂၇၈
(ခ) မြတ်စွာဘုရားရှင် အာဠဝီပြည်သို့
ကြွတော်မူခြင်း – ၂၉၀
(ဂ) မြတ်စွာဘုရားနှင့် ဂဒြဘ – ၂၉၂
(ဃ) အာဠဝကဗိမာန် ရတနာပလ္လင်၌
မြတ်စွာဘုရားဟောတော်မူခြင်း – ၂၉၅
(င) အာဠာဝကနှင့် ဂဒြဘတို့
အပြန်အလှန်ပြောကြဆိုကြပုံ – ၂၉၆
(စ) သာတာဂိရနှင့် ဟေမဝတ – ၂၉၇
(ဆ) ဘီလူး၏ ယုတ်ညံ့သောစိတ်အကြံ – ၃၁၂
၁၅။ ဟတ္ထကသုတ် (အင်္ဂုတ္တိုရ်တိကနိပါတ်–၁၃၅)– ၃၇၃
၁၆။ ဟတ္ထကသုတ်(အံ၊ ၁၊ ၂၈) – ၃၈၉

http:\\www.dhammadownload.com



# အရှင်ဝိစိတ္တသာရာဘိဝံသ၏

# ဟောစဉ်တရားတော်များ (အတွဲမတွဲ)

# သာသနာ့ချိန်ခွင်ကြီး လေးလက်တရားတော်

## (ဂ) ဥပါသကာ ဒါယကာ ချိန်ခွင်ကြီး

## (၁) စိတ္တသူကြွယ် (ပညာချိန်ခွင်) တရားတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကောဇာသက္ကရာဇ် ၁၃၃၂-ခု၊ သာသနာတော် ၂၅၁၄-ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် ၆-ရက်နေ့ မန္တလေးမြို့ စာတိုက်တန်း ရပ် ဒါယကာ ဒါယိကာမကြီး+ငယ် တစ်စုတို့၏ နှစ်စဉ် နှစ်စဉ် ကျင်းပမြဲ ဖြစ်သော သကျမုနိဥဒ္ဒိဿက စေတီတော်များ အား ၁၉-ကြိမ် မြောက် ပူဇော်အပ်သော ဘုရားပွဲသဘင်၌ ဟောကြားအပ်သည့် စိတ္တသူကြွယ် ဝတ္ထုတရား။

ဘုန်းကြီး ဝါတွင်းသုံးလ ဥပုသ်နေ့များမှာ သာသနာ့ချိန်ခွင် ကြီးလေးလက်တရား ဟောခဲ့တာ ရဟန်းယောကျ်ားဘက်က ချိန်ခွင်ကြီးတစ်လက်ဖြစ်တဲ့ ရှင်သာရိပုတ္တရာနဲ့ ရှင်မဟာမောဂ္ဂလ္လာန် တို့ နှစ်ပါးအကြောင်းလည်း ဟောခဲ့ပြီးပါပြီ။ ရဟန်းမတို့ဘက်က ချိန်ခွင်ကြီး တစ်လက်ဖြစ်တဲ့ ခေမာထေရီနဲ့ ဥပ္ပလဝဏ်ထေရီမတို့ နှစ်ပါးအကြောင်းလည်း ယမန်နေ့က ဟောခဲ့ပြီးပါပြီ။ တစ်ဝက်ကျိုးပြီ ဆိုကြပါစို့။

http:\\www.dhammadownload.com



ယနေ့ အမျိုးသားဥပါသကာ ဒကာကြီးများဘက်မှ ချိန်ခွင်ကြီးများသဖွယ် ဖြစ်ကြတဲ့ စိတ္တသူကြွယ်(နဲ့) ဟတ္ထကာဠဝက သီတင်းသည်တို့ နှစ်ယောက်အနက်က ပညာချိန်ခွင်ကြီးဖြစ်တဲ့ စိတ္တသူကြွယ်ရဲ့ ဝတ္ထုကို စတင်ဟောကြားကြပါစို့။

မြတ်စွာဘုရားက စတုက္ကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်မှာ–

သဒ္ဓေါ ဘိက္ခဝေ ဥပါသကော ဧဝံ သမ္မာ အာယာစမာနော အာယာစေယျ၊ တာဒိသော ဟောမိ, ယာဒိသော စိတ္တော စ ဂဟပတိ ဟတ္ထကော စ အာဠဝကော။ (အံ၊ ၁၊ ၈၇)

ဘိက္ခဝေ=ရဟန်းတော်များ အို–ချစ်သားတို့။ သဒ္ဓေါ=သဒ္ဓါတရားနှင့် ပြည့်စုံသော။ ဥပါသကော=ရတနာသုံးပါးကို ဆည်းကပ်သူ ဥပါသကာဒါယကာ တစ်ဦးဦးသည်။ အာယာစမာနော=ကိုယ်ရေးကိုယ်တာ ပန်ထွာတောင့်တလတ်သည်ရှိသော်။ စိတ္တော စ ဂဟပတိ = စိတ္တသူကြွယ် (စိတ္တသေဋ္ဌေး) သည် လည်းကောင်း။ ဟတ္ထကော စ အာဠဝကော = ဟတ္ထကာဠဝက သီတင်းသည် လည်းကောင်း။ ယာဒိသော=အကြင်သို့ စိတ္တသူကြွယ်ကား ပညာကြီးခြင်းသဘော+ ဟတ္ထကာဠဝက သီတင်းသည်သည်ကား သမာဓိကြီးခြင်းသဘော အသီးသီးရှိပေ၏။ အဟမ္ပိ=အကျွန်ုပ်သည်လည်း။ တာဒိသော=ထိုသို့ စိတ္တသူကြွယ်လို ပညာရှိတဲ့ ဥပါသကာတစ်ယောက်+ပတ္တကာဠဝက သီတင်းသည်လို သမာဓိကြီးရင့်တဲ့ ဥပါသကာ တစ်ယောက်သည်။ ဟောမိ=ဖြစ်ရပါလို၏။ ဧဝံ=ဤသို့ တောင့်တပန်ထွာမှ။ သမ္မာ= ကောင်းစွာ။ အာယာစေယျ=တောင့်တပန်ထွာသည် မည်ရာ၏။

မြတ်စွာဘုရားက "ရဟန်းတို့ သဒ္ဓါတရားရှိတဲ့ ဥပါသကာဒါယကာ တစ်ယောက်ဟာ သဘာဝဓမ္မနဲ့ ပတ်သက်လို့ ကိုယ်ရေး

http:\\www.dhammadownload.com



ကိုယ်တာ တောင့်တပန်ထွာလို့ရှိရင် 'ငါသည် မြတ်စွာဘုရား လက်ထက် တော်အခါတုန်းက ပညာကြီးရင့်တဲ့ စိတ္တသူကြွယ်လို ပညာကြီးရင့်တဲ့ ဥပါသကာတစ်ယောက် + သမာဓိကြီးရင့်တဲ့ ဟတ္ထကာဠဝက သီတင်းသည်လို သမာဓိကြီးရင့်တဲ့ ဥပါသကာ တစ်ယောက်ဖြစ်ရပါလို ၏"လို့ အဲဒီလို ပန်ထွာ၊ အဲဒီလိုတောင့်တမှု ကောင်းမြတ်သော သဘာဝကျသော ပန်ထွာတောင့်တခြင်း ဖြစ်နိုင် မယ်။ ဘာကြောင့်လဲဆိုတော့ –

သော ဘိက္ခဝေ တုလာ, တော် ပမာဏံ မမ သာဝကာနံ ဥပါသကာနံ ယဒိဒံ စိတ္တော စ ဂဟပတိ ဟတ္ထကော စ အာဠ ဝကော။

ဘိက္ခဝေ=ရဟန်းတော်များ အို–ချစ်သားတို့။ ယဒိဒံ=ယော အယံ စိတ္တော ဂဟပတိ စ=အကြင် စိတ္တမည်သောသူကြွယ်=စိတ္တ မည်သော သေဋ္ဌေးသည် လည်းကောင်း။ ယဒိဒံ=ယော အယံ ဟတ္ထကော အာဠဝကော စ=အကြင် ဟတ္ထကာဠဝက သီတင်းသည် သည်လည်းကောင်း။ အတ္ထိ=ရှိ၏။ သော=စိတ္တသေဋ္ဌေး=စိတ္တသူကြွယ် (နှင့်) ဟတ္ထကာဠဝက သီတင်းသည် ဤသူနှစ်ဦးသားသည်။ မမ သာဝကာနံ ဥပါသကာနံ=ငါဘုရား၏ တပည့်သား သာဝက ဥပါသကာ ဒါယကာတို့ အနက်။ တုလာ=ချိန်ခွင်ကြီးများ ဖြစ်ကြပေ၏။ တော်=စိတ္တသေဋ္ဌေး (စိတ္တသူကြွယ်)(နှင့်) ဟတ္ထကာဠဝက သီတင်း သည် ဤသူနှစ်ဦးသား အစုံသည်။ ပမာဏံ=ပမာဏဂရု အလေးပြု လောက်သည့် သမာဓိ တင်းတောင်းကြီးအစုံ ဖြစ်တုံပေ၏"။

စိတ္တသူကြွယ်ခေါ်တဲ့ စိတ္တသေဋ္ဌေးက ပညာဘက်ဆိုင်ရာ ချိန်ခွင်ကြီး+သမာဓိတင်းတောင်းကြီး၊ ဟတ္ထကာဠဝက သီတင်းသည် က သမာဓိဆိုင်ရာချိန်ခွင်ကြီး+သမာဓိတင်းတောင်းကြီး ဖြစ်တယ်။

http:\\www.dhammadownload.com



အဲဒီလို မြတ်စွာဘုရားက ကိုယ်တော့်သာသနာမှာ ရှိကြတဲ့ ပရိသတ် လေးပါးအနက် ဒကာဘက်က စိတ္တသူကြွယ် (နဲ့) ဟတ္ထကာဠဝက သိတင်းသည်=ဤသူနှစ်ဦးသားကို စိတ္တသူကြွယ်က ပညာချိန်ခွင်တစ်ဖက် + ဟတ္ထကာဠဝက သိတင်းသည်က သမာဓိ ချိန်ခွင် တစ်ဖက်၊ အဲဒီလို ချိန်ခွင်နှစ်ဖက်အစုံအနေနဲ့ ဟောထားလို့ မြတ်စွာဘုရားရဲ့ အလိုတော်အားဖြင့် ဥပါသကာဒကာတွေဟာ စိတ္တ သူကြွယ်အကြောင်း ကောင်းကောင်းသိပြီး သူ့လို ဖြစ်ချင်ကြ+သူ့လို တောင့်တကြ+သူ့လို ကျင့်သုံးကြမှ ဘုရားရှင်အလိုတော်ကျ ဖြစ်ကြမှာ ဖြစ်ပါတယ်။ (ဥပါသိကာ ဒါယိကာမကြီးတွေကျတော့လဲ ခုဇ္ဇုတ္တရာနဲ့ နန္ဒမာတာလို ချိန်ခွင်ကြီးနှစ်လက် သူ့အလှည့်ကျတော့ ပေါ်လာပါ မယ်။ ဟောပြပါမယ်)။ ဥပါသကာ ဒကာတို့ဘက်က ပညာချိန်ခွင်ကြီး ဖြစ်တဲ့ စိတ္တသူကြွယ်အကြောင်း ပြောမယ်ကြိတော့ တစ်နှယ်ငင် တစ်စင်ပါ အနေနဲ့ သူ့ရဲ့ကျောင်းထိုင်ဘုန်းကြီး သုဓမ္မမထေရ် ရဲ့ အကြောင်းဝတ္ထုကိုလည်း ဟောရပါမယ်။

သို့သော် ဓမ္မပဒအဋ္ဌကထာက "စိတ္တဂဟပတိဝတ္ထု"လို့ အမည်တပ်ပြီး ဒေသနာ စ,တာကတော့ စိတ္တသူကြွယ်(စိတ္တသေဋ္ဌေး)ရဲ့ ကျောင်းထိုင်ကိုယ်တော် ဦးသုဓမ္မကို အကြောင်းပြုပြီး မြတ်စွာဘုရားက–

အသန္တံ ဘာဝန+မိစ္ဆေယျ၊ ပုရေက္ခာရဉ္စ ဘိက္ခုသု။
အာဝါသေသု စ ဣဿရိယံ၊ ပူဇံ ပရကုလေသု စ။

မမေဝ ကတ+မညန္တု၊ ဂိဟိ ပဗ္ဗဇိတာ ဥဘော။
မမေဝါ+တိဝသာ အဿု၊ ကိစ္စာကိစ္စေသု ကိသ္မိစိ။
ဣတိ ဗာလဿ သင်္ကပ္ပေါ၊ ဣစ္ဆာ မာနော စ ဝဍ္ဎတိ။

(ဓမ္မပဒဂါထာ ၇၃၊ ၇၄)

http:\\www.dhammadownload.com



ဤကဲ့သို့ ဓမ္မပဒ တရားဂါထာကို ဟောကြားတော်မူပါတယ်။ အဲဒီတရားဂါထာကို အဋ္ဌကထာ ဆရာတော်က ဤသို့ တရားစ ပေးလိုက်တယ်။

အသန္တံ ဘာဝန+မိစ္ဆေယျာတိ ဣမံ ဓမ္မဒေသနံ သတ္ထာ ဇေတဝနေ ဝိဟရန္တော သုဓမ္မတ္ထေရံ အာရဗ္ဘ ကထေသိ။

အသန္တံ ဘာဝန+မိစ္ဆေယျ–အစရှိတဲ့ ဤတရားဒေသနာကို လူနတ်တို့ဆရာ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းကိန်းအောင်းမွေ့လျော်နေတော်မူစဉ် သုဓမ္မမထေရ်ကို အကြောင်းပြုပြီး ဟောပါတယ်။ အဲဒီလို တရားစ,ပေးလိုက်တယ်။

ဒါဖြင့် ဒီဝတ္ထုတစ်ခုလုံးဟာ သာဝတ္ထိပြည်မှာ ဖြစ်သလား?လို့ မေးစရာရှိလို့ အဋ္ဌကထာက ဤသို့ ဆက်ပြီးဖော်ပြတယ်။

ဒေသနာ မစ္ဆိကာသဏ္ဍေ သမုဋ္ဌာယ သာဝတ္ထိယံ နိဋ္ဌိတာ။

ဒေသနာ=တရားဟောကြောင်း အဖြစ်အပျက်သည်၊ မစ္ဆိကာသဏ္ဍေ =မစ္ဆိကာသဏ္ဍမြို့၌။ သမုဋ္ဌာယ=စ,တင်ဖြစ်ပေါ်၍။ သာဝတ္ထိယံ= သာဝတ္ထိပြည်၌။ နိဋ္ဌိတာ=ပြီးဆုံးပေ၏။ အကြောင်းဝတ္ထုက မစ္ဆိကာသဏ္ဍမြို့မှာ စ,ဖြစ်ပြီး တရားဒေသနာ အဆုံးက သာဝတ္ထိပြည်မှာ လာဆုံး တယ်။ မစ္ဆိကာသဏ္ဍမြို့ဆိုတာ သာဝတ္ထိပြည်နဲ့ ယူဇနာသုံးဆယ် ဝေးတဲ့မြို့၊ တိုင်းကတော့ ကောသလတိုင်းပဲ။ အဲဒီကောသလတိုင်း သာဝတ္ထိပြည်မှ ယူဇနာသုံးဆယ်ဝေးတဲ့ မစ္ဆိကာသဏ္ဍမြို့မှာ စိတ္တသေဋ္ဌေးလို့ ခေါ်တဲ့ သူတော်ကောင်း သေဋ္ဌေးတစ်ယောက် ရှိတယ်။

စိတ္တသေဋ္ဌေးဟာ ရှေးဆုတောင်းအရ သူမွေးဖွားတဲ့အချိန်မှာ အဆင်းငါးမျိုး နတ်ပန်းမိုး ဖြိုးဖြိုးဖြန်းဖြန်း ရွာသွန်းချတယ်။ ဘုန်းကံ

http:\\www.dhammadownload.com



ပညာလွန်စွာဆန်းကြယ်တဲ့ ပုဂ္ဂိုလ်ပဲဆိုပြီး မိဘဆွေမျိုးများက သူ့ကို "မောင်စိတ္တ"လို့ အမည်မှည့်ခေါ်ကြတယ်။ အဲဒီ မစ္ဆိကာသဏ္ဍာမြို့သား စိတ္တသေဋ္ဌေးဟာ သဒ္ဓါတရားလည်း အလွန်ကောင်းတဲ့ ပညာအမြော် အမြင်လည်း အလွန်ကြီးတဲ့ ပစ္ဆိမဘာဝိကသား သေဋ္ဌေးတစ်ယောက် ဖြစ်တယ်။

တစ်နေ့သောအခါ ပဉ္စဝဂ္ဂီမထေရ် ငါးပါးတွင် တစ်ပါးအပါ အဝင် ဖြစ်တော်မူတဲ့ မဟာနာမ မထေရ်သာသနာပြု ကြွတော်မူရင်း မစ္ဆိကာသဏ္ဍာမြို့သို့ရောက်လို့ မြို့ထဲ ဆွမ်းခံ ကြွတယ်ဆိုရင်ပဲ ပါရမီ ရှိတဲ့ ပုဂ္ဂိုလ်ပီပီ စိတ္တသေဋ္ဌေးက မဟာနာမ ရဟန္တာမထေရ်ကို မြင် လိုက်ရလျှင်ပင်–

ယေ ဝတ လောကေ အရဟန္တော ဝါ အရဟတ္တမဂ္ဂံ ဝါ

သမာပန္နာ၊ အယံ တေသံ အညတရော။

ဩော်...လောကမှာ ရဟန္တာဆိုတဲ့ ပုဂ္ဂိုလ်တွေ၊ အရဟတ္တ မဂ်သို့ ရောက်တဲ့ ပုဂ္ဂိုလ်တွေဆိုတဲ့ အဲဒီစာရင်းထဲမှာ ဤအရှင်သူမြတ် ဟာ တစ်ပါးအပါအဝင် ဖြစ်မှာ အမှန်ပဲ။ အင်မတန် ငြိမ်သက်တဲ့ ရှေ့သို့ တက်ခြင်း+နောက်သို့ ဆုတ်ခြင်း+တူရူကြည့်ခြင်း+စောင်း၍ ကြည့် ခြင်းနှင့် ပြည့်စုံပါပေတယ်။ အဲဒီလို အလွန်တည်ငြိမ်၍ ကြည်ညို ဖွယ်ကောင်းသော ဣန္ဒြေဖြင့် ဆွမ်းခံကြွတော်မူတဲ့ ဣရိယာပုတ် ထဲမှာပင်လျှင် ကြည်ညိုပြီး "ဒီပုဂ္ဂိုလ်ဟာ ရဟန္တာသူမြတ်ပဲ"ဟု မမှိတ်မသုန် ယုံကြည်ချက်ဖြင့် မိမိရဲ့ အိမ်ထဲသို့ ပင့်ဆောင်တယ်။

အိမ်ထဲရောက်တဲ့အခါ နေရာထိုင်ခင်းပေး၊ ရိုသေစွာ ဆွမ်း ဆက်ကပ်ပြီးတဲ့အခါ မဟာနာမ ရဟန္တာမထေရ်က အနုမောဒနာ တရားဟောကြားတော့ စိတ္တသေဋ္ဌေးဟာ ထိုနေရာမှာပင် သောတာပန် အရိယာဖြစ်သွားတယ်။ သဒ္ဓါတရား အင်မတန်

http:\\www.dhammadownload.com



ထက်သန်တဲ့ ပုဂ္ဂိုလ်ဖြစ်တော့ "အရှင်ဘုရား၊ တပည့်တော်ကို ချီးမြှောက်သဖြင့် ဤမစ္ဆိကာသဏ္ဍမြို့မှာ သီတင်းသုံးတော်မူပါဦး ဘုရား"လို့ လျှောက်ထားပြီး သူပိုင်တဲ့ ငွေးချိုပင်တော ဥယျာဉ်ကြီး တစ်ခုလုံးကို "သံဃာ့အာရာမ်=သံဃာ့ကျောင်းတိုက်ကြီး" တည် ဆောက်ပြီး ဘုရားအမှူးရှိတဲ့ သံဃာအား ရေစက်ချပြီး လှူလိုက်တယ်။ အရှင်မဟာနာမ မထေရ်ရဲ့ အဆုံးအမ ရထားတော့ လှူတတ်နေပြီ လေ။ မြတ်စွာဘုရားကို ထူးပြီး မပင့်တော့ဘူး။

အဲဒီလို သံဃာ့အာရာမ် ကျောင်းတိုက်ကြီး ကျောင်းလွှတ် ပူဇော်ပွဲကြီး ကျောင်းရေစက်ချပွဲကြီး ကျင်းပပြီး အရှင်မဟာနာမ မထေရ်ရဲ့လက်၌ ရေစက်ချပြီး သူတည်တဲ့ "ငွေးချိုတောကျောင်း တိုက်ကြီး"တစ်ခုလုံးကို ဗုဒ္ဓပမုခသံဃာတော်အား လှူဒါန်းလိုက်တဲ့ အခါ မဟာပထဝီမြေကြီးဟာ "ပတိဋ္ဌိတံ ဗုဒ္ဓသာသနံ။ ဗုဒ္ဓသာသနံ= ဘုရားမြတ်စွာ သာသနာသည်။ ပတိဋ္ဌိတံ=မစ္ဆိကာသဏ္ဍမြို့မှာ ကောင်းစွာတည်ခဲ့လေပြီ"လို့ သာဓုကောင်းချီးပေးသည့် အလား သွက်သွက်ခါအောင် တုန်လှုပ်ပေးတယ်။

ကျောင်းတိုက်ကြီးရယ်လို့ ဖြစ်လာတော့ ထိုထိုဤဤမှ သံဃာတော်တွေ ကြွလာ သီတင်းသုံးတော်မူကြတယ်။ စိတ္တသေဋ္ဌေး ကလဲ သဒ္ဓါတရားကြီးမားတဲ့ သောတာပန်အရိယာ ပုဂ္ဂိုလ်ဖြစ်တော့ သူ့အိမ်ဟာ စတုဒိသာ သံဃာတော်အရှင်မြတ်တွေရဲ့အတွက်ဆိုလျှင် အမြဲတမ်းတံခါး ဖွင့်ထားတဲ့ သောက်ရေတွင်းကြီးသဖွယ် ဖြစ်တယ်။ "စိတ္တသေဋ္ဌေး=စိတ္တသူကြွယ်ဟာ အင်မတန် သဒ္ဓါတရားလဲကောင်း၊ ဉာဏ်ပညာလဲကောင်း၊ သဒ္ဓါ(နှင့်) ပညာစွယ်စုံထက်တဲ့ ဒကာပဲ"လို့ အဲဒီလို သာသနာက အသိအမှတ်ပြုရတယ်။ သူ့ကျောင်းတိုက်သို့ ရောက်တိုင်းရောက်တိုင်းသော အရှင်မြတ်တွေဟာ စိတ္တသူကြွယ်=

http:\\www.dhammadownload.com



စိတ္တသေဋ္ဌေးရဲ့ ပညာကြီးပုံ+သဒ္ဓါတရားကောင်းပုံကို တွေ့ကြုံကြရတော့ မိမိတို့ရောက်တဲ့ နေရာတိုင်း နေရာတိုင်းမှာ စိတ္တသူကြွယ်ရဲ့ ဂုဏ် ကျေးဇူးစကား ပြောကြားကြတယ်။

အဲဒီလိုနေတဲ့နေရာမှာ အစဦးစွာ ကျောင်းတိုက်ကြီးကို အလှူခံတော်မူ၊ ရေစက်ချ ပေးတော်မူတဲ့ အရှင်နာမ မထေရ်ကတော့ သူက ရဟန္တာဖြစ်လို့ ကျောင်းပလိဗောဓ=အာဝါသ ပလိဗောဓအေဖြစ် ခံပြီး အာဝါသိကကျောင်းထိုင် ကိုယ်တော်အနေနဲ့ အမြဲတမ်း မနေဘူး။ အဲဒီတော့ မထေရ်မြတ်က သင့်လျော်ရာ သာသနာပြုရမည့် အရပ်ကို ဆင်ခြင်စဉ်းစားပြီး ကြွသွားတော်မူတယ်။

## ကျောင်းထိုင်ဘုန်းကြီး ဦးသုဓမ္မ

ကျောင်းတိုက်ရယ်လို့ ဖြစ်လာယင် ကျောင်းထိုင်ကိုယ်တော်ရှိရမယ်။ အဲဒီတော့ ပါဠိလိုက အမ္ဗာဋကဝန=မြန်မာလိုပြောရင် "ဝွေးချိုပင်တောကျောင်းတိုက်ကြီး"၊ အဲဒီကျောင်း တိုက်ကြီးမှာ ကျောင်းထိုင်ဘုန်းကြီးက ပုထုဇဉ်ရဟန်း အရှင်သုဓမ္မတဲ့။ အရှင်သုဓမ္မဟာ စိတ္တသေဋ္ဌေး ကျောင်းဒကာရဲ့ ကျောင်းနှင့်ပတ်သက်တဲ့ ဝေယျာဝစ္စ နဝကမ္မဆိုရင် သူချည်းပဲ ခေါင်းခံပြီး ပြုလုပ်တယ်။ စိတ္တသူကြွယ်အိမ်က သူ့အား အမြဲတမ်း ဆွမ်းကပ်တယ်။ စိတ္တသူကြွယ်ကလဲ သံဃာကိုဖြစ်စေ၊ ဂိုဏ်းကိုဖြစ်စေ၊ ပုဂ္ဂိုလ်ကိုဖြစ်စေ ပင့်လိုတယ်ဆိုရင် အရှင်သုဓမ္မနဲ့ တိုင်ပင်ပြီးမှ ပင့်လေ့ရှိတယ်။ (သူ့ရဲ့ကျောင်းထိုင် ကိုယ်တော်ကိုး)။

အဲဒီလိုနေလို့ ရက်+လ+နှစ်ပေါင်း အချိန်တော်တော် ကြာညောင်းလာတဲ့အခါ စိတ္တသူကြွယ်ရဲ့ သဒ္ဓါ+ပညာ ဂုဏ်ကျေးဇူး သတင်းစကား ကြားသိရလို့ -

http:\\www.dhammadownload.com



(၁) အရှင်သာရိပုတ္တရာ (၂) အရှင်မဟာမောဂ္ဂလ္လာန်
(၃) အရှင်မဟာကဿပ (၄) အရှင်မဟာကောဋ္ဌိက
(၅) အရှင်မဟာကပ္ပိန (၆) အရှင်မဟာစုန္ဒ
(၇) အရှင်အနုရုဒ္ဓါ (၈) အရှင်ရေဝတ
(၉) အရှင်ဥပါလိ (၁၀) အရှင်အာနန္ဒာ
(၁၁) အရှင်ရာဟုလာ အဲဒီမထေရ်မြတ်ကြီးများလို့ ပါဠိတော်က ဆိုထားသော်လဲ ပဓာနနည်းအားဖြင့် ဆိုတာဖြစ်တယ်။

အမှန်ကတော့ အဂ္ဂသာဝက မထေရ်မြတ်ကြီးနှစ်ပါး+မဟာသာဝကမထေရ်မြတ်ကြီး ကိုးပါး၊ အားလုံးမထေရ်မြတ်ကြီး ၁၁-ပါး ခေါင်းဆောင်ပြီး တပည့်သံဃာတစ်ထောင်ကျော်တို့ မစ္ဆိကာသဏ္ဍာမြို့ အမ္ဗာဋကဝနခေါ်တဲ့ "ငွေးချိုပင်တောကျောင်းတိုက်ကြီး"သို့ ကြွချီတော်မူလာကြတယ်။

ဒီ သတင်းစကားကို စိတ္တသေဌေး ကြားသိတော့ ကျောင်းတိုက်ကြီးသို့ သွားပြီး သူဆောက်လုပ်တဲ့ ကျောင်းတိုက်ကြီးမှာ သံဃာတော်တွေ ဝါဝါဝင်းဝင်း ပြည့်နေတာ မြင်ရတော့ အင်မတန်ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး အရှင်သာရိပုတ္တရာ မထေရ်မြတ်အထံ သွားရောက်ရှိခိုးပြီး-

"ဘန္တေ ထောကံ ဓမ္မကထံ သောတုကာမော+မှိ"။

ဘန္တေ=အရှင်ဘုရား။ ထောကံ=အနည်းငယ်။ ဓမ္မကထံ=တရားစကားကို။ သောတု ကာမော=နာကြားခြင်းငှာ အလိုရှိသည်။ အမှိ=ဖြစ်ပါသည်ဘုရား"။ ဤကဲ့သို့ အလိုက်သိတတ်စွာ လျှောက်ထားတယ်။ တရားကို မနာချင်၍ မဟုတ်ဘူးနော်။ မထေရ်မြတ်ကြီးတွေ အခွန့်ရှည်တဲ့ခရီးကို ခြေကျင်ပင်ပန်းကြီးစွာ လာခဲ့ရလို့ "တပည့်တော်တရား အနည်းငယ် နာကြားလိုပါတယ်ဘုရား"လို့ အလိုက်သိစွာ

http:\\www.dhammadownload.com



လျှောက်ထားတယ်။

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကလည်း-

"ဥပါသကာ အဒ္ဓါနေန အာဂတာ+မှာ ကိလန္တရူပါ၊
အပိ စ ထောကံ သုဏာဟိ"။ (ဓမ္မ၊ ဋ္ဌ၊ ပ၊ ၃၂၇)

ဥပါသက=ဒါယကာ။ မယံ=ငါတို့သည်။ အဒ္ဓါနေန=ရှည်စွာသော ခရီးအခွန့်ဖြင့်။ အာဂတာ=လာရကုန်သည်ဖြစ်၍။ ကိလန္တရူပါ=ပင်ပန်းနွမ်းနယ်ခြင်း သဘောရှိကုန်သည်။ အမှာ=ဖြစ်ကုန်၏။

ဒါယကာစိတ္တ ... ငါတို့သည် ခရီးအခွန့်ရှည်ကြီး လာခဲ့ကြရလို့ အားလုံးသံဃာတွေ ပင်ပန်းနွမ်းနယ်လာကြတယ်။ အပိ စ=သို့သော်လဲ။ ထောကံ=အနည်းငယ်ဇတော့။ သုဏာဟိ=တရားနာပါလော့။ သင် လျှောက်ထားတဲ့အတိုင်း တရားနည်းနည်းနာတာပလို့ဆိုပြီး အရှင်သာရိပုတ္တရာက စိတ္တသူကြွယ်ရဲ့ စိတ်နေစိတ်ထားကိုကြည့်ပြီး သပ္ပါယဖြစ်လောက်တဲ့ တရားကို နည်းနည်းပဲ ဟောလိုက်တယ်။

ဟောလိုက်တဲ့အခါ စိတ္တသူကြွယ်ဟာ တရားနာရင်းပဲ အနာဂါမိမဂ်ဖိုလ်ရောက်အောင် မဂ်ဖိုလ်နှစ်ဆင့် တက်ရသွားတယ်။ ပဥ္စဝဂ္ဂီ အဝင်အပါ အရှင်မဟာနာမ မထေရ်ထံ တရားနာတုန်းက သောတာပန် အရိယာ၊ ယခု အရှင်သာရိပုတ္တရာထံ တရားနာရတော့ သကဒါဂါမိမဂ်+ ဖိုလ်, အနာဂါမိမဂ်+ဖိုလ်လို့ အရိယမဂ်+ဖိုလ်သုံးဆင့်ပေါက်ပြီး အနာဂါမ်အရိယပုဂ္ဂိုလ် ဖြစ်သွားတယ်။ ကာမရာဂဟူသမျှကို အကုန်ပယ်ထားပြီးသား အနာဂါမ်အရိယာ ဒါယကာတစ်ယောက် ဖြစ်သွားပြီ။

ဖြစ်ပြီးတယ်ဆိုလျှင်ပဲ စိတ္တသဌေးက ဘာလျှောက်သလဲဆိုရင်-

http:\\www.dhammadownload.com



"အစိဝါသေန္တု မေ ဘန္တေ ထေရာ သွာတနာယ အာဂန္တုကဘတ္တံ"။

ဘန္တေ=အရှင်တို့ဘုရား။ ထေရာ=မထေရ်မြတ်ကြီး ဆယ့်တစ်ပါးတို့သည်။ (ဝါ) မထေရ်မြတ်ကြီး ဆယ့်တစ်ပါးအမှူးထား၍ တစ်ထောင်သော ရဟန်းတော် အရှင်မြတ်တို့သည်။ သွာတနာယ=နက်ဖြန်ကောင်းမှု ကုသိုလ်အလို့ငှာ။ မေ=တပည့်တော်၏။ အာဂန္တုကဘတ္တံ=ဧည့်သည် အာဂန္တု အရှင်မြတ်တို့အား လှူဒါန်းအပ်သည့် ဆွမ်းကို။ အစိဝါ သေန္တု=သည်းခံသာယာမှု ပြုကြပါဘုရား။

မထေရ်မြတ်ကြီးများ အမှူးပြုတဲ့ သံဃာတော်တစ်ထောင် နက်ဖြန်ကောင်းမှု ကုသိုလ်အရေးအတွက် တပည့်တော် လှူဒါန်းမည့် အာဂန္တုကဆွမ်းကို သာယာလက်ခံ အလှူခံတော် မူကြပါဘုရားလို့ လျှောက်ထားတဲ့အခါ အဂ္ဂသာဝက မထေရ်မြတ်ကြီးနှစ်ပါးအမှူးပြုတဲ့ သံဃာတော်တစ်ထောင်တို့ ဆိတ်ဆိတ်နေခြင်းဖြင့် စိတ္တသေဋ္ဌေး ပင့်လျှောက်ချက်ကို လက်ခံကျေနပ်တော်မူကြတာကို သေဋ္ဌေးသိတယ်။

သိပြီးတော့မှ မထေရ်မြတ်ကြီးများကို ရိုသေမြတ်နိုး ရှိခိုး ဦးညွှတ်ပြီး ကျောင်းထိုင်ကိုယ်တော် ဦးသုဓမ္မထံ သွားပြီး-

"အစိဝါသေတု မေ ဘန္တေ အယျော သုဓမ္မော သွာတနာယ ဘတ္တံ သဒ္ဓိံ ထေရေဟိ" (ဝိနယ၊ စူဠဝဂ္ဂ၊ ၃၈)

ဘန္တေ=အရှင်ဘုရား။ အယျော သုဓမ္မော=အရှင်သုဓမ္မသည်။ သွာတနယ=နက်ဖြန် ကောင်းမှုကုသိုလ် အလို့ငှာ။ ထေရေဟိ=အဂ္ဂသာဝကနှစ်ပါး အမှူးထားတဲ့ မထေရ်မြတ်ကြီးတို့နှင့်။ သဒ္ဓိံ=အတူတကွ။ မေ=တပည့်တော်၏။ ဘတ္တံ=လှူဒါန်းမည့် ဆွမ်းကို။ အစိဝါသေတု=သည်းခံသာယာတော်မူစေချင်ပါတယ် ဘုရားလို့ လျှောက်ထားပင့်ဖိတ်တယ်။

http:\\www.dhammadownload.com



ကျောင်းနေကျောင်းထိုင် ကိုယ်တော်ဆိုရင် အင်မတန် သတိပြုသင့်လှပါတယ်နော်။ ဒကာ+ဒကာမနဲ့ ပတ်သက်လာရင် မိမိကို ကြည်ညိုတဲ့ ဒကာ+ဒကာမများ အခြားကိုယ်တော် တစ်ပါးပါးကို ကြည်ညိုခြင်းကို မခံနိုင် ဝန်တိုခြင်းမျိုးကို "ကုလမစ္ဆရိယ"လို့ ခေါ်တယ်။ ဒီတရားမျိုး အမှတ်တမဲ့ ဖြစ်သွားတတ်တယ်။ ဒီတရားမျိုး မဖြစ်အောင် သတိပြုသင့်လှပါတယ်။ ယခု အရှင်သုဓမ္မမှာလဲ ဒီ–ကုလမစ္ဆရိယတရား ဝင်လာပြီနဲ့တူတယ်။ သူ ဤကဲ့သို့ စဉ်းစားဆင်ခြင်တယ်။

"ပုဗ္ဗေ ခွာ+ယံ စိတ္တော ဂဟပတိ ယဒါ သံဃံ ဝါ ဂဏံ ဝါ ပုဂ္ဂလံ ဝါ နိမန္တိ တုကာမော၊ န မံ အနပလောကေတွာ သံဃံ ဝါ ဂဏံ ဝါ ပုဂ္ဂလံ ဝါ နိမန္တေသိ"။

ပုဗ္ဗေ=ရှေးရှေးရက်တွေ+လတွေ+နှစ်တွေတုန်းက(ဆိုယင်)။ ခေါ=စင်စစ်။ အယံ စိတ္တော ဂဟပတိ=ဤစိတ္တသူကြွယ်သည်။ ယဒါ=အကြင်အခါ၌။ သံဃံ=ဝါ=သံဃာကိုဖြစ်စေ။ ဂဏံ ဝါ=ဂိုဏ်းကိုဖြစ်စေ၊ ပုဂ္ဂလံ ဝါ=ပုဂ္ဂိုလ်ကိုဖြစ်စေ၊ နိမန္တိတုကာမော=ပင့်ဖိတ်လို၏။ တဒါ=ထိုသို့ ပင့်ဖိတ်လိုသောအခါ၌။ မံ=ငါ့ကို။ အနပလောကေတွာ=မပန်ကြား မလျှောက်ထား မတိုင်ပင်ဘဲသာဖြင့်။ သံဃံ ဝါ=သံဃာကိုလည်းကောင်း။ ဂဏံ ဝါ=ဂိုဏ်းဆိုတဲ့ နှစ်ပါး၊ သုံးပါးကို လည်းကောင်း။ ပုဂ္ဂလံ ဝါ=ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို လည်းကောင်း။ **န နိမန္တေသိ**=မပင့်ဖိတ်ခဲ့ဖူးချေ။

**လေးပါး+လေးပါးရဲ့အထက်ကို သံဃာလို့ခေါ်တယ်။ နှစ်ပါး +သုံးပါးကို** ဂိုဏ်းလို့ ခေါ်တယ်။ တစ်ဦးတစ်ယောက်ကျတော့ ပုဂ္ဂိုလ်လို့ခေါ်တယ်။ စိတ္တသူကြွယ်ဟာ ရှေးတုန်းကဆိုရင် သံဃာကိုဖြစ်စေ၊

http:\\www.dhammadownload.com



ဂိုဏ်းကိုဖြစ်စေ၊ ပုဂ္ဂိုလ်ကိုဖြစ်စေ သူပင့်ချင်ယင် ငါ့ကို မပန်ကြားဘဲ ဘယ်တော့မှ မပင့်ခဲ့ဖူးဘူး။

သော ဒါနာ+ယံ မံ အနပလောကေတွာ ထေရေ ဘိက္ခူ နိမန္တေသိ။

သော အယံ=ထိုစိတ္တသူကြွယ်သည်။ ဒါနိ=ဣဒါနိ=ယခုအခါ၌။ မံ=ငါ့ကို။ အနပလော ကေတွာ=မတိုင်ပင် မပန်ကြားဘဲ။ ထေရေ ဘိက္ခူ=မထေရ်ရဟန်းတို့ကို။ နိမန္တေသိ=ပင့်ခဲ့လေပြီ။

ဒုဋ္ဌော + ယံ စိတ္တော ဂဟပတိ အနပေက္ခော ဝိရတ္တရူပေါ မယိ။

အယံ စိတ္တော ဂဟပတိ=ဤစိတ္တသူကြွယ်သည်။ ဒုဋ္ဌော= ပျက်သွားပြီ။ အနပေက္ခော=ငါ့အပေါ်မှာ ငဲ့ကွက်ခြင်း မရှိတော့ဘူး။ မယိ=ငါ့အပေါ်၌။ ဝိရတ္တရူပေါ=တပ်ခြင်း ကင်းသွားပြီ။

ဒီ စိတ္တသူကြွယ်ဟာ ငါ့အပေါ်မှာ စိတ်ပျက်သွားပြီ။ ငဲ့ကွက် ခြင်း အလျဉ်းမရှိတော့ဘူး။ ငါ့အပေါ်မှာ ချစ်ခင်တပ်မက်ခြင်း ကင်း သွားလေပြီ၊ အဲဒီလို စဉ်းစားပြီးတော့–

အလံ ဂဟပတိ နာဓိဝါသေမိ။

ဂဟပတိ=ဒါယကာ။ အလံ=တော်ပြီ။ နာ+ဓိဝါသေမိ=သင့် ဆွမ်းကို ငါသည်းမခံ လက်မခံ မသာယာတော့ဘူး–တဲ့။ အပြတ်ပြော တယ်။ ဒါဟာ ကုလမစ္ဆရိယစိတ်နဲ့ မိမိအား အဦးမထားသည်ကို မကျေနပ်လို့ အပြတ်ပြောတာ။ စိတ္တသူကြွယ်က အနာဂါမ်အရိယာ အလွန်သိမ်မွေ့ နူးညံ့တဲ့စိတ်နဲ့ ဒုတိယမ္ပိ တစ်ဖန် ရှေးနည်းအတူ ပင့် လျှောက်ပြန်တယ်။ ဦးသုဓမ္မကလဲ ပုထုဇဉ် ကျောင်းထိုင်ဘုန်းကြီးပီပီ ထိုနည်းအတူပဲ ပယ်တယ်။ တတိယမ္ပိ သုံးကြိမ်မြောက်လဲ ထိုနည်းတူ ဒကာ(နှင့်)ဆရာ ပင့်ကြ ပယ်ကြတယ်။

http:\\www.dhammadownload.com



သုံးကြိမ်မြောက် ပင့်ပြီး+ပယ်ပြီးတဲ့အခါ ကျောင်းဒကာ စိတ္တသူကြွယ်က –

ကိံ မေ ကရိဿသိ အယျော သုဓမ္မော အဓိဝါသေန္တော ဝါ နာဓိဝါသေန္တော ဝါ။

အယျော သုဓမ္မော=အရှင်သုဓမ္မသည်။ အဓိဝါသေန္တော ဝါ= ငါပင့်တဲ့ဆွမ်းကို လက်ခံသာယာသည် ဖြစ်စေ။ နာဓိဝါသေန္တော ဝါ= လက်မခံ မသာယာသည် ဖြစ်စေ။ မေ=ငါ့ အပေါ်မှာ။ ကိံကရိဿသိ= ဘာပြုနိုင်မှာလဲ။ သုံးကြိမ်တိုင်တိုင် ပင့်ဖိတ်လို့ တူးတူးခါးခါးကြီး ပယ်တော့လည်းပဲ ဒကာ(နဲ့) ဆရာမှာ ဆရာဆိုတဲ့ အိုးကရွဲ့တော့ ဒကာက လည်း စလောင်းပွဲနဲ့ပဲ "သူ ငါ့ဆွမ်းကို သာယာချင် သာယာ၊ မသာယာ ချင် မသာယာ၊ ဘာလုပ်နိုင်မှာလဲ" ဆိုပြီး စိတ္တသူကြွယ် အိမ်ပြန် သွားတယ်။ (အမျက်ထွက်လို့ မဟုတ်ဘူးနော်)။

အိမ်ရောက်တော့ စိတ္တသူကြွယ် သူ့ခမျာမှာ သံဃာ တစ်ထောင်စာ အိမ်ကရှိတဲ့ တပည့်တွေနဲ့ စားဖွယ်သောက်ဖွယ် ခဲဖွယ် ဘောဇဉ်တို့ကို မပင်နိုင် မပန်းနိုင်ဘဲ ဝမ်းပန်းတသာ စီမံချက်ပြုတ် နေကြတယ်။ ဦးသုဓမ္မ ကိုယ်တော်ကလည်းပဲ မကျေမချမ်းဖြစ်ပြီး ညဥ့်အခါမှာ စဉ်းစားတယ်။ "နက်ဖြန်မိုးသောက် ရောက်မှရောက် ပစေ၊ အဂ္ဂသာဝကနှစ်ပါး အမှူးပြုတဲ့ ရဟန်းတော်တစ်ထောင်အတွက် ဒီသေဋ္ဌေး ဘာတွေများ ချက်ပြုတ်စီမံထားမလဲ၊ ငါသွားကြည့်မယ်" (တဲ့)။ (သူ ဤကဲ့သို့ စဉ်းစားတယ်။ တကတဲ ဆွမ်းစားပင့်တုန်းက တော့ လက်မခံဘူး။ ကျောင်းဒကာကြီး ပြန်သွားမှ သူ့မှာ ဒေါသက တိုက်တွန်းတော့ ညဥ့်လဲ အိပ်မယ် မထင်ပါဘူး)။

မနက်အစောကြီး ထသွား၊ အဂ္ဂသာဝကနှစ်ပါး အမှူးပြုတဲ့ ရဟန်းတော်များ မကြွလာသေးခင် နံနက်လေးနာရီလောက်မှာ သူ့

http:\\www.dhammadownload.com



သပိတ်သက်န်းကို သူယူပြီးတော့ သွားပြီ။ ကျောင်းမှာတော့ အာဂန္တုတွေချည်း ထားပစ်ခဲ့တယ်။ အာဂန္တုတွေကလည်း ယော်ယော် ငေါ်ငေါ် မဟုတ်ဘူးနော်။ အဂ္ဂသာဝကကြီးနှစ်ပါး ခေါင်းဆောင်တဲ့ ရဟန်းတော်ပေါင်း တစ်ထောင်။ ဒေါသများ ကြောက်စရာ ကောင်းတယ်နော်။ အာဂန္တုတွေအတွက် မိမိပြုရမယ့် ဝတ်တွေကို သူအမှတ် မရဘူး။ စိတ်ဆိုးမာန်ဆိုးနဲ့ စိတ္တသူကြွယ်ရဲ့ အိမ်ကို သွားတယ်။

ရောက်တယ်ဆိုလျှင်ပဲ စိတ္တသူကြွယ်က နေရာပေးပြီး "နိသီဒထ ဘန္တေ=အရှင်ဘုရား၊ ထိုင်တော်မူကြွပါ"လို့ ရိုရိုသေသေ လျှောက်ထားတယ်။ အရှင်သုဓမ္မကလဲ "နာ+ဟံ နိသီဒါမိ၊ ပိဏ္ဍာယ စရိဿာမိ။ အဟံ=ငါသည်။ န နိသီဒါမိ=မထိုင်ဘူး။ ပိဏ္ဍာယ စရိဿာမိ=ဆွမ်းခံမယ်ကွ" တဲ့။

ဆရာနဲ့ဒကာ ဘယ်လောက်လိုက်သလဲ။ ဒကာကလည်း သိမ်မွေ့လိုက်တာ "ထိုင်တော်မူပါဘုရား"တဲ့။ အဲ–ကျောင်းဘုန်းကြီး ကလည်း "ငါမထိုင်ဘူးကွ၊ ယနေ့ ဆွမ်းခံသွားမှာ"တဲ့။ တကယ့် မတ်တပ်ပဲ ရပ်နေတယ်။ ထိုင်ကို မထိုင်ဘူး။ အဲဒီလို မတ်တပ်ရပ်ရင်း စိတ္တသူကြွယ် သံဃာတစ်ထောင်စာ ပြင်ထားတဲ့ ဆွမ်းခဲဖွယ် ဘောဇဉ် တွေကို ကြည့်ပြီး မခံနိုင်အောင်ပြောပြီ၊ ပြောပုံက –

ပဟူတံ ခေါ တေ ဣဒံ ဂဟပတိ ခါဒနီယံ ဘောဇနီယံ ပဋိယတ္တံ၊ ကော စ ခေါ ဣဓ နတ္ထိ ယဒိဒံ တိလသံဂုဠိကာ။

ဂဟပတိ=ကျောင်းဒါယကာ။ တေ=သင်သည်။ ပဟူတံ= များစွာသော။ ဣဒံ ခါဒနီယံ၊ ဤခဲဖွယ်အမျိုးမျိုးကို လည်းကောင်း၊ ဣဒံ ဘောဇနီယံ=ဤစားဖွယ် အမျိုးမျိုးကို လည်းကောင်း။ ပဋိယတ္တံ =စီရင်အပ်ပါပေ၏။ စ ခေါ=ထိုသို့ပင် စီမံထားသော်လဲပဲ။ ယဒိဒံ

http:\\www.dhammadownload.com



တိလသံဂုဠိကာ=အကြင် နှမ်းပြစ်ဆိုတဲ့ ခဲဖွယ်တစ်မျိုးသည်။ အတ္ထိ= ရှိ၏။ သာ ကော=ထိုနှမ်းပြစ်ဆိုတဲ့ မုန့်တစ်မျိုးကတော့။ ဣဓ=ဤ ခဲဖွယ်ဘောဇဉ်ပွဲထဲ၌။ နတ္ထိ=မရှိပါတကား၊ (ဝါ) မပါပါတကား။

ဒီကာတွဲ၊ ခဲဖွယ်အမျိုးမျိုး၊ ဘောဇဉ်အမျိုးမျိုး စီမံထားလိုက်တာ ကောင်းပါပေရဲ့။ သို့သော် ဒီအထဲမှာ "နှမ်းပြစ်မပါတာ ဝှကျ တာပဲ"တဲ့။ အဲဒါဟာ မခံချင်အောင် ဆဲရေး စကားပြောကြားတာ ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ စိတ္တသူကြွယ်ရဲ့ အနွယ်အဆက်မှာ ဟိုတစ်ချိန် အဖိုး+အဖွား၊ အဘိ၊ အဘင်တို့လက်ထက်လောက်ဆီက နှမ်းပြစ်ပြုလုပ်ပြီး ရောင်းစား အသက်မွေးဝမ်းကျောင်း ပြုလုပ်ခဲ့ရဖူး တယ်။ ဒါကြောင့် နှမ်းပျစ်ရောင်းစားရဖူးတဲ့ အမျိုးအနွယ်နဲ့ ကိုင်ပြီး မခံနိုင်အောင် ရိုင်းရိုင်းပြောတာ၊ ဆဲတာဖြစ်တယ်။ ဆဲတယ် ဆိုတာက တကတဲ အမေ+နှစ်မကိုင်ပြီး ရိုင်းရိုင်းတိုင်းထွာတာကိုသာ ဆဲတယ်လို့ ခေါ်တာ မဟုတ်ဘူး။

၁။ ဇာတိ=အမျိုးနဲ့ကိုင်ပြီး ဘာမျိုးဟဲ့၊ ညာမျိုးဟဲ့လို့ ပြောတာမျိုး+
၂။ နာမ=အမည်နဲ့ကိုင်ပြီး မခံနိုင်အောင် ပြောတာမျိုး+
၃။ ဂေါတ္တ=အနွယ်နဲ့ကိုင်ပြီး မခံနိုင်အောင် ပြောတာမျိုး+
၄။ ကမ္မ=အလုပ်အကိုင် အရောင်းအဝယ်နဲ့ကိုင်ပြီး မခံနိုင်အောင် ပြောတာမျိုး–

ဤသို့ စသည်ဖြင့် ဆဲရေးခြင်းဆယ်မျိုး ရှိတယ်။ ယခု ဒီ နေရာမှာ ဦးသုဓမ္မ ကျောင်းထိုင်ကိုယ်တော်က စိတ္တသူကြွယ်တို့ရဲ့ အမျိုးအနွယ် အဆက်ကလာတဲ့ "နှမ်းပြစ်ရောင်းစားခဲ့တာ"ကို စောင်းပြီး မခံနိုင် အောင် ပြောတာနော်။ "အေး ကောင်းလိုက်တာဟာ ခဲဖွယ်တွေ+ဘောဇဉ်တွေ၊ ဒါပေမယ့်ကွာ နှမ်းပြစ်တစ်ခုတော့ လိုသပ" လို့ ကမ္မ= အလုပ်အကိုင် အရောင်းအဝယ်နဲ့ ကိုင်ပြီး မခံနိုင်အောင်

http:\\www.dhammadownload.com



ပြောဆိုဆဲရေးခြင်း ဖြစ်ပါတယ်။ ဒါပေမယ့် စိတ္တသူကြွယ်က ဒေါသ ကိလေသာကို ပယ်ထားပြီးတဲ့ အနာဂါမ်အရိယာဖြစ်တော့ စိတ်မဆိုး အမျက်မထွက်ပါဘူး။ အရှင်သုဓမ္မရဲ့ ဒေါသပဲ ထင်ရှားတယ်။

## ကျိုး(နှင့်)ကြက် စပ်ကျသောငှက်၏ အောက်ကလိအာ+အာအောက်ကလိဟူ၍ မြည်တွန်ခြင်း

ထိုအခါ စိတ္တသူကြွယ်က ပညာရှိပီပီ ဘာပြောသလဲဆိုရင်–

"ဗဟူ မှိ ဝတ ဘန္တေ ရတနေ ဗုဒ္ဓဝစနေ ဝိဇ္ဇမာနေ အယျေန သုဓမ္မေန ယဒေဝ ကိဉ္စိ ဘာသိတံ ယဒိဒံ တိလသံဂုဠိကာတိ"။ (ဝိနယ၊ စူဠဝဂ္ဂ၊ ၃၉)

ဘန္တေ=အရှင်ဘုရား။ ရတနေ=နှစ်သက်ခြင်းကို ဖြစ်စေတတ်တဲ့ အမြတ်ဥစ္စာ ရတနာ ဖြစ်သော။ ဗဟူမှိ=အရေအတွက်အားဖြင့် ဓမ္မက္ခန္ဓာအနေဖြင့်ပြောရင် ရှစ်သောင်းလေးထောင် မြားမြောင်လှစွာသော။ ဗုဒ္ဓဝစနေ=မြတ်စွာဘုရား ဟောညွှန်ကြားသည့် တရားစကားတော်သည်။ ဝိဇ္ဇမာနေ=အထင်အရှား အများကြီးရှိပါလျက်။ အယျေန သုဓမ္မေန=တပည့်တော်ရဲ့ ကျောင်းထိုင်ကိုယ်တော် အရှင်သုဓမ္မသည်။ ယဒေဝကိဉ္စိ=ပြောစရာ ရှိုးရှိုးရှားရှား။ ယဒိဒံ တိလသံဂုဠိကာတိ= နှမ်းပြစ်ဆိုတဲ့ အကြင်စကားကို။ ဘာသိတံ=ပြောအပ်ပါဘိ၏။

အရှင်ဘုရား၊ ရတနာလို့ခေါ်နိုင်အောင် နာလိုက်ရင် နှစ်သက်မှုကို ဖြစ်စေတတ်တဲ့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ဆိုတဲ့ ဘုရားစကား တရားတွေ အများကြီးရှိပါလျက် အရှင်ဘုရားသည် ပြောစရာ ရှိုးရှိုးရှားရှား "နှမ်းပြစ်"ဆိုတဲ့စကားကို ပြောဆိုဘိတယ်။

## ရှေးကဖြစ်ဖူးအကြောင်းထူး

ဘူတပုဗ္ဗံ ဘန္တေ = အရှင်ဘုရား၊ ရှေးက ဖြစ်ဖူးတဲ့ အကြောင်း

http:\\www.dhammadownload.com



ထူးလေးတစ်ခု တပည့်တော် ပြောပါ့မယ်။ (ဘာလဲဆိုတော့) ဒက္ခိဏာပထကာ ဝါဏိဇာ ပုရတ္ထိမံ ဇနပဒံ အဂမံသု ဝါဏိဇာယ= ဣန္ဒိယတောင်ပိုင်းက ကုန်သည်များ ဣန္ဒိယ အရှေ့ပိုင်းတိုက်နယ်ကို ကုန်ရောင်းဖို့ သွားကြတယ် ကိုယ်တော်။ (အဲဒါ ဘာဖြစ်သလဲဆို တော့)–တေ တတော ကုက္ကုဋိံ အာနေသုံ။ တေ=ထိုဣန္ဒိယ တောင် ပိုင်းသား ကုန်သည်တို့သည်။ တတော=ထိုအရှေ့တိုင်း ဇနပုဒ်တိုက် နယ်မှ။ ကုက္ကုဋိံ=ကြက်မတစ်ကောင်ကို။ အာနေသုံ=ဆောင်ယူခဲ့ကြ သတဲ့ ဘုရား။ (ဒီတော့ ဘာဖြစ်သလဲဆိုရင်) –

အထ ခေါ သာ ဘန္တေ ကုက္ကုဋိ ကာကေန
သဒ္ဓိံ သံဝါသံ ကပ္ပေသိ၊ သာ ပေါတကံ ဇနေတိ။

အရှင်ဘုရား။ အဲဒီလို ဆောင်ယူလာလို့ ဣန္ဒိယတောင်ပိုင်း ရောက်တဲ့အခါကျတော့ အဲဒီ ကြက်မကလေးက ကျီးဖိုတစ်ကောင် နဲ့သွားပြီး ပေါင်းဖက်ဆက်ဆံမှုပြုတဲ့အခါ အဲဒီ ကြက်မကလေးဟာ သားကလေးတစ်ကောင် ပေါက်ဖွားလာတယ်တဲ့ ကိုယ်တော်။ (အေး၊ ဒါ ဘာဖြစ်သလဲဟ)–

ယါ ခေါ သော ဘန္တေ ကုက္ကုဋပေါတကော
ကာကဝဿံ ဝဿိတုကာမော ဟောတိ။

(အရှင်ဘုရား၊ အဲဒီသတ္တဝါကလေးကလေ အမိကကြက်၊ အဖက ကျီးဆိုတော့ မိမျိုး + ဖမျိုး တစ်ဖက်သတ် စင်စင်ကြယ်ကြယ် မဟုတ်တော့) အဲဒီ မျိုးမသန့်တဲ့ ကြက်ကလေးက သူ့အဖေဘက်လိုက် ပြီး ကျီးမြည်သလို မြည်ချင်ပြီဆိုရင် – ကာကကုက္ကုဋိတိ ဝဿတိ= ကာက ကုက္ကုဋိဟူ၍ မြည်တယ် ကိုယ်တော်။ ဒါက သူတို့ရဲ့ ဣန္ဒိယ မှာ ပြောတဲ့ ပါဠိအသံမျိုး၊ မြန်မာဘာသာကျတော့ ဘယ်လိုလဲဆိုရင် နိဿယ ဆရာတော်ဘုရားများက ကျီးမြည်တဲ့အသံကို "အာ" လို့

http:\\www.dhammadownload.com



သိမှတ်တယ်။ ကြက်မြည်သံကိုတော့ "အောက်ကလိ"လို့ သိမှတ်တယ်။ အဲ...စိတ္တသုကြွယ် ဆိုလိုရင်းကို မြန်မာလိုပြောမယ်ဆိုရင် "အရှင်ဘုရား၊ အဲဒီ ကြက်ကလေးကလေ သူ့အဖေ ကျီးကို အဦးမူပြီး မြည်ချင်တော့ "အာ+အောက်ကလိ" လို့ မြည်တယ် ကိုယ်တော်"။

ယဒါ ကုက္ကုဋိဝသံ ဝဿိတု ကာမော ဟောတိ၊ ကုက္ကုဋိကာကာတိ ဝဿတိ။

အမိကြက်မရဲ့ တွန်မြည်ခြင်းကို လိုက်ပြီး တွန်မြည်လိုရင် "အောက်ကလိအာ"လို့ မြည်တယ်ကိုယ်တော်တဲ့။ (အောက်ကလိ,က အမိကြက်မဘက်က အသံ၊ အာ,က အဖကျီးဘက်က အသံ)။ အဲဒီ မိမစစ်+ဖမစစ်တဲ့ သတ္တဝါကလေး မြည်လိုတဲ့အခါ အဖေကျီးအသံ မြည်ချင်တော့ "အာ+အောက်ကလိ"+အမိကြက်မ အသံမြည်ချင်တော့ "အောက်ကလိ+အာ" ဒီလိုမြည်တယ် ကိုယ်တော်လို့ ပြောလိုက်တယ်။ (အဲဒါ ဘာဖြစ်သလဲကွ-လို့ ဆိုတော့)-

ဧဝမေဝ ခေါ ဘန္တေ ဗဟုမှိ ရတနေ ဗုဒ္ဓဝစနေ ဝိဇ္ဇမာနေ အယျေန သုဓမ္မေန ယဒေဝ ကိဉ္စိ ဘာသိတံ ယဒိဒံ တိလသံဂုဠိကာတိ။

ဘန္တေ=အရှင်ဘုရား။ ဧဝမေဝ ခေါ=ဤအတူပင်လျှင်။ (ကိုယ်တော့်စကားဟာ "အောက်ကလိအာ+အာ အောက်ကလိဆိုတဲ့ မိမစစ်+ဖမစစ် စကားဖြစ်နေပြီ ကိုယ်တော်၊ ကိုယ်တော်ဟာ ဖဘုရားရဲ့ သားတော်စစ်စစ် စကားပြောသင့်ပါလျက်) ဗဟုမှိ=များစွာသော။ ရတနေ=ရတနာအဝင်အပါဖြစ်သော။ ဗုဒ္ဓဝစနေ=မြတ်စွာဘုရား စကားတော်သည်။ ဝိဇ္ဇ မာနေ=ရစ်သောင်းလေးထောင် များမြောင် ထင်ရှား ရှိပါလျက်သားနဲ့။ အယျေန သုဓမ္မေန=အရှင်သုဓမ္မ ကိုယ်တော်မြတ်သည်။ ယဒိဒံ တိလသံဂုဠိကာတိ=နှမ်းပြစ်ဆိုတဲ့ ယင်း

http:\\www.dhammadownload.com



စကားကိုဖြင့်။ ယဒေဝ ကိဉ္စိ=ပြောစရာ ရှိုးရှိုးရှားရှား။ ဘာသိတံ= ပြောအပ်ခဲ့လေပြီ။

ကိုယ်တော်၊ နှမ်းပြစ်လို့ ပြောလိုက်တဲ့စကားဟာ ရဟန်းစကားမဟုတ်၊ လူ့စကားလည်း မဟုတ်၊ မိမစစ်+ဖမစစ်တဲ့ အောက်ကလိအာ+အာ အောက်ကလိ စကားပဲလို့ လျှောက်လိုက်တယ်။

ရှင်သုဓမ္မ စိတ်ဆိုးပြီ

ဤသို့ လျှောက်လိုက်သောအခါ အရှင်သုဓမ္မကိုယ်တော်က စိတ်ဆိုးပြီး–

အက္ကောသသိ မံ တွံ ဂဟပတိ၊ ပရိဘာသသိ မံ တွံ ဂဟပတိ၊ ဧသော တေ ဂဟပတိ အာဝါသော၊ ပက္ကမိဿာမိ။

ဂဟပတိ=သူကြွယ်။ တွံ=သင်သည်။ မံ=ငါ့ကို။ အက္ကောသသိ =ဆဲရေး၏။ ဂဟပတိ=သူကြွယ်။ တွံ=သင်သည်။ မံ=ငါ့ကို။ ပရိဘာသသိ=ရေရွတ်၏။ ဂဟပတိ=သူကြွယ်။ ဧသော=ထို "ဓွေးချိုပင်" ကျောင်းတိုက်ကြီးသည်။ တေ=သင်၏။ အာဝါသော= ကျောင်းတိုက်ကြီးပေ။ အဟံ=ငါသည်။ ပက္ကမိဿာမိ=အရပ်တစ်ပါး သွားတော့အံ့။

ဟော့...ဒကာ၊ မင်း ငါ့ကို ဆဲရေးရေရွတ်တယ်။ မင်းရဲ့ ဓွေးချိုပင် ကျောင်းတိုက်ကြီးဟာ မင်းရဲ့ကျောင်းတိုက်ကြီးပဲ ဖြစ်ပေစေတော့။ ငါယခု သွားတော့မယ်။ ဤကဲ့သို့ ရှင်သုဓမ္မကိုယ်တော်က စိတ်ဆိုး စကား ပြောကြားတယ်။

ဒီတော့ စိတ္တသူကြွယ်က ဒေါသကိလေသာကိုပယ်ပြီး သူ အနာဂါမ်အရိယာပုဂ္ဂိုလ်ဖြစ်တော့ စိတ်မဆိုးဘဲ ဘယ်လို ပြန်လျှောက် သလဲဆိုတော့–

http:\\www.dhammadownload.com



နာ၊ဟံ ဘန္တေ အယျံ သုဓမ္မံ အက္ကောသာမိ, ပရိဘာသာမိ၊ ဝသတု ဘန္တေ အယျော သုဓမ္မော မစ္ဆိကာသဏ္ဍေ။

ဘန္တေ=အရှင်ဘုရား။ အဟံ=တပည့်တော်သည်။ အယျံသုဓမ္မံ =အရှင်သုဓမ္မကို။ န အက္ကောသာမိ=မဆဲရေးပါဘုရား။ န ပရိဘာသာမိ =ရေရွတ်တာ မဟုတ်ပါဘုရား။ ဘန္တေ=အရှင်သုဓမ္မဘုရား။ အယျော သုဓမ္မော=အရှင်သုဓမ္မသည်။ မစ္ဆိကာသဏ္ဍေ=မစ္ဆိကာသဏ္ဍမြို့၌။ ဝသတု=နေတော်မူစေချင်ပါဖြ။ ရမဏီယံ အမ္ဗာဋကဝနံ။ အမ္ဗာဋကဝနံ=ဝေ့းချိုပင်တောရကျောင်းတိုက်ကြီးသည်။ ရမဏီယံ= မွေ့လျော်ဖွယ် ရှိလှပါသည်ဘုရား။ အဟံ အယျဿ ဥဿုက္ကံ ကရိဿာမိ စီဝရပိဏ္ဍပါတသေနာသန ဂိလာနပစ္စယဘေသဇ္ဇ ပရိက္ခာရာနံ။ အဟံ အယျဿ သုဓမ္မဿ = တပည့်တော် အရှင်သုဓမ္မ အတွက်။ စီဝရ ပိဏ္ဍပါတသေနာသန ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရာနံ=သင်္ကန်း+ဆွမ်း+ကျောင်း+ဆေး ဆိုတဲ့ ပစ္စည်းလေးပါးတို့ အတွက်။ ဥဿုက္ကံ= မပြည့်မစုံ မရှိရ၊ ပြည့်စုံအောင် လုံ့လကြိုးကုတ် ကြောင့်ကြစိုက်လုတ်ခြင်းကို။ ကရိဿာမိ=ပြုပါရစေဘုရား။

ကျောင်းဒကာက လိမ္မာလိုက်တာ၊ (အရိယာ သူတော်ကောင်းကြီးကို သွားပြီး "လိမ္မာလိုက်တာ"လို့ ပြောရတာတောင် အားနာစရာ ကောင်းလှပါတယ်)။ "အရှင်ဘုရား၊ မစ္ဆိကာသဏ္ဍမြို့မှာ နေမြဲနေတော်မူပါ။ ဝေ့းချိုပင် တောရကျောင်းတိုက်ကြီးဟာ အင်မတန် မွေ့လျော်ဖွယ် ကောင်းလှပါတယ်။ တပည့်တော် အရှင်သုဓမ္မအတွက် ပစ္စည်းလေးပါး မပြိုမြင်အောင် ကြောင့်ကြစိုက်လုတ်ပြီး ပူဇော်ပါ့မယ်ဘုရား၊ ဤကဲ့သို့ လျှောက်ထားတယ်၊ မရဘူးနော်။

နောက်ထပ်တစ်ခါ "မင်း ငါ့ကို ဆဲရေးတယ်။ ရေရွတ်တယ်၊

http:\\www.dhammadownload.com



မင်းရဲ့ ငွေးချိုပင် ကျောင်းတိုက်ကြီးဟာ မင်းရဲ့ ကျောင်းတိုက်ကြီးပဲ ဖြစ်ပစေ၊ ငါသွားတော့မယ်"လို့ အရှင်သုဓမ္မက ပါဠိလို ပြောတဲ့အခါ ကျောင်းဒကာ စိတ္တသေဌေးကလဲပဲ "တပည့်တော် အရှင်သုဓမ္မကို မဆဲရေး၊ မရေရွတ်ပါဘုရား၊ အရှင်သုဓမ္မ ဤမစ္ဆိကာသဏ္ဍမြို့မှာ နေမြဲနေတော်မူပါ၊ ငွေးချိုပင် ကျောင်းတိုက်ကြီးဟာ အင်မတန် ပျော်စရာ ကောင်းပါတယ်။ တပည့်တော် အရှင်သုဓမ္မအတွက် ပစ္စည်းလေးပါး ပြည့်စုံအောင် စောင့်ရှောက်ပါမယ်။ ဤကဲ့သို့ သုံးကြိမ်သုံးဖန် အပြန်အလှန် ပြောကြားတယ်။ ဘယ်နည်းနှင့်မှ ပြောလို့မရဘူး။ (အဲဒါ ကျောင်းထိုင်ဘုန်းကြီးက ရောင့်တက်တာပ၊ ဒကာက ချော့မှန်း သိတော့ ကျောင်းထိုင်ဘုန်းကြီးက ရောင့်တက်တယ်)။

သုံးခါပြောမရတော့ စိတ္တသေဌေးက မေးလိုက်တယ်။

ကဟံ ဘန္တေ အယျော သုဓမ္မော ဂမိဿသိ။

ဘန္တေ=အရှင်ဘုရား၊ အယျော သုဓမ္မော=အရှင်သုဓမ္မသည်။ ကဟံ=အဘယ် အရပ်သို့။ ဂမိဿသိ=ကြွတော်မူမည်လဲဘုရား။ အရှင်သုဓမ္မ၊ အရှင်ဘုရား ဘယ်ကြွမှာလဲ–လို့ မေးလျှောက်တယ်။ အရှင်သုဓမ္မမှာ ဘာရှိတာမှတ်လို့ အားကိုးစရာမရှိဘူး။ သူသွားလျှင် ဘုရားရှင်ထံ သွားရမှာဖြစ်တဲ့အတွက် –

သာဝတ္ထိံ ခေါ အဟံ ဂဟပတိ ဂမိဿာမိ ဘဂဝန္တံ ဒဿနာယ။

(ဒကာက တင်းလာတော့ သူက လျှော့လာတယ်။) ဂဟပတိ =ကျောင်းဒကာ။ အဟံ=ငါသည်။ ဘဂဝန္တံ ဒဿနာယ=ဘုရားဖူးဖို့ရန်။ သာဝတ္ထိံ=သာဝတ္ထိပြည်သို့။ ဘဂဝန္တံ ဒဿနာယ=ဘုရားဖူးဖို့ရန်။ ဂမိဿာမိ=သွားပေအံ့။

ကိုယ်တော် ဘယ်သွားမှာလဲလို့မေးတော့ "ဒကာကြီး၊ ငါ

http:\\www.dhammadownload.com



ဘုရားဖူးချင်လို့ သာဝတ္ထိကို သွားမယ်”လို့ တစ်ပိုင်းပျော့ ပြန်ကြားလာတော့ စိတ္တသေဋ္ဌေးကလည်း မလျှော့ဘူး။ ကျောင်းဒကာက တင်းမြဲတိုင်းတင်းပြီး ရောင့်တက်မှာစိုးလို့ ဘာပြောသလဲဆိုလျှင်–

**တေန ဟိ ဘန္တေ ယဉ္စ အတ္တနာ ဘဏိတံ၊ ယဉ္စ မယာ ဘဏိတံ၊ တံ သဗ္ဗံ ဘဂဝတော အာရောစေဟိ။**

ဘန္တေ=အရှင်ဘုရား၊ တေန ဟိ=သို့တပြီးကား။ (ဝါ) သာဝတ္ထိပြည်သို့ ဘုရားဖူး ကြွမယ်ဆိုလျှင်။ ယဉ္စ=အကြင်စကားကိုလဲ။ အတ္တနာ=မိမိဆိုတဲ့ အရှင်ဘုရားက။ ဘဏိတံ=ပြောဆိုအပ်၏။ ယဉ္စ=အကြင်စကားကိုလဲ။ မယာ=တပည့်တော်က။ ဘဏိတံ=ပြောဆိုအပ်၏။ တံ သဗ္ဗံ=ထိုအရှင်ဘုရား ပြောတဲ့စကား၊ တပည့်တော်ပြောတဲ့စကားအားလုံးကို။ ဘဂဝတော=မြတ်စွာဘုရားအား။ အာရောစေဟိ=လျှောက်ထားဖြစ်အောင် လျှောက်ထားပါဘုရား။ အရှင်ဘုရားပြောတဲ့စကား၊ တပည့်တော်ပြောတဲ့စကား အားလုံးကို မြတ်စွာဘုရားအား လျှောက်ထားပါဘုရား။

**အနစ္ဆရိယံ ခေါ ပနေ+တံ ဘန္တေ၊ ယံ အယျော သုဓမ္မော ပုနဒေဝ မစ္ဆိကာသဏ္ဍံ ပစ္စာဂစ္ဆေယျ။**

ဘန္တေ=အရှင်ဘုရား။ အယျော သုဓမ္မော=အရှင်သုဓမ္မသည်။ ပုနဒေဝ=တစ်ဖန်သာလျှင်။ မစ္ဆိကာသဏ္ဍံ=(ဤ) မစ္ဆိကာသဏ္ဍမြို့သို့။ ယံ ပစ္စာဂစ္ဆေယျ=အကြင်ပြန်၍ လာရာ၏။ တေံ=ဤသို့ အရှင်သုဓမ္မတပည့်တော်တို့နေတဲ့ မစ္ဆိကာသဏ္ဍမြို့သို့ နောက်ထပ်တစ်ဖန်ပြန်လာရခြင်းဆိုတဲ့ ကိစ္စဟာဖြင့်။ အနစ္ဆရိယံ ခေါ ပန=မအံ့သြလောက်ပါဘူး ဘုရား။

ကိုယ်တော်ဘုရားထံရောက်ယင် အကုန်လုံးသာ လျှောက်ထားပါ၊ လျှောက်လို့ရှိရင် ကိုယ်တော်ဟာ တပည့်တော်တို့ရဲ့

http:\\www.dhammadownload.com



မစ္ဆိကာသဏ္ဍာမြို့ကို တစ်ခေါက်ပြန်လာရမှာ သေချာတယ်။ အဲဒီလို ပြန်လာရခြင်းကို တပည့်တော် မအံ့သြပါဘူး ကိုယ်တော်။

စိတ္တသူဌေးက ဒေါသနဲ့ ပြောတာမဟုတ်ဘူးနော်။ ရောင့်တက်မှာစိုးလို့ တင်းတင်းတည်တည် တရားသဘော ပြောတာ။ အရှင်သုဓမ္မ ယူဇနာသုံးဆယ်ဝေးတဲ့ သာဝတ္ထိကို သွားပြီ၊ ယူဇနာသုံးဆယ် ခရီးကို ရက်ပေါင်းသုံးဆယ် သွားရတယ်။ တစ်ယူဇနာလျှင် ၁၂-မိုင်၊ ဆယ်ယူဇနာလျှင် မိုင် ၁၂၀၊ ယူဇနာသုံးဆယ်ဆိုတော့ မိုင်ပေါင်း သုံးရာ့ခြောက်ဆယ် ဝေးတယ်။ မန္တလေးက ပဲခူးလောက်အရောက် သာဝတ္ထိသို့ ရက်ပေါင်းသုံးဆယ် ပင်ပန်းကြီးစွာ ခြေကျင်သွားရတယ်။

မြတ်စွာဘုရားထံတော်မှောက် ရောက်တော့ စိတ္တသူဌေး မှာလိုက်တဲ့အတိုင်း သူက စိတ္တသူဌေးအား ပြောပုံ၊ စိတ္တသူဌေးက သူ့အား ပြန်ကြားလျှောက်ထားပုံ အကြောင်းတွေ (လူအ-ဆိုတော့) မြတ်စွာဘုရားအား အကုန်ဖွင့်လျှောက်တဲ့အခါ မြတ်စွာဘုရားက-

တယာ ဥပါသကော သဒ္ဓေါ ပသန္နော ဟီနေန ခုံသိတော။

ဘိက္ခု=ရဟန်း။ တယာ=သင်သည်။ သဒ္ဓေါ=သဒ္ဓါတရားနှင့် ပြည့်စုံသော။ ပသန္နော=ရတနာသုံးပါးကို ရက်ရက်ရောရော ကြည်ညိုသော။ ဥပါသကော=ဒါယကာကို။ ဟီနေန=ယုတ်ညံ့တဲ့ ဆဲရေးခြင်းဖြင့်။ ခုံသိတော=ဆဲရေးအပ်ခဲ့ပြီ။

ရဟန်း၊ သင်ဟာ သဒ္ဓါတရားနဲ့ ပြည့်စုံတဲ့ ရတနာသုံးပါးကို လွန်စွာကြည်ညိုတဲ့ ဒကာကို ယုတ်မာသော ဆဲရေးခြင်းမျိုးဖြင့် ဆဲရေးခဲ့တာ။

အနနုစ္ဆဝိယံ မောဃပုရိသ၊ အနနုလောမိကံ မောဃပုရိသ။

http:\\www.dhammadownload.com



မင်္ဂဖိုလ်မရ ကိစ္စမပြီး အချည်းနှီးသော ယောက်ျား၊ သင်ရဲ့ အလုပ်ဟာ ရဟန်းအရေနဲ့ မတော်လိုက်လေ၊ ရဟန်းတို့နှင့် မလျော်လိုက်လေ။ ဤသို့စသည် မြည်တွန်ပြီး ရဟန်းများကို တစ်ခါတည်း အစည်းအဝေးခေါ်ပြီး "ချစ်သားတို့ ကြည့်စမ်း၊ ဒီသုဓမ္မရဟန်းဟာ ဘာမှ အပြစ်မရှိတဲ့ စိတ္တသေဋ္ဌေးကို ဒီလို ဆဲရေးစကား ပြောသတဲ့"

တေန ဟိ ဘိက္ခဝေ သံဃော သုဓမ္မဿ ဘိက္ခုနော ပဋိသာရဏီယကမ္မံ ကရောတု "စိတ္တော တေ ဂဟပတိ ခမာပေတဗ္ဗော"တိ။

ဘိက္ခဝေ=ရဟန်းတော်များ အိုး-ချစ်သားတို့၊ တေန ဟိ=သို့ တပြီးကား၊ (ဝါ) ထိုသို့ သုဓမ္မရဟန်းက စိတ္တသူကြွယ်ကို အမျိုးအနွယ် ကို ကိုင်၍ ယုတ်ညံ့သော ဆဲရေးခြင်းဖြင့် ဆဲရေးအပ်ခဲ့ရကား။ သုဓမ္မဿ ဘိက္ခုနော=သုဓမ္မရဟန်းအား။ သံဃော=သံဃာတော် သည်။ ပဋိသာရဏီယကမ္မံ=ပဋိသာရဏီယကံကို။ ကရောတု=ပြုစေ (သံဃာက သုဓမ္မရဟန်းအား ပဋိသာရဏီယကံ ပြုရမည်၊ ဘယ်လို ပြုရမည်လဲ ဆိုရင်)၊ တေ=သင်သည်။ စိတ္တော ဂဟပတိ=စိတ္တသူကြွယ် စိတ္တသေဋ္ဌေးကို။ ခမာပေတဗ္ဗော=သည်းခံစေရမယ်၊ (ဝါ) ကန်တော့ တောင်းပန်စေရမယ်။ ဣတိ=ဤသို့ပြုရမည်။ သံဃာ့အမိန့်ဖြင့် "သင်သည် စိတ္တသူကြွယ်၊ စိတ္တသေဋ္ဌေးကို သည်းခံစေရမယ်၊ ကန်တော့ရမယ်" ဤကဲ့သို့ အမိန့်ပေးရမည်။ ထိုသို့ အမိန့်ပေးခြင်း သည်ပင် ပဋိသာရဏီယကံ ပြုသည် မည်တယ်။ ထို့နောက်မှ မြတ်စွာ ဘုရားက ပဋိသာရဏီယကံပြုပုံ အကျယ်ကို (ဝိနည်း စူဠဝဂ္ဂပါဠိ၊ နှာ-၃၇ မှစ၍) ဟောတော်မူသည်။

ပဋိသာရဏီယဉတ္တိ စတုတ္ထသံဃကံ ပြုပြီးမှ မြတ်စွာဘုရား က သုဓမ္မရဟန်းကို၊

http:\\www.dhammadownload.com



ဂစ္ဆ စိတ္တံ ဂဟပတိံ ခမာပေဟိ။

ဂစ္ဆ=သွား။ စိတ္တံ ဂဟပတိံ=စိတ္တသူကြွယ်–စိတ္တသေဌေးကို။ ခမာပေဟိ=ကန်တော့ခဲ့လော။ "သွား–စိတ္တသေဌေးကို ကန်တော့ခဲ့" လို့ ခပ်ငေါက်ငေါက် အမိန့်ရှိတော့ သုဓမ္မရဟန်း တစ်ရက်မျှ မနားရဘဲ ရောက်တဲ့နေ့မှာပဲ ယူဇနာသုံးဆယ် (မိုင်ပေါင်း သုံးရာ့ခြောက်ဆယ်) ခရီးကို တစ်ခါထဲ ပြန်လာရတယ်။

အရှင်သုဓမ္မ ပင်ပန်းကြီးစွာ ယူဇနာသုံးဆယ် (မိုင်ပေါင်း သုံးရာ့ခြောက်ဆယ်) ခရီးကို လာခဲ့၍ မစ္ဆိကာသဏ္ဍမြို့ ငွေးချိုပင် တောကျောင်းတိုက်ကြီးသို့ရောက်ပြီး စိတ္တသေဌေး ကျောင်းဒကာကြီး ထံ သွားရောက်၍–

ဂဟပတိ မယှမေဝ သော ဒေါသော၊ ခမာဟိ မေ၊

ဂဟပတိ=ကျောင်းဒကာ သေဌေး။ သော=ထိုဖြစ်သမျှ ဥဿုံ အလုံးစုံသည်။ မယှမေဝ=ငါ့၏သာလျှင်။ ဒေါသော=အပြစ်ပါ။ မေ– ငါ့အား။ ခမာဟိ=သည်းခံပါလော့။ ကျောင်းဒကာ၊ အားလုံးဟာ ငါ့ အပြစ်ချည်းပါပဲ။ ငါ့အပေါ်မှာ သည်းခံပါလို့ တောင်းပန်တယ်။

စိတ္တသေဌေးက–

နာ+ဟံ ဘန္တေ ခမာမိ။

ဘန္တေ=အရှင်ဘုရား။ အဟံ=တပည့်တော်သည်။ န ခမာမိ= သည်းမခံနိုင်ဘူး ဘုရား (တဲ့)၊ "ကိုယ်တော်၊ တပည့်တော် သည်းမခံ နိုင်ဘူး ဘုရား"လို့ မျက်နှာတင်းတင်းထားပြီး ပြောတယ်။ နှစ်ကြိမ် သုံးကြိမ် သူက တောင်းပန်။ ကျောင်းဒကာက သည်းမခံဘူးဆိုတော့ နောက်တစ်ဖန် သူဆက်ပြီး ဘာလုပ်ရမည်ကို မသိတော့ မြတ်စွာ ဘုရားရှင်ထံ ယူဇနာသုံးဆယ် (မိုင်သုံးရာ့ခြောက်ဆယ်) ခရီးကို ပြန်လာရပြန်တယ်။

http:\\www.dhammadownload.com



ဤနေရာ၌ အဋ္ဌကထာဆရာတော်က ဖော်ပြသည်မှာ မြတ်စွာဘုရားက မသိဘူးလား(တဲ့)၊ သိပါတယ်(တဲ့)၊ နာ+ဿစိတ္တော ဂဟပတိ ခမိဿတိ။ အဿ=ထို သုဓမ္မရဟန်းအား။ စိတ္တော ဂဟပတိ =စိတ္တသေဋ္ဌေးသည်။ န ခမိဿတိ=သည်းခံလိမ့်မည် မဟုတ်ဘူး။

ဒီအချက်ကို မြတ်စွာဘုရားက အစောကြီးက သိပြီးသားပါ။ ဟင်–သိလျှင် ဘာဖြစ်လို့ ဘုရားရှင်က သည်းခံနိုင်ကြောင်း နည်းကောင်းကို မညွှန်ပြဘဲ "သွား၊ စိတ္တသေဋ္ဌေးကို ယခု သွားကန်တော့ တောင်းပန်လိုက်"လို့ ဘာကြောင့် အမိန့်ရှိရတာလဲ၊ ဤသို့ မေးဖွယ် ရှိ၏။ အဖြေကား –

မာနထဒ္ဓေါ ဧသော၊

ဧသော=ဤရဟန်းသည်။ မာနထဒ္ဓေါ=မာနခက်ထန်တဲ့ ရဟန်း တည်း။

တိံသယောဇနံ တာဝ မဂ္ဂံ ဂန္တွာ ပစ္စာဂစ္ဆတု။

တိံသယောဇနံ မဂ္ဂံ=ယူဇနာသုံးဆယ် (မိုင်ပေါင်း သုံးရာ့ ခြောက်ဆယ်) ရှိတဲ့ခရီးကို။ ဂန္တွာ=သွား၍။ တာဝ ပစ္စာဂစ္ဆတု= တစ်ဖန် ပြန်လာစေဦး။

ယူဇနာသုံးဆယ် (မိုင်သုံးရာ့ခြောက်ဆယ်) ဝေးတဲ့ခရီးကို သင်သွားပြီး ပြန်လာစေဦး။ ဒါမှ မာန်မာနကျမယ်။ ဤသို့ စဉ်းစား တော်မူမိလို့ လွှတ်လိုက်တာ(တဲ့)၊ လွှတ်လိုက်တဲ့ အတိုင်းပဲ လာတုန်း က ယူဇနာသုံးဆယ်၊ ဘုရားနှင့်တကွ သံဃာက ပဋိသာရဏီယကံပြု ပြီး လွှတ်လိုက်လို့ ယူဇနာသုံးဆယ်၊ ယခု ပြန်လာရပြန်ပြီ ယူဇနာ သုံးဆယ်၊ ဘယ်မှာမှ သူ မနားရဘူး။ သူပန်းပြီ၊ မာန်မာနကျသွားပြီ။ ထိုသို့ မာန်မာနကျသွားပြီးမှ မြတ်စွာဘုရားက ရဟန်းတော်များကို ခေါ်ဝေါ် စည်းဝေးစေတော်မူတယ်။

http:\\www.dhammadownload.com



## သုဓမ္မရဟန်းအား အဖော်တမန်ရဟန်း ထည့်ပေးခြင်း

ထိုသို့ စည်းဝေးစေတော်မူပြီး–

တေန ဟိ ဘိက္ခဝေ သံဃော သုဓမ္မဿ ဘိက္ခုနော အနုဒူတံ ဒေတု။

ရဟန်းတို့၊ သုဓမ္မရဟန်း မာန်မာန ကျသွားပြီဖြစ်ရကား သံဃာက သုဓမ္မ ရဟန်းအား အနုဒူတခေါ်တဲ့ အဖော်တမန် ရဟန်းကို ထည့်ပေးရမည်။ ထိုသို့ အဖော် တမန်ရဟန်း ထည့်ပေးရာ၌လည်း ယံ ဝါ တံ ဝါ ဟူးဟူးဗြားဗြား ကိုယ်တော်တစ်ပါးပါးကို ဖြစ်ကတတ် ဆန်း ထည့်ပေးရန်မဟုတ်။ စကားအရာ ချေချေငံငံ ပြောတတ်တဲ့ ရဟန်းကို သံဃာက ရွေးပြီးမှ ရှေးဦးစွာ တောင်းပန်ပြီးလျှင်–

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဣတ္ထန္နာမံ ဘိက္ခုံ သုဓမ္မဿ ဘိက္ခုနော အနုဒူတံ ဒဒေယျ စိတ္တံ ဂဟပတိံ ခမာပေတုံ။ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော။ သံဃော ဣတ္ထန္နာမံ ဘိက္ခုံ သုဓမ္မဿ ဘိက္ခုနော အနုဒူတံ ဒေတိ စိတ္တံ ဂဟပတိံ ခမာပေတုံ။ ယဿာ+ ယသ္မတော ခမတိ ဣတ္ထန္နာမဿ ဘိက္ခုနော သုဓမ္မဿ ဘိက္ခုနော အနုဒူတဿ ဒါနံ စိတ္တံ ဂဟပတိံ ခမာပေတုံ၊ သောတုဏှ+ဿ၊ ယဿ နက္ခမတိ၊ သော ဘာ သေယျ။

ဒိန္နော သံဃေန ဣတ္ထန္နာမော ဘိက္ခု သုဓမ္မဿ ဘိက္ခုနော အနုဒူတော စိတ္တံ ဂဟပတိံ ခမာပေတုံ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝ+ မေတံ ဓာရယာမိ။

http:\\www.dhammadownload.com



ဤကဲ့သို့ ဥတ္တိ ဒုတိယကမ္မဝါစာဖတ်၍ အနုဒူတခေါ်တဲ့ အဖော်တမန်ဖြစ်သော ရဟန်းကို သမုတ်ရမည်။ (ထို့နောက် ဆက်၍ ဆောင်ရွက်ရမည့် အချက်ကို [ဝိ၊ ၄၊ ၄၄ မျက်နှာ၌] အချက် ၅ ချက် ဆောင်ရွက်ပုံကို မြတ်စွာဘုရား အကျယ်ဟောပြတော်မူသည်မှာ)

(၁) ရဟန်းတို့ သုဓမ္မရဟန်းသည် အဖော်ရဟန်းနှင့်အတူ မစ္ဆိကာသဏ္ဍမြို့သို့ သွား၍ စိတ္တသေဋ္ဌေးကို "ခမ ဂဟပတိ၊ ပသာဒေမိ တံ၊ ကျောင်းဒကာ သည်းခံပါ၊ ငါကြည်ပါစေကြောင်း တောင်းပန်ပါ၏"ဟု ဆို၍ တောင်းပန်ရမည်။

(၂) ဤကဲ့သို့ တောင်းပန်စကား ပြောကြားအပ်သည်ဖြစ်၍ စိတ္တသေဋ္ဌေး ကျေနပ်သည်းခံလျှင် အပြစ်မရှိ ကောင်းမြတ်လှ၏။ အကယ်၍ မကျေနပ်လျှင် အဖော်ရဟန်းက "ခမ ဂဟပတိ ဣမဿ ဘိက္ခုနော၊ ပသာဒေတိ တံ=ကျောင်းဒကာ၊ ဤသုဓမ္မရဟန်း အပေါ်မှာ သည်းခံကျေနပ်ပါ။ သူသည် အသင် ကျောင်းဒကာကို ကြည်ပါ စေကြောင်း တောင်းပန်ပါ၏" ဤကဲ့သို့ ပြောဆိုပေးရမည်။

(၃) ဤကဲ့သို့ တောင်းပန်စကား ပြောကြားအပ်သည်ဖြစ်၍ စိတ္တသေဋ္ဌေး ကျေနပ်သည်းခံလျှင် အပြစ်မရှိ ကောင်းမြတ်လှ၏။ အကယ်၍ မကျေနပ်လျှင် အဖော်ရဟန်းက "ခမ ဂဟပတိ ဣမဿ ဘိက္ခုနော၊ အဟံ တံ ပသာဒေမိ=ကျောင်းဒကာ၊ ဤသုဓမ္မရဟန်း အပေါ်မှာ သည်းခံကျေနပ်ပါ၊ ငါသည် အသင်ကျောင်းဒကာကို ကြည်ပါစေကြောင်း တောင်းပန်ပါ၏" ဤကဲ့သို့ ပြောဆိုပေးရမည်။

(၄) ဤကဲ့သို့ တောင်းပန်စကား ပြောကြားအပ်သည်ဖြစ်၍ စိတ္တသေဋ္ဌေး ကျေနပ်သည်းခံလျှင် အပြစ်မရှိ ကောင်းမြတ်လှ၏။ အကယ်၍ မကျေနပ်လျှင် အဖော်ရဟန်းက "ခမ ဂဟပတိ ဣမဿ ဘိက္ခုနော သံဃဿ ဝစနေန=ကျောင်းဒကာ၊ ဤသုဓမ္မရဟန်း

http:\\www.dhammadownload.com



အပေါ်မှာ သံဃာတော်၏ တောင်းပန်ဖို့ရန် မိန့်ကြားတော်မူချက် စကားအရဖြင့် သည်းခံကျေနပ်ပါ" ဤကဲ့သို့ ပြောဆိုပေးရမည်။

(၅) ဤကဲ့သို့ ပြောကြားချက်အရ စိတ္တသေဋ္ဌေး ကျေနပ် သည်းခံလျှင် အပြစ်မရှိ ကောင်းမြတ်လှ၏။ အကယ်၍ မကျေနပ်လျှင် အဖော်တမန်ရဟန်းက သုဓမ္မရဟန်းကို စိတ္တသေဋ္ဌေး မြင်လောက်၊ ကြားလောက်သော အရပ်သို့ ခေါ်သွားပြီး သင်္ကန်းကို လက်ကန်တော့ ထိုးစေ၊ ဆောင့်ကြောင့်ထိုင်စေ၊ လက်အုပ်ချီစေပြီး ထို(ဩမသဝါဒ) ပါစိတ်အာပတ်ကို ဒေသနာကြားစေရမည်" ဤကဲ့သို့မိန့်တော်မူလေသည်။

## အရှင်သုဓမ္မအား ဩဝါဒတရားပေးခြင်း

မြတ်စွာဘုရားရှင်သည် အရှင်သုဓမ္မမထေရ်အား မာန်မာနကျ လာသည်ကို သိတော်မူပြီး ဆိုအပ်ပြီးသောအတိုင်း စိတ္တသေဋ္ဌေး ကျေနပ်သည်းခံကြောင်း နည်းလမ်းကောင်း ငါးမျိုးနှင့်တကွ အဖော် တမန် ရဟန်းကိုပါ ထည့်ပေးပြီး "ဂစ္ဆ ဥပါသကံ ခမာပေဟိ=ချစ်သားသွားလေ၊ ဤအဖော်ရဟန်းနှင့်အတူသွားပြီး စိတ္တသေဋ္ဌေး ဥပါသကာကို ကျေရာကျေကြောင်း တောင်းပန်လေ"ဟု မိန့်တော်မူပြီးနောက်–

"သမဏေန နာမ 'မယှံ ဝိဟာရော၊ မယှံ နိဝါသဋ္ဌာနံ၊ မယှံ ဥပါသကော၊ မယှံ ဥပါသိကာ'တိ မာနံ ဝါ ဣဿာ ဝါ ကာတုံ န ဝဋ္ဋတိ။ ဧဝံ ကရောန္တဿ ဟိ ဣစ္ဆာ + မာနာဒယော ကိလေသာ ဝဍ္ဎန္တိ။ (ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၃၂၈)

ချစ်သား သုဓမ္မ–ရဟန်းဆိုတာ ငါ၏ကျောင်းတိုက်၊ ငါ၏ နေရာ၊ ငါ၏ဒကာ၊ ငါ၏ဒကာမ ဟူ၍ စွဲယူမှတ်ထင်ခြင်း၊ မနာလို

http:\\www.dhammadownload.com



ဏ္ဍသော ငြူစူခြင်းမျိုးကို အလျဉ်းပင် မပြုသင့်ပေ။ ဤသို့ မပြုသင့်ဘဲ လျက် ပြုမှားသော ရဟန်း၏ အဖို့ရာ လောဘ+မာန်မာနစသော ကိလေသာတို့ တိုးပွားနိုင်ကုန်သည်"။ အနုသန္ဓေ ဆက်စပ်၍ တရား ဟောတော်မူလိုရကား ...

(၁) အသန္တံ ဘာဝနမိစ္ဆေယျ၊ ပုရေက္ခာရဉ္စ ဘိက္ခုသု။
အာဝါသေသု ဏ္ဍသရိယံ၊
ပူဇာ ပရကုလေသု စ။

(၂) မမေဝ ကတ မညန္တု၊ ဂိဟီ ပဗ္ဗဇိတာ ဥဘော။
မမေဝါ+တိဝသာ အဿု၊
ကိစ္စာကိစ္စေသု ကိသ္မိစိ။
ဣတိ ဗာလဿ သင်္ကပ္ပေါ၊
ဣစ္ဆာ မာနောစ ဝမုတိ။ (ဓမ္မပဒ၊ ဂါထာ-၇၃၊ ၇၄)

၁။ (ဘိက္ခု=ချစ်သား သုဓမ္မရဟန်း)။ ယော ဗာလော=အကြင် မလိမ္မာသော ရဟန်းသည်။ အသန္တံ ဘာဝနံ=မိမိ၌ မရှိသော ဂုဏ် ကျေးဇူးဖြင့် ချီးမွမ်းခြင်းကို။ ဣစ္ဆေယျ-တောင့်တလင့်ဆို အလိုရှိ ငြားအံ့။ ဘိက္ခူ သု=သိတင်းသုံးဖော် ရဟန်းတို့အပေါ်၌။ ပုရေက္ခာရဉ္စ =မိမိကို အမှူးထား ရှေ့သွားပြုခြင်းကိုလည်း။ ဣစ္ဆေယျ=တောင့်တ လင့်ဆို အလိုရှိငြားအံ့။ အာဝါသေသု=သံဃိက ကျောင်းတို့၌။ ဏ္ဍသရိယံ=မိမိက ပိုင်စိုးပိုင်နင်း ဖြစ်ရှိရခြင်းကို။ ဣစ္ဆေယျ=တောင့်တ လင့်ဆို အလိုရှိငြားအံ့။ ပရကုလေသု=မိဖဆွေမျိုးမှတစ်ပါး အခြား သော ဒကာ+ဒကာမတို့၌။ ပူဇာ စ=မိမိအားသာ သဒ္ဓါကော်ရော် ပူဇော်ခြင်းကိုလည်း။ ဣစ္ဆေယျ=တောင့်တလင့်ဆို အလိုရှိငြားအံ့။

၂။ ဂိဟီ=လူတို့လည်းကောင်း။ ပဗ္ဗဇိတာ=ရဟန်းတို့ လည်းကောင်း။

http:\\www.dhammadownload.com



ဥဘော=ရဟန်း(နှင့်)လူ နှစ်ဦးသော သူတို့သည်။ မမေဝ= ငါ့ကိုသာလျှင်။ နိဿာယ=အမှီပြု၍။ ကတံ=ပြုအပ်သမျှ ဉဿုံအလုံးစုံ သော နဝကမ္မတို့ ပြီးနိုင်၏ဟူ၍။ မညန္တု=ထင်မှတ်ကြပါစေကုန် သတည်း။ ကိသ္မိစိ=တစ်စုံတစ်ခုသော ကာလ၌။ ကိစ္စာ ကိစ္စေသု=ကိစ္စ ကြီးငယ် အသွယ်သွယ်တို့သည်။ ဇာတေသု=ဖြစ်ပေါ်ကုန်လတ်သော်။ မမေဝ=ငါ၏သာလျှင်။ အတိဝသာ=အလိုသို့ လိုက်ကုန်သည်။ အသု ဖြစ်စေကုန်သတည်း။ ဣတိ=ဤသို့၊ ဗာလဿ=ပညာမဲ့သော ရဟန်း ၏ (စိတ်သန္တာန်၌)။ သင်္ကပ္ပေါ=အကြံသည် လည်းကောင်း။ ဣစ္ဆာစ= အလိုလောဘသည် လည်းကောင်း၊ မာနော စ=အထင်ကြီးခြင်း မာန သည် လည်းကောင်း။ ဝမုတိ=တစ်နေ့တခြား တိုးပွားတတ်ပေ၏။

ဤနှစ်ဂါထာတို့ကို ဟောကြားတော်မူသည်။ ဒေသနာနိဂုံး ဆုံးသောအခါ များစွာသောသူတို့ သောတာပန်အရိယာ စသည် ဖြစ်ကြကုန်၏။

## အရှင်သုဓမ္မ ရဟန္တာဖြစ်ခြင်း

အရှင်သုဓမ္မမထေရ်သည်လည်း ဤဩဝါဒတရား နာကြားပြီး၊ မြတ်စွာဘုရားကို ရှိခိုးပြီး နေရာမှထ၍ အရိအသေပြုပြီး အဖော်တမန် ရဟန်းနှင့်အတူ မစ္ဆိကာသဏ္ဍမြို့သို့ သွားရောက်၍ (ရှေးဖော်ပြပါ ငါးနည်းတို့အနက်) ပဥ္စမနည်းအတိုင်း စိတ္တသူကြွယ်သဌေး မြင် လောက်ရာအရပ်၌ အာပတ်ကို ဒေသနာကြား ကုစား၍ စိတ္တသဌေး ကျေနပ်သည်းခံစေလေသည်။

စိတ္တသူကြွယ် သဌေးကလည်း-

ခမာမ+ဟံ ဘန္တေ၊ သစေ မယှံ ဒေါသော အတ္ထိ။

ခမထ မေ။

http:\\www.dhammadownload.com



အရှင်ဘုရား။ တပည့်တော် ကျေနပ်သည်းခံပါ၏။ တပည့်တော်၏ အပြစ်ရှိလျှင်လဲ အရှင်တို့ သည်းခံတော်မူကြပါ–ဟု ပြန်၍ အတောင်းပန် ကန်တော့ခံပြီးသော် အရှင်သုဓမ္မ မထေရ်သည် မြတ်စွာဘုရား ပေးအပ်သော ဩဝါဒ၌တည်ကာ ရဟန်းတရား ပွားများကြိုးကုတ်အားထုတ်လတ်ရကား နှစ်ရက်သုံးရက် အတွင်းမှာပင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်တော်မူလေသည်။

## စိတ္တသေဋ္ဌေး ဘုရားထံဆည်းကပ်ခြင်း

ကထိန်အလှူ့ဒါနအတွက် ဟောကြားအပ်တဲ့ "စိတ္တဂဟပတိဝတ္ထုတရား" အမျိုးသား ဥပါသကာတို့ဘက်က ပညာအရာမှာ ချိန်ခွင်ကြီးလို့ မြတ်စွာဘုရား ချီးကျူးအပ်တဲ့ စိတ္တသေဋ္ဌေးရဲ့ အကြောင်းကို ယမန်နေ့ စာတိုက်တန်းက စပြီးတော့ ဟောခဲ့ပါတယ်။

မနေ့က ဟောခဲ့တာ စိတ္တသေဋ္ဌေးရဲ့ မစ္ဆိကာသဏ္ဍကျောင်းတိုက်ကြီးမှာ ကျောင်းထိုင်ပုဂ္ဂိုလ်ဖြစ်တဲ့ အရှင်သုဓမ္မ မထေရ်သူမြတ် ရဟန္တာအဖြစ်သို့ ရောက်သည့်တိုင်အောင် ပြီးခဲ့ပါတယ်။ တရားနာပရိသတ်အနေနဲ့ အပြေးအလွှား အကျဉ်းချုပ် နားလည်ထားဖို့ကတော့ စိတ္တသေဋ္ဌေးရဲ့အကြောင်းကို ပြောရင် သူ့ရဲ့ ကျောင်းထိုင်ဘုန်းကြီး အရှင်သုဓမ္မ မထေရ်ရဲ့ ဝတ္ထုအကြောင်းကလဲ ပါရှိမှ ကျောင်းဒကာရဲ့ သဘောထားကြီးမြတ်ပုံတွေ ပေါ်လွင်မှာဖြစ်လို့ အရှင်သုဓမ္မမထေရ်ရဲ့ အကြောင်းကိုလည်း ဟောရပါတယ်။ အဲ...သူတို့ ဆရာ+ဒကာနှစ်ဦးသားအနက် ယမန်နေ့က တရားဟောခဲ့တာ အရှင်သုဓမ္မမထေရ် ရဟန္တာအဖြစ်သို့ ရောက်သည့်တိုင်အောင် ဟောပြီးခဲ့ပါပြီ။

စိတ္တသေဋ္ဌေးသည် မြတ်စွာဘုရားရှင်ကို မဖူးမြင်ရဖူးသေးဘဲ ပဉ္စဝဂ္ဂီ မထေရ်ငါးပါး အပါအဝင် အရှင်နာမမထေရ်ရဲ့ အထံမှာ

http:\\www.dhammadownload.com



တရားနာရလို့ သောတာပန်ဖြစ်တယ်။ သောတာပန်အရိယာ ဖြစ်တယ်ဆိုလျှင်ပဲ သဒ္ဓါတရား လွန်စွာကြီးမားတဲ့အတွက် မိမိပိုင်တဲ့ “ဥယျာဉ်တောကြီး တစ်ခုလုံး”ကို သံဃာ့အာရာမ်အမွာဋ္ဌက ကျောင်းတိုက်ကြီး”လို့ မိမိနေရာ မစ္ဆိကာသဏ္ဍမြို့မှာ ဗုဒ္ဓပမုခသံဃာအား လှူလိုက်တယ်။

ကျောင်းတိုက်ကြီး လှူပြီးတဲ့အချိန်ကစပြီး စိတ္တသဌေးရဲ့ အိမ်ဟာ သံဃာတော်များအတွက် အမြဲတမ်း တံခါးဖွင့်လို့ “မစ္ဆိကာသဏ္ဍမြို့က စိတ္တသဌေး (စိတ္တသူကြွယ်)ဟာ သဒ္ဓါလည်း ကောင်းတယ်။ ပညာလည်းထက်တယ်”လို့ သာသနာမှာ လွန်စွာ ထင်ရှားတဲ့အတွက် မထေရ်ကြီးတွေဆိုလျှင် စိတ္တသဌေး (စိတ္တ သူကြွယ်) ရှိရာ မစ္ဆိကာသဏ္ဍမြို့သို့ မပြတ်မပြတ် ကြွလာတော်မူ ကြတယ်။

တစ်ချိန်မှာ အရှင်သာရိပုတ္တရာမထေရ်နှင့် အရှင်မဟာ မောဂ္ဂလ္လာန်မထေရ်တို့ ခေါင်းဆောင်တဲ့ အဂ္ဂသာဝကမထေရ်မြတ်ကြီး တော်တော်များများ နောက်ပါ သံဃာတော်အားလုံး တစ်ထောင်-တို့ မစ္ဆိကာသဏ္ဍမြို့သို့ ကြွရောက်တော်မူလာကြတဲ့အခါ အရှင် သာရိပုတ္တရာ မထေရ်မြတ်အထံမှာ တရားနာရလို့ စိတ္တသဌေး စိတ္တ သူကြွယ်သည် အနာဂါမ်အရိယာအဖြစ်သို့ ရောက်ခဲ့တယ်။ ထိုသို့ အနာဂါမ်အရိယာ ဖြစ်ပြီးတဲ့နောက် လ-လောက်တောင် ကြာ မဟုတ်ပါဘူး။ ရက်လောက်ပဲ ကြာမယ်၊ စိတ္တသဌေး၊ စိတ္တသူကြွယ်ရဲ့ စိတ်ထဲမှာ အကြံပေါ် စဉ်းစားမိလာတယ်။ ဘယ်လိုလဲဆိုတော့-

မယာ သတ္ထာရံ အဒိသွာဝ သောတာပတ္တိဖလံ

ပတ္တံ၊ အဒိသွာ ဝေ အနာဂါမိ ဖလေ ပတိဋ္ဌိတော၊

သတ္ထာရံ မေ ဒဋ္ဌုံ ဝဋ္ဋတိ၊ (ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၃၃၀)

http:\\www.dhammadownload.com



မယာ=ငါသည်။ သတ္ထာရံ=မြတ်စွာဘုရားကို။ အဒိသွာဝ= မဖူးမြော်ရသေးဘဲလျှင်။ သောတာပတ္တိဖလံ=သောတာပတ္တိဖိုလ်သို့= ပတ္တံ=ရောက်အပ်ခဲ့လေပြီ။ (အရှင်နာမ မထေရ်ထံ တရားနာရလို့)။ အဒိသွာ ဧဝ=မြတ်စွာဘုရားကို မဖူးမြော်ရသေးဘဲလျှင်။ အဟံ=ငါ သည်။ အနာဂါမိဖလေ=အနာဂါမိဖိုလ်၌။ ပတိဋ္ဌိတော=တည်ခဲ့လေပြီ၊ (အရှင်သာရိပုတ္တရာ မထေရ်ထံ တရားနာရလို့)။ မေ=ငါသည်။ သတ္ထာရံ=မြတ်စွာဘုရားကို။ ဒဋ္ဌုံ=ဖူးမြော်ခြင်းငှာ၊ (ဝါ) ဖူးမြော်မှု။ ဝဋ္ဋတိ=သင့်တော့မည်။

အရိယဘုံ သုံးဆင့်မြောက် ရောက်တော့တောင်မှ မြတ်စွာ ဘုရားကို မဖူးရသေးဘူး ဆိုတော့ မြတ်စွာဘုရားရဲ့ ရူပကာယကို ပသာဒမျက်စိဖြင့် မဖူးရသေးသော်လဲ ဓမ္မကာယကိုကား ဉာဏ မျက်စိနဲ့တော့ နေ့တိုင်းနေ့တိုင်း မြင်နေပါတယ်။ သို့သော် ပသာဒ မျက်စိဖြင့် ရူပကာယကို ဖူးမြော်ပြီး အလှူဒါန ငါ ကြီးကြီးကျယ်ကျယ် လှူဒါန်းချင်ပါဘိ–လို့ အကြံပေါက်တယ်။

## စိတ္တသေဋ္ဌေး ဘုရားဖူးသွားဖို့ စီမံပုံ

စိတ်အကြံပေါက်တဲ့အတိုင်း အင်မတန် ပြေပြစ်ခမ်းနားအောင် စီမံတတ်တယ်။ သူ့ရဲ့ စီမံပုံမှာ–မစ္ဆိကာသဏ္ဍာမြို့မှာရှိကြတဲ့ (၁) ရဟန်းယောက်ျား+ (၂) ရဟန်းမိန်းမ+ (၃) ဥပါသကာ+ (၄) ဥပါသိကာဆိုတဲ့ ဘုရားရဲ့ ပရိသတ်လေးပါးအားလုံးကို သတ္ထာရံ ဒဋ္ဌု ကာမာ=ဘုရားကို ဖူးမြော်လိုသော သူတို့သည်။ အာဂစ္ဆန္တု=လာကြပါ ကုန်။ (ဘုရားဖူးချင်တဲ့ ပုဂ္ဂိုလ်တွေ ကျွန်ုပ်နဲ့အတူတကွ လိုက်ပါစေချင် ပါတယ်(တဲ့)။ ပိဏ္ဍပါတာဒီဟိ=ဆွမ်းပစ္စည်း စသည်တို့ဖြင့်။ န ကိလမိဿန္တိ=ပင်ပန်းကြလိမ့်မည် မဟုတ်ကုန်။ အားလုံးအတွက်

http:\\www.dhammadownload.com



ကျွေးမှုမွေးမှု ညွှ်ခံမှု ခရီးသွားလာမှု အားလုံးကို ကျွန်ုပ်တာဝန် ယူပါတယ်လို့ ပရိသတ်လေးပါးကို ရှိရှိသေသေ ဖိတ်ခေါ်ပြောဆိုတော့ ရဟန်းယောကျ်ားပေါင်းငါးရာ၊ ရဟန်းမိန်းမပေါင်းငါးရာ၊ ဥပါသကာ ပေါင်းငါးရာ၊ ဥပါသိကာပေါင်းငါးရာ အားလုံး (၂၀၀၀) နှစ်ထောင် (နှင့်) မိမိ(စိတ္တသေဋ္ဌေး)ရဲ့ အခြံအရံ ပရိသတ်က (၁၀၀၀) တစ်ထောင်၊ နှစ်ရပ် လူဦးရေ( ၃၀၀၀) သုံးထောင် နဲ့ လှည်းအစီး ငါးရာပေါ်မှာ နှမ်းတွေ၊ ဆန်တွေ၊ ထောပတ်တွေ၊ ဆီတွေ၊ တင်လဲတွေ၊ သကာတွေ၊ ပျားရည်တွေကို အပြည့်တင်ပြီး မစ္ဆိကာသဏ္ဍ မြို့မှ ဘုရားသိတင်းသုံး တော်မူရာ သာဝတ္ထိပြည်ဘက်သို့ တစ်နေ့ တစ်နေ့လျှင် တစ်ယူဇနာ တစ်ယူဇနာ ခရီးမှန်မှန် ထွက်ခဲ့တယ်။ (သာဝတ္ထိပြည်နှင့် မစ္ဆိကာသဏ္ဍ မြို့မှာ ခရီးယူဇနာသုံးဆယ် ဝေးကွာတယ်)

## နတ်များက ကူညီကြခြင်း

စိတ္တသူကြွယ် ခရီးထွက်တယ်ဆိုရင်ပဲ နတ်များက မနေနိုင် တော့ဘူး။ ရှင်သိဝလိလိုပဲ၊ စိတ္တသူကြွယ် ခရီးထွက်တယ်ဆိုရင်ပဲ "ဩော်...စိတ္တသူကြွယ် ပရိသတ်များစွာနဲ့ ခရီးထွက်လာတယ်။ ငါတို့ လက်ဆောင်ပဏ္ဏာ ပူဇော်သက္ကာရ အမှုပြုကြမှသင့်လျော်မည်" ဆိုပြီး နတ်တွေက တစ်ယူဇနာ တစ်ယူဇနာကနေပြီး ပကတိ ညွှ်ခံတဲ့ ရပ်ရွာက လူတွေလို ပုံပန်းဖန်ဆင်းကြပြီး မဏ္ဍပ်ကနားထိုး၊ နတ်ဒိဗ္ဗ ဖြစ်တဲ့ စားဖွယ်သောက်ဖွယ်တွေကို ဖန်ဆင်းကြပြီး စိတ္တသူကြွယ်နှင့် တကွ အတူပါလာတဲ့ ပရိသတ်(၃၀၀၀) သုံးထောင်တို့ အစား အသောက် မငြိုမငြင် မပင်မပန်းအောင် ဆီးကြိုပြီး ပြုစုကြတယ်။

တစ်ယူဇနာမှာ စခန်းတစ်ထောက် တစ်ထောက်ချပြီး သွားခဲ့တာ ဘယ်နေရာမှာမှ စိတ္တသူကြွယ် ယူလာတဲ့ ရိက္ခာထဲက

http:\\www.dhammadownload.com



ချပြီးတော့ ကျေးရတယ် မရှိသေးဘူး(တဲ့)။ ဤနည်းဖြင့် တစ်နေ့ တစ်ယူဇနာ တစ်နေ့ တစ်ယူဇနာ မှန်မှန်လာလိုက်တာ ရက်ပေါင်း သုံးဆယ်=တစ်လကြာလို့ ဒိန္နေ သာဝတ္ထိပြည်သို့ စိတ္တသူကြွယ်နဲ့တကွ ပရိသတ်သုံးထောင်တို့ ရောက်တော့မည့် မွန်းလွဲနောက်ပိုင်းအချိန်မှာ မြတ်စွာဘုရား ကိုယ်တော်မြတ်က အရှင်အာနန္ဒာ မထေရ်ကို–

အာနန္ဒ အဇ္ဇ ဝဍ္ဍမာနကစ္ဆယာယ စိတ္တော ဂဟပတိ ပဉ္စဟိ ဥပါသက သတေဟိ ပရိဝုတော အာဂန္တွာ မံ ဝန္ဒိဿတိ။ (လို့ အမိန့်ရှိတယ်)။

အာနန္ဒ=ချစ်သားအာနန္ဒာ။ အဇ္ဇ=ယနေ့။ ဝဍ္ဍမာနကစ္ဆာယာယ = အရိပ်ဖဝါး တိုးပွားသောအချိန်၌။ (ဝါ) အရိပ်ဖဝါးတိုးပွားတဲ့ မွန်းလွဲ၏ နောက်ပိုင်း၌။ (အရိပ် တိုးပွားတယ်ဆိုတာ နေမွန်းလွဲပြီး နောက်ကျလျှင် နေက အနောက်ရောက်လေ အရိပ်က တိုးတိုးလာ တယ်။ အကျဉ်းပြောလျှင် "ဝဍ္ဍမာနကစ္ဆာယာယ=မွန်းလွဲပိုင်း၌" ဟု ဆိုလိုသည်)။ စိတ္တော ဂဟပတိ=စိတ္တသူကြွယ်သည်။ ပဉ္စဟိ ဥပါသက သတေဟိ=ဥပါသကာ ငါးရာဟိုဖြင့်။ ပရိဝုတော=ခြံရံအပ်လျက်။ အာဂန္တွာ=လာလတ်၍။ မံ=ငါဘုရားကို။ ဝန္ဒိဿတိ=တခမ်းတနား ရှိခိုးလိမ့်မယ်။ ဤကဲ့သို့ မြတ်စွာဘုရားက မိန့်တော်မူသောအခါ အရှင်အာနန္ဒာက–

ကိံ ပန ဘန္တေ တဿ တုမှာကံ ဝန္ဒနကာလေ ကိဉ္စိ ပါဋိဟာရိယံ ဘဝိဿတိ။

ဘန္တေ=ရှင်ပင်မြတ်ဘုရား။ ကိံ ပန=အသို့နည်း။ (ဘယ့်နှယ် လဲ)။ တဿ=ထိုစိတ္တသေဌေးအား။ တုမှာကံ=အရှင်ဘုရားတို့ကို။ ဝန္ဒနကာလေ=ရှိခိုးတဲ့အခါ၌။ ကိဉ္စိ=တစ်စုံတစ်ခုသော။ ပါဋိဟာရိယံ =အံ့ဖွယ်ဆိုတဲ့ ပြာဋိဟာသည်။ ဘဝိဿတိ=ဖြစ်ပေလိမ့်မည်လား

http:\\www.dhammadownload.com



ဘုရား။

အဲဒီ စိတ္တသေဋ္ဌေး ရှင်တော်ဘုရားတို့ကို လာရောက်ဖူးမြော် ရှိခိုးတဲ့အခါမှာ တစ်စုံတစ်ရာ အံ့ဩဖွယ်=ပြာဋိဟာများ ဖြစ်မည်လား ဘုရား–လို့ မေးလျှောက်တဲ့အခါမှာ မြတ်စွာဘုရားက– ဘဝိဿတိ အာနန္ဒ=ဖြစ်လိမ့်မယ် ချစ်သားအာနန္ဒာ(တဲ့)။ ဒီတော့ အရှင်အာနန္ဒာ က=“ကိံ ဘန္တေ=ဘယ်လို အံ့ဩဖွယ်=ပြာဋိဟာဖြစ်မှာလဲဘုရား”လို့ မေးတဲ့အခါမှာ မြတ်စွာဘုရားက–

တဿ အာဂန္တွာ မံ ဝန္ဒနကာလေ ရာဇမာနေန
အဋ္ဌကရီသမတ္တေ ပဒေသေ ဇဏ္ဏုကမတ္တေန ဩဓိနာ
ပဉ္စဝဏ္ဏာနံ ဒိဗ္ဗပုပ္ဖါနံ ဃနဝဿံ ဝဿိဿတိ။

အာနန္ဒ=ချစ်သားအာနန္ဒာ။ တဿ=ထို စိတ္တသေဋ္ဌေး စိတ္တ သူကြွယ်၏။ အာဂန္တွာ=လာလတ်၍။ မံ=ငါဘုရားကို။ ဝန္ဒနကာလေ= ရှိခိုးသောအခါ၌။ ရာဇမာနေန=မင်းတို့၏ အတိုင်းအတာ ပယ်ပမာဏ အားဖြင့်။ အဋ္ဌကရီသမတ္တေ ပဒေသေ=(၈)ရှစ်မင်းပယ်စားမျှ သော အရပ်၌။ ဇဏ္ဏုက မတ္တေန ဩဓိနာ=ပုဆစ်ဒူးမြုပ်မျှ အတိုင်းအရှည်ရှိ သော အပိုင်းအခြားဖြင့် ပဉ္စဝဏ္ဏာနံ ဒိဗ္ဗပုပ္ဖါနံ=အဆင်းငါးပါးရှိသော နတ်ပန်းတို့၏။ ဃနဝဿံ=တခဲနက်သော မိုးသီးတွေ၊ ဝဿိဿတိ= ရွာပေလိမ့်မည်။

မြတ်စွာဘုရားက အရှင်အာနန္ဒာကို မိန့်ကြားတယ်။ ချစ်သား အာနန္ဒာ၊ အဲဒီစိတ္တသေဋ္ဌေး ငါဘုရားထံမှောက် လာရောက်ရှိခိုးတဲ့ အခါ အဆင်းငါးမျိုးရှိသော နတ်ပန်းများ ရှစ်မင်းပယ်စား (ရှစ်ပယ်) ကျယ်ဝန်းတဲ့အရပ်မှာ ပုဆစ်ဒူးမြုပ်မျှ ရွာချကြလိမ့်မယ်။ ဤသို့ မိန့်ကြားတယ်။

http:\\www.dhammadownload.com



## မင်းပယ်တွက်ပုံ

လက်မ(၂၄) နှစ်ဆယ့်လေး၊ ခေါ်ရေးသံတောင်၊ ထိုနှောင်လက်မ၊ နှစ်ဆယ်ကသော်၊ ရှစ်ခုကျော်မူ၊ ခေါ်ကြမှန်အောင်၊ ဆင်တိုင်းတောင်တည့်။ ထိုနောင်အဆုံး၊ သုံးဆယ့် နှစ်လက်မ၊ ရှိပြန်ကမူ၊ ဌာနလူ့ဘောင်၊ လယ်ဖွဲ့တောင်တည်း။ ခုနစ်တောင်မှ၊ တစ်တာရ၏။ မှန်လှနည်းသွယ်၊ တာနှစ်ဆယ်ကို၊ တစ်ကြိုးဆိုလော့၊ ထိုကြိုးလေးခန်း၊ စတုရန်းမူ၊ တာဝန်းရှစ်ဆယ်၊ လယ်တစ်ပယ်တည်း။ (ပယ်နှင့် စပ်၍ မှတ်ရန် ဆောင်ပုဒ်လင်္ကာ)။ အဓိပ္ပာယ်အကျဉ်း ရှင်းပြလိုပါတယ်-

ယနေ့အခေါ် ဆယ့်ရှစ်လက်မကို (ဂိုက်တောင်) ကိုက်တောင် တစ်တောင်ခေါ်၏။ လက်သမားတောင်ဟူ၍လည်း ခေါ်ဆို၏။ အိမ်+ကျောင်းများ ဆောက်လုပ်ရာ၌ ခေါ်ဆို အသုံးပြုသည်။

လက်မနှစ်ဆယ့်လေး၊ ခေါ်ရေးသံတောင်= နှစ်ဆယ့်လေး လက်မကို သံတောင် တစ်တောင်ဟုခေါ်၏။ ဘုရားပုထိုး တည်သောအခါ သံတောင်မည်မျှ မြင့်သည်ဟု ခေါ်ဆို အသုံးပြုသည်။

ထိုနှောင်လက်မ၊ နှစ်ဆယ်ကသော်၊ ရှစ်ခုကျော်မူ၊ ခေါ်ကြမှန်အောင်၊ ဆင်တိုင်းတောင်တည့်=နှစ်ဆယ့်ရှစ်လက်မကို ဆင်တိုင်းတောင် တစ်တောင်ဟု ခေါ်၏။ ဆင် အရပ်တိုင်းသောအခါ အသုံးပြုခေါ်ဆိုသည့် အတောင်ဖြစ်သည်။

ထိုနောင်အဆုံး၊ သုံးဆယ့်နှစ်လက်မ၊ ရှိပြန်ကမူ၊ ဌာနလူ့ဘောင်၊ လယ်ဖွဲ့တောင်တည်း=သုံးဆယ့်နှစ်လက်မကို လယ်ဖွဲ့တောင် တစ်တောင်ဟု ခေါ်၏။ လယ်ယာကို တိုင်းတာသော

http:\\www.dhammadownload.com



အခါ အသုံးပြု ခေါ်ဆို၏။ ယခုပယ်အတိုင်းအတာ၌ ဤလယ်ဖွဲ့တောင်ကို ဆိုလိုသည်။ ။ ခုနစ်တောင်မှ၊ တစ်တာရ၏၊ ထိုလယ်ဖွဲ့တောင် ခုနစ်တောင်ကို တစ်တာခေါ်၏။ ။ မှန်လှနည်းသွယ်၊ တာနှစ်ဆယ်ကို၊ တစ်ကြိုးဆိုလော့=ထိုလယ်ဖွဲ့တာပေါင်းနှစ်ဆယ် (လယ်ဖွဲ့တောင်ပေါင်း အပြေး ၁၄၀) ကို တစ်ကြိုးဟုခေါ်ဆို၏။ ။ထိုကြိုးလေး ခန်း၊ စတုရန်းမူ၊ တာဝန်းရှစ်ဆယ်၊ လယ်တစ်ပယ်တည့်=အရှေ့ အနောက်တာနှစ်ဆယ်+တောင်၊ မြောက် တာနှစ်ဆယ် လေးထောင့်စပ်စပ် တိုင်းကြည့်လိုက်လျှင် တာပေါင်းအဝန်းရှစ်ဆယ်ရှိတဲ့ မြေကို လယ်မြေ(၁)တစ်ပယ်ဟု ခေါ်သည်။ "အဋ္ဌကရီသမတ္တေ ပဒေသေ= ရှစ်မင်းပယ်စားမျှသော အရပ်၌"ဟု ဆိုခြင်းကြောင့် အရှေ့-အနောက် နှစ်ပယ်=တာပေါ[င်း] လေးဆယ်+တောင်-မြောက် တာပေါင်းလေးဆယ်၊ လေးထော[င့်] စပ်စပ် တိုင်းကြည့်လိုက်လျှင် တာပေါင်းအဝန်း တစ်ရာ့ ခြောက်ဆယ် ရှိတဲ့မြေကို "ရှစ်မင်းပယ်စားလယ်မြေ"ဟု ဆိုလိုသည်ကို သတိပြုရာ၏။

အေး၊ မင်းတို့၏ ပယ်အတိုင်း အရှည်အားဖြင့် ရှစ်ပယ်ကျယ်ဝန်းသော မြေအရပ်၌ ဒူးခေါင်းမြုပ်လောက်အောင် အထုရှိတဲ့ အဆင်းငါးမျိုး နတ်ပန်းမိုးကြီး ရွာချလိမ့်မည်လို့ မြတ်စွာဘုရားက အရှင်အာနန္ဒာအား မိန့်ကြားတော်မူတယ်ဆိုလျှင်ပင် ထိုသတင်း တစ်မုဟုတ်ချင်း သာဝတ္ထိ ပြည်အတွင်းမှာ သတင်းပျံ့နှံ့သွားခဲ့တယ်။

ထိုအခါ သာဝတ္ထိပြည်မှာ ရှိကြတဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေ တစ်ယောက်က တစ်ယောက်ကို အချင်းချင်း-

ဧဝံ မဟာပုညော ကိရ စိတ္တော နာမ ဂဟပတိ အာဂန္တွာ အဇ္ဇ သတ္ထာရံ ဝန္ဒိဿတိ။

http:\\www.dhammadownload.com



ဘဝန္တော=အမောင်တို့၊ အမိတို့။ ဧဝံ မဟာပုညော=သို့စဉ် ကလောက် ဘုန်းကံကြီးမားလှသော။ စိတ္တော နာမဂဟပတိ=စိတ္တ အမည်ရှိသော သေဌေးသည်။ အာဂန္တွာ=လာရောက်၍။ အဇ္ဇ=ယနေ့။ သတ္ထာရံ=မြတ်စွာဘုရားကို။ ဝန္ဒိဿတိကိရ= ရှိခိုးလိမ့်မည်တဲ့။

အမောင်တို့၊ အမိတို့၊ ဟိုမစ္ဆိကာသဏ္ဍမြို့က သို့စဉ် ကလောက် ဘုန်းကံကြီးမားတဲ့ စိတ္တသေဌေးဆိုတာ လာရောက်ပြီး ယနေ့ဘုရားရှင်ကို ရှိခိုးလိမ့်မည်(တဲ့)+ဧဝရူပံ ကိရ ပါဋိဟာရိယံ ဘဝိဿတိ'၊ ဤသို့ သဘောရှိတဲ့ အံ့သြဖွယ်ရာ ပြာဋိဟာများလည်း ဖြစ်လိမ့်မည် (တဲ့)။ မယမ္ပိ တံ မဟာပုညံ ဒဋ္ဌုံ လဘိဿာမ။ သို့စဉ် ဘုန်းကံကြီးတဲ့ စိတ္တသေဌေးကို တို့တစ်တွေ ယနေ့ မြင်ခွင့်ရကြ တော့မည်။

ဤကဲ့သို့ အားလုံးပြောဆို တိုင်ပင်ညှိနှိုင်းကြပြီး သာဝတ္ထိ ပြည်မှာ ရှိကြတဲ့ ဗုဒ္ဓဘာသာ သူတော်စင်အမျိုးသား အမျိုးသမီးတွေ ဟာ မိမိတို့တက်နိုင်သမျှ လက်ဆောင်ပစ္စည်း ကိုယ်စီ တချို့က စားသောက်ဖွယ်ရာ၊ တချို့က ဝတ်ဖွယ်ရာ၊ ထိုထိုဤဤ စွဲပိုက်ချီပြီး ဇေတဝန်ကျောင်း သွားမည့် လမ်းမကြီးမှာ လက်ဝဲ+လက်ယာက တန်းစီပြီး စိတ္တသေဌေး အလာကို စောင့်ကြိုနေကြတယ်။

## စိတ္တသေဌေး ရောက်ပြီ

ညနေသုံးနာရီလောက်အချိန်မှာ ဆိုကြပါစို့၊ စိတ္တသေဌေးဟာ လှည်းအစီးပေါင်းက ငါးရာ၊ ရဟန်းယောက်ျားငါးရာ၊ ဘိက္ခုနီ ရဟန်းမ ငါးရာ၊ ဥပါသကာ ငါးရာ၊ ဥပါသိကာ ငါးရာ၊ သူ့ရဲ့ အခြွေအရံ ပရိသတ်ကတစ်ထောင် အားလုံးပေါင်း ပရိသတ်သုံးထောင်နှင့် အတူတကွ သာဝတ္ထိ ပြည်အတွင်း လမ်းမက တခမ်းနားနား ဝင်လာ

http:\\www.dhammadownload.com



တယ်ဆိုလျှင်ပဲ လမ်းဘေးဝဲယာ=နှစ်ဖက်က လက်ဆောင်ကိုယ်စီ ကိုင်ထားတဲ့လူတွေက စိတ္တသေဋ္ဌေးအား လက်ဆောင်ကိုယ်စီ ဆီးပြီး ပေးကြတယ်။

လက်ဆောင်ပေးပြီးလျှင် မိမိတို့အိမ်သို့ ပြန်မသွားကြဘဲ "ယနေ့တော့ စိတ္တသေဋ္ဌေးကို သေသေချာချာ ကြာကြာကြည့်ချင်တယ်" ဆိုတဲ့ အနေနဲ့ အဲဒီပရိသတ်က ဇေတဝန် ကျောင်းတော်သို့ အလျင် (အယင်) လက်ဦးသွားနှင့်ကြတယ်။ သူတို့ သွားပြီးမှ—

စိတ္တသေဋ္ဌေးက မိမိနှင့်အတူပါ ရဟန်းယောက်ျား သံဃာငါးရာတို့ကို "အရှင်မြတ်တို့က အလျင်လက်ဦး ကြွတော်မူကြပါ"ဟု တောင်းပန်လျှောက်ထားလို့ ရဟန်းငါးရာ ရှေ့မှ တန်းပြီး ကြွတော်မူကြတယ်။ ထို့နောက်မှ ထေရီ ဘိက္ခုနီမငါးရာတို့ကို "အရှင်မတို့ ဆက်ပြီး ကြွတော်မူကြပါ"ဟု တောင်းပန်လျှောက်ထားလို့ ဘိက္ခုနီ=ရဟန်းငါးရာ ဆက်ပြီး တန်းကြွကြတယ်။ ထို့နောက်မှ စိတ္တသေဋ္ဌေး (မိမိ)နှင့်တကွ ဥပါသကာငါးရာတို့တန်းပြီး လိုက်ပါကြတယ်။ ဥပါသိကာ ဒါယိကာမ ငါးရာတို့ကိုတော့ အမ္မာ=အမိတို့၊ တုမှေ=သင်တို့သည်။ ပစ္ဆာတော=နောက်မှ။ အာဂစ္ဆထ=အစဉ်လိုက် လိုက်ခဲ့ကြပါ။ ဤသို့ အစီအစဉ်နဲ့ သူက သွားတာ။

(က) ရှေ့ဆုံးက ရဟန်းငါးရာ+(ခ) ၎င်းနောက် ဘိက္ခုနီမငါးရာ+(ဂ) ၎င်းနောက် စိတ္တသေဋ္ဌေးနှင့်တကွ ဥပါသကာငါးရာ+(ဃ) ၎င်းနောက် ဥပါသိကာ ငါးရာတို့ အစဉ်အတိုင်း မြတ်စွာဘုရား အထံတော်သို့ အဖူးအမြော် ဝင်ရောက်ရှိခိုးကြတယ်။ မြတ်စွာဘုရား သီတင်းသုံးတဲ့နေရာမှာ ပရိသတ်ဟာ လွန်စွာစည်းကမ်းသေဝပ်ကြပါတယ်။ မြတ်စွာဘုရား တရားဟောတဲ့ ဓမ္မသာလာမှာဆိုလျှင် ဘုရားရဲ့ ရှေ့တည့်တည့် အလယ်ကောင်က သုံးတောင်ခန့် ပိုကျယ်

http:\\www.dhammadownload.com



ဗုဒ္ဓဝိထိမှာ အားလျက်ရှိပြီး လက်ဝဲ+လက်ယာကမှ အမျိုးသား+ အမျိုးသမီးတွေ'ယံ ဝါ ဘံ ဝါ' ပေါက်လွှတ် မနေကြဘဲ လှမ်းကြည့် လိုက်ရင် ကြည်ညိုဖွယ်ရာ စည်းကမ်းသေဝပ်စွာ တန်းလျက်ထိုင်နေ ကြတယ်။

စိတ္တသေဋ္ဌေးက မြတ်စွာဘုရားရှိရာ ဓမ္မသာလာကို ဝင်မယ် ဆိုတော့ ဘုရားထံမှောက် ရောက်နေနှင့်ကြသော ပရိသတ်ကို လှမ်း ကြည့်လိုက်တယ်။ အို ... ကြည့်တိုင်း ကြည့်တိုင်း နေရာတွေဟာ တလှုပ်လှုပ်နေတာပဲတဲ့။ ရောက်နေနှင့်တဲ့ ပရိသတ်ကလည်း ပဲ-ဖသော ကိရ စိတ္တော ဂဟပတိ=စိတ္တသေဋ္ဌေးဆိုတာ ထိုသူပဲ(တဲ့)လို့ ဆိုပြီး တအံ့တဩ ဝိုင်းပြီး ကြည့်ကြတယ်။

## နတ်ပန်းမိုး ဖြိုးဖြိုးရွာသွန်းချ

စိတ္တသေဋ္ဌေးကလည်း အလယ်ကောင်က ဗုဒ္ဓဝိထိ=ဘုရား ကြွရာလမ်းကို ဦးတည်ပြီး ဥပါသကာငါးရာ ခြံရံလျက် ရှင်တော် ထံမှောက် ရှိသေစွာ ဝင်ရောက်၍ မြတ်စွာဘုရားရဲ့ ခြေဖမိုးတော် အစုံကို အားရပါးရဆုပ်ကိုင် နဖူးနဲ့တိုက်တိုက်ပြီး ရှိသေမြတ်နိုး ရှိခိုးလေပြီ။ အနာဂါမ်အရိယာကြီး အားပါးတရ ရှိခိုးတဲ့အခိုက်မှာ စောစောက ရှင်တော်ဘုရား မိန့်ကြားတော်မူခဲ့တဲ့အကိုင်း အဆင်း ငါးမျိုး နတ်ပန်းမိုး ဖြိုးဖြိုး ရွာသွန်းချတယ်။ ဇေတဝန်ကျောင်းတိုက်ရဲ့ ပတ်ပတ်လည် ရှစ်မင်းပယ်စား မြေအရပ်မှာ နတ်ပန်းတွေဟာ ပုဆစ်ဒူးမြုပ်မျှ အထုရှိတယ်။

စိတ္တသေဋ္ဌေးသည် မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးပြီးမှ သူ့ပါလာတဲ့ လှည်းတွေ၊ သူ့ပါလာတဲ့ ပရိသတ်တွေ အားလုံးကို နေရာချပြီး ရောက်သည့်နေ့ကစပြီး ဘုရား အမှူးရှိတဲ့ သံဃာအား

http:\\www.dhammadownload.com



တစ်လပတ်လုံး မဟာဒါနကြီး ပြုလေသည်။ နေ့တိုင်းနေ့တိုင်း နတ်တွေ လူတွေက သူ့ထံလာလာပြီး လက်ဆောင်ပဏ္ဏာတွေ ပေးကြ ဆက်ကြလို့ မဇ္ဈိကာသဏ္ဍမြို့မှ လှည်းအစီးငါးရာနှင့် ယူဆောင်လာ ခဲ့တဲ့ ရိက္ခာများကို လက်ဖျားနဲ့မှ မတို့ရဘူး။ နတ်လူတို့ပေးဆက်တဲ့ လက်ဆောင်ပဏ္ဏာတွေနဲ့ပဲ နေ့တိုင်းနေ့တိုင်း ခြိမ့်ခြိမ့်သဲအောင် မဟာ ဒါနကြီး လှူနေရသည်မှာ တစ်လပြည့်ခဲ့ပြီ။ တစ်လပြည့်တော့ စိတ္တ သေဋ္ဌေးက မြတ်စွာဘုရား ရှင်အထံတော်မှောက်သို့ ဝင်ရောက် ပြီးတော့ လျှောက်ထားတယ်။

ဘန္တေ အဟံ တုမှာကံ ဒါနံ ဒဿာမိတိ အာဂစ္ဆန္တော မာသံ အန္တရာမဂ္ဂေ အဟောသိံ

ဘန္တေ=ဘုန်းတော် ကြီးမြတ်သော မြတ်စွာဘုရား။ တုမှာကံ= အရှင်ဘုရားတို့အား။ ဒါနံ ဒဿာမိတိ=အလှူပေးအံ့ဟူ၍ အာဂစ္ဆန္တော= လာခဲ့သော။ အဟံ=တပည့်တော်သည်။ အန္တရာမဂ္ဂေ=လမ်းခရီး အကြား ၌။မာသံ=တစ်လပတ်လုံး။ အဟောသိံ=ဖြစ်ခဲ့ ကြာခဲ့ပါသည် ဘုရား။

တပည့်တော် အရှင်ဘုရားတို့အား အလှူဒါနကြီး လှူမယ်ဆိုပြီး လာခဲ့တာ လမ်းခရီးအကြားမှာ တစ်လကြာခဲ့ပါတယ် ဘုရား။

ဣဓေဝ မေ မာသော ဝီတိဝတ္တော။

ဣမေဝ=ဤဇေတဝန် ကျောင်းတိုက်၌သာလျှင်။ မေ= တပည့်တော်၏အဖို့ရာ။ မာသော=တစ်လသည်။ ဝီတိဝတ္တော=လွန်ခဲ့ ပါပြီ ဘုရား။

ဒီဇေတဝန်ကျောင်းတိုက်ကြီးထဲမှာ တပည့်တော် နေ့စဉ် နေ့စဉ် မဟာဒါနကြီးလှူပြီး လာခဲ့တာဟာဖြင့် တစ်လပြည့်မြောက်ခဲ့ ပါပြီ ဘုရား။

http:\\www.dhammadownload.com



မယာ အာဘတံ ပဏ္ဏာကာရံ ကိဉ္စိ ဂဟေတုံ န လဘိံ။

မယာ=တပည့်တော်သည်။ အာဘတံ=မစ္ဆိကာသဏ္ဍာမြို့မှ ဆောင်ယူအပ်ခဲ့သော။ ကိဉ္စိ ပဏ္ဏာကာရံ-တစုံးတစိသော ရိက္ခာကိုမျှ။ ဂဟေတုံ=လက်ဖြင့်တို့ခြင်းယူခြင်းငှာ။ နလဘိံ=တပည့်တော် မရခဲ့ပါဘုရား။

လမ်းမှာလဲ တစ်လ+ ယခု ဒီမှာလဲ တစ်လ၊ နှစ်လ ရှိပြီ၊ အဲဒီ နှစ်လမှာ တပည့်တော် မစ္ဆိကာသဏ္ဍာမြို့က ရိက္ခာဖို့လို့ ဆိုပြီး ယူခဲ့တဲ့ လှည်းအစီးငါးရာအပြည့် ရိက္ခာတွေဟာ ဒီအတိုင်းပဲဘုရား၊ လက်ဖျားနဲ့ မတို့ရဘူး။

ဒါဖြင့်လျှင် ဘာတွေနဲ့များ သုံးနေရသလဲဆိုတော့-

ဧတ္တကံ ကာလံ ဒေဝမနုဿေဟိ အာဘတ ပဏ္ဏာကာရေနေဝ ဒါနံ အဒါသိံ။

ဧတ္တကံ ကာလံ = ဤမျှ နှစ်လကြာ ကာလပတ်လုံး။ ဒေဝမနုဿေဟိ=နတ်လူတို့သည်။ အာဘတပဏ္ဏာကာရေနေဝ= ပေးပို့ဆောင်ယူအပ်သည့် လက်ဆောင်ဖြင့်သာလျှင်။ ဒါနံ= အလှူဒါန ကို။ အဒါသိံ=ပေးလှူခဲ့ရပါတယ် ဘုရား။

နှစ်လကြာတယ်။ ဒီအချိန်အတွင်းမှာ နတ်တွေ၊ လူတွေက ပို့ကြ ပေးကြတဲ့ လက်ဆောင်နဲ့ပဲ အလှူဒါနကြီး ပေးနေရပါတယ် ဘုရား။

သော အဟံ=ထိုတပည့်တော်သည်။ ဣဓ=ဤဇေတဝန် ကျောင်းတိုက်ထဲ၌။ သံဝစ္ဆရံ=တစ်နှစ်ပတ်လုံး။ သစေ ဝသိဿာမိ= အကယ်၍နေရမည်ဆိုလျှင်။ နေဝ မမ ဒေယျ ဓမ္မံ ဒါတုံ လဘိဿာမိ=။ မမ=တပည့်တော်၏။ ဒေယျဓမ္မံ=လှူဖွယ်ဝတ္ထုကို။ ဒါတုံ=ပေးလှူ ခြင်းငှာ၊ (ဝါ)ပေးလှူရန် အခွင့်ကို။ နေဝ လဘိဿာမိ=ရလိမ့်မည်

http:\\www.dhammadownload.com



မဟုတ်ကောန်ပါဘုရား။

တပည့်တော် ယခု ဇေတဝန်ကျောင်းသို့ ရောက်လာတာ တစ်လရှိသွားပါပြီး နောက်တစ်နှစ် ဆက်ပြီး ဇေတဝန်ကျောင်းမှာ နေလျှင်လဲပဲ တပည့်တော် ယူခဲ့တဲ့ ဒေယျဓမ္မ လှူဖွယ်ဝတ္ထုတွေကို တပည့်တော်လှူရမှာ မဟုတ်ပါဘူး။ တစ်နှစ်ဆက်နေလျှင်လဲ နေ့တိုင်း နေ့တိုင်း နတ်တွေ၊ လူတွေက လက်ဆောင်ပဏ္ဏာတွေ ပေးနေတော့ အဲဒီလက်ဆောင်တွေကိုပဲ လှူနေရမှာဘုရား။

အဟံ=တပည့်တော်သည်။ သကဋ္ဌာနိ=လှည်းဟို့ကို။ သြတာ –ရေတွာ=ချ၍။ (လှည်းတွေမှာပါတဲ့ ရိက္ခာလှူဖွယ်ရာတွေကို အကုန်လုံးသွန်ပြီး) ဂန္တုံ=ပြန်ခြင်းငှာ။ ဣစ္ဆာမိ=အလိုရှိပါတယ်ဘုရား။ မေ=တပည့်တော်အား။ ပဋိသာမနဋ္ဌာနံ=လှည်းအစီး ငါးရာပါ ပစ္စည်းဥစ္စာ လှူဖွယ်ရာများ သိုမှီးသိမ်းဆည်း ထားရမည့်နေရာကို။ အာစိက္ခထ=ပြောကြားစေတော်မူကြပါ ဘုရား။

တပည့်တော်ရဲ့ လှူဖွယ်ရာရိက္ခာများ ထားရမည့်နေရာကို သာ သံဃာတစ်ပါးပါးက အမိန့်ရှိပါစေတော့ဘုရား။

ဤကဲ့သို့ မြတ်စွာဘုရားအား လျှောက်ထားသောအခါ မြတ်စွာဘုရားက အရှင်အာနန္ဒာအား မိန့်ကြားတော်မူသည်မှာ–

> အာနန္ဒ ဥပါသကဿ ဧကံ ပဒေသံ တုစ္ဆံ ကာရေတွာ ဒေဟိ။

အာနန္ဒ=ချစ်သားအာနန္ဒာ။ ဥပါသကဿ=စိတ္တသူကြွယ် ဥပါသကာအား။ ဧကံ ပဒေသံ=တစ်နေရာကို။ တုစ္ဆံ ကာရေတွာ=အား အောင် ပြုစေ၍။ ဒေဟိ=ပေးလိုက်လော။

ဇေတဝန်ကျောင်းတိုက်ထဲမှာ နေရာတစ်ခုခုကို အားအောင် ပြုလုပ်စေပြီး စိတ္တသူကြွယ်အား ပေးလိုက်။ ဤကဲ့သို့ မိန့်တော်မူ

http:\\www.dhammadownload.com



တယ်။ ထိုနေရာကို ကပ္ပိယဘူမိလို့ခေါ်တယ်။ စိတ္တသူကြွယ်ကို အကြောင်းပြုပြီး ကပ္ပိယကို ခွင့်ပြုတော်မူခဲ့တယ်။ ဒါက ဝိနည်းစကားပါ။

စိတ္တသူဌေးသည် မိမိ၏ လှည်းအစီးငါးရာပေါ်မှာ ပါရှိတဲ့ ဆန်တွေ၊ ဆီတွေ၊ နှမ်းတွေ၊ ကြက်သွန်တွေ၊ ပဲတွေ၊ အဝတ်တွေ အားလုံးကို ဇေတဝန်ကျောင်းတိုက်ထဲမှာ အရှင်အာနန္ဒာ အားလပ်အောင် ပြုပေးတဲ့ ကပ္ပိယဘူမိကျောင်းတစ်ခုမှာတင်ပြီး ဘုရားအမှူးရှိတဲ့ သံဃာအား လှူပြီး လှည်းအအား အစီးငါးရာဖြင့် မစ္ဆိကာသဏ္ဍာ မြို့သို့ ပြန်ခဲ့တယ်။

## လူနတ်တို့က လက်ဆောင်ပေးကြ

ဇေတဝန်ကျောင်းတိုက်က လှည်းအစီးငါးရာ ထွက်ပေါ့လို့ ဆိုကတည်းက လမ်းခရီးမှ ဆီးကြိုပြီး လူတွေ၊ နတ်တွေက–

အယျ တယာ တုစ္ဆသကဋ္ဌေဟိ ဂမနကမ္မံ ကတံ။

အယျ=အရှင်စိတ္တသေဌေးမင်း။ တယာ=အရှင်သေဌေးမင်းသည်။ တုစ္ဆသကဋ္ဌေဟိ= အချည်းနှီးသော လှည်းတို့ဖြင့် (ပစ္စည်းမပါဗလာ လှည်းတွေဖြင့်)။ ဂမနကမ္မံ=သွားရမည့် ကံကို။ ကတံ=ပြုအပ်ခဲ့လို့လား။

အရှင်စိတ္တသေဌေးမင်း...အသင်သေဌေးမင်းဟာ ပစ္စည်းမပါဗလာအချည်းနှီး သွားရမည့်ကံကို ပြုခဲ့လို့လား၊ ပြုခဲ့သူ မဟုတ်ပါဘူး ဆိုပြီး လမ်းခရီးမှာ လူတွေက ရွှေတွေ၊ ငွေတွေ၊ ကျောက်သံပတ္တမြားတွေ၊ နတ်တွေကလည်း ထို့အတူ ရတနာခုနစ်ပါး လက်ဆောင်တွေ ပေးလိုက်ကြတာ လှည်းအစီးငါးရာ ရတနာအပြည့်တိုက်ပြီး ပြန်ရတယ်။

http:\\www.dhammadownload.com



အဲဒီအကြောင်းကို အရှင်အာနန္ဒာက 'တစ်ဆင့်စကား တစ်ဆင့်နား'ဆိုသလို သတင်းစကား ကြားသိရတော့ မြတ်စွာဘုရားအား 'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ စိတ္တသေဋ္ဌေးသည် လှည်းအစီးငါးရာပါ ရိက္ခာတွေ အကုန်လုံး ဒိဇေတဝန်ကျောင်းတိုက်မှာ ဘုရားအမှူးရှိသော သံဃာအား လှူပြီး အချည်းနှီး ပစ္စည်းမပါ ဗလာသက်သက်ဖြစ်သော လှည်းအစီး ငါးရာတို့ဖြင့် မိမိ၏နေရာ မစ္ဆိကာသဏ္ဍမြို့သို့ ပြန်တဲ့အခါ လမ်းခရီးအကြားမှာ လူတွေ၊ နတ်တွေက "အရှင်သေဋ္ဌေး မင်း...အရှင်ဟာ ဗလာလှည်းတွေနဲ့ ပြန်ရမယ့် ကံကိုများ ပြုခဲ့လို့လား" ဟု မခံချိမခံသာ ပြောကြားပြီး ရတနာခုနစ်ပါး လက်ဆောင်ပေးကြလို့ လှည်းအစီးငါးရာ ရတနာအပြည့်ဖြင့် မစ္ဆိကာသဏ္ဍမြို့သို့ ပြန်တဲ့အကြောင်း သတင်းကြားရပါတယ် ဘုရား။

ကိံ ပန ဘန္တေ ဧတဿ တုမှာကံ သန္တိကံ
အာဂစ္ဆန္တဿေဝ+ယံ ဝေါရူပေါ သက္ကာရော ဥပ္ပဇ္ဇတိ၊
ဥဒါဟု အညတ္ထ ဂစ္ဆန္တဿပိ ဥပ္ပဇ္ဇတိ။

ဘန္တေ=ရှင်ပင်မြတ်ဘုရား။ ကိံပန=အသို့နည်း။ ဧတဿ=ထို စိတ္တသူကြွယ်၏ အဖို့ရာ။ တုမှာကံ=သန္တိကံ=ရှင်တော်ဘုရားတို့၏ အထံသို့။ အာဂစ္ဆန္တဿဝ=ယခုလို လာတဲ့အခါမှာသာလျှင်။ ဝေရူပေါ =ဤသို့သဘောရှိသော။ အယံ သက္ကာရော=ဤပူဇော်သက္ကာရသည်။ ဥပ္ပဇ္ဇတိ=ဖြစ်သလား။ ဥဒါဟု=သို့မဟုတ်။ အညတ္ထ=တစ်ပါးသော အရပ်၌။ ဂစ္ဆန္တဿာပိ=သွားလျှင်လဲပဲ။ ဥပ္ပဇ္ဇတိ=ဖြစ်သလား ဘုရား...။

ဘယ့်နှယ်လဲဘုရား၊ စိတ္တသေဋ္ဌေးအဖို့ရာ ရှင်တော်ဘုရားတို့ အထံကို ယခုလို ဘုရားဖူးလာတဲ့အခါမှာသာ ယခုလို အံ့ဩလောက်တဲ့

http:\\www.dhammadownload.com



လာဘ်ပူဇော်သက္ကာရတွေ ဖြစ်သလား၊ သို့မဟုတ် အခြားအရပ်တစ်ပါး သွားတော့လဲ ဖြစ်သလားဘုရားလို့ မြတ်စွာဘုရားကို အရှင်အာနန္ဒာက မေးလျှောက်တယ်။

ထိုအခါ မြတ်စွာဘုရားက–

အာနန္ဒ မမ သန္တိကံ အာဂစ္ဆန္တဿာပိ အညတ္တ ဂစ္ဆန္တဿာပိ ဧတဿ ဥပ္ပဇ္ဇတေဝ။

အာနန္ဒ=ချစ်သား အာနန္ဒာ။ ဧတဿ=ထိုစိတ္တသူကြွယ်၏ အဖို့ရာ။ မမ သန္တိကံ=ငါ ဘုရား၏ အထံသို့။ အာဂစ္ဆန္တဿာပိ=ယခုလို လာစဉ်လဲပဲ။ လာဘသက္ကာရော=လာဘ်ပူဇော်သက္ကာရသည်။ ဥပ္ပဇ္ဇတိ=ဖြစ်၏။ အညတ္တ ဂစ္ဆန္တဿာပိ=အရပ်တစ်ပါးသို့ သွားလျှင်လဲပဲ။ ဥပ္ပဇ္ဇတေဝ=ဒီလိုပဲ လာဘ်ပူဇော်သက္ကာရတွေ ဖြစ်တယ်။ (ဘာကြောင့်လဲ ဘုရားလို့ မေးဖွယ်ရှိ၍) ဧသော ဟိ အာနန္ဒ ဥပါသကော သဒ္ဓေါ ပသန္နော သမ္ပန္နသီလော။ အာနန္ဒ=ချစ်သား အာနန္ဒာ။ ဟိ=မှန်၏။ ဧသော ဥပါသကော=ဤ စိတ္တသူကြွယ်ဆိုတဲ့ ဥပါသကာသည်။ သဒ္ဓေါ=ကံ(နှင့်)ကံ၏အကျိုးတို့ကို ယုံကြည်တဲ့ ဩကပ္ပန သဒ္ဓါတရားလည်း ရှိသူဖြစ်၏။ ပသန္နော=တရားသုံးပါးတို့၏ ဂုဏ်ကို ယုံကြည်တဲ့ ပသာဒသဒ္ဓါ တရားလဲ ရှိသူဖြစ်၏။ သမ္ပန္နသီလော= ပြည့်စုံသော သီလလည်း ရှိ၏။ သုံးချက်။

(က) ကံ(နှင့်)ကံ၏အကျိုးကို ယုံကြည်တဲ့=ဩကပ္ပနသဒ္ဓါ+
(ခ) ရတနာသုံးပါး၏ ဂုဏ်ကို သက်ဝင်ယုံကြည်တဲ့ ပသာဒသဒ္ဓါ+
(ဂ) သီလ နှင့်ပြည့်စုံမှု=သီလသမ္ပါ=ဤသုံးချက်ကို ဆိုလိုသည်။

ဝေရူပေါ ပုဂ္ဂလော ယံ ယံ ပဒေသံ ဘဇတိ၊
တတ္ထ တတ္ထ လာဘသက္ကာရော နိဗ္ဗတ္တတိ။

http:\\www.dhammadownload.com



ဝေရူပေါ ပုဂ္ဂလော=ဤသို့ သဘောရှိသော ပုဂ္ဂိုလ်သည်။ **ယံ ယံ** ပဒေသံ=အကြင် အကြင်အရပ်သို့။ ဘဇတိ=ဆိုက်ကပ်သွားရောက်၏။ တတ္ထ တတ္ထ=ထိုထို ရောက်လေရာရာ အရပ်ဒေသ၌။ လာဘသက္ကာရော=လာဘ်ပူဇော်သက္ကာရသည်။ နိဗ္ဗတ္တတိ=ဖြစ်မြဲဓမ္မတာပေ။

ဒီအချက်ကို ဘုန်းကြီးတို့ရဲ့ တရားနာပရိသတ် သူတော်စင်တွေ အနေနဲ့ အထူးနှလုံးသွင်း မှတ်သားရပါမယ်။ မြတ်စွာဘုရားက "ချစ်သား အာနန္ဒာ၊ ယခု စိတ္တသူကြွယ်လို သဒ္ဓါ တရားနှင့် ပြည့်စုံသူ၊ ကိုယ်ကျင့်သီလနှင့် ပြည့်စုံသူဟာ အကြင်အရပ်သို့ သွားရောက်အံ့၊ ထိုထိုရောက်လေရာရာမှာ လာဘ်ပူဇော်သက္ကာရတွေဟာ ဖြစ်မြဲဓမ္မတာပေ–

သဒ္ဓေါ သီလေန သမ္ပန္နော၊
ယသော ဘောဂသမပ္ပိတော။
ယံ ယံ ပဒေသံ ဘဇတိ၊
တတ္ထ တတ္ထေဝ ပူဇိတော။ (ဓမ္မပဒဂါထာ၊ ၃၀၃)

အာနန္ဒ=ချစ်သားအာနန္ဒာ။ သဒ္ဓေါ=သဒ္ဓါတရားနှင့် ပြည့်စုံသော။ သီလေန=ငါး၊ ရှစ်၊ ဆယ်ပါးသီလများနှင့်။ သမ္ပန္နော=ပြည့်စုံသော။ ယသော=ကျော်ဇောသတင်းကောင်းခြင်းနှင့် ပြည့်စုံသော။ ဘောဂသမပ္ပိတော=စီးပွားဥစ္စာနှင့်ပြည့်စုံသော စိတ္တသူကြွယ်ကဲ့သို့သော ပုဂ္ဂိုလ်သည်။ ယံ ယံ ပဒေသံ=အကြင် အကြင်သို့သော အရပ်သို့။ ဘဇတိ=ဆိုက်ကပ်၏။ တတ္ထတတ္ထေဝ=ထိုထို ဆိုက်ကပ်ရာရာ အရပ်၌သာလျှင်။ သော= ထိုသဒ္ဓါကဲ့လို့ သီလနှင့် ပြည့်စုံသူကို။ ပူဇိတော=လူနတ်တို့က လေးမြတ်ကော်ရော် ပူဇော်အပ်ပေ၏။

ဓမ္မပဒပါဠိတော် ပကိဏ္ဏကဝဂ်မှာ မြတ်စွာဘုရား ဟောထား

http:\\www.dhammadownload.com



ပါတယ်။ ဒါ့ကြောင့် စိတ္တသူကြွယ်သာ မဟုတ်ဘူး။ မိမိက သဒ္ဓါတရား စစ်စစ် ထက်ထက်မြက်မြက် ရှိပါစေ၊ သီလ တကယ်စင်ကြယ်ပါစေ။ ရောက်လေရာရာမှာ လူနတ်တို့က ပူဇော်အပ်ပေတယ်လို့ ဟောထားတယ်။ ရှင်အာနန္ဒာ မေးလျှောက်တဲ့ ပြဿနာ ပြေလည်ပြီနော်။

## စိတ္တသူကြွယ်၏ အတိတ်ဝတ္ထု

စေ ံ ဝတ္ထေ အာနန္ဒတ္ထေရော စိတ္တဿ ပုဗ္ဗကမ္မံ ပုစ္ဆိ။

ဤသို့ ပစ္စုပ္ပန်အကြောင်း ဟောအပ်ပြီးသော အရှင်အာနန္ဒာ မထေရ်က စိတ္တသေဋ္ဌေး၏ ရှေးအတိတ်ကံကို 'မြတ်စွာဘုရား၊ ယခု ပစ္စုပ္ပန်မှာ သူရတာက အကျိုးဖြစ်ပါတယ်။ အဲဒီ အကျိုးရကြောင်း ရှေးကောင်းမှု ကုသိုလ်ကံက အဘယ်ပါနည်းဘုရား' လို့ မေးလျှောက်တဲ့အခါ မြတ်စွာဘုရားက စိတ္တသေဋ္ဌေးရဲ့ ရှေးကောင်းမှု ကုသိုလ်ကံ အကြောင်းတရားကို အကျယ်တဝင့် ဟောကြားတော်မူတယ်။ ဟောပုံမှာ –

ချစ်သားအာနန္ဒာ...စိတ္တသေဋ္ဌေးအလောင်း သူတော်ကောင်းသည် လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်က ပဒုမုတ္တရာ မြတ်စွာဘုရားရဲ့ အထံတော်မှာ မဟာဒါနကြီးပြုပြီး ယခု ဘဝမျိုးကို သူ ဆုတောင်းခဲ့တယ်။ ပဒုမုတ္တရ မြတ်စွာဘုရားကလဲပဲ ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့လို့ သူဟာ ဗျာဒိတ်ရတဲ့ ပုဂ္ဂိုလ်တစ်ယောက်နော်။

အဲဒီလို ဗျာဒိတ်ခံပြီး လူ့ရပ်နတ်ဌာန် သုဂတိသံသရာ လည်ခဲ့ပြီး ဤဘဒ္ဒကမ္ဘာမှာ ကဿပမြတ်စွာ သာသနာခေတ်ရောက်တဲ့အခါ ပုထုဇဉ်တို့၏ ဘဝဟူသည်မှာ ဝိနိပါတ ဘေးမကင်းကြသေးသဖြင့် ကံပစ်ချရာ ဘဝသို့ ရောက်ကြရမြဲ ဓမ္မတာဖြစ်သည် အားလျော်စွာ ဒီလို သူတော်ကောင်းပုဂ္ဂိုလ်ပင် ဖြစ်စေကာမူ ကံပစ်ချရာအမျိုးမှာ

http:\\www.dhammadownload.com



သွားဖြစ်တတ်တဲ့အတိုင်း စိတ္တသူကြွယ်အလောင်း သူတော်ကောင်းသည် မုဆိုးအမျိုးမှာ သွားဖြစ်တယ်။

သူအရွယ်ရောက်လို့ မုဆိုးအမှုပြုလုပ်ရာက တစ်နေ့သ၌ မိုးရွာနေတုန်း လေး၊ မြား၊ ဓား၊ လှံတို့ကို စွဲကိုင်ယူဆောင်၍ သားကောင်အရှာ ထွက်ခဲ့တယ်။ အဲဒီအချိန် မပြုမပြင်အပ်တဲ့ ချပ်ကြားတစ်ခုထဲမှာ မထေရ်မြတ်ကြီးတစ်ပါး မိုးရွာကြီးထဲမှာ ခေါင်းမြီးခြုံပြီး ထိုင်နေတယ်။ စိတ္တသေဋ္ဌေးအလောင်း မုဆိုးက အဲဒီမထေရ်မြတ်ကို မြင်လျှင်ပင်–

ဧကော အယျော သမဏဓမ္မံ ကရောန္တော နိသိန္နော ဘဝိဿတိ၊ ဘတ္တံ+မဿ အာဟရိဿာမိ။

ဧကော အယျော=အရှင်မြတ်တစ်ပါးသည်။ သမဏ ဓမ္မံ=ရဟန်းတရားကို။ ကရော န္တော=ပြုလုပ်အားထုတ်လျက်။ နိသိန္နော ဘဝိဿတိ=ထိုင်နေတာ ဖြစ်လိမ့်မယ်။ အဿ=ထိုအရှင်မြတ်အတွက်။ ဘတ္တံ=ဆွမ်းကို။ အဟံ=ငါသည်။ အာဟရိဿာမိ=အိမ်ပြန်ပြီး ယူဆောင်ဦးမှပဲ။

ဩ...အရှင်မြတ်တစ်ပါး ရဟန်းတရား အားထုတ်လိုတဲ့အတွက် ယခုလို ထိုင်နေတာ ဖြစ်လိမ့်မယ်။ အတော်ပဲ ဒီအရှင်မြတ်အတွက် ငါ အိမ်ပြန်ပြီး ဆွမ်းယူဦးမှပဲ ဆိုပြီး အိမ်ပြန်လာတယ်။

အိမ်ပြန်ရောက်တဲ့အခါ အိမ်က လူတွေကို သူစိမံပုံက 'ဟောဟိုဘက်ခံလောက် (ဖိုခနောက်) တစ်ခုက ဆွမ်းချက်ကြစမ်း၊ ဟိုဘက် ဖိုခနောက်တစ်ခုမှာ ယမန်နေ့က ငါ တောထဲက ယူဆောင်ခဲ့တဲ့ အသားဟင်းကို မြန်မြန်ချက်ကြစမ်း'၊ ဆွမ်းပြီးမှ ဟင်းချက်နေလျှင် ကြာမည်စိုး၍ ဆွမ်းအိုးကိုရော၊ ဟင်းအိုးကိုပါ ပြိုင်ပြီးတော့ အချက်ခိုင်းတယ်။

http:\\www.dhammadownload.com



အဲဒီလို အချက်ခိုင်းနေတုန်း သူ့အိမ်ရှေ့မှာ ဆွမ်းခံကိုယ်တော် လေးငါးပါး ကြွလာတာကို မြင်တော့ 'ဟာ...ဆွမ်းခံကိုယ်တော်တွေ ကြွလာပါတကား'လို့ ဆိုပြီး မိမိရဲ့ အိမ်ထဲသို့ ပင့်၍ နေရာပေးပြီး ဆွမ်းနှင့် အသားဟင်း ကျက်တယ်ဆိုလျှင်ပင် တောထဲက ယောဂါဝစရ ရဟန်းတော်ကြီးအတွက် ဆွမ်းနှင့် အသားဟင်းတို့ကို အုတ်ထဲထည့်ယူပြီး အိမ်က လူများကို အယျေ ပရိဝိသထ။ အယျေ= အရှင်မြတ်တို့ကို။ ပရိဝိသထ=ပြုစုလုပ်ကျွေးရစ်ကြပါ။ ဤကဲ့သို့ မှာတမ်းပြီး မိမိကိုယ်တိုင်ကမူ တောကြီးမြက်မဲ မိုးရွာထဲမှာ သင်္ကန်း ခေါင်းမြီးခြုံ၍ ရဟန်းတရား အားထုတ်နေတဲ့ ယောဂါဝစရ အရှင်မြတ် ကြီးထံ မိုးရွာကြီးထဲမှာ သူကိုယ်တိုင် သွားတယ်။

## တောပန်းများ ခူးယူခဲ့ခြင်း

မိုးရွာကြီးထဲမှာ သူသွားရင်းက လမ်းခရီးအကြား တွေ့သမျှ တောပန်းတွေကိုပါ ခူး၍ ဆွမ်းရောပန်းပါ သယ်ဆောင်သွားလို့ ယောဂါဝစရ အရှင်မြတ်ကြီးထံ ရောက်လျှင် စိတ္တသူကြွယ်အလောင်း မှဆိုးသူတော်ကောင်းက–

မယှံ ဘန္တေ သင်္ဂဟံ ကရောထ။

ဘန္တေ=အရှင်ဘုရား။ မယှံ=တပည့်တော်အား။ သင်္ဂဟံ ကရောထ= ချီးမြှောက်မှု ပြုတော်မူကြပါဘုရား။

တပည့်တော် ငမိုက်သား ကံပစ်ချလို့ မုဆိုးဘ၀ရောက်ရတဲ့ အခါ အရှင်ဘုရားသည် တပည့်တော်ကို ချီးမြှောက်တော်မူပါဘုရားလို့ လျှောက်ပြီး သူယူလာတဲ့ဆွမ်းရယ်၊ သားဟင်းရယ် (တစ်နည်းအား ဖြင့်–ဒံပေါက်ဆွမ်း)ကို ယောဂါဝစရ မထေရ်မြတ်ကြီးရဲ့ သပိတ်ထဲ

http:\\www.dhammadownload.com



ထည့်ပြီး ဆက်ကပ်တယ်။ ပြီးမှ သူတောထဲက ခူးလာခဲ့တဲ့ ပန်းတွေနဲ့ မထေရ်မြတ်ကြီးအား ပူဇော်တယ်။ ပူဇော်ပြီးမှ သူ ဘာဆုတောင်း သလဲဆိုတော့–

ယထာ မေ အယံ ရသပိဏ္ဍပါတော ပုပ္ဖပူဇာယ သဒ္ဓိံ စိတ္တံ တောသေတိ၊ ဧဝံ နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ ပဏ္ဏာကာရသဟဿာနိ အာဒါယ အာဂန္တွာ မယှံ စိတ္တံ တောသေန္တု၊ ပဉ္စဝဏ္ဏကုသုမ ဝဿဥ ဝဿတု။

ဘန္တေ=အရှင်ဘုရား။ အယံ ရသပိဏ္ဍပါတော=ဤအရသာ ရှိတဲ့ ဒံပေါက်ဆွမ်းသည်။ ပုပ္ဖပူဇာယ=ပန်းပူဇော်မှုနှင့်။ သဒ္ဓိံ=တကွ။ မေ=တပည့်တော်၏။ စိတ္တံ=စိတ်ကို။ တောသေတိ ယထာ=နှစ်သိမ့် စေသကဲ့သို့။ ဧဝံ=ဤအတူ။ နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ=ဖြစ်လေရာရာ သံသရာဘဝ ဘုံဌာနဌ်။ ပဏ္ဏာကာရ သဟဿာနိ=လက်ဆောင် ပေါင်း အထောင်တို့ကို။ အာဒါယ=ယူဆောင်၍။ အာဂန္တွာ=လူနတ်တို့ လာရောက်ကြပြီးလျှင်။ မယှံ စိတ္တံ=တပည့်တော်၏စိတ်ကို။ တောသေန္တု=နှစ်သိမ့်ကြပါစေ ဘုရား (ဒါက ဆုတောင်းတစ်ပါး)။ ပဉ္စဝဏ္ဏကုသုမ ဝဿဥ=အဆင်းငါးမျိုး နတ်ပန်းမိုးလဲပဲ။ ဝဿတု= ရွာပါစေ ဘုရား (ဒါက ဆုတောင်း တစ်ပါး)။

ထိုမှဆိုး လက်အုပ်ချီမိုး ရှိခိုးပြီး 'အရှင်ဘုရား ... ယခု တပည့်တော် လှူဒါန်းရတဲ့ သားပွဲမ်း(ဒံပေါက်)ဆွမ်း (နှင့်) တပည့် တော် ပူဇော်ရတဲ့ ပန်းအလှူဒါန ကုသိုလ်ကောင်းမှုဟာ တပည့်တော် ရဲ့ စိတ်ကို နှစ်သိမ့်စေသကဲ့သို့ ထို့အတူ ဖြစ်လေရာရာ သံသရာဘဝ ဘုံဌာနဌ် လူတွေ+နတ်တွေက လက်ဆောင်ပေါင်းအထောင် ဆောင် ယူလာကြပြီး တပည့်တော်ရဲ့ စိတ်ကို နှစ်သိမ့်စေကြပါစေ။ အဆင်း

http:\\www.dhammadownload.com



ငါးမျိုး နတ်ပန်းမိုး ဖြိုးဖြိုး ရွာသွန်းပါစေ ဘုရား' လို့ ဆုတောင်းခဲ့တယ်။

## စိတ္တနတ်သားဘဝ(နှင့်) စိတ္တသူကြွယ်ဘဝ

ဤကဲ့သို့ ဆုတောင်းပြီး ထိုမုဆိုးသည် ထိုအချိန်ကစ၍ မုဆိုးအလုပ်=ပါဏာတိပါတ အမှုကို မပြုတော့ဘဲ ဒါန၊ သီလ ကောင်းမှုကုသိုလ်တို့ကိုသာ အသက်ထက်ဆုံးပြု၍ ထိုဘဝက စုတေသော် တာဝတိံသာနတ်ပြည်သို့ ရောက်တယ်။ နတ်ပြည်၌ ဖြစ်တယ်ဆိုလျှင်ပဲ သူ့ဆုတောင်းအတိုင်း အဆင်းငါးမျိုး နတ်ပန်းမိုးဟာ ပုဆစ်ဒူးနစ်လုမတတ် ဖြိုးဖြိုးဖြန်းဖြန်း အုံးအုံး ရွာသွန်းချတယ်။ အလွန်ဆန်းကြယ်တဲ့ ပန်းမိုးတွေ ရွာသွန်းချလို့ သူ့ကို နတ်ပြည်တုန်းကလည်း 'စိတ္တနတ်သား' လို့ ခေါ်ကြတယ်။

အဲဒီ နတ်ဘဝက စုတေပြီး လူ့ပြည်မှာ မစ္ဆိကာသဏ္ဍမြို့၌ သေဋ္ဌေးသား လာဖြစ်လို့ သူ့ကို ဖွားမြင်တဲ့ နေရာမှာလည်းပဲ အဆင်းငါးမျိုး နတ်ပန်းမိုးတို့ ပုဆစ်ဒူးမြုပ်မျှ ဖြိုးဖြိုးဖြန်းဖြန်း အုံးအုံး ရွာသွန်းချလို့၊ သူ့ကို ယခု လူ့ပြည်မှာလည်းပဲ 'စိတ္တသူကြွယ်= စိတ္တသေဋ္ဌေး' လို့ပဲ ခေါ်ကြတယ်။

ဆိုခဲ့ပြီးသော စိတ္တသေဋ္ဌေးရဲ့ ဘဝနောက်ဆုံး အကြောင်းအရာ အားလုံးကို နိဂုံးအုပ်သောအနေဖြင့် အရှင်အာနန္ဒာအား မြတ်စွာဘုရားက ဤကဲ့သို့ ဟောတော်မူတယ်–

> ဣဒါနိပိဿ ဇာတဒိဝသေ စေဝ ဣမေ စ အာဂတဿ
> ပုပ္ဖဝဿဝဿနဋ္ဌ ပဉ္စင်္ဂကာရာဘိဟာရော စ
> သတ္တဟိ ရတနေဟိ သကဋ္ဌပူရဏဋ္ဌ တဿေဝ
> ကမ္မဿ နိဿန္ဒော။ (ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၃၃၂)

http:\\www.dhammadownload.com



အာနန္ဒ=ချစ်သားအာနန္ဒာ။ ဣဓဒါနိပိ=ယခုနောက်ဆုံး ပစ္ဆိမဘဝ၌လည်း။ အဿ=ထိုစိတ္တသူကြွယ်၏။ ဇာတဒိဝသေစေဝ= ဖွားမြင်တဲ့ နေ့တုန်းကလည်းကောင်း။ ဣဓ=ဤဇေတဝန်ကျောင်း တိုက် အာရာမ်သို့။ အာဂတဿ=လာရောက်သော စိတ္တသူကြွယ်၏ အဖို့ရာ။ ပဉ္စကာကာရာဘိဟာရော စ=လက်ဆောင်ပဉ္စာ အထောင် တို့ကို လှူနတ်တို့ ပို့ဆောင်ခြင်းသည် လည်းကောင်း၊ သတ္တဟိ ရတနေဟိ=ရတနာခုနစ်ပါးတို့ဖြင့်။ သကဋ္ဌပူရဏာဥ=လှည်းအစီး ငါးရာ ပြည့်ရခြင်းသည်လည်းကောင်း။ တဿေဝ ကမ္မဿ=ထို ကဿပမြတ်စွာ သာသနာခေတ်တုန်းက ယောဂါဝစရ ရဟန်းတော် အရှင်မြတ်အား သားပြွမ်း (ဒံပေါက်) ဆွမ်းလှူဒါန်းခဲ့ရသော ကောင်းမှု +အထူးထူးသော တောပန်းတို့ဖြင့် ပူဇော်ခဲ့ရတဲ့ ကောင်းမှု၏။ နိဿန္ဒော=အကျိုးဆက်ပါပေတည်း။ (အကျိုးရင်းကား အနာဂါမ် အရိယာ ဖြစ်ရခြင်းပေတည်း။)

စိတ္တသူကြွယ်ရဲ့အဖို့ရာ မိးရှူးသန့်စင် ဖွားမြင်တဲ့နေ့တုန်းက အဆင်းငါးမျိုး နတ်ပန်းမိုး ပုဆစ်ဒူးမြုပ်မတတ် ရွာသွန်းတာရယ်၊ ဤ ဇေတဝန်ကျောင်းတိုက်သို့ လာသောအခါ+ကျောင်းတိုက်မှ ပြန်သောအခါများ၌ လက်ဆောင်ပေါင်းအထောင် လှူနတ်တို့ ပို့ဆောင်တာရယ်၊ လှည်းအစီးငါးရာ ရတနာခုနစ်ပါးတို့ဖြင့် ပြည့် ရခြင်းရယ်=ဤကောင်းကျိုးတွေဟာ ကဿပမြတ်စွာ သာသနာခေတ်တုန်းက ယောဂါဝစရ ရဟန်းအား ဒံပေါက်ဆွမ်း(နှင့်) တောပန်းမျိုးစုံ လှူဒါန်း ပူဇော်ခဲ့တဲ့ ကောင်းမှုရဲ့ အကျိုးဆက်ဖြစ်တယ် လို့ မြတ်စွာဘုရားက ရှင်အာနန္ဒာအား စိတ္တသေဋ္ဌေး စိတ္တသူကြွယ်ရဲ့ ရှေးကုသိုလ်ကံကို စိကာစဥ်ကာ ယခုဆိုခဲ့သည့်အတိုင်း ဟောတော်မူ ကြောင်း အဋ္ဌကထာ၌ ဖွင့်ပြခဲ့ပါတယ်။ ဤတွင် စိတ္တသူကြွယ်ရဲ့ဝတ္ထု၊

http:\\www.dhammadownload.com



ပြီးဆုံးပါပြီ။ သူတော်ကောင်းတို့... ဘုန်းကြီး အခိက ဟောလိုတဲ့ "စိတ္တသံယုတ်" သုတ္တန်သို့ မရောက်သေးဘူး၊ အရောက်သွားလျှင်လဲ ပရိသတ် ပင်ပန်းနွမ်းနယ်နိုင်တဲ့အတွက် ဒီတရားပွဲမှာ စိတ္တသူကြွယ်ရဲ့ ရှေး ကုသိုလ်ကံအကြောင်းနှင့်စပ်သော ဝတ္ထုပြီးရုံပဲ တရားပွဲ နားကြဦးစို့ ။

## (၁) စိတ္တသံယုတ် သံယောဇနသုတ်တရားတော်

စိတ္တသေဋ္ဌေးရဲ့အကြောင်းကို ဟောတဲ့နေရာမှာ စိတ္တ သံယုတ်ဆိုတာ သုတ္တန် ပေါင်း ၁၀-သုတ် ရှိပါတယ်။ ဘုန်းကြီးများ ဘက်က ဒကာ+ဒကာမတွေအား အသိဉာဏ်ပေးဖို့ ဝတ္ထုရားက ပေးချင်သလောက်ပေးလျှင် ဖြစ်တယ်ပေါ့။ သို့သော် ဒီ စိတ္တသံယုတ် တို့လို ပါဠိတော်ကြီးတွေဟာ ဒကာ+ဒကာမများ နာရခဲပါတယ်။ စိတ္တ သေဋ္ဌေးအကြောင်း ဟောပြောတဲ့နေရာမှာ စိတ္တသေဋ္ဌေးနဲ့ ပတ်သက် တဲ့ သုတ္တန်တရားတော်များများ နာရလျှင် ဒကာကြီးတွေ ပိုပြီးတော့ စိတ္တသေဋ္ဌေးကို အားကျနိုင်ပါတယ်။ မြတ်စွာဘုရားရဲ့ သာသနာ တော်မှာ-

(၁) ရဟန်းယောကျ်ားဘက်က ချိန်ခွင်ကြီး=အရှင် သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလ္လာန်၊ (၂) ရဟန်းမ ဘက်က ချိန်ခွင်ကြီး=ခေမာထေရီနှင့် ဥပ္ပလဝဏ်ထေရီ၊ (၃) ဥပါသကာ= ဒါယကာဘက်က ချိန်ခွင်ကြီး=စိတ္တသေဋ္ဌေးနှင့် ဟတ္ထကာဠဝကသီတင်းသည်၊ (၄) ဥပါသိကာ=ဒါယိကာမ ဘက်က ချိန်ခွင်ကြီး=ခုဇ္ဇုတ္တရာနှင့် နန္ဒမာတာ - လို့...။

မြတ်စွာဘုရားရဲ့ တပည့်သာဝက ပရိသတ်လေးပါးထဲမှာ

http:\\www.dhammadownload.com



ချိန်ခွင်ကြီး အစုံအစုံ တစ်လက်စီ ပါရှိခဲ့ပါတယ်။ အဲဒီအထဲမှာ ဥပါသကာ=ဒါယကာ သာသနာ့ချိန်ခွင်ကြီး တစ်လက်ရဲ့ ချိန်တစ်ဖက် (ပညာချိန်ခွင်)ဖြစ်တဲ့ စိတ္တသေဋ္ဌေးရဲ့အကြောင်းကို ကောင်းကောင်း ကြီး ဒကာကြီးတွေဘက်က အားကျရအောင် ဆိုပြီး "စိတ္တသံယုတ် သုတ္တန်"တွေကို အစဉ်အတိုင်း ဟောဖို့ ဘုန်းကြီး စဉ်းစားထား ပါတယ်။

(၁) ပဌမသုတ်က သံယောဇနသုတ် (တဲ့)၊ အရှင်မဟာ ကဿပ အရှင်အာနန္ဒာတို့က နိဒါန်းတရားဦးစ ပေးပုံက–

ဧကံ သမယံ သမ္ဗဟုလာ ထေရာ ဘိက္ခူ
မစ္ဆိကာသဏ္ဍေ ဝိဟရန္တိ အမ္ဗာဋကဝနေ။ (သံ၊ ၃၊ ၄၇၄)

တစ်ချိန်က များစွာသော မထေရ်မြတ်တွေ စိတ္တသေဋ္ဌေးတို့ နေရာ၊ မစ္ဆိကာသဏ္ဍာမြို့၌ စိတ္တသေဋ္ဌေး ဆောက်လုပ်လှူဒါန်းထားတဲ့ "ဝွေးချိုပင် တောကျောင်းတိုက်ကြီး" မှာ နေထိုင်သီတင်းသုံးတော်မူ ကြတယ်။

တေန ခေါ ပန သမယေန သမ္ဗဟုလာနံ ထေရာနံ ဘိက္ခူနံ ပစ္ဆာဘတ္တံ ပိဏ္ဍပါတပဋိက္ကန္တာနံ မဏ္ဍလမာဠေ သန္နိသိန္နာနံ သန္နိပတိတာနံ အယ + မန္တရာကထာ ဥဒပါဒိ။

တေန ခေါ ပန သမယေန=ထိုသို့ များစွာသော မထေရ် ရဟန်းတို့ မစ္ဆိကာသဏ္ဍာမြို့ ဝွေးချိုပင်တော ကျောင်းတိုက်ကြီး အတွင်း သီတင်းသုံး နေထိုင်ရာအခါ၌။ ပစ္ဆာဘတ္တံ=နေလွဲအခါ၌။ ပိဏ္ဍပါတပဋိက္ကန္တာနံ=ဆွမ်းခံရွာမှ ဖဲတော်မူခဲ့ကြကုန်သော။ မဏ္ဍလမာဠေ=ညီမူရာ တန်ဆောင်းဝန်း၌။ သန္နိသိန္နာနံ=တညီ

http:\\www.dhammadownload.com



တည္တတ် ထိုင်မိကုန်ကြသော။ သန္ဒိပတိတာ နံ=တညီတည္တတ် စည်းဝေးမိကုန်သော။ သမ္ဗဟုလာနံ ထေရာနံ ဘိက္ခူနံ=များစွာသော မထေရ်ကြီးရဟန်းတော်တို့၏ အဖို့ရာ။ အယံ အန္တရာကထာ= ကမ္မဋ္ဌာန်းနှလုံး ကျင့်သုံးရင်းအကြား ဤတရား ဆွေးနွေးသည့် စကားသည်။ ဥဒပါဒိ=ထင်ရှားဖြစ်ခဲ့ပြီ။

များစွာသော မထေရ်မြတ်တွေ ညီမူရာ တန်ဆောင်းဝန်းမှာ တညီတည္တတ် စည်းဝေးကြတဲ့အခါ ကမ္မဋ္ဌာန်းနှလုံး ကျင့်သုံးတာရဲ့ ကြားကာလတစ်ခု ဆွေးနွေးမှု ဖြစ်ပေါ်လာတယ်။

ဒီနေရာမှာ အဋ္ဌကထာက ဖော်ပြသည်မှာ - ရှေးမထေရ် များသည်(တဲ့) စုဝေးမိရင် မင်္ဂဖိုလ်အား ကျေးဇူးမပြုတဲ့ မင်္ဂဖိုလ်နဲ့ ဖီလာကန့်လန့်ဖြစ်တဲ့ မင်းစကား+စိုးစကား+အမတ်စကား+ မြို့စကား+ ရွာစကား မဂ်ဖိုလ်အား ကျေးဇူးမပြုတဲ့ (ဘုန်းကြီးတို့ စာပေနယ်မှာ တိရစ္ဆာနကထာ - လို့ခေါ်တယ်။) အဲဒီ စကားတွေကို မပြောဘူး၊ မပြောဘဲ တရားကိုပဲ ဆွေးနွေးကြတယ်။ အဲဒီလို ဆွေးနွေးကြတဲ့အတိုင်း ကမ္မဋ္ဌာန်းနှလုံး ကျင့်သုံးတဲ့ ကြားထဲက တရားဆွေးနွေးတဲ့ ပြဿနာတစ်ခု ဖြစ်လာတယ်။ ဘယ်လိုဖြစ်လာ သလဲဆိုတော့-

သံယောဇနန္တိ ဝါ အာဝုသော သံယောဇနိယာ
ဓမ္မာတိ ဝါ ဣမေ ဓမ္မာ နာနတ္ထာ နာနာဗျဉ္ဇနာ၊ ဥဒါဟု
ဧကတ္ထာ ဗျဉ္ဇန မေဝ နာနံ။

အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့...။ သံယောဇနန္တိ ဝါ=သံယောဇဉ်ဆိုတဲ့ တရားလည်းကောင်း။ သံယောဇနိယာဓမ္မာတိ ဝါ=နှောင်ဖွဲ့အပ်တဲ့ သံယောဇနိယဆိုတဲ့ တရားတို့လည်းကောင်း။

http:\\www.dhammadownload.com



က္ကမေ ဓမ္မာ=ဤသံယောဇနမည်တဲ့ တရား၊ သံယောဇနိယ မည်တဲ့ တရားတို့သည်။ နာနတ္ထာ=ထူးသောအနက်သဘော ရှိကုန်သလော။ နာနာဗျဉ္ဇနာ=ထူးသော သဒ္ဒါရှိကုန်သလော။ ဥဒါဟု=ထိုသို့မဟုတ်။ ဧကတ္ထာ=တူသော အနက်ရှိကုန်လျက်။ ဗျဉ္ဇနမေဝ နာနံ=သဒ္ဒါ လောက်သာ ထူးသလော...။

မထေရ်မြတ်ကြီးတွေ သံယောဇနဆိုတဲ့ ဒီပါဠိစကား(နှင့်) သံယောဇနိယဆိုတဲ့ ဒီပါဠိစကား=ဒိနှစ်ခုဟာ(တဲ့) သဒ္ဒါတူအနက်တူ လို့ပဲ မှတ်ရမည်လား၊ သို့မဟုတ် သဒ္ဒါလဲကွဲပြား အနက်လဲကွဲပြား တယ်လို့ မှတ်ရမည်လား။ (အဲဒီလို ပြဿနာ ပေါ်တယ်)။

> တတြ ဧကစ္စေဟိ ထေရေဟိ ဘိက္ခူဟိ ဧဝံ ဗျာကတံ "သံယောဇနန္တိ ဝါ အာဝုသော သံယောဇနိယာ ဓမ္မာတိ ဝါ က္ကမေ ဓမ္မာ နာနတ္ထာစေဝ နာနာဗျဉ္ဇနာစာ" တိ။ ဧကစ္စေဟိ ထေရေဟိ ဘိက္ခူဟိ ဧဝံ ဗျာကတံ "သံယောဇနန္တိ ဝါ အာဝုသော သံယောဇနိယာ ဓမ္မာတိ ဝါ က္ကမေ ဓမ္မာ ဧကတ္ထာ ဗျဉ္ဇနမေဝ နာနန္တိ။

တတြ=ထိုပြဿနာ၌။ ဧကစ္စေဟိ ထေရေဟိ ဘိက္ခူဟိ= အချို့သော မထေရ်ရဟန်းတို့က။ ဧဝံ ဗျာကတံ=ဤဆိုအပ်လတ္တံ့ သောအတိုင်း ဖြေကြတယ်။ ဘယ်လိုလဲဆိုတော့-

အဲဒီပြဿနာမှာ စည်းဝေးမိကြသော မထေရ်ရဟန်းအချို့က ယခုပြောမည့်အတိုင်း ဖြေကြတယ်။ ဘယ်လိုလဲဆိုတော့...

"အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့...။ သံယောဇနန္တိ ဝါ=သံယောဇနဆိုတဲ့ တရားအရလည်းကောင်း။ သံဇနိယာ ဓမ္မာတိ

http:\\www.dhammadownload.com



ဝါ=သံယောဇနိယ ဓမ္မ–ဆိုတာလည်းကောင်း။ ဣမေ ဓမ္မာ=ဤ သံယောဇန ဓမ္မနဲ့ သံယောဇနိယဓမ္မ=နှစ်ပါးတို့သည်။ နာနာ ဠ္ဌာ စေဝ=အနက်သဘောလည်း ထူးကြကုန်၏။ နာနာဗျဉ္ဇနာ စ=သဒ္ဒါ အားဖြင့်လဲ ထူးကြကုန်၏။ ဣတိ=ဤသို့။ ဗျာကတံ=ဖြေကြားအပ် သည်။ ဟောတိ=ဖြစ်၏။

တရားတော်ဆိုတာ တဖြည်းဖြည်း နက်နဲတဲ့သဘောရှိပါ တယ်။ ယခု မထေရ်မြတ်ကြီးတွေ ဒိပြဿနာအတွက် ပထမအုပ်စု တစ်ဖက်သော မထေရ်ကြီးများက ဘယ်လိုပြောသလဲဆိုတော့ "ငါ့ရှင် တို့... သံယောဇနဆိုတဲ့ စကား(နှင့်) သံယောဇနိယ ဆိုတဲ့စကား ဒီနှစ်ခုဟာ အနက်အဓိပ္ပာယ်သဘောသွားချင်းလဲပဲ ကွဲပြားတယ်။ သဒ္ဒါ ချင်းလဲပဲ ကွဲပြားတယ်" ဟောဒါ ပထမအုပ်စု မထေရ်မြတ်ကြီးအချို့ရဲ့ အဖြေဖြစ်တယ်။ ဒုတိယအုပ်စု မထေရ်မြတ်ကြီးအချို့ကျတော့–

"အာဝုသော=ငါ့ရှင်တို့...။ သံယောဇနန္တိ ဝါ=သံယောဇန ဆိုတာ လည်းကောင်း။ သံယောဇနိယာ ဓမ္မာတိ ဝါ=သံယောဇနိယ ဓမ္မ ဆိုတာတို့ လည်းကောင်း။ ဧကတ္ထာ=တူသော အနက်သဘောရှိ ကုန်၏။ ဗျဉ္ဇနမေဝ နာနံ=သဒ္ဒါသာလျှင် ကွဲပြား၏"။ ဣတိ=ဤသို့။ ဗျာကတံ= ဖြေကြားအပ်သည်။ ဟောတိ=ဖြစ်၏။

ပထမအုပ်စုမထေရ်ကြီးတွေက "သံယောဇနဆိုတာရယ်၊ သံယောဇနိယဓမ္မ ဆိုတာရယ် အနက်သဘောလဲ ကွဲတယ်။ သဒ္ဒါလဲ ကွဲတယ်" လို့ ဆိုကြတယ်။ ဒုတိယအုပ်စု မထေရ်ကြီးတွေကတော့ "သံယောဇနဆိုတာ(နှင့်) သံယောဇနိယဓမ္မဆိုတာ အနက်သဘော တစ်ခုတည်းပဲ၊ သဒ္ဒါအနေသာ ကွဲတယ်" လို့ ဆိုကြတယ်။

http:\\www.dhammadownload.com



တေန ခေါ ပန သမယေန စိတ္တော ဂဟပတိ မိဂပထကံ အနုပ္ပတ္တော ဟောတိ ကေနစိဒေဝ ကရဏီယေန။

တေန ခေါ ပန သမယေန=ထိုသို့ မထေရ်ကြီးများ အယူဝါဒ ကွဲပြားနေကြသော ထိုအခါ၌။ စိတ္တော ဂဟပတိ=ဗွေးချိုပင်တော ကျောင်းတိုက်ကြီး၏ ဒါယကာ စိတ္တသူကြွယ်သည်။ မိဂပထကံ= မိဂပထမည်သော ရွာငယ်သို့။ ကေနစိဒေဝ ကရဏီယေန=တစ်စုံ တစ်ခု ပြုဖွယ်ကိစ္စဖြင့်။ အနုပ္ပတ္တော=ရောက်နေသည်။ ဟောတိ= ဖြစ်၏။

မထေရ်မြတ်ကြီးများ ကျောင်းတိုက်အတွင်းမှာ ဝိဝါဒ ကွဲပြား စကားပြောနေကြတဲ့ အချိန်မှာ ကျောင်းဒါယကာ စိတ္တသေဋ္ဌေး အဲဒီ ကျောင်းတိုက်ရဲ့ နောက်ဖေးနားမှာ ရှိနေ တဲ့ "မိဂပထက"မည်တဲ့ သူရဲ့ စားကျေးရွာကလေးသို့ ကိစ္စတစ်ခုနဲ့ ရောက်ရှိနေဆဲ ဖြစ်တယ်။

အဲဒီရွာကလေးကလည်း ကျောင်းတိုက်နဲ့ နီးကပ်တော့ တစ်ဆင့်စကားတစ်ဆင့် နားအနေနဲ့ စိတ္တသေဋ္ဌေး သတင်းစကား ကြားသိပုံက–

သမ္ဗဟုလာနံ ကိရ ထေရာနံ ဘိက္ခူနံ ပစ္ဆာဘတ္တံ ပိဏ္ဍပါတပဋိက္ကန္တာနံ မဏ္ဍလမာဠေ သန္နိသိန္နာနံ သန္နိပတိတာနံ အယ+မန္တရာကထာ ဥဒပါဒိ "သံယောဇနန္တိ ဝါ အာဝုသော သံယောဇနိယာ ဓမ္မာတိ ဝါ ဣမေ ဓမ္မာ နာနတ္ထာ နာနာဗျဉ္ဇနာ၊ ဥဒါဟု ဧကတ္ထာ ဗျဉ္ဇနမေဝ နာန" န္တိ။

ဩ ... ငါ ဆောက်လုပ် လှူဒါန်းထားတဲ့ ဗွေးချိုပင် တော ကျောင်းတိုက်ကြီးမှာ များစွာသော မထေရ်ကြီး ရဟန်းတို့အဖို့ရာ

http:\\www.dhammadownload.com



ဆွမ်းခံပြန်လာလို့ ညီမူရာတန်ဆောင်းဝန်းထဲမှာ စည်းဝေးကြတဲ့အခါ တရားနှလုံး ကျင့်သုံးမှုရဲ့ ကြားကာလ တရားဆွေးနွေးတဲ့ အနေနဲ့ "ငါ့ရှင်တို့–သံယောဇနဆိုတဲ့စကား+သံယောဇနိယ ဆိုတဲ့စကား အဲဒီနှစ်ပါးသည် သဒ္ဒါလဲကွဲပြား အနက်လဲ ကွဲပြားကြတယ်လား၊ သို့မဟုတ် သဒ္ဒါသာကွဲပြားပြီး အနက်တော့ တူကြသလား" ဤကဲ့သို့ ဆွေးနွေးစကား ဖြစ်ပွားခဲ့တယ်။

တတြ ေကစ္စေဟိ ထေရေဟိ ဘိက္ခူဟိ ဧဝံဗျာကတံ "သံယောဇနန္တိ ဝါ အာဝုသော သံယောဇနိယာ ဓမ္မာတိ ဝါ ဣမေ ဓမ္မာ နာနတ္ထာ စေဝ နာနာဗျဥ္စနာ စာ" တိ။ ေကစ္စေဟိ ထေရေဟိ ဘိက္ခူဟိ ဧဝံ ဗျာကတံ သံယောဇနန္တိ ဝါသံယောဇနိယာ ဓမ္မာတိ ဝါ ဣမေ ဓမ္မာ ေကတ္ထာ၊ ဗျဥ္စနမေဝ နာန"န္တိ။

ထိုသို့ ပြဿနာဖြစ်ကြရာ၌ အချို့တစ်ဖက်သော မထေရ်ကြီး ရဟန်းတို့က "ငါ့ရှင်တို့...သံယောဇန ဆိုတဲ့စကား(နှင့်) သံယောဇနိယ ဆိုတဲ့စကား ဒီနှစ်ခုဟာ အနက်အဓိပ္ပာယ် သဘော သွားချင်းလဲပဲ ကွဲပြားတယ်၊ သဒ္ဒါချင်းလဲပဲ ကွဲပြားတယ်"လို့ ပထမ အုပ်စု မထေရ်ကြီးများက ဆိုကြသည်(တဲ့)။ ဒုတိယအုပ်စု မထေရ်ကြီး တွေကတော့ "ငါ့ရှင်တို့ ... သံယောဇနဆိုတာနှင့် သံယောဇနိယမ္မေ ဆိုတာ အနက်သဘော တစ်ခုတည်းပဲ၊ သဒ္ဒါအနေသာ ကွဲတယ်"လို့ ဆိုကြတယ်(တဲ့)။ ဤသတင်းစကားကို စိတ္တသေဋ္ဌေး ကြားရတယ်။

ထိုသို့ ကြားရသောအခါ စိတ္တသေဋ္ဌေးသည် "ဒီ မိဂပထက ရွာငယ်မှာ ငါပြုလုပ်ရမည့်ကိစ္စက ဘာမှအရေးမကြီးဘူး၊ မထေရ်မြတ် ကြီးတွေ အယူဝါဒ ကွဲလွဲနေတာက ပိုပြီး အရေးကြီးတယ်" ဆိုတဲ့

http:\\www.dhammadownload.com



သဘောနဲ့ အဲဒီရွာငယ်မှာ ပြုဖွယ်ကိစ္စကို ရပ်တန့်ထားခဲ့ပြီး မထေရ်မြတ်ကြီး များ သိတင်းသုံးရာ ငွေးချိုပင်တော ကျောင်းတိုက်ကြီးသို့ စိတ္တကျောင်းဒကာကြီး အရောက်သွားတယ်။ ရောက်လျှင် မထေရ်မြတ်ကြီးတို့ကို ရိုသေမြတ်နိုး ရှိခိုးဦးညွတ်ပြီး အပြစ်ခြောက်ပါး လွတ်ရာအရပ်၌ ထိုင်နေပြီး စိတ္တသူကြွယ်သည် မထေရ်မြတ်ကြီးတို့ကို လျှောက်ထားတယ်။ လျှောက်ထားပုံက–

သုတံ မေ တံ ဘန္တေ။

အရှင်ဘုရားတို့...တပည့်တော်သည် ဒီသတင်းစကားကို ကြားရပါတယ်၊ ကြားရပုံက–

သမ္ဗဟုလာနံ ထေရာနံ ဘိက္ခူနံ ပစ္ဆာဘတ္တံ ပိဏ္ဍပါတပဋိက္ကန္တာနံ မဏ္ဍလမာဠေ သန္နိသိန္နာနံ သန္နိပတိတာနံ အယ+မန္တရာကထာ ဥဒပါဒိ "သံယောဇနန္တိ ဝါ အာဝုသော သံယောဇနိယာ ဓမ္မာတိ ဝါ ဣမေ ဓမ္မာ နာနတ္ထာ နာနာဗျဉ္ဇနာ၊ ဥဒါဟု ဧကတ္ထာ ဗျဉ္ဇနမေဝ နာန" န္တိ။

**စကားချပ်မှတ်ဖွယ်** –

"ဆရာတော့်နှယ်၊ ငါတို့မသိတဲ့ ပါဠိတွေ သိပ်ရွတ်နေတာပဲ" လို့များတော့ မအောက်မေ့လိုက်ကြနဲ့နော်"။

## လင်းနို့သားငါးရာ

ပါဠိတော်အသံကို ကြားကြရလျှင် ကဿပမြတ်စွာ သာသနာခေတ်တုန်းက ရဟန်းတော်နှစ်ပါး အဘိဓမ္မာဆွေးနွေးရွတ်ဆိုတဲ့ အသံကို ကြားကြတဲ့ လင်းနို့တို့ရဲ့ အသိထက်တော့ ငါတို့ရဲ့ အသိဟာ သာလွန်တယ်၊ အဲဒီလို နှလုံးသွင်းကြရမယ်။ ကဿပမြတ်စွာ

http:\\www.dhammadownload.com



သာသနာခေတ်တုန်းက လင်းနို့သား ငါးရာ လိုဏ်ဂူထဲမှာ မှီတွယ် နေကြတဲ့အခါ ထိုလိုဏ်ဂူထဲမှာပဲ ရဟန်းတော်နှစ်ပါးတို့ အဘိဓမ္မာ ဆွေးနွေးရွတ်ဆိုတဲ့ အသံကို ကြားကြရတော့ "ဒီအသံဟာ အဘိဓမ္မာ ဘုရားတော်ပါတကား"လို့ မသိကြဘဲ "ဒီအသံဟာ မနှိပ်စက်မဲ့ ကောင်းသောအသံပဲ"လို့ ဒီလောက်ကလေး သိတဲ့စိတ်နှင့် နားထောင် ခဲ့လို့ အဲဒီလင်းနို့သားဘဝက စုတေပြီးတဲ့နောက် အပါယ်တံခါးပိတ်ပြီး ဒီဘုရား သာသနာမှာ အရှင်သာရိပုတ္တရာ၏ တပည့်ရဟန်းငါးရာ လာဖြစ်ပြီး အဘိဓမ္မာ တရားတော်ကို အရှင်သာရိပုတ္တရာ မထေရ် အထံက ပထမဆုံးလည်း ကြားနာရတယ်၊ ပထမဆုံးလည်းပဲ အရိယာ ဖြစ်ကြတယ်။ (အဋ္ဌသာလိနီ၊ ၁၇၊ ရှု) ဒီတော့ ယခု ငါတို့ရဲ့ အသိသည် လင်းနို့သား ငါးရာတို့ရဲ့ အသိဉာဏ်ထက် အပြန်ပြန် သာလွန်တယ်လို့ အောက်မေ့ ဝမ်းမြောက်ကြပါ။

## ဖားနတ်သားအကြောင်း

အေး...တစ်နည်းအားဖြင့် ဖားနတ်သားဝတ္ထု ပြောကြဦး စို့ရဲ့။ (ဝိမာန၊ ဋ္ဌ၊ ၂၀၁–မှ) မြတ်စွာဘုရားကိုယ်တော်မြတ် တစ်ချိန်က စမ္ပာပြည် ဂဂ္ဂရာရေကန်အနီး ကျောင်းတိုက်၌ သီတင်းသုံး နေတော် မူစဉ် တစ်နေ့သ၌ နံနက်မိုးသောက်ထအချိန် မြတ်စွာဘုရားတို့၏ အလေ့ အကျက်အတိုင်း မဟာကရုဏာသမာပတ်ကို ဝင်စား၍ ထို သမာပတ်မှထပြီး ချွေချွတ်ရမည့် သတ္တဝါတို့ကို ကြည့်ရှုဆင်ခြင်တော်မူ သတ်သော်..." ယနေ့ ငါဘုရား ညနေချမ်းအချိန် တရားဟောလျှင် ဖားလေးတစ်ကောင် ငါဘုရား၏ တရားသံ၌ အာရုံနိမိတ်ယူစဉ် သူ ဘစ်ဖက်သား (နွားကျောင်းသား)၏ နှင်တံဖြင့် အဖိနှိပ်ခံရပြီး သေ လွန်ပြီးနောက် နတ်ပြည်၌ဖြစ်ရှိကာ နတ်ပရိသတ်အခြံအရံ များစွာဖြင့်

http:\\www.dhammadownload.com



လူအများ ကြည့်နေစဉ်ပင် လာရောက်ပေလိမ့်မည်။ ထို အစည်းအဝေး တရားပွဲ၌ များစွာသော လူနတ်တို့ သစ္စာလေးပါး တရားကို သိမြင်ကြလိမ့်မည်" ဟု လင်းလင်းထင်ထင် သိမြင်တော်မူလေ၏။

ထိုသို့ သိမြင်တော်မူပြီးနောက် နံနက်အခါ ရဟန်းပေါင်းများစွာ ခြံရံလျက် စမ္ပာပြည်အတွင်း ဆွမ်းခံကြွ၍ ရဟန်းတို့ ဆွမ်းစေအောင် ချီးမြှောက်တော်မူပြီးလျှင် ဆွမ်းကိစ္စပြု ပြီးသောအခါ ကျောင်းတိုက်တော်သို့ ပြန်ကြွလျက် ရဟန်းတော်များ ဝတ်ပြုပြီး မိမိ မိမိတို့၏ နေ့သန့်ရာအရပ်သို့ ကြွရောက်ကြသောအခါ ဂန္ဓကုဋီ တိုက်တော်ဝင်၍ ဖလသမာပတ် ချမ်းသာဖြင့် နေ့ပိုင်းအချိန်ကို ကုန်လွန်စေပြီးလျှင် ညနေချမ်းအခါ ပရိသတ်လေးပါး စုံညီစည်းဝေးမိကြသော် ဂန္ဓကုဋီ တိုက်တော်မှ ထွက်ကြွတော်မူကာ ရေကန်အနီး ဓမ္မသာလာ=ဓမ္မရုံ၌ ကိန်းစံတော်မူကာ ဆေးဒန်းမြင်းသီလာ ကျောက်ဖျာအပြင်၌ ခြသေ့်မင်း၏ ဟိန်းဟောက်သံကို မကြောက်မရွံ့ ဟိန်းဟောက်သော ကေသရာဇာ ခြသေ့်မင်းကဲ့သို့ အင်္ဂါရှစ်ဖော် အသံတော်ဖြင့် ဟောတော်မူနေဆဲ ဖြစ်ပါတယ်။

ထိုအချိန်မှာ ဖားငယ်တစ်ကောင် ရေကန်မှတက်လာ၍ "ဤအသံကား နှိပ်စက်မည့် အသံမဟုတ်၊ တရားဟောသော အသံဖြစ်ပေသည်" ဤမျှလောက်သာ သညာအသိဖြင့် တရားသံ၌ အာရုံစိုက်ပြီး ပရိသတ်အစွန်း၌ ဝပ်၍နေတယ်။ ထိုအချိန်မှာ နွားကျောင်းသား တစ်ယောက် ထိုနေရာသို့ ရောက်လာပြီး တရားဟောနေသော မြတ်စွာဘုရား(နှင့်) အလွန်ငြိမ်သက်စွာ တရားနာနေသော ပရိသတ်ကို မြင်ရကား ထိုဘုရား ရှင်(နှင့်) တရားနာ ပရိသတ်ကို အာရုံပြုတဲ့ စိတ်ဖြင့် ဒုတ်လှင်ကန်(နွားကန်)ကို မြေ၌ ထောက်၍ အမှတ်တမဲ့

http:\\www.dhammadownload.com



ရပ်တည်လာသော် ဖားသူငယ်ကို အာရုံမပြု မကြည့်ရှုမိဘဲ ဖားငယ်၏ ဦးခေါင်း၌ လှင်ကန်ဖြင့် ထောက်၍ ရပ်တည်လာတယ်။

ဖားကလေးသည် လှင်ကန်ဖြင့် ထောက်ခံရရာ ခမ္ဘသညာမရဏာသန္နဇော ဝိထိကျ၍ ထိုခဏာ၌ စုတေကာ တာဝတိံသာနတ်ပြည်ဝယ် ၁၂-ယူဇနာကျယ်သော ရွှေဗိမာန်၌ ဖြစ်ပြီး အိပ်သောယောကျ်ား နိုးသောလားသို့ ထိုရွှေဗိမာန်၌ နတ်သမီးများစွာ ခြံရံအပ်သည့် မိမိကိုယ်ကို မြင်လတ်သော် "အဘယ်ဘုံမှ ငါ ဤဘုံမှာလာဖြစ်ပါလိမ့်"လို့ ဆင်ခြင်၍ ရှေးဖားဘဝကို မြင်ပြီးလျှင် "ငါသို့စင်ဖားကလေးသော်မှ ဤဘုံ၌ လာဖြစ်ရ၊ ဤမျှ ကြီးကျယ်သောစည်းစိမ်ကို ရရှိရသည်မှာ အဘယ်သို့သောကံကို ပြုလို့ပါလိမ့်"ဟု ဆင်ခြင်စဉ်းစား ကြည့်သောအခါ မြတ်စွာဘုရား၏ တရားသံ၌ သညာသိမှုဖြင့် အာရုံယူခဲ့သောကံကြောင့် ဖြစ်ကြောင်း သိမြင်လျှင်သိမြင်ချင်း ရွှေဗိမာန်နှင့်တကွ မြတ်စွာဘုရား ထံမှောက် လာရောက်၍ ဗိမာန်မှဆင်းပြီး လူအများ ကြည့်ရှုကြစဉ်ပင် များစွာသော အခြံအရံကြီးစွာသော နတ်တန်ခိုးဖြင့် ချဉ်းကပ်ကာ မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးဖြင့်ကိုက်ကာ ရှိခိုးပြီး လက်အုပ်ချီရှိခိုး ရပ်တည်နေတယ်။

ထိုအခါ ထိုဖားနတ်သားကို မြတ်စွာဘုရားသည် သိတော်မူလျက်နှင့်ပင် လူများအပေါင်းအား ကုသိုလ်ကံအကျိုး(နှင့်)ဘုရားရှင့် အာနုဘော်ကို မျက်မှောက်ပြုနိုင်ကြစေရန် ရည်သန်တော်မူ၍-

(၁) ကော မေ ဝန္ဒတိ ပါဒါနိ၊ ဣဒ္ဓိယာ ယသသာ ဇလံ။
အဘိက္ကန္တေန ဝဏ္ဏေန၊ သဗ္ဗာ ဩဘာသယံ ဒိသာ။

ဤဂါထာဖြင့် မေးတော်မူတယ်။ အဘိက္ကန္တေ+န=အလွန်

http:\\www.dhammadownload.com



နှစ်လိုဖွယ်သော။ ဝဏ္ဏေန=အဆင်းဖြင့်။ သဗ္ဗာ ဒိသာ=အလုံးစုံသော အရပ်မျက်နှာတို့ကို။ ဩဘာသယံ=ဩဘာသ ယန္တော=တောက်ပ လျက်။ ဣဒ္ဓိယာယ=တန်ခိုးဖြင့် လည်းကောင်း။ ယသသာ=များစွာ သော အခြံအရံဖြင့် လည်းကောင်း။ ဇလံ=ဇလန္တော=နေနှင့် နှိုင်းဆွယ် လ–နှယ်ပုံခင်း ထွန်းလင်းတောက်ပလျက်။ မေ=ငါဘုရား ၏။ ပါဒါနိ=ခြေတော်အစုံ ကြာပဒုံတို့ကို။ ဝန္ဒတိ=ရှိခိုးလာသူသည်။ ကော=အဘယ်သူနည်း။

ထိုအခါ နတ်သားသည် မိမိ၏ ရှေးဘဝ စသည်တို့ကို ထင်စွာ လျှောက်ထားလိုသည် ဖြစ်၍–

(၂) မဏ္ဍူကော+ဟံ ပုရေ အာသိံ၊ ဥဒကေ ဝါရိဂေါစရော။
တဝ ဓမ္မံ သုဏန္တဿ၊ အဝဓိ ဝစ္ဆပါလကော။

ဘန္တေ=ရှင်ပင်မြတ်ဘုရား...။ အဟံ=တပည့်တော်သည်။ ပုရေ=အတိတ်တာနန္တရ ရှေးဘဝတုန်းက။ ဥဒကေ=ရေ၌။ ဝါရိဂေါစရော=ရေ၌ပေါက်ဖွား ရေ၌ပင် ကျက်စားသော။ မဏ္ဍူကော =ဖားသူငယ်သည်။ အာသိံ=ဖြစ်ခဲ့ပါပြီဘုရား။ တဝ ဓမ္မံ–ဂဂ္ဂရာ ကန်နား ရှင်ပင်ဟောကြားတဲ့ တရားကို။ သုဏန္တဿ=သညာ အသိအားဖြင့် တရားဟုသိကာ ကြားနာနေစဉ်။ ဝစ္ဆပါလကော= နွားကျောင်းသားသည်။ အဝဓိ=ဒုတ်လှင်ကန် ဖြင့် ထောက်မိသွပ်၍ အမှတ်တမဲ့ သတ်ခဲ့ပါလေပြီ။

(၃) မုဟုတ္တံ စိတ္တပသာဒဿ၊ ဣဒ္ဓိံ ပဿ ယသဉ္စ မေ။
အာနုဘာဝဉ္စ မေ ပဿ၊ ဝဏ္ဏံ ပဿ ဇုတိဉ္စ မေ။

ဘန္တေ=ရှင်ပင်မြတ်ဘုရား...။ မုဟုတ္တံ စိတ္တပသာဒဿ=

http:\\www.dhammadownload.com



ရှင်တော်ဟောကြား ထို တရားဝယ် မလျားကာလ တစ်မုဟုတ်မျှသာ ဖြစ်ရပါသော သဒ္ဓါရွှန်းစို စိတ်ကြည်ညိုမှု အကြောင်းတရား၏။ ဣဒ္ဓိ=အကျိုးဖြစ်သော နတ်စည်းစိမ်ကို။ ပဿ=ပဿာဟိ=သုံးလူ့ မျက်ဖျော် အစိန္တေယျော်သည် ကြည့်တော်မူပါဘုရား။ မေ=တပည့် တော်၏။ ယသဥ္စ=သချာများကန် နတ်သား+နတ်သမီး အခြံအရံကို လည်း။ ပဿ=ပဿာဟိ=သုံးလူ့မျက်ဖျော် အစိန္တေယျော်သည် ကြည့် တော်မူပါဘုရား။ မေ=တပည့်တော်၏။ အာနုဘာဝဥ္စ=အလိုရှိသမျှ ဖန်ဆင်းနိုင်ခြင်း တည်းဟူသော နတ်ဥ္ဓိဖြစ်သော အာနုဘော်ကို လည်းကောင်း။ မေ=တပည့်တော်၏။ ဝဏ္ဏံ စ=ထိန်ထိန်ပဝင်း ကိုယ်ရေအဆင်းကို လည်းကောင်း။ ဇုတိဥ္စ=တစ်ဆယ့်နှစ် ယူဇနာ တိုင် ဖြန့်နိုင်သော အရောင်အထူးကို လည်းကောင်း။ ပဿ=ပဿာဟိ =သုံးလူ့မျက်ဖျော် အစိန္တေယျော်သည် ကြည့်တော်မူပါဘုရား။

(၄) ယေ စ တေ ဒီဃမဒ္ဓါနံ၊ ဓမ္မံ အဿောသုံ ဂေါတမ။
ပတ္တာ တေ အစလဋ္ဌာနံ၊ ယတ္ထ ဂန္တွာ န သောစရေ။

ဂေါတမ=ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရား . .။ ယေ စ=အမှတ်မထင် အကြင်သူတို့သည်ကား။ ဒီဃမဒ္ဓါနံ=တပည့်တော်လို အချိန်တိုတို မဟုတ်ကြ ကာလရှည်လျားစွာ။ တေ=ရှင်ပင်ဘုရား၏ ဓမ္မံ=မိန့်ဖော်ဟောကြား တရားစကားကို။ အဿောသုံ=ကြားနာ ကြရကုန်ပြီ။ တေ=ဘုန်းကံဝုန့်ဆူ ထိုသူတို့သည်။ ယတ္ထ=အကြင် နိဗ္ဗာန်သို့၊ ဂန္တွာ=ရောက်ကြကုန်သည်ရှိသော်။ န သောစရေ=စိုးရိမ်ခြင်း ကင်းကြကုန်၏။ တံ အစလဋ္ဌာနံ=တိုမတုန်လှုပ်ရာ နိဗ္ဗာန်တည်းဟူ သော အရပ်သာသို့။ ပတ္တာ=အန္တရာယ်မနှောက် ရောက်ရှိကြကုန်ပြီ။

ဤကဲ့သို့ ဖားနတ်သား မြတ်စွာဘုရားအား လျှောက်ထား

http:\\www.dhammadownload.com



လေသည်။ ထို့နောက်မှ မြတ်စွာဘုရားသည် ဖားနတ်သား(နှင့်)တကွ ရောက်လာသော ပရိသတ်၏ ဥပနိဿယရည်း အားကြီးသော ရေးကံ အကြောင်းကို ကြည့်တော်မူကာ အကျယ်တဝင့် တရားစကား ဟော ကြားတော်မူလေသည်။ ဒေသနာနိဂုံး ဆုံးသောအခါ ဖားနတ်သား သောတာပန်အရိယာဖြစ်ပြီး သတ္တဝါပေါင်း ရှစ်သောင်းလေးထောင် တို့ သစ္စာလေးပါးတရားသိမြင် ကျွတ်တမ်းဝင်ကြလေသည်။ ဖားနတ် သားလည်း မြတ်စွာဘုရားကို သုံးကြိမ်တိုင် ဦးတိုက်ရှိခိုး လက်ျာရစ် လှည့်ပြီး ရဟန်းသံဃာအားလည်း လက်အုပ်ချီ၍ မိမိပရိသတ်နှင့် တကွ တာဝတိံသာနတ်ပြည်သို့ ပြန်သွားလေသည်။

ဤဖားနတ်သားဝတ္ထုမှာ ဖားနတ်သားကလေးက "သူဟာ ရှေးဘဝက ဖားကလေးပါ၊ အရှင့်တရားကို သညာသိနဲ့ နာကြားနေစဉ် နွားကျောင်းသားကလေးက အမှတ်တမဲ့ သူ့မှာပါလာ တဲ့ ဒုတ်လှင်ကန် (နွားကန်)နဲ့ ထောက်လို့ အသက်ပျောက်ပြီး တာဝတိံသာနတ်ပြည်သို့ ရောက်ရပါတယ်။ ရှင်တော်ဘုရားရဲ့ တရားကို ကောင်းကောင်း နားလည်တဲ့ပုဂ္ဂိုလ်တွေ အချိန်ကြာစွာ နာယူမှတ်သားရ၍ အာသဝက္ခယ ဉာဏ်ပေါက် နိဗ္ဗာန်သို့ ရောက်ကြ မည်မှန်ပါသည်ဘုရား" လို့ လျှောက်ထားသည့်အတိုင်း မိမိတို့ ယခု တရားနာကြတဲ့ ပရိသတ်အဖို့ "ငါတို့ရဲ့ အသိဟာ ဖားရဲ့အသိထက် အပြန်ပြန်သာ၍ အရဟတ္တဖိုလ်ပေါက် ကျေးဇူးပြုလိမ့်မည်"လို့ ဝမ်းမြောက်အားရှိကြပါ သူတော်ကောင်း တို့...။

"အရှင်တို့ဘုရား(တဲ့) မထေရ်မြတ်များဟာ ဆွမ်းခံရာက အပြန် ဒီတန်ဆောင်းဝန်းထဲမှာ စည်းဝေးညီမူတော်မူကြတဲ့အခါ သံယောဇနေ ဆိုတာရယ်၊ သံယောဇနိယဓမ္မ ဆိုတာရယ် ဒီတရား နှစ်ပါးဟာ အနက်လည်းကွဲ၊ သဒ္ဒါလည်းကွဲသလား၊ သို့မဟုတ်

http:\\www.dhammadownload.com



သဒ္ဓါသာကွဲလို့ အနက်သဘောကတော့ အတူတူပဲလား လို့ ဤကဲ့သို့ ပြဿနာဖြစ်တဲ့ အကြောင်း၊ ယင်းပြဿနာအတွက် ပထမအုပ်စု တစ်ဖက်သော မထေရ်မြတ်များက "အနက်လဲ ကွဲတယ်၊ သဒ္ဓါလဲ ကွဲတယ်"၊ ဒုတိယ အုပ်စု တစ်ဖက်သော မထေရ်မြတ်များက "သဒ္ဓါသာ ကွဲတယ်၊ အနက် သဘောအတူတူပဲ" အဲဒီလို ဖြေကြားတဲ့အကြောင်း တပည့်တော် ကြားသိရပါတယ် ဘုရား..."လို့ လျှောက်ထားတယ်။

ထိုအခါ မထေရ်ကြီးများက ဧဝံ ဂဟပတိ=အိမ်း... ဟုတ်တယ် ဒကာသေဋ္ဌေး... သင်ကြားတဲ့အတိုင်းပဲ၊ ငါတို့ ယခု စည်းဝေးမိနေတဲ့ ကိုယ်တော်တွေထဲမှ တစ်ဖက်သော ပထမအုပ်စု မထေရ်များက သံယောဇနေ ဆိုတာရယ်၊ သံယောဇနိယဓမ္မ ဆိုတာ ရယ် ဒီနှစ်ခုဟာ သဘောသွားအနက်အရလည်း ကွဲတယ်။ သဒ္ဓါလည်း ကွဲတယ်၊ ဒုတိယအုပ်စု မထေရ်များကတော့ သံယောဇနေဆိုတာရယ်၊ သံယောဇနိယဓမ္မ ဆိုတာရယ် ဒီနှစ်ခုဟာ သဒ္ဓါသာ ကွဲတယ်၊ အနက် မကွဲဘူးလို့ ပြောကြယူကြတာ အမှန်ပဲ"လို့ မထေရ်ကြီးများက မိန့်တော်မူကြတယ်။

## စိတ္တသူကြွယ်၏ လျှောက်ထားချက်အဖြေ

ထိုအခါ စိတ္တသူကြွယ်=စိတ္တသေဋ္ဌေးက–

သံယောဇနန္တိ ဝါ ဘန္တေ သံယောဇနိယာ ဓမ္မာတိ ဝါ ဣမေ ဓမ္မာ နာနတ္ထာ စေဝ နာနာဗျဉ္ဇနာ စ။

ဘန္တေ=အရှင်တို့ဘုရား။ သံယောဇနန္တိ ဝါ=သံယောဇဉ် (ဖွဲ့တတ်တဲ့) တရားဆိုတာ လည်းကောင်း။ သံယောဇနိယာ ဓမ္မာတိ ဝါ=ဖွဲ့နှောင်အပ်တဲ့ တရားဆိုတာ လည်းကောင်း။ ဣမေ ဓမ္မာ=ဤ ဖွဲ့နှောင်တတ်တဲ့တရား၊ ဖွဲ့နှောင်အပ်တဲ့တရား နှစ်ပါးတို့သည်။

http:\\www.dhammadownload.com



**နာနာတ္တာ** စေဝ=အနက်သဘောလဲပဲ ထူးခြားကြပါကုန်၏။
**နာနာဗျဉ္ဇနာ** စ=သဒ္ဒါအားဖြင့်လဲ ထူးခြားကြပါကုန်၏ ဘုရား။

လှေနံနှစ်ဖက်နင်း မဟုတ်ဘူးနော်၊ တကတည်း တိပိဋကဓရ =ပိဋကသုံးပုံဆောင် အနာဂါမ်ဒါယကာပိပိ "အရှင်တို့ဘုရား... သံယောဇနဓမ္မ=ဖွဲ့နှောင်တတ်တဲ့ တရားဆိုတာနဲ့ သံယောဇနိယဓမ္မ =ဖွဲ့နှောင်အပ်တဲ့ တရားဆိုတာ သဘာဝချင်း အင်မတန် ကွာခြားပါ တယ်" လို့ ရဲရဲပြတ်ပြတ် ဆုံးဖြတ်လျှောက်ထားတယ်။

တေန ဟိ ဘန္တေ ဥပမံ ဝေါ ကရိဿာမိ။

ဘန္တေ=အရှင်တို့ဘုရား။ တေန ဟိ=သို့တပြီးကား။ ဝေါ= အရှင်ဘုရားတို့အား။ ဥပမံ=ဥပမာကို။ ကရိဿာမိ=လျှောက်ထားပါ ရစေ။ (တပည့်တော် ဥပမာနဲ့ လျှောက်ထားပါမယ်။)

ဥပမာယ+မိဓေ+ကစ္စေ ဝိညူ ပုရိသာ ဘာသိတဿ အတ္ထံ အာဇာနန္တိ။

ဣဓ=ဤလောက၌။ ကေစ္စေ=အချို့အချို့ကုန်သော။ ဝိညူ ပုရိသာ=ပညာရှိတဲ့ အမျိုးကောင်းသား မင်းယောက်ျားတို့သည်။ ဥပမာယ=ဥပမာဖြင့်။ ဘာသိတဿ=ပြောဆိုအပ်တဲ့ စကား၏။ အတ္ထံ=အနက်ကို။ အာဇာနန္တိ=ခွဲခွဲခြမ်းခြမ်း သိမြင်ကြပါကုန်၏။

ဥပမာနဲ့ပြောမှ ပညာရှိပုဂ္ဂိုလ်များဟာ ပြောအပ်တဲ့ စကား တစ်ခုရဲ့ အနက်အဓိပ္ပာယ်ကို ကျေကျေနပ်နပ် ခွဲခွဲခြမ်းခြမ်း သိကြ ပါတယ်။ ဒါကြောင့် တပည့်တော် ဥပမာနဲ့ လျှောက်ထားပါရစေ။ ကဲ–ဆက်ပြီး ဘယ်လို လျှောက်သလဲဆိုတော့...

သေယျထာပိ ဘန္တေ ကာဠော ဗလိဗဒ္ဒေါ ဩဒါတော စ ဗလိဗဒ္ဒေါ ဧကေန ဒါမေန ဝါ ယောတ္တေန ဝါ သံယုတ္တာယ အဿု။

http:\\www.dhammadownload.com



ဘန္တေ=အရှင်ဘုရား...။ သေယျထာပိ=လောက (ဥပမာ ပြောစရာကား)။ ကာဠော စ ဗလိဗဒ္ဒေါ=ဝန်ဆောင်နွားနက်ကြီး တစ်ကောင်။ ဩဒါတော စ ဗလိဗဒ္ဒေါ=ဝန်ဆောင် နွားဖြူကြီး တစ်ကောင်။ (နွားနှစ်ကောင် ထားပါ)။ (ဣမေ=ဤနွားနှစ်ကောင် တို့ကို)။ ဧကေန=တစ်ချောင်းသော။ ဒါမေန ဝါ=တောက်ဖြင့် လည်းကောင်း။ ယောတ္တေန ဝါ=ကြိုးဖြင့် လည်းကောင်း။ သံယုတ္တာ= ဖွဲ့ယှဉ်အပ်ချည် အပ်ကုန်သည်။ အဿု=ဖြစ်ကြတယ် (ဆိုပါစို့)။

အရှင်ဘုရား...(တဲ့) တပည့်တော် ဥပမာ လျှောက်ပါမယ်၊ တစ်ဖက်က နွားနက်ကြီးတစ်ကောင်၊ တစ်ဖက်က နွားဖြူကြီး တစ်ကောင် (နွားနှစ်ကောင်လို့တောင် သာမည မပြောကြားလိုက် ဘူး၊ ကွဲပြားအောင် ပြောတာ၊ နွားနက်ရယ် နွားဖြူရယ်) အဲဒီ နွားနှစ်ကောင်ကို တောက်တစ်ခုတည်းနဲ့ (တောက်–ဆိုတာ သစ်သားဖြင့် ပြုလုပ်ထားတာ)၊ သို့မဟုတ် ကြိုးတစ်ချောင်းတည်းနဲ့ တွဲထားတယ် ဆိုပါစို့၊ အဲဒီလို တွဲထားတဲ့နေရာမှာ–

ယော နု ခေါ ဧဝံ ဝဒေယျ "ကာဠော ဗလိဗဒ္ဒေါ ဩဒါတဿ ဗလိဗဒ္ဒဿ သံယောဇနံ၊ ဩဒါတော ဗလိဗဒ္ဒေါ ကာဠဿ ဗလိဗဒ္ဒဿ သံယောဇန"န္တိ။

ယော နုခေါ=အမှတ်မထင် အကြင်သူတစ်ဦးတစ်ယောက် သည်။ "ဘော=အို အချင်းတို့...။ ကာဠော ဗလိဗဒ္ဒေါ=နွားနက်ကြီး သည်။ ဩဒါတဿ ဗလိဗဒ္ဒဿ=နွားဖြူကြီး၏၊ (ဝါ)နွားဖြူကြီးအား။ သံယောဇနံ=ဖွဲ့ချည်တတ်တဲ့ဝတ္ထုပါ။ ဩဒါတော ဗလိဗဒ္ဒေါ= ဝန်ဆောင်နွားဖြူကြီးသည်။ ကာဠဿ ဗလိဗဒ္ဒဿ=ဝန်ဆောင် နွားနက်ကြီး၏၊ (ဝါ) ဝန်ဆောင်နွားနက်ကြီးအား။ ဖွဲ့ချည်တတ်တဲ့ ဝတ္ထုပါ။" ဣတိ=ဤသို့၊ ဝဒေယျ=ပြောဆိုငြားအံ့။

http:\\www.dhammadownload.com



အရှင်ဘုရားတို့...အမှတ်မထင် လူတစ်ယောက်က လာပြီးတော့ "အချင်းတို့ ... နွားနက်ကြီးက နွားဖြူကြီးကို ဖွဲ့ချည်တတ်တယ်၊ နွားဖြူကြီးကလည်းပဲ နွားနက်ကြီးကို ဖွဲ့ချည်တတ်တယ် (သံယောဇနေ)" အဲဒီလို ပြောခဲ့မယ်ဆိုရင် –

သမ္မာ နု ခေါ သော ဝဒမာနော ဝဒေယျ။

သော=ထိုသူသည်။ သမ္မာ=ကောင်းစွာ။ (ဝါ)မဖောက်မပြန်။ ဝဒမာနော=ပြောဆိုသည်ရှိသော်။ (တစ်နည်း) ဝဒမာနော=ပြောဆိုသော။ သော=ထိုသူသည်။ သမ္မာ=မဖောက်မပြန် အမှန်အတိုင်း။ ဝဒေယျ=ပြောဆိုသည် မည်ပါသလား ဘုရား။

လူတစ်ယောက်ကလာပြီး "နွားနက်ကြီးသည် နွားဖြူကြီးကို ဖွဲ့နှောင်တတ်တဲ့ သံယောဇနေ၊ နွားဖြူကြီးသည် နွားနက်ကြီးကို ဖွဲ့နှောင်တတ်တဲ့ သံယောဇနေ"၊ ဤကဲ့သို့ ပြောလျှင် ထိုသူသည် အမှန်ကို ပြောတာမည်ရဲ့လား ဘုရား။

ဤသို့ လျှောက်ထားသောအခါ မထေရ်မြတ်ကြီးတို့က ဤဆိုလတ္တံ့သောအတိုင်း ဖြေကြားတော်မူကြတယ်။ ဖြေကြပုံမှာ–

နော ဟေ+တံ ဂဟပတိ။

ကျောင်းဒကာ...ဤကဲ့သို့ဖြေလျှင် သင့်လျော်သည့် အဖြေမဟုတ်နိုင်။ (သို့ဖြစ်လျှင် ဘယ်လိုအဖြေမှ သင့်လျော်သည့် အဖြေဖြစ်ပါမည်နည်းလို့ မေးလျှောက်တော့ မထေရ်မြတ်ကြီးတို့က)–

ယေန ခေါ တေ ကေန ဒါမေန ဝါ ယောတ္တေန ဝါ သံယုတ္တာ၊ တံ တတ္ထ သံယောဇနံ။

ခေါ=စင်စစ်။ ယေန ကေန ဒါမေန ဝါ=အကြင်တစ်ခုတည်းသော တောက်ဖြင့် ဖြစ်စေ။ ယေန ကေန ယောတ္တေန ဝါ=အကြင်တစ်ချောင်းသော ကြိုးဖြင်ဖြစ်စေ။ သံယုတ္တာ=တွဲဖွဲ့အပ်ကုန်၏။

http:\\www.dhammadownload.com



(ဟိုဘက်တစ်စ+ဒီဘက်တစ်စ၊ ဒီဘက်တစ်စက နွားနက်ကြီးကို ချည်ထား၊ ဟိုဘက်တစ်စက နွားဖြူကြီးကို ချည်ထား၊ အဲဒီလိုချည်တဲ့ ကြိုးရှိတယ်နော်)။ တံ=ထိုနွားနှစ်ကောင်ကို ဖွဲ့ချည်ကြောင်းဖြစ်တဲ့ ကြိုးသည်။ တတ္ထ=ထိုနွားနှစ်ကောင်ကို ဖွဲ့ချည်ရာ၌။ သံယောဇနံ= သံယောဇနေပါပေ။

ကြိုးက ဖွဲ့ချည်ကြောင်း (တစ်နည်း) ဖွဲ့ချည်တတ်တဲ့ သံယောဇနေ၊ နွားနှစ်ကောင်က ဖွဲ့ချည်အပ်တဲ့ သံယောဇနိယ၊ ဒါက မထေရ်ကြီးများက ပြန်ဖြေတဲ့စကား။ ဒီအတိုင်း အဖြေထွက်အောင် စိတ္တသေဋ္ဌေးကလဲ ဒီဥပမာလျှောက်ပြီး ဒီအမေးကို မေးခြင်း ဖြစ်တယ်။ အဲ သူကြိုက်တဲ့ အဖြေခွန်း ထွက်လာတော့မှ စိတ္တသေဋ္ဌေးက-

ဧဝ မေဝ ခေါ ဘန္တေ န စက္ခု ရူပါနံ သံယောဇနံ၊ န ရူပါ စက္ခုဿ သံယောဇနံ၊ ယဉ္စ တတ္ထ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ ဆန္ဒရာဂေါ၊ တံ တတ္ထ သံယောဇနံ။

ဘန္တေ=အရှင်မထေရ်မြတ်ကြီးစို့ဘုရား...၊ (တစ်ဖက်က နွားနက်ကြီးနှင့်တူတဲ့ မျက်စိအကြည်-စက္ခုဒွါရ+တစ်ဖက်က နွားဖြူကြီးနှင့်တူတဲ့ အဆင်းမျိုးစုံ ရူပါရုံ)။ ဧဝ မေဝ ခေါ=ဤအတူပင်လျှင်။ စက္ခု=မျက်စိတွင်မည် ရုပ်အကြည်သည်။ ရူပါနံ=အဆင်းမျိုးစုံ ရူပါရုံတို့ကို။ န သံယောဇနံ=ဖွဲ့ချည်ကြောင်း ဖွဲ့ချည်တတ်သည် မဟုတ်။ ရူပါ=အဆင်းမျိုးစုံ ရူပါရုံတို့ကလည်းပဲ။ စက္ခုဿ=မျက်စိ၏၊ (ဝါ) မျက်စိတွင်မည် ရုပ်အကြည်ကို။ န သံယောဇနံ=ဖွဲ့ချည်ကြောင်း ဖွဲ့ချည်တတ်သည်မဟုတ်။ (သံယောဇနေ မဟုတ်ဘူး၊ ဘယ်သူက သံယောဇနေ=ဖွဲ့ချည်တတ်တဲ့ တရားလဲဆိုတော့)။ စ=စင်စစ်ကေန် အမှန်အားဖြင့်။ တတ္ထ=ထိုစက္ခုဒွါရနှင့် ရူပါရုံ မျက်စိအကြည်နှင့် အဆင်းမျိုးစုံ ထိုနှစ်ပါးတို့ ပေါင်းဆုံရာ၌။ ယံ-ယော ဆန္ဒရာဂေါ=

http:\\www.dhammadownload.com



အကြင်တပ်မက်တတ်တဲ့ ဆန္ဒရာဂ တဏှာလောဘသည်၊ အတ္ထိ= ရှိ၏။ တံ=ထိုတပ်မက်တတ်တဲ့ ဆန္ဒရာဂ တဏှာလောဘသည်။ တတ္ထ=ထိုစက္ခုဒွါရနှင့် ရူပါရုံ မျက်စိ အကြည်နှင့် အဆင်းမျိုးစုံနှစ်ပါးတို့ ပေါင်းဆုံရာ၌။ သံယောဇနံ=ဖွဲ့ချည်တတ်တဲ့ သံယောဇဉ်တရား- ဖွဲ့ချည်ကြောင်း သံယောဇဉ်တရားပါ ဘုရား။

ကဲ...ဒီလိုဆိုကြပါစို့၊ "တဏှာလောဘသည် ဖွဲ့ချည်တတ်တဲ့ သံယောဇဉ်။ ဘာကို သူက ဖွဲ့ချည်တတ်သလဲဆိုတော့ စက္ခုကိုလဲ ဖွဲ့ချည်တတ်၊ တပ်မက်တတ်တယ်၊ ရူပါရုံကိုလဲ ဖွဲ့ချည်တတ်၊ တပ်မက် တတ်တယ်။ အတွင်းအာယတန အပြင်အာယတန ဒီလို တစ်တွဲ တစ်တွဲစီ ခြောက်တွဲလာပါတယ်။ (၁)

> န သောတံ သဒ္ဒါနံ သံယောဇနံ၊ န သဒ္ဒါ သောတဿ သံယောဇနံ။ ယဉ္စ တတ္ထ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ ဆန္ဒရာဂေါ၊ တံ တတ္ထ သံယောဇနံ။

ဘန္တေ=အရှင်မဖေထဲရ်မြတ်ကြီးတို့ဘုရား...။ သောတံ= နားဟုတွင်မည် ရုပ်အကြည်သည်။ သဒ္ဒါနံ=အသံမျိုးစုံ သဒ္ဒါရုံတို့ကို။ န သံယောဇနေ=ဖွဲ့ချည်ကြောင်း ဖွဲ့ချည်တတ်သည် မဟုတ်။ သဒ္ဒါ= အသံမျိုးစုံ သဒ္ဒါရုံတို့ကလဲပဲ။ သောတဿ=နားဟုတွင်မည် ရုပ် အကြည်၏ (ဝ) နားဟုတွင်မည် ရုပ်အကြည်ကို။ န သံယောဇနံ= ဖွဲ့ချည်ကြောင်း ဖွဲ့ချည်တတ်သည် မဟုတ်။ စ=စင်စစ် ကေန်အမှန် အားဖြင့်။ တတ္ထ= သောတဒွာရနှင့် သဒ္ဒါရုံ=နားအကြည်နှင့် အသံမျိုးစုံ ထိုနှစ်ပါးတို့ ပေါင်းဆုံရာ၌။ ယံ-ယော ဆန္ဒရာဂေါ=အကြင်တပ်မက် တတ်တဲ့ ဆန္ဒရာဂ တဏှာလောဘသည်။ အတ္ထိ=ရှိ၏။ တံ=ထို တပ်မက်တတ်တဲ့ ဆန္ဒရာဂ တဏှာလောဘသည်။ တတ္ထ=သောတ ဒွါရနှင့် သဒ္ဒါရုံ နား အကြည်နှင့် အသံမျိုးစုံ ထိုနှစ်ပါးတို့ ပေါင်းဆုံရာ၌။

http:\\www.dhammadownload.com



သံယောဇနံ=ဖွဲ့ချည်တတ်တဲ့ သံယောဇဉ်တရား၊ ဖွဲ့ချည်ကြောင်း သံယောဇဉ်တရားပါဘုရား။

မထေရ်မြတ်တို့ဘုရား...နားဟုတွင်မည် ရုပ်အကြည်က အသံမျိုးစုံ သဒ္ဒါရုံတို့ကို ဖွဲ့နှောင်တတ်တဲ့ သံယောဇဉ် မဟုတ်ပါဘူး၊ အသံမျိုးစုံ သဒ္ဒါရုံကလဲ နားဟုတွင်မည် ရုပ်အကြည်ကို ဖွဲ့နှောင် တတ်တဲ့ သံယောဇဉ် မဟုတ်ပါဘူးဘုရား၊ အမှန်ကတော့ သောတ ပသာဒ=နားအကြည်(နဲ့) အသံမျိုးစုံ သဒ္ဒါရုံကို တပ်မက်တတ်တဲ့ ဆန္ဒရာဂ=တဏှာလောဘသည်သာ ထိုဒွါရနှင့် အာရုံနှစ်ပါးတို့ကို ဖွဲ့နှောင်တတ်တဲ့ သံယောဇနေပါဘုရား။ (၂) ထို့အတူ –

န ဃာနံ သံယောဇနံ၊ န ဂန္ဓာ ဃာနဿ သံယောဇနံ၊ ယဉ္စ တတ္ထ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ ဆန္ဒရာဂေါ၊ တံ တတ္ထ သံယောဇနံ။

ဘန္တေ=အရှင်မထေရ်မြတ်ကြီးတို့ဘုရား။ ဃာနံ=နှာခေါင်း တွင်မည် ရုပ်အကြည်သည်။ ဂန္ဓာနံ=ဂန္ဓာရုံတို့ကို။ န သံယောဇနံ= ဖွဲ့ချည်ကြောင်း ဖွဲ့ချည်တတ်သည် မဟုတ်ပါ။ ဂန္ဓာ=အနံ့မျိုးစုံ ဂန္ဓာရုံတို့ကလဲပဲ။ ဃာနဿ=နှာခေါင်းတွင်မည် ရုပ်အကြည်ကို။ န သံယောဇနံ= ဖွဲ့ချည်ကြောင်း ဖွဲ့ချည်တတ်သည် မဟုတ်ပါ။ စ= စင်စစ်ကေန် အမှန်အားဖြင့်။ တတ္ထ=ဃာနဒွါရနှင့် ဂန္ဓာရုံ၊ နှာခေါင်း အကြည်နှင့် အနံ့မျိုးစုံ ထိုနှစ်ပါးတို့ ပေါင်းဆုံရာ၌။ တဒုဘယံ= ထိုဒွါရနှင့် အာရုံနှစ်ပါးစုံကို။ ပဋိစ္စ=စွဲ၍။ ယံ=ယော ဆန္ဒ ရာဂေါ= အကြင်တပ်မက်တတ်တဲ့ ဆန္ဒရာဂ တဏှာလောဘသည်။ တတ္ထ= ဃာနဒွါရနှင့် ဂန္ဓာရုံနှာခေါင်းအကြည်နှင့် အနံ့မျိုးစုံ ထိုနှစ်ပါးတို့ ပေါင်းဆုံရာ၌။ သံယောဇနံ=ဖွဲ့ချည်တတ်တဲ့ သံယောဇဉ်တရား၊ ဖွဲ့ချည်ကြောင်း သံယောဇဉ်တရားပါ ဘုရား။

http:\\www.dhammadownload.com



မထေရ်မြတ်ကြီးတို့ဘုရား...နှာခေါင်းတွင်မည် ရုပ်အကြည်က အနံ့မျိုးစုံ ဂန္ဓာရုံကို ဖွဲ့နှောင်တတ်တဲ့ သံယောဇဉ် မဟုတ်ပါဘူး၊ အနံ့မျိုးစုံ ဂန္ဓာရုံကလဲ နှာခေါင်းတွင်မည် ရုပ်အကြည်ကို ဖွဲ့နှောင်တတ်တဲ့ သံယောဇဉ် မဟုတ်ပါဘူးဘုရား။ အမှန်ကတော့ ဃာနပသာဒ=နှာခေါင်းအကြည်(နဲ့) အနံ့မျိုးစုံ ဂန္ဓာရုံတို့ကို စွဲမြင် တပ်မက်တတ်တဲ့ ဆန္ဒရာဂ၊ တဏှာလောဘသည်သာ ထိုဒွါရနှင့် အာရုံနှစ်ပါးစုံတို့ကို ဖွဲ့နှောင်တတ်တဲ့ သံယောဇနပါဘုရား။

(၃) ထို့အတူ –

န ဇိဝှါ ရသာနံ သံယောဇနံ၊ န ရသာ ဇိဝှါယ သံယောဇနံ၊ ယဉ္စ တတ္ထ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ ဆန္ဒရာဂေါ၊ တံ တတ္ထ သံယောဇနံ။

(အနက်သိလောက်ပါပြီ၊ ချုံးကြပါစို့) လျှာအကြည်နဲ့ ရသာရုံ အချင်းချင်း မဖွဲ့မနှောင်တတ်ကြပါဘူး၊ သံယောဇဉ် မဟုတ်ကြပါဘူး၊ အမှန်ကတော့ ယင်းတရား နှစ်ပါးကို အာရုံပြု၍ ဖြစ်ပေါ်လာတဲ့ ဆန္ဒရာဂ=တဏှာလောဘကသာလျှင် ယင်းဒွါရ+အာရုံနှစ်ပါးတို့ကို ဖွဲ့နှောင်ပေးတတ်တဲ့ သံယောဇနတရားပါဘုရား(တဲ့)၊

(၄)။ ထို့အတူ–

န ကာယော ဖောဋ္ဌဗ္ဗာနံ သံယောဇနံ၊ န ဖောဋ္ဌဗ္ဗာ ကာယဿ သံယောဇနံ၊ ယဉ္စ တတ္ထ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ ဆန္ဒရာဂေါ၊ တံ တတ္ထ သံယောဇနံ။

(အနက်သိလောက်ပါပြီ၊ အဓိပ္ပာယ်အချုပ်ကတော့) ကာယဒွါရ=ကိုယ်အကြည်(နဲ့) အတွေ့မျိုးစုံတို့ ရှိကြရာမှာ ကာယဒွါရ =ကိုယ်အကြည်က အတွေ့မျိုးစုံ=ဖောဋ္ဌဗ္ဗာရုံကို မဖွဲ့မနှောင်ပါ= (ကာယပသာဒက ဖောဋ္ဌဗ္ဗာရုံကို မတပ်မက်ပါ)၊ ဖောဋ္ဌဗ္ဗာရုံကလဲ

http:\\www.dhammadownload.com



ကာယဒွါရကို မဖွဲ့မနှောင်ပါ (မတပ်မက်ပါ)၊ ဒီနှစ်ပါးကို အကြောင်းပြုပြီး ကာယပသာဒကို တပ်မက်လိုက်၊ ဖောဋ္ဌဗ္ဗာရုံကို တပ်မက်လိုက်နဲ့နေတဲ့ တဏှာလောဘကသာ သံယောဇဉ် အစစ်ပါဘုရား(တဲ့)၊

(၅)ဆက်ပြီးတော့-

န မနော ဓမ္မာနံ သံယောဇနံ၊ န ဓမ္မာ မနသော သံယောဇနံ၊ ယဉ္စ တတ္ထ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ ဆန္ဒရာဂေါ၊ တံ တတ္ထ သံယောဇနံ။

ဘန္တေ=အရှင်မြတ်ကြီးတို့ဘုရား။ မနော=မနောတွင်မည် စိတ်အကြည်သည်။ ဓမ္မာနံ=ရုပ်နာမ်မျိုးစုံ ဓမ္မာရုံတို့ကို။ န သံယောဇနံ=ဖွဲ့ချည်ကြောင်း၊ ဖွဲ့ချည်တတ်သည် မဟုတ်ပါ။ ဓမ္မာ=ရုပ်နာမ်မျိုးစုံ ဓမ္မာရုံတို့သည်လည်း။ မနသော=မနောတွင်မည် စိတ်အကြည်ကို။ န သံယောဇနံ=ဖွဲ့ချည်ကြောင်း၊ ဖွဲ့ချည်တတ်သည် မဟုတ်ပါ။ စ=စင်စစ်ဧကန်အမှန်အားဖြင့်။ တတ္ထ=မနောဒွါရနှင့် ဓမ္မာရုံ=စိတ်အကြည်(နှင့်) ရုပ်နာမ်မျိုးစုံ ထိုနှစ်ပါးတို့ ပေါင်းဆုံရာ၌။ တဒုဘယံ=ထိုဒွါရ(နှင့်) အာရုံနှစ်ပါးစုံကို။ ပဋိစ္စ=စွဲ၍။ ယံ--ယော ဆန္ဒရာဂေါ=အကြင်တပ်မက်တတ်တဲ့ ဆန္ဒရာဂ တဏှာလောဘသည်။ ဥပ္ပဇ္ဇတိ=ဖြစ်၏။ တတ္ထ= မနောဒွါရ(နှင့်) ဓမ္မာရုံ=စိတ်အကြည်(နှင့်) ရုပ်နာမ်မျိုးစုံ ထိုနှစ်ပါးတို့ ပေါင်းဆုံရာ၌။ သံယောဇနံ=ဖွဲ့ချည်တတ်တဲ့ သံယောဇဉ်ဘုရား ဖွဲ့ချည် ကြောင်း သံယောဇဉ်တရားပါ ဘုရား။

အရှင်မြတ်ကြီးတို့ဘုရား၊ မနောတွင်မည် စိတ်အကြည်က ရုပ်နာမ်မျိုးစုံ ဓမ္မာရုံကို ဖွဲ့နှောင်တတ်တဲ့ သံယောဇဉ် မဟုတ်ပါဘူး။ ရုပ်နာမ်မျိုးစုံ ဓမ္မာရုံကလဲ မနောတွင်မည် စိတ်အကြည်ကို ဖွဲ့နှောင်တတ်တဲ့ သံယောဇဉ် မဟုတ်ပါဘူးဘုရား။ အမှန်ကတော့ မနောတွင်မည် စိတ်အကြည်(နဲ့) ရုပ်နာမ်မျိုးစုံ ဓမ္မာရုံတို့ကို ခုံမင်တပ်မက်တတ်

http:\\www.dhammadownload.com



တဲ့ ဆန္ဒရာဂ=တဏှာလောဘသည်သာ ထိုဒွါရ(နှင့်) အာရုံနှစ်ပါးစုံတို့ကို ဖွဲ့နှောင်တတ်တဲ့=သံယောဇနပါဘုရား။ (၆)

ဤကဲ့သို့ စိတ္တသူကြွယ် စိတ္တသေဋ္ဌေးက ရှင်းလင်းပြတ်သားစွာ လျှောက်ထားလေသည်။ အချုပ်မှာ ဒွါရ+အာရုံ အစုံအစုံရှိကြရာ ဒွါရ(နှင့်) အာရုံတို့က သံယောဇနိယ=ဖွဲ့နှောင်အပ်သောတရား။ ထိုဒွါရ+အာရုံတို့ကို တပ်မက်တတ်သည့် တဏှာလောဘ ၁၂-မျိုးက သံယောဇန=ဖွဲ့နှောင်တတ်သော တရားဟူ၍ ဆိုလိုရင်း အချက်ကို သတိချပ်၍ မှတ်ယူရာ၏။

အမေးအဖြေ ပြီး၏။

## မထေရ်ကြီးတို့ ချီးမွမ်းတော်မူကြခြင်း

ထိုသို့ စိတ္တသူကြွယ် အကျယ်ဝိတ္ထာရ ဖြေပြလျှောက်ထားလိုက်သောအခါ မဟာထေရ်ကြီးတို့၏ ဉာဏ်ထဲ၌ သံယောဇနဓမ္မ(နှင့်) သံယောဇနိယဓမ္မ-တို့ ပြတ်ပြတ်သားသား ကွဲကွဲပြားပြား ထင်ရှားသွားတယ်။ ထိုအခါ မထေရ်မြတ်ကြီးတို့က စိတ္တသူကြွယ်အား ဤဆိုလတ္တံ့သောအတိုင်း ချီးမွမ်း မိန့်ကြားတော်မူကြတယ်-

> လာဘာ တေ ဂဟပတိ၊ သုလဒ္ဓံ တေ ဂဟပတိ၊ ယဿ တေ ဂမ္ဘီရေ ဗုဒ္ဓဝစနေ ပညာစက္ခု ကမတိ။

ဂဟပတိ=ကျောင်းဒကာသေဋ္ဌေး။ တေ=သင်သည်။ လာဘာ=အရတော်လေစွ။ ဂဟပတိ=ကျောင်းဒကာသေဋ္ဌေး။ တေ=သင်သည်။ သုလဒ္ဓံ=လူ့အဖြစ်ကို ကောင်းစွာရအပ်ပါပေစွ၊ (ဘာကြောင့်လဲဆိုရင်) ယဿ တေ=အကြင်သင်၏။ (အဖို့ရာ)။ ဂမ္ဘီရေ=နက်နဲစွာသော။ ဗုဒ္ဓဝစနေ=ဘုရားစကားတော်၌။ ပညာစက္ခု=ဉာဏ်ပညာမျက်စိသည်။ ကမတိ=ငါတို့ထက် သက်သက်ဝင်ဝင် ရှိပါစွ။

http:\\www.dhammadownload.com



ကျောင်းဒကာသေဌေး၊ ကျောင်းဒကာရဲ့ အဖို့ရာ အရတော်လိုက်ပါဘိ။ ကျောင်းဒကာသည် လှူအဖြစ်ကို ကောင်းစွာရအပ်ပါဘိ။ (ဘာကြောင့်လဲဆိုရင်) ကျောင်းဒကာရဲ့ အဖို့ရာ အလွန်နက်နဲသော ဘုရားစကားတော်၌ ဉာဏ်ပညာမျက်စိဟာ သက်သက်ဝင်ဝင် ရှိပါဘိ၏။ ဒီတော့ ကျောင်းဒကာရဲ့ အဖို့ရာ ဒိဘုရားသာသနာတော်ကို အရတော်ပါဘိ၏။ လှူအဖြစ်ကို အရတော်ပါဘိ၏။ ဤကဲ့သို့ ကောင်းချီးပေးကြတယ်။

(၁) စိတ္တသံယုတ် သံယောဇနသုတ်ပြီးပါပြီ။

## စိတ္တသံယုတ်(၂) ဣသိဒတ္တသုတ်တရား

ဒီသုတ်မှာ ဣသိဒတ္တမထေရ်က အစစ တာဝန်ယူသကဲ့သို့ ဖြစ်သောကြောင့် သုတ်အမည်ကို ဣသိဒတ္တသုတ်ဟူ၍ အမည်တပ်ခြင်း ဖြစ်တယ်။ သုတ္တန်နိဒါန်းကတော့–

ဧကံ သမယံ သမ္ဗဟုလာ ထေရာ ဘိက္ခူ မစ္ဆိကာသဏ္ဍေ ဝိဟရန္တိ အမ္ဗာဋကဝနေ။ (သံ၊ ၃၊ ၄၇၅)

တစ်ချိန်က များစွာသော မထေရ်ကြီး ရဟန်းတော်တို့ မစ္ဆိကာသဏ္ဍမြို့ "ဝေးချိုပင် တောကျောင်းတိုက်၌" သီတင်းသုံး နေထိုင်တော်မူကြဆဲ ဖြစ်ပါတယ်။

ထိုအခါ ကျောင်းဒကာ စိတ္တသေဌေး မထေရ်ကြီး ရဟန်းတော်တို့ရှိရာ အရပ်သို့ လာရောက်ဝပ်လျိုး ရှိခိုးဦးညွှတ် အပြစ်လွတ်သောနေရာက ထိုင်နေပြီးတော့–

အဓိဝါသေန္တု မေ ဘန္တေ ထေရာ သွာတနာယ ဘတ္တံ။

ဘန္တေ=အရှင်တို့ဘုရား။ သွာတနာယ=နက်ဖြန်ကောင်းမှုကုသိုလ် အလို့ငှာ။ မေ=တပည့်တော်၏။ ဘတ္တံ=ဆွမ်းကို။

http:\\www.dhammadownload.com



အဓိဝါသေသုံ=သည်းခံသာယာတော်မူကြပါဘုရား–လို့ ပင့်လျှောက်တယ်။ မထေရ်မြတ်ကြီးတွေကလည်း ဆိတ်ဆိတ်နေသဖြင့် စိတ္တသူဌေး ပင့်လျှောက်ချက်ကို လက်ခံတော်မူကြတယ်။ ထိုအခါ ကျောင်းအတွင်း စိတ္တသူဌေး မထေရ်မြတ်ကြီးတို့ လက်ခံကြောင်း ကောင်းစွာသိရှိပြီး မထေရ်မြတ်ကြီးတို့ကို ရှိသေမြတ်နိုး ရှိခိုး၍ မိမိ အိမ်သို့ ပြန်သွားတယ်။ နက်ဖြန်ဖို့ ချမ်းခံဖွယ်ဘောဇဉ်များ စီမံ ချက်ပြုတ်နေတယ်။

ထိုညဉ့်လွန်မြောက် နောက်တစ်နေ့ ရောက်တဲ့အခါ ပင့် လျှောက်ချက်အတိုင်း များစွာသော မထေရ်တို့ စိတ္တသူဌေးရဲ့ နေအိမ် သို့ကြွ၍ ခင်းထားတဲ့နေရာမှာ ထေရ်စဉ်ဝါလိုက် သိတင်းသုံး နေထိုင် တော်မူကြတယ်။ (ထိုမထေရ်မြတ်ကြီးတို့ အထဲမှာ "အရှင်ထေရ" မည်သော မထေရ်သည် သံဃာ့ထေရ်ကြီး ဖြစ်တော်မူတယ်)။

အထ ခေါ စိတ္တော ဂဟပတိ ယေန ထေရာ ဘိက္ခူ၊
တေန+ပသင်္ကမိ၊ ဥပသင်္ကမိတွာ ထေရေ ဘိက္ခူ
အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ။

ထိုအခါ စိတ္တသူဌေးသည် မိမိဆွမ်း+ဟင်း စသည် စီမံရင်းက ပင့်ထားတဲ့ မထေရ်မြတ်ကြီးများ ရောက်လာတော့ မထေရ်မြတ်တို့ ရှိရာသို့ လာရောက် ရှိသေမြတ်နိုး ရှိခိုးပြီး အပြစ်လွတ်တဲ့နေရာက ထိုင်ပြီး အမေးပုစ္ဆာ ပြဿနာစကား လျှောက်ထားတယ်။ လျှောက် ထားပုံက–

ဓာတုနာနတ္တံ ဓာတုနာနတ္တန္တိ ဘန္တေ ထေရ ဝုစ္စတိ၊
ကိတ္တာဝတာ နု ခေါ ဘန္တေ ဓာတုနာနတ္တံ ဝုတ္တံ ဘဂဝတာ။

ဘန္တေ ထေရ="ထေရ"အမည်ရှိတော်မူတဲ့ သံဃာ့မထေရ်ကြီး ဘုရား။ ဓာတုနာနတ္တံ ဓာတုနာနတ္တန္တိ=ဓာတ်အထူးဓာတ်အထူးဟူ၍။ ဝုစ္စတိ=ဘုရားသာသနာဝယ် စမ္မဝေါဟာရစကား ပြောကြားအပ်ပါ၏။

http:\\www.dhammadownload.com



ဘန္တေ ထေရ="ထေရ'အမည်ရှိတော်မူပဲ့ သံဃာ့မထေရ်ကြီး ဘုရား။ ကိတ္တာဝတာ=အဘယ်မျှသော အတိုင်းအရှည်ဖြင့်။ ဓာတုနာနတ္တံ= ဓာတ်အထူးကို။ ဘဂဝတာ=မြတ်စွာဘုရားသည်။ ဝုတ္တံ=ဟောတော်မူ အပ်ပါသနည်း။

အရှင်ထေရ သံဃာ့မထေရ်ကြီးဘုရား(တဲ့) မြတ်စွာဘုရားက ဓာတ်အထူးထူးကို အဘယ်မျှသော အပိုင်းအခြားဖြင့် ဟောကြား အပ်ပါသလဲ(တဲ့)။ အဲဒီလို မေးမြန်းလျှောက်ထားတယ်။

ဧဝံ ဝုတ္တေ အာယသ္မာ ထေရော တုဏှီ အဟောသိ။

ဧဝံ ဝုတ္တေ=ဤသို့ စိတ္တသူဌေးက မေးလျှောက်အပ်သည် ရှိသော်။ အာယသ္မာ ထေရော=အရှင်ထေရ အမည်ရတဲ့ သံဃာ့မထေရ် ကြီးသည်၊ တုဏှီ=ဆိတ်ဆိတ်နေသည်၊ အဟောသိ=ဖြစ်ပြီ၊ သံဃာ့ မထေရ်ကြီးက မသိလို့ အဖြေမပေးဟာလားဆိုတော့ မသိလို့ မဟုတ် ဘူး။ သိတော့ သိတယ်။ တချို့ပုဂ္ဂိုလ်များ သိပြီး ပြန်ပြောဖို့ မရဲဘူး။ ဒီနေရာမှာ အဋ္ဌကထာက-

"ဇာနန္တောပိ အဝိသာရဒတ္တာ"။

အရှင်ထေရ သံဃာ့ထေရ်ကြီးသည် ဒါလောက်မှ မသိဘူး လား။ သိပါရဲ့။ သိလျက် ဘာပြုလို့ မဖြေသလဲဆိုတော့) ဇာနန္တောပိ= သိပင်သိသော်လည်း။ အဝိသာရဒတ္တာ=မရဲရင့်သည်၏ အဖြစ်ကြောင့်။ န ဗျာကာသိ=မဖြေဝံ့။ (မရဲလို့ မဖြေဝံ့တာတဲ့)။

စိတ္တသူဌေးကျောင်းဒကာကလဲ နှစ်ကြိမ်မြောက် ရှေးနည်း တူပဲ မေးတယ်။ နှစ်ကြိမ်မြောက် မေးလျှောက်တော့လဲ အရှင်ထေရ သံဃာ့မထေရ်ကြီးက မလှုပ်ဘူး။ (ဆိတ်ဆိတ်ပဲ)။ တတိယအကြိမ် လျှောက်တော့လဲပဲ ဘာမှမလှုပ်ဘူး။ ကိုင်း...ဒါတော့ ရှေ့ဆက်ပြီး ဘာဖြစ်သလဲဆိုတော့-

http:\\www.dhammadownload.com



တေန ခေါ ပန သမယေန အာယသ္မာ ဣသိဒတ္တော
တသ္မိံ ဘိက္ခုသံဃေ သဗ္ဗနဝကော ဟောတိ။

တေန ခေါ ပန သမယေန=ထိုအခါ၌။ အာယသ္မာ ဣသိဒတ္တော=အရှင်ဣသိဒတ္တသည်။ တသ္မိံ ဘိက္ခုသံဃေ=ထိုရဟန်းအပေါင်း၌။ သဗ္ဗနဝကော=အလုံးစုံတို့အောက် အငယ်ဆုံး ကိုယ်တော်သည်။ ဟောတိ=ဖြစ်၏။ (အငယ်ဆုံး ကိုယ်တော်ကလေးတဲ့)။

အထ ခေါ အာယသ္မာ ဣသိဒတ္တော အာယသ္မန္တံ
ထေရံ ဧတ+ဒဝေါစ။

ကျောင်းဒကာ(နှင့်) သံဃထေရ်ကြီးတို့ သုံးကြိမ်တိုင်တိုင် မေးအပ်ပါလျက် ငုတ်တုတ်ကြီး အရှုံးခံရမည်လို ဖြစ်နေတဲ့အခါ မခံသာတော့ ဒီအထဲမှာ သံဃနဝက=သံဃာ့ အငယ်ဆုံး အရှင် ဣသိဒတ္တ ရဟန်းတော်လေးက အရှင်ထေရ သံဃာ့မဟာထေရ်ကြီးကို ဤကဲ့သို့ ခွင့်ပန်လျှောက်ထားတယ်။

ဗျာကရောမ+ဟံ ဘန္တေ ထေရ စိတ္တဿ
ဂဟပတိနော ဧတံ ပဉှံ။

ဘန္တေ ထေရ=အရှင်ထေရ သံဃာ့မဟာထေရ်ကြီးဘုရား။ အဟံ=တပည့်တော်သည်။ စိတ္တဿ ဂဟပတိနော=ကျောင်းဒါယကာ စိတ္တသူဌေး၏။ ဧတံ ပဉှံ=ဤယခု မေးလျှောက်တဲ့ ပြဿနာကို။ ဗျာကရောမိ=ဖြေကြားပါရစေဘုရား။

သူ့နေရာကထ၍ သံဃမထေရ်ကြီး အရှင်ထေရရှိရာ၌ ရိုသေ မြတ်နိုးရှိခိုးပြီးမှ "အရှင်ထေရ သံဃာ့မထေရ်ကြီးဘုရား၊ ယခု ကျောင်း ဒကာ စိတ္တသေဌ္ဌေး မေးလျှောက်တဲ့ ပြဿနာကို တပည့်တော် ဖြေပါရ စေဘုရား–လို့ အခွင့်တောင်းတယ်။

ထိုအခါ အရှင်ထေရသံဃာ့မထေရ်ကြီးကလဲ–

http:\\www.dhammadownload.com



ဗျာကရောဟိ တွံ အာဝုသော စိတ္တသိဒတ္တ စိတ္တသ
ဂဟပတိနော ဓေတံ ပဥှံ။

ငါ့ရှင် ဣလသိဒတ္တ၊ ငါ့ရှင်သည် စိတ္တသေဌ္ဌေး ကျောင်းဒကာကြီး ယခုမေးတဲ့ ဒီပြဿနာကို ငါ့ရှင် လွတ်လွတ်ပဲ ဖြေပါလေ။ ဤကဲ့သို့ အခွင့်ပေးတော့မှ အရှင်ဣလသိဒတ္တက စိတ္တသေဌ္ဌေး ကျောင်းဒကာကြီး ကို ခိုင်မာအောင် ပြန်မေးတယ် –

ဝေံ ဟိ တွံ ဂဟပတိ ပုစ္ဆသိ “ ဓာတုနာနတ္တံ
ဓာတုနာနတ္တန္တိ ဘန္တေ ထေရ ဝုစ္စတိ၊ ကိတ္တာဝတာ နု ခေါ
ဘန္တေ ဓာတုနာနတ္တံ ဝုတ္တံ ဘဂဝတာ” တိ။

ကျောင်းဒကာ သေဌ္ဌေး၊ ကျောင်းဒကာက အရှင်ထေရ သံဃာ့ထေရ်ကြီးကို “အရှင်ထေရ သံဃာ့ထေရ်ကြီး ဘုရား၊ ဓာတ် အထူးထူး ဓာတ်အထူးထူး ဟူ၍ ဘုရားသာသနာဝယ် ဓမ္မဝေါဟာရ စကား ပြောကြားအပ်ပါ၏။ အရှင်ထေရ သံဃာမထေရ်ကြီးဘုရား၊ မြတ်စွာဘုရားက ဓာတ်အထူးထူးကို အဘယ်မျှသော အပိုင်းအခြား ဖြင့် ဟောကြားအပ်ပါ သလဲဘုရား”လို့ အဲဒီလို ကျောင်းဒကာကြီးက မေးတယ် မဟုတ်လား။ (ခိုင်မာအောင် ထပ်ချည်တယ်)။

ထိုအခါ ကျောင်းဒကာ စိတ္တသေဌ္ဌေးက–

ဧဝံဘန္တေ။

ဘန္တေ=အရှင်ဘုရား။ ဧဝံ=ဟုတ်ပါတယ်ဘုရားလို့ ပြန်ကြား လျှောက်တော့ အရှင်ဣလသိဒတ္တက ဤဆိုလတ္တံ့သောအတိုင်း ဖြေကြားတော်မူတယ်။ ဖြေကြားပုံမှာ –

ဣဒံ ခေါ ဂဟပတိ ဓာတုနာနတ္တံ ဝုတ္တံ ဘဂဝတာ၊
စက္ခုဓာတု+ရူပဓာတု+စက္ခုဝိညာဏဓာတု၊ သောတ
ဓာတု+သဒ္ဒဓာတု+သောတဝိညာဏဓာတု၊ ဃာနဓာတု+

http:\\www.dhammadownload.com



ဂန္ဓဓာတု+ ဃာနဝိညာဏဓာတု၊ ဇိဝှါဓာတု+ရသဓာတု+ ဇိဝှါဝိညာဏဓာတု၊ ကာယဓာတု+ဖောဋ္ဌဗ္ဗဓာတု+ ကာယဝိညာဏဓာတု၊ မနောဓာတု+ဓမ္မဓာတု+မနော ဝိညာဏဓာတု၊ ဧတ္တာဝတာ ခေါ ဂဟပတိ ဓာတုနာနတ္တံ ဝုတ္တံ ဘဂဝတာ။ (တဲ့)။ အနက်ပေးကြည့်ရအောင်။

ဂဟပတိ=ကျောင်းဒကာစိတ္တသူဌေး။ ဣဒံ ခေါ=ဤ ဆိုလတ္တံ့သည်ကို။ ဓာတု နာနတ္တံ=ဓာတ်အထူးထူးဟူ၍။ ဘဂဝတာ= မြတ်စွာဘုရားသည်။ ဝုတ္တံ=ဟောတော်မူအပ်ပြီ။ စက္ခုဓာတု=မျက်စိ တွင်မည် ရုပ်အကြည်ဓာတ်လည်းကောင်း။ ရူပဓာတု=အဆင်း မျိုးစုံ ရူပါရုံဆိုတဲ့ ရူပဓာတ်လည်းကောင်း။ စက္ခုဝိညာဏဓာတု=စက္ခု(နဲ့) ရူပါရုံနှစ်ပါး တိုက်ဆုံသဖြင့် ပေါ်ပေါက်လာတဲ့ မြင်မှု=စက္ခုဝိညာဏ ဓာတ် လည်းကောင်း၊ သောတဓာတု=နားဟုတွင်မည် ရုပ်အကြည် ဓာတ် လည်း ကောင်း။ သဒ္ဒဓာတု=အသံမျိုးစုံ သဒ္ဒါရုံဆိုတဲ့ သဒ္ဒဓာတ် လည်းကောင်း။ သောတဝိညာဏဓာတု=သောတ(နဲ့) သဒ္ဒါရုံ နှစ်ပါး တိုက်ဆုံသဖြင့် ပေါ်ပေါက်လာတဲ့ ကြားမှု=သောတဝိညာဏဓာတ် လည်းကောင်း။ ဃာနဓာတု=နှာခေါင်းတွင်မည် ရုပ်အကြည်ဓာတ် လည်းကောင်း။ ဂန္ဓဓာတု=အနံ့မျိုးစုံ ဂန္ဓာရုံဆိုတဲ့ ဂန္ဓဓာတ် လည်းကောင်း။ ဃာန ဝိညာဏဓာတု=ဃာန(နဲ့) ဂန္ဓာရုံနှစ်ပါး တိုက်ဆုံသဖြင့် ပေါ်ပေါက်လာတဲ့ နမ်းရှုမှု=ဃာနဝိညာဏဓာတ် လည်းကောင်း။ ဇိဝှါဓာတု=လျှာဟုတွင်မည် ရုပ်အကြည်ဓာတ် လည်းကောင်း။ ရသဓာတု=အရသာမျိုးစုံ ရသာရုံဆိုတဲ့ ရသဓာတ် လည်းကောင်း။ ဇိဝှာဝိညာဏဓာတု=ဇိဝှါ (နဲ့) ရသာရုံ နှစ်ပါး တိုက်ဆိုင်သဖြင့် ပေါ်ပေါက်လာတဲ့ စားမှု၊ လျက်မှု=ဇိဝှါဝိညာဏ ဓာတ်လည်းကောင်း။ ကာယဓာတု=ကိုယ်အကြည်ရုပ် လည်းကောင်း၊

http:\\www.dhammadownload.com



ဖောဋ္ဌဗ္ဗာရုံ=ဖောဋ္ဌဗ္ဗဓာတ် လည်းကောင်း။ ကာယဝိညာဏဓာတု=ကိုယ်(နှင့်) ဖောဋ္ဌဗ္ဗာရုံနှစ်ပါး တိုက်ဆိုင်သဖြင့် ပေါ်ပေါက်လာတဲ့ တွေ့မှုထိမှု=ကာယဝိညာဏဓာတ် လည်းကောင်း။ မနောဓာတု=စိတ်အကြည်ဓါတ် မနောဓာတ် လည်းကောင်း။ ဓမ္မဓာတု=ရုပ်နာမ်မျိုးစုံ ဓမ္မာရုံဆိုတဲ့ ဓမ္မဓာတ် လည်းကောင်း။ မနောဝိညာဏဓာတု=စိတ်ဟုတွင်မှတ် အထူးသိတတ်တဲ့ မနောဝိညာဏဓာတ် လည်းကောင်း။ ဂဟပတိ=ကျောင်းဒကာသူဌေး။ ဧတ္တာဝတာ=ဤမျှဖြင့် (သင်္ဘောသကာက်ရှိသလဲ၊ တစ်ဆယ့်ရှစ်ပါးရှိတယ်) ဓာတုနာနတ္တံ=ဓာတ် အထူးထူးကို။ ဘဂဝတာ=မြတ်စွာဘုရားသည်။ ဝုတ္တံ=ဟောတော်မူအပ်ပေ၏။

စိတ္တသေဋ္ဌေးဟာ တအံ့တသြ ဖြစ်သွားတယ်။ အဲဒီအချိန်မှာ ဆွမ်းမကပ်ရသေးဘူး။ အလွန်နှစ်သက်ပြီးတော့မှ–

အထ ခေါ စိတ္တော ဂဟပတိ အာယသ္မတော ဣသိဒတ္တဿ ဘာသိတံ အဘိနန္ဒိတွာ အနုမောဒိတွာ ထေရေ ဘိက္ခူ ပဏီတေန ခါဒနီယေန ဘောဇနီယေန သဟတ္ထာ သန္တပ္ပေသိ သမ္ပဝါရေသိ။

အထ ခေါ စိတ္တော ဂဟပတိ=ထိုအခါ စိတ္တသေဋ္ဌေးဟာ။ အာယသ္မတော ဣသိဒတ္တဿ=အရှင်ဣသိဒတ္တရဲ့။ ဘာသိတံ အဘိနန္ဒိတွာ အနုမောဒိတွာ=ပြတ်ပြတ်သားသား ဟောအပ်တဲ့ ဓာတ်တစ်ဆယ့်ရှစ်ပါး တရားစကားကို အလွန်နှစ်သက် သာဓုနုမောဒ်ခေါ်ဆိုပြီး။ ထေရေ ဘိက္ခူ=ဆွမ်းစားပင့်ထားတဲ့ မထေရ်ကြီးတို့ကို။ ပဏီတေန ခါဒနီယေန ဘောဇနီယေန=မွန်မြတ်တဲ့ ခဲဖွယ်စားဖွယ် အသွယ်သွယ်ဖြင့်။ သဟတ္ထာ=မိမိလက်ဖြင့်။ သန္တပ္ပေသိ=ရောင့်ရဲစေပြီး (သဟတ္ထာကြောက် ဆက်ကပ်တယ်)။ သမ္ပဝါရေသိ=တန်ပြီလို့ ဆိုရ

http:\\www.dhammadownload.com



လောက်အောင် ပြုစုလေပြီ။ ။

## မထေရ်ကြီးများ ကျောင်းတိုက်သို့ ပြန်ကြပြီ

အထ ခေါ ထေရာ ဘိက္ခူ ဘုတ္တာဝိနော သြနီတပတ္တ
ပါဏိနော ဥဋ္ဌာယာ+ သနာ ပက္ကမိံသု။

အထ ခေါ=ထိုနောက်။ ထေရာ ဘိက္ခူ=မထေရ်ကြီး ဖြစ်တော်မူကြတဲ့ ရဟန်းတို့သည်။ ဘုတ္တာဝိနော=ဆွမ်းစား၍ ပြီးကုန်ရကား။ သြနီတပတ္တပါဏိနော=ဆေးကြောအပ်ပြီးသဖြင့် သပိတ်မှ ဖယ်ရှားအပ်ပြီးသော လက်ရှိကုန်ရကား။ ဥဋ္ဌာယာ+သနာ ပက္ကမိံသု= နေရာမှထ၍ ဖဲသွားကြကုန်ပြီ။

ဆွမ်းကိစ္စပြီးလတ်ရကား "ငွေးချိုပင်တောကျောင်းတိုက်"သို့ ပြန်သွားကြ၍ ကျောင်းတိုက်သို့ ရောက်လျှင်ပင် –

အထ ခေါ အာယသ္မာ ထေရော အာယသ္မန္တံ ဣသိဒတ္တံ
တေ+ ဒဝေါစ "သာဓု ခေါ တံ အာဝုသော ဣသိဒတ္တ
သော ပဉှော ပဋိဘာသိ၊ နေသော ပဉှောမံ ပဋိဘာသိ။
တေန ဟာ+ ဝုသော ဣသိဒတ္တ ယဒါ အညဒါပိ ဧဝရူပေါ
ပဉှော အာဂစ္ဆေယျ၊ တညေဝေ+တ္တပဋိဘာသေယျ"တိ။

အထ ခေါ=ထိုသို့ ငွေးချိုပင် တောကျောင်းတိုက် ရောက်ဆိုက်သောအခါ၌။ အာယ သ္မာ ထေရော=အရှင်ထေရ သံဃာ့မထေရ်ကြီးက။ အာယသ္မန္တံ ဣသိဒတ္တံ=အရှင်ဣသိဒတ္တကို။ ဧတံ ဝစနံ= ဤသို့သော ချီးမွမ်းစကားကို။ အဝေါစ=ပြောဆိုလတ်ပြီ။ (ပြောပုံကား)– "အာဝုသော ဣသိဒတ္တ=ငါ့ရှင် ဣသိဒတ္တ။ သော ပဉှော= ဤပြဿနာ နှင့် ဆိုင်ရာ အဖြေစကားသည်။ တံ ပဋိ=သင်၏ ဉာဏ်၌။ သာဓု ခေါ=ကောင်းစွာ။ ဘာသိ=ထင်ပါပေ၏။ (သာဓုပါ ငါ့ရှင်

http:\\www.dhammadownload.com



က္ကလိဒတ္တ၊ ဤစိတ္တသေဋ္ဌေး လျှောက်ထားတဲ့ ပြဿနာရဲ့ အဖြေဟာ ငါ့ရှင်ရဲ့ ဉာဏ်ထဲမှာ လင်းလင်းကြီး ထင်ပါဘိ၊ ပေါ်ပါဘိ၊ သာဓု သာဓု။ ဧသော ပဉှော=ဤပြဿနာအတွက် ဖြေရမည့် အချက်သည်။ မံ ပဋိ=ငါ့ဉာဏ်၌။ န ဘာသိ=မထင်ဘူး။

(ကိုယ်တော် ယခုပြောတဲ့ ခါတ်တစ်ဆယ့်ရှစ်ပါး တပည့်တော် သိတာပေါ့။ ယခု တရားနာနေတဲ့ ရဟန်းတွေလဲ သိတာပေါ့။ သိပေမယ့်လို့ ဒီလို ဖြေရလိမ့်မယ်လို့ ဖြေပုံကို မသိကြဘူး။ အရှင်ထေရ သံဃာ့ထေရ်ကြီးက ဖြေပုံကို မသိလို့ ဝန်ခံတာ)။

အာဝုသော ကလိဒတ္တ=ငါ့ရှင် ကလိဒတ္တ။ တေန ဟိ=သို့တပြီး ကား။ ယဒါ အညဒါပိ=အမှတ်မထင် အကြင်တစ်ပါးသောအခါ၌ လည်း။ ဧဝရူပေါ ပဉှော=ဤသို့သဘောရှိတဲ့ ပြဿနာသည်။ အာဂစ္ဆေယျ=သံဃာ့ထံမှောက် ရောက်၍လာငြားအံ့။ တဒါပိ=ထိုအခါ ၌လည်း။ တွေ=ဤအမေးပုစ္ဆာ ပြဿနာ၌။ တညေဝ ပဋိ=သင်၏ ဉာဏ်၌ပင် လျှင်။ ဘာသေယျ=ထိုတရားရဲ့ အဖြေစကား ထင်ပါစေ။

"နောက်နောက် မေးလျှင်လဲ ငါ့ရှင်ပဲ ဖြေပါ"လို့ အရှင်ထေရ သံဃာ့ထေရ်ကြီးက အရှင်ကလိဒတ္တအား တစ်ခါတည်း အပြီးအပိုင် ခွင့်ပေးထားတယ်။

(ပဌမကလိဒတ္တသုတ် ပြီးပြီ)

## စိတ္တသံယုတ်(၃) ဒုတိယကလိဒတ္တတရား

စိတ္တသံယုတ်အတွက် (၃) နံပါတ် ဟောရမယ့်သုတ်က ဒုတိယ ကလိဒတ္တသုတ်တဲ့။ ဒီသုတ်ရဲ့ နိဒါန်းကလဲပဲ ယခင်နည်း အတိုင်းပင် (ချုံးပြီး ပြောကြစို့)-

တစ်ချိန်က များစွာသော မထေရ်ရဟန်းတို့ မစ္ဆိကာသဏ္ဍ

http:\\www.dhammadownload.com



မြို့မှာ အမ္ဗာဋကဝန ခေါ်တဲ့ စိတ္တသေဋ္ဌေး ဆောက်လှူတဲ့ "ဒွေးခိုးပင် တောကျောင်းတိုက်ကြီး"မှာ သီတင်းသုံး နေကြဆဲ။ ထိုအခါ ကျောင်း ဒကာ စိတ္တသေဋ္ဌေး ကျောင်းတိုက်သို့ လာပြီး မထေရ်မြတ်ကြီးများကို ဆွမ်းစားပင့်တယ် (အေး...ရှေ့သုတ်အတိုင်းပဲ)။ မထေရ်မြတ်ကြီး များ ဆိတ်ဆိတ်နေသဖြင့် ပင့်လျှောက်ချက်ကို လက်ခံ။ စိတ္တသေဋ္ဌေး ထိုအကြောင်းသိပြီး မထေရ်မြတ်ကြီးများကို ရှိသေမြတ်နိုး ရှိခိုးပြီး အိမ်ပြန်၊ ဆွမ်းများစီမံ၊ နောက်တစ်နေ့ နံနက်မိုးသောက် ရောက်တော့ မထေရ်မြတ်ကြီးများ ထေရ်စဉ်ဝါလိုက် စိတ္တသေဋ္ဌေး နေအိမ်သို့ ကြွ ရောက်၍ ခင်းအပ်သော နေရာ၌ ထေရ်စဉ်ဝါလိုက် ထိုင်နေမိကြပြီ။

ရှေ့နေ့ကလိုပဲ။ ဒီနေ့လဲပဲ စိတ္တသေဋ္ဌေး လာရောက်၍ မထေရ် မြတ်တို့ကို ရှိခိုးပြီး အပြစ်လွတ်တဲ့နေရာက ထိုင်ပြီး (မဖြေဝံ့ပါဘူး ဆိုမှပဲ မေးရမည့် ဝတ္တရားအရ) အရှင်ထေရ သံဃာ့ထေရ်ကြီးကို မေးတယ်။ မေးပုံမှာ -

ယာ ဣမာ ဘန္တေ ထေရ အနေကဝိဟိတာ ဒိဋ္ဌိယော လောကေ ဥပ္ပဇ္ဇန္တိ။ (သံ၊ ၃၊ ၄၇၇)

အရှင်ထေရ သံဃာ့မထေရ်ကြီး ဘုရား၊ တစ်ပါးမက များလှ စွာသော မိစ္ဆာအယူတို့ လောက၌ ဖြစ်ရှိကြပါတယ်။ (ဘာတွေလဲ ဆိုတော့)-

သဿတော လောကောတိ ဝါ=လောကသည် ဘယ်တော့မှ မပျက်စီးဘူး၊ မြဲတယ်။ အဲဒီလို ယူတဲ့ မိစ္ဆာဒိဋ္ဌိ။

အသဿတော လောကောတိ ဝါ=လောကသည် မမြဲဘူး၊ ပျက်တယ်။ အဲဒီလို ယူတဲ့ မိစ္ဆာဒိဋ္ဌိ။

အန္တဝါ လောကောတိ ဝါ=လောကသည် အဆုံးရှိ၏ဟူ၍ ယူတဲ့ မိစ္ဆာဒိဋ္ဌိ။

http:\\www.dhammadownload.com



အနန္တ ဝါ လောကောတိ ဝါ=လောကသည် အဆုံးမရှိဘူးဟူ၍ ယူတဲ့ မိစ္ဆာဒိဋ္ဌိ။

တံ ဇီဝံ တံ သရီရန္တိ ဝါ=ဇီဝလိပ်ပြာနဲ့ ဒီကိုယ်ဟာ တစ်ခုတည်းပဲလို့ယူတဲ့ မိစ္ဆာဒိဋ္ဌိ။

အညံ ဇီဝံ အညံ သရီရန္တိ ဝါ=ဇီဝလိပ်ပြာက တခြား၊ ကိုယ်ကြီးက တခြားလို့ လိပ်ပြာနဲ့ ကိုယ် တခြားစီပဲလို့ ယူတဲ့ မိစ္ဆာဒိဋ္ဌိ။

ဟောတိ တထာဂတော ပရံ မရဏာတိ ဝါ=သတ္တဝါခေါ်တဲ့ လိပ်ပြာသည် သေပြီးသည့်နောက်မှာ ဖြစ်တယ်လို့ ယူတဲ့ သဿတဒိဋ္ဌိ။

န ဟောတိ တထာဂတော ပရံ မရဏာတိ ဝါ=သတ္တဝါခေါ်တဲ့ လိပ်ပြာသည် သေပြီးသည့်နောက်မှာ မဖြစ်ဘူး ပြတ်တယ်လို့ ယူတဲ့ ဥစ္ဆေဒဒိဋ္ဌိ။ (လက်ဝဲဝါဒရှိလျှင် ဒီဥစ္ဆေဒဒိဋ္ဌိကို လွန်စွာ နှစ်နှစ်သက်သက် ယူတတ်တယ်။ လက်ယာဝါဒရှိလျှင် ရှေ့ဆိုခဲ့တဲ့ သဿတဒိဋ္ဌိကို နှစ်နှစ်သက်သက် ယူတတ်တယ်။)

ဟောတိ စ န စ ဟောတိ တထာဂတော ပရံ မရဏာတိ ဝါ=အတ္တ ဇီဝ လိပ်ပြာခေါ်တဲ့ သတ္တဝါဟာ သေပြီးသည့်နောက်မှာ ဖြစ်တာလည်းရှိ မဖြစ်တာလည်းရှိလို့ ယူတဲ့ ဧကစ္စသဿတမိစ္ဆာဒိဋ္ဌိ။

နေဝ ဟောတိ န န ဟောတိ တထာဂတော ပရံ မရဏာတိ ဝါ=အတ္တ ဇီဝ လိပ်ပြာခေါ်တဲ့ သတ္တဝါဟာ သေပြီးသည့်နောက်မှာ ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ်လို့ ယူတဲ့ အမရာဝိက္ခေပခေါ်တဲ့ မိစ္ဆာဒိဋ္ဌိ (ဤအမရာဝိက္ခေပမိစ္ဆာအယူရှိတဲ့ ပုဂ္ဂိုလ်ဟာ သူ့ကို "သတ္တဝါလိပ်ပြာဟာ သေပြီးသည့်နောက် ဖြစ်သလား" လို့ မေးလျှင် ဟင်...ဖြစ်တယ်လို့လဲ ကျွန်ုပ် မပြောဘူးလို့ ဖြေတယ်။ "သတ္တဝါလိပ်ပြာဟာ သေပြီးသည့်နောက် မဖြစ်ဘူးလား" လို့ မေးလျှင်

http:\\www.dhammadownload.com



လဲ ဟင်...မဖြစ်ဘူးလို့လဲ ကျွန်ုပ်မပြောဘူးလို့ ဖြေတယ်။ ထို့ကြောင့် ထိုသူရဲ့ မိစ္ဆာအယူသည် ဟိုလိုလဲ အဖမ်းမခံ၊ ဒီလိုလဲ အဖမ်းမခံတဲ့ အမရာဝိက္ခေပ ငါးနှင့်တူသောကြောင့် အမရာဝိက္ခေပဒိဋ္ဌိ ဟု ခေါ်၏။ ) ဤဆိုပြီး မိစ္ဆာဒိဋ္ဌိ ဆယ်မျိုးကို ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိ ဆယ်ပါးဟု ခေါ်သည်။

ယာနိ စိ+မာနိ ဒ္ဂါသဋ္ဌိဒိဋ္ဌိဂတာနိ ဗြဟ္မဇာလေ ဘဏိတာနိ။

ဗြဟ္မဇာလေ=ဗြဟ္မဇာလသုတ္တန်၌။ ဘဏိ တာနိ=မြတ်စွာဘုရား ဟောကြားအပ်ကုန်သော။ ယာနိ စ ဣမာနိ ဒ္ဂါသဋ္ဌိဒိဋ္ဌိဂတာနိ= အကြင် ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာအယူတို့သည်။ သန္တိ=ရှိကုန်၏။

ဣမာ နု ခေါ ဘန္တေ ဒိဋ္ဌိယော ကိသ္မိံ သတိ ဟောန္တိ၊ ကိသ္မိံ အသတိ န ဟောန္တိ။

ဘန္တေ ထေရ=အရှင်ထေရ သံဃာ့ထေရ်ကြီးဘုရား။ ဣမာဒိဋ္ဌိယော။ ဤလျှောက်ထားရာပါ ဒသဝတ္ထုကမိစ္ဆာဒိဋ္ဌိ ဆယ်ပါး+ဗြဟ္မဇာလသုတ္တန်လာ မိစ္ဆာဒိဋ္ဌိ ခြောက်ဆယ့်နှစ်ပါးတို့သည်။ **ကိသ္မိံ သတိ**= အဘယ်တရားရှိလျှင်။ ဟောန္တိ=ဖြစ်ကုန်သနည်း။ ကိသ္မိံ အသတိ= အဘယ်တရားမရှိလျှင်။ န ဟောန္တိ=မဖြစ်ကြကုန်သနည်း**ဘုရား**။

ဤကဲ့သို့ ကျောင်းဒကာစိတ္တသေဋ္ဌေးက (သံဃာ့ထေရ်ကြီး ရှိလျက် သံဃနဝက-ကို ကျော်မေးလျှင် မလျော်မလျောက်ပတ်သော ကြောင့်) အရှင်ထေရသံဃာ့မဟာထေရ်ကြီးကို မေးလျှောက်သော အခါ ရှေးနည်းအတူပင် အရှင်ထေရသံဃာ့မထေရ်ကြီးက သိလျက် မဖြေဝံ့သဖြင့် ဆိတ်ဆိတ်နေတော်မူ၍ သုံးကြိမ်တိုင်ရောက် စိတ္တသေဋ္ဌေးက မေးလျှောက်ပြီးသောအခါ အရှင်ဣသိဒတ္တ သံဃာငယ်က အရှင်ထေရ သံဃာ့မထေရ်ထံ ခွင့်ပန်၍ စိတ္တသေဋ္ဌေးအား ရှေးနည်း အတူပင် နိုင်မာအောင်-

http:\\www.dhammadownload.com



"ကျောင်းဒကာ၊ ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိဆယ်ပါး၊ ဖြဟ္မဇာလသုတ္တန်လာ မိစ္ဆာဒိဋ္ဌိခြောက် ဆယ့်နှစ်ပါးတို့သည် အဘယ်တရားရှိလျှင် ဖြစ်ကြ၍ အဘယ်တရားမရှိလျှင် မဖြစ်ကြသနည်းဟု မေးလျှောက်သလား" ဤသို့မေး၍ စိတ္တသေဋ္ဌေးက "ဓိဝံဘန္တေ=ဟုတ်ပါတယ်ဘုရား" လို့ ဝန်ခံစကား ပြန်လည်လျှောက်ထားတဲ့အခါ အရှင်ဣသိဒတ္တ မထေရ်က–

ယာ ဣမာ ဂဟပတိ အနေကဝိဟိတာ ဒိဋ္ဌိယော လောကေ ဥပ္ပဇ္ဇန္တိ "သဿတော လောကော"တိ ဝါ၊ "အသဿတော လောကော"တိ ဝါ၊ "အန္တဝါ လောကော"တိ ဝါ၊ "အနန္တဝါ လောကော"တိ၊ ဝါ၊ "တံ ဇီဝံ တံ သရီရ"န္တိ၊ "အညံ ဇီဝံ အညံ သရီရ" န္တိ ဝါ၊ "ဟောတိ တထာဂတော ပရံ မရဏာ"တိ ဝါ၊ "ဟောတိ စ န စ ဟောတိ တထာဂတော ပရံ မရဏာ" တိ ဝါ၊ "နေဝ ဟောတိ န န ဟောတိ တထာဂတော ပရံ မရဏာ"တိ ဝါ၊ ယာနိစိ+မာနိ ဒွါသဋ္ဌိ ဒိဋ္ဌိဂတာနိ ဖြဟ္မဇာလေ ဘဏိတာနိ၊ ဣမာ ခေါ ဂဟပတိ ဒိဋ္ဌိယော သက္ကာယဒိဋ္ဌိယာ သတိ ဟောန္တိ၊ သက္ကာယဒိဋ္ဌိယာ အသတိ န ဟောန္တိ။

ဂဟပတိ=ကျောင်းဒကာသေဋ္ဌေး။ အနေကဝိဟိတာ=တစ်ပါးမက များလှစွာကုန်သော။ ယာ ဣမာ ဒိဋ္ဌိယော=အကြင်မိစ္ဆာအယူတို့သည်။ လောကေ–လောက၌။ ဥပ္ပဇ္ဇန္တိ = ဖြစ်ရှိကြကုန်၏။ "သဿတော လောကောတိ ဝါ=လောကသည် မြဲတယ်–ဟု ယူတဲ့မိစ္ဆာအယူ လည်းကောင်း။ "အသဿတော လောကောတိ ဝါ=လောကသည် မမြဲဘူး ပြတ်တယ်"ဟု ယူတဲ့ မိစ္ဆာဒိဋ္ဌိအယူ လည်းကောင်း။ "အန္တဝါ လောကောတိ ဝါ=လောကသည် အဆုံးရှိ၏"ဟု

http:\\www.dhammadownload.com



ယူတဲ့ မိစ္ဆာအယူ လည်းကောင်း၊ "အနန္တ ဝါ လောကော တိဝါ= လောကသည် အဆုံးမရှိ" ဟု ယူတဲ့ မိစ္ဆာအယူလည်းကောင်း။ "တံ ဇီဝံ တံ သရီရန္တိ ဝါ=ဇီဝလိပ်ပြာ နဲ့ ဒီကိုယ်ဟာ တစ်ခုတည်းပဲ"လို့ ယူတဲ့ မိစ္ဆာအယူ လည်းကောင်း။ အညံ ဇီဝံ အညံ သရီရန္တိဝါ= ဇီဝလိပ်ပြာတခြား၊ ကိုယ်တခြားယူတဲ့ မိစ္ဆာအယူ လည်းကောင်း၊ "ဟောတိ တထာဂတော ပရံ မရဏာတိ ဝါ=သတ္တဝါ ခေါ်တဲ့ လိပ်ပြာ သည် သေပြီးသည့်နောက်မှာ ဖြစ်တယ်"လို့ ယူတဲ့ သဿတဒိဋ္ဌိ လည်းကောင်း။ "န ဟောတိ တထာဂတော ပရံ မရဏာတိ ဝါ= သတ္တဝါခေါ်တဲ့ လိပ်ပြာသည် သေပြီးသည့်နောက်မှာ မဖြစ်ဘူး ပြတ်တယ်"လို့ ယူတဲ့ ဥစ္ဆေဒဒိဋ္ဌိ လည်းကောင်း။ "ဟောတိ စ န စ ဟောတိ တထာဂတော ပရံ မရဏာတိ ဝါ=သတ္တဝါခေါ်တဲ့ လိပ်ပြာ သည် သေပြီးသည့်နောက်မှာ ဖြစ်တာလဲရှိ၊ မဖြစ်တာလဲရှိ"လို့ ယူတဲ့ ဧကစ္စသဿတ ဒိဋ္ဌိလည်းကောင်း။ "နေဝ ဟောတိ န န ဟောတိ တထာဂတော ပရံ မရဏာတိ ဝါ=သတ္တဝါခေါ်တဲ့ လိပ်ပြာသည် သေပြီးသည့်နောက်မှာ ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ်လို့ ယူတဲ့ အမရာဝိက္ခေပဒိဋ္ဌိ လည်းကောင်း။ ဥပ္ပဇ္ဇန္တိ=ဖြစ် ကုန်၏။ (အရင်းပြန်သတ်၊ ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိ ဆယ်ပါး)။ ဗြဟ္မဇာလေ=ဗြဟ္မဇာလ သုတ္တန်၌။ ဘဏိတာနိ= မြတ်စွာဘုရား ဟောကြားအပ်ကုန်သော။ ယာနိ စ ဒွါသဋ္ဌိ ဒိဋ္ဌိဂတာနိ= အကြောင်ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာ အယူတို့သည်။ သန္တိ=ရှိကုန်၏။ ဂဟပတိ=ကျောင်းဒကာ။ ဣမာခေါ ဒိဋ္ဌိယော=ဤဒသဝတ္ထု ကမိစ္ဆာဒိဋ္ဌိ+ဗြဟ္မဇာလသုတ်လာ ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိ တို့သည်။ သက္ကာယဒိဋ္ဌိ ယာသတိ=သက္ကာယဒိဋ္ဌိ ဖြစ်ရှိသော်။ ဟောန္တိ= ဖြစ်ကုန်၏။ သက္ကာယဒိဋ္ဌိ ယာအသတိ=သက္ကာယ ဒိဋ္ဌိ မဖြစ်ရှိသော်။

http:\\www.dhammadownload.com



န ဟောန္တိ=မဖြစ်ကြကုန်။

အချုပ်အားဖြင့် ဣသိဒတ္တသံဃနော ရဟန်းတော်က "ကျောင်းဒကာသေဌေး ... ဒသဝတ္ထုကမိစ္ဆာဒိဋ္ဌိ ဆယ်ပါး(နှင့်) ဗြဟ္မဇာလသုတ္တန်လာ မိစ္ဆာဒိဋ္ဌိ ခြောက်ဆယ့်နှစ်ပါးတို့ဟာ သက္ကာယဒိဋ္ဌိ ဖြစ်ရှိလျှင် ဖြစ်ကြ၍+သက္ကာယ ဒိဋ္ဌိမဖြစ်ရှိလျှင် မဖြစ်ကြဘူး" ဤကဲ့သို့ ဖြေလိုက်တဲ့အခါမှာ မေးစရာစကား အစွန်းနှစ်မျိုး ထွက်လာတယ်။ (၁) သက္ကာယဒိဋ္ဌိဖြစ်ပုံ အခြင်းအရာ+(၂) သက္ကာယဒိဋ္ဌိ မဖြစ်ပုံ အခြင်းအရာ=ဤနှစ်ပါးတို့တွင် (၁) အခြင်းအရာကို မေးလို၍ –

ကထံ ပန ဘန္တေ သက္ကာယဒိဋ္ဌိ ဟောတိ။

ဘန္တေ=အရှင်ဣသိဒတ္တဘုရား။ ကထံ=ဘယ်ပုံဘယ်နည်း လမ်းဖြင့်။ သက္ကာယဒိဋ္ဌိသည်။ ဟောတိပန=ဖြစ်ပါသနည်းဘုရား။ အရှင်ဣသိဒတ္တဘုရား၊ သက္ကာယဒိဋ္ဌိ ဘယ်လို အခြင်းအရာနဲ့ ဖြစ်သလဲ ဘုရားလို့ မေးလျှောက်တော့ အရှင်ဣသိဒတ္တသံဃနော ရဟန်းတော်က

ဣဓ ဂဟပတိ အဿုတဝါ ပုထုဇ္ဇနော အရိယာနံ အဒဿာဝီ အရိယဓမ္မဿ အကောဝိဒေါ အရိယဓမ္မေ အဝိနီတော၊ သပ္ပုရိသာနံ အဒဿာဝီ သပ္ပုရိသဓမ္မဿ အကောဝိဒေါ သပ္ပုရိသဓမ္မေ အဝိနီတော ရူပံ အတ္တတော သမနုပဿတိ၊ ရူပဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ ရူပံ၊ ရူပသ္မိံ ဝါ အတ္တာနံ၊ ဝေဒနံ အတ္တတော သမနုပဿတိ၊ (ပ)၊ သညံ။ သင်္ခါရေ။ ဝိညာဏံ အတ္တတော သမနုပဿတိ၊ ဝိညာဏံ၊ ဝိညာဏသ္မိံ ဝါ အတ္တာနံ၊ ဧဝံ ခေါ ဂဟပတိ သက္ကာယဒိဋ္ဌိ ဟောတိ။ (ဝေဒနာ စသည် နည်းတူ)

ကျောင်းဒကာသေဌေး၊ ဤလောကမှာ ဗဟုသုတ လုံးဝ မရှိတဲ့ အန္ဓပုထုဇ္ဇဉ်ပုဂ္ဂိုလ်=အရိယာတို့ကို ဉာဏ်မျက်စိနဲ့ မမြင်ဖူး၊

http:\\www.dhammadownload.com



အရိယာတို့ရဲ့တရား၌ မကျွမ်းကျင်၊ အရိယာတို့ရဲ့ ဝိနည်း၌ မယဉ်ကျေးတဲ့ အန္ဓဗာလ ပုထုဇဉ်ပုဂ္ဂိုလ်=သူတော်ကောင်းတို့ကို ဉာဏ်မျက်စိနဲ့ မမြင်ဖူး၊ သူတော်ကောင်းတို့ရဲ့ တရား၌မကျွမ်းကျင်၊ သူတော်ကောင်းတို့ရဲ့ ဝိနည်း၌ မယဉ်ကျေးတဲ့ အန္ဓဗာလပုထုဇဉ်ပုဂ္ဂိုလ် –

(ဆိုကြပါစို့–တရားနဲ့အလွန်ဝေး၊ အရိယာသူတော်ကောင်းတို့ကို ဉာဏ်မျက်စိနဲ့ မမြင်ဖူး၊ အရိယာ သူတော်ကောင်းတို့ရဲ့ တရား၌ မကျွမ်းကျင်၊ အရိယာသူတော်ကောင်းတို့ရဲ့ ဝိနည်း၌ မယဉ်ကျေးတဲ့ ပုဂ္ဂိုလ်လို့ ဆိုကတည်းက ဒီလူဟာ "နလပိန်းတုံး"ပဲ၊ ရုပ်ရယ်+နာမ်ရယ် +ခန္ဓာရယ်+အာယတနရယ်+ဓာတ်ရယ်လို့ ဘာမှမသိတဲ့ပုဂ္ဂိုလ်ပဲ။ အဲဒီ အန္ဓဗာလပုထုဇဉ် ပုဂ္ဂိုလ်ဟာ–အန္ဓဗာလဖြစ်သောကြောင့် (ဝါ) အရိယာသူတော်ကောင်းတို့နဲ့ မပေါင်းသင်းတဲ့အတွက် အရိယဝိနည်းမှာ မလိမ္မာ၊ မလိမ္မာတော့ အယူတွေ အလွဲလွဲ အချော်ချော် မှားကုန်တယ်။ ဘယ်လိုမှားသလဲဆိုလျှင်–ရူပံ အတ္တတော သမနုပဿတိ၊ ရူပဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ ရူပံ၊ ရူပသ္မိံဝါ အတ္တာနံ၊ အဲဒီလို ရုပ်နဲ့ပတ်သက်ပြီး သက္ကာယဒိဋ္ဌိ လေးပါးတို့ကို ပြောကုန်ကြတယ်။

စကားချပ်

လူတွေက ဝိညာဏ်+ဇီဝ+အတ္တ+လိပ်ပြာ–လို့ အားကြီးပြောကြတယ်။ ရပ်ရှင်တွေမှာဆိုရင် လိပ်ပြာကိုများ ပြောရရင် ပိုပြီးပြောကြတယ်။ အဲဒီရပ်ရှင်က ဒါရိုက်တာတွေ ကို "ကိုရင်တို့ပြောတဲ့ လိပ်ပြာဟာ ဘယ်လိုပုံပန်းလဲ"လို့ မေးလျှင် သူတို့လဲ ဟုတ်တိ+ပတ်တိ ပြောတတ်မယ် မထင်ဘူး။ မြန်မာပြည်က လူတွေရဲ့ လိပ်ပြာဆိုတဲ့ အတ္တဝါဒဟာ မခိုင်မြဲဘူးနော်။

ဒါဟာ ဘုန်းကြီးရဲ့ အပြောမဟုတ်ဘူးနော်၊ ဘုန်းကြီးတို့ ရဟန်း သုံးဝါ၊ လေးဝါ လောက်တုန်းက မန္တလေးရွှေမြို့တော်

http:\\www.dhammadownload.com



အဘယာရာမကျောင်းတိုက်က ကျေးဇူးရှင်အဘယာရာမ ဆရာတော်ဘုရားကြီးထံမှောက်သို့ မကြာမကြာ မောဂ္ဂလ္လာန်သဒ္ဒါကျမ်းကိစ္စနဲ့ ပတ်သက်ပြီး ဥပဇ္ဈာယ်ဆရာတော်က စေလွှတ်လို့ ရောက်ရတဲ့အခါ အဘယာရာမ ဆရာတော်ဘုရားကြီးက စကားပြောတဲ့အထဲမှာ တစ်ခါက "ဦးပဥ္စင်းရာ၊ တို့မြန်မာပြည်က လူတွေမှာ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ဘာမှ အောင်အောင်မြင်မြင် မြဲမြဲခိုင်ခိုင် မရှိပါဘူး။ ဘာ့ကြောင့်လဲဆိုရင် သက္ကာယဒိဋ္ဌိ အတ္တလိပ်ပြာနဲ့ ပတ်သက်တဲ့စာပေဟာ မြန်မာပြည်မှာ ဘယ်သူ့မှာမှမရှိဘဲ" ဤသို့ မိန့်တော်မူပါတယ်။

အင်း...လိပ်ပြာအကြောင်း မေးရင်တော့ဖြင့် ရိုးတိုးယားတားချည်းပဲ။ မြန်မာပြည်မှာ မခိုင်မမာ လိပ်ပြာခွဲတယ်ဆိုတဲ့ အမှတ်တစ်ခုရှိတယ်။ သားကလေး အသက်ငယ်ငယ်မှာ မိခင် ကွယ်လွန်သွားလျှင် မိခင်ရဲ့လိပ်ပြာက သားငယ်ရဲ့ လိပ်ပြာနှင့် ပူးနေ တွဲနေလို့ "သားရဲ့လိပ်ပြာနဲ့ အမိရဲ့ လိပ်ပြာခွဲတယ်" ဆိုတဲ့ အလုပ်တစ်ခု ရှိတယ်။ သားကလေးငယ်ငယ်မှာ မိခင်သေသွားလို့ "လိပ်ပြာခွဲတယ်" ဆိုတာ လုပ်တော့ လိပ်ပြာခွဲတဲ့ အဘွားကြီးများက မိခင်ဖြစ်သူရဲ့ ရုပ်အလောင်းထည့်ထားသော ခေါင်းပေါ်မှာ ချိန်ခွင်ကိုတင်ပြီး ချိန်ခွင် လက်တစ်ဖက်ကို ဖခင်အတွက်ဆိုပြီး ထုံးမှတ်၍ ကျန်တစ်ဖက်ကိုတော့ အမေ့ညီမဖြစ်သူ ကြီးတော်=အဒေါ်ရဲ့ဘက်လို့ အားလုံးကို အသိပေးပြီး အမေ့လိပ်ပြာ(နဲ့) သားရဲ့လိပ်ပြာခွဲတဲ့ အခမ်းအနား စပြီဆိုပါစို့။

စလျှင်ပင် လိပ်ပြာခွဲတဲ့ အဘွားကြီးက ပရိသတ်အလယ်မှာ "မိခင်ဖြစ်သူ... ကြီးတော် (အမေ့ညီမ၊ အစ်မ)ထံမှာ ကလေးကိုထားတာကို ကြိုက်သလား၊ ဖခင်ထံမှာ ထားတာကို ကြိုက်သလား၊ ကြိုက်တဲ့ဘက်က ချိန်ခွင်ကို စီးပြပါ"လို့ ပြောတယ်။ ဒါကို လိပ်ပြာခွဲတယ်လို့ ခေါ်တယ်။

http:\\www.dhammadownload.com



အဲဒီ စီးပြပါလို့ ခိုင်းတဲ့ အဘွားကြီးကိုပဲ "လိပ်ပြာဆိုတာ ဘယ်လိုဟာပါလဲ"လို့ မေးကြည့်ပါ။ သူ ကောင်းကောင်း မပြောတတ်ပါဘူး။ အဲဒီအဘွားကြီးက "လုပ်ရိုးထုံးစံရှိလို့ လုပ်ရတာပါ" ဒီလိုပဲ ပြောမယ်။ မသာလောင်း ထည့်ထားတဲ့ ခေါင်းကို လက်နဲ့ပုတ်ပြီး အစီး ခိုင်းသော်လဲပဲ ပင်ကိုယ်က လိပ်ပြာဆိုတာ ရှိမှမရှိတော့ ချိန်ခွင်လက် နှစ်ခု ဟာ ငြိမ်မြဲငြိမ်နေတယ်။

လူတွေကလဲပဲ ဘေးက ဝိုင်းနေတော့ "ကြာလျှင်ဖြင့် ငါ အရှက်ကွဲတော့မှာပဲ"လို့ အောက်မေ့ပြီး လိပ်ပြာခွဲတဲ့ အဘွားကြီးက လူမသိအောင် အဲဒီချိန်ခွင်အပေါ် လေဖြင့် မှုတ်လိုက်တယ်။ အဲဒီချိန်ခွင် လက်ထက်မှာ လေက သွားရိုက်ခတ်တော့ လေခတ်မိတဲ့ဘက်က ချိန်ခွင်လက်က နိမ့်သွားတယ်။ အဲ...ကံဆိုးတဲ့သူတော့ ခံပေရော့။ အဖေ့ဘက်က ချိန်ခွင်လက် နိမ့်ကျလျှင် ကလေးရဲ့တာဝန်ကို အဖေက ခံ၊ ကြီးတော်ဘက်က ချိန်ခွင်လက် နိမ့်ကျလျှင် ကလေးရဲ့တာဝန်ကို ကြီးတော်က ခံပေတော့။

အဲဒီမှာ ဘေးကလူတွေက "ဟာ...လိပ်ပြာက အဖေ့ဘက်ကို စီးပြသဟ၊ ကြီးတော်ဘက်ကို စီးပြသဟ၊ အဲဒီလို ပြောတတ်ကြတယ်။ စီးပြတယ်သာ ဆိုကြတယ်၊ သူတို့လဲ ဘာမှ မမြင်ကြရဘူး။ သူတို့သာ မမြင်ကြရတာမဟုတ်၊ လိပ်ပြာခွဲပြတဲ့ အဘွားကြီးလဲ ဘာမှ မမြင်ရဘူး။ ဒါကြောင့် အဘယာရာမ ဆရာတော်ဘုရားကြီးက "ဦးပဥ္စင်းရ ...ငါတို့ ရဲ့ မြန်မာပြည်မှာ အတ္တ=လိပ်ပြာဝါဒ ဘာမှ ခိုင်ခိုင်မာမာ မရှိဘူးကွယ့်။ မြတ်စွာဘုရား အနတ္တဝါဒကို ဟောတော်မူရတာ အိန္ဒိယ နိုင်ငံအတွက်ကွယ့်" လို့ မိန့်တော်မူခဲ့တာ။

မှန်ပါတယ်။ သူတို့အိန္ဒိယနိုင်ငံမှာကျတော့ လက်လေးလုံး၊ ငါးလုံးလောက် အထုရှိတဲ့ လိပ်ပြာ=အတ္တအကြောင်း ရေးဖွဲ့ထားတဲ့

http:\\www.dhammadownload.com



**အလွဲလွဲ** အကြောင်းအရာ စာအုပ်ကြီးတွေ ရှိကြတယ်။

အဲ...သူတို့အနေနှင့်က ဒါရုပ်ပဲ၊ ဒါဝေဒနာပဲ၊ ဒါသင်္ခါရပဲ၊ ဒါဝိညာဏ်ပဲလို့ ပရမတ္ထအသိဉာဏ်နဲ့ မသိပဲ ဒါဟာ အတ္တပဲ+ဝိညာဏ်ပဲ+လိပ်ပြာပဲလို့ ရေးသား+ပြောဆိုချက်များကို ပရမတ္ထသစ္စာ အသိဉာဏ်မျက်စိနဲ့ ဆင်ခြင်ကြည့်လျှင်–"(၁) အချို့သော အတ္တဝါဒသမားက ရုပ်ကို အတ္တလို့ ပြောတယ်။ (၂) အချို့က ဝေဒနာကို။ (၃) အချို့က သညာကို။ (၄) အချို့က သင်္ခါရကို။ (၅) အချို့က စိတ်ဝိညာဏ်ကို အတ္တလိပ်ပြာ လို့ ပြောတယ်"လို့ သိရပါတယ်။ အနည်းငယ်မျှ ဖွင့်ပြရပါလျှင်–

(၁) အချို့အတ္တဝါဒသမားက "လိပ်ပြာအတ္တဆိုတာ လွန်စွာသိမ်မွေ့တဲ့ အဆင်းကလေးပဲ" စသည် ပြောဆိုခဲ့လျှင် "သူက ရူပါရုံရုပ်တရားကို အတ္တလိပ်ပြာ"ဟု ထင်နေကြောင်း ဆင်ခြင်သိရှိရပါတယ်။

(၂) အချို့အတ္တဝါဒသမားကျတော့ "ဟိုလူမသိလို့ ပြောတာ၊ အတ္တလိပ်ပြာဆိုတာ ကောင်းကောင်းဆိုးဆိုး အာရုံအမျိုးမျိုးကို ခံစားတတ်တယ်၊ ခံစားတဲ့ သဘောဗျ"လို့ ပြောတတ်တယ်။ ထိုသို့ပြောလျှင် "သူကား ဝေဒနာကို အတ္တလိပ်ပြာဟု ထင်နေကြောင်း" ဆင်ခြင် သိရှိရပါတယ်။

(၃) အချို့အတ္တဝါဒသမားများကျတော့ "အတ္တလိပ်ပြာဆိုတာ ထိုထိုရေးရာ လိမ္မာပါးနပ်တဲ့ သဘောမျိုးဗျ"လို့ ပြောတတ်တယ်။ ထိုသို့ပြောလျှင် "သူကား သညာနာမ် တရားကို အတ္တလိပ်ပြာဟု ထင်နေကြောင်း" ဆင်ခြင်သိရှိရပါတယ်။

(၄) အချို့အတ္တဝါဒသမားများကျတော့ "အတ္တလိပ်ပြာဆိုတာ ကောင်းကောင်းဆိုးဆိုး အမှုအမျိုးမျိုးကို ပြုတတ်၊ ပြောတတ်၊

http:\\www.dhammadownload.com



ကြတတ်တဲ့ သဘော”လို့ ပြောတတ်တယ်။ ထိုသို့ပြောလျှင် သူကား စေတနာဆိုတဲ့ သင်္ခါရက္ခန္ဓာနာမ်တရားကို အတ္တထင်နေပါတကား” ဟု စဉ်းစားသိမြင်ရပါတယ်။

(၅)အချို့အတ္တဝါဒသမားများကျတော့ “အတ္တလိပ်ပြာဆိုတာ မြင်မှု၊ ကြားမှု၊ နမ်းရှုမှု၊ စားမှု၊ လျက်မှု၊ ထိမှု၊ သိမှုသဘောရှိတယ်”လို့ ပြောတတ်ကြတယ်။ ထိုသို့ ပြောလျှင် “သူကား စိတ်ဆိုတဲ့ ဝိညာဏက္ခန္ဓာ နာမ်တရားကို အတ္တထင်နေသူပါတကား”ဟု စဉ်းစား သိမြင်ရပါတယ်။

ဤဆိုခဲ့ပြီးအတိုင်း အတ္တဝါဒသမား၏ အတ္တစွဲပုံကို သိပြီး ဗုဒ္ဓရှင်တော်က ပရမတ္ထဉာဏ်ဖြင့် သိပြီး ဟောတော်မူခဲ့တဲ့အတိုင်း သာဝကဖြစ်သော ဣသိဒတ္တသံဃနော အရှင်မြတ်လေးကလဲပဲ သက္ကာယဒိဋ္ဌိ=လိပ်ပြာဆိုတဲ့ အယူမှားဖြစ်ပုံကို ရူပံ အတ္တတော သမနုပဿတိ၊ ရူပဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ ရူပံ၊ ရူပသ္မိံ ဝါ အတ္တာနံ (စသည်ဖြင့်) ဟောတော်မူခဲ့တယ်။ အနက်ကား–

(၁) ရူပံ=ရုပ်တရားကို။ အတ္တတော=အတ္တလိပ်ပြာဟူ၍။ သမနုပဿတိ=ရှုတတ်တယ်။ (ရုပ် ၂၈–ပါးထဲမှ တစ်ပါးကို အတ္တလိပ်ပြာ–ဟု ယူခြင်း၊ ဥပမာ “ခက်မာမှုသဘောသည် အတ္တလိပ်ပြာပဲ” စသည်ဖြင့် အယူမှားခြင်းဟု ဆိုလိုသည်။ မြတ်စွာဘုရားအလိုတော်က “ခက်မာမှု–စသော ရုပ်ပရမတ္ထသဘောသည် ရုပ်ပရမတ္ထသာ ဖြစ်တယ်၊ အတ္တလိပ်ပြာ မဟုတ်” ဟူ၍ ဆိုလိုသည်။)

(၂) ဝါ=သို့မဟုတ်။ အတ္တာနံ=အတ္တလိပ်ပြာကို။ ရူပဝန္တံ= ရုပ်ရှိ၏–ဟူ၍။ သမနုပဿတိ=ရှုတတ်၏။ (ဤဒုတိယအတ္တသမား ပြောလိုတာက “ဟိုလူ မသိလို့ ပြောနေတာ၊ အတ္တလိပ်ပြာဟာ ရုပ်ရှိတယ်။ ပန်းပွင့်မှာ ရနံ့ရှိသလို အတ္တလိပ်ပြာသည် ရုပ်ရှိတယ်”

http:\\www.dhammadownload.com



ဤကဲ့သို့ ပြောတယ်။ ဤဒုတိယလူကား နာမ်တရားကို ပန်းပွင့် ပမာထား၊ ရုပ်တရားကို အနံ့ရနံ့ပမာထားပြီး အယူမှားသူဖြစ်တယ်)။

(၃) ဝါ=သို့မဟုတ်။ အတ္တနိ=အတ္တလိပ်ပြာ၌။ ရူပံ=ရုပ်ကို၊ သမနုပဿတိ=ရှုတတ်၏။ (ဤတတိယအတ္တသမား ပြောလိုတာက "ဟိုလူတွေ မပြောတတ်လို့ပါ၊ ကြုတ်ထဲမှာ ကျောက်ကလေး တည်သလို အတ္တ၌ ရုပ်က တည်တယ်" ဤကဲ့သို့ နာမ်တရားကို ကြုတ်ပမာ +ရုပ်တရားကို ကျောက်မျက်ပမာထားပြီး အယူမှားသူဖြစ်တယ်။

(၄) ဝါ=သို့မဟုတ်။ ရူပသ္မိံ=ရုပ်တရား၌။ အတ္တာနံ=အတ္တလိပ်ပြာကို။ သမနုပဿတိ=ရှုတတ်၏။ (ဤစတုတ္ထအတ္တသမား ပြောလိုတာက "ရုပ်၌ အတ္တက–တည်တာ၊ လိပ်ပြာက ရုပ်၌တည်တာ၊ ရုပ်က အတ္တလိပ်ပြာရဲ့ တည်နေရာ" ဤသို့ ပြောကြား အယူမှားခြင်း ဖြစ်ပါတယ်။)

ဤသို့လျှင် ရုပ်ကို ဦးတည်ပြီး ပြောကြား အယူမှားတဲ့ အတ္တလိပ်ပြာဝါဒသည် လေးပါးရှိသကဲ့သို့ ထို့အတူ ဝေဒနာကို ဦးတည် ပြောကြား အယူမှားတဲ့ အတ္တလိပ်ပြာဝါဒသည်လည်း လေးပါး၊ သညာကို (ပေယျာလ) သင်္ခါရကို+စိတ်ဝိညာဏ်ကို ဦးတည်ပြောကြား အယူမှားတဲ့ အတ္တလိပ်ပြာသည်လည်း လေးပါးစီပင် ရှိသောကြောင့် အားလုံးပေါင်းလျှင် အတ္တလိပ်ပြာဝါဒ သက္ကာယဒိဋ္ဌိ နှစ်ဆယ်ဖြစ်ကြောင်း အကျယ်ဟောပြပြီး –

ဧဝံ ခေါ ဂဟပတိ သက္ကာယဒိဋ္ဌိ ဟောတိ။

ဂဟပတိ=ကျောင်းဒကာသေဌ္ဌေး။ ဧဝံ ခေါ=ဤသို့ပင်လျှင်။ သက္ကာယဒိဋ္ဌိ=သက္ကာယဒိဋ္ဌိသည်။ ဟောတိ=ဖြစ်ပေ၏။ (ဤယခု ပြောခဲ့တဲ့အတိုင်း သက္ကာယဒိဋ္ဌိ ဟောတိ=အတ္တဒိဋ္ဌိနှစ်ဆယ် ဖြစ်တယ်) လို့ ဟောသောအခါ ကျောင်းဒကာ စိတ္တသေဌ္ဌေး ကျေနပ်အားရ

http:\\www.dhammadownload.com



ဝမ်းမြောက်ပြီး ဤဆိုလတ္တံ့သောအတိုင်း သက္ကာယဒိဋ္ဌိ=အတ္တဒိဋ္ဌိ မဖြစ်ပုံကို မေးမြန်းတယ်။

**အတ္တဒိဋ္ဌိ မဖြစ်ပုံ အမေး+အဖြေ**

ကထံ **ပန ဘန္တေ** သက္ကာယဒိဋ္ဌိ န ဟောတိ။

အရှင်ဘုရား၊ **သက္ကာယ**ဒိဋ္ဌိ ဘယ်လိုမဖြစ်သလဲ၊ မဖြစ်တာက **ဘယ်လို** မဖြစ်တာတုန်း။ **ဤသို့** မေးလျှောက်သောအခါ အရှင် **ဓမ္မဒိန္နာ**က **ဤဆိုလတ္တံ့သောအတိုင်း** ဖြေကြားတော်မူတယ်။

**ဣဓ ဂဟပတိ** သုတဝါ **အရိယသာဝကော အရိယာနံ ဒဿာဝီ** အရိယဓမ္မဿ **ကောဝိဒေါ** အရိယဓမ္မေ သုဝိနီတော သပ္ပုရိသာနံ ဒဿာဝီ သပ္ပုရိသဓမ္မဿ ကောဝိဒေါ သပ္ပုရိသ ဓမ္မေ သုဝိနီတော န ရူပံ အတ္တတော သမနုပဿတိ၊ န ရူပဝန္တံ ဝါ အတ္တာနံ၊ န အတ္တနိ ဝါ ရူပံ၊ န ရူပသ္မိံ ဝါ အတ္တာနံ။ န ဝေဒနံ (ပ)၊ န သညံ (ပ)၊ န သင်္ခါရေ (ပ)၊ န ဝိညာဏံ အတ္တတော သမနုပဿတိ၊ န ဝိညာဏဝန္တံ ဝါ အတ္တာနံ၊ န အတ္တနိ ဝါ ဝိညာဏံ၊ န ဝိညာဏသ္မိံ ဝါ အတ္တာနံ။ ဧဝံ ခေါ ဂဟပတိ သက္ကာယဒိဋ္ဌိ န ဟောတိ။ (သံယုတ္တ၊ ၃၊ ၄၇၉)။

အနက်ကား - ဂဟပတိ=ကျောင်းဒကာ။ ဣဓ=ဤလောက၌။ သုတဝါ=အာဂမ, အဓိဂမ သုတနှစ်ပါးရှိသော၊ အရိယသာဝကော =မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်သော။ အရိယာနံ ဒဿာဝီ= အရိယာတို့ကို ဉာဏ်မျက်စိဖြင့် မြင်လေ့ရှိသော။ အရိယ ဓမ္မဿ ကောဝိဒေါ=အရိယာတို့၏ တရားအရာ၌ ကျွမ်းကျင်လိမ္မာသော။ အရိယ ဓမ္မေသုဝိနီတော=အရိယာတို့၏ တရား၌ ကောင်းစွာ ယဉ်ကျေးပြီးသော။ သပ္ပုရိသာနံ ဒဿဝီ=ဘုရားအစရှိသော သူတော်

http:\\www.dhammadownload.com



ကောင်းတို့ကို ဉာဏ်မျက်စိဖြင့် မြင်လေ့ရှိသော။ သပ္ပုရိသဓမ္မဿ ကောဝိဒေါ=သူတော်ကောင်းတို့၏ တရားအရာ၌ ကျွမ်းကျင်လိမ္မာသော။ သပ္ပုရိသ ဓမ္မေ သုဝိနီတော=သူတော်ကောင်းတို့၏ တရား၌ ကောင်းစွာ ယဉ်ကျေးပြီးသော ကလျာဏပုထုဇဉ် အရိယာသူတော်စင်သည်။ ရူပံ=ရုပ်ကို။ အတ္တတော=အတ္တလိပ်ပြာဟူ၍။ န သမနုပဿတိ =အလွဲလွဲ မရှုမြင်။ ရူပဝန္တံ=ရုပ်ရှိသော။ အတ္တာနံ ဝါ=အတ္တလိပ်ပြာဟူ၍လည်း။ န သမနုပဿတိ=အလွဲလွဲ မရှုမြင်။ အတ္တနိ=အတ္တလိပ်ပြာ၌။ ရူပဝန္တံ ဝါ=ရုပ်ရှိ၏ဟူ၍လည်း။ န သမနုပဿတိ=အလွဲလွဲ မရှုမြင်။ ရူပသ္မိံ= ရုပ်တရား၌။ အတ္တာနံ ဝါ=အတ္တလိပ်ပြာရှိ၏+တည်နေ၏ ဟူ၍လည်း။ န သမနု ပဿတိ=အလွဲလွဲ မရှုမြင်။ (ရုပ်၌–၄ချက်)။

(၂) ဝေဒနံ=ဝေဒနာကို။ န သမနုပဿတိ=အတ္တလိပ်ပြာဟူ၍ အလွဲလွဲ မရှုမြင် (ပ)။ (၃) သညံ=သညာကို၊ နသမနုပဿတိ၊ အတ္တဟု မရှုမြင်၊ (၄) သင်္ခါရေ=ငါးဆယ်သချာ သင်္ခါရက္ခန္ဓာတို့ကို။ န သမနုပဿတိ=အတ္တလိပ်ပြာ ဟူ၍ အလွဲလွဲမရှုမြင်(ပ)။ (၅) ဝိညာဏံ=မြင်မှု၊ ကြားမှု၊ နမ်းရှူမှု၊ စား+လျက်မှု၊ ထိမှု၊ သိမှု=ဤ ခြောက်ခုသော စိတ်အစုကို။ အတ္တတော=အတ္တလိပ်ပြာဟူ၍။ န သမနုပဿတိ=အလွဲလွဲ မရှုမြင်။ ဝိညာဏဝန္တံ=စိတ်ရှိသော။ အတ္တာနံ ဝါ=အတ္တလိပ်ပြာဟူ၍လည်း။ န သမနုပဿတိ=အလွဲလွဲမရှုမြင်။ အတ္တနိ=အတ္တလိပ်ပြာ၌။ ဝိညာဏဝန္တံ ဝါ=စိတ်ရှိ၏ဟူ၍လည်း။ န သမနုပဿတိ=အလွဲလွဲမရှုမြင်။ ဝိညာဏသ္မိံ=စိတ်၌။ အတ္တာနံ ဝါ=အတ္တလိပ်ပြာရှိ၏=တည်နေ၏ ဟူ၍လည်း။ န သမနုပဿတိ= အလွဲလွဲ မရှုမြင်။ ဝိညာဏသ္မိံ=စိတ်၌။ အတ္တာနံ ဝါ = အတ္တလိပ်ပြာရှိ၏=တည်နေ၏ ဟူ၍လည်း။ န သမနုပဿတိ=အလွဲလွဲ မရှုမြင်။

http:\\www.dhammadownload.com



ဂဟပတိ=ကျောင်းဒကာ...။ ဧဝံ ခေါ=ဤသို့ဆိုလျှင်၊ (ဝါ) ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့်။ သက္ကာယဒိဋ္ဌိသည်။ န ဟောတိ=မဖြစ်။

အချုပ်မှတ်ဖွယ် အဓိပ္ပာယ်

အရိယာ သူတော်ကောင်းတို့ကို ဉာဏ်မျက်စိဖြင့် မြင်ဖူး+အရိယာသူတော်ကောင်းတို့၏တရား၌ ကျွမ်းကျင်လိမ္မာ+အရိယာသူတော်ကောင်းတို့၏ တရား၌ ကောင်းစွာ ယဉ်ကျေးပြီးတဲ့ ကလျာဏ ပုထုဇဉ် အရိယာသူတော်စင်တို့သည် ခန္ဓာငါးပါးတို့တွင် တစ်ပါးပါး၌မှာမှ လေးပါးစီ လေးပါးစီသော အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိတို့ဖြင့် အလွဲလွဲအမှားမှား မရှုဘူး။ ပရမတ္ထသစ္စာ ဉာဏ်အမြင်ဖြင့်သာလျှင် ဤကား ရုပ်တရား+ဤကား ဝေဒနာ+ ဤကား သညာ+ဤကားသင်္ခါရ ဤကားစိတ်–ဟူ၍သာလျှင် ရှုမြင်တော်မူကြ၏။ ဤနည်းအားဖြင့် သက္ကာယဒိဋ္ဌိ မဖြစ်ပေ–ဟူ၍ ဖြေကြားခြင်းဖြစ်၏။

အရှင်ဣသိဒတ္တအရှင်မြတ်ကား ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်တော့ မြတ်စွာဘုရား ဟောတာနဲ့ အရှင်မြတ် ဟောတာသည် တစ်ထပ်တည်းကျတယ်။ သို့ရကား အနာဂါမ်အရိယာဖြစ်သူ ကျောင်းဒကာ စိတ္တသေဋ္ဌေးသည် အရှင်သူမြတ် ဟောဆိုချက်သည် မြတ်စွာဘုရား ဟောဆိုချက်ဖြင့် တစ်ထပ်တည်း တူမျှနေရကာ လွန်စွာလွန်စွာ သာဓုအနုမောဒနာ ပြုလေသည်။

မမြင်ဖူးသောမိတ်ဆွေ ဖြစ်နေခြင်း

တရားပွဲကား ပြီးသွားလေပြီ။ စိတ္တသေဋ္ဌေးအဖို့ရာ မေးဖွယ်ရာ ကိစ္စတစ်ခုဖြစ်လာသည်မှာ သေဋ္ဌေး၏အဖို့ရာ အဝန္တိတိုင်းမှာ မမြင်ဖူးဘဲ အထူးချစ်ခင်နေတဲ့ ဣသိဒတ္တမည်သော သူငယ်ချင်း အမျိုးကောင်းသား ရဟန်းပြုသွားတယ်လို့လဲ သတင်းကြားရ၊ ယခု အရှင်

http:\\www.dhammadownload.com



မြဲတ်ရဲ့ ဘွဲ့ကလည်း အရှင်ကွဲသိဒတ္တတဲ့၊ "ဤအရှင်သည် ငါရဲ့ မမြင်ဖူးသောမိတ်ဆွေ ကွဲသိဒတ္တ အမျိုးကောင်းသားများ ဖြစ်နေမည်လား" ဟု စဉ်းစားမိသဖြင့် (စိတ္တသေဋ္ဌေးက)–

ကုတော ဘန္တေ အယျော ကွဲသိဒတ္တော အာဂစ္ဆတိ။

ဘန္တေ=အရှင်ဘုရား...။ အယျော ကွဲသိဒတ္တော=အရှင်ကွဲသိဒတ္တသည်။ ကုတော=အဘယ်အရပ်က။ အာဂစ္ဆတိ=ကြွလာခဲ့ပါသနည်းဘုရား။ အရှင်ကွဲသိဒတ္တ... အရှင်ဘုရား ဘယ်အရပ်က လာခဲ့တာလဲဘုရား...(လို့ မေးတယ်)။

အဝန္တိယာ ခေါ ဂဟပတိ အာဂစ္ဆာမိ။

ဂဟပတိ=ကျောင်းဒကာ...။ အဟံ=ငါသည်။ အဝန္တိယာ=အဝန္တိတိုင်းမှ။ အာဂစ္ဆာမိ=လာခဲ့ပါ၏။ ကျောင်းဒကာ ငါသည် အဝန္တိတိုင်း က လာခဲ့တယ်လို့ ဖြေတယ်။

ဆက်ပြီးတော့ စိတ္တသေဋ္ဌေးက–

အတ္ထိ ဘန္တေ အဝန္တိယာ ကွဲသိဒတ္တော နာမ ကုလပုတ္တော အမှာကံ အဒိဋ္ဌသဟာယော ပဗ္ဗဇိတော၊ ဒိဋ္ဌော သော အာယသ္မတာ။ (သံ၊ ၃၊ ၄၇၉)

ဘန္တေ=အရှင်ဘုရား။ အဝန္တိယာ=အဲဒီအဝန္တိတိုင်း၌။ အမှာကံ=တပည့်တော်တို့၏။ အဒိဋ္ဌသဟာယော=မမြင်ဖူးသည့် မိတ်ဆွေဖြစ်သော။ ပဗ္ဗဇိတော=ယခုအချိန်မှာတော့ ရဟန်းပြုသွားပြီ–(လို့ သတင်းကြားသိရသော)။ ကွဲသိဒတ္တော နာမ ကုလပုတ္တော=ကွဲသိဒတ္တမည်သောအမျိုးကောင်းသားသည်။ အတ္ထိ=ရှိပါ၏။ အာယသ္မတာ အရှင်ဘုရားသည်။ သော=ထိုအမျိုးကောင်းသား ကွဲသိဒတ္တကို။ ဒိဋ္ဌော =မြင်အပ်ဖူးပါသလား ဘုရား။

အရှင်ဘုရား၊ အဲဒီ အဝန္တိတိုင်းမှာ တပည့်တော်တို့ရဲ့ မမြင်ဖူး

http:\\www.dhammadownload.com



ဘဲနဲ့ အလွန်ခင်မင်တဲ့ မိတ်ဆွေ ကာ္ဍသိဒတ္တခေါ် အမျိုးကောင်းသား တစ်ဦး ရှိတယ်။ သူဟာ ရဟန်းပြုသွားတယ်လို့ ကြားသိရပါတယ်။ သူ့ကို အရှင်ဘုရား တွေ့မြင်ဖူးပါသလား (လို့ မေးတော့-အရှင် ကာ္ဍသိဒတ္တက)=ဧဝံ ဂဟပတိ=တွေ့မြင်ဖူးတယ် ကျောင်းဒကာ-လို့ (ဖြေတယ်။)။

ထိုအခါ စိတ္တသေဋ္ဌေးက-

ကဟံ နု ခေါ သော ဘန္တေ အာယသ္မာ ဧတရဟိ ဝိဟရတိ။

ဘန္တေ=အရှင်ဘုရား။ သော အာယသ္မာ=ထိုအရှင်သည်။ ဧတရဟိ=ယခုအခါ။ ကဟံ=အဘယ်အရပ်၌။ ဝိဟရတိ နုခေါ=နေပါ သနည်း ဘုရား။

အဲဒီ တပည့်တော်ရဲ့ မမြင်ဖူးတဲ့ သူငယ်ချင်း အရှင်ကာ္ဍသိဒတ္တ ဟာ ယခုအခါ ဘယ်မှာနေပါသလဲ ဘုရားလို့ မေးလျှောက်တယ်။

ဧဝံ ဝုတ္တေ အာယသ္မာ ကာ္ဍသိဒတ္တော တုဏှီ အဟောသိ။

ဤသို့ မေးလျှောက်အပ်သည်ရှိသော် အရှင်ကာ္ဍသိဒတ္တ ရဟန္တာ မြတ်သည် စကားမပြော တုဏှီဘောဖြင့် ဆိတ်ဆိတ်နေတော်မူလေ သည်။ (ဒီနေရာမှာ အရှင်ကာ္ဍသိဒတ္တက ဖြေလျှင် မိမိကိုယ်ကို လက်ညှိုး ထိုးပြဖို့ပင် ဖြစ်သော်လည်း ရဟန္တာပုဂ္ဂိုလ် ဖြစ်သည့်အတွက် လက်ညှိုး ထိုးမပြ (ကာ္ဍနေ္တအပျက်ခံ)ဘဲ တုဏှီဘော=ဆိတ်ဆိတ်နေတော်မူ လိုက်တယ်။)

ထိုအခါ သာသနာမှာ အနာဂါမ် အရိယာဖြစ်သူ စိတ္တသေဋ္ဌေး က လိမ္မာပါးနပ်သူ ဖြစ်ရကား-

အယျော နော ဘန္တေ ကာ္ဍသိဒတ္တော။

အရှင်ဘုရား၊ အရှင်ဘုရားပဲ ကာ္ဍသိဒတ္တရဟန်းတော် မဟုတ် လား။ (ဤကဲ့သို့ မေးလျှောက်သောအခါ အရှင်ကာ္ဍသိဒတ္တသည်) ဧဝံ

http:\\www.dhammadownload.com



ဂဟပတိ=ဟုတ်ပါတယ် ကျောင်းဒကာ။ (ဟူ၍ ဝန်ခံ ဖြေဆိုတော်မူလေသည်။ ရဟန်းတော်များ အနေနဲ့ အတူယှဉ်ဖွယ်ပါပေ)။ ။

ကျောင်းထိုင်ရန် တောင်းပန်လျှောက်ထားခြင်း

ထိုအခါ ကျောင်းဒကာ စိတ္တသေဋ္ဌေးက လွန်စွာ ဝမ်းမြောက်ပြီး
အဘိရမတု ဘန္တေ အယျော ဣသိဒတ္တော၊ မစ္ဆိကာသဏ္ဍေ
ရမဏီယံ အမ္ဗာဋကဝနံ။ အဟံ အယျဿ ဣသိဒတ္တဿ
ဥဿုက္ကံ ကရိဿာမိ စီဝရ+ပိဏ္ဍပါတ+ သေနာသန+
ဂိလာနပစ္စယ ဘေသဇ္ဇပရိက္ခာရာနံ။ (သံ၊ ၃၊ ၄၇၉)

ဘန္တေ=အရှင်ဘုရား။ အယျော ဣသိဒတ္တော=အရှင်ဘုရား ဣသိဒတ္တသည်။ မစ္ဆိကာသဏ္ဍေ=မစ္ဆိကာသဏ္ဍမြို့၌။ အဘိရမတု=မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်တော်မူပါ ဘုရား။ အမ္ဗာဋကဝနံ= "ဖွေးချိုပင်တောကျောင်းတိုက်"သည်။ ရမဏီယံ=မွေ့လျော်ဖွယ် ရှိလှပါသည် ဘုရား။ အဟံ=တပည့်တော်သည်။ အယျဿ ဣသိ ဒတ္တဿ=အရှင်ဣသိဒတ္တအတွက်။ စီဝရ+ပိဏ္ဍပါတ+သေနာသနာ+ဂိလာန ပစ္စယ ဘေသဇ္ဇ ပရိက္ခာရာနံ=သင်္ကန်း+ဆွမ်း+ကျောင်း+ဆေး=ပစ္စည်းလေးပါးတို့အဖို့ရာ။ ဥဿုက္ကံ=လုံ့လကြိုးကုတ် ကြောင့်ကြ စိုက်ထုတ်ခြင်းကို။ ကရိဿာမိ=ပြုပါမည်ဘုရား။ (ဤသို့ လျှောက်ထားသောအခါ အရှင်ဣသိဒတ္တက "ကောင်းပြီ၊ နေပါ့မယ် ကျောင်းဒကာလို့ အမိန့် မရှိဘဲ)–

ကလျာဏံ ဝုစ္စတိ ဂဟပတိ။

ဂဟပတိ=ကျောင်းဒကာ။ ကလျာဏံ=ကောင်းသောစကားကို။ ဝုစ္စတိ=ဆိုအပ်ပါပေ၏။ ကျောင်းဒကာသေဋ္ဌေး လျှောက်ထားချက် စကားသည် ကောင်းမြတ်သောစကား ဖြစ်ပါပေတယ်။ ဤကဲ့သို့သာ မိန့်ကြားတော်မူတယ်။

-http:\\www.dhammadownload.com



ထိုနောက် စိတ္တသေဋ္ဌေးသည် အရှင်ဣသိဒတ္တ၏ ပြဿနာ ဖြေကြားချက်ကို ဝမ်းမြောက်နှမော် သာဓုခေါ်ပြီး မထေရ်မြတ်တို့ကို ကိုယ်တိုင်ကြပ်မတ် ဆွမ်းကပ်လေသည်။ မထေရ်မြတ်များလဲ ဆွမ်း ကိစ္စပြီး၍ ကျောင်းသို့ ပြန်ကြွရောက်ကြတဲ့အခါ အရှင်ထေရ သံဃာ့ မထေရ်ကြီးက အရှင်ဣသိဒတ္တသံဃနော အရှင်မြတ်ကို ရှေးနည်း အတိုင်းပင် မိန့်ကြားတော်မူတယ်။

မိန့်ကြားပုံမှာ–

သာဓု ခေါ တံ အာဝုသော ဣသိဒတ္တ ဧသော ပဉှော ပဋိဘာသိ၊ နေ+သော ပဉှောမံ ပဋိဘာသိ။ တေန ဟာ+ ဝုသော ဣသိဒတ္တ ယဒါအညဒါပိ ဧဝရူပေါ ပဉှော အာဂစ္ဆေယျ။ တဉေ္ဉဝ+တ္တ ပဋိဘာသေယျ။

(အနက်ပေးပုံကို ရှေး(၂)နံပါတ် ပဌမ ဣသိဒတ္တသုတ်အတိုင်း သိမှတ်ရာ၏။ ဆိုလိုရင်းမှာ)–ငါ့ရှင်ဣသိဒတ္တ၊ ငါ့ရှင် ဖြေကြားအပ်တဲ့ သက္ကာယဒိဋ္ဌိနှစ်ဆယ်ဖြစ်ပုံ အခြင်းအရာဟာ ငါ့ရှင်ရဲ့ ဉာဏ်ထဲမှာ လင်းလင်းကြီး ထင်ပါဘိ၊ ငါ့ရှင် ဖြေကြားအပ်တဲ့ သက္ကာယဒိဋ္ဌိ နှစ်ဆယ်ဖြစ်ပုံ အခြင်းအရာကို ငါ သိပင်သိသော်လဲ ဤသို့ ဖြေရ လိမ့်မည်–လို့ ဖြေပုံကို မသိဘူး။ သို့ရကား ငါ့ရှင်ဣသိဒတ္တ၊ နောက်နောင်အခါ ဤပြဿနာမျိုး ပေါ်ပေါက်လာလျှင် ငါ့ရှင်ပဲ ဖြေပါလေ–လို့ အရှင်ထေရ သံဃာမထေရ်ကြီးက အရှင်ဣသိဒတ္တအား ခွင့်ပေးတော်မူတယ်။

## ရဟန္တာမြတ်တို့ သံယောဇဉ်ပြတ်ပုံ

အရှင်ဣသိဒတ္တ သံဃနောရဟန္တာ အရှင်မြတ်သည် ယခု ဆိုအပ်ပြီးသောအတိုင်း စိတ္တသေဋ္ဌေးက ကျောင်းထိုင်ဘုန်းကြီး

http:\\www.dhammadownload.com



ပြုလုပ်ရန် တောင်းပန်လျှောက်ထားသည်ကိုလည်း လက်မခံခြင်း၊ အရှင်ထေရသံဃာ့ထေရ်ကြီးက တာဝန်ပေးအပ်သည်ကိုလည်း (သာဓု ဘန္တေ=ကောင်းပါပြီ အရှင်ဘုရား–လို့) ဝန်မခံခြင်းတို့ကို "ရက်ရက် စက်စက် ဖြတ်တောက်သွားတယ်" လို့ ပြောချင်လျှင် ပြောကြ၊ သို့မဟုတ် "ရဟန္တာ အရှင်မြတ်တို့ရဲ့ သံယောဇဉ်ပြတ်တဲ့ အကျင့်ပဲ" လို့ ချီးမွမ်းလျှင်လဲ ချီးမွမ်းကြတော့၊ စာထဲမှာတော့ ဟောဒီလို မှတ်ချက်ပါတယ် –

အထ ခေါ အာယသ္မာ ဣသိဒတ္တော သေနာသနံ သံသာမေတွာ ပတ္တ စီဝရ+မာဒါယ မစ္ဆိကာသဏ္ဍမှာ ပက္ကာမိ၊ ယံ မစ္ဆိကာသဏ္ဍမှာ ပက္ကာမိ၊ တထာ ပက္ကန္တောဝ အဟောသိ၊ န ပုန ပစ္စာဂစ္ဆိ။ (သံ၊ ၃၊ ၄၇၉)

အထ ခေါ=ထိုမှနောက်၌။ အာယသ္မာ ဣသိဒတ္တော=အရှင် ဣသိဒတ္တ သံဃနော ရဟန္တာငယ်သည်။ သေနာသနံ သံသာမေတွာ= ကျောင်းအိပ်ရာနေရာကို သိုမှီးသိမ်းဆည်းပြီ။ (မိမိနောက် ယူသွားတာ မဟုတ်ဘူးနော်၊ မိမိနေတဲ့ ကျောင်းကို ခြမတက် မိုးမစွတ်အောင် အသုံးအဆောင်လေးများကို မိုးလုံ+ခြမတက်တဲ့နေရာမှာ တရိုတသေ သိမ်းထား ခဲ့တယ်။ ဒါဖြင့် အရှင်သူမြတ် ဘာကိုယူသွားသလဲ– ဆိုတော့) ပတ္တစီဝရ+မာဒါယ=သပိတ်တစ်လုံး သင်္ကန်းသုံးထည်ကို သာ ယူဆောင်၍။ မစ္ဆိကာသဏ္ဍမှာ=မစ္ဆိကာသဏ္ဍမြို့မှ ပက္ကာမိ= အရပ်တစ်ပါး ဖဲသွားခဲ့လေပြီ။

နောက်ဆုံးမှတ်ချက်အနေနဲ့– ယံ မစ္ဆိကာသဏ္ဍမှာ ပက္ကာမိ၊ တထာ ပက္ကန္တောဝ အဟောသိ၊ န ပုန ပစ္စာဂစ္ဆိ–လို့ မှတ်ချက်ပေး တယ်။ မစ္ဆိကာသဏ္ဍမှာ=မစ္ဆိကာသဏ္ဍမြို့မှ၊ ယံ ပက္ကာမိ=အကြင် ဖဲသွားခဲ့ပြီ။ တထာ ပက္ကန္တောဝ အဟောသိ=ထိုသို့ အပြီး ဖဲသွားပြီသာ

http:\\www.dhammadownload.com



ဖြစ်လေပြီ။ (အေး...အပြီးအပြတ် ဖဲသွားတယ်လို့ ဆိုလိုတယ်။) န ပုန ပစ္စာဂစ္ဆိ=နောက်တစ်ဖန် ပြန်မလာတော့ဘူး (ရဟန္တာအရှင်မြတ်တို့သည် ဘာတစ်ခုကိုမှ ခုံမင်မှု မရှိကြဘူး)။ သင့်တင့်လျောက်ပတ်တဲ့ နေရာမှာ သာသနာပြုဖွယ် ကိစ္စတို့ကို ပြု၍ပြီးပြီဆိုလျှင် မိမိရဲ့ သပိတ်သင်္ကန်းကိုယူပြီး ငှက်ကလေးများ မိမိအတောင်ပံဖြင့် ပျံသွား ကြသလို သံယောဇဉ် လောဘနဲ့ "ဒီကျောင်းကို ငါပြန်လာမယ်"ဆိုတဲ့ ခုံမင်မှုမျိုး မရှိတဲ့ အကြောင်းကို ဖော်ပြလို၍ "ယံ မစ္ဆိကာသဏ္ဍမှာ ပက္ကာမိ၊ တသာ ပက္ကန္တော၀ အဟောသိ၊ န ပုန ပစ္စာဂစ္ဆိ=မစ္ဆိကာသဏ္ဍမြို့မှ ဖဲသွားကတည်းကိုက နောက်တစ်ဖန် ပြန်၍ မလာတော့ဘူး" (ဤကဲ့သို့ မှတ်ချက်ချ၍ သုတ္တန်နိဂုံး အဆုံးသတ်ခြင်း ဖြစ်ပါတယ်)။

စိတ္တသံယုတ် (၃) ဒုတိယ ဣသိဒတ္တသုတ် ပြီးပြီ။

## စိတ္တသံယုတ် (၄) မဟာကပါဋိဟာရိယသုတ်တရား

(သံ၊ ဒု၊ ၄၈၀-၁)

ယနေ့ ဟောမည့်သုတ်ကို သုတ်အမည် "မဟာက ပါဋိဟာရိယ သုတ်"လို့ ခေါ်တယ်။ မြန်မာလိုပြောရင်တော့ "အရှင်မဟာကရဟန္တာရဲ့ တန်ခိုးပြာဋိဟာနှင့် စပ်သောသုတ်" ဖြစ်ပါတယ်။ အဲဒီသုတ်ကို အရှင်အာနန္ဒာ၊ အရှင်မဟာကဿပတို့က ဤကဲ့သို့ သုတ္တန်နိဒါန်း ပျိုးပေးလိုက်ပါတယ်။

ဧကံ သမယံ သမ္ဗဟုလာ ထေရာ ဘိက္ခူ မစ္ဆိကာသဏ္ဍေ ဝိဟရန္တိ အမ္ဗာဋကဝနေ။

တစ်ချိန်က များစွာသော မထေရ်ရဟန်းတော်တွေဟာ စိတ္တသေဋ္ဌေးတို့ နေထိုင်ရာ မစ္ဆိကာသဏ္ဍမြို့မှ "ဝွေးချိုပင်တော" လို့ နဂိုအမည်ရင်းရှိတဲ့ ကျောင်းတိုက်ကြီးမှာ သီတင်းသုံး နေတော်မူကြပါ

http:\\www.dhammadownload.com



တယ်။ စိတ္တသေဋ္ဌေးရဲ့ သဘော်ဝွေးချိုပင် ဥယျာဉ်ကြီးမှာ ကျောင်းတိုက် တည်ပြီး လှူထားပုံ၊ အဲဒီကျောင်းတိုက်ကြီးမှာ သံဃာ့မထေရ်ကြီးတွေ တော်တော်များများ သီတင်းသုံး နေတော်မူကြတဲ့ပုံကို အာရုံယူထားကြပါ။ ထိုအချိန်မှာ မိမိတို့ဉာဏ်ထဲ၌ ကျောင်းဒကာကြီး စိတ္တသေဋ္ဌေး ကျောင်းတိုက်သို့လာပြီး ဆည်းကပ်ပုံကို အာရုံပြုနိုင်ရန် သံဂီတိကာရက မထေရ်မြတ်တို့က စကားဆက်စပ်ပေးတယ်။ ပေးပုံမှာ –

အထ ခေါ စိတ္တော ဂဟပတိ ယေန ထေရာ ဘိက္ခူ၊ တေန+ပသင်္ကမိ ဥပသင်္ကမိတွာ ထေရေ ဘိက္ခူ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ၊ ဧကမန္တံ နိသိန္နော ခေါ စိတ္တော ဂဟပတိ ထေရေ ဘိက္ခူ ဧတ+ဒဝေါစ။

(သံ၊ ၃၊ ၄၈၀) (ပါဠိအနက်ပေးခဲ့ပြီ၊ ဆိုလိုသည်မှာ–)

ထိုသို့ မထေရ်မြတ်များ မစ္ဆိကာသဏ္ဍမြို့ ဝွေးချိုပင် တောကျောင်းတိုက်၌ သီတင်းသုံးနေတော်မူကြတဲ့အချိန်မှာ ကျောင်းဒကာ စိတ္တသေဋ္ဌေး မထေရ်မြတ်များ သီတင်းသုံးရာ ဝွေးချိုပင် တောကျောင်းတိုက်သို့ လာရောက်ပြီး မထေရ်တို့ကို ရိုသေမြတ်နိုး ရှိခိုးဦးညွှတ် အပြစ်လွတ်တဲ့နေရာက ထိုင်ပြီး စိတ္တသေဋ္ဌေးဆိုတဲ့ ကျောင်းဒကာကြီးက မထေရ်မြတ်ကြီးတို့ကို ဤကဲ့သို့ ပင့်လျှောက်စကား ပြောကြားတယ်။ (ပြောကြားပုံက–)

အဓိဝါသေန္တု မေ ဘန္တေ ထေရာ သွာတနာယ ဂေါကုလေ ဘတ္တံ။

ဘန္တေ=အရှင်တို့ဘုရား။ ထေရာ=မထေရ်မြတ်တို့သည်။ သွာတနာယ=နက်ဖြန်ကောင်းမှုကုသိုလ်အလို့ငှာ။ မေ=တပည့်တော်၏။ ဂေါကုလေ=နွားခြံ၌။ ဘတ္တံ=ဆွမ်းကို။ အဓိဝါသေန္တု=သည်းခံ

http:\\www.dhammadownload.com



သာယာတော်မူကြပါဘုရား။

အရှင်မထေရ်မြတ်ကြီးတို့ဘုရား။ နက်ဖြန်ကောင်းမှုကုသိုလ်ရေးအတွက် တပည့်တော်ရဲ့ နွားခြံမှာ ဆွမ်းအလှူခံကြွတော်မူကြပါဘုရားလို့ ပင့်လျှောက်တယ်။ မထေရ်မြတ်တို့ကလဲ–

အဓိဝါသေသုံ ခေါ ထေရာ ဘိက္ခူ တုဏှိဘာဝေန။

မထေရ်မြတ်ကြီးတို့ကလဲ ဆိတ်ဆိတ်နေကြ၍ စိတ္တသေဌေး ပင့်လျှောက်ချက်ကို လက်ခံတော်မူကြတယ်။

အထ ခေါ စိတ္တော ဂဟပတိ ထေရာနံ ဘိက္ခူနံ အဓိဝါသနံ ဝိဒိတွာ ဥဋ္ဌာယာ+သနာ ထေရေ ဘိက္ခူ အဘိဝါဒေတွာ ပဒက္ခိဏံ ကတွာ ပက္ကာမိ။ (အနက် ရှေးက ပေးခဲ့ပြီ)။

ထိုအခါ ကျောင်းဒကာ စိတ္တသေဌေး မထေရ်မြတ်ကြီးတို့ လက်ခံကြောင်း ကောင်းစွာ သိရှိပြီး မထေရ်မြတ်ကြီးတို့ကို ရှိသေမြတ်နိုး ရှိခိုးပြီး (မိမိ၏ နွားခြံအိမ်သို့)ပြန် ဆွမ်းခဲဖွယ်ဘောဇဉ်များ စီမံ (ထောပတ်နှင့်ရောသော နို့ယာနာဆွမ်းစီမံ)တယ်။ နောက်တစ်နေ့ နံနက် မိုးသောက်ရောက်တော့ မထေရ်မြတ်ကြီးများ စိတ္တသေဌေးရဲ့ နွားခြံသို့ကြွရောက်၍ ခင်းအပ်သောနေရာ၌ ထေရ်စဉ်ဝါလိုက် ထိုင်နေမိကြပြီ။

အထ ခေါ စိတ္တော ဂဟပတိ ထေရေ ဘိက္ခူ ပဏီတေန သပ္ပိပါယာသေန သဟတ္ထာ သန္တပ္ပေသိ သမ္ပဝါရေသိ။

အထ ခေါ=ထိုသို့ မထေရ်မြတ်ကြီးများ စုံစုံညီညီ ထိုင်နေမိသောအခါ၌။ စိတ္တော ဂဟပတိ=စိတ္တသေဌေးသည်။ ထေရေဘိက္ခူ=မထေရ်ကြီးရဟန်းတော်တို့ကို။ ပဏီတေန=မွန်မြတ်သော။ သပ္ပိပါယာသေန=(ပယသာ နိဗ္ဗတ္တော ပါယာသော။ ပါတဗ္ဗော အသိ တဗ္ဗောတိ

http:\\www.dhammadownload.com



ဝါ ပါယာသော) သောက်လို့လဲရ၊ စားလို့လဲရတဲ့ ထောပတ်နှင့် ရောသော နို့ဃနာဆွမ်း(မပျစ်မကျဲ)ဖြင့်။ သဟတ္ထာ=မိမိလက်ဖြင့်။ သန္တပ္ပေသိ=ရောင့်ရဲစေပြီ။ သမ္ပဝါရေသိ=လက်ကာ၍ တားမြစ်သည့်တိုင်အောင် ပြုစုခဲ့လေပြီ။ (စိတ္တသေဋ္ဌေးကိုယ်တိုင် သာဟတ္ထိက သက္ကစ္စမြောက် မထေရ်မြတ်ကြီးများကို အလွန်မွန်မြတ်တဲ့ သောက်လို့လဲရ၊ စားလို့လဲရတဲ့ ထောပတ် နို့ဃနာဆွမ်း မပျစ်မကျဲဖြင့် ပြုစုကျွေးမွေးခဲ့လေပြီ။

အထ ခေါ ထေရာ ဘိက္ခူ ဘုတ္တဝိနော ဩနီတပတ္တပါဏိနော ဥဋ္ဌာယာ+ သနာ ပက္ကမိံသု။

ထို့နောက် မထေရ်မြတ်ကြီးများ ဆွမ်းဘုဉ်းပေးပြီး နေရာမှ ထ၍ ကျောင်းသို့ ပြန်ကြတယ်။ အထူးမှတ်ရန်ကား...

စိတ္တသေဋ္ဌေးရဲ့ တပည့်များကလဲ သံဃာတော်တွေကို နို့ဃနာဆွမ်းကပ်တဲ့ အချိန်မှာပဲ တစ်ပြိုင်နက် မိမိတို့ရဲ့ဆရာ စိတ္တသေဋ္ဌေးကို ရွှေခွက်ကြီးများနဲ့ နို့ဃနာဆွမ်း ထည့်ပြီး ကျွေးကြတယ်။ သံဃာတော်တွေ နို့ဃနာဆွမ်းဘုဉ်းပေးပြီးတော့ စိတ္တသေဋ္ဌေးလဲ နို့ဃနာဆွမ်း စားပြီးလေပြီ။ သံဃာတော်များ နို့ဃနာဆွမ်း ဘုဉ်းပေးပြီးလို့ ကျောင်းတိုက်သို့ ပြန်ကြွဖို့ စီမံကြတဲ့အခါမှာ-

စိတ္တောပိ ခေါ ဂဟပတိ "သေသကံ ဝိဿဇ္ဇေထာ"တိ ဝတွာ ထေရေ ဘိက္ခူ ပိဋ္ဌိတော ပိဋ္ဌိတော အနုဗန္ဓိ။

စိတ္တောပိ ခေါ ဂဟပတိ=စိတ္တသေဋ္ဌေးလဲပဲ။ "သေသကံ ဝိဿဇ္ဇေထာ" တိ=တပည့်တို့ "ကျန်တဲ့စားဖွယ်၊ သောက်ဖွယ်များကို စွန့်ကြပေးကမ်းလှူဒါန်း+သုံးဆောင်လိုက်ကြတော့"လို့။ ဝတွာ= ပြောဆိုမှာကြားပြီးလျှင်။ ထေရေ ဘိက္ခူ=မထေရ်ကြီး ရဟန်းတော်တို့ကို။ ပိဋ္ဌိတော ပိဋ္ဌိတော=နောက်မှ နောက်မှ။ အနုဗန္ဓိ=

http:\\www.dhammadownload.com



အစဉ်တစိုက် လိုက်ခဲ့လေပြီ။

စိတ္တသေဋ္ဌေးအဖို့ရာ ဆွမ်းကျွေးပွဲက အိမ်မှာဆိုလျှင် သေဋ္ဌေးကတော်ကြီးက ကျန်တဲ့ စားသောက်ဖွယ်များကို သင့်လျော်သလို စီမံရစ်နိုင်တယ်။ ယခုတော့ ဒိန်ချဉ်နို့ယနာ ဆွမ်းကျွေးပွဲက သူ့ရဲ့နွားခြံထဲမှာ ကျင်းပတာဆိုတော့ သေဋ္ဌေးကတော်ကြီးကလဲ ငါရှိပုံ မပေါ်ဘူး။ ဒီတော့ သေဋ္ဌေးရဲ့ စိတ်ထဲမှာ "ဩ...ငါ့တပည့်တွေဟာ ငါဘာမှ မပြောလျှင် ကျန်တဲ့ နို့ယနာဆွမ်းတွေကို စီမံဝံ့ကြမှာ မဟုတ်ဘူး။ အချည်းနှီး အလဟဿ ပျက်စီးကုန်လိမ့်မယ်။ ဒီတော့ သူတို့ ရဲရဲဝံ့ဝံ့ စီမံဝံ့အောင် ငါပြောမှပဲ-ဆိုတဲ့ သဘောနဲ့ "အချင်းတို့၊ နို့ယနာဆွမ်းကျန်များကို စွန့်ကြဲပေးကမ်းလှူဒါန်း စားသုံးပစ်လိုက်ကြ" အဲဒီလို ပြောဆိုပြီး သူကိုယ်တိုင်ကတော့ မထေရ်ကြီးများရဲ့နောက်က ဖဝါးခြေထပ် ထက်ကြပ်မကွာ လိုက်ပြီးဟော့လာတယ်။ (နွားခြံနဲ့ ကျောင်းတိုက်ကလဲ တော်တော်ဝေးပုံရပါတယ်။ ကျောင်းတိုက်သို့ပြန်အလာ လမ်းမှာ ဖြစ်ပုံက)-

**တေန ခေါ ပန သမယေန ဥဏှံ ဟောတိ ကုထိတံ။**

တေန ခေါ ပန သမယေန=ထိုအချိန်၌။ ဥဏှံ=ပူပြင်းသည်။ ကုထိတံ=ကျိုက်ကျိုက်ဆူသည်။ ဟောတိ=ဖြစ်၏။

အပေါ်ကလဲ နေက ကျက်ကျက်ပူတယ်။ အောက်ကလဲ သဲမြေ ဆိုတော့ အပေါ်ကပူ အောက်ကပူသနဲ့ အပူနှစ်ခု ရိုက်ပြီး ကျိုက်ကျိုက်ဆူ နေသတဲ့။

**တေ စ ထေရာ ဘတ္တံ ပဝေလိယမာနေန မညေ ကာယေန ဂစ္ဆန္တိ ယထာ တံ ဘောဇနံ ဘုတ္တာဝိနော။**

ဘောဇနံ ဘုတ္တာဝိနော=ထမင်းစားပြီးစသူတို့သည်။ ဂစ္ဆန္တိ ယထာ=ဒယိးဒယိုင် တုန်တုန်ခိုက်ခိုက် သွားကြကုန်သကဲ့သို့၊ တေ

http:\\www.dhammadownload.com



စ ထေရာ ဘိက္ခူ=ထိုမထေရ်ကြီး ရဟန်းတို့လဲပဲ။ ပဝေလိယမာနေန ကာယေန မသေ=တွန့်ဆုတ် ယိမ်းယိုင်သော ကိုယ်ဖြင့်ကဲ့သို့၊ ဂစ္ဆန္တိ= သွားနေတော်မူကြကုန်၏။ (ထမင်းအဝစားပြီးစလူ တုန်တုန်ယင်ယင် သွားနေသလို မထေရ်ကြီးရဟန်းတို့လဲ အထက်ပူ+အောက်ပူထဲမှာ ရဟန်းတို့ဣန္ဒြေနဲ့ တည်ငြိမ်စွာ မသွားနိုင်ဘဲ ရှေ့တိုးနောက်ဆုတ် တုန်တုန်ယင်ယင် ပင်ပန်းကြီးစွာ သွားနေကြရတယ်။ (အထူးမှာ တော့) –

တေန ခေါ ပန သမယေန အာယသ္မာ မဟာကော တသ္မိံ ဘိက္ခုသံဃေ သဗ္ဗနဝကော ဟောတိ။

တေန ခေါ ပန သမ ယေန=ထိုသို့ မထေရ်များ ပင်ပန်းစွာ သွားနေရသောအခါ၌။ တသ္မိံဘိက္ခုသံဃေ=ထိုရဟန်းသံဃာ၌။ အာယသ္မာ မဟာကော=အရှင်မဟာကရဟန္တာသည်၊ သဗ္ဗနဝကော= အလုံးစုံတို့အောက် အငယ်ဆုံး ရဟန္တာသည်။ ဟောတိ=ဖြစ်၏။

အဲဒီ သံဃာတွေထဲမှာ အရှင်မဟာကရဟန္တာသည် အားလုံး အောက် အသက်အငယ်ဆုံး ရဟန္တာဖြစ်တယ်။

## အရှင်ထေရသံဃာ့မထေရ်ကြီးထံ အရှင်မဟာကရဟန္တာ ခွင့်ပန်လျှောက်ထားခြင်း

အထ ခေါ အာယသ္မာ မဟာကော အာယသ္မန္တံ ထေရံ ဧတ+ဒဝေါစ “သာဓု ခွ+ဿ ဘန္တေ ထေရ သီတကော စ ဝါတော ဝါယေယျ၊ အဗ္ဘသမ္ပိလာပေါ စ အဿ၊ ဒေဝေါ စ ဧက+မေကံ ဖုသာယေယျာ”တိ။

အထ ခေါ=ထိုအခါ၌။ အာယသ္မာ မဟာကော=အရှင်မဟာက ရဟန္တာမထေရ်ငယ်သည်။ အာယသ္မန္တံ ထေရံ=အရှင်ထေရသံဃာ့

http:\\www.dhammadownload.com



မထေရ်ကြီးကို။ တေံ ဝစနံ=ဤသို့ ခွင့်ပန်စကားကို။ အဝေါစ= လျှောက်ထားလေပြီ။ (လျှောက်ထားပုံမှာ)–

"ဘန္တေ ထေရ=အရှင်ထေရမည်သော သံဃာ့မထေရ်ကြီးဘုရား။ သီတကော စ ဝါတော ဝါယေယျ=လေအေးကလဲ တိုက်ခတ်ပါမှုကား။ အဗ္ဘသမ္ပိလာပေါ စ အဿ=တိမ်တိုက်ကလဲ မိုးအုံ့ရုံအုံ့နေပါမူကား။ ဒေဝေါ စ ဧကေ+ကံ ဖုသာယေယျ=မိုးကလဲ အသဲကြီးမဟုတ် တစ်ပေါက်တစ်ပေါက် သွားကောင်းရုံ ရွာသွန်းပါမူကား။ သာဓု ခေါ အဿ=ကောင်းသည်ဖြစ်မည် မဟုတ်ပါလားဘုရား" ဣတိ=ဤသို့ ခွင့်ပန်စကား လျှောက်ထားလေပြီ။ (အရှင်မဟာက၏ ခွင့်ပန်လျှောက်ထားချက်)။

> သာဓု ခွ+ဿ အာဝုသော မဟာက ယံ သီတကော စ ဝါတော ဝါယေယျ၊ အဗ္ဘသမ္ပိလာပေါ စ အဿ။ ဒေဝေါ စ ဧကေ+ကံ ဖုသာယေယျ။

အာဝုသော မဟာက=ငါ့ရှင်မဟာက။ ယံ သီတကော စ ဝါ တော ဝါယေယျ=ယင်း လေအေးကလဲ တိုက်ခတ်ပါမူလည်းကောင်း။ ယံ အဗ္ဘသမ္ပိလာပေါ စ အဿ=ယင်းတိမ်တိုက်ကလဲ မိုးအုံ့ရုံ အုံ့ပေးနေပါမူလည်းကောင်း။ ယံ ဒေဝေါ စ ဧကေ+ကံ ဖုသယေယျ= ယင်းကဲ့သို့ မိုးကလဲ အသဲကြီးမဟုတ် တစ်ပေါက်တစ်ပေါက် တဖြောက်ဖြောက်သာ ရွာသွန်းမူလည်းကောင်း။ သာဓု ခေါ အဿ=ကောင်းသည် ကေန်မှန်ပါပေ၏။ (အမှန်ကောင်းတာပေါ့ ငါ့ရှင်၊ အရှင်ထေရမထေရ်ကြီး၏ ခွင့်ပြုချက်)။

အရှင်မဟာက သီတင်းငယ်က– "အရှင်ထေရဘုရား၊ ယခုအနေမှာ လေအေးကလဲတိုက်၊ တိမ်တိုက်ကလဲ မိုးအုံ့ရုံအုံ့၊ မိုးကလဲ တစ်ပေါက်ချင်း တစ်ပေါက်ချင်း သွားကောင်းရုံရွာလျှင် ကောင်းမည်

http:\\www.dhammadownload.com



မဟုတ်လားဘုရား"လို့ ခွင့်ပန်တဲ့သဘော လျှောက်ထားသောအခါ အရှင်ထေရ သံဃာ့မထေရ်ကြီးက "တကယ်ကောင်းတာပေါ့ ငါ့ရှင်" ဤကဲ့သို့ ခွင့်ပြုတဲ့သဘော မိန့်ဆိုတော်မူတယ်။)

## အရှင်မဟာက တန်ခိုး စီမံခြင်း

အထ ခေါ အာယသ္မာ မဟာကော တထာရူပံ ဣဒ္ဓါဘိ သင်္ခါရံ အဘိသင်္ခရိ ယထာ သီတကော စ ဝါတော ဝါယိ၊ အဗ္ဘသမ္ပိလာပေါ စ အာသိ၊ ဒေဝေါ စ ဧက+ မေကံ ဖုသိ။

အထ ခေါ=ထိုနောက်အခါ။ အာယသ္မာ မဟာကော=အရှင်မဟာကရဟန္တာမထေရ်သည်။ ယထာ=အကြင်အခြင်းဖြင့် ဖန်ဆင်းအပ်သည်ရှိသော်။ သီတကော စ ဝါတော ဝါယိ =လေအေးကလေးလဲ တဖြည်းဖြည်း တိုက်ခတ်၏။ အဗ္ဘသမ္ပိလာ ပေါ စ အာသိ=တိမ်ကလဲ မိုးအုံ့ရုံ အုံ့နေ၏။ ဒေဝေါ စ ဧက မေကံ ဖုသိ=မိုးကလဲ တစ်ပေါက် တစ်ပေါက်ချင်း ရွာအောင်။ တထာ ရူပံ ဣဒ္ဓါဘိသင်္ခါရံ=ထိုသို့ သဘောရှိသော တန်ခိုးအစီအရင်ကို။ အဘိသင်္ခါရိ=စီရင်ဖန်ဆင်းလေပြီ။

ထို့နောက် အရှင်မဟာကရဟန္တာမထေရ်သည် လေအေးကလေး ဖြည်းဖြည်း တိုက်ခတ်အောင်၊ တိမ်ကလဲ မိုးအုံ့ရုံအုံ့အောင်၊ မိုးကလဲ တစ်ပေါက်တစ်ပေါက်သာ ရွာအောင် တန်ခိုးဖန်ဆင်းလိုက်ပြီ။

## ခက်ဆစ်မှတ်ဖွယ်

ဤအရာဝယ် တန်ခိုးရုပ် ဖန်ဆင်းခြင်းနှင့် စပ်၍ မှတ်ဖွယ်ကို ပြဆိုပေးဦးအံ့။

ဆောင်ပုဒ် ။ ။ ပါဒကစျာန်၊ အဓိဋ္ဌာန်နှင့်၊ တစ်ဖန် ပါဒက၊ စတုတ္ထ၊ ကျတုံ အဘိညာ။ ။

တန်ခိုးရုပ်ဖန်ဆင်းလိုသော ဣဒ္ဓိရှင်သူမြတ်သည်–

http:\\www.dhammadownload.com



(၁) ရှေးဦးစွာ အဓိဋ္ဌာန်၏ အခြေခံဖြစ်သော ရူပါဝစရစတုတ္ထ ဈာန်ကို ကြွဒ္ဓိရုပ်နှင့် အဆင်ပြေသော ကသိုဏ်းအာရုံကို အာရုံပြု၍ ဝင်စားရသည်။ ထိုပါဒကဈာနဝီထိကို အဓိဋ္ဌာန်၏ အခြေခံ ပါဒကဈာန ဝီထိ –ဟု ခေါ်သည်။

(၂) ထိုသို့ အဓိဋ္ဌာန်၏ အခြေခံ ပါဒကဈာန်တို့ ဝင်စားပြီး ထိုဈာန်မှ ထပြီးနောက် မိမိအလိုရှိရာ "သတံ ဟောမိ၊ သဟဿံ ဟောမိ"စသည်ဖြင့် အဓိဋ္ဌာန်ရသည်။ (ကြွဒ္ဓိရုပ်ပေါင်း တစ်ရာ တစ်ထောင် ဖြစ်ပါစေ–စသည်ဖြင့် မိမိအလိုရှိရာကို ကာမာဝစရ ဇောဝီထိတို့ဖြင့် အဓိဋ္ဌာန်ရသည်။ ၁–အမှတ်ပါ ပါဒကဈာန်ကို မဝင်စား ဘဲ အဓိဋ္ဌာန် ပြုရုံပြုသော်လည်း မအောင်မြင်နိုင်။ ထို့ကြောင့် ၁– အမှတ်ပြ ပါဒက ဈာန်ကို ဝင်စားရ ခြင်းဖြစ်လေသည်။)

(၃) တဖန်ပါဒက – အဓိဋ္ဌာန်ပြီးသည့်နောက်မှ တစ်ဖန် အဘိညာဏ်၏ အခြေခံပါဒက စတုတ္ထဈာန်ကို ဝင်စားရပြန်သည်။ (ဤပါဒက စတုတ္ထဈာန်ကား အဘိညာဏ်၏ အခြေခံ=ပါဒကဈာန် ဖြစ်သည်။)

(၄) စတုတ္ထ၊ ကျတုံအဘိညာ–စတုတ္ထမြောက်ကျမှ ရူပါဝစရ ကြိယာ/ရူပါဝစရ ကုသိုလ် စတုတ္ထဈာန်ဇော တစ်ကြိမ်သာကျသော အဘိညာဏ်ဝီထိ ဖြစ်ပေါ်လာသည်။ ဤအဘိညာဏ်ဇော တစ်ကြိမ် ဖြစ်သည်နှင့် တစ်ပြိုင်နက် ကြွဒ္ဓိရုပ်များ ဖြစ်ပွားလာလေသည်။ (ဤကား အဘိညာဏ်ဝီထိ ဖြစ်ပေါ်လာပုံ အကျဉ်းတည်း)။

ဤယခု အရှင်မဟာကမထေရ်မြတ် ဖန်ဆင်းသော ကြွဒ္ဓိရုပ်နှင့် စပ်၍ မှတ်ရန်မှာ–

(၁) မထေရ်မြတ်သည် ရှေးဦးစွာ အဓိဋ္ဌာန်၏ အခြေခံပါဒက ဖြစ်သော ရူပါဝစရ ကြိယာ စတုတ္ထဈာန်ကို ဝင်စားတဲ့အခါ (၊)

http:\\www.dhammadownload.com



လေအေး တိုက်ရန်အတွက် ဝါယောကသိုဏ်းကို အာရုံပြုပြီး ဝင်စားရတယ်။ မထေရ်မြတ်က တိက္ခပညာပုဂ္ဂိုလ်ဖြစ်၍ "ဘွင်၊ ဘွင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ ရူပါဝစရ ကြိယာ စတုတ္ထဈာန်ဇော အကြိမ်များစွာ ဘွင်၊ ဘွင်–လို့ စိတ်အစဉ် ဝိထိဖြစ်တယ်။ (၊) ထိုနောက် ဘဝင်ကျ၍ ဈာန်မှထပြီး "သီတကော ဝါတော ဝါယတု=လေအေးကလေး တိုက်ခတ်ပါစေ" ဟု စိတ်က ဆောက်တည်သောအခါ မထေရ်၏ ဟဒယနှလုံးအိမ်၌ မနောဒွါရာဝဇ္ဇန်း၊ ဇော၊ ဇော၊ ဇော၊ ဇော၊ ဇော၊ ဇော။ ဇော–ဤကဲ့သို့ အဓိဋ္ဌာန်ဝိထိများ အကြိမ်ကြိမ် ဖြစ်ပါသည်။

(။) မိုးတိမ်ညို့ရန်အတွက် နီလကသိုဏ်းကို အာရုံပြုပြီး ရူပါဝစရကြိယာ စတုတ္ထဈာန်ကို အခြေခံ ဝင်စားရတယ်။ ထိုအခါ ရှေးနည်းအတူ အဓိဋ္ဌာန်၏ အခြေခံ ဈာန်ဇော အကြိမ်များစွာ စောပြီး ဘဝင်ကျပြီးနောက် (။) "အဗ္ဘသမ္ပိလာပေါ ဟောတု=တိမ်တိုက် ညို့ရုံညို့ပါစေ"ဟု စိတ်ထဲက ဆောက်တည်တယ်။ ထိုအခါ မထေရ်ရဲ့ ဟဒယနှလုံးအိမ် မှာ ရှေးနည်းအတူ ကာမဇောဝါရ မနောဒွါရဝိထိများ အကြိမ်ကြိမ် ဖြစ်ကြပါတယ်။

(။။) သွားကောင်းရုံ မိုးတစ်ပေါက်တစ်ပေါက် ရွာရန်အတွက် အာပေါကသိုဏ်းကို အာရုံပြုပြီး ရူပါဝစရကြိယာ စတုတ္ထဈာန်ကို အခြေခံ ဝင်စားတယ်။ ထိုအခါ ရှေးနည်းအတူ အဓိဋ္ဌာန်၏ အခြေခံ ဈာန်ဇော အကြိမ်များစွာ စောပြီး ကျပြီး ဘဝင်ကျပြီးနောက် (။။) "ဒေဝေါ ဧကေ+မေကံ ဖုသတု=သွားကောင်းရုံ မိုးတစ်ပေါက်တစ်ပေါက် ရွာပါစေ" ဟု စိတ်ထဲက ဆောက်တည်တဲ့အခါ မထေရ်ရဲ့ နှလုံးအိမ် 'ဟဒယဝတ္ထုပေါ်မှာ အဓိဋ္ဌာန် ကာမဇောဝါရ မနောဒွါရဝိထိတို့ အကြိမ်ကြိမ် ဖြစ်ကြတယ်။

http:\\www.dhammadownload.com



(၂) တဖန် ပါဒက(နှင့်) အဘိညာဏ်ဝီထိ–မထေရ်မြတ်သည် ထိုကဲ့သို့ ပါဒက ဈာန်ဝင်စားခြင်း (နှင့်) အဓိဋ္ဌာန်ခြင်း ၃–တွဲ ပြည့်စုံပြီးသည့်နောက်မှာမှ (၊) အဘိညာဏ်ရဲ့ အခြေခံပါဒကဈာန်ကို ဝင်စားရာမှာလည်း ရှေးနည်းအတူပင် လေအေးတိုက်ရန် ဝါယောကသိုဏ်းကို အာရုံ ပြု၍တစ်ကြိမ်(။) မိုးတိမ်ညို့ရန် နီလကသိုဏ်းကို အာရုံပြု၍ တစ်ကြိမ် (။။) မိုးတစ်ပေါက်တစ်ပေါက် ရွာစေရန် အာပေါကသိုဏ်းကို အာရုံပြု၍ တစ်ကြိမ်=ဤသို့ အဘိညာဏ်၏ အခြေခံ ပါဒကဈာန် ၃–မျိုး ဝင်စားပြီးနောက်မှ ထို့အတူပင် အဘိညာဏ်ဝီထိမှာလည်း ၃–မျိုးကို အသီးသီး အာရုံပြု၍ ၃မျိုးပင်ဖြစ်ရှိပြီး (ပ)အဘိညာဏ်ဝီထိ၌ အဘိညာဏ်ဇော တစ်ကြိမ်စောပြီး တစ်ပြိုင်နက်ပင် လေပြည်လေညင်း တိုက်ခတ်၍ (ဒု) အဘိညာဏ်ဝီထိ၌ အဘိညာဏ်ဇော တစ်ကြိမ်စောပြီး တစ်ပြိုင်နက်ပင် မိုးတိမ်ညိုများတက်ပြီး (တ) အဘိညာဏ်ဝီထိ၌ အဘိညာဏ်ဇော တစ်ကြိမ်စောပြီး တစ်ပြိုင်နက်ပင် မိုးရေတစ်ပေါက်တစ်ပေါက် ရွာချလေသည်။ ။ (နက်နဲသည်၊ ဆင်ခြင်ဆွေးနွေးကြပါလေ)။

ခက်ဆစ်မှတ်ချက် ပြီး၏။

## စိတ္တသေဋ္ဌေး ကြည်ညိုဝမ်းမြောက်ခြင်း

ရှေးဆိုအပ်ပြီးသောအတိုင်း အရှင်မဟာက ရဟန္တာမထေရ် အငယ် တန်ခိုးပြာဋိဟာ ဖန်ဆင်းချက်အရ လေညင်းကလေးတိုက်၊ တိမ်တိုက်ကမိုး၊ မိုးက တစ်ပေါက်တစ်ပေါက် တဖြောက်ဖြောက်ကျလို့ သံဃာတော်များ ချမ်းသာစွာ ကြွရောက်ကြရသည်ကို မျက်မြင် ကိုယ်တွေ့ကြုံရသောအခါ ကျောင်းဒကာ စိတ္တသေဋ္ဌေး၏ စိတ်ထဲမှာ–

http:\\www.dhammadownload.com



အထ ခေါ စိတ္တဿ ဂဟပတိနော ဧတ+ဒဟောသိ "ယော ခေါ လ္လမသ္မိံ ဘိက္ခု သံဃေ သဗ္ဗနဝကော ဘိက္ခု၊ တဿာ+ယံ ဝေရူပေါ ဣဒ္ဓါနုဘာဝေါ" တိ။

အထခေါ=အရှင်မဟာက၏ တန်ခိုးကို မြင်ကြရာ ထိုအခါ၌။ စိတ္တဿ ဂဟပတိနော=စိတ္တသေဋ္ဌေး၏။ ဧတံ=ဧသော ပရိဝိတက္ကော =ဤသို့သော အကြံသည်။ အဟောသိ=ဖြစ်ပြီ။ (ဖြစ်ပုံမှာ)–လ္လမသ္မိံ ဘိက္ခုသံဃေ=ဤရဟန်းအပေါင်း၌။ ယော ခေါ ဘိက္ခု=အကြင် မဟာက–ဆိုတဲ့ ရဟန်းသည်။ သဗ္ဗနဝကော=အလုံးစုံတို့အောက် သီတင်းအငယ်ဆုံး ဖြစ်တော်မူသည်။ အယံ ဣဒ္ဓါနုဘာဝေါ=ဤယခု ငါတို့မြင်ရတဲ့ တန်ခိုးအာနုဘော်သည်။ တဿ=ထိုသီတင်းအငယ်ဆုံး အရှင်မဟာက၏။ ဣဒ္ဓါနုဘာဝေါ=တန်ခိုးအာနုဘော်ပါတကား"။ ဣတိ=ဤသို့သော အကြံသည်။ အဟောသိ=ဖြစ်ပြီ။

ဩ...ယခု တန်ခိုးအာနုဘော်ဟာ ဤရဟန်းသံဃာထဲမှာ သီတင်းအငယ်ဆုံး အရှင်မဟာက ကိုယ်တော်ငယ်ကလေးရဲ့ တန်ခိုး အာနုဘော်ပါတကား–လို့ အောက်မေ့ကြည်ညိုပြီး စိတ္တသေဋ္ဌေး သံဃာနောက်က တစ်ပါတည်း လိုက်လာတယ်။

ဤသို့ လာခဲ့ကြလို့ ကျောင်းတိုက်အဝ ရောက်တော့ အရှင် မဟာက–က အရှင်ထေရ သံဃာ့မထေရ်ကြီးကို–

အလ+မေတ္တာဝတာ ဘန္တေ ထေရ။

ဘန္တေ ထေရ=အရှင်ထေရ သံဃာ့မထေရ်ကြီးဘုရား...။

ဧတ္တာဝတာ=ဤမျှဖြင့်၊ (ဝါ) ဤမျှလောက်ဆိုလျှင်။ အလံ= တော်လောက်ပြီလား ဘုရား။

ဤကဲ့သို့ အရှင်မဟာက–က မေးလျှောက်တဲ့အခါ အရှင်ထေရ သံဃာ့မထေရ်ကြီး က –အလ+မေတ္တာဝတာ အာဝုသော မဟာက၊

http:\\www.dhammadownload.com



ကတ+မေတ္တာဝတာ အာဝုသော မဟာက၊ ပူဇိတ+ မေတ္တာ ဝတာ အာဝုသော မဟာက–

ငါ့ရှင်မဟာက...ဤမျှလောက်ဆိုလျှင် တော်လောက်ပါပြီ။ ငါ့ရှင်မဟာက...ဤမျှလောက်ဆိုလျှင် မိမိပြုရမည့်ကိစ္စကို ပြုအပ်ပြီးပါပြီ။ ငါ့ရှင်မဟာက...ဤမျှလောက်ဆိုလျှင် သံဃာတော်အား ပူဇော်အပ်ပါပြီ။ (ဤကဲ့သို့ မထေရ်ကြီးကလည်း ကျေနပ်တဲ့စကား သုံးခွန်း မိန့်ကြားတော်မူတယ်။)

အထ ခေါ ထေရာ ဘိက္ခူ ယထာဝိဟာရံ အဂမံသု၊ အာယသ္မာပိ မဟာကော သကံ ဝိဟာရံ အဂမာသိ=(ထိုနောက် မထေရ်ကြီး ရဟန်းတော်များသည် အကြင်အကြင် မိမိတို့ ဝါစဉ်အလိုက် သီတင်းသုံးရာ ကျောင်းသို့ ကြွသွားတော်မူကြတယ်။ အရှင်မဟာက–လဲ မိမိဝါစဉ်အလျောက် ရောက်တဲ့ကျောင်းသို့ ကြွရောက်တော်မူလေပြီ။

အထ ခေါ စိတ္တော ဂဟပတိ ယေနာ+ယသ္မာ မဟာကော၊ တေန+ပသင်္ကမိ၊ ဥပသင်္ကမိတွာ အာယသ္မန္တံ မဟာကံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ၊ ဧကမန္တံ နိသိန္နော ခေါ စိတ္တော ဂဟပတိ အာယသ္မန္တံ မဟာကံ ဧတ+ဒဝေါစ။

အရှင်မဟာက သီတင်းသုံးရာကျောင်းသို့ ကြွရောက်ပြီးလျှင် တောက်လျှောက်ပဲ ကျောင်းဒကာ စိတ္တသေဌေးလဲ အရှင်မဟာက–ထံ သွားရောက်ဝပ်လျှိုး ရှိခိုးဦးညွှတ် အပြစ်လွတ်ရာက ထိုင်ပြီး ဤရှင်မဟာက ရဟန္တာကို ဤသို့ တန်ခိုးပြဖို့ရန် တောင်းပန်စကား လျှောက်ထားတယ်။ လျှောက်ပုံမှာ–

သာဓု မေ ဘန္တေ အယျော မဟာကော ဥတ္တရိ မနုဿဓမ္မံ ဣဒ္ဓိပါဋိဟာရိယံ ဒဿေတု။

http:\\www.dhammadownload.com



ဘန္တေ=အရှင်ဘုရား...။ အယျော မဟာကော=အရှင်မဟာက-သည်။ မေ=တပည့်တော်သည်။ မေ=တပည့်တော့်အား။ ဥတ္တရိ-မနုဿဓမ္မံ=လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော။ ဣဒ္ဓိပါဋိဟာရိယံ=တန်ခိုးပြာဋိဟာကို။ ဒဿေတု=ပြတော်မူစေချင်ပါသည်ဘုရား။

အရှင်ဘုရား...အရှင် မဟာကရဟန္တာ အရှင်မြတ်သည် တပည့်တော် ကျောင်းဒကာအား ဥတ္တရိမနုဿဓမ္မမျိုးဖြစ်တဲ့ တန်ခိုးပြာဋိဟာကို ပြတော်မူစေချင်ပါသည် ဘုရား။ ဤကဲ့သို့ တောင်းပန်လျှောက်ထားတယ်။

(ဤ၌ အထူးမှတ်ဖွယ်ကို ပြဆိုဦးအံ့။) တရားနာပရိသတ် အနေနဲ့ မြတ်စွာဘုရား အဘိဓမ္မာတရား ဟောခါနီး အရှင်ပိဏ္ဍောလဘာရဒွါဇ ထေရ် စန္ဒကူးသပိတ်ကို ယူပြစဉ်က ရဟန်းများ တန်ခိုးပြာဋိဟာမပြရ-ဟု သိက္ခာပုဒ် ပညတ်ထားတယ် မဟုတ်လား။ ဒီတော့ ယခု လမ်း တစ်လျှောက်လုံး အရှင်မဟာက တန်ခိုးပြခဲ့တာရယ်၊ ယခု စိတ္တသေဋ္ဌေးက တန်ခိုးပြဖို့ လျှောက်ထားနေခြင်းတို့ဟာ အာပတ်သင့်နိုင်တဲ့ အမှုကို ပြုလုပ်ခြင်း+ပြုလုပ်ရန် တောင်းပန်နေခြင်း ဖြစ်မနေဘူးလား-ဟု မေးဖွယ်ရှိ၏။

အဖြေကား...တန်ခိုးပြခြင်းသည် (၁) အဓိဋ္ဌာနိဒ္ဓိ=တန်ခိုးရှင်၏ မူလရုပ်မဖျောက်ဘဲ တန်ခိုးပြခြင်းမျိုး၊ (၂) ဝိကုဗ္ဗနိဒ္ဓိ=တန်ခိုးရှင်၏ မူလရုပ်ကို ဖျောက်၍ စကြာမင်းရုပ်+ခြင်္သေ့မင်းရုပ် စသည် ဖန်ဆင်း၍ တန်ခိုးပြခြင်းဟူ၍ နှစ်မျိုးရှိရာ- (၁-အမှတ်) အဓိဋ္ဌာနိဒ္ဓိ တန်ခိုးပြခြင်းမျိုးကို ပြကောင်းသည်။ ယခု အရှင်မဟာကပြခဲ့တဲ့ တန်ခိုး၊ ပြအံ့ဆဲသော တန်ခိုးမှာ (၁-အမှတ်ပြ) တန်ခိုးပြာဋိဟာမျိုး ဖြစ်၍ ပြကောင်းသည်။ အပြစ်မရှိဟူ၍ မှတ်ယူရပါမည်။ ဤကား အထူး

http:\\www.dhammadownload.com



မှတ်ဖွယ်တည်း)။ ။

ထိုသို့ ကျောင်းဒကာ စိတ္တသေဋ္ဌေး တောင်းပန် လျှောက်ထား သောအခါ အရှင်မဟာက ရဟန္တာသူမြတ်သည်-

တေန ဟိ တွံ ဂဟပတိ အာလိန္ဒေ ဥတ္တရာသင်္ဂံ ပညပေတွာ တိဏကလာပံ ဩကာသေဟိ။

ဂဟပတိ=ကျောင်းဒကာ...။ တေန ဟိ=သို့တပြီးကား။ (ဝါ) ထိုသို့ တန်ခိုးပြာဋိဟာ ပြစေချင်သပဆိုလျှင်။ တွံ=သင်သည်။ အာလိန္ဒေ=ကျောင်း၏ တံခါးပေါက် ကျောင်းအဝင်ဝ (ခွေးအိပ်)၌။ ဥတ္တရာသင်္ဂံ=အပေါ်ရုံစုလျား(တဘက်)ကို။ ပညပေတွာ=အောက်မှ ခင်း၍။ တိဏကလာပံ=ထို့အထက်က မြက်ခြောက်ထုံး=မြက်စည်း ကို။ ဩကာသေဟိ=ဖြန့်ခင်းလိုက်ပါ။

ကျောင်းဒကာ ... တန်ခိုးပြာဋိဟာ ပြစေလိုလျှင် ဟောဒီ အပေါက်ဝ အဝင်နား(ခွေးအိပ်မှာ) ကျောင်းဒကာရဲ့ အပေါ်ရုံစုလျား (တဘက်)ကို ခင်းပြီး ထို့အထက်ကမှ မြက်ခြောက်စည်းတစ်ခုကို ဖြန့်ခင်းလိုက်ပါ။ ဤသို့မိန့်တော်မူတယ်။

ကျောင်းဒကာစိတ္တသေဋ္ဌေးကလဲ ဧဝံဘန္တေ=ကောင်းပါပြီ အရှင်ဘုရား...လို့ အရှင်မဟာကရဲ့ မိန့်ကြားချက်ကို အဲဒီတံခါးပေါက် အဝင်ဝ (ခွေးအိပ်)မှာ မိမိရဲ့ အပေါ်ရုံစုလျား (တဘက်)ကို ဖြန့်ခင်း လိုက်တယ်။ စိတ္တသေဋ္ဌေးရဲ့ လုပ်ဆောင်ဖွယ်ကိစ္စ ပြီးလျှင်ပင်-

အထ ခေါ အာယသ္မာ မဟကော ဝိဟာရံ ပဝိသိတွာ သူစိဃဋိကံ ဒတွာ တထာရူပံ ဣဒ္ဓါဘိသင်္ခါရံ အဘိသင်္ခရိ၊ ယထာ တာလစ္ဆိဂ္ဂလေန စ အဂ္ဂဠန္တရိကာယ စ အစ္စိ နိက္ခမိတွာ တိဏာနိ ဈာပေသိ၊ ဥတ္တရာသင်္ဂံ နဈာပေသိ။

http:\\www.dhammadownload.com



အထ ခေါ=ထိုအခါ၌။ အာယသ္မာ မဟာကော=အရှင်မဟာက ရဟန္တာသည်။ ဝိဟာရံ ပဝိသိတွာ=ကျောင်းမ–ထဲကိုဝင်၍။ သူစိယင္ဂိကံ ဒတွာ=တံခါးပိတ် + မင်းတုပ်များ ချပြီးသကာလ။ ယထာ =အကြင်သို့ တန်ခိုးပြာဋိဟာ ဖန်ဆင်းလတ်သော်။ တာလစ္ဆိဂ္ဂလေန စ=သော့ပေါက်က လည်းကောင်း။ အဂ္ဂဠန္တရိကာယ စ=တံခါးရွက် ကြားမှ လည်းကောင်း။ အစ္စိ=မီးလျှံသည်။ နိက္ခမိတွာ=ထွက်၍။ တိဏာနိ=မြက်တို့ကို။ ဈာပေသိ=အကျွမ်းလောင်၏။ ဥတ္တရာသင်္ဂံ= အပေါ်ရုံစုလျား(တဘက်)ကို။ န ဈာပေသိ=မလောင်။ တထာရူပံ= ထိုသို့သဘောရှိသော။ ဣဒ္ဓါဘိသင်္ခါရံ=တန်ခိုးအစီအရင်ကို။ အဘိသင်္ခရိ=စီရင်တော်မူလေပြီ။

အရှင်မဟာက ရဟန္တာမြတ် ကျောင်းထဲဝင်ပြီး အခြေခံ ပါဒက တေဇောကသိဏ ကြိယာစတုတ္ထဈာန်ကို ဝင်စား တော်မူတယ်။ ၎င်းနောက်မှ ကျောင်းထဲကနေပြီး (ဘရိုးလင်း ခေါ် မီးမြှိုက်တဲ့ လျှပ်စစ်စက်နှင့် ထိုးလိုက်သကဲ့သို့) သော့ပေါက်(နှင့်) တံခါး ကြားက မီးတွေ တဟူးဟူး ထွက်ပြီး အပေါ်ယံက မြက်ကိုသာ လောင်ပါစေ၊ စုလျားတဘက်ကို မလောင်ပါစေနဲ့လို့ အဲဒီလို ကာမာဝစရမဟာကြိယာဇော ကျတဲ့ အဓိဋ္ဌာန်ဝီထိ ဖြစ်တယ်။ အဓိဋ္ဌာန်ပြီးမှ တဖန် အဘိညာဏ်ရဲ့ အခြေခံပါဒက ရူပါဝစရကြိယာ စတုတ္ထဈာန် ကို ဝင်စားတော်မူတယ်။ ထိုဈာန်မှ ထပြီးနောက် စတုတ္ထဈာန်မြောက်မှာ အဘိညာဏ် ဝီထိကျလို့ အဘိညာဏ် တစ်ကြိမ် ဇောလိုက်သည်နှင့် တစ်ပြိုင်နက် အရှင်မြတ် အဓိဋ္ဌာန်တော်မူတဲ့အတိုင်း သော့ပေါက် (နှင့်) တံခါးကြား က မီးလျှံတွေ တဟူးဟူးထွက်ပြီး အပေါ်ယံက မြက်စည်းကို

http:\\www.dhammadownload.com



သာ မီးလောင်ပြာကျသွားတယ်။ အောက်ခံ ခင်းထားတဲ့ စိတ္တသေဋ္ဌေးရဲ့ အပေါ်ရုံ စုလျား(တဘက်)ကို မီးမလောင်ဘဲ ငြိမ်းသွားတယ်။ ထို့နောက်မှ -

အထ ခေါ စိတ္တော ဂဟပတိ ဥတ္တရာသင်္ဂံ ပပ္ဖေါဋေတွာ သံဝိဂ္ဂေါ လောမဟဋ္ဌ ဇာတော ဧကမန္တံ အဋ္ဌာသိ။

အထခေါ=ထိုသို့ ဣဒ္ဓိကိစ္စ ပြီးသောအခါ၌။ စိတ္တောဂဟပတိ= ကျောင်းဒကာ စိတ္တသေဋ္ဌေးသည်။ ဥတ္တရာသင်္ဂံ=အပေါ်ရုံစုလျား (တဘက်)ကို။ ပပ္ဖေါဋေတွာ=ခါ၍။ သံဝိဂ္ဂေါ=ထိတ်လန့်လျက်။ လောမဟဋ္ဌဇာတော=မွေးညင်းရှင်ပျ ကြက်သီးတဖျန်းဖျန်း ထလျက်။ ဧကမန္တံ=သင့်လျော်ပတ်ရာ အရပ်၌။ အဋ္ဌာသိ=ရပ်တည်လေပြီ။

စိတ္တသေဋ္ဌေးဟာ သူကြည့်နေတုန်း အပေါ်ယံက မြက်စည်း သာ မီးကျွမ်းပြီး အောက်က စုလျားတဘက် မီးမလောင်တာကိုမြင်၊ တဘက်ကို ကောက်ယူပြီး ထိတ်လန့်တုန်လှုပ်၊ ကြက်သီးတွေ တဖျန်းဖျန်းထပြီး အပြစ်လွတ်ရာအရပ်မှာ လက်အုပ်ချီပြီး မားမား မတ်မတ် ရပ်တည်နေတယ်။

ဒီအခါမှာ အရှင်မဟက ရဟန္တာသူမြတ်က ကျောင်းထဲက ထွက်ပြီး ကျောင်းဒကာ စိတ္တသေဋ္ဌေးကို အလ+မေတ္တာဝတာ ဂဟပတိ=ကျောင်းဒကာ...ဤမျှလောက်ဆိုလျှင် တော်လောက်ပြီ လားလို့ မေးတဲ့အခါ ကျောင်းဒကာ စိတ္တသေဋ္ဌေးကလဲ-

အလမေတ္တာဝတာ ဘန္တေ မဟက၊ ကတမေတ္တာဝတာ ဘန္တေ မဟက၊ ပူဇိတမေတ္တာဝတာ ဘန္တေ မဟက၊

အရှင်မဟကဘုရား...ဤမျှဆိုလျှင် တော်လောက်ပါပြီ ဘုရား။ ဤမျှဆိုလျှင် အရှင့်ကိစ္စ ပြုပြီးပါပြီဘုရား။

http:\\www.dhammadownload.com



အဘိရမတု ဘန္တေ အယျော မဟာကော မစ္ဆိကာ သဏ္ဍေ၊ ရမဏီယံ အမ္ဗာဋက ဝနံ၊ အဟံ အယျဿ မဟာကဿ ဥဿုက္ကံ ကရိဿာမိ စီဝရ+ပိဏ္ဍပါတ+ သေနာသန+ ဂိလာနပစ္စယ ဘေသဇ္ဇပရိက္ခာရာနံ။

အရှင်ဘုရား၊ အရှင်မဟာကသည် မစ္ဆိကာသဏ္ဍမြို့မှာ မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်တော် မူစေချင်ပါတယ်။ ဥဒေါးချိုပင် တောကျောင်းတိုက်သည် ဆိတ်ငြိမ်တင့်တယ် မွေ့လျော်ဖွယ်ရှိပါသည် ဘုရား။ တပည့်တော်သည် အရှင်မဟာကအတွက် သင်္ကန်း+ဆွမ်း+ ကျောင်း+ဆေး=ပစ္စည်းလေးပါးတို့ မငြိုငြင်ရအောင် ကြောင့်ကြစိုက် ပါမည် ဘုရား... ဤကဲ့သို့ လျှောက်ထားတယ်။

ထိုအခါ အရှင်မဟာကရဟန္တာမြတ်ကလဲပဲ–

ကလျာဏံ ဝုစ္စတိ ဂဟပတိ။

ဂဟပတိ=ကျောင်းဒကာ သေဋ္ဌေး...။ ကလျာဏံ=ကောင်း သော စကားကို။ ဝုစ္စတိ=ဆိုအပ်ပါပေ၏။

ကျောင်းဒကာသေဋ္ဌေး လျှောက်ထားချက် စကားသည် ကောင်းမြတ်သောစကား ဖြစ်ပါပေတယ်။ ဤကဲ့သို့သာ မိန့်ကြား တော်မူတယ်။

အရှင်မဟာက ရဟန္တာမြတ် စိတ္တသေဋ္ဌေး၏ ကျောင်းထိုင်ဖို့ရန် ပင့်လျှောက်ချက် ကို "ကျောင်းဒကာရဲ့ လျှောက်ထားတဲ့စကားဟာ ကောင်းတဲ့စကား ဖြစ်သားပဲလို့သာ မိန့်ကြားပြီး အမ္ဗာဋကကျောင်း၌ ငါနေမည်"ဟု ဝန်ခံစကား မပြောကြားခြင်းသည် "ရဟန္တာ အရှင် မြတ်တို့ရဲ့ သံယောဇဉ် ကင်းပြတ်တဲ့ အကျင့်မြတ်ပဲ"လို့ ချီးမွမ်း ကြည်ညိုကြရန် ဖြစ်ပါသည်။

ထို့နောက် အရှင်မဟာက ရဟန္တာသူမြတ်သည် ကျောင်း

http:\\www.dhammadownload.com



အိပ်ရာ နေရာများကို သိမ်းသိမ်းဆည်းပြီး သပိတ်တစ်လုံး သင်္ကန်းသုံးထည်မျှသာ ယူတော်မူ၍ မစ္ဆိကာသဏ္ဍမြို့မှ အရပ်တစ်ပါး ဖဲကြွတော်မူတယ်။ ထိုသို့ ဖဲသွားတော်မူပြီး နောက်တဖန် ပြန်၍ မလာတော့ပါပေ။

စိတ္တသံယုတ်(၄) မဟာကပါဋိဟာရိယသုတ် ပြီးပါပြီ။

## စိတ္တသံယုတ်(၅) ပဌမကာမဘူသုတ်
## (သံ၊ ၃၊ ၄၈၁)

ယခုပြောမယ့် ပဌမကာမဘူသုတ်လဲပဲ ကျောင်းဒကာ စိတ္တသေဋ္ဌေးကို အကြောင်းပြု၍ ဟောအပ်တဲ့ သုတ္တန်ပဲ ဖြစ်ပါတယ်။ စိတ္တသေဋ္ဌေးဟာ သာသနာတော်နှင့် မည်မျှရင်းနှီးတယ်၊ သာသနာတော်မှာ မည်မျှကျွမ်းကျင်တယ်–ဆိုတာ ဒိသုတ္တန်တွေကို ကြားနာရမှ ပိုပြီးသိတယ်။ ယခုဟောမည့် ပဌမကာမဘူသုတ္တန်ကို အရှင်အာနန္ဒာ + အရှင်မဟာကဿပ မထေရ်မြတ်ကြီးတို့က ဉာဏ်ဆိုလင်္ဂါ့အတိုင်း သုတ္တန်နိဒါန်း ပို့ပေးကြပါတယ်။

ဧကံ သမယံ အာယသ္မာ ကာမဘူ မစ္ဆိကာသဏ္ဍေ ဝိဟရတိ အမ္ဗဋကဝနေ (တဲ့)။

တစ်ချိန်က အရှင်ကာမဘူ–ဆိုတဲ့ ရဟန္တာမထေရ်မြတ်တစ်ပါး မစ္ဆိကာသဏ္ဍမြို့ ဝွေးချိုပင်တောကျောင်းတိုက်ကြီး၌ သီတင်းသုံး နေတော်မူတဲ့အခိုက် ဖြစ်တယ်။

အထ ခေါ စိတ္တော ဂဟပတိ ယေနာ+ယသ္မာ ကာမဘူ၊ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ အာယသ္မန္တံ ကာမဘုံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ (သရုပ်ပေါ်အောင် ဆက်ပေးတဲ့စကား)။

http:\\www.dhammadownload.com



ယင်းသို့ အရှင်ကာမဘူရဟာန္တာမထေရ်မြတ် မစ္ဆိကာသဏ္ဍာမြို့ ဝွေးချိုပင်တောကျောင်းတိုက်၌ သီတင်းသုံးနေတော်မူတဲ့အခါ တစ်နေ့သ၌ ကျောင်းဒကာ စိတ္တသေဋ္ဌေး အရှင်ကာမဘူရှိရာ ကျောင်းတိုက်သို့ လာပြီး အရှင်ကာမဘူရဟာန္တာမထေရ်မြတ်ကို ရှိသေမြတ်နိုး ရှိခိုး၍ အပြစ်ခြောက်ပါးလွတ်တဲ့ နေရာက ထိုင်တယ်။

အပြစ်လွတ်တဲ့နေရာက ထိုင်နေပြီးတယ်ဆိုလျှင်ပဲ အရှင် ကာမဘူရဟာန္တာမထေရ်မြတ်က ကျောင်းဒကာစိတ္တသေဋ္ဌေးကို ဤကဲ့သို့ မေးတော်မူတယ်။

ဝုတ္တ+မိဒံ ဂဟပတိ ဘဂဝတော–

နေလင်္ဂေါ သေတပစ္ဆာဒေါ၊ ကောရော ဝတ္တတိ ရထော။

အနီဃံ ပဿ အာယန္တံ၊ ဆိန္နသောတံ အဗန္ဓနံ။ ။

ဂဟပတိ=ကျောင်းဒကာသေဋ္ဌေး ...။ ဘဂဝတော=မြတ်စွာဘုရားသည်။ ဣဒံ=ဤတရားစကားကို။ ဝုတ္တံ=ဟောတော်မူအပ်ပြီ။

ကျောင်းဒကာသေဋ္ဌေး ... ယခုပြောမည့် တရားစကားကို ဟောကြားတော်မူခဲ့တယ်။ ဟောကြားတော်မူပုံက – "နေလင်္ဂေါ သေတပစ္ဆာဒေါ၊ ပ၊ အဗန္ဓနံ(တဲ့)။ (ဂါထာအနက် နောက်၌ ထင်ရှားပါလိမ့်မည်)။

ဣမဿ နု ခေါ ဂဟပတိ သံခိတ္တေန ဘာသိတဿ ကထံ ဝိတ္ထာရေန အတ္ထော ဒဋ္ဌဗ္ဗော။

ဂဟပတိ=ကျောင်းဒကာသေဋ္ဌေး...။ (ဘဂဝတာ=မြတ်စွာဘုရားသည်)။ သံခိတ္တေန=အကျဉ်းအားဖြင့်။ ဘာသိတဿ= ဟောကြားအပ်သော။ ဣမဿ=ဤတရားစကား၏။ ဝိတ္ထာရေန= အကျယ်အားဖြင့်။ အတ္ထော=အနက်အဓိပ္ပာယ်ကို။ ကထံ နု ခေါ= အဘယ်သို့လျှင်။ ဒဋ္ဌဗ္ဗော=မှတ်ရမည်နည်း။

http:\\www.dhammadownload.com



ကျောင်းဒကာ...မြတ်စွာဘုရား အကျဉ်းဟောအပ်တဲ့ အဲဒီဂါထာရဲ့ အနက်အဓိပ္ပာယ်ကို ဘယ်လို သိရမှတ်ရမည်လဲလို့ မေးတော်မူတယ်။ (စိတ္တသေဋ္ဌေး ဉာဏ်ပညာ ကြီးတဲ့အကြောင်း ဒီသုတ္တန်ဖြင့်လည်း ထင်ရှားနိုင်ပါတယ်။

ဤ ခါ စိတ္တသေဋ္ဌေးက ပြန်ပြီး မေးလျှောက်တယ်။

**ကိံ နု ခေါ တေ ဘန္တေ ဘဂဝတာ ဘာသိတံ။**

ဘန္တေ=အရှင်ဘုရား...။ တေ=ဤယခု အရှင်ဘုရား ရွတ်ဆိုအပ်တဲ့ တရားဂါထာကို။ ဘဂဝတာ=မြတ်စွာဘုရားသည်။ ဘာသိတံ ကိံ နု ခေါ=ဟောအပ်ပါသလား ဘုရား။

အရှင်ဘုရား...ယခု အရှင်ဘုရား ရွတ်ဆိုပြတဲ့ တရားကို မြတ်စွာဘုရား ဟောကြားအပ်ပါ သလားဘုရား...လို့ မေးလျှောက်တဲ့အခါ အရှင်ကာမဘူ ရဟန္တာမထေရ်က "ဧဝံ ဂဟပတိ=အေး ကျောင်းဒကာ အဲဒီတရားကို မြတ်စွာဘုရား ဟောကြားအပ်တယ်" ဤကဲ့သို့ ပြန်လည်မိန့်ကြားတယ်။

မှတ်ဖွယ် အမှာစကား

ဤ၌ အထူးမှတ်ရန်မှာ...ဤတရားဂါထာကို ရှေးက စိတ္တသေဋ္ဌေး မကြားနာရဖူးဘူး။ ဒီတော့ ဒီတရားဂါထာရဲ့ အခြေအမြစ်ကို လိုက်ရှာတဲ့အခါ ခုဒ္ဒကနိကာယ် ပဌမအုပ် ဥဒါန်းပါဠိတော် (နှာ၊ ၁၇) အပရ လကုဏ္ဍကဘဒ္ဒိယသုတ်မှာ တွေ့ရှိရပါတယ်။ ဒီတော့ ယခု ပဌမ ကာမဘူသုတ်ကို ခေတ္တရပ်ပြီး ထိုဂါထာရဲ့ ဝတ္ထုရင်း အပရလကုဏ္ဍက ဘဒ္ဒိယသုတ်ကို အကျဉ်းချုပ် နာယူမှတ်သား ကြပါဦးစို့။

**ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။**

http:\\www.dhammadownload.com



တစ်ချိန်က မြတ်စွာဘုရား သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း၌ ကိန်းအောင်း မွေ့လျော်နေတော်မူဆဲ ဖြစ်တယ်။

တေန ခေါ ပန သမယေန အာယသ္မာ လကုဏ္ဍကဘဒ္ဒိယော သမ္ဗဟုလာနံ ဘိက္ခူနံ ပိဋ္ဌိတော ပိဋ္ဌိတော ယေန ဘဂဝါ၊ တေန+ပသင်္ကမိ။

ထိုအခါမှာ အသီတိသာဝကကြီးများထဲမှာ တစ်ပါးအပါအဝင် ဖြစ်တဲ့ အရှင်လကုဏ္ဍကက ရဟန္တာ မထေရ်မြတ်သည် များစွာသော ရဟန်းတော်တို့ရဲ့နောက် တော်တော်ဝေးတဲ့နေရာက တစ်ပါးတည်း မြတ်စွာဘုရား သီတင်းသုံးရာ ဇေတဝန်ကျောင်းသို့ လာရောက်တယ်။

အထူးမှတ်ဖွယ်ကား ... အရှင်လကုဏ္ဍကဘဒ္ဒိယသည် တော်တော်ပဲ ပုကွတယ်။ အမည်ရင်းက ဦးဘဒ္ဒိယ၊ အရပ်က တော်တော့်ကို ပုကွလို့ လကုဏ္ဍကဘဒ္ဒိယလို့ အမည်တပ်ကြတယ်။

အရှင်လကုဏ္ဍကဘဒ္ဒိယသည် မြောက်မြားစွာသော ရဟန်းတို့ရဲ့နောက် တော်တော်ဝေးဝေးက တစ်ပါးတည်း လိုက်လာတယ်။ မထေရ်မြတ်ကား အရှင်သာရိပုတ္တရာရဲ့ တရားကိုနာရ နှလုံးသွင်းရလို့ ရဟန္တာ ဖြစ်ပြီးသားပါ။ ထိုရဟန္တာ အရှင်လကုဏ္ဍကဘဒ္ဒိယသည် များစွာသော ရဟန်းတို့နှင့် အတူတကွ သာဝတ္ထိပြည်ရဲ့ အပြင်ဘက်မှာ ရှိတဲ့ ရွာငယ်တစ်ခုမှာ ဆွမ်းခံသွားတယ်။ ဆွမ်းခံပြန်တော့ များစွာသော ရဟန်းတို့က ရှေ့က သွားပြီး မထေရ်မြတ်က နောက်ခပ်လှမ်းလှမ်းက လိုက်ပါလာတယ်။ ဘာ့ကြောင့်လဲ ဆိုလျှင် အရှင်မြတ်က အရပ်ပုကွလို့ ဖြစ်ကယ်။ အရပ် အမောင်း ပုကွတာနဲ့ ဘာဆိုင်သလဲလို့ မေးရန် ရှိတယ်။

http:\\www.dhammadownload.com



အဖြေကား...

ထိုရဟန်းများအထဲမှ အချို့အချို့သော အလဇ္ဇီ ဆဗ္ဗဂ္ဂီ ရဟန်းတို့လို ခပ်နောက်နောက် ပုထုဇဉ်ရဟန်းတို့က အရှင် လကုဏ္ဍကဘဒ္ဒိယနဲ့ နီးကပ်လျှင် အရှင်မြတ်က ပုပုကွကွ ကလေးဆိုတော့ ဆံပင်ဆွဲလိုက်၊ ဦးခေါင်းကို ကိုင်တွန်းလိုက်၊ နားရွက်ကို ကိုင်ဆွဲယမ်းလိုက်၊ နှာခေါင်းကို ကိုင်လှုပ်လိုက် ဤသို့ စသည်ဖြင့် နိုင်လိုမင်းထက် ကစားကြလိမ့်မယ်။ အဲဒီလို မထေမဲ့မြင် ပြုလုပ်ကြလျှင် ထို အလဇ္ဇီ ပုထုဇဉ်ရဟန်းတို့အဖို့လဲပဲ ရဟန္တာအား မထေမဲ့မြင် ပြုလုပ်တဲ့အတွက် ကြီးလေးသော အကုသိုလ်အပြစ် သင့်နိုင်သည့် အပြင် ကိုယ်တော်မြတ် အဖို့ရာလဲပဲ ရဟန္တာပုဂ္ဂိုလ်ဖြစ်သည့် အတိုင်း တရားနှလုံးသွင်းခွင့် ရနိုင်မည်မဟုတ်သဖြင့် အလဇ္ဇီရဟန်းတို့လဲ အပြစ်ကင်း၊ မိမိလည်း တရားနှလုံးသွင်းနိုင်ရန် ရဟန်းတို့ရဲ့ နောက် ခပ်လှမ်းလှမ်းက ကြွရောက်လိုက်ပါတော်မူတယ်။ ဤကား အထူးမှတ်ဖွယ်တည်း။ ။

ထိုသို့ အရှင်လကုဏ္ဍကဘဒ္ဒိယ(နှင့်) ရဟန်းတော်များ ဆွမ်းခံပြီး ပြန်ကြွလာပုံကို မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းတိုက်၌ ရဟန်းတို့အား တရားဟောရန် ဓမ္မာရုံအတွင်း ဗုဒ္ဓါသနဓမ္မပလ္လင်ပေါ်ကနေပြီး လင်းလင်းထင်ထင် မြင်တော်မူတယ်။ ဒီအကြောင်းကို ပါဠိတော်မှာ –

အဒ္ဒသာ ခေါ ဘဂဝါ အာယသ္မန္တံ လကုဏ္ဍကဘဒ္ဒိယံ ဒူရတောဝ သမ္ဗဟုလာနံ ဘိက္ခူနံ ပိဋ္ဌိတော ပိဋ္ဌိတော အာဂစ္ဆန္တံ ဒုဗ္ဗဏ္ဏံ ဒုဒ္ဒသိကံ ဩကောဋိမကံ ယေဘုယျေန ဘိက္ခူနံ ပရိဘူတရူပံ။ (ဤကဲ့သို့ သံဂီတိကာရက မထေရ်

http:\\www.dhammadownload.com



တို့က အနုသန္ဓေစကား ဆက်ပေးတော်မူကြတယ်။

အနက်ကား...)

ဘဂဝါ=မြတ်စွာဘုရားသည်။ ဒုဗ္ဗဏ္ဏံ=ရုပ်အဆင်းမလှရှာသော။ ဒုဒ္ဒသိကံ=အကြည့်ရခက်သော (ကြည့်လို့ကလဲ ဘယ်လိုမှ အဆင်မပြေသော)။ ဩကောဋိမကံ=ပုကွသော။ ယေဘုယျေန= အရိယာတို့နှင့် ကလျာဏပုထုဇဉ်တို့ကို ထား၍ များသောအားဖြင့်။ ဘိက္ခူနံ=ဆဗ္ဗဂ္ဂီတို့လို အလဇ္ဇီရဟန်းတို့က။ ပရိဘူတရူပံ=နားရွက်ဆွဲ၊ နှာခေါင်းဆွဲ စသည်ဖြင့် ကစားလှောင်မိုးအပ်သော သဘောရှိသော။ အာယသ္မန္တံ လကုဏ္ဍကဘဒ္ဒိယံ=အရှင်လကုဏ္ဍက ဘဒ္ဒိယကို။ သမ္ဗဟုလာနံ ဘိက္ခူနံ= များစွာသော ရဟန်းတို့၏ ပိဋ္ဌိတော ပိဋ္ဌိတော =နောက်မှနောက်မှ (ဝါ) နောက်ခပ်လှမ်းလှမ်းက။ အာဂစ္ဆန္တံ=လာနေသည်ကို။ ဒူရတောဝ= အဝေးမှပင်။ အဒ္ဒသ=မြင်တော်မူပြီ။

ခပ်လှမ်းလှမ်းကတည်းက မြတ်စွာဘုရားက ရုပ်က ဆိုးရှာ+ ကြည့်လို့က အဆင်မပြေ+ အရပ်ကလဲပု+ အလဇ္ဇီပုထုဇဉ်ရဟန်းများ အဖို့ရာ နားရွက်ဆွဲ၊ နှာခေါင်းဆွဲ၊ ဦးခေါင်း ကိုင်လှုပ်စသည်အမျိုးမျိုး ကျီစယ်ကစား လှောင်မိုးခံရမည့် အရှင်လကုဏ္ဍကဘဒ္ဒိယ ရဟန်း များစွာတို့ရဲ့နောက်ခပ်လှမ်းလှမ်းက လိုက်ပါလာတာကို အဝေးမှပင် မြင်တော်မူပြီးနောက် ကိုယ်တော့်မျက်မှောက်၌ ရှိနေသော ရဟန်း တို့ကို မိန့်တော်မူသည်မှာ–

ပဿထ နော တုမှေ ဘိက္ခဝေ ဧကံ ဘိက္ခုံ ဒူရတောဝ
သမ္ဗဟုလာနံ ဘိက္ခူနံ ပိဋ္ဌိတော အာဂစ္ဆန္တံ ဒုဗ္ဗဏ္ဏံ ဒုဒ္ဒသိကံ
ဩကောဋိမကံ ယေဘုယျေန ဘိက္ခူနံ ပရိဘူတရူပံ။

ဘိက္ခဝေ=ရဟန်းတော်များ အို–ချစ်သားတို့၊ (ဒူရတောဝ– ပိုအံ့ထင်သည်)။ ဒုဗ္ဗဏ္ဏံ=အဆင်းမလှသော။ ဒုဒ္ဒသိကံ=အကြည့်ရခက်

http:\\www.dhammadownload.com



သော။ သြကောဋ္ဌိမကံ=ပုကွသော။ ယေဘုယျေန=အရိယာနှင့် ကလျာဏ ပုထုဇဉ်တို့ကိုထား များသောအားဖြင့်။ ဘိက္ခုနံ=အလဇ္ဇီ ပုထုဇဉ်ရဟန်းတို့က။ ပရိဘုတ္တရူပံ=လွှမ်းမိုးကျီစယ် ကစားအပ်သော သဘောရှိသော။ သမ္ဗဟုလာနံ ဘိက္ခုနံ=များစွာသော ရဟန်းတို့၏။ ပိဋ္ဌိတော ပိဋ္ဌိတော=နောက်မှ နောက်မှ၊ (ဝါ) နောက်ခပ်လှမ်းလှမ်းက။ အာဂစ္ဆန္တံ=တည်ငြိမ်သော သမာဓိဖြင့် လာနေသော။ တေံ ဘိက္ခုံ= ထိုရဟန်းကို။ ပဿထ နော–ပဿထ နု=မြင်ကြရဲ့လား။ (ဤကဲ့သို့ မေးတော်မူတယ်။ ရဟန်းတို့ကလဲ မြတ်စွာဘုရား မိန့်တော်မူတော့ လှမ်းကြည့်ကြ+မြင်ကြ–လို့) ဧဝံ ဘန္တေ=မြင်ပါတယ် မြတ်စွာဘုရား ... လို့ လျှောက်ထားကြတယ်။

## ဘုရားချီးမွမ်း ဥဒါန်းကျူးရင့်ခြင်း

ထိုအခါ မြတ်စွာဘုရားက–

> သော ဘိက္ခဝေ ဘိက္ခု မဟိဒ္ဓိကော မဟာနုဘာဝေါ၊ န စ သာ သမာပတ္တိ သုလဘရူပါ၊ ယာ တေန ဘိက္ခုနာ အသမာပန္နပုဗ္ဗာ၊ ယဿ စ+တ္ထာယ ကုလပုတ္တာ သမ္မဒေဝ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇန္တိ၊ တ+ဒနုတ္တရံ ဗြဟ္မစရိယ ပရိယောသာနံ ဒိဋ္ဌေဝဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရတိ။ (ဤသို့ ချီးမွမ်းတော်မူတယ်။ အနက်ကား) –

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့...။ သော ဘိက္ခု=ထိုရဟန်းသည်။ မဟိဒ္ဓိကော=ကြီးသောတန်ခိုးရှိ၏။ မဟာနုဘာဝေါ=ကြီးမြတ်သော အာနုဘော်ရှိ၏။ ယာ=အကြင်စျာန သမာပတ်၊ ဖလသမာပတ်၊ နိရောဓသမာပတ်ကို။ တေန ဘိက္ခုနာ=

http:\\www.dhammadownload.com



ထိုရဟန်းသည်။ အသမာပန္နပုဗ္ဗာ=မဝင်စားစဖူး။ သာသမာပတ္တိ စ= ထို ဈာနသမာပတ် ဖလသမာပတ် နိရောဓသမာပတ်သည်လည်း။ န သုလဘရူပါ=ရလွယ်သော သဘောမရှိ (ဝါ) ရလွယ်သည်မဟုတ်။

မြတ်စွာဘုရား ဤစကားကို မိန့်ကြားတော်မူခြင်းမှာ

ဥပမာအားဖြင့် အဆိပ်ပြင်းထန်တဲ့ မြွေနဂါးကို အဆိပ်ပြင်းထန်မှန်း မသိတဲ့ ကလေးများ သွားကိုင်ပြီး လှုပ်ကြ ခါကြ ရမ်းကြသလို အရှင်မြတ်ရဲ့ တန်ခိုး၊ အရှင်မြတ်ရဲ့ အာနုဘော်ကို မသိကြတဲ့ ကလေးနှင့် တူကြတဲ့ ဆဗ္ဗဂ္ဂီရဟန်းတို့လို အလဇ္ဇီပုထုဇဉ် ရဟန်းအချို့တို့က နားရွက်ကိုင်ဆွဲရမ်းလိုက်၊ ဦးခေါင်းကလေး ကိုင်လှုပ်လိုက်၊ နှာခေါင်းကလေးကိုင်ပြီး ဟိုရမ်းလိုက်+ဒီရမ်းလိုက် တွန်းလိုက်၊ ဆုတ်လိုက် ပြုလုပ်ကြတဲ့အတွက် အကုသိုလ်တွေ များကုန်ကြတော့မယ်။ ဒီတော့ ဒီရဟန်းရဲ့ တန်ခိုးအာနုဘော် ဂုဏ်ရည်ကို ငါဘုရား ဟောမှ နောက်နောင်အခါ မထေမဲ့မြင်မှု+မရိုသေမှု မပြုကြမှာဖြစ်တယ်။ မပြုကြမှ အကုသိုလ် မဖြစ်ကြမယ်။ ဒါကြောင့် ရဟန်းတွေကို (ဒီအထဲမှာ ဆဗ္ဗဂ္ဂီကိုယ်တော်တွေလဲ ပါတယ်နော်) "မြင်ကြ ရဲ့လား ချစ်သားတို့... ဟောဟိုမှာ လကုဏ္ဍက ဘဒ္ဒိယရဟန်း ရဟန်းများစွာနောက် ခပ်လှမ်းလှမ်းက တည်ငြိမ်စွာ လိုက်ပါလာတာကို မြင်ကြရဲ့လား"လို့ မေးတော်မူရာ "မြင်ပါတယ် မြတ်စွာဘုရား..."လို့ လျှောက်ထားကြတဲ့အခါ နောက် ဒီအရှင်မြတ်အပေါ်မှာ မထေမဲ့မြင်မှု မပြုဝံ့ကြအောင် ချစ်သား တို့... လကုဏ္ဍက ဘဒ္ဒိယရဟန်းကို နှယ်နှယ်မမှတ်ကြနဲ့၊ တန်ခိုး=ဣဒ္ဓိပါဒ် အလွန်ကြီးတယ်။ အာနုဘာဝခေါ် သူ့ သုံးဆောင်အပ်တဲ့

http:\\www.dhammadownload.com



ဓမ္မရသဟာ အလွန်ကြီးတယ်။ သူ မဝင်စားဖူးတဲ့ ဈာန သမာပတ်၊ ဖလသမာပတ်၊ သူမဝင်စားဖူးတဲ့ နိရောဓ သမာပတ်ကယ်လို့ မရှိ၊ သူဝင်စားဖူးတာချည်းပဲ(တဲ့)။ ဤ စကားရပ်ဖြင့် မဟိဒ္ဓိကအရ တန်ခိုးကြီးပုံကို ပြတော်မူတယ်။

(ယဿ စ+တ္ထာယ ကုလပုတ္တာ=စသော စကားနှစ်ဝါကျဖြင့် မဟာနုဘာဝ ဖြစ်ပုံကို ဖော်ပြသည်။ အနက်ကား)–ဘိက္ခဝေ=ရဟန်း တော်များ အိုချစ်သားတို့…။ စ=သည်သာမကသေး။ ယဿ အတ္ထာယ=အကြင်အရဟတ္တဖိုလ် အကျိုးငှာ။ ကုလ ပုတ္တာ=ဇာတိ+ အာစာရ ကုလပုတ္တခေါ်ကြသော အမျိုးကောင်းသားတို့သည်။ သမ္မဒေဝ= ကောင်းစွာသာလျှင်။ အဂါရသ္မာ=အိမ်ရာတည်ထောင် လူတို့ဘောင်မှ။ အနဂါရိယံ=အိမ်ရာမထောင် ရဟန်းဘောင်သို့။ ပဗ္ဗဇန္တိ=ကပ်ရောက် ကြကုန်၏။ အနုတ္တရံ=အတူမရှိ လွန်မြတ်သော။ ဗြဟ္မစရိယ ပရိယောသာနံ=သာသန +မဂ္ဂ=ဗြဟ္မစရိယနှစ်ပါး၏ အဆုံးဖြစ်သော။ တံ=ထိုအရဟတ္တဖိုလ်ကို။ ဒိဋ္ဌေဝ ဓမ္မေ=မျက်မှောက်ဘဝ၌ပင်လျှင်။ သယံ အဘိညာ သစ္ဆိကတွာ=ကိုယ်တိုင်ကိုယ်ကြပ် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုရ၍။ ဥပသမ္ပဇ္ဇ= (အရဟတ္တဖလသမာပတ် ဝင်စားတဲ့ အခါ ထိုအရဟတ္တဖိုလ်နှင့်) ပြည့်စုံ၍။ ဝိဟရတိ=နေနိုင်၏။

အေး…သာသနာတော်မှာ ဇာတိကုလပုတ္တ+ အာစာရ ကုလပုတ္တဆိုတဲ့ အမျိုးကောင်းသား နှစ်မျိုးတို့ဟာ အရဟတ္တဖိုလ်ကို မြော်ကိုးပြီး ရဟန်းပြုတယ်။ (မိမျိုး ဖမျိုး ကိုက အမျိုးကောင်းသူကို ဇာတိကုလပုတ္တလို့ ခေါ်တယ်။ မိဖက အမျိုးကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ မိမိ ကိုယ်နှိုက်က အကျင့်ကောင်း သူကို အာစာရ ကုလပုတ္တလို့ ခေါ်တယ်)။ အေး…သာသနာတည်းဟူသော ဗြဟ္မစရိယ

http:\\www.dhammadownload.com



(နဲ့) မဂ္ဂဖြဟ္မစရိယရဲ့ အဆုံးသာသနာ့ပန်းတိုင်ဆိုတဲ့ အရဟတ္တဖိုလ်ကို အရှင်လကုဏ္ဍက ဘဒ္ဒိယရဟန်းတော် မျက်မှောက်ဘဝမှာပင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုပြီး နေ့စဉ်နေ့စဉ် အရဟတ္တဖိုလ် သမာပတ်ကို ဝင်စားနိုင်တဲ့သူ ဖြစ်ပေတယ်။ (ယခု စာနှစ်ဝါကျဖြင့် မထေရ်၏ မဟာနုဘာဝ ဖြစ်ပုံကို ဟောတော်မူတယ်။)

## ဥဒါန်းကျူးရင့်တော်မူခြင်း

ဤကဲ့သို့ ဟောကြားတော် မူလိုက်သောအခါ အရှင်လကုဏ္ဍက ဘဒ္ဒိယရဟန္တာရဲ့ အကြောင်းကို ဆဗ္ဗဂ္ဂိအစရှိသော ရဟန်းများသိပြီး နောက်မှာ မြတ်စွာဘုရားက ဝမ်းမြောက်တော်မူလှလို့ အရှင်လကုဏ္ဍက ဘဒ္ဒိယကို အကြောင်းပြုပြီး ကိုယ်တော့ဘာသာ ကိုယ်တော် ဥဒါန်း ကျူးတော်မူတယ်။ ဥဒါန်းကျူးတယ်ဆိုတာ တရားနာပုဂ္ဂိုလ်ကို မငဲ့ဘဲ မိမိဝမ်းထဲမှာ အလွန်နှစ်သက်လွန်းလို့ ပီတိတွေဟာ တဖြည်းဖြည်း ဂယက်ရိုက်လာပြီး ရင်ထဲ ဝမ်းထဲမှာ မဆံ့လို့ ပီတိအဟုန်ကြောင့် လျှံထွက်လာတဲ့စကား။ (၅ပိဿာရှိတဲ့ ပုံးထဲက ဆီ ကို ၄-ပိဿာဆံ့တဲ့ ပုံးထဲမှာ လောင်းထည့်လျှင် ၄-ပိဿာမှ ပိုလျှံတဲ့ဆီတွေ အန်ထွက် လျှံထွက်သလို) မြတ်စွာဘုရားရဲ့ ရင်ထဲ နှလုံးထဲမှာ ဟို-အရှင်လကုဏ္ဍကဘဒ္ဒိယရဲ့ မဟိဒ္ဓိက မဟာနုဘာဝ ဖြစ်ပုံကို အာရုံပြုပြီး ဝမ်းမြောက်တော်မူလွန်းလို့ ပီတိအဟုန်က ဝမ်းထဲမှာပြည့်ပြီး ဤဆိုလတ္တံ့သောအတိုင်း ဥဒါန်းတရားဂါထာ လျှံပြီးထွက်လာတယ်။

**နေလင်္ဂေါ သေတပစ္ဆာဒေါ၊ ဧကာရော ဝတ္တတိ ရထော။**
**အနီဃံ ပဿ အာယန္တံ၊ ဆိန္နသောတံ အဗန္ဓနံ။ ။**

http:\\www.dhammadownload.com



(ဒီဂါထာဟာ ဘယ်ပုဂ္ဂိုလ်အားမှ မြတ်စွာဘုရား တရားဟောတာ မဟုတ်လို့ ဘယ်သူ့ကိုမှ အာလုပ်ခေါ်စရာ မလိုဘူး။ ကိုယ်တော့်ဘာသာ ဝမ်းမြောက်လွန်းလို့ ရွတ်တဲ့ ဂါထာ(တဲ့)။

နေလင်္ဂေါ=အပြစ်ကင်းစင်သည့် အင်္ဂါအစိတ်အပိုင်း ရှိပေထသော။ သေတ ပစ္ဆာဒေါ=ဖြူဖွေးသန့်ရှင်းတဲ့ အခင်းလည်း ရှိပါပေထသော။ ဧကာရော=အထောက်အကန့်တွေက မရှုပ်၊ အထောက်အကန့် တစ်ခုတည်းသာ ရှိပါပေထသော။ ရထော=အံ့ဖွယ်သော ရထားကြီး သည်။ ဝတ္တတိ=တငြိမ့်ငြိမ့် တအိမ့်အိမ့် လိမ့်၍လိမ့်၍ လာပေ၏။ အနီဃံ=တုန်လှုပ်ချောက်ချားခြင်း အလျဉ်းမရှိသော။ ဆိန္နသောတံ= ဝင်ရိုးဆီ+ထမ်းပိုးဆီ+ဘီး (ဘိန်း)ဆီ–အစရှိသည့် ညစ်ပေတတ်သည့် ထိုထို ဆီအစေးမှ ကင်းဝေးပေထသော။ အဗန္ဓနံ=ဘယ်လို အနှောင် အဖွဲ့ အချည်အတုပ်မှ လုံးဝမရှိသော။ တံ ရထံ=ထိုထူးဆန်းသော ရထားကြီးကို။ ပဿ ပဿာဟိ=စေ့စေ့ငုငု ကြည့်ရှုစမ်းပါလော။ (ကိုယ်တော့်ကို–ကိုယ်တော် ပြန်တိုက်တွန်းတာ။ အဓိပ္ပာယ်က တော့)–

တုန်လှုပ်ချောက်ချားခြင်း အလျဉ်းမရှိတဲ့ ငါဘုရားထံသို့ ရှေးရှု လာရောက်၍နေတဲ့ ဝင်ရိုးဆီ+ဘီးဆီ+ထမ်းပိုးဆီ ညစ်ပေတဲ့ ဆီတစ်မျိုးမှ မပါရှိတဲ့ ဟိုပကတိရထားမှာတော့ ရထားသံနဲ့ ဝင်ရိုးဖွဲ့ ပေးရတဲ့ အနှောင်အဖွဲ့က တစ်မျိုး၊ ရထားသံနဲ့ ထမ်းပိုး ဖွဲ့ပေးရတဲ့ အနှောင်အဖွဲ့ ကတစ်မျိုး ရထားသံနဲ့ ရထားအိမ်ဖွဲ့ပေးရတဲ့ အနှောင်အဖွဲ့က တစ်မျိုး၊ အနှောင်အဖွဲ့တွေ အမျိုးမျိုး ပါရှိတယ်။ ယခု ငါဘုရားထံမှောက် ဦးတည်ပြီး လာရောက်နေတဲ့ (အရှင် လကုဏ္ဍက ဘဒ္ဒိယ–ဆိုတဲ့) ရထားကြီး ကတော့ လုံးဝအနှောင်အဖွဲ့ မရှိတဲ့ ရထား ကြီး ဖြစ်တယ်။ စေ့စေ့ငုငု ကြည့်ရှုစမ်းပါလော။ (အဲဒါ

http:\\www.dhammadownload.com



ရဟန်းတွေကို အကြည့်ခိုင်းတာ မဟုတ်ဘူး။ ကိုယ်တော့်ကို ကိုယ်တော် တိုက်တွန်းတဲ့ ဂါထာ)။ ။(ဤတွင် ဥဒါန်းပါဠိ တော်လာ အပရ လကုဏ္ဍကဘဒ္ဒိယသုတ် မှတ်ဖွယ်အမှာစကား ညွှပ်ပြီးပါပြီ။)

(ကာမဘူသုတ် အဆက်)

အဲဒီဂါထာကို ယခုစိတ္တသံယုတ် ကာမဘူသုတ်ကျတော့ "အရှင်ကာမဘူ" ရဟန္တာ မထေရ်က ကျောင်းဒကာ "စိတ္တသေဌ္ဌေး" ကို မေးတာ။

ကျောင်းဒကာ...(တဲ့)

နေလင်္ဂေါ် သေတပစ္ဆာဒေါ၊ ဧကာရော ဝတ္တတိ ရထော။
အနီဃံ ပဿ အာယန္တံ၊ ဆိန္နသောတံ အဗန္ဓနံ။ ။

အဲဒီတရားဂါထာကို မြတ်စွာဘုရား အကျဉ်းဟောထားတယ်။ ထိုသည့်ဂါထာရဲ့ အနက်အဓိပ္ပာယ်အကျယ်ကို ဘယ်လိုမှတ်ရမှာလဲ ကျောင်းဒကာ...(တဲ့)။ အဲဒီတော့ စိတ္တသေဌ္ဌေးက ပြန်ပြီး–

ကိံ နု ခေါ တံ ဘန္တေ ဘဂဝတာ ဘာသိတံ။

ဘန္တေ=အရှင်ဘုရား...။ တံ=ဤတရားဂါထာကို။ ဘဂဝတာ=မြတ်စွာဘုရားသည်။ ဘာသိတံ ကိံ နု ခေါ=ဟောတော်မူ အပ်ပါသလားဘုရား။ အရှင်ဘုရား... ဒီတရားဂါထာကို မြတ်စွာ ဘုရား ဟောကြားအပ်ပါသလားဘုရားလို့ မေးတော့–အရှင်ကာမဘူ မထေရ်က "ဧဝံ ဂဟပတိ=ဂဟပတိ=ကျောင်းဒကာ...။ ဧဝံ=အိမ်း... မြတ်စွာဘုရား ဟောကြားအပ်ပေတယ်"

ထိုအခါ စိတ္တသေဌ္ဌေးက–

တေန ဟိ ဘန္တေ မုဟုတ္တံ အာဂမေဟိ ယာဝ+ဿ အတ္ထံ ပေက္ခာမိ။

http:\\www.dhammadownload.com



ဘန္တေ=အရှင်ဘုရား...။ တေနဟိ=သို့တပြီးကား။ (ဝါ) ဘုရားဟောပါဠိ တရားဂါထာ ဖြစ်ခဲ့ပါလျှင်။ အဟံ=တပည့်တော်သည်။ ယာဝ=အကြင်မျှလောက်။ အဿ=ထိုဘုရားစကား၏။ အတ္ထံ=အနက်အဓိပ္ပာယ်ကို။ ပေက္ခာမိ=ရှုစမ်းဆင်ခြင်ပါဦးအံ့။ တာဝ=ထိုမျှလောက်။ မုဟုတ္တံ=ကစ်ခဏလောက်။ အာဂမေဟိ=ဆိုင်းတွ ငံ့လင့်တော်မူပါ ဘုရား။

အရှင်ဘုရား...ဘုရားဟောပါဠိ တရားဂါထာ ဖြစ်ခဲ့ပါလျှင် တပည့်တော် ခဏ ဒီတရားဂါထာရဲ့ အနက်အဓိပ္ပာယ်ကို ဆင်ခြင် ကြည့်ရှုပါရစေဦး၊ ခဏတစ်မုဟုတ်လောက် ဆိုင်းတော်မူပါ...လို့ ဆိုပြီး စိတ္တသေဋ္ဌေးဟာ အဲဒီတရားဂါထာရဲ့ အနက်အဓိပ္ပာယ်ကို တစ်ပုဒ်စီ တစ်ပုဒ်စီ စဉ်းစားတယ်။ ပဋိသမ္ဘိဒါပတ္တ အနာဂါမ် အရိယာ ဆိုတော့ ပရိယတ်ကိုလဲ အောင်အောင်မြင်မြင် လေ့လာထားသူဖြစ်လို့ သူ့ဉာဏ်ထဲမှာ ဒီဂါထာရဲ့ တစ်ပုဒ်စီ တစ်ပုဒ်စီ၏ ဆိုလိုရင်း အနက် အဓိပ္ပာယ်တွေသိပြီး ပြန်၍လျှောက်ထား ဖြေကြားသည်ကို အရှင် အာနန္ဒာမထေရ်က စကားစပ်ပေးပုံက–

အထ ခေါ စိတ္တော ဂဟပတိ မုဟုတ္တံ တုဏှီ ဟုတွာ အာယသ္မန္တံ ကာမဘုံ ဧတ+ဒဝေါစ။ (တဲ့)။

အထ ခေါ=ထို့နောက်မှ။ စိတ္တော ဂဟပတိ=စိတ္တသဋ္ဌေး သည်။ မုဟုတ္တံ တုဏှီ ဟုတွာ=တစ်မုဟုတ်လောက် ဆိတ်ဆိတ်နေ စဉ်းစားပြီး။ အာယသ္မန္တံ ကာမဘုံ=အရှင်ကာမဘူ ရဟန္တာမထေရ်ကို။ ဧတံ ဝစနံ=ဤအဖြေစကားကို။ အဝေါစ=လျှောက်ထားပြီ။ (လျှောက်ထားပုံကား)–

နေလင်္ဂေါ ခေါ ဘန္တေ သီလာန+မေတံ အဓိဝစနံ။

ဘန္တေ=အရှင်ဘုရား...၊ နေလင်္ဂေါ ဧတံ=အပြစ်ကင်းစင်တဲ့

http:\\www.dhammadownload.com



အင်္ဂါအစိတ်အပိုင်း ဟူသော ဤအမည်သည်။ သီလာနံ=ပါတိမောက္ခသံဝရသီလ+ဣန္ဒြိယသံဝရသီလ+အာဇီဝပါရိသုဒ္ဓိသီလ+ပစ္စယသန္နိဿိတသီလ=ဤသီလလေးပါးတို့၏။ အဓိဝစနံ အမည်ဖြစ်ပါသည် ဘုရား။

အရှင်ဘုရား...၊ ဒီရထားကြီးမှာ အပြစ်ကင်းတဲ့ အင်္ဂါအစိတ်အပိုင်းဆိုတာ ပါတိမောက္ခသံဝရ+ဣန္ဒြိယသံဝရ+အာဇီဝပါရိသုဒ္ဓိ+ပစ္စယသန္နိဿိတဆိုတဲ့ ဒီသီလလေးပါးကို ဆိုတာပါ ဘုရား။

သေတပစ္ဆာဒေါတိ ခေါ တော=ဖြူဖွေးသန့်စင်တဲ့ ရထားခင်းနှီး ဟူသော ဤအမည်သည်။ ဝိမုတ္တိယာ=အရဟတ္တဖိုလ် တည်းဟူသော ဝိမုတ္တိ၏။ အဓိဝစနံ=အမည်ပါ ဘုရား။ (ရိုးရိုးရထားအခင်းမဟုတ်ဘူး၊ အရဟတ္တဖိုလ်တည်းဟူသော ရထားအခင်းကြီးလို့ ဆိုပါတယ်ဘုရား)။

ဧကာရေ=အကန့်အထောက်တွေ မရှုပ် အကန့်အထောက်တစ်ခုတည်းသာပါတဲ့ ရထားဆိုတော့ ပကတိရိုးရိုးရထား မဟုတ်ဘူး။

ဧကာရောတိ ခေါ ဘန္တေ သတိယာ တေ အဓိဝစနံ။

ဘန္တေ=အရှင်ဘုရား...။ ဧကာရောတိ ခေါ=တစ်ခုတည်းသော အထောက်အကန့် ဆိုသော။ တေ=ဤအမည်သည်။ သတိယာ=သတိ၏။ အဓိဝစနံ=အမည်ပါဘုရား။ (ရဟန္တာပုဂ္ဂိုလ်ရဲ့ သန္တာန်မှာဖြစ်တဲ့ သတိကို အကန့်အထောက်လို့ ဟောတာပါ ဘုရား)

ဝတ္တတိတိ ခေါ ဘန္တေ အဘိက္ကမပဋိက္ကမဿေ+တံ အဓိဝစနံ။

ဘန္တေ=အရှင်ဘုရား...။ ဝတ္တတိတိ ခေါ=တငြိမ့်ငြိမ့် တအိမ့်အိမ့် လိမ့်၍လိမ့်၍ လာနေ၏ဟူသော။ တံ=ဤစကားသည်။ အဘိက္ကမ ပဋိက္ကမဿ=ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း၏။ အဓိဝစနံ=အမည်ပါ ဘုရား။ (ထင်ရှားပါပြီ)။

http:\\www.dhammadownload.com



ရထောတိ ခေါ ဘန္တေ ဣမဿေတံ စာတုမဟာ ဘူတိကဿ ကာယဿ အဓိဝစနံ မာတာပေတ္တိက သမ္ဘဝဿ ဩဒနကုမ္မာသူ + ပစယဿ အနိစ္စု+ စ္ဆာဒန ပရိမဒ္ဒန ဘေဒန ဝိဒ္ဓံသနဓမ္မဿ။

ဘန္တေ=အရှင်ဘုရား...။ ရထောတိ ခေါ တေံ=အံ့ဖွယ် ထူးဆန်းတဲ့ ရထားကြီးဆိုသော ဤအမည်သည်။ စာတုမဟာ ဘူတိကဿ=ပထဝီ+အာပေါ+တေဇော+ဝါယောဆိုတဲ့ မဟာ ဘုတ်ကြီးလေးပါးတို့ဖြင့် ပြီးသော။ (ဝါ) မဟာဘုတ်ကြီးလေးပါးတို့ အုပ်စီး၍နေသော။ ဩဒန ကုမ္မာသူ+ပစယဿ=ထမင်း+မုယောမုန့် တို့ကို စား၍ တစ်နေ့တခြား တိုးပွားခြင်း သဘောရှိသော။ အနိစ္စု+ စ္ဆာဒန ပရိမဒ္ဒနဘေဒန ဝိဒ္ဓံသနဓမ္မဿ=မမြဲတဲ့ အနိစ္စသဘော၊ အဆစ်အချိုး ပြေပြစ်အောင် နှိပ်နယ်ပေးရခြင်း=ပရိမဒ္ဒနသဘော၊ မည်သို့ပင် ပြုစုစောကာမူ ကွဲပျက်ခြင်း=ဘေဒနသဘော၊ ဖရိုဖရဲပြိုကွဲ ခြင်း=ဝိဒ္ဓံသနသဘော ရှိသော။ ဣမဿ ကာယဿ=ဤစတုဇကိုယ် ခန္ဓာ၏။ အဓိဝစံ=အမည်ပါဘုရား။ အရှင်ဘုရား...ရထားကြီးဆိုတာ ပထဝီ+အာပေါ+တေဇော+ဝါယောဆိုတဲ့ မဟာဘုတ်ကြီးလေးပါးတို့ အုပ်စီးနေတဲ့ ဒီကိုယ်ကြီးရဲ့ အမည်ပါဘုရား...လို့ စိတ္တသေဋ္ဌေး ဖြေဆို ချက်ဂါထာ ထက်ဝက်ပြီးသွားပြီ၊ ဂါထာနောက် ထက်ဝက်ဆက်ပြီး ဖြေတယ်။ ဖြေပုံကား...

ရာဂေါ ခေါ ဘန္တေ နီဃော၊ ဒေါသော နီဃော၊ မောဟော နီဃော၊ တေ ခီဏာသဝဿ ဘိက္ခုနော ပဟီနာ ဥစ္ဆိန္နမူလာ တာလာဝတ္ထုကတာ အနဘာဝံ ကတာ အာယတိံ အနုပ္ပါဒဓမ္မာ၊ တသ္မာ၊ ခီဏာသဝေါ ဘိက္ခု "အနီဃော"တိ ဝုစ္စတိ။

http:\\www.dhammadownload.com



ဘန္တေ=အရှင်ဘုရား...။ ရာဂေါ=ရာဂသည်။ နိယျော= တုန်လှုပ်ချောက်ချားတဲ့ တရားပါ ဘုရား။ ဒေါသော=ဒေါသသည်။ နိယျော=တုန်လှုပ်ချောက်ချားတဲ့ တရားပါ ဘုရား။ ခီဏာသဝဿ ဘိက္ခုနော=အာသဝေါကုန်ခန်းတဲ့ ရဟန္တာဖြစ်သော ရဟန်းသည်။ (ဝါ) ရဟန်း၏အဖို့ရာ။ ပဟီနာ=အမြစ်မကျန် ပယ်အပ်ကုန်ပြီ။ ဥစ္ဆိန္နမူလာ=အမြစ်ပြတ် ဖြတ်အပ်ကုန်ပြီ။ တာလာဝတ္ထုကတာ= ထန်းပင်ကဲ့သို့ ပြုအပ်ကုန်ပြီ။ အနဘာဝံ ကတာ=နောက်တဖန် မဖြစ်အောင် ပြုအပ်ကုန်ပြီ။ အာယတိံ အနုပ္ပါဒဓမ္မာ=နောက်အခါ၌ ဖြစ်ခြင်းသဘော မရှိကြကုန်။ တသ္မာ=ထို့ကြောင့်။ ခီဏာသဝေါ= ဘိက္ခု=ရဟန္တာဖြစ်သော ရဟန်းကို။ "အဗန္ဓ နော"တိ=အနှောင်အဖွဲ့ မရှိသော ရထားကြီးဟူ၍။ ဝုစ္စတိ=ဆိုအပ်ပါတယ်ဘုရား။ (အဓိပ္ပာယ် ပေါ်လွင်ပါတယ်)။ ။

ကျောင်းဒကာ=စိတ္တသေဋ္ဌေးသည် မိမိ၏စကားကို ဆက်၍ နိဂုံးအုပ်သောအားဖြင့်– ဣတိခေါ ဘန္တေ ယံ တံ ဘဂဝတာ ဝုတ္တံ–

"နေလင်္ဂေါ သေတပစ္ဆာဒေါ၊ ဧကာရော ဝတ္တတိ ရထော။
အနိဃံ ပဿ အာယန္တံ၊ ဆိန္နသောတံ အဗန္ဓန"န္တိ။

ဣမဿ ခေါ ဘန္တေ ဘဂဝတာ သံခိတ္တေန ဘာသိတဿ ဧဝံ ဝိတ္ထာရေန အတ္ထံ အာဇာနာမိ (လို့ ပြန်ကြားလျှောက်ထားတယ်၊ အနက်သမ္ဗန်သော်ကား)–ဘန္တေ=အရှင်ဘုရား။ ဣတိခေါ=ဤဆိုအပ် ပြီးသောအတိုင်း။ ဘဂဝတာ=မြတ်စွာဘုရားသည်။

နေလင်္ဂေါ သေတပစ္ဆာဒေါ၊ (ပ) ဆိန္နသောတံ အဗန္ဓနန္တိ=

နေလင်္ဂေါ သေတပစ္ဆာဒေါ၊ (ပ) ဆိန္နသောတံ အဗန္ဓနန္တိ– ဟူသော။ ယံ တံ=အကြင်တရားစကားကို။ ဝုတ္တံ=အကျဉ်းအားဖြင့် ဟောကြားအပ်လေပြီ။ ဘန္တေ=အရှင်ဘုရား...။ ဘဂဝတာ=မြတ်စွာ

http:\\www.dhammadownload.com



ဘုရားသည်။ သံခိတ္တေန=အကျဉ်းအားဖြင့်။ ဘာသိတဿ=ဟော ကြားတော်မူအပ်သော။ ဣမဿ=ဤတရားစကား၏။ ဝိတ္ထာ ရေန= အကျယ်အားဖြင့်။ အတ္ထံ=အနက်ကို။ ဧဝံ=ဤသို့။ အာဇာနာမိ= တပည့်တော် စဉ်းစားပိုင်းခြား၍ သိပါသည်ဘုရား။

ဥပါသကာ ဒါယကာတို့ဘက်က ပညာချိန်ခွင်ကြီးပိပိ ဘုရား ရှင်ရဲ့ အလိုတော်ကျ အနက်အဓိပ္ပာယ်ကို ဖြေကြားခဲ့ပြီ၊ အနက်သမ္ပန် ရအောင်–

နေလင်္ဂေါ=အပြစ်ကင်းစင်တဲ့ အင်္ဂါအစိတ်အပိုင်းဆိုတဲ့ ပါတိမောက္ခသံဝရသီလ+ဣန္ဒြိယသံဝရသီလ+အာဇီဝပါရိသုဒ္ဓိ သီလ+ ပစ္စယသန္နိဿိတသီလ–တည်းဟူသော သီလလေးအင် စင်ကြယ် သော အင်္ဂါရှိပါပေထသော။ သေတပစ္ဆာဒေါ=အရဟတ္တဖိုလ် တည်း ဟူသော ကိလေသာ အညစ်အကြေး ကင်းစင်ဝေးသော ဖြူဖွေးသော ရထားခင်နိုးလည်း ရှိပေထသော။ ဧကာ+ရော=အထောက် အကန့်တွေ ရှုပ်ရှုပ်ရှက်ရှက်မရှိ သတိတည်းဟူသော အထောက် အကန့်တစ်ခုသာ ရှိပေထသော။ ရထော=ကြည်ညိုဖွယ်များပြား ရဟန္တာပုဂ္ဂိုလ် တည်းဟူသော ရထားကြီးသည်။ ဝတ္တတိ=တငြိမ့်ငြိမ့် တအိမ့်အိမ့် လိမ့်၍လိမ့်၍ လာနေ၏။ အနိဃံ=လောဘ+ဒေါသ+ မောဟခပင်း တုန်လှုပ်ခြင်း မရှိသော။ အာယန္တံ=ဣန္ဒြေရစွာ လာရောက်နေသော။ ဆိန္နသောတံ=ဝင်ရိုးဆိ+ဘီးဆိနှင့်တူသည့် တဏှာချောက်ပါးတည်းဟူသော အညစ်အကြေးတွေကို အပြီးအပြတ် ဖြတ်တောက် အပ်ပြီးထသော။ အဗန္ဓနံ= လောဘ+ ဒေါသ+မောဟ အစရှိသည့် သံယောဇဉ်ဆယ်မျိုး အဖွဲ့ကြိုးတို့ တစိုးတစိ ရှိတော်မမူ ထသော။ ရထံ=အံ့ဖွယ်ဘနန်း အလွန်ထူးဆန်းတဲ့ ရဟန္တာပုဂ္ဂိုလ် တည်းဟူသော ရထားကြီးကို။ ပဿ=ပဿာဟိ=စေ့စေ့ငုငု ကြည့်ရှု

http:\\www.dhammadownload.com



စမ်းပါလော။

စိတ္တသေဌေးက "အရှင်လကုဏ္ဍကဘဒ္ဒိယ"လို့ မပြောရုံတမယ်ပဲ။ ကျန်တာတွေက ဘုရားအလိုတော်ကျ ဖြေကြားလျှောက်ထားတဲ့အခါ အရှင်ကာမဘူ ရဟန္တာမထေရ်မြတ် လွန်စွာနှစ်သက်လွန်းလို့– လာဘာ တေ ဂဟပတိ၊ သုလဒ္ဓံ တေ ဂဟပတိ၊ ယဿ တေ ဂမ္ဘီရေ ဗုဒ္ဓဝစနေ ပညာစက္ခု ကမတိ၊ (ဤကဲ့သို့ ချီးမွမ်းစကားမိန့်ကြားတော်မူတယ်၊ အနက်ကား)=ဂဟပတိ=ကျောင်းဒကာသေဌေး...။ ယဿ တေ=အကြင်သင်၏ (အဖို့ရာ)။ ဂမ္ဘီရေ=နက်နဲစွာသော။ ဗုဒ္ဓဝစနေ=ဘုရားစကားတော် တည်းဟူသော ပိဋကတ်တော်၌။ ပညာစက္ခု=ပညာမျက်စိသည်။ ကမတိ=သက်သက်ဝင်ဝင်သိမြင်ပါပေ၏။ တဿ=သို့ရကား။ ဂဟပတိ=ကျောင်းဒကာသေဌေး...။ တေ=သင်သည်။ လာဘာ=အရတော်လေစွ။ ဂဟပတိ=ကျောင်းဒကာ သေဌေး...။ တေ=သင်သည်။ သုလဒ္ဓံ=လူ့အဖြစ်ကိုကောင်းစွာ ရအပ်ပါပေစွ။ (ဤကဲ့သို့ ချီးမွမ်းတော်မူတယ်)။ ။

စိတ္တသံယုတ်(၅) ပဌမကာမဘူသုတ္တန်တရား
ပြီးပါပြီ

* * *

စိတ္တသံယုတ်(၆) ဒုတိယကာမဘူသုတ် တရားတော်

စိတ္တသံယုတ်မှာ သုတ္တန်ပေါင်း ဆယ်သုတ်ရှိတဲ့အနက်ငါးသုတ် ဟောလို့ပြီးခဲ့ပါပြီ။ ယနေ့ ခြောက်ခုမြောက်ဖြစ်တဲ့ ဒုတိယကာမဘူသုတ်ကို ဟောဖို့ အလှည့်အကြိမ် ရောက်ခဲ့ပါပြီ။

စိတ္တသံယုတ်ကို ကြည်ညိုကြည့်ရတာဟာဖြင့် ကျောင်းဒကာစိတ္တသေဌေး(နှင့်) ကျောင်းနေ ရဟန္တာမထေရ်မြတ်တို့ ဒကာကမေးလိုက်+ဆရာကဖြေလိုက်၊ ဟင် တစ်ခါ ဆရာက မေးလိုက်+

http:\\www.dhammadownload.com



ဒကာက ဖြေလိုက် ဒီပုံမျိုးပဲ သုတ္တန်တွေကို ကြည့်ရတာ ပေါ်နေပါတယ်။ ပြီးခဲ့တဲ့ ငါးခုမြောက်=ပဉ္စမ ကာမဘူသုတ္တန်တုန်းက ကျောင်းနေ အရှင်ကာမဘူ ရဟန္တာမထေရ်မြတ်က မေးပြီး ကျောင်းဒကာက ဖြေဆိုခဲ့၍ ဤယခု ခြောက်ခုမြောက် ဒုတိယကာမ ဘူသုတ္တန်ကျတော့ ကျောင်းဒကာ စိတ္တသေဋ္ဌေးက မေး၍ ကျောင်းနေ အရှင်ကာမဘူ ရဟန္တာမထေရ်က ဖြေဆိုသည်ကို တွေ့မြင်ကြားသိ ကြည်ညိုကြရမည် ဖြစ်ပါတယ်။ ဤဒုတိယ ကာမဘူသုတ္တန်ကျတော့ ကျောင်းဒကာကြီးက "ကိုင်း... အရှင်တစ်ကြိမ်က တပည့်တော်ကို အရှင်မြတ်က-မေးခဲ့ပြီ၊ ဒီတစ်ကြိမ်မှာတော့ တပည့်တော်က-မေးပါရစေ"လို့ ဆိုသလို စိတ္တသေဋ္ဌေးက-မေးပြီး အရှင်ကာမဘူ ရဟန္တာမထေရ်က ဖြေဆိုတာကို တွေ့မြင်နာကြား ကြည်ညိုရမည် ဖြစ်ပါပေတယ်။ ထိုအကြောင်းကို သံဂါယနာတင် မထေရ်မြတ်တို့က တရားဦးကို ဤကဲ့သို့ စပေးလိုက်တယ်။

**ဧကံ သမယံ အာယသ္မာ ကာမဘူ မစ္ဆိကာသဏ္ဍေ ဝိဟရတိ အမ္ဗာဋကဝနေ။**

တစ်ချိန်က အရှင်ကာမဘူရဟန္တာ မထေရ်မြတ် မစ္ဆိကာသဏ္ဍာမြို့ (စိတ္တသေဋ္ဌေး လှူဒါန်းထားတဲ့) "ဒွေးချုံပင်တောရ ကျောင်းတိုက်ကြီး၌" သီတင်းသုံးနေဆဲ ဖြစ်ပါတယ်။

**အထ ခေါ စိတ္တော ဂဟပတိ ယေန+ယသ္မာ ကာမဘူ၊ တေန+ပသင်္ကမိ၊ ဥပသင်္ကမိတွာ အာယသ္မန္တံ ကာမဘုံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ။**

ထိုအခါ ကျောင်းဒကာ စိတ္တသေဋ္ဌေး အရှင်ကာမဘူ မထေရ်ရှိရာ ဒွေးချုံပင်တောရ ကျောင်းတိုက်သို့ သွားရောက်ဝပ်လျှိုး ရှိခိုးဦးညွှတ် အပြစ်လွတ်တဲ့နေရာက ထိုင်နေတယ်။

http:\\www.dhammadownload.com



ကေမန္တံ နိသိန္နော ခေါ စိတ္တော ဂဟပတိ အာယသ္မန္တံ ကာမဘုံ ဧတ+ဒဝေါစ။

အဲဒီလို အပြစ်လွတ်တဲ့နေရာက ထိုင်ပြီး ကျောင်းဒကာစိတ္တ သေဌေးဟာ အရှင်ကာမဘူ ရဟန္တာမထေရ်မြတ်ကို ဤဆိုလတ္တံ့သော ပြဿနာ(၁၁)ဆယ့်တစ်ရပ်ကို အစဉ်အတိုင်း မေးပါတော့တယ်။

* * *

(အထူးမှတ်ဖွယ် အဓိပ္ပာယ်)

ဤသို့ အဘယ့်ကြောင့် စိတ္တသေဌေးက ဒိပြဿနာ(၁၁) ဆယ့် တစ်ရပ်ကို မေးလျှောက်ရသနည်းဟု မေးဖွယ်ရှိ၏။ အဖြေမှာ စိတ္တ သေဌေးသည် သူ့ကိုယ်တိုင်က "နိရောဓသမာပတ်" လို့ ခေါ်တဲ့ သမာပတ်ကို ဝင်စားသူဖြစ်ပါတယ်။ အရှင်ကာမဘူ ရဟန္တာ မထေရ် မြတ်ကိုလည်း နိရောဓသမာပတ်ဝင်စားတဲ့ ပုဂ္ဂိုလ်အဖြစ် ယုံကြည် တယ်။ ယုံကြည်သောကြောင့် သူ့နယ်မှာ သူမေးခြင်းပဲလို့ မှတ်ယူရ ပါမည်။

ဒီတော့ ပုထုဇဉ် သူ+ငါတို့ရဲ့ အနေနဲ့ မကြားဖူးသလို ဖြစ်တဲ့ နိရောဓသမာပတ် အကြောင်းကို မှတ်သားကြရအောင်။ ပုထုဇဉ် သူငါ တို့ရဲ့အလိုနဲ့ အရိယာပုဂ္ဂိုလ်မြတ်တို့ရဲ့အလိုဟာ တစ်ခါတလေ အရှေ့ နှင့်အနောက်၊ အဖြူနှင့်အမည်း ကွာခြားသလို ကွာခြားတတ်တယ်။ ယခု နိရောဓ သမာပတ်နဲ့စပ်ပြီး ပြောရလို့ရှိရင် –

(က) ပုထုဇဉ်တို့အလိုက မိမိမှာရှိနေတဲ့ ခန္ဓာကိုယ်ကို တိုး၍ တိုး၍သာလျှင် ဖြစ်ပွားစေချင်တယ်။ ဥပမာ မိမိကိုယ်ကို ပေါင်ချိန်တဲ့ ကိရိယာ "ကတ္တား"မှာ ချိန်လိုက်လို့ ပေါင် (၁၁၀) တစ်ရာ့တစ်ဆယ် ရှိတယ် ဆိုပါစို့။ နောက်ဆယ့်ငါးရက်လောက်မှာ ဒုတိယအကြိမ် ချိန်ကြည့်လို့ ပေါင်(၁၁၅)တစ်ရာ့ငါးပေါင် ရှိနေတယ်ဆိုလျှင်

http:\\www.dhammadownload.com



စိတ်မချမ်းသာတတ်ဘူး။ ဘာ့ကြောင့်လဲ ရုပ်ခန္ဓာ လျော့သွားလို့ပဲ ဖြေရလိမ့်မယ်၊ ဒါက ပုထုဇဉ်အလို။

(ခ) အရိယာပုဂ္ဂိုလ်တို့ရဲ့အဖို့ (အထူးသဖြင့်) စိတ္တသေဋ္ဌေး တို့လို အနာဂါမ်အရိယာ၊ အရှင်ကာမဘူတို့လို ရဟန္တာ–အဲဒီ အရိယာ သူမြတ်တွေအဖို့ကျတော့ ခန္ဓာငါးပါးတရားကို ထမ်းထားဆောင်ထား ရခြင်းကို ပိဿာငါးဆယ် လေးလံတဲ့ ဝန်ထုပ်ကြီးကို အပြီးအဆုံး မချရသေးမီ လမ်းအကြားမှာ အခွင့်ရသလောက် တတ်နိုင်သလောက် ဝန်ထုပ် အစိတ်အဝက်ကို ပစ်ချရလျှင် ပစ်ချသလောက် သက်သာ သလို အနာဂါမ်+ရဟန္တာ=အရိယာသူမြတ်များအဖို့ ခန္ဓာငါးပါး ရှိနေ ခြင်းသည် အလွန်အချိန်လေးတဲ့ ဝန်ထုပ်ကြီးငါးထုပ် ထမ်းဆောင်ထား ရသကဲ့သို့ အလွန်ဝန်လေးလှရာ ပရိနိဗ္ဗာန်စုတိဆိုတဲ့ (ပရိနိဗ္ဗာန ဓာတ်အား ကျေးဇူးပြုမည့်) စုတိသို့ မရောက်သေးမီ ကြားကာလဝယ် (ဝါ–မသေသေးမီ ကြားကာလဝယ်) ဒီခန္ဓာဝန်ကြီးကို အချိန်ပိုင်းနဲ့ ချတော်မူကြခြင်း ဖြစ်ပါတယ်။ ခန္ဓာဝန်ထုပ်ကို အခြေအနေ ပေးသလောက် မသေခင် ချကြည့်တဲ့ သမာပတ်လို့ ဆိုနိုင်ပါတယ်။

အဲဒီ နိရောဓသမာပတ်ကို ကာမဘုံ(နှင့်) ရူပဘုံတို့မှ အနာဂါမ်နှင့် ရဟန္တာပင် ဖြစ်လင့်ကစား သမာပတ် ရှစ်ပါးတို့ကို မရ လျှင် မဝင်စားနိုင်ဘူး။ ကာမဘုံ ရူပဘုံသား ပုထုဇဉ်+သောတာပန်+ သကဒါဂါမ် ပုဂ္ဂိုလ်များ(နှင့်) အရူပဘုံသား ပုဂ္ဂိုလ်အားလုံးပင် ဤနိရောဓသမာပတ်ကို မဝင်စားကြနိုင်ကြဘူး။

ဤကဲ့သို့ နိရောဓသမာပတ် ဝင်စားနိုင်သော ပုဂ္ဂိုလ်(နှင့်) မဝင်စားနိုင်သော ပုဂ္ဂိုလ်တို့ကို အကျဉ်းချုပ်အားဖြင့် သိပြီးမှ နိရောဓ သမာပတ် ဝင်စားနိုင်သည့် ကာမဘုံသား၊ ရူပဘုံသား=သမာပတ် ရှစ်ပါးရကြတဲ့ အနာဂါမ် ရဟန္တာများတွင်လဲပဲ ကာမဘုံသား

http:\\www.dhammadownload.com



(အထူးသဖြင့် လူ့ဘုံသား) အနာဂါမ်နှင့် ရဟန္တာပုဂ္ဂိုလ်တို့လဲ မိမိတို့ တစ်ရက် စားထားတဲ့ ကဗဠီကာရအာဟာရက (၇)ခုနစ်ရက်သာ ခန္ဓာကိုယ်ကို မျှတစေနိုင်သောကြောင့် ခုနစ်ရက်သာလျှင် ဝင်စားနိုင်ကြတယ်။ ထို့ထက်ပို၍ မဝင်စားနိုင်ကြဘူး။

ဒီတော့ လူပြည်လူသား ဈာန်ရတဲ့ အနာဂါမ်+ရဟန္တာပုဂ္ဂိုလ် တစ်ပါး ဒီနိရောဓသမာပတ်ကို ဝင်စားတော့မယ်ဆိုတော့ ရှေးဦးစွာ ရူပါဝစရ ပဌမဈာန်ကို ဝင်စားရတယ်။ (ဝင်စားတယ်ဆိုတာ မိမိ၏ ဟဒယဝတ္ထုရုပ်ပေါ်မှာ ဈာန်စိတ်တွေ အစဉ်မပြတ် ဆက်၍ဆက်၍ ဖြစ်နေသည်ကို "ဈာန်ဝင်စားတယ်"လို့ ခေါ်တယ်)။ အဲ...ရူပဝါစရ ပဌမ ဈာန်စိတ်တွေ မိမိ၏ ဟဒယဝတ္ထုရုပ်ကို မှီ၍ အစဉ်မပြတ် ဆက်၍ဆက်၍ဖြစ်အောင် ပြုလုပ်၍ အနာဂါမ် အရိယာမှာ ရူပါဝစရ ကုသိုလ် ပဌမဈာန်ဇောတွေ၊ ရဟန္တာပုဂ္ဂိုလ်မှာ ရူပါဝစရကြိယာ ပဌမဈာန်ဇောတွေ အဆက်မပြတ် ဖြစ်၍ဖြစ်၍ နေလေသည်။ ၎င်းကိုပင် ရူပါဝစရ ပဌမဈာန်ကို ဝင်စားသည်ဟုခေါ်သည်။

ပဌမဈာန်ကို ဝင်စားပြီး ထိုဈာန်မှထ (ဈာန်မှထတယ်ဆိုတာ ထိုင်ရာက ထတာမျိုး မဟုတ်ဘူး၊ ဈာန်စိတ်တွေ အစဉ်မပြတ် ဖြစ်နေရာက ထိုဈာန်စိတ်အဖြစ် ရပ်ပြီး ဘဝင်စိတ်တွေအဖြစ် ပြောင်းလဲပြီး ဖြစ်သွားတာကို "ဈာန်မှ ထတယ်"လို့ ခေါ်တယ်)။ အဲဒီလို ဈာန်မှထပြီး ပဌမဈာန်ကို ဝင်စားနေတုန်းက ဖြစ်ပျက်ခဲ့တဲ့ ရုပ်နာမ်တရားတို့ကို အနိစ္စ+ဒုက္ခ+အနတ္တဟု ဝိပဿနာ ရှုရတယ်။ ဈာန်ဝင်စားတာက သမထ၊ အနိစ္စ+ဒုက္ခ+ အနတ္တလို့ ရှုတာက ဝိပဿနာ။

အဲဒီလို ရူပါဝစရ ပဌမဈာန်အတွက် သမထ(နှင့်) ဝိပဿနာ အစုံ ဖွဲ့ပြီး ရှုပြီးတော့မှ ဒုတိယဈာန်ကိုဝင်စား၊ ထိုဈာန်မှထ၊ ထိုဈာန်

http:\\www.dhammadownload.com



ဝင်စားစဉ် အတွင်းမှာဖြစ်တဲ့ ရုပ်နာမ်တရားတို့ကို ဝိပဿနာ ရှုရသည်။

ဤနည်းအတိုင်း ဒုတိယဈာန်မှာ သမထ+ဝိပဿနာအစုံ အားထုတ်ပြီး တတိယဈာန်အတွက် သမထ+ဝိပဿနာအစုံ အား ထုတ်၊ ပြီးတော့ ရူပါဝစရ စတုတ္ထဈာန် အတွက်လည်း သမထ+ ဝိပဿနာအစုံ အားထုတ်ရသည်။

ရူပါဝစရဈာန်အတွက် သမထ ဝိပဿနာအစုံ အားထုတ်ပြီး အာကာသာ နဉ္စာယတနဈာန်၊ ဝိညာဏဉ္စာယတနဈာန်၊ အာကိဉ္စ ညာယတနဈာန်တို့အတွက်လည်း သမထ(နှင့်)ဝိပဿနာ ဤနည်း အတူ အစဉ်အတိုင်း အားထုတ်ပြီးတော့ (နေဝသညာ နာသညာ ယတန ဈာန်ကို မဝင်စားမိ) "ပုဗ္ဗကိစ္စလေးပါး"ကို ပြုလုပ်ရတယ်။ ပုဗ္ဗကိစ္စလေးပါး" မှာ -

(က)နာနာဗဒ္ဓအဝိကောပန=မိမိကိုယ်မှ ကင်းကွာ နေသော မိမိပိုင်သက်န်း စသော ပရိက္ခရာတို့ကို ရန်သူမျိုးငါးပါးတို့ မဖျက်ဆီးနိုင်ကြပါစေနှင့်လို့ အဓိဋ္ဌာန်ရတယ်။

(ခ) သတ္ထုပက္ကောသနအဓိဋ္ဌာန် = "အကယ်၍များ ငါ သမာပတ်ဝင်စားနေခိုက် မြတ်စွာဘုရားက အလိုတော် ရှိ၍ တမန်ရဟန်းစေလွှတ်ပြီး ခေါ်ခိုင်းလျှင် ထိုတမန် ရဟန်း ငါ့အထံမှာ လာပြီးတော့ "ငါ့ရှင်ကို မြတ်စွာ ဘုရားက ခေါ်တယ်'လို့ မပြောခင်မှာပင် သမာပတ်မှ ထနှင့်ရ လိုပါ၏" ဟူ၍ အဓိဋ္ဌာန် ရတယ်။

(ဂ) သံဃပဋိမာနနအဓိဋ္ဌာန်="ငါ သမာပတ်ဝင်စားနေသော အချိန်၌ သံဃာတော်က သံဃာ့ကိစ္စတစ်ခုခု ပြုရန်ရှိ၍

http:\\www.dhammadownload.com



ငါ့ကို တမန်ရဟန်းလွှတ်ပြီး ခေါ်လျှင် ထို တမန်ရဟန်း ငါ့အထံသို့ မရောက်ခင် ကြားတွင်၌ သမာပတ်မှ ထနှင့်ရ ပါလို၏" ဟူ၍ အဓိဋ္ဌာန်ရတယ်။

(ဃ)အဒ္ဓါနပရိစ္ဆေဒလို့ခေါ်တဲ့ ဆောက်တည်ချက်၊ အဓိပ္ပာယ် ကတော့ လူ့ပြည်လူသား သမာပတ်ဝင်စားမည့် အနာဂါမ်+ရဟန္တာ ဈာန်ရပုဂ္ဂိုလ်သူမြတ်သည် "ဪ ... ငါတို့ လူသားအနေဖြင့် ခုနစ်ရက်သာ နိရောဓ သမာပတ်ကို ဝင်စားနိုင်တယ်။ ထို့ထက်ပို၍ မဝင်စား နိုင်ဘူး။ ဒီတော့ ခုနစ်ရက်ထက် ကျော်လွန်အောင် ငါ့ရဲ့ အာယုသင်္ခါရခေါ်သော ဇီဝိတသန္တတိ အစဉ်ဆက်နိုင် မည်လော၊ မဆက်နိုင်မည်လော"ဟု ဆင်ခြင်ရသည်။ ခုနစ်ရက် ထက်ပိုလွန်၍ ဇီဝိတသန္တတိ အာယုသင်္ခါရ ဆက်နိုင်မှ "ငါသည် ခုနစ်ရက်ပတ်လုံး စိတ်မဖြစ်သည့် ပုဂ္ဂိုလ် ဖြစ်ပေအံ့" ဤကဲ့သို့ စိတ်ထားရတယ်။

ထိုသို့ စိတ်ကို ဆောက်တည်ထားပြီးမှ စတုတ္ထ အရူပါဝစရ ဈာန် ဖြစ်သော နေဝသညာ နာသညာယတနဈာန်ကို ဝင်စားရတယ်။ ထိုအခါ ထိုအနာဂါမ်+ရဟန္တာဈာန်ရ အရှင်မြတ်ရဲ့သန္တာန်မှာ ဘဝင်္ဂစလန+ ဘဝင်္ဂုပစ္ဆေဒ+မနောဒွါရာဝဇ္ဇန်း+ပရိကံ+ဥပစာ+ အနုလုံ+ဂေါတြဘူ ဆိုတဲ့ ဥပစာရသမာဓိ ဇောစိတ်တွေ ဖြစ်ကြတယ်။ ဂေါတြဘူမှ အခြားမဲ့၌ အနာဂါမ်ပုဂ္ဂိုလ်မှာ နေဝသညာနာသညာ ယတန ကုသိုလ်ဈာန်ဇော ၂ ကြိမ်၊ ရဟန္တာပုဂ္ဂိုလ်မှာ ၎င်းကြိယာ ဈာန်ဇော ၂ ကြိမ်ဖြစ်တယ်။ ထိုသို့ ဈာန်ဇော၂ ကြိမ်ဖြစ်၍ ချုပ်ပြီးသောအခါ ထိုအရှင်မြတ်ရဲ့ စိတ်အစဉ် အဖြစ်ရပ်သွားတယ်။ ထိုသို့ စိတ်အစဉ် မဖြစ်သော ချုပ်ငြိမ်းခြင်းကို "နိရောဓသမာပတ်

http:\\www.dhammadownload.com



ဝင်စားနေတယ်"လို့ ခေါ်ဆိုတယ်။

စိတ်မဖြစ်တော့ စေတသိက်လဲ မဖြစ်တော့ဘူး။ ရုပ်လေးမျိုးတို့အနက် စိတ္တဇရုပ်လဲ မဖြစ်တော့ဘူး။ ထိုနိရောဓသမာပတ်ဝင်စားနေတဲ့ အနာဂါမ်+ရဟန္တာအရှင်သူမြတ်ရဲ့ ခန္ဓာအစဉ်မှာ ကမ္မဇရုပ်+ဥတုဇရုပ်+ အာဟာရဇရုပ်ဆိုတဲ့ ရုပ်သန္တတိ ၃–မျိုးသာ ဖြစ်ရှိနေလေတော့သည်။ ရုပ်+ဝေဒနာ+သညာ+သင်္ခါရ+ဝိညာဏ်တည်းဟူသော ခန္ဓာငါးပါးတို့ကို တစ်ပါးတစ်ပါးလျှင် တစ်ပိဿာစီ အချိန်စီးသော ဝန်ထုပ်ကြီး ၅–ထုပ်အနေနဲ့ အာရုံယူထားကြပါ။ နိရောဓသမာပတ် ဝင်စားနေခိုက်မှာ ဝေဒနာက္ခန္ဓာဝန် တစ်ပိဿာ+သညာက္ခန္ဓာဝန် တစ်ပိဿာ+သင်္ခါရက္ခာန္ဓာဝန် တစ်ပိဿာ+ဝိညာဏက္ခန္ဓာဝန် တစ်ပိဿာ (နှင့်) စိတ္တဇရူပ က္ခန္ဓာဝန်(၂၅) အစိတ်သား= ပေါင်းသော် ၅–ပိဿာ ခန္ဓာဝန်ကြီးမှ ၄–ပိဿာအစိတ်သား ခန္ဓာဝန်ကြီး ပေ့ါသွားတယ်။ (၇၅) ခုနစ်ဆယ့်ငါးကျပ်သား ခန္ဓာဝန်သာ ကျန်တော့ အလွန်ချမ်းသာသပေ့ါ။ မသိတဲ့လူက ကြည့်လျှင် သေနေတဲ့ပုဂ္ဂိုလ်လို့ပဲ ထင်မှတ်ရတယ်။ မဟုတ်ဘူးနော်။ နောက်ပိုင်းကျတော့ သေတဲ့ပုဂ္ဂိုလ်နဲ့ နိရောဓသမာပတ် ဝင်စားတဲ့ ပုဂ္ဂိုလ်တို့ရဲ့ ထူးခြားပုံကို စိတ္တသေဋ္ဌေး ကိုယ်တိုင်က မေးမြန်းလျှောက်ထားလို့ နားလည်ရပါလိမ့်မယ်။

ထိုသို့ နိရောဓသမာပတ်ကို ခုနစ်ရက်တိုင်တိုင် လျှောင်းလျက်သား ဝင်စားလျှင် လျှောင်းလျက်သား ကွယ်လွန်နေတဲ့ ပုဂ္ဂိုလ်နဲ့ တူတယ်။ ထိုင်လျက်သား၊ ရပ်လျက်သား ဝင်စားလျှင် ထိုင်လျက်+ရပ်လျက် ကွယ်လွန်နေတဲ့ ပုဂ္ဂိုလ်နဲ့ တူနေတယ်။ ထိုနိရောဓသမာပတ် ဝင်စားနေတဲ့ ပုဂ္ဂိုလ်ကိုရော၊ ထိုအရှင်၏ ကျောင်းအိပ်ရာနေရာ စသည်တို့ကိုရော ထိုအရှင်ပိုင်တဲ့ အပ်ချည်မျှင်ကလေးစက စပြီး

http:\\www.dhammadownload.com



မည်သည့်ဝတ္ထုကိုမျှ ရေ+မီး+မင်း+ခိုးသူ+အမွေခံဆိုး ဘယ်ရန်သူမျိုးမှ တစိုးတစိ အန္တရာယ် မပြုနိုင်ကြဘူး။

ထိုအရှင်မြတ် သမာပတ်ဝင်စားတဲ့ ခုနစ်ရက်အချိန်လဲ စေ့ရောက်ရော စိတ်+စေတသိက်+စိတ္တဇရုပ်တို့ အဖြစ်ရပ်ရာက အနာဂါမ် ပုဂ္ဂိုလ်မှာ အနာဂါမ်ဖိုလ်ဇော တစ်ကြိမ်၊ ရဟန္တာပုဂ္ဂိုလ်မှာ အရဟတ္တဖိုလ် ဇောတစ်ကြိမ် ကျပြီးတဲ့နောက် ဘဝင်စိတ်တွေ ဆက်၍ဆက်၍ ဖြစ်လေတော့၏။ စိတ်+စေတသိက်+စိတ္တဇရုပ်တို့လဲ ဆက်၍ ဖြစ်လေတော့၏။ ယင်းကိုပင် နိရောဓသမာပတ်မှ ထတယ်လို့ ခေါ်တယ်။

ဤကား သာသနာတော်မှာ နိရောဓသမာပတ်ဆိုတာ ဤသို့ သဘောရှိပါတကားလို့ ကြိုတင်သိနေဖို့ရန် ဖော်ပြအပ်သော "အထူး မှတ်ဖွယ်အမိပ္ပာယ်" ဖြစ်တယ်။ ။

ယခု စိတ္တသေဋ္ဌေးကျောင်းဒကာက ကျောင်းနေ အရှင် ကာမဘူ ရဟန္တာမထေရ်ကို မေးတော့မယ်။

ကတိ နု ခေါ ဘန္တေ သင်္ခါရာ။ (သံ၊ ၃၊ ၄၅၃)

ဘန္တေ=အရှင်ဘုရား။ သင်္ခါရာ=သင်္ခါရတို့သည်။ ကတိ နု ခေါ=အဘယ်မျှတို့ပါနည်း ဘုရား။ အရှင်ဘုရား...သင်္ခါရ ဘယ်နှစ်မျိုး ရှိပါသလဲဘုရားလို့ မေးလိုက်တယ်။

ဤ "သင်္ခါရ ဘယ်နှစ်မျိုးရှိသလဲ"ဆိုတဲ့ အမေးရဲ့ အဖြေမှာ မေးတဲ့ပုဂ္ဂိုလ်ရဲ့ အလိုကို မသိလျှင် လွဲမှားသွားနိုင်တယ်။ ဘယ်လိုလဲ ဆိုလျှင် ဖြေသင့်တာက ဥပမာပုံ–ပုညာဘိသင်္ခါရ=ကာမကုသိုလ် စေတနာ (နှင့်) ရူပကုသိုလ်စေတနာ အပုညာဘိသင်္ခါရ=အကုသိုလ် စေတနာ။ အာနေဉ္ဇာဘိသင်္ခါရ=အရူပကုသိုလ်စေတနာ။ ဒီအနေနှင့် ဖြေလျှင် "ကျောင်းဒကာ...သင်္ခါရသုံးပါး ရှိတယ်။ သုံးပါးမှာ ပုညာ ဘိသင်္ခါရ+အပုညာဘိသင်္ခါရ+အာနေဉ္ဇာဘိသင်္ခါရတို့ ဖြစ်တယ်"လို့

http:\\www.dhammadownload.com



ဖြေရလိမ့်မည်။

နောက်တစ်နည်းက "ကျောင်းဒကာ...၊ သင်္ခါရသုံးပါး ရှိတယ်။ သုံးပါးမှာ ကာယ သင်္ခါရ+ဝစီသင်္ခါရ+စိတ္တသင်္ခါရတို့ ဖြစ်တယ်"လို့လဲ ဖြေနိုင်တယ်။ အဖြေနှစ်ရပ်လုံးပင် မှားတယ်လို့ မဆိုရ၊ အမှန်ချည်းပင်။

သို့သော် စိတ္တသဋ္ဌေးရဲ့ ရည်ရွယ်ချက်က နိရောဓသမာပတ်နဲ့ ပတ်သက်တဲ့ ပြဿနာကို ဦးတည်ပြီး ချိတက်မလို့ မေးတာ အစပျိုး တာ ဖြစ်လေတော့ အဲဒီသဋ္ဌေးရဲ့ အလိုကို မသိတဲ့ပုဂ္ဂိုလ်ဆိုလျှင် အဖြေ လွဲသွားနိုင်တယ်။ ယခုတော့ အရှင်ကာမဘူရဟာန္တာမထေရ်က "သဋ္ဌေးကား ငါ့ကို နိရောဓသမာပတ် မေးမလို့ စကားအစပျိုးတာပဲ" လို့ သိတော်မူတယ်။ ထို့ကြောင့်–

တယော ခေါ ဂဟပတိ သင်္ခါရာ ကာယသင်္ခါရော+ ဝစီသင်္ခါရော+ စိတ္တ သင်္ခါရော။

ဂဟပတိ=ကျောင်းဒကာသဋ္ဌေး...။ သင်္ခါရာ=သင်္ခါရ တို့သည်။ ကာယသင်္ခါရော=ကာယသင်္ခါရလည်းကောင်း။ ဝစီသင်္ခါရော=ဝစီသင်္ခါရ လည်းကောင်း။ စိတ္တသင်္ခါရော=စိတ္တသင်္ခါရ လည်းကောင်း။ ဣတိ=ဤသို့။ တယော ခေါ=သုံးပါးတို့ ရှိကုန်၏။ (ကျောင်းဒကာ... သင်္ခါရ ကား (၁) ကာယသင်္ခါရ (၂) ဝစီသင်္ခါရ (၃) စိတ္တသင်္ခါရလို့ ၃–မျိုး ရှိတယ်။ (၁–အဖြေပြီး၏။) ။(စိတ္တ သဋ္ဌေးက ဝမ်းမြောက်လွန်းလို့) "သာဓုဘန္တေ=အရှင်ဘုရား... သာဓုပါ၊ သာဓုပါ"လို့ ကောင်းချီးပေးပြီး ၂–နံပါတ်ပုစ္ဆာကို ဆက်၍ လျှောက်ထား မေးမြန်းတယ်။ ထိုအကြောင်းကို သံဂါယနာတင် မထေရ်မြတ်တို့က သာဓု ဘန္တေတိ ခေါ စိတ္တော ဂဟပတိ အာယသ္မတော ကာမဘုသ ဘာသိတံ အဘိနန္ဒိတွာ အနုမောဒိတွာ

http:\\www.dhammadownload.com



အာယသ္မန္တံ ကာမဘုံ ဥတ္တရိ ပဉှံ အပုစ္ဆိ၊ ဤသို့ အနုသန္ဓေ စကား ဆက်ပေးတယ်။ အနက်ကား–

ဘန္တေ=အရှင်ဘုရား...။ သာဓု=ကောင်းပါပြီ။ (သူတို့ပြောတာကတော့ သာဓုဘန္တေ=ဤတွင်ပဲ)၊ ဣတိ ခေါ်=ဤသို့လျှင်။ စိတ္တော ဂဟပတိ=စိတ္တသူဌေးသည်။ အာယ သ္မတော ကာမဘုဿ အရှင် ကာမဘူမထေရ်၏။ ဘာသိတံ=အဖြေစကားကို။ အဘိနန္ဒိတွာ= နှစ်သက်၍။ အနုမောဒိတွာ=ဝမ်းမြောက်ပြီးတော့။ အာယသ္မန္တံ ကာမဘုံ=အရှင်ကာမဘူ ရဟန္တာမထေရ်ကို။ ဥတ္တရိံ=အထက်ဖြစ်သော။ ပဉှံ=ပြဿနာကို။ အပုစ္ဆိ=မေးမြန်းလေပြီ။ မေးပုံကား–

ကတမော ပန ဘန္တေ ကာယသင်္ခါရော၊ ကတမော ဝစီသင်္ခါရော၊ ကတမော စိတ္တသင်္ခါရော။

ဟောဒါ ဒုတိယအမေး။

ဘန္တေ=အရှင်ဘုရား...။ ကာယသင်္ခါရော=ကာယသင်္ခါရ ဟူသည်။ ကတမော ပန=အဘယ်တရားပါနည်းဘုရား။ ဝစီသင်္ခါရော =ဝစီသင်္ခါရဟူသည်။ ကတမော=အဘယ်တရားပါနည်း။ စိတ္တ သင်္ခါရော=စိတ္တသင်္ခါရဟူသည်။ ကတမော=အဘယ်တရားပါနည်း ဘုရား။

အရှင်ကာမဘူမထေ်ရ်က "ကျောင်းဒကာ... ကာယသင်္ခါရ+ ဝစီသင်္ခါရ+စိတ္တသင်္ခါရ လို့ သင်္ခါရသုံးပါးရှိတယ်" အဲဒီလို ပဌမပုစ္ဆာကို ဖြေလိုက်တော့ ကျောင်းဒကာသူဌေးက "အရှင်ဘုရား၊ အဘယ် တရားကို ကာယသင်္ခါရ+အဘယ်တရားကို ဝစီသင်္ခါရ+ အဘယ် တရားကို စိတ္တသင်္ခါရလို့ ခေါ်ပါသလဲဘုရား" အဲဒီလို ဒုတိယအမေးကို မေးတယ်။

ထိုအခါ အရှင်ကာမဘူ ရဟန္တာမထေရ်မြတ်က–

http:\\www.dhammadownload.com



အဿာသ ပဿာသာ ခေါ ဂဟပတိ ကာယသင်္ခါရော၊ ဝိတက္က ဝိစာရာ ဝစီသင်္ခါရော၊ သညာ စ ဝေဒနာ စ စိတ္တသင်္ခါရော။

ဂဟပတိ=ကျောင်းဒကာသေဋ္ဌေး...အဿာသ ပဿာသာ= ထွက်လေဝင်လေ ဤနှစ်ထွေတို့သည်။ ခေါ=စင်စစ်။ ကာယသင်္ခါရော =ကာယသင်္ခါရမည်၏။ ဝိတက္က ဝိစာရာ=ဝိတက်ဝိစာရတို့သည်။ ဝစီသင်္ခါရော=ဝစီသင်္ခါရမည်၏။ သညာစ=သညာစေတသိက်သည် လည်းကောင်း။ ဝေဒနာ စ=ဝေဒနာစေတသိက်သည် လည်းကောင်း။ စိတ္တသင်္ခါရော=စိတ္တသင်္ခါရ မည်၏။

ကျောင်းဒကာ...ထွက်လေ+ဝင်လေ=အဿာသ+ပဿာသ အာနာပါန=ဒီနှစ်ပါးကို ကာယသင်္ခါရခေါ်တယ်။ ဝိတက်စေတသိက် (နှင့်) ဝိစာရစေတသိက်=ဒီနှစ်ပါးကို ဝစီသင်္ခါရ ခေါ်တယ်။ သညာ စေတသိက်(နှင့်) ဝေဒနာစေတသိက်=ဒီနှစ်ပါးကိုတော့ စိတ္တသင်္ခါရ ခေါ်တယ်။ (၂-အဖြေပြီး၏။)

ဒုတိယအမေး+အဖြေ ပြီးပြန်တော့ ကျောင်းဒကာ = စိတ္တ သေဋ္ဌေးက ရှေးနည်းအတူပင် သာဓု ဘန္တေ=သာဓုပါ အရှင်ဘုရား...။ ဤကဲ့သို့ ကောင်းချီးပေးပြီး တတိယမြောက် ပြဿနာကို ရှေးနည်း အတူပင် မေးမြန်းပြန်တယ်။ မေးပြန်ပုံမှာ -

ကသ္မာ ပန ဘန္တေ အဿာသပဿာသာ ကာယသင်္ခါရော၊ ကသ္မာ ဝိတက္ကဝိစာရာ ဝစီသင်္ခါရော၊ ကသ္မာ သညာ စ ဝေဒနာ စ စိတ္တသင်္ခါရော။

ဘန္တေ=အရှင်ဘုရား...။ ကသ္မာ ပန=အဘယ့်ကြောင့်။ အဿာသပဿာသာ=ထွက်လေ+ဝင်လေ ဤနှစ်ထွေတို့သည်။ ကာယသင်္ခါရော=ကာယသင်္ခါရ မည်ပါသနည်း ဘုရား။ ကသ္မာ=

http:\\www.dhammadownload.com



အဘယ့်ကြောင့်။ ဝိတက္က ဝိစာရာ=ဝိတက်စေတသိက်+ဝိစာရ စေတသိက် နှစ်ပါးတို့သည်။ ဝစီသင်္ခါရော=ဝစီသင်္ခါရ မည်ပါသနည်း ဘုရား။ ကသ္မာ=အဘယ့်ကြောင့်။ သညာ စ=သညာစေတသိက် လည်းကောင်း။ ဝေဒနာ စ=ဝေဒနာ စေတသိက်သည် လည်းကောင်း။ စိတ္တသင်္ခါ ရော=စိတ္တ သင်္ခါရ မည်ပါသနည်းဘုရား။ (ဤကဲ့သို့ မေးတယ်။) –

ဤ **တတိယအမေး**၏ အဖြေသုံးချက်တို့ကို တစ်ချက်စီ ဉာဏ် သန့်အောင် ဖြေဆို ရှင်းလင်းဖော်ပြပါမည်။ ရှေးဦးစွာ "အရှင်ဘုရား ...၊ ထွက်လေ+ဝင်လေ ဤနှစ်ထွေတို့ ကို အဘယ့်ကြောင့် ကာယ သင်္ခါရဟု ခေါ်သနည်း" ဟူသော ဤ ပဌမအမေး၏ အဖြေကို အရှင်ကာမဘူ ထေရ်မြတ်က–

> **အဿာသပဿာသာ** ခေါ ဂဟပတိ ကာယိကာ **ဧတေဓမ္မာ** ကာယပ္ပဋိဗဒ္ဓါ၊ တသ္မာ အဿာသပဿာသာ ကာယသင်္ခါရော။

ဂဟပတိ=ကျောင်းဒကာ သေဋ္ဌေး...။ ခေါ=စင်စစ်။ အဿာသ+ပဿာသာ=ထွက်လေ+ဝင်လေ ဤနှစ်ထွေတို့သည်။ ကာယိကာ=ကရဇခေါ်ဆို ဤကိုယ်ကို မှီ၍ဖြစ် ကုန်၏။ ဧတေဓမ္မာ= ဤထွက်လေ+ ဝင်လေ တရားနှစ်ပါးတို့သည်။ ကာယပဋိဗဒ္ဓါ=ကရဇ ခေါ်ဆို ဤကိုယ်နှင့် ဆက်စပ်ကုန်၏။ တသ္မာ=ထို့ကြောင့်၊ အဿာသ +ပဿာသာ=ထွက်လေ+ဝင်လေ ဤနှစ်ထွေတို့သည်။ ကာယ သင်္ခါရော=ကာယသင်္ခါရ မည်၏။

မဟာသမုဒ္ဒြာသည် အစဉ်သဖြင့် နက်ရှိုင်းသွားသလို တရား သဘောများလဲ တစ်ခုထက်တစ်ခု နက်နဲနက်နဲ၍ သွားနေတယ်။ ကျောင်းဒကာ...ထွက်သက်+ဝင်သက်ဆိုတဲ့ ဒီတရားနှစ်ပါးဟာ

http:\\www.dhammadownload.com



ကရဇခေါ်သော ဤကိုယ်ကာယကို မှီပြီး ဖြစ်ရတယ်။ ကရဇခေါ်ဆို ဒီ ကိုယ်ရှိမှ ထွက်သက်+ဝင်သက်ဆိုတာ ဖြစ်နိုင်ကြတယ်။ ထွက်လေ+ဝင်လေ(နှင့်) ဤကရဇကိုယ်တို့သည် အကျိုးအကြောင်း တော်စပ်ကြသည်။ ကရဇကိုယ်ရှိမှ ထွက်လေ+ဝင်လေတို့ ဖြစ်နိုင်ကြသောကြောင့် ကရဇကိုယ်က အကြောင်းတရား=ပြုပြင်တတ်တဲ့တရား၊ ထွက်လေ+ဝင်လေက အကျိုးတရား=ပြုပြင်အပ်တဲ့တရားဖြစ်လို့ ပါဠိလို ဝိဂြိုဟ်ဆိုလျှင် ကာယေန သင်္ခရိယတီတိ ကာယသင်္ခါရော=ကာယသင်္ခါရ မည်၏။ ကရဇခေါ်သော ဤကိုယ်ဖြင့် ပြုပြင်အပ်သောတရားဖြစ်လို့ ထွက်လေ+ဝင်လေနှစ်ပါးတို့ကို ကာယသင်္ခါရခေါ်၏"ဟု ဆိုလိုတယ်။ (က)ပိုင်း ပြီး၏။

(ခ) ပိုင်း... (ခ)ပိုင်းအမေးက–

"ကသ္မာ ဝိတက္ကဝိစာရာ ဝစီသင်္ခါရော။

အဘယ့်ကြောင့် ဝိတက်နှင့် ဝိစာရတို့ကို ဝစီ သင်္ခါရဟု ခေါ်ဆိုရသနည်း" ဟူသော အမေးကို ဖြေဆိုပုံက–

"ပုဗ္ဗေ ခေါ ဂဟပတိ ဝိတက္ကေတွာ ဝိစာရေတွာ ပစ္ဆာ ဝါစံ ဘိန္ဒတိ၊ တသ္မာ ဝိတက္ကဝိစာရာ ဝစီသင်္ခါရော။

ဂဟပတိ=ကျောင်းဒကာသေဋ္ဌေး..."။ ခေါ=စင်စစ်။ ပုဗ္ဗေ=နှုတ်သံမထွက် မမြွက်ဆိုခင် ရှေးဦးကပင်လျှင်။ ဝိတက္ကေတွာ=ကြံစည်ပြီးမှ။ ဝိစာရေတွာ=စိစစ်ပြီးမှ။ ပစ္ဆာ=နောက် ကာလ၌။ ဝါစံ=နှုတ်သံကို။ ဘိန္ဒတိ=မြွက်ဆို၏။ တသ္မာ=ထို့ကြောင့်။ ဝိတက္ကဝိစာရာ=ဝိတက်+ဝိစာရနှစ်ပါးတို့သည်။ ဝစီသင်္ခါရော=ဝစီသင်္ခါရမည်၏။

ကျောင်းဒကာ...နှုတ်က မြွက်ဆိုတဲ့ အသံကို ဝစီလို့ပါဠိလို့ ခေါ်ဝေါ်တယ်။ အဲဒီ ဝစီလို့ခေါ်တဲ့ နှုတ်မြွက်သံဟာ ဝိတက်+ဝိစာရနဲ့ ဘယ်လို ဆက်စပ်သလဲဆိုလျှင် ရှေးဦးစွာ ဝိတက်+ဝိစာရတို့နဲ့ ကြံစည်

http:\\www.dhammadownload.com



စဉ်းစားပြီးမှ နှုတ်က မြွက်ဆိုတဲ့အသံ ဖြစ်ပေါ်လာတယ်။ ဒုစရိုက်မှုကို ကြံစည်+စဉ်းစားပြီး ထွက်လာတဲ့ အသံသည် မကောင်းတဲ့ ဒုစရိုက် သံဘဲ ထွက်လာတယ်။ ဝိတက်+ဝိစာရတို့နဲ့ ကောင်းမှု=သုစရိုက်ကို ကြံစည်+စဉ်းစားပြီး ထွက်လာသည့်အသံသည် ကောင်းတဲ့ သုစရိုက် သံဘဲ ထွက်လာတယ်။ ဝိတက်+ဝိစာရက အကြောင်း၊ နှုတ်သံက အကျိုးဖြစ်သောကြောင့် သန်ရောတီတိ သင်္ခါရော၊ ဝစိယာ သင်္ခါရော ဝစီသင်္ခါရော=ပြုပြင်ပေးတတ်သောကြောင့် ဝိတက်နှင့် ဝိစာရတို့ကို ဝစီသင်္ခါရလို့ ခေါ်တယ်ဟု ဖြေဆိုတယ်။ (ခ)ပိုင်း ပြီး၏။

(ဂ) ပိုင်း... (ဂ)ပိုင်းအမေးက

"ကသ္မာ သညာ စ ဝေဒနာ စ စိတ္တသင်္ခါရော။

အဘယ့်ကြောင့် သညာနှင့် ဝေဒနာတို့ကို စိတ္တသင်္ခါရဟု ခေါ်ဆို ရသနည်း"ဟု အမေးကို ဖြေဆိုပုံက –

"သညာ စ ဝေဒနာ စ စေတသိကာ ဧတေ ဓမ္မာ

**စိတ္တပ္ပဋိဗဒ္ဓါ၊ တသ္မာ သညာ စ ဝေဒနာ စ စိတ္တသင်္ခါရော။**

ကျောင်းဒကာ...သညာရယ်+စေတနာရယ်=ဒီတရားတို့သည် စိတ်ကိုမှီ၍ ဖြစ်ကြရတယ်။ စိတ်နှင့်စပ်၍ ဖြစ်ကြရတယ်။ စိတ်မဖြစ် လျှင် သညာ+ဝေဒနာတို့ မဖြစ်နိုင်ကြဘူး။ ဒါ့ကြောင့် စိတ်က ပြုပြင် တတ်တဲ့အကြောင်း၊ သညာ+ဝေဒနာတို့က ပြုပြင်အပ်တဲ့ အကျိုး ဖြစ်လို့ သန်ရိယတီတိ သင်္ခါရော၊ စိတ္တေန သင်္ခါရော၊ စိတ္တသင်္ခါရောလို့ ဝိဂြိုဟ်ပြုပြီး ပြုပြင်အပ်သောကြောင့် သင်္ခါရမည်၍ သညာနှင့် ဝေဒနာ တို့သည် စိတ်က ပြုပြင်ပေးအပ်သော တရားဖြစ်၍ စိတ္တသင်္ခါရ မည်ကြတယ်လို့ ဖြေတော်မူတယ်။

၃–နံပါတ် အမေး+အဖြေ ပြီး၏။

(ဂ)ပိုင်း ပြီး၏။

http:\\www.dhammadownload.com



## (၄) စတုတ္ထ အမေးအဖြေ

(တတိယ အမေးအဖြေ ပြီးပြန်တော့ ကျောင်းဒကာ စိတ္တသေဋ္ဌေးက ရှေးနည်းအတူပင်) သာဓု ဘန္တေ=သာဓုပါဘုရား။ ဤကဲ့သို့ ကောင်းချီးပေးပြီး စတုတ္ထမြောက် ပြဿနာကို ရှေးနည်းအတူပင် ဆက်၍ မေးမြန်းပြန်တယ်။ မေးပုံမှာ–

ကထံ ပန ဘန္တေ သညာဝေဒယိတ နိရောဓသမာပတ္တိ ဟောတိ။

ဘန္တေ=အရှင်ဘုရား...။ သညာဝေဒယိတ နိရောဓသမာပတ္တိ =သညာ+ဝေဒနာတို့ ချုပ်ရာဆိုတဲ့ နိရောဓသို့ ရောက်ခြင်းသည်။ ကထံ ပန ဟောတိ=အဘယ်သို့လျှင် ဖြစ်ပါသနည်းဘုရား (တဲ့)။

(ဟို..."နိရောဓသမာပတ်"ဆိုတာက အများကို ဆွတ်ပြီး ပြောတဲ့စကား ဖြစ်တယ်။ အရိယာပုဂ္ဂိုလ်တို့ရဲ့ နယ်ပယ်မှာတော့ "သညာဝေဒယိတနိရောဓသမာပတ်" လို့ ခေါ်တယ်။) သညာ+ဝေဒနာတို့ ချုပ်ရာဆိုတဲ့ နိရောဓကို ဘယ်လိုဝင်စားသလဲဘုရားလို့ မေးတဲ့အခါ အရှင်ကာမဘူ ရဟန္တာမထေရ်မြတ် ဖြေပုံမှာ–

န ခေါ ဂဟပတိ သညာ ဝေဒယိတနိရောဓံ သမာပဇ္ဇန္တဿ ဘိက္ခုနော ဧဝံ ဟောတိ 'အဟံ သညာ ဝေဒယိတနိရောဓံ သမာပဇ္ဇိဿ'န္တိ ဝါ၊ 'အဟံ သညာ ဝေဒယိတနိရောဓံ သမာပဇ္ဇာမိ'တိ ဝါ၊ 'အဟံ သညာ ဝေဒယိတ နိရောဓံ သမာပန္နော'တိ ဝါ။

ဂဟပတိ=ကျောင်းဒကာသေဋ္ဌေး...။ သညာ ဝေဒယိတ နိရောဓံ သမာပဇ္ဇန္တဿ ဘိက္ခုနော=သညာ+ဝေဒနာတို့၏ ချုပ်မှု၊ မဖြစ်မှုသို့ ဆိုက်ရောက်သော အနာဂါမ်+ ရဟန္တာပုဂ္ဂိုလ်ရဟန်း၏ သန္တာန်၌။ အဟံ သညာ ဝေဒယိတ နိရောဓံ သမာပဇ္ဇိဿန္တိ ဝါ=

http:\\www.dhammadownload.com



ငါသည် သညာဝေဒနာတို့ချုပ်ရာ=နိရောဓသို့ ရောက်ပေလတ်အံ့ ဟူ၍ လည်းကောင်း။ အဟံ သညာ ဝေဒယိတနိရောဓံ သမာပဇ္ဇာ မိတိ ဝါ=ငါသည် သညာဝေဒနာတို့ချုပ်ရာ၊ နိရောဓသို့ ရောက်နေဆဲဟူ၍ လည်းကောင်း။ အဟံ သညာဝေဒယိတ နိရောဓံ သမာပန္နော တိဝါ= ငါသည် သညာဝေဒနာတို့ချုပ်ရာ နိရောဓသို့ ရောက်နေပြီ ဟူ၍လည်း ကောင်း၊ ဧဝံ ခေါ=ဤသို့သော အကြံသည်။ န ဟောတိ=မဖြစ်ပေ။

(နိရောဓ = ချုပ်ခြင်းဟူသည် (၁) ခဏနိရောဓ+(၂) အနုပ္ပါဒ နိရောဓဟူ၍ နှစ်မျိုးရှိသည်။ ထိုတွင် (၁) ခန္ဓာငါးပါးတရားတို့၏ ဆိုင်ရာ ဥပါဒ်ခဏ၊ ဌီခဏ၊ ဘင်ခဏဟူ၍ သုံးမျိုးရှိရာ ထိုခန္ဓာငါးပါး ရုပ်နာမ် တရားတို့ကို ချုပ်ပျက်ရာ=ဘင်ခဏသို့ ရောက်သည်ကို ခဏ နိရောဓ=ဘင်ခဏသို့ ရောက်ခြင်း ချုပ်ခြင်းဟူ၍ ခေါ်သည်။ (၂) မီးမဖြစ်ခြင်းကို မီးငြိမ်းခြင်းဟု ခေါ်ဆိုသကဲ့သို့ ခန္ဓာငါးပါး ရုပ်နာမ် တရားတို့ (ပစ္ဆိမစိတ် ခေါ်သော) ပရိနိဗ္ဗာန စုတိစိတ်၏ အခြားမဲ့၌ ဘဝသုံးပါးတို့တွင် ဘယ်ဘဝနိုက်မှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာတရားတို့ အသစ် တစ်ဖန် မဖြစ်ခြင်းကို အနုပ္ပါဒနိရောဓ ဟူ၍ လည်းကောင်း၊ အနုပါဒါ ပရိနိဗ္ဗာန် စံသည်ဟူ၍ လည်းကောင်း ခေါ်သည်)

ဤယခု နိရောဓသမာပတ်အရာ၌ နိရောဓဟူသည်မှာ စိတ်+ စေတသိက်+စိတ္တဇရုပ်တို့၏ မဖြစ်ခြင်း=အနုပ္ပါဒကို ခေါ်သည်။ သို့ရကား နိရောဓသို့ ရောက်နေဆဲ အနာဂါမ်+ရဟန္တာအရိယာ သူမြတ်တို့ သန္တာန် မှာ "ငါသည် နိရောဓသို့ ရောက်လတ်အံ့ဟူသော စိတ်၊ နိရောဓသို့ ရောက်နေဆဲ ဟူသောစိတ်၊ နိရောဓသို့ ရောက်နေပြီ ဟူသော စိတ်တို့ လုံးဝ မဖြစ်ဟု ဆိုလိုသည်။

(ထိုသို့ စိတ်+စေတသိက်+စိတ္တဇရုပ်တို့ လုံးဝမဖြစ်ခြင်းမှာ

http:\\www.dhammadownload.com



အဘယ့်ကြောင့်နည်းဟု မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေရန်)

**အထ ခွ+ဿ ပုဗ္ဗေ၀ တထာ စိတ္တံ ဘာဝိတံ ဟောတိ၊ ယံ တံ တထာတ္တာယ ဥပနေတိ။**

အထ ခေါ=စင်စစ်သော်ကား။ အဿ=ထို အနာဂါမ်+ရဟန္တာ ပုဂ္ဂိုလ်သည်။ ပုဗ္ဗေ၀=သမာပတ် မ၀င်စားမီ **ရှေးအဖို့ကပင်လျှင်၊** (ဝါ) အဒ္ဓါနပရိစ္ဆေဒဆိုတဲ့ ပုဗ္ဗကိစ္စပြု ခဲ့စဉ်ကပင်လျှင်။ **တထာ=ထိုသို့သော** အခြင်းအရာဖြင့်။ စိတ္တံ=စိတ်ကို။ ဘာဝိတံ=ပွား**များအပ်ပြီးသည်**။ ဟောတိ=ဖြစ်၏။ ယံ=အကြင်ဆောက်တည်ပွားများ**အပ်ခဲ့တဲ့ စိတ်** သည်။ (ဝါ)စိတ်က။ တံ=ထိုပုဂ္ဂိုလ်ကို။ တထာတ္တာယ=**ထိုဆောက်** တည်တဲ့အတိုင်း ခုနစ်ရက်ပတ်လုံး စိတ်+စေတသိက်+စိတ္တဇရုပ်တို့ မဖြစ်ရန် အလို့ငှာ။ ဥပနေတိ။ ကပ်၍ဆောင်၏။ (ဤသို့ ဟောသည်၊)

(သမာပတ်မ၀င်စားမီ ပုဗ္ဗကိစ္စလေးပါးပြုလုပ်ရာ အဒ္ဓါန ပရိစ္ဆေဒ ပုဗ္ဗကိစ္စကို ပြုစဉ်က "ငါသည် ခုနစ်ရက်ပတ်လုံး စိတ်မရှိသူ ဖြစ်ပေအံ့" ဤကဲ့သို့ စိတ်ကိုပွားများ ဆောက်တည်ခဲ့တဲ့အတွက် ခုနစ်ရက်လုံးလုံး စိတ်+စေတသိက်+စိတ္တဇရုပ်တွေ လုံး၀မဖြစ်တော့ဘဲ မသိတဲ့လူက ကြည့်လျှင်ဖြင့် သေနေတဲ့ပုဂ္ဂိုလ်လို့ ထင်ယူရအောင် ဖြစ်နေသည်ဟု ဆိုလိုသည်။)

**၄-နံပါတ် အမေးအဖြေပြီး၏။**

## (၅) ပဌမအမေးအဖြေ

(စတုတ္ထ အမေးအဖြေ ပြီးသောအခါ ကျောင်းဒကာ စိတ္တ သေဋ္ဌေးက ရှေးနည်း အတူပင် သာဓု ဘန္တေ=သာဓုပါအရှင်ဘုရား။ ဤကဲ့သို့ ကောင်းချီးပေးပြီး ပဌမမြောက် ပြဿနာကို ရှေးနည်း အတူပင် ဆက်၍ မေးမြန်းပြန်တယ်။ မေးပုံမှာ) -

http:\\www.dhammadownload.com



သညာဝေဒယိတနိရောဓံ သမာပဇ္ဇန္တဿ ပန ဘန္တေ ဘိက္ခုနော ကတမေ ဓမ္မာ ပဌမံ နိရုဇ္ဈန္တိ၊ ယဒိ ဝါ ကာယသင်္ခါရော ယဒိ ဝါ ဝစီသင်္ခါရော ယဒိ ဝါ စိတ္တသင်္ခါရော။

ဘန္တေ=အရှင်ဘုရား...။ ပန=ထိုမှတစ်ပါး။ သညာဝေဒယိတနိရောဓံ=သညာဝေဒနာတရားတို့ မဖြစ်ခြင်း အနုပ္ပါဒနိရောဓသမာပတ်သို့။ သမာပဇ္ဇန္တဿ ဘိက္ခုနော=ရောက်သောပုဂ္ဂိုလ်၏/ရဟန်း၏ သန္တာန်၌။ ကတမေ ဓမ္မာ=အဘယ်တရားတို့သည်။ ပဌမံ=ရှေးဦးစွာ။ နိရုဇ္ဈန္တိ=ချုပ်ကြသနည်းဘုရား။ ယဒိ ဝါ ကာယသင်္ခါရော=ကာယသင်္ခါရ ခေါ်ရတဲ့ အဿာသပဿာသ၊ ဝစီသင်္ခါရခေါ်တဲ့ ဝိတက်+ဝိစာရတို့က ပဌမချုပ်သလား ဘုရား။ ယဒိ ဝါ စိတ္တသင်္ခါရော =စိတ္တသင်္ခါရ ခေါ်တဲ့ သညာ+ဝေဒနာတို့ကပဲ ပဌမချုပ် သလား ဘုရား။ (ဤကဲ့သို့ မေးတယ်)။

(ထိုအခါ အရှင်ကာမဘူ ရဟန္တာမထေရ်က)–

သညာ ဝေဒယိတနိရောဓံ သမာပဇ္ဇန္တဿ ခေါ ဂဟပတိ ဘိက္ခုနော ဝစီသင်္ခါရော ပဌမံ နိရုဇ္ဈတိ၊ တတော ကာယသင်္ခါရော၊ တတော စိတ္တ သင်္ခါရော။

ဂဟပတိ=ကျောင်းဒကာ...။ ခေါ=စင်စစ်။ သညာဝေဒယိတ နိရောဓံ=သညာ+ ဝေဒနာတို့ ချုပ်မှုဆိုတဲ့ နိရောဓသို့။ သမာပဇ္ဇန္တဿ=ရောက်တဲ့ပုဂ္ဂိုလ်အား၊ (ဝါ) နိရောဓသမာပတ်ကို ဝင်စားတဲ့ ပုဂ္ဂိုလ်အား။ ဝစီသင်္ခါရော=ဝစီသင်္ခါရသည်။ ပဌမံ=ရှေးဦးစွာ။ နိရုဇ္ဈတိ=ချုပ်၏။ တတော=ထို့နောက်မှ၊ ကာယသင်္ခါရော=ကာယသင်္ခါရသည်၊ နိရုဇ္ဈတိ=ချုပ်၏။ တတော=ထို့နောက်မှ။ စိတ္တသင်္ခါရော=စိတ္တသင်္ခါရသည်။ နိရုဇ္ဈတိ=ချုပ်၏။

http:\\www.dhammadownload.com



ဟော...သူတို့ ဆရာနှင့် ဒကာအဖို့ အမေးနဲ့အဖြေကိုလေ ကျေနပ်သွားကြတယ်။ ဘာ့ကြောင့်လဲဆိုလျှင် စိတ္တသေဋ္ဌေးကလဲပဲ ဒီ နိရောဓသမာပတ်ကို ဝင်စားပြီး ဝင်စားလေ့ရှိတဲ့ ပုဂ္ဂိုလ်၊ အရှင ကာမဘူမထေရ်ကလဲ နိရောဓသမာပတ်ကို ဝင်စားပြီး ဝင်စားလေ့ ရှိတဲ့ ပုဂ္ဂိုလ်ဆိုတော့ မေးသူ+ဖြေသူ နှစ်ဦးလုံးပင် နှစ်နှစ်ခြိုက်ခြိုက် သဘောကျပြီး မေး+ဖြေကြတာ ဖြစ်တယ်။ "ကျောင်းဒကာ... နိရောဓသမာပတ် ဝင်စားတဲ့ ပုဂ္ဂိုလ်မှာ ပဌမဝစီသင်္ခါရ ချုပ်တယ်။ ၎င်းနောက် ကာယသင်္ခါရ ချုပ်တယ်။ ၎င်းနောက် စိတ္တသင်္ခါရ ချုပ် တယ်" တဲ့။

ဘယ်လိုလဲဆိုလျှင် စောစောက ပြောခဲ့တယ်။ နိရောဓ သမာပတ် ဝင်စားလိုလျှင် ပဌမ ရူပါဝစရ ပဌမဈာန်ကို ဝင်စားရတယ်။ ထိုဈာန်က ထပြီးတော့မှ ထိုဈာန်ဝင်စားခိုက်၌ ဖြစ်ကြသည့် ရုပ်နာမ် တရားတို့ကို ဝိပဿနာရှုရတယ်။ အဲဒီအချိန်တုန်းက ဝိတက်+ဝိစာရ ခေါ် ဝစီသင်္ခါရ မချုပ်သေးဘူး။ ပဌမဈာန်အတွက် သမထ+ဝိပဿနာ အစုံပြုလုပ်ပြီး ဒုတိယဈာန်ကိုလဲ ဝင်စားရော စတုတ္ထနည်း ဒုတိယ ဈာန်ကို ဝင်စားတာဖြစ်လို့ ထိုအချိန်ကစပြီး ဝိတက်+ဝိစာရခေါ် ဝစီသင်္ခါရ ချုပ်သွားတယ်။ ဒါကြောင့် "နိရောဓ သမာပတ်ဝင်စားတဲ့ ပုဂ္ဂိုလ်မှာ ပဌမဝစီသင်္ခါရ ချုပ်တယ်" လို့ မထေရ်က ဖြေတော်မူတာ။

တတိယဈာန်ကျမှ ထွက်လေ+ဝင်လေခေါ်တဲ့ ကာယသင်္ခါရ က ချုပ်တယ်။ ဒါ့ကြောင့် အရှင်ကာ ဘူမထေရ်မြတ်က "ရှေးဦးစွာ ဝစီသင်္ခါရ ချုပ်တယ်။ ၎င်းနောက် ကာယသင်္ခါရ ချုပ်တယ်၊ စိတ္တသင်္ခါရ ခေါ်တဲ့ ဝေဒနာ+သညာကတော့ စောစောက ပြောတဲ့အတိုင်း နေဝ သညာနာ သညာယတန ဈာန်စောနှစ်ကြိမ် စောသည့်တိုင်အောင် သညာ+ဝေဒနာပါလျက် ရှိပြီး အဲဒီ ဈာန်ဇောနှစ်ကြိမ် စောပြီးမှ

သညာ+ဝေဒနာဆိုတဲ့ စိတ္တသင်္ခါရက နောက်ဆုံးမှ ချုပ်တယ်"လို့ ဖြေကြားတော်မူဟယ်။

(၅) နံပါတ် အမေးအဖြေ ပြီး၏။

## (၆) ဆဋ္ဌမ အမေးအဖြေ

ပဉ္စမ အမေးအဖြေပြီးသောအခါ ကျောင်းဒကာ **စိတ္တသေဋ္ဌေး**က ရှေးနည်းအတူပင် သာဓု ဘန္တေ=သာဓုပါအရှင်ဘုရား...ဤကဲ့သို့ ကောင်းချီးပေးပြီး ဆဋ္ဌမခြောက်ခုမြောက် ပြဿနာကို တစ်ဖန် ဆက်၍ မေးမြန်းပြန်တယ်။ မေးပုံမှာ–

ယွာ+ယံ ဘန္တေ မတော ကာလင်္ကတော၊ ယောစာ+ယံ ဘိက္ခု သညာ ဝေဒယိတ နိရောဓံ သမာပန္နော၊ ဣမေသံ ကိံ နာနာကရဏံ။

ဘန္တေ=အရှင်ဘုရား...။ ယွာ+ယံ–ယော အယံ=အကြင်သူသည်။ မတော=အသက်ကို စွန့်ခွဲ သေ၍ သွား၏။ကာလင်္ကတော=ပစ္စုပ္ပန်ဘဝ၏ အဆုံးကာလကို ပြုခဲ့ပေ၏။ ယော စာ+ယံ ဘိက္ခု=အကြင်ရဟန်းသည်ကား။ သညာဝေဒယိတ နိရောဓံ=သညာနှင့် ဝေဒနာ နှစ်ပါးတို့ မဖြစ်မှု=ချုပ်မှုတည်းဟူသော နိရောဓသမာပတ်ကို။ သမာပန္နော=ဝင်စား၏။ ဣမေသံ=ဤနိရောဓသမာပတ် ဝင်စားသူ၊ စုတိပြတ်ကြွေ သေလွန်သူ=ဤနှစ်ဦးတို့၏။ နာနာကရဏံ=ကွဲပြားခြားနားပုံကား။ ကိံ= ဘယ်လိုပါနည်းဘုရား။

(နိရောဓသမာပတ် ဝင်စားနေတဲ့ ရဟန်းကို မြင်ရလျှင် မသိတဲ့ ပုဂ္ဂိုလ်အဖို့ သေနေတဲ့ သာမန်ရဟန်းလို့ ထင်မှတ်ရတယ်။ ဒါကြောင့် ကျောင်းဒကာစိတ္တသေဋ္ဌေးက "စုတိပြတ်ကြွေ စင်းစင်းသေနေတဲ့ သာမန်လူ့အလောင်းကောင်နဲ့ နိရောဓသမာပတ် ဝင်စားနေတဲ့

http:\\www.dhammadownload.com



ရဟန်း” လို့ မေးလျှောက်တော့ အရှင်ကာမဘူ ရဟန္တာမထေရ်ရဲ့ ဖြေဆိုပုံကို သာမန်လူ့ အလောင်း သမာပတ်ဝင်စားနေသူ ရဟန်းနိဂုံး သုံးပိုင်းခွဲ၍ ဖော်ပြပါမည်။

(က) ယွာ+ယံ ဂဟပတိ မတော ကာလင်္ကတော၊ တဿကာယ သင်္ခါရော နိရုဒ္ဓေါ ပဋိပ္ပဿဒ္ဓေါ၊ ဝစီသင်္ခါရော နိရုဒ္ဓေါ ပဋိပ္ပဿဒ္ဓေါ၊ စိတ္တသင်္ခါရော နိရုဒ္ဓေါ ပဋိပ္ပဿဒ္ဓေါ၊ အာယု ပရိက္ခီဏော၊ ဥသ္မာ ဝူပသန္တာ၊ ဣန္ဒြိယာနိ ဝိပရိဘိန္နာနိ။

ဂဟပတိ=ကျောင်းဒကာကြီး...။ ယွာ+ယံ-ယော အယံ= အကြင်သာမန်ပုဂ္ဂိုလ်သည်။ မတော ကာလင်္ကတော=စုတိပြတ်ကြွေ သေ၍နေ၏။ တဿ=ထိုသေသော သာမန်ပုဂ္ဂိုလ်၏ သန္တာန်၌။ ကာယသင်္ခါရော=ထွက်လေ+ဝင်လေဆိုတဲ့ ကာယသင်္ခါရသည်။ နိရုဒ္ဓေါ=ချုပ်၍နေ၏။ ပဋိပ္ပဿဒ္ဓေါ=ငြိမ်း၍နေ၏။ ဝစီ သင်္ခါရော=ဝစီ သင်္ခါရခေါ်တဲ့ ဝိတက်+ဝိစာရနှစ်ပါးသည်။ နိရုဒ္ဓေါ ပဋိပ္ပဿဒ္ဓေါ= ချုပ်၍ ငြိမ်း၍နေပေ၏။ စိတ္တသင်္ခါရော=စိတ္တသင်္ခါရ ခေါ်တဲ့ သညာ+ ဝေဒနာနှစ်ပါးသည် နိရုဒ္ဓေါ ပဋိပ္ပဿဒ္ဓေါ=ချုပ်၍ ငြိမ်း၍နေပေ၏။ အာယု=ဇီဝိတိန္ဒြေသည်။ ပရိက္ခီဏော=ကုန်၍နေ၏။ ဥသ္မာ=ကိုယ်ငွေ့ သည်။ ဝူပသန္တာ=ငြိမ်း၍နေ၏။ ဣန္ဒြိယာနိ=မျက်စိ+နား+နှာ+လျှာ+ ကိုယ်ဆိုတဲ့ ဣန္ဒြေတို့သည်။ ဝိပရိဘိန္နာနိ=ဖောက်ပြန်ပျက်စီး၍ နေကုန်၏။

(သေတဲ့ပုဂ္ဂိုလ်ရယ်လို့ အကဲခတ်နိုင်အောင် ဖော်ပြပုံက-)

ကျောင်းဒကာ...သာမန်လူသေဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ကာယသင်္ခါရခေါ်တဲ့ ထွက်လေ+ဝင်လေ နှစ်ပါးလဲ မဖြစ်ဘူး။ (အသက်မရှူဘူး) ချုပ်ငြိမ်းနေတယ်။ ဝစီသင်္ခါရ ခေါ်တဲ့ ထွေထွေ ရာရာ ကြံစည်မှု=ဝိတက်/အာရုံ၌ တစ်ရစ်ဝဲဝဲဖြစ်မှု ဝိစာရတို့လဲ

http:\\www.dhammadownload.com



ချုပ်ငြိမ်းနေတယ်။ အာရုံ၏ အရသာကို ခံစားမှု=ဝေဒနာအာရုံကို မှတ်သားမှု=သညာခေါ်တဲ့ စိတ္တသင်္ခါရလဲ ချုပ်ငြိမ်းနေတယ်။ အဲဒီ သေတဲ့လူမှာ အသက်ဆိုတဲ့ ရုပ်ဇီဝိတ+နာမ်ဇီဝိတ နှစ်ပါးတို့လဲ ကုန်နေတယ်။ မဖြစ်ဘူး။ ဒီပုဂ္ဂိုလ် သေတာ ဟုတ်တယ်။ မဟုတ်ဘူး။ စမ်းသပ်ကြည့်လျှင် ဥသ္မာခေါ်တဲ့ ကိုယ်ငွေ့ကို စမ်းသပ်ကြည့်လိုက်ပါ။ မသေသေးလျှင် ကိုယ်ငွေ့ဟာ နွေးနေတယ်။ သေပြီဆိုလျှင်တော့ တစ်ကိုယ်လုံး ရေခဲတုံးကြီးလို တစ်ခါထဲ အေးစက်နေတော့တယ်။

ကာယသင်္ခါရ+ဝစီသင်္ခါရ+စိတ္တသင်္ခါရတို့နှင့်စပ်၍ မှတ်ရတာက သာမန်လူတို့ အနေနဲ့ နားလည်ဖို့ မလွယ်ဘူး။ လူများများ နားလည်လွယ်တဲ့ ယခုခြောက်ခုမြောက် အချက်က–ဣန္ဒြိယာနိ ဝိပရိဘိန္နာနိ=မျက်စိ+နား+နှာ+လျှာ+ကိုယ်တို့ ဖောက်ပြန် ပျက်စီး၍ နေကုန်၏ (တဲ့)။ သေတဲ့လူမှာ မျက်လုံးက နိရောဓသမာပတ် ဝင်စားနေတဲ့ အရိယာပုဂ္ဂိုလ်ရဲ့ မျက်လုံးနှင့်မတူဘူး။ နိရောဓသမာပတ် ဝင်စားနေတဲ့ အရိယာပုဂ္ဂိုလ်ရဲ့ မျက်လုံးကျတော့ ပကတိ အိပ်ပျော်နေသူရဲ့ မျက်လုံးလို ဖွင့်ကြည့်လျှင် ကြည်လင်နေတယ်။ သေသောလူရဲ့ မျက်လုံးကျတော့ မကြည်တော့ဘူး။ ညိုပုပ်ပုပ်ဖြစ်သွားတယ်။ နှာခေါင်းကလဲ အတွင်းက ပသာဒပျက်စီးတော့ အပြင်ဘက်က အသံချဲ့စက်ဟွန်းကြီးနဲ့ တူတဲ့ နားရွက်ကပါ ညိုပုပ်ပုပ် ဖြစ်သွားတယ်။ သောတကလဲ အတွင်းက ပသာဒ အကြည်ရုပ် ပျက်တော့ သမ္ဘာရ နှာခေါင်းဖြစ်တဲ့ ဆိဂ်္ဃာသဏ္ဌာန် အပြင်အရပ်ပါ ညိုးသွားတယ်။ သေချာစွာကြည့်ပါ။ သမ္ဘာရဇိဝှာ+ သမ္ဘာရကာယတို့ကလဲပဲ ပသာဒ ဇိဝှာ+ပသာဒကာယကို ချုပ်ကြတဲ့အတွက် ကြည်ကြည်လင်လင် မရှိကြတော့ဘဲ တစ်နေ့တခြား ဖောက်ပြန် ကုန်ကြတယ်။ သုံးရက် လောက်ဆိုလျှင် မြင်မကောင်း ရှုမကောင်း ဖူးဖူး ယောင်ယောင်

http:\\www.dhammadownload.com



ကာယကလဲ ဖောက်ပြန်ပျက်စီးသွားတယ်။

(ခ) နိရောဓသမာပတ် ဝင်စားတဲ့ အနာဂါမ်+ရဟန္တာ အရိယာကျတော့–

ယော စ ခွာ+ယံ ဂဟပတိ ဘိက္ခု သညာဝေဒယိတနိရောဓံ သမာပန္နော၊ တဿပိ ကာယသင်္ခါရော နိရုဒ္ဓါ ပဋိပ္ပဿဒ္ဓါ၊ ဝစီ သင်္ခါရော နိရုဒ္ဓါ ပဋိပ္ပဿဒ္ဓါ၊ စိတ္တသင်္ခါရော နိရုဒ္ဓါ ပဋိပ္ပဿဒ္ဓါ။ အာယု အပရိက္ခီဏော၊ ဉသ္မာ အဝူပသန္တာ၊ ဣန္ဒြိယာနိ ဝိပ္ပသန္နာနိ။

ဂဟပတိ=ကျောင်းဒကာကြီး...။ ယော စ ခွါ+ယံ ဘိက္ခု= အကြင်ရဟန်းရ အနာဂါမ် ရဟန္တာရဟန်းသည်။ သညာဝေဒယိတနိရောဓံ=သညာ+ဝေဒနာတို့ချုပ်ရာ နိရောဓသမာပတ်ကို။ သမာပန္နော=ဝင်စား၍ နေ၏။ တဿပိ=ထိုရဟန်းရ အနာဂါမ် + ရဟန္တာ၌လည်း။ ကာယ သင်္ခါရော=ထွက်သက်ဝင်သက်=ကာယသင်္ခါရသည်။ နိရုဒ္ဓါ ပဋိပ္ပဿ ဒ္ဓါ=ချုပ်၍ငြိမ်း၍ နေ၏။ ဝစီသင်္ခါရော နိရုဒ္ဓါ ပဋိပဿဒ္ဓါ=ဝစီသင်္ခါရ ချုပ်ငြိမ်းနေ၏။ စိတ္တသင်္ခါရော နိရုဒ္ဓါ ပဋိပဿဒ္ဓါ=စိတ္တသင်္ခါရ ချုပ်ငြိမ်းနေ၏။ အာယု=ဇီဝိတိန္ဒြေသည်။ အပရိက္ခီဏော=မကုန်ဘူး။ ဉသ္မာ=ကိုယ်ငွေ့တေဇောသည်။ အဝူပသန္တာ=မငြိမ်းမစဲ ရှိမြဲရှိ၍ နေ၏။ ဣန္ဒြိယာနိ=မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် ဣန္ဒြေတို့သည်။ ဝိပ္ပသန္နာနိ= ကြည်လင်ကုန်၏။

ရိုးရိုးသေတဲ့လူနဲ့ နိရောဓသမာပတ်ဝင်စားတဲ့ ရဟန်းရ အနာဂါမ်+ရဟန္တာ ရဟန်းတော်မြတ်တို့မှာ ကာယသင်္ခါရ+ဝစီသင်္ခါရ+ စိတ္တသင်္ခါရ=သုံးမျိုးတို့ မဖြစ်တာ=ချုပ်တာချင်း အတူတူပင် မဖြစ်ဘဲ ချုပ်ငြိမ်းနေကြတယ်။ ဒီရှေ့သုံးချက် တူကြတယ်။ နောက်သုံးချက်ကျတော့ မတူဘူး။ နိရောဓသမာပတ် ဝင်စားနေတဲ့ ပုဂ္ဂိုလ်ကျတော့

http:\\www.dhammadownload.com



ဒီဝိတိန္ဒြေခေါ်တဲ့ အသက်မကုန်ဘူး။ အသက်ဆိုတာ မျက်စိနဲ့ကြည့်လို့ မြင်ရတာမှ မဟုတ်ပဲ။ ထင်ရှားတဲ့ အဖြေတစ်မျိုး ဆက်ပါဦးဆိုတော့ ဉသ္မာ အဝူပသန္တာ=ကိုယ်ငွေ့က မငြိမ်းဘဲ ရှိမြဲရှိနေတယ်။ မလှုပ်လို့သာ သေနေသူလို့ ထင်ရတယ်။ ကိုယ်ငွေ့ကို စမ်းသပ်ကြည့်လျှင် ကိုယ်ငွေ့က နွေးလျက် ယနေ့ စမ်းလျှင်လဲ နွေးလျက်၊ နက်ဖြန် စမ်းလျှင်လဲ နွေးလျက်၊ ခုနစ်ရက် ဆက်စမ်းလျှင်လဲ နွေးနေတယ်။ ဤနည်းဖြင့်လဲပဲ "ဤပုဂ္ဂိုလ်သည် နိရောဓသမာပတ် ဝင်စားနေတဲ့ ပုဂ္ဂိုလ်ပဲ"လို့ သိရတယ်။ ထို့ပြင် နိရောဓသမာပတ် ဝင်စားနေတဲ့ ပုဂ္ဂိုလ်ကျတော့ မျက်စိကလဲ ပကတိ ထက်ပိုပြီး ကြည်လင်တယ်။ နား၊ နှာ၊ လျှာ၊ ကိုယ်ဆိုတဲ့ ဒိန္ဒြေတွေက လဲပဲ နဂိုရ်ပကတိထက်ပင် ပိုပြီး ကြည်လင်တယ်။ ဘာကြောင့်လဲဆိုရင်–

နဂိုရ်ပကတိ နိရောဓသမာပတ် မဝင်စားတဲ့အချိန်မှာတော့ မျက်စိကလဲ အလုပ်လုပ်လိုက်ရတာ တစ်နေ့လုံး မောလို့ပန်းလို့၊ နားကလဲ တစ်နေ့လုံး အလုပ်လုပ်ရတယ်။ မကြားချင်လဲ ကြားရ၊ နားရတယ် မရှိဘူး။ နှာခေါင်းကလဲ တစ်နေ့လုံး၊ လျှာကလဲ တစ်နေ့လုံး၊ ကိုယ်ကလဲ တစ်နေ့လုံး၊ အချိန်ရှိသမျှ ရှုရ+စားရ+တွေ့ထိရ နားရတယ်ကို မရှိကြ ဘူး။ အင်မတန် ပင်ပန်းနွမ်းနယ် ညှိုးနွမ်းကြရတယ်။ နိရောဓသမာပတ် ဝင်စားနေတဲ့ ပုဂ္ဂိုလ်ကျတော့ အဲဒီ မျက်စိ+နား+နှာ+လျှာ+ကိုယ်ဆိုတဲ့ ဣန္ဒြေတွေကို အလုပ်မပေးဘဲ အငြိမ်းစား ပေးထားလို့ ပိုပြီး ကြည်လင်တယ်။

(၈) ယွာ+ယံ ဂဟပတိ မတော ကာလင်္ကတော၊ ယောစာ+ယံ ဘိက္ခု သညာဝေဒ ယိတ နိရောဓံ သမာပန္နော၊ ဣဒံ နေသံ နာနာကရဏံ။

http:\\www.dhammadownload.com



ဂဟပတိ=ကျောင်းဒကာကြီး...။ ယွာ+ယံ-ယော အယံ= အကြွင်ပကတိ သာမန်လူသည်။ မတော ကာလင်္ကတော=စုတိ ပြတ်ကြွေ သေလွန်၏။ ယော စ အယံ ဘိက္ခု= အကြွင်ရဟန်ရ အနာဂါမ်+ရဟန္တာ ရဟန်းသည်ကား။ သညာဝေဒယိတနိရောဓံ= သညာ+ဝေဒနာတို့ချုပ်ရာ နိရောဓသမာပတ်ကို။ သမာပန္နော= ဝင်စား၏။ ဣဒံ=ဤသည်ကား။ နေသံ=ထိုသေသောသူ+နိရောဓ သမာပတ် ဝင်စားသော သူနှစ်ဦးတို့၏။ နာနာကရဏံ=ထူးခြားချက် ပါတည်း။

၆-နံပါတ် အမေးအဖြေ ပြီး၏။

## (၇) သတ္တမအမေးအဖြေ

ဆဋ္ဌမအမေးအဖြေပြီးသောအခါ ကျောင်းဒကာ စိတ္တသေဋ္ဌေး ရှေးနည်းအတူပင် သာဓု ဘန္တေ=သာဓုပါအရှင်ဘုရား။ ဤကဲ့သို့ ကောင်းချီးပေးပြီး သတ္တမ=ခုနစ်ခုမြောက် ပြဿနာကို တစ်ဖန် ဆက်၍ မေးလျှောက်ပြန်တယ်။ မေးပုံမှာ-

ကထံ ပန ဘန္တေ သညာဝေဒယိတနိရောဓသမာပတ္တိယာ ဝုဋ္ဌာနံ ဟောတိ။

ပန=ဆက်၍မေးပါရစေ။ ဘန္တေ=အရှင်ဘုရား။ သညာ ဝေဒယိတနိရောဓ သမာပတ္တိယာ=သညာ+ဝေဒနာတို့၏ ချုပ်ရာ နိရောဓသမာပတ်မှ။ ဝုဋ္ဌာနံ=ထခြင်းသည်။ ဟောတိ=ဖြစ်ပါသနည်း။

အရှင်ဘုရား ... ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းဖြင့် (တစ်နည်း) အဘယ့်ကြောင့် သညာ+ဝေဒနာတို့ရဲ့ ချုပ်ရာ နိရောဓ သမာပတ်မှ ထမှု ဖြစ်ပါသလဲ။ ဤကဲ့သို့ မေးလျှောက်တယ်။

ထိုအခါ အရှင်ကာမဘူ ရဟန္တာမထေရ်မြတ်က-

http:\\www.dhammadownload.com



န ခေါ ဂဟပတိ သညာဝေဒယိတနိရောဓသမာပတ္တိယာ ဝုဋ္ဌဟန္တဿ ဘိက္ခုနော ဧဝံ ဟောတိ။ "အဟံ သညာဝေဒယိတနိရောဓသမာပတ္တိယာ ဝုဋ္ဌဟိဿန္တိ ဝါ၊ အဟံ သညာဝေဒယိတနိရောဓသမာပတ္တိယာ ဝုဋ္ဌဟာမိတိ ဝါ၊ အဟံ သညာ ဝေဒယိတနိရောဓသမာပတ္တိယာ ဝုဋ္ဌိတောတိ ဝါ"။ အထ ခွ+ဿ ပုဗ္ဗေဝ တထာ စိတ္တံ ဘာဝိတံ ဟောတိ၊ ယံ တံ တထတ္တာယ ဥပနေတိ။

ဂဟပတိ=ကျောင်းဒကာသေဋ္ဌေး...။ ခေါ=စင်စစ်။ သညာဝေဒယိတနိရောဓသမာပတ္တိယာ ဝုဋ္ဌဟန္တဿ ဘိက္ခုနော=သညာဝေဒနာတို့ မဖြစ်ခြင်း=ချုပ်ခြင်းဆိုတဲ့ နိရောဓ သမာပတ်မှ ထသော ရဟန်း၏ သန္တာန်၌။ (ခုနစ်ရက် စိတ်+စေတသိက်+ စိတ္တဇရုပ်တို့ မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်နေရာက အဓိဋ္ဌာန်ချက်အတိုင်း အနာဂါမ် ပုဂ္ဂိုလ်အား အနာဂါမ်ဖိုလ်ဇော တစ်ကြိမ်၊ ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တဖိုလ်ဇော တစ်ကြိမ်ဖြစ်လာသည်ကို "နိရောဓ သမာပတ်မှထ တယ်"လို့ ခေါ်ဆိုရတယ်။ အဲဒီထသော ရဟန်းရဲ့ သန္တာန်မှာတဲ့။)။ "အဟံ သညာဝေဒယိတနိရောဓသမာပတ္တိယာ ဝုဋ္ဌဟိဿန္တိ ဝါ=ငါ သညာ ဝေဒနာတို့၏ချုပ်ရာ နိရောဓသမာပတ်မှ ထလတ္တံ့ဟူ၍ လည်းကောင်း။ အဟံ သညာဝေဒယိတနိရောဓ သမာပတ္တိယာ ဝုဋ္ဌဟာမိတိ ဝါ=ငါသညာ ဝေဒယိတ နိရောဓသမာပတ်မှ ထနေဆဲဟူ၍ လည်းကောင်း။ အဟံ သညာဝေဒယိတနိရောဓ သမာပတ္တိယာ ဝုဋ္ဌိတောတိ ဝါ=ငါ သညာ+ ဝေဒနာတို့၏ချုပ်ရာ နိရောဓသမာပတ်မှ ထပြီးပြီဟူ၍ လည်းကောင်း။ ဧဝံ=ဤသို့သော စိတ်အကြံသည်။ န ဟောတိ=မဖြစ်။

အထ ခေါ=စင်စစ်သော်ကား။ အဿ=ထို နိရောဓသမာပတ်မှ ထသော အနာဂါမ်+ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌။ ပုဗ္ဗေဝ=ရှေးဦးက

http:\\www.dhammadownload.com



ပင်လျှင် (ဘယ်တုန်းကလဲဆိုလျှင် ပုဗ္ဗကိစ္စ ၄-ပါးတို့အနက် စတုတ္ထ အဒ္ဓါနပရိစ္ဆေဒ ပုဗ္ဗကိစ္စတုန်းက)။ တထာ=ထိုသို့သော အခြင်းအရာ ဖြင့်။ စိတ္တံ=စိတ်ကို။ ဘာဝိတံ=ပွားများအပ်ပြီးသည်။ ဟောတိ= ဖြစ်၏။ ယံ-ယသ္မာ=အကြင်သို့ ပွားများအပ်ပြီး ဖြစ်သောကြောင့်။ တံ=ထိုပုဂ္ဂိုလ်ကို။ တထတ္တာယ=ထိုနိရောဓသမာပတ်မှ ထရန်အလို့ ငှာ။ ဥပနေတိ=ကပ်၍ဆောင်၏။

အဓိပ္ပာယ်ကား စိတ်+စေတသိက် စိတ္တဇရုပ်တို့ ခုနစ်ရက်ကြာ မဖြစ်ဘဲနေတာကို "နိရောဓသမာပတ် ဝင်စားနေတယ်"လို့ ခေါ်တယ်။ ခုနစ်ရက်စေ့၍ အနာဂါမိဖိုလ်ဇော၊ အရဟတ္တဖိုလ်ဇော တစ်ကြိမ်စီ အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်တို့ သန္တာန်မှာဖြစ်သည်ကို "နိရောဓသမာပတ်မှ ထတယ်"လို့ ခေါ်တယ်။ (ဤ၌အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်တို့က နိဗ္ဗာန်ကိုသာ အာရုံပြုသည်ကို သတိထားရပါ မည်။) ကျောင်းဒကာသေဌေး... နိရောဓသမာပတ်မှ ထတဲ့ အနာဂါမ် ရဟန္တာရဟန်းရဲ့ အဖို့ရာ သမာပတ်မှ ထခါနီးအချိန်မှာ "ငါသည် နိရောဓ သမာပတ်မှ ထတော့မည်။ ထပေလတ်အံ့လို့လဲပဲ (အနာဂတ်) စိတ်အကြံမဖြစ်ဘူး။ အနာဂါမ် အရဟတ္တဖိုလ်တို့ ဥပါဒ် လာတဲ့ သမာပတ်မှ ထဆဲအချိန်မှာလဲပဲ "ငါသည် နိရောဓသမာပတ်မှ ထနေဆဲ"လို့လဲပဲ (ပစ္စုပ္ပန်)စိတ်အကြံ မဖြစ်ဘူး။ အနာဂါမိဖိုလ် အရဟတ္တဖိုလ်တို့ ချုပ်စ ဘဝင်ကျဆဲ နိရောဓ သမာပတ်မှ ထပြီး အချိန်မှာလဲပဲ" "ငါသည် နိရောဓသမာပတ်မှ ထပြီးပြီ"လို့လဲပဲ စိတ်အကြံ မဖြစ်ဘူး။

ကျောင်းဒကာ...အဘယ့်ကြောင့် နိရောဓသမာပတ်မှ ထမှု ဆိုတဲ့ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်တို့ အနာဂါမ်၊ ရဟန္တာ ရဟန်းတို့ရဲ့ သန္တာန်မှာ ဖြစ်ပေါ်ရသလဲဆိုတော့ နိရောဓ သမာပတ်သို့ မရောက်ခင်

http:\\www.dhammadownload.com



ပုဗ္ဗကိစ္စလေးပါးတို့ကိုပြုလုပ်စဉ် အဒ္ဓါနပရိစ္ဆေဒဆိုတဲ့ စတုတ္ထပုဗ္ဗကိစ္စ ပြုလုပ်ခဲ့စဉ်က "ငါသည် ခုနစ်ရက်ပတ်လုံး စိတ်မရှိသူ=နိရောဓသို့ ရောက်သူဖြစ်ပေအံ့" ဤကဲ့သို့ ဆောက်တည်ခဲ့ အဓိဋ္ဌာန်ခဲ့ ဘော ကြောင့် ခုနစ်ရက်ရောက်သောအခါ ဖိုလ်ဇော တစ်ကြိမ်စိ ဖြစ်ခြင်း ဆိုတဲ့ နိရောဓသမာပတ်မှ ထခြင်း ဖြစ်တယ်။ ဤကဲ့သို့ ဆောက်တ သ် ခဲ့ အဓိဋ္ဌာန်ခဲ့သောကြောင့် ခုနစ်ရက် ရောက်သောအခါ ဖိုလ်ဇော တစ်ကြိမ်စိ ဖြစ်ခြင်းဆိုတဲ့ နိရောဓသမာပတ်မှ ထခြင်း ဖြစ်တယ်။ ဤကဲ့သို့ မေးဖြေ လိုရင်း ဖြစ်တယ်။

၇-နံပါတ် အမေးအဖြေ ပြီး၏။

## (၈) အဋ္ဌမအမေးအဖြေ

သတ္တမ အမေးအဖြေ ပြီးသောအခါ ကျောင်းဒကာ စိတ္တ သေဋ္ဌေးက ရှေးနည်းအတူပင် သာဓု ဘန္တေ=သာဓုပါအရှင်ဘုရား။ ဤကဲ့သို့ ကောင်းချီးပေးပြီး အဋ္ဌမ=ရှစ်ခုမြောက်ပြဿနာကို တစ်ဖန် ဆက်၍ မေးလျှောက်ပြန်တယ်။ မေးပုံမှာ=

သညာဝေဒယိတ နိရောဓသမာပတ္တိယာ ဝုဋ္ဌဟန္တဿ ပနဘန္တေ ဘိက္ခုနော ကတမေ ဓမ္မာ ပဌမံ ဥပ္ပဇ္ဇန္တိ၊ ယဒိ ဝါ ကာယသင်္ခါရော၊ ယဒိ ဝါ ဝစီသင်္ခါ ရော၊ ယဒိ ဝါ စိတ္တသင်္ခါရော။ (အနက်သိသာပြီ)။

အဓိပ္ပာယ်မှာ အရှင်ဘုရား...။ နိရောဓသမာပတ်မှ ထဆဲ ဖြစ်သော အနာဂါမ်+ရဟန္တာ အရိယာရဟန်းရဲ့ သန္တာန်မှာ သင်္ခါရ သုံးမျိုးတို့အနက် အဘယ်သင်္ခါရတွေက အစဆုံး ဖြစ်ကြသလဲ၊ ကာယ သင်္ခါရကပဲ အစဆုံး ဖြစ်ပါသလား။ ဝစီသင်္ခါရကပဲ အစဆုံးဖြစ်ပါ သလား။ စိတ္တသင်္ခါရကပဲ အစဆုံး ဖြစ်ပါသလားဘုရား။ (ဒါက

http:\\www.dhammadownload.com



စာပေသံ)။ နိရောဓသမာပတ်မှ ထတယ်လို့ခေါ်တဲ့ အနာဂါမိဖိုလ်စိတ်၊ အရဟတ္တဖိုလ်စိတ် ဖြစ်နေဆဲ အနာဂါမ်+ရဟန္တာ အရိယာ ရဟန်းရဲ့ သန္တာန်မှာ ထွက်လေ+ဝင်လေကပဲ အစဆုံး ဖြစ်သလား၊ ဝိတက်+ဝိစာရကပဲ အစဆုံး ဖြစ်သလား၊ ဤကဲ့သို့ မေးမြန်းခြင်း ဖြစ်တယ်။

ထိုအခါ အရှင်ကာမဘူ ရဟန္တာမထေရ်က ဤသို့ဖြေတယ်–

> သညာဝေဒယိတနိရောဓသမာပတ္တိယာ ဝုဋ္ဌဟန္တဿ ဂဟပတိ ဘိက္ခုနော စိတ္တသင်္ခါရော သင်္ခါရော ပဌမံ ဥပ္ပဇ္ဇတိ၊ တတော ကာယသင်္ခါရော၊ တတော ဝစီ သင်္ခါရော။

ဂဟပတိ=ကျောင်းဒကာ...။ သညာ ဝေဒယိတနိရောဓ သမာပတ္တိယာ=သညာ+ဝေဒနာတို့ ချုပ်ခြင်းချုပ်ရာ နိရောဓ သမာပတ်မှ။ ဝုဋ္ဌဟန္တဿ=ထဆဲဖြစ်သော။ ဘိက္ခုနော=အနာဂါမ်+ရဟန္တာအရိယာရဟန်း၏ အဖို့ရာ။ (ဝါ) အနာဂါမ်+ရဟန္တာ အရိယာ ရဟန်း၏ သန္တာန်၌။ ပဌမံ=ရှေးဦးစွာ။ စိတ္တသင်္ခါရော=စိတ္တသင်္ခါရ ခေါ်တဲ့ သညာ+ဝေဒနာသည်။ ဥပ္ပဇ္ဇတိ=ဖြစ်၏။ တတော=ထို့နောက်မှ။ ကာယသင်္ခါရော=ကာယသင်္ခါရခေါ်တဲ့ ထွက်လေ+ဝင်လေ နှစ်ပါးသည်။ ဥပ္ပဇ္ဇတိ=ဖြစ်၏။

ကျောင်းဒကာ...နိရောဓသမာပတ်မှ ထတဲ့ အဲဒီအနာဂါမ်+ရဟန္တာစျာန်ရ အရိယာပုဂ္ဂိုလ်တို့ရဲ့ သန္တာန်မှာ စိတ္တသင်္ခါရခေါ်တဲ့ သညာ(နှင့်) ဝေဒနာ ဒီနှစ်ပါးတို့ ပဌမဖြစ်တယ်။ ၎င်းနောက်မှ ထွက်လေ+ဝင်လေခေါ်တဲ့ ကာယသင်္ခါရဖြစ်တယ်။ ၎င်းနောက်မှ ဝိတက်+ဝိစာရခေါ်တဲ့ ဝစီသင်္ခါရဖြစ်တယ်။

အနာဂါမ်အရိယာအား အနာဂါမိဖိုလ် တစ်ကြိမ်+ ရဟန္တာ ပုဂ္ဂိုလ်အား အရဟတ္တဖိုလ် ဇောတစ်ကြိမ် ဖြစ်သည်ကို "နိရောဓ

http:\\www.dhammadownload.com



ဘန္တေ=အရှင်ဘုရား...။ ခေါ=စင်စစ်။ ယာဝတာ=အကြင်မျှ လောက်ဖြင့်၊ (ဝါ) အကြင်မျှလောက် (၁၃)တစ်ဆယ့်သုံးပါးအတိုင်း အရှည်ရှိကုန်သော။ အနိမိတ္တာစေတော ဝိမုတ္တိယော=အနိမိတ္တအမည် ရတဲ့ စေကောဝိမုတ္တိ တရားတို့သည်။ သန္တိ=ရှိကုန်၏။ တာသံ=ထို အနိမိတ္တ အမည်ရသည့် စေတောဝိမုတ္တိတရား (၁၃)တစ်ဆယ့်သုံးပါး တို့တွင်။ အကုပ္ပာစေတောဝိမုတ္တိ=အရဟတ္တဖိုလ် တည်းဟူသော စေတောဝိမုတ္တိ တရားကို။ အဂ္ဂံ–အဂ္ဂါ=အမြတ်ဆုံးဟူ၍။ အက္ခာယတိ = ဆိုအပ်၏။ ခေါ ပန=စင်စစ်။ သာ အကုပ္ပာ စေတောဝိမုတ္တိ=ထို အမြတ်ဆုံး အနိမိတ္တ စေတောဝိမုတ္တ် အမည်ရတဲ့ အရဟတ္တဖိုလ် သမာဓိသည်။ ရာဂေန=ရာဂမှ။ သုညာ=ဆိတ်သုဉ်း၏။ ဒေါသေနေ= ဒေါသမှ။ သုညာ=ဆိတ်သုဉ်း၏။ မောဟေန=မောဟမှ။ သုညာ= ဆိတ်သုဉ်း၏။

သုံးခုမြောက် အနိမိတ္တစေတောဝိမုတ္တိ အရာ၌ ရာဂ+ဒေါသ+ မောဟတရားသုံးပါးတို့သည် သတ္တဝါတို့ကို "ဤသူကား ပုထုဇဉ်၊ ဤ သူကား အရိယာ"ဟူ၍ ခွဲခြားသိရှိရန် အမှတ်နိမိတ် ပြုပေးတတ်သည့် တရားများ ဖြစ်ကြလေသည်။ လောကဥပမာအားဖြင့် အရှေ့ဘက် အိမ်က နွားဖြူလေး(နှင့်) အနောက်ဘက်အိမ်က နွားဖြူလေး အသွေး ရောင် အရွယ်အားဖြင့် တူညီနေလျှင် အမှတ်အသားနိမိတ် တံဆိပ်ခပ် နှိပ်မပေးသမျှ "ဤနွားဖြူလေးကား အရှေ့ဘက်အိမ်က နွားဖြူ ကလေးတည်း။ ဤနွားဖြူကလေးကား အနောက်ဘက်အိမ်က နွားဖြူကလေးတည်း" ဟူ၍ ခွဲခွဲခြားခြား မသိနိုင်ကုန်လေရာ။ ခွဲခွဲ ခြားခြား သိနိုင်ရန်အတွက် အနောက်ဘက်အိမ်က နွားဖြူကလေးကို တံကျင်သုံးချောင်းရာ တံဆိပ်အမှတ် ခပ်ပေးလိုက်မှ "ဤနွားဖြူ ကလေးကား အရှေ့ဘက်အိမ်က နွားဖြူကလေးတည်း။ ဤနွားဖြူ

http:\\www.dhammadownload.com



ကလေးကား အနောက်ဘက်အိမ်မှ နွားဖြူကလေးတည်း”ဟု ခွဲခွဲခြားခြား သိနိုင်ရာသကဲ့သို့ ထို့အတူပင် ပုထုဇဉ်ပုဂ္ဂိုလ် (နှင့်) အရိယာပုဂ္ဂိုလ်တို့မှာလည်း အသွေးအရောင် ပုံပန်းသဏ္ဍာန်က တူနေသောကြောင့် လောဘ+ဒေါသ+မောဟတရားတို့ မဖြစ်သေးသမျှ “သူကား ပုထုဇဉ်၊ သူကား အရိယာ”ဟူ၍ ခွဲခြား မသိနိုင်ရာ။ သို့ရကား လောဘ+ဒေါသ+မောဟတို့သည် ပုထုဇဉ်ဟူ၍ သိအောင် အမှတ်နိမိတ်ပြုပေးတတ်သောကြောင့် နိမိတ္တကရဏတရား တို့ မည်ကုန်၏။ နိမိတ္တကရဏမည်သော ထိုရာဂ+ဒေါသ+မောဟတို့ကို အမြစ်ပြတ်ပယ်ပြီးဖြစ်သောကြောင့် အရဟတ္တဖိုလ် သမာဓိကို အနိမိတ္တ စေတောဝိမုတ္တိတရားတို့အနက် အမြတ်ဆုံးဟူ၍ ဆိုအပ်ပါသည် ဘုရား... ဤကဲ့သို့လျှောက်ထားလိုရင်း ဖြစ်သည်။

ဤ၌ အနိမိတ္တစေတော ဝိမုတ္တိတရား တစ်ဆယ့်သုံးပါးတို့ဟူသည်မှာ ဝိပဿနာ ဉာဏ်၊ အရူပဈာန်လေးပါ၊ မဂ်လေးပါး ဖိုလ်လေးပါး ဤ(၁၃) တစ်ဆယ့်သုံးပါးတို့တည်း။ ထိုတွင် ဝိပဿနာပညာသည် နိစ္စနိမိတ်+သုခနိမိတ်+အတ္တနိမိတ်တို့ကို ခွာဆိတ်စေတတ်သောကြောင့် အနိမိတ္တမည်၏။ အရူပဈာန်လေးပါးတို့သည် ရူပနိမိတ် မရှိသောကြောင့် အနိမိတ္တ မည်ကုန်၏။ မဂ်လေးပါး+ဖိုလ်လေးပါးတို့သည် နိမိတ္တကရဏ ကိလေသာတို့ မရှိသောကြောင့် အနိမိတ္တမည်ကုန်၏။ (နိဗ္ဗာန်သည် လောဘ+ဒေါသ+မောဟ တည်းဟူသော နိမိတ္တကရဏ တရားတို့ မရှိသောကြောင့် အနိမိတ္တသော်ကား မည်၏။ စေတောဝိမုတ္တိကား မမည်ပေ)။ အနိမိတ္တစေတောဝိမုတ္တိတရား တစ်ဆယ့်သုံးပါးတို့အနက် အရဟတ္တဖိုလ်သမာဓိသည် အသာဆုံး အမြတ်ဆုံးသော အနိမိတ္တစေတော ဝိမုတ္တိဖြစ်သည်။ ထိုအရဟတ္တဖိုလ်သမာဓိသည် ရာဂ+ဒေါသ+မောဟ တည်းဟူသော နိမိတ္တကရဏတရား

http:\\www.dhammadownload.com



တို့မှ ဆိတ်သုဉ်းသောကြောင့် သုညတစေတောဝိမုတ္တိလည်း မည်၏။

(နိဂုံး) ယခု ပြဆိုအပ်ပြီးနည်းအတိုင်း အပ္ပမာဏစေတောဝိမုတ္တိ၊ အာကိဉ္စညစေတောဝိမုတ္တိ၊ အနိမိတ္တစေတောဝိမုတ္တိ၊ သုညတစေတောဝိမုတ္တိ=(စောစောက အရှင်ဘုရား မေးခဲ့တဲ့) စေတောဝိမုတ္တိတရား လေးပါးတို့သည် အသံသဒ္ဒါကွဲ၍ တရားကိုယ် အားဖြင့်မူ အရဟတ္တဖိုလ် တရားတစ်ခုတည်းပဲ (ဤကဲ့သို့ ဆိုရပါသည် ဘုရား...လို့)

အယံ ခေါ ဘန္တေ ပရိယာယော၊ ယံ ပရိယာယံ အာဂမ္မ

ဣမေ ဓမ္မာ ဧကတ္ထာ၊ ဗျဉ္ဇနမေဝ နာနံ။

ဘန္တေ=အရှင်ဘုရား...။ ယံ ပရိယာယံ=အကြင်အကြောင်းကို။ အာဂမ္မ=အစွဲပြု၍။ ဣမေ ဓမ္မာ=ဤစေတောဝိမုတ္တိတရားတို့သည်။ ဧကတ္ထာ=အနက်သဘော အရကောက် တူကြကုန်၏။ ဗျဉ္ဇနမေဝ=သဒ္ဒါက သာလျှင်။ နာနံ=ထူးခြား၏။ အယံ ခေါ=ဤ ဆိုအပ်ခဲ့ပြီးသည် ကား။ ပရိယာယော=အကြောင်းပါတည်းဘုရား။

ဤဆိုအပ်ပြီးသည်ကား "စေတောဝိမုတ္တိလေးပါးဟူသည်မှာ အသံ=သဒ္ဒါသာကွဲပြီး အရကောက် အနက်တရားသားမှာ တစ်ခုတည်းသာ"ဟု ပြောဆိုနိုင်ကြောင်း ဖြစ်ပါသည် ဘုရား။

အရဟတ္တဖိုလ် သမာဓိကိုပင် ပမာဏပြုတတ်သည့် လောဘ+ဒေါသ+မောဟတို့မှ ဆိတ်သုဉ်းသောကြောင့် အပ္ပမာဏစေတောဝိမုတ္တိ ဟူ၍လည်း ခေါ်တယ်။ ဆိတ်သုဉ်းသောကြောင့်ပင် သုညတစေတောဝိမုတ္တိဟူ၍လည်း ခေါ်တယ်။ ထိုကဲ့သို့ ရာဂ+ဒေါသ+မောဟတို့မှ ဆိတ်သုဉ်းကတည်းကိုက ရာဂတည်းဟူသော ကိဉ္စနတရား၊ ဒေါသတည်းဟူသော ကိဉ္စနတရား၊ မောဟတည်းဟူသော ကိဉ္စနတရားတို့ မရှိကြသောကြောင့် အာကိဉ္စည စေတောဝိမုတ္တိ ဟူ၍လည်း

http:\\www.dhammadownload.com



ခေါ်တယ်။ ရာဂတည်းဟူသော နိမိတ္တကရဏတရား၊ ဒေါသတည်း ဟူသော နိမိတ္တကရဏတရား၊ မောဟတည်းဟူသော နိမိတ္တကရဏ တရားတို့ မရှိကြသောကြောင့် အနိမိတ္တစေတောဝိမုတ္တိ ဟူ၍လည်း ခေါ်တယ်ဆိုတော့ အနက် အရကောက် တရားလုံး တစ်ခုတည်းကို အကြောင်း အမျိုးမျိုးပြပြီး အမည်သဒ္ဒါ အမျိုးမျိုး ပြောဆိုခြင်း ဖြစ်ပါ တယ်ဘုရားလို့ စိတ္တသေဋ္ဌေးက ပြန်လည် ဖြေကြား လျှောက်ထား လေသည်။ ထိုအခါ အရှင်ဂေါဒတ္တမထေရ်က–

လာဘာ တေ ဂဟပတိ၊ သုလဒ္ဓံ တေ ဂဟပတိ။

ဂဟပတိ=ကျောင်းဒကာ သေဋ္ဌေး ...။ တေ=သင်သည်။ လာဘာ=ကုသိုလ်တရားတို့ကို ရအပ်ပါကုန်စွတကား။ (ဒကာကြီး... ဒကာ ကြီးဟာ အပြစ်မရှိတဲ့ ကုသိုလ်တရားတို့ကို များစွာရအပ်ပေကုန်စွ)။ ဂဟပတိ=ကျောင်းဒကာသေဋ္ဌေး...။ တေ=သင်သည်။ သုလဒ္ဓံ= လူ့ အဖြစ်ကို ကောင်းစွာ ရအပ်ပါပေစွ။ (ဒကာကြီး...လူ့အဖြစ်ကို ရတာ သိပ်အရတော်တာပဲ။ ဘာကြောင့်လဲဆိုလျှင်)

ယဿ တေ ဂမ္ဘီရေ ဗုဒ္ဓဝစနေ ပညာစက္ခု ကမတိ။

ယဿ တေ=အကြင် သင်ကျောင်းဒကာ၏ (အဖို့ရာ)။ ဂမ္ဘီရေ=နက်နဲစွာသော။ ဗုဒ္ဓဝစနေ=ဘုရား၏ စကားတည်းဟူသော တရားတော်၌။ ပညာစက္ခု=ထိုးထိုးထွင်းထွင်း သိမြင်တတ်တဲ့ ဉာဏ်ပညာမျက်စိသည်။ ကမတိ=သက်ဝင်၍ တည်ပါပေ၏။

ဒကာကြီး...ဒကာကြီး၏ အဖို့ရာ လွန်စွာနက်နဲလှတဲ့ ဘုရား စကား တရားတော်ပေါ်မှာ ဉာဏ်ပညာမျက်စိ သက်ဝင်၍ တည်ပါဘိ ၏။ ဒကာကြီးသည် လူ့ဘဝကို အရတော် လိုက်ပါဘိသည်။ ဤကဲ့သို့ ချီးမွမ်းတော်မူလေသည်။

စိတ္တသံယုတ်(၇)ဂေါဒတ္တသုတ္တန်တရား ပြီးပါပြီ။

http:\\www.dhammadownload.com



## စိတ္တသံယုတ် (၈) နိဂဏ္ဌနာဋ္ဌပုတ္တသုတ် တရားတော်

စိတ္တသံယုတ်မှာ သုတ်ပေါင်း ၁၀–သုတ်ရှိတဲ့ အနက်က (၇) ခုနစ်သုတ် ပြီးခဲ့ပါပြီ။ ယနေ့ ၈–ခုမြောက်ဖြစ်တဲ့ နိဂဏ္ဌနာဋ္ဌပုတ္တသုတ် လို့ခေါ်တဲ့ နာဋ္ဌပုတ္တတက္ကတွန်း ဆရာကြီးနဲ့ စိတ္တသေဋ္ဌေးတို့ ပြောဆို ကြတဲ့ တရားကို နာကြားရပါမည်။ ဒီနိဂဏ္ဌနာဋ္ဌပုတ္တသုတ်ကို မ, တည် သော်လဲ ဒီသုတ်က တစ်နွယ်ငင်ပြီး ဟိဒသကနိပါတ် အင်္ဂုတ္တိုရ် ပါဠိ တော်မှာလာတဲ့ "မဟာပဥ္ဟ" ခေါ်တဲ့ သုတ္တန်ကိုလဲ ဟောဖို့နာဖို့ အခြေ အနေက ဖန်တီးလာပါတယ်။ ယခု နိဂဏ္ဌနာဋ္ဌပုတ္တသုတ်ကပဲ စပြီး တရားဟောကြ+နာကြရအောင် –

ဒီသုတ်ကျတော့ အခြားအခြားသော သုတ္တန်များလို "ဧကံ သမယံ" စသည် မပါတော့ပဲ –

> တေန ခေါ ပန သမယေန နိဂဏ္ဌော နာဋ္ဌပုတ္တော မစ္ဆိကာသဏ္ဍံ အနုပ္ပတ္တော ဟောတိ မဟတိယာ နိဂဏ္ဌပရိသာယ သဒ္ဓိံ။

ဒီသုတ္တန် ဖြစ်ထွန်းပေါ်ပေါက်မည့် ထိုအချိန်မှာ နာဋ္ဌပုတ္တလို့ ခေါ်တဲ့ အဝတ်မလွှမ်း တက္ကတွန်း ဆရာကြီးသည် အဝတ်မလွှမ်းတဲ့ များစွာသော တက္ကတွန်းပရိသတ် အခြံအရံနှင့်တကွ မစ္ဆိကာသဏ္ဍ မြို့သို့ ရောက်ရှိလာတယ်။

နာဋ္ဌပုတ္တတက္ကတွန်းဆရာကြီး တည်းခိုတဲ့ နေရာကား အာရာမ် အဆောက်အဦမျိုး ဟုတ်ပုံမရ၊ သူ့တပည့် တက္ကတွန်း ဒကာ တစ်ဦးဦးရဲ့ ခြံတစ်ခုခုထဲမှာ ရောက်ရှိလာတဲ့ သဘောပဲ ဖြစ်ပါတယ်။ လွန်စွာစက်ဆုပ်ဖွယ်၊ လွန်စွာရွံရှာဖွယ်ကောင်းတဲ့ ကျက်သရေမရှိသော ဒိဂိုဏ်းဆရာကြီးတွေမျိုး မြန်မာပြည်မှာ မတွေ့ရပါဘူး။ မြန်မာပြည် က ဗုဒ္ဓဘာသာဝင် သူတော်စင်တွေဟာ အင်မတန် ကံကောင်းပါ

http:\\www.dhammadownload.com



တယ်။ မှန်းကြည့်လိုက်ကြပေါ့။ ယခု မစ္ဆိကာသဏ္ဍာမြို့သို့ ရောက်လာတဲ့ ပုဂ္ဂိုလ်ဟာ တိတ္ထိဆရာကြီး ခြောက်ဦးမှာ အဝင်အပါဖြစ်တဲ့ နာဋ္ဌပုတ္တဆရာကြီး၊ သူ့ပုံပန်းကို မှန်းကြည့်ရင် အဝတ်မလွှမ်း မိမွေး တိုင်းနေတဲ့ တက္ကတွန်းကြီးတဲ့။ သူ့ပရိသတ်ကလဲ သူ့လိုပဲ အဝတ်မလွှမ်းတဲ့ တက္ကတွန်း ပရိသတ်ပဲ။ သူတို့ဆရာတပည့်တွေ စိတ္တသေဋ္ဌေးတို့နေတဲ့ မစ္ဆိကာသဏ္ဍာမြို့သို့ ရောက်လာကြတယ်။

အဿောသိ ခေါ စိတ္တော ဂဟပတိ "နိဂဏ္ဌော ကိရ နာဋ္ဌပုတ္တော မစ္ဆိကာ သဏ္ဍံ အနုပ္ပတ္တော မဟတိယာ နိဂဏ္ဌပရိသာယ သဒ္ဓိ" န္တိ။

ကျောင်းဒကာ စိတ္တသေဋ္ဌေးသည် "နာဋ္ဌပုတ္တအမည်ရတဲ့ အဝတ်မလွှမ်း တက္ကတွန်း ဆရာကြီး ငါတို့ရဲ့ မစ္ဆိကာသဏ္ဍာမြို့သို့ များစွာသော တက္ကတွန်းပရိသတ် အခြံအရံနှင့်တကွ မစ္ဆိကာသဏ္ဍာမြို့သို့ ရောက်လာပြီတဲ့" ဟူသော သတင်းစကားကို ကြားသိရလေပြီ။

## စိတ္တသေဋ္ဌေး နာဋ္ဌပုတ္တတက္ကတွန်းထံသွား၍ဆွေးနွေးခြင်း

အထ ခေါ စိတ္တော ဂဟပတိ သမ္ဗဟုလေဟိ ဥပါသကေဟိ သဒ္ဓိ ယေန နိဂဏ္ဌော နာဋ္ဌပုတ္တော၊ တေနု+ပသင်္ကမိ။ ဥပသင်္ကမိတွာ နိဂဏ္ဌေန နာဋ္ဌပုတ္တေန သဒ္ဓိ သမ္မောဒိ၊ သမ္မောဒနီယံ ကထံ သာရဏီယံ ဝီတိသာရေတွာ ဧကမန္တံ နိသီဒိ၊ ဧကမန္တံ နိသိန္နံ ခေါ စိတ္တံ ဂဟပတိ နိဂဏ္ဌော နာဋ္ဌပုတ္တော ဧတ+ဒဝေါစ "သဒ္ဒဟသိ တွံ ဂဟပတိ သမဏဿ ဂေါတမဿ အတ္ထိ အဝိတက္ကော အဝိ စာရော သမာဓိ၊ အတ္ထိ ဝိတက္ကဝိစာရာနံ နိရောဓော"တိ။

အထ ခေါ=ထိုသို့ သတင်းစကား ကြားသိပြီးသည်မှ နောက်

http:\\www.dhammadownload.com



ကာလဉ္စ။ စိတ္တော ဂဟပတိ=ကျောင်းဒကာ စိတ္တသေဋ္ဌေးသည်။ သမ္ဗဟုလေဟိ=များစွာကုန်သော။ ဥပါသကေ ဟိ=ရတနာသုံးရပ် ဆည်းကပ်ကြသူ ဒါယကာ ဥပါသကာတို့နှင့်။ သဒ္ဓိံ=အတူတကွ။ ယေန=အကြင်အရပ်၌။ နိဂဏ္ဌော နာဋပုတ္တော=နာဋပုတ္တအမည်ရှိတဲ့ အဝတ်မလွှမ်း တက္ကတွန်းဆရာကြီးရှိ၏။ တေန=ထိုနာဋပုတ္တ ဆရာကြီး တည်းခိုရာ အရပ်သို့။ ဥပသင်္ကမိ=သွားရောက်လေပြီ။

စိတ္တသေဋ္ဌေးဟာ ဗုဒ္ဓဘာသာဝင် အနာဂါမ် အရိယာ တစ်ယောက်ဖြစ်ပါလျက် အဘယ်ကြောင့် နာပုတ္တ တက္ကတွန်းထံသို့ သွားရသလဲဟု မေးဖွယ်ရှိ၏။ အဖြေကား (၁) သာသနာပြင်ပ အယူ ရှိကြတဲ့ ပုဂ္ဂိုလ်တွေက ဗုဒ္ဓဘာသာဝင်တွေအပေါ်မှာ စွပ်စွဲချက် တစ်ခု ရှိတယ်။ ၎င်းမှာ–

သမဏာသ ဂေါတမဿ သာဝကာ ထဒ္ဓခဒိရ

ခါဏုကဏ္ဋကသဒိသာ။

သမဏာသ ဂေါတမဿ သာဝကာ=ရဟန်းဂေါတမ၏ တပည့် သာဝကတို့သည်။ ထဒ္ဓခဒိရခါဏုကဏ္ဋကသဒိသာ= ကြမ်းတမ်းတဲ့ ရှားငုပ်တိုကြီးနှင့် တူကြကုန်၏။ ရဟန်းဂေါတမရဲ့ တပည့်တွေဟာ အလွန်ကြမ်းတမ်းတဲ့ ရှားငုတ်တိုကြီးနဲ့ တူကြတယ်။

ကေနစိ သဒ္ဓိံ ပဋိသန္ထာရမ္ပိ န ကရောန္တိ။

ကေန စိ=ဘယ်သူနှင့်မှ။ သဒ္ဓိံ=အတူတကွ။ ပဋိသန္ထရမ္ပိ= စကား အစေ့အစပ် ပြောဆိုမှုကိုလည်း။ န ကရောန္တိ=မပြုကြကုန်။ သူတို့ဟာ ဘယ်သူနှင့်မှ လူ့လောက စကားအစေ့အစပ် မပြောကြား ကြဘူး။ ဤကဲ့သို့ သာသနာပြင်ပ အယူရှိတဲ့သူတွေက ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ အပေါ်မှာ အပြစ်တင် စွပ်စွဲစကား ပြောကြားကြတယ်။ ထိုစွပ်စွဲတဲ့ ဥပဝါဒဘေးမှ လွတ်မြောက်အောင် လည်းကောင်း။ (၂)

http:\\www.dhammadownload.com



အကယ်၍ နာဋပုတ္တ တက္ကတွန်းဆရာကြီးက သာသနာတော်ပေါ်မှာ တစ်စုံတစ်ရာ အစွန်းအငြိစကား ထိပါးပြောဆိုလာလျှင် သူ့အပေါ်မှာ ဝါဒတင်ရန် လည်းကောင်း၊ ဤရည်ရွယ်ချက် နှစ်ပါးဖြင့် ကျောင်းဒကာ စိတ္တသေဋ္ဌေးသည် မိမိတည်ဆောက်တဲ့ ငွေးချိုပင်ကျောင်းတိုက်သို့ သွားသောအခါ တစ်ဦးတည်းလည်း သွားစေကာမူ ယခု နာဋပုတ္တ တက္ကတွန်း ဆရာကြီးထံ သွားသောအခါ သူတော်ကောင်း ဥပါသကာတွေ ခြံရံပြီးတော့ သွားတယ်။

ဥပသင်္ကမိတွာ=သွားရောက်ပြီးတော့။ နိဂဏ္ဌေန နာဋပုတ္တေန သဒ္ဓိံ=နာဋပုတ္တ တက္ကတွန်းဆရာကြီးနှင့်အတူတကွ။ သမ္မောဒိ= ဝမ်းမြောက်စကား ပြောကြားပြီး။ သမ္မောဒနီယံ=ဝမ်းမြောက် ဖွယ်သော။ သာရဏီယံ=အသက်ထက်ဆုံး အောက်မေ့ထိုက်သော။ ကထံ=စကားကို ပြောကြားခြင်းကို။ ဝီတိသာရေတွာ=ပြီးဆုံးကုန်လွန် စေ၍။ ဧကမန္တံ နိသီဒိ=အပြစ်လွတ်ရာ အရပ်၌ ထိုင်နေလေပြီ။

သွားရောက်ပြီးတော့ နာဋပုတ္တ တက္ကတွန်းဆရာကြီးနဲ့ "ဆရာ ကြီး. . .ယခု မစ္ဆိကာသဏ္ဍမြို့သို့ ရောက်လာတဲ့အခါ ဥတုဒဏ် ခံနိုင်ပါရဲ့လား၊ ကိုယ်ယပထ မျှတပါရဲ့လား။ ဤသို့ စသည်ဖြင့် ဝမ်းမြောက်စကား ပြောကြားပြီး ကျောင်းဒကာ စိတ္တသေဋ္ဌေး အပြစ်ခြောက်ပါး လွတ်ရာအရပ်၌ ထိုင်နေလေသည်။ "ရှိခိုး၍လို့ မပါဘူးနော်" သတိပြုကြပါ။

ဧကမန္တံ နိသိန္နံ ခေါ စိတ္တံ ဂဟပတိံ=အပြစ်လွတ်ရာ အရပ်၌ ထိုင်နေပြီးသော စိတ္တသေဋ္ဌေးကို။ နိဂဏ္ဌော နာဋပုတ္တော=နာဋ၏ သား အဝတ်မလွှမ်းတဲ့ တက္ကတွန်းသည်။ ဂဟပတိ=စိတ္တသေဋ္ဌေး. . .။ တွံ=သင်သည်။ သမဏဿ ဂေါတမဿ=ရဟန်းကြီး ဂေါတမ၏ (အပေါ်၌)။ အဝိတက္ကော=ဝိတက်မရှိသော။ အဝိစာရော=ဝိစာရမရှိ

http:\\www.dhammadownload.com



သော။ သမာဓိ=သမာဓိသည်။ အတ္ထိ=ရှိပေ၏။ နိရောဓော=ချုပ်ခြင်းသည်။ အတ္ထိ=ငါဘုရား၌ ရှိ၏။ ဣတိ=ဤသို့ ပြောကြားချက်ကို။ သဒ္ဒဟသိ=ယုံကြည်ပါသလော။

စိတ္တသေဋ္ဌေး...သင်ဟာ။ ရဟန်းဂေါတမပြောတဲ့ "ဝိတက်ဝိစာရမပါတဲ့ သမာဓိ ငါ့မှာရှိတယ်"ဆိုတဲ့ စကား၊ "ဝိတက်+ဝိစာရတို့၏ ချုပ်ငြိမ်းရာရှိတယ်"ဆိုတဲ့စကားများကို ယုံသလား။ ဤကဲ့သို့ မေးတယ်။ ထိုအခါ စိတ္တသေဋ္ဌေး ကျောင်းဒကာက–

> န ခွာ+ဟံ ဧတ္ထ ဘန္တေ ဘဂဝတော သဒ္ဓါယ ဂစ္ဆာမိ "အတ္ထိ အဝိတက္ကော အဝိစာရော သမာဓိ၊ အတ္ထိ ဝိတက္ကဝိစာရာနံ နိရောဓော"တိ။

ဘန္တေ=အရှင်ဘုရား...။ အဟံ=တပည့်တော်သည်။ ဧတ္ထ=ဤယခုပြောတဲ့ ပြဿနာ စကားရပ်၌။ ဘဂဝတော သဒ္ဓါယ=ကိုယ်က မသိဘဲ မြတ်စွာဘုရားအား တစ်ဖက်သတ် ယုံကြည်ချက်ဖြင့်။ အဝိတက္ကော အဝိစာရော သမာဓိ=အဝိတက္က အဝိစာရ သမာဓိသည်။ အတ္ထိ=ရှိ၏ဟူ၍။ ဝိတက္ကဝိစာရာနံ=ဝိတက်ဝိစာရတို့၏။ (ဝါ) ဝိတက်ဝိစာရတို့ကို။ နိရောဓော=ချုပ်ငြိမ်းစေခြင်းသည်။ အတ္ထိ=ရှိ၏ ဟူ၍။ န ဂစ္ဆာမိ=သိသည် မဟုတ်ပါ။

အရှင်ဘုရား...တပည့်တော်ဟာ အဝိတက္ကအဝိစာရသမာဓိ =ဝိတက်ဝိစာရမပါတဲ့ စိတ်၏ တည်ကြည်ခြင်း ရှိတယ်ဆိုတဲ့စကား၊ ဝိတက်ဝိစာရတို့.ရဲ့ ချုပ်ခြင်းရှိတယ်ဆိုတဲ့ စကား၊ အဲဒီစကားကို မြတ်စွာဘုရားအား ယုံကြည်ချက်၊ သဒ္ဓါတရားသက်သက်ဖြင့် သိတာ မဟုတ်ပါဘူး...(တဲ့)၊ စိတ္တသူကြွယ်ရဲ့ စကားမဆုံးသေးခင်ကပဲ နိဂဏ္ဌနာဋပုတ္တ တိတ္ထိဆရာကြီးက ဉာဏ်မဲ့တဲ့သူပီပီ "ငါ့အကြိုက်တွေ့ပြီ" ဆိုတဲ့အနေနဲ့ သူရဲ့ နေပုံပြောဆိုပုံတို့ကို သံဂါယနာတင်

http:\\www.dhammadownload.com



မထေရ်တို့က ဤဆို လတ္တံ့သောအတိုင်း သရုပ်ဖော်ပြထားပါတယ်။

ဧဝံ ဝုတ္တေ နိဂဏ္ဌော နာဋပုတ္တော ဥလ္လောကေတွာ တေ+ ဒဝေါစ။

ဧဝံ ဝုတ္တေ=ဤသို့ စိတ္တသေဋ္ဌေးက လေးနက်သော စကား ပြောကြားအပ်သည် ရှိသော်။ နိဂဏ္ဌော နာဋပုတ္တော=နာဋပုတ္တ အမည်ရတဲ့ အဝတ်မလှမ်း တက္ကတွန်းဆရာကြီးသည်။ ဥလ္လောကေတွာ =ခေါင်းထောင်/ခါးကော့ သူ့ပရိသတ်ကို သူကြည့်ပြီး သကာလ။ တံ=ဤစကားကို။ အဝေါစ=ပြောဆိုခဲ့လေပြီ (တဲ့)။ နာဋပုတ္တ တက္ကတွန်း ဆရာကြီးက ငါနိုင်ပြီ ဆိုတဲ့သဘော။ စိတ္တသေဋ္ဌေးဟာ ဘုရားကို မယုံကြည်ဘူးဆိုတဲ့ အမှတ်နဲ့ အလွန်သဘောကျပြီး ခေါင်းထောင်/ ခါးကော့ သူ့ပရိသတ်ကို သူကြည့်ပြီး ဤကဲ့သို့ ပြောတယ်။

ပဿမ်ံ ဘဝန္တော ပဿန္တု။

ဘဝန္တော=အရှင်တို့...။ ဣမံ=ဤစိတ္တသေဋ္ဌေးကို။ ပဿန္တု= ရှုကြစမ်းပါ။

အရှင်တို့ ... ဒီ စိတ္တသေဋ္ဌေးကို ကြည့်ကြစမ်းပါ။

ယာဝ ဥဇုကော စာ+ယံ စိတ္တော ဂဟပတိ။

အယံစိတ္တောဂဟပတိ=ဤစိတ္တသေဋ္ဌေးသည်။ ယာဝအတိဝိယ =အလွန်လျှင်။ ဥဇုကော စ=ရိုးသားဖြောင့်မတ်လဲ ဖြောင့်မတ်လှပါပေ၏။ (ဒီ စိတ္တသေဋ္ဌေးဟာ သိပ်ရိုးသားဖြောင့်မတ်တဲ့ လူပဲ)။

ယာဝ အသဌော စာ+ယံ စိတ္တော ဂဟပတိ။

ဤစိတ္တသေဋ္ဌေးသည် အလွန့်ကို မကောက်ကျစ် မစဉ်းလဲတဲ့ ပုဂ္ဂိုလ်လဲ မှန်ပါပေတယ်။

ယာဝ အမာယာဝီ စာ+ယံ စိတ္တော ဂဟပတိ။

http:\\www.dhammadownload.com



ဤစိတ္တသေဌေးသည် အလွန့်ကို လိမ်လည်လှည့်ပတ်ခြင်း ကင်းတဲ့ ပုဂ္ဂိုလ်ပါပေ။

အရှင်တို့ ဤစိတ္တသေဌေးကို ကြည့်ကြစမ်းပါ။ သူဟာ သိပ်ရိုးသား ဖြောင့်မတ်တဲ့ ပုဂ္ဂိုလ်ပဲ။ အမှန်အတိုင်း ပြောရှာတယ်။ အင်မတန် ကောက်ကျစ်စဉ်းလဲခြင်း ကင်းတဲ့ပုဂ္ဂိုလ်၊ အင်မတန် လိမ်လည် လှည့်ဖြားခြင်းကင်းတဲ့ ပုဂ္ဂိုလ်ပါပေ။

> ဝါတံ ဝါ သော ဇာလေန ဗာဓေတဗ္ဗံ မညေယျ။ **ယော**
> ဝိတက္ကဝိစာ ရေ နိရောဓေတဗ္ဗံ မညေယျ။ **သကမုဋ္ဌိနာ**
> ဝါ သော ဂင်္ဂါယ သောတံ အာဝါရေတဗ္ဗံ မညေယျ။ ယော
> ဝိတက္ကဝိစာရေ နိရောဓေတဗ္ဗံ မညေယျ။

ယော=(ရဟန်းဂေါတမသာမဟုတ်) အမှတ်မထင် အကြင်သူ သည်။ ဝိတက္က ဝိစာရေ=ဝိတက်+ဝိစာရတရားတို့ကို။ နိရောဓေတဗ္ဗံ= ချုပ်ငြိမ်းစေအပ်၏ ဟူ၍။ မညေယျ=အောက်မေ့မှတ်ထင်ငြားအံ့။ သော=ထိုဝိတက်+ဝိစာရတရားတို့ကို ချုပ်ငြိမ်းစေအပ်တယ်လို့ အောက်မေ့မှတ်ထင်တဲ့ ပုဂ္ဂိုလ်သည်။ ဝါတံ ဝါ=တိုက်နေတဲ့လေကို လည်း။ ဇာလေန =ဇာကွန်ရက်ဖြင့်။ ဗာဓေ တဗ္ဗံ=ဖောက်ထွက်၍ မသွားအောင် ဟန့်တားထိုက်တယ်ဟု။ မညေယျ=အောက်မေ့မှတ် ထင်လေရာ၏။ သော=ထိုသူသည်။ သက မုဋ္ဌိနာ ဝါ=မိမိလက်ဆုတ် ဖြင့်လည်း။ ဂင်္ဂါယ သောတံ=ဂင်္ဂါ မြစ်ထဲက ရေကို။ အာဝါရေ တဗ္ဗံ= တားမြစ်အပ်၏ဟူ၍။ (ဝါ)တားမြစ်လျှင် ရစကောင်း၏ ဟူ၍။ မညေယျ=အောက်မေ့မှတ်ထင်လေရာ၏။ (ငါပိုင်ပြီဟဲ့+ငါနိုင်ပြီဟဲ့ ဆိုတဲ့ အနေနဲ့ ခိုင်ခိုင်ကြီး ပြောလိုက်တဲ့စကား ဖြစ်ပါတယ်။)

"ဝိတက်+ဝိစာရတို့ကို ချုပ်ငြိမ်းစေအပ်တဲ့တရားပဲ"လို့ အဲဒီလို အောက်မေ့တဲ့သူဟာ ရိုင်းရိုင်းပြောရင် သူက အရူးပဲလို့ ဆိုလိုတယ်။

http:\\www.dhammadownload.com



(ဘယ်လိုလဲ) "ဝိတက်+ဝိစာရတို့ကို ချုပ်ငြိမ်းစေအပ်တဲ့ တရားပဲလို့ အောက်မေ့လျှင် အဲဒီပုဂ္ဂိုလ်သည် တိုက်ခတ်လာတဲ့လေကို ဟိုဘက် ထွက်မသွားအောင် ဇာကွန်ရက်ဖြင့်ခံပြီး တားမြစ်လို့ ရစကောင်း တယ်လို့ အောက်မေ့ရလိမ့်မယ်။ (ပါဠိလို ပြောနေလို့နော်၊ မြန်မာလို ပီပီသသပြောလျှင်)–

"ဝိတက်+ဝိစာရတို့ကို ချုပ်ငြိမ်းစေလို့ ရတယ်" လို့ ယူဆလျှင် "လေကို ဇာကွန်ရက်နဲ့ ထိကာလို့ ရတယ်"လို့ ယူရလိမ့်မယ်။ အဲဒီ ပုဂ္ဂိုလ်ဟာ "ဝိတက်+ဝိစာရတို့ကို ချုပ်ငြိမ်းစေလို့ ရတယ်"လို့ ယူဆ လျှင် "မိမိလက်ဆုပ်ဖြင့် ဂင်္ဂါမြစ်ထဲက ရေအယဉ်ကို စီးမသွားအောင် တားလို့ရတယ်" လို ယူရလိမ့်မယ်။ ယူနိုင်ရဲ့လား (တဲ့)။ နိဂဏ္ဌဆရာ ကြီး ပြောလိုရင်းက "ဂင်္ဂါမြစ်ရေကို လက်သီးဆုပ်နဲ့ တားလို့မရသလို ဝိတက်+ဝိစာရတို့ကိုလဲ ချုပ်အောင် ပြုလုပ်၍ မရဘူး။ တိုက်နေတဲ့ လေကို ဇာကွန်ရက် ဖြင့် ဟိုဘက် ထွက်မသွားအောင် ကာလို့မရသလို ဝိတက်+ဝိစာရတို့ကိုလဲ ချုပ်အောင်ပြုလုပ်၍ မရဘူး" လို့ သူက အခိုင်အမာ ယူထားတာ။

ယခု စိတ္တသေဋ္ဌေးက "တပည့်တော်ကိုယ်တိုင် မသိဘဲနဲ့ ဘုရားကို ယုံကြည်တဲ့ သဒ္ဓါတရား သက်သက်ဖြင့် "ဝိတက်+ဝိစာရ မယှဉ်တဲ့ သမာဓိ ရှိတယ်ဆိုတဲ့စကား၊ ဝိတက်+ဝိစာရတို့၏ ချုပ်ငြိမ်း ခြင်းသည် ရှိ၏ဆိုတဲ့ စကား လက်ခံတာ သိတာမဟုတ်ပါဘူး" ဆိုတဲ့ စကား တစ်ခွန်းကို သူကြားရုံနဲ့ သူ့ဟာသူ အောင်ပြီဆိုပြီးတော့ တကတည်း ခေါင်းထောင် ခါးကော့ပြီး သူ့ပရိသတ်ကို ယခုပြောခဲ့တဲ့ အတိုင်း ပြောတယ်။

သူဒီလို ပြောအောင်လည်း စိတ္တသေဋ္ဌေးက ဣန္ဒြေမပျက်ဘဲ ဘာပြောသလဲဆိုလျှင်–

http:\\www.dhammadownload.com



တံ ကိံ မညသိ ဘန္တေ။

ဘန္တေ=အရှင်ဘုရား...။ တံ=ထိုတပည့်တော်မေးမည့် စကားကို။ ကိံ မညသိ= အရှင်ဘုရား ဘယ်လိုမျိုး သဘောကျသလဲ။

အရှင်ဘုရား...ယခု တပည့်တော်မေးမည့် စကားကို အရှင်ဘုရား ဘယ်လိုသဘောကျသလဲ၊ သဘောကျတဲ့အတိုင်း ဖြေဆိုနိုင်ခွင့် ရှိပါတယ်။ ဖြေတော်မူပါ။

ကတမံ နု ခေါ ပဏီတတရံ ဉာဏံ ဝါ သဒ္ဓါ ဝါ။

ဉာဏံဝါ=ဉာဏ်ကသော်လည်းကောင်း။ သဒ္ဓါ ဝါ=သဒ္ဓါတရားက သော်လည်းကောင်း။ ကတမံ=အဘယ်တရားက။ ပဏီတတရံ= အထူးသဖြင့် မွန်မြတ်သည်။ ဟောတိ နု ခေါ=ဖြစ်ပါသနည်းဘုရား။ (ဉာဏ်နှင့်သဒ္ဓါ ဒီနှစ်ခုမှာ အဘယ်တရားက အထူးသဖြင့် မြတ်ပါ သနည်း ဘုရားလို့ မေးတယ်။)

ထိုအခါ နာဋ္ဌပုတ္တ တက္ကတွန်းဆရာကြီးက–

သဒ္ဓါယ ခေါ ဂဟပတိ ဉာဏံယေဝ ပဏီတတရံ။

သဒ္ဓါယ=ယုံကြည်ခြင်း သဒ္ဓါတရားထက်။ ဉာဏံယေဝ=ဉာဏ် ပညာကသာလျှင်။ ခေါ=စင်စစ်။ ပဏီတတရံ=အထူးသဖြင့် မြတ်လှ ပေ၏။ သေဋ္ဌေး ... သဒ္ဓါထက် ပညာက မြတ်ပေတယ်၊ ဤကဲ့သို့ ဖြေတဲ့အခါ –

ကျောင်းဒကာ စိတ္တသေဋ္ဌေးက–

အဟံ ခေါ ဘန္တေ ယာဝဒေ အာကင်္ခါမိ(စသည်)

ဘန္တေ=အရှင်ဘုရား...။ အဟံ=တပည့်တော်သည်။ ယာဝဒေ=အလိုရှိသလောက်။ ဝိဝိစ္စေဝ ကာမေဟိ=ဝတ္ထုကာမတို့မှ ဆိတ်၍သာလျှင်။ အကုသလေဟိ ဓမ္မေဟိ=အကုသိုလ် တရားတို့မှ ဆိတ်၍သာလျှင်။ သဝိတက္ကံ=ဝိတက်လည်းပါရှိသော။ သဝိစာရံ=

http:\\www.dhammadownload.com



ဝိစာရလည်းပါရှိသော။ ဝိဝေကဇံ=ဝိဝေကကြောင့် ဖြစ်သော။ ပီတိသုခံ=ပီတိသုခ ယှဉ်ဘက်ပါ သော။ ပဌမံ ဈာနံ=ပဌမဈာန်ကို။ ဥပသမ္ပဇ္ဇ=ပြည့်စုံစေ၍။ ဝိဟရာမိ=နေနိုင်ပါသည် ဘုရား။

တိုတိုပြောရလျှင် အရှင်ဘုရား...တပည့်တော်ဟာ ဝိတက်+ဝိစာရနှင့်တကွဖြစ်တဲ့ ရူပါဝစရ ပဌမဈာန်ကို အလိုရှိသလောက် ဝင်စားနေနိုင်တဲ့ အရိယာတစ်ယောက် ဖြစ်တယ်။

အဟံ ခေါ ဘန္တေ ယာဝဒေဝ အာကင်္ခါမိ=အရှင်ဘုရား ... တပည့်တော်သည် အလိုရှိသလောက်။ ဝိတက္ကဝိစာရာနံ ဝူပသမာ=မိမိသန္တာန်မှာ ဝိတက်+ဝိစာရများ ငြိမ်းပြီးတော့။ အဇ္ဈတ္တံသမ္ပသာဒနံ=မိမိသန္တာန်၌ အလွန်ကြည်လင်ခြင်း သဘောရှိသော။ စေတသော ဧကော ဒိဘာဝံ=စိတ်၏ တစ်ခုတည်းဖြစ်၍။ ပီတိသုခံ=ပီတိသုခနှင့် ယှဉ်သော။ ဒုတိယံဈာနံ=ဒုတိယဈာန်ကို။ ဥပသမ္ပဇ္ဇ=ပြည့်စုံစေ၍။ ဝိဟရာမိ=နေနိုင်ပါသည် ဘုရား။

အရှင်ဘုရား...တပည့်တော်လေ အလိုရှိသရွေ့ ဝိတက်ဝိစာရမပါတဲ့ ဒုတိယဈာန်ကို တပည့်တော်ကိုယ်တိုင် ဝင်စားနိုင်တယ်။ (ဘာကိုဆိုလိုသလဲဆိုလျှင် အဝိတက္က အဝိစာရ=ဝိတက်ဝိစာရမပါတဲ့ ဈာန် သမာပတ်ရှိတယ်ဆိုတာ သူတစ်ပါးကိုပုံ ယုံလို့ပြောတာ မဟုတ်ဘူး။ တပည့်တော်ကိုယ်တိုင် အဝိတက္ကအဝိစာရဈာန်ကို ဝင်စားထားလို့ ပြောတာ ဤကဲ့သို့ ပြောလိုရင်းဖြစ်တယ်။) စိတ္တသေဋ္ဌေးက ဆက်ပြီးတော့–

အဟံ ခေါ ဘန္တေ ယာဝဒေဝ အာကင်္ခါမိ=အရှင်ဘုရား၊ တပည့်တော် အလိုရှိသလောက်။ ပီတိယာ စ ဝိရာဂါ ဥပေက္ခကော စ ဝိဟရာမိ သတော သမ္ပဇာနော=တပည့်တော်၏ သန္တာန်မှာ နှစ်သက်ခြင်း=ပီတိကင်းပြီး ထိုထိုတရားတို့၌ သတိ+သမ္ပဇဉ် လက်

http:\\www.dhammadownload.com



မလွတ်ဘဲ လျစ်လျူရှု၍လဲ နေနိုင်တယ်။ ယံ တံ အရိယာ အာစိက္ခန္တိ ဥပေက္ခကော သတိမာ သုခဝိဟာရီတိ=ယင်းသို့ လျစ်လျူရှု နေနိုင်သောကြောင့် တတိယဈာန် ဝင်စားနေတဲ့ ပုဂ္ဂိုလ်ကို အရိယာသူမြတ်တို့က ဥပေက္ခာနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်+သတိရှိတဲ့ ပုဂ္ဂိုလ် ချမ်းသာစွာ နေလေ့ရှိတဲ့ ပုဂ္ဂိုလ်လို့ ချီးမွမ်းစကား ပြောကြားကြတယ်။ တတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟာရာမိ= တတိယဈာန်ကို ပြည့်စုံစေ၍ နေနိုင်ပါတယ် ဘုရား။ (စတုတ္ထနည်း တတိယဈာန်မှာ သုခနှင့် ဧကဂ္ဂတာ ဈာန်အင်္ဂါ နှစ်ပါးရှိသောကြောင့် ဝိတက်+ဝိစာရရော ပီတိရော ပြုတ်သည်ကို သတိပြုရပါမည်)။

ဤမျှသာ မဟုတ်သေး။ အဟံ ခေါ ဘန္တေ ယာဝဒေဝအာကင်္ခါမိ =အရှင်ဘုရား... တပည့်တော် အလိုရှိသလောက်။ သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ=သုခကိုလဲပယ်ပြီး+ဒုက္ခကိုလဲ ပယ်ပြီး ဖြစ်သောကြောင့် လည်းကောင်း။ ပုဗ္ဗေဝ=ရှေးကပင်လျှင်။ သောမနဿ ဒေါမနဿာနံ=သောမနဿဝေဒနာ+ဒေါမနဿဝေဒနာတို့၏။ အတ္ထင်္ဂမာ=ချုပ်ငြိမ်းခြင်းကြောင့်။ အဒုက္ခမသုခံ=မသက်မသာ ခံစားမှုလည်းမဟုတ်+သက်သက်သာသာ ခံစားမှုလည်းမဟုတ် အလယ်အလတ် မဇ္ဈတ္တ ခံစားမှုဆိုတဲ့ ဥပေက္ခာ ဝေဒနာနှင့်တကွ ဖြစ်သော။ ဥပေက္ခာ သတိပါရိသုဒ္ဓိံ=ဥပေက္ခာနှင့်ယှဉ်သော သတိ၏ (ဝါ)-သတိကြောင့် စင်ကြယ်ခြင်းရှိသော။ စတုတ္ထံ ဈာနံ=စတုတ္ထဈာန်ကို။ ဥပသမ္ပဇ္ဇ=ပြည့်စုံစေ၍။ ဝိဟာရာမိ=နေနိုင်၏။

တပည့်တော်...တဲ့ အလိုရှိသလောက် ဝိတက်လဲ မပါဘူး+ဝိစာရလဲ မပါဘူး+သုခ ဒုက္ခ သောမနဿ ဒေါမနဿတို့ဆိုတာ အစောကြီးက ပယ်ပြီးသား+အလွန်ကို သိမ်မွေ့တဲ့ ဥပေက္ခာ(နှင့်) ဧကဂ္ဂတာ=ဈာန်အင်္ဂါ နှစ်ပါးသာရှိတဲ့ စတုတ္ထဈာန်ကို ဝင်စားနိုင်တယ်

http:\\www.dhammadownload.com



ကိုယ်တော်...။ ဝင်စားတဲ့ အကြိမ်ပေါင်းလဲ များလှပါပြီ–

သော ခွာ+ဟံ ဘန္တေ ဧဝံ ဇာနန္တော ဧဝံ ပဿန္တော ကဿ အညဿ သမဏဿ ဝါ ဗြာဟ္မဏဿ ဝါ သဒ္ဓါယ ဂမိဿာမိ “အတ္ထိ အဝိတက္ကော အဝိစာရော သမာဓိ၊ အတ္ထိ ဝိတက္ကဝိစာရာနံ နိရောဓော”တိ။

ဘန္တေ=အရှင်ဘုရား...။ ဧဝံ ဇာနန္တော=ဤကဲ့သို့ ကိုယ်တိုင် သိသော။ ဧဝံ ပဿန္တော=ဤသို့ ကိုယ်တိုင်မြင်သော။ သော ခေါ အဟံ=ထိုတပည့်တော်သည်။ (ဝါ) ထိုတပည့်တော်က။ “အဝိတက္ကော အဝိစာရော သမာဓိ=ဝိတက်+ဝိစာရ မပါရှိတဲ့ ရူပါဝစရ ဒုတိယဈာန်+ တတိယဈာန်+စတုတ္ထဈာန်သမာဓိသည်။ အတ္ထိ=ရှိ၏။ ဝိတက္ကဝိစာရာနံ =ဝိတက်+ဝိစာရတို့၏။ နိရောဓော=ချုပ်ရာသည်။ အတ္ထိ=ရှိ၏” ဣတိ =ဤအကြောင်းကို။ အညဿ=တစ်ပါးသော။ သမဏဿ=ဝါ=ရဟန်း အား လည်းကောင်း။ ဗြာဟ္မဏဿ ဝါ=ပုဏ္ဏားအား လည်းကောင်း။ သဒ္ဓါယ ပညာမပါ သဒ္ဓါသက်သက်ဖြင့်။ ဂမိဿာမိ=သို့ကလို ယုံကြည် သိမြင်ပါအံ့နည်း။ နဂမိဿာမိ ဧဝ=သို့ကလိုပုံ၍ မယုံနိုင်သည်သာ။

“အဝိတက္ကအဝိစာရ သမာဓိဆိုတာ ရှိတယ်။ ဝိတက်ဝိစာရ တို့၏ ချုပ်ငြိမ်းခြင်းဆိုတာ ရှိတယ်”ဆိုတဲ့ စကားကို အဘယ်သမဏ+ ဗြာဟ္မဏကို ယုံကြည်၍ သိရမှာလဲ။ ဘယ်သူ့ကိုမှ ပုံ၊ ယုံလို့သိတာ မဟုတ်ဘူးနော် ကိုယ်တော်...။ ကိုယ်တော် စောစောက ချီးမွမ်းခဲ့တဲ့ သဒ္ဓါနဲ့ ပညာနှစ်ပါးတွင် ကိုယ်တိုင်သိတဲ့ပညာနှင့် အဝိတက္ကအဝိစာရ တို့ရဲ့ ချုပ်ငြိမ်းခြင်း ရှိတယ်ဆိုတာကိုလဲပဲ ကိုယ်တိုင် ရူပါဝစရ ဒုတိယဈာန်+တတိယဈာန်+စတုတ္ထဈာန်တို့ကို အလိုရှိသလောက် ဝင်စားဖူးလို့ သိတာကိုယ်တော်လို့ ပြောလိုက်တော့ –

နာဋပုတ္တဆရာကြီး စိတ္တသေဋ္ဌေးနဲ့ မေးလွဲပြီ၊ မေးလွဲတော့

http:\\www.dhammadownload.com



နာဋပုတ္တဆရာကြီး မိမိရဲ့ ပရိသတ်ဘက်လှည့်ပြီး ဘာပြောသလဲ ဆိုတော့–

ပဿန္တု ဘောန္တော ပဿန္တု=အရှင်တို့...ဒီစိတ္တသေဋ္ဌေးကို ကြည့်ကြစမ်းပါ။ ယာဝ အနုဇုကော ဝတာ+ယံ စိတ္တော ဂဟပတိ။ အယံ စိတ္တော ဂဟပတိ=ဤစိတ္တသေဋ္ဌေးသည်။ ယာဝ အနုဇုကော ဝတ=အလွန်အလွန် မဖြောင့်မမတ် မရိုးသားတဲ့လူလည်း ဖြစ်ပါပေ၏။ (စောစောတုန်းတော့ သိပ်ရိုးသားဖြောင့်မတ်တဲ့လူ)။ ယာဝ သဌော စာ+ယံ စိတ္တော ဂဟပတိ။ အယံ စိတ္တော ဂဟပတိ=ဤစိတ္တ သေဋ္ဌေးသည်။ ယာဝ=အလွန်လျှင်။ သဌော စ=ကောက်ကျစ်စဉ်းလဲ တဲ့ ပုဂ္ဂိုလ်လည်း မှန်ပါပေ၏။ ယာဝ မာယာဝီ စာ+ယံ စိတ္တော ဂဟပတိ။ ယာဝ=အတိ ဝိယ=အလွန်လျှင်။ အယံ စိတ္တော ဂဟပတိ= ဤစိတ္တသေဋ္ဌေးသည်။ မာယာဝီ စ=လှည့်ပတ်ခြင်း ပေါ်များသူလဲ ဖြစ်ပေ၏။ (ဣတိ=ဤသို့။ အဝေါစ=ပြောဆိုပြီ)။

သူ့အလိုမကျတော့ "စိတ္တသူဋ္ဌေးဟာ လူညာကြီးလူကောက် ကြီးဟာ၊ စိတ္တသေဋ္ဌေးဟာ အင်မတန် စဉ်းလဲတဲ့ လူစဉ်းလဲကြီးဟာ၊ တကတည်း သိပ်လိမ်တဲ့လူဟာ"လို့ သူ့ရဲ့ ပရိသတ်ဘက်လှည့်ပြီးတော့ စိတ္တသေဋ္ဌေး အပေါ် ကဲ့ရဲ့စကား အပြစ်တင်စကား ပြောကြားတယ်။ (စိတ္တသေဋ္ဌေးအဖို့ ကြွေမပျက်ပါဘူး)။

ဒီတော့ စိတ္တသေဋ္ဌေးက ဘာပြောသလဲဆိုလျှင်–

ဣဒါနေဝ ခေါ တေ မယံ ဘန္တေ ဘာသိတံ စေဝံ အာဇာနာမ။

အရှင်ဘုရား ... ယခုပင် မကြာသေးခင်က အရှင်ဘုရားပြော တဲ့ စကားကို တပည့်တော်တို့ မှတ်သားကြရပါတယ်။ (ဘယ်လိုတုန်း ဆိုတော့)–

http:\\www.dhammadownload.com



ဣဓမံ ဘဝန္တော ပဿန္တု=အရှင်တို့...ဤ စိတ္တသေဋ္ဌေးကို ကြည့်ကြစမ်းပါ။ ယာဝ ဥဇုကော စာ+ယံ စိတ္တော ဂဟပတိ=ဤစိတ္တသေဋ္ဌေးဟာ သိပ်ရိုးသားဖြောင့်မတ်တာပဲ။ ယာဝ အသဌောစာ+ယံ စိတ္တော ဂဟပတိ=ဤ စိတ္တသေဋ္ဌေးဟာ သိပ်ပြီးတော့ မစဉ်းလဲတဲ့လူ လူကောင်းကြီးဟဲ့။ ယာဝ အမာယာဝီ စာ+ယံ စိတ္တော ဂဟပတိ=ဤ စိတ္တသေဋ္ဌေးဟာ အလွန်ကို မာယာကင်းတဲ့လူပဲ"လို့ အရှင်ဘုရားပြောတဲ့စကား တပည့်တော်ရဲ့ နားထဲက မထွက်သေးဘူး။

ဣဒါနေဝ စ ပန မယံ ဘန္တေ ဘာသိတံ ဧဝံ အာဇာနာမ။

ဣဒါနေဝ စ ပန=ယခုအခါမှာတော့။ ဘန္တေ=အရှင်ဘုရား...။ မယံ=တပည့်တော်တို့သည်။ (တေ=အရှင်ဘုရား၏) ဧဝံ=ဤသို့၊ ဘာသိတံ=ပြောဆိုအပ်တဲ့စကားကို။ အာဇာနာမ=သိရပါကုန်၏။ (ဘယ်လို ပြောသလဲဆိုတော့)– "ဣဓံ ဘဝန္တော ပဿန္တု=အရှင်တို့...ဒီ စိတ္တသေဋ္ဌေးကို ကြည့်ကြစမ်းပါ။ ယာဝ အနုဇုကော စာ+ယံ စိတ္တော ဂဟပတိ=ဒီစိတ္တသေဋ္ဌေးဟာ သိပ်မရိုးတဲ့ သိပ် မဖြောင့်တဲ့လူ၊ လူကောက်ကြီးပဲ။ ယာဝ သဌောစာ+ယံ စိတ္တော ဂဟပတိ=ဒီစိတ္တသေဋ္ဌေးဟာ သိပ်ပြီးကောက်ကျစ်စဉ်းလဲတဲ့လူ၊ ယာဝ မာယာဝီ စာ+ယံ စိတ္တော ဂဟပတိ=ဒီ စိတ္တသေဋ္ဌေးဟာ သိပ်ပြီး မာယာများတဲ့လူပဲ" လို့ ကိုယ်တော် ယခုပြောတာကိုလဲ ယခု ကြားရ၊ "ခု ဆီထမင်း၊ ခု စာလေးကြော်+ ခုဖြူ ခုမဲ" ကိုယ်တော် ပြောတယ်။

သစေ တေ ဘန္တေ ပုရိမံ သစ္စံ၊ ပစ္ဆိမံ တေ မိစ္ဆာ။

ဘန္တေ=အရှင်ဘုရား...။ တေ=အရှင်ဘုရား၏။ ပုရိမံ=ရှေ့စကားသည်။ သစေ သစ္စံ=အကယ်၍ မှန်အံ့။ တေ=အရှင်ဘုရား၏။ ပစ္ဆိမံ=နောက်စကားသည်။ မိစ္ဆာ=မှားရလိမ့်မည်။

သစေ ပန တေ ဘန္တေ ပုရိမံ မိစ္ဆာ၊ ပစ္ဆိမံ တေ သစ္စံ။

http:\\www.dhammadownload.com



အရှင်ဘုရား...အကယ်၍ အရှင်ဘုရားရဲ့ ရှေ့စကားက မှားလျှင် အရှင်ဘုရားရဲ့ နောက်စကားက မှန်ရပေလိမ့်မယ်။ ဒီတော့ အရှင်ဘုရားရဲ့ စကားကိုက ရှေ့နောက် မညီတာ။ "အကယ်၍ ရှေ့စကားမှန်လျှင် နောက်စကား အမှားမုသာဝါဒပဲ။ အကယ်၍ နောက်စကားမှန်လျှင် ရှေ့စကားဟာ အမှားမုသာဝါဒပဲ"လို့ ပြောလိုက်ခြင်း=ဝါဒတင်လိုက်ခြင်း ဖြစ်တယ်။

## စိတ္တသေဋ္ဌေး ပြဿနာဆယ်ချက် တင်ပြခြင်း

ထိုကဲ့သို့ ဝါဒတင်ပြီးနောက် စိတ္တသေဋ္ဌေးက နိဂဏ္ဌနာဋပုတ္တ ဆရာကြီးအား ဤဆိုလတ္တံ့သောအတိုင်း ပြဿနာဆယ်ချက်ကို တင်ပြ လေသည်။

ဣမေ ဓေါ ပန တေ ဘန္တေ ဒသ သဟဓမ္မိကာ ပဉှာ အာဂစ္ဆန္တိ။

ဘန္တေ=အရှင်ဘုရား...။ တေ=အရှင်ဘုရား၏(အပေါ်၌)၊ (ဝါ) အရှင်ဘုရား ဒီလိုဆိုလျှင်။ သဟဓမ္မိကာ=အကြောင်းနှင့်တကွ ကုန်သော။ ဒသ=ဆယ်ပါးကုန်သော။ ဣမေ ဓေါ ပနပဉှာ=ဤ ပြဿနာတို့သည်။ အာဂစ္ဆန္တိ=လာရောက်ကုန်၏။

သဘာဝနိရုတ္တိ အရိယပဉှာ ပြောတဲ့စကား၊ အရပ်စကား မဟုတ် ဘူး။ ဘာပြောသလဲဆိုလျှင်– "နာဋပုတ္တဆရာကြီး(တဲ့)။ ယခု အကျွန်ုပ် ပြဿနာ မေးမယ်။ ဒီပြဿနာဟာ အကြောင်းအကျိုး လုံလုံ လောက်လောက် ပြဿနာ၊ တရားအပြင်ဘက်က ပြဿနာ မဟုတ် ဘူး။ အဲဒီ ပြဿနာဆယ်ချက် အရှင်ဘုရားထံကို ဦးတည်ပြီး လာ ရောက်နေတယ်။ ခုမေးတော့မယ်။

ယဒါ နေသံ အတ္ထံ အာဇာနေယျာသိ၊ အထ မံ ပဋိဟရေယျာသိ သဒ္ဓိံ နိဂဏ္ဌပရိသာယ။

http:\\www.dhammadownload.com



ယဒါ=အကြင်အခါ၌။ နေသံ ပဉှာနံ=ထိုပြဿနာဆယ်ချက်တို့၏။ အတ္ထံ=အနက်အဓိပ္ပာယ် အကျယ်ကို။ အာဇာနေယျာသိ=အရှင်ဘုရား သိငြားအံ့။ အထ=ထိုအခါ၌။ နိဂဏ္ဍာ ပရိသာယ=အဝတ်မလွှမ်းတဲ့ တက္ကတွန်း ပရိသတ်နှင့်။ သဒ္ဓိံ=အတူတကွ။ မံ= တပည့်တော်ထံသို့။ ပဋိဟရေယျာသိ=တဖန်အဖြေစကား ဆောင်ယူလာခဲ့ပါဘုရား...။

အရှင်ဘုရား...ယခုမေးမည့် ပြဿနာရဲ့ အနက်အဓိပ္ပာယ် အဖြေမှန်ကို သိတဲ့အခါ အရှင်ဘုရား တစ်ပါးတည်း မလာခဲ့ပါနဲ့၊ တစ်ပါးတည်းလာတော့ "ငါတစ်ပါးတည်းဖြစ်လို့ အရှုံးပေးရတယ်။ သက်သေမရှိဘူး ပြောနိုင်တယ်။ ကိုယ့်ဆရာရှုံးတယ်ဆိုတာ ကိုယ့်တပည့် သက်သေလဲ ရှိဖို့လိုတယ်။ ဒီတော့ ကိုယ်တော် ဒီပြဿနာတွေရဲ့ အနက်အဓိပ္ပာယ်ကို သိတဲ့အခါ ကိုယ်တော့်တပည့် ပရိသတ်နှင့်တကွ တပည့်တော်ထံ ပြန်ပြီးပြောပြပါ၊ မေးပြီ ကိုယ်တော်၊ ဘယ်လိုလဲ။

ဧကော ပဉှော ဧကော ဥဒ္ဒေသော ဧကံ ဝေယျာကရဏံ

ဧကော ပဉှော=သိလိုသော အကြောင်းအရာ တစ်ခုသော ပြဿနာသည်။ အတ္ထိ=ရှိ၏။ ဧကော ဥဒ္ဒေသော=သိလိုသော ပြဿနာနှင့်ပတ်သက်၍ အကျဉ်းမေးမြန်းအပ်သည့် တစ်ခုသော အမေးပြဿနာသည်။ အတ္ထိ=ရှိ၏။ ဧကံ ဝေယျာကရဏံ=တစ်ပုဒ်ဘာရဲ့ အဖြေသည်။ အတ္ထိ=ရှိ၏။ (ဖြေနိုင်ရဲ့လား ကိုယ်တော်...)

ဒွေ ပဉှာ ဒွေ ဥဒ္ဒေသာ ဒွေ ဝေယျာကရဏာနိ။

သိလိုတဲ့ အကြောင်းအရာ ပြဿနာလမ်းကြောင်း နှစ်ခု ရှိတယ်။ ဖြေနိုင်ရဲ့လား။ အဲဒီ ပြဿနာလမ်းကြောင်းနှစ်ခုကို အကျဉ်းချုပ်အားဖြင့် မေးတဲ့စကားရှိတယ်။ ကိုယ်တော် ဖြေနိုင်ရဲ့လား။ အဲဒီ တရားနှစ်မျိုးဆိုတာ ဟောတာပဲလို့ ဖြေရမည့်အဖြေ တရားနှစ်ပါးတို့

http:\\www.dhammadownload.com



ရှိတယ်။ အဲဒါ ကိုယ်တော် သိရဲ့လား။ (လေးလေးနက်နက် မေးတာနော်။)

တယော ပဉ္ဉာ တယော ဥဒ္ဒေသာ ဒွေ ဝေယျာကရဏာနိ။

ပဉ္ဉာသုံးပါး+ဥဒ္ဒေသသုံးပါး+ဖြေကြားတဲ့ ဝေယျာကရဏ်း သုံးပါး ဆိုတာကို ကိုယ်တော် သိရဲ့လား။ (တစ်ကိုမှ မသိဘဲ၊ ဘယ့်နှယ်လုပ်ပြီး သုံးကို သူသိမည်လဲ။ စိတ္တသေဋ္ဌေးကတော့ မလျော့တော့ဘူး၊ ဆက်ပြီး မေးပြီ။)

စတ္တာရော ပဉ္ဉာ စတ္တရော ဥဒ္ဒေသာ စတ္တာရိ ဝေယျာကရဏာနိ။

ပဉ္ဉာလေးပါး+ပြဿနာလေးပါး+ဥဒ္ဒေသလေးပါး+ဝေယျာကရဏ်း ခေါ်တဲ့ အဖြေလေးပါး ရှိကြတယ်။ ကိုယ်တော်ဖြေနိုင်ရဲ့လား။

ပဉ္စ ပဉ္ဉာ ပဉ္စ ဥဒ္ဒေသာ ပဉ္စ ဝေယျာကရဏာနိ။

ပြဿနာငါးချက်+ဥဒ္ဒေသငါးချက်+ဝေယျာကရဏ်း ငါးချက်တို့ ရှိကြတယ်။ ကိုယ်တော်ဖြေနိုင်ရဲ့လား၊ ဖြေစမ်းပါ။

ဆ ပဉ္ဉာ ဆ ဥဒ္ဒေသာ ဆ ဝေယျာကရဏာနိ။

ပြဿနာ ခြောက်ချက် + ဥဒ္ဒေသ ခြောက်ချက် + ဝေယျာကရဏ်း=အဖြေခြောက်တို့ ရှိကြတယ်။ ကိုယ်တော် အဲဒါ ဖြေနိုင်ရဲ့လား၊ ဘာမှ မလှုပ်တော့ဘူး။

သတ္တ ပဉ္ဉာ သတ္တ ဥဒ္ဒေသာ သတ္တ ဝေယျာကရဏာနိ။

ပဉ္ဉာခုနစ်ပါး ဥဒ္ဒေသခုနစ်ပါး ဝေယျာကရဏ်း ခုနစ်ပါးဆိုတာ ရှိတယ်။ ဘာလဲ ကိုယ်တော် သိရဲ့လား၊ ဖြေစမ်းပါ။

အဋ္ဌ ပဉ္ဉာ အဋ္ဌ ဥဒ္ဒေသာ အဋ္ဌ ဝေယျာကရဏာနိ။

ပဉ္ဉာရှစ်ပါး ဥဒ္ဒေသ ရှစ်ပါး ဝေယျာကရဏ်းရှစ်ပါး ဆိုတာ ရှိတယ်။ ဘာလဲ ကိုယ်တော် သိရဲ့လား၊ ဖြေစမ်းပါ။

http:\\www.dhammadownload.com



နဝ ပဉှာ နဝ ဥဒ္ဒေသာ နဝ ဝေယျာကရဏာနိ။

ပဉှာကိုးပါး ဥဒ္ဒေသကိုးပါး ဝေယျာကရဏ်း အဖြေကိုးပါးဆိုတာ ရှိတယ်။ အဲဒါ ဘယ်ဟာလဲ ကိုယ်တော်သိရဲ့လား၊ ဖြေစမ်းပါ့။

– ဒသ ပဉှာ ဒသ ဝေယျာကရဏာနိ။

(သိလိုတဲ့ အကြောင်းအရာကို ပဉှာ=ပြဿနာလို့ ခေါ်တယ်။ ပြဿနာဆယ်ပါး တရားအစုရှိတယ်။) ဒသ ဥဒ္ဒေသာ=အဲဒီ ပြဿနာဆယ်ချက်ကို အကျဉ်းချုပ် နှုတ်မြွက်ပြီးတော့ မေးပုံရှိတယ်။ အဲဒါ ကိုယ်တော် မေးတတ်ရဲ့လား။ ဒသ ဝေယျကရဏာနိ=အဲဒီ မေးလိုက်တဲ့ အမေးပုစ္ဆာပြဿနာရဲ့ အဖြေ=ဝေယျာကရဏ်း တရားဆယ်ပါးရှိတယ်။ အဲဒါ ကိုယ်တော် သိရဲ့လား၊ ဖြေနိုင်ရဲ့လား။

ဤသို့ မေးသောအခါ နိဂဏ္ဌ နာဋပုတ္တဆရာကြီးဘာမှပြန် မပြောနိုင်၊ မဖြေနိုင်တော့ဘဲ နှုတ်ပိတ်၍ နေတော့ စိတ္တသေဋ္ဌေးက "ပြဿနာဆယ်ချက်ရဲ့ အနက်အဓိပ္ပာယ်ကို အကျယ်သိတဲ့အခါ ကိုယ်တော့်ပရိသတ်နှင့်တကွ တပည့်တော်ထံ လာခဲ့ပါ"လို့ ပြောပြီး ရှိသော်မှ မခိုးတော့ဘဲ နေရာက ထပြန်သွားတယ်။ ဤတွင် သုတ္တန် ပြီးဆုံးပြီ။

နိဂုံးဆုတောင်း

ဤသို့လျှင် နိဂဏ္ဌနာဋပုတ္တသုတ္တန် တရားဒေသနာတော်မြတ်ကို နာကြားရခြင်း ဓမ္မဿဝနကောင်းမှု ကုသိုလ်စေတနာ သရဏဂုံ သီလ ဆောက်တည်ရခြင်း သီလမယ ကောင်းမှုကုသိုလ်ကံစေတနာ၊ နှစ်စဉ် နှစ်စဉ် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့အား ပူဇော်ပွဲ ကျင်းပပူဇော်ရသော ကောင်းမှုကုသိုလ်ကံစေတနာ ဤသို့ပေါင်းအပ် များမြတ်သော ကောင်းမှုကုသိုလ်ကံ အရပ်ရပ်တို့ကြောင့် ဤစိတ္တသေဋ္ဌေးတို့ မျက်မှောက် ပြုအပ်သော သန္တိလက္ခဏာ+

http:\\www.dhammadownload.com



အစ္စုတိရသ+အနိမိတ္တ ပစ္စုပဋ္ဌာန် ရှိသော အသခ်တဓာတ် နိဗ္ဗာန် ပရမတ်ကို မပင်မပန်း ချမ်းသာလွယ်ကူသော အကျင့်ပဋိပတ်၊ လျင်မြန်သော ဝိပဿနာအသိဉာဏ်၊ ရည်သန်အပ်သော မဂ်ဉာဏ်လေးရပ် တို့ဖြင့် အရဟတ္တဖိုလ်ပေါက် ကိုယ်စီကိုယ်င တို့တစ်တွေ မျက်မှောက် ပြုကြရသည့်ကိုယ် ဖြစ်ပါစေသတည်း။

သာဓု သာဓု သာဓု။

(၈) နိဂဏ္ဌနာဋပုတ္တသုတ် ပြီးပါပြီ။

ပဉ္စမ မဟာပဉ္စာသုတ် (အံ၊ ၃၊ ၂၉၅)

ဤအရာ၌ နိဂဏ္ဌနာဋပုတ္တ ဆရာကြီးကို စိတ္တသေဌေးမေးတဲ့ ပြဿနာဆယ်ပါး တရားအချက်တို့မှာ အင်္ဂုတ္တရနိကာယ်ဒသကနိပါတ် (၃)မဟာဝဂ္ဂ (၇)ပဉ္စမ မဟာပဉ္စာသုတ်၌လာသော တရားအချက်များ ဖြစ်၍ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ အထူးလေ့လာ နာယူမှတ်သား ရမည့် သုတ္တန်ဖြစ်၍ ထိုသုတ္တန်ကို နိဒါန်းမှစ၍ ဖော်ပြပါဦးအံ့ –

ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

တစ်ချိန်က မြတ်စွာဘုရား သာဝတ္ထိပြည်ရဲ့ ဇေတဝန်ကျောင်း တိုက်မှာ ကိန်းအောင်းမွေ့လျော် နေတော်မူတဲ့အခိုက် ဖြစ်ပါတယ်။

အထ ခေါ သမ္ဗဟုလာ ဘိက္ခူ ပုဗ္ဗဏှသမယံ နိဝါသေတွာ ပတ္တစီဝရ+မာဒါယ သာဝတ္ထိံ ပိဏ္ဍာယ ပဝိသိံသု။

ယင်းသို့ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း ကိန်းအောင်းမွေ့လျော် နေတော်မူတဲ့အခိုက် မြောက်မြားစွာသော ရဟန်းတော်တို့ နံနက်အခါ သင်္ကန်းများ ပြင်ဝတ်ဆင်ပြီး သပိတ် သင်္ကန်း (အပိုသင်္ကန်း) ကိုယူပြီး သာဝတ္ထိပြည်အတွင်း ဆွမ်းခံကြွ ဝင်တော်မူတယ်။

http:\\www.dhammadownload.com



အထ ခေါ တေသံ ဘိက္ခူနံ ဧတ+ဒဟောသိ "အတိပ္ပဂေါ ခေါ တာဝ သာဝတ္ထိယံ ပိဏ္ဍာယ စရိတုံ၊ ယံ နူန မယံ ယေန အညတိတ္ထိယာနံ ပရိဗ္ဗာဇကာနံ အာရာမော၊ တေနုပသင်္ကမေယျာမာ" တိ။

အချိန်ကို ကြည့်လိုက်တော့ နည်းနည်းစောသေးတယ်။ စောတော့ ရဟန်းတော်တွေရဲ့ စိတ်ထဲမှာ ဘယ်လိုအကြံဖြစ်သလဲ ဆိုတော့ "ဩ...သာဝတ္ထိပြည်ထဲမှာ ဆွမ်းခံလှည့်ဖို့ အချိန် နည်းနည်းစောသေးတယ်။ တို့တစ်တွေ သာသနာပြင်ပ ဗာဟိရအယူရှိကြတဲ့ ပရိဗိုဇ်တွေရဲ့ ကျောင်းတိုက်သို့ သွားရလျှင် ကောင်းမှာပဲ" ဤကဲ့သို့ အကြံဖြစ်ကြတယ်။

အထ ခေါ တေ ဘိက္ခူ ယေန အညတိတ္ထိယာနံ ပရိဗ္ဗာဇကာနံ အာရာမော၊ တေန+ပသင်္ကမိံသု၊ ဥပသင်္ကမိတွာ တေဟိ အညတိတ္ထိယေဟိ ပရိဗ္ဗာဇကေဟိ သဒ္ဓိံ သမ္မောဒိံသု၊ သမ္မောဒနီယံ ကထံ သာရဏီယံ ဝီတိသာရေတွာ ဧကမန္တံ နိသီဒိံသု။

အဲဒီလို အကြံဖြစ်ပြီးတဲ့အခါ ထိုအရှင်မြတ်တို့သည် သာသနာပြင်ပ အယူရှိကြတဲ့ ပရိဗိုဇ်တို့ရဲ့ အာရာမ်ကျောင်းတိုက်သို့ သွားရောက်ကြပြီး ပရိဗိုဇ်တို့နဲ့ တွေ့တယ်ဆိုရင်ပဲ ဝမ်းမြောက်ဖွယ်ရာ နှုတ်ခွန်းဆက်စကား ပြောကြားပြီး အပြစ်လွတ်ရာ၌ ထိုင်နေကြတယ်။

ဧကမန္တံ နိသိန္နေ ခေါ တေ ဘိက္ခူ တေ အညတိတ္ထိယာ ပရိဗ္ဗာဇကာ ဧတဒဝေါစုံ။

အပြစ်လွတ်ရာ၌ ထိုင်နေကြတဲ့ ထိုရဟန်းတို့ကို သာသနာပြင်ပ အယူရှိကြတဲ့ ထိုပရိဗိုဇ်တို့က ဤကဲ့သို့ (သာသနာနဲ့) ပခုံးချင်းယှဉ်ပြိုင်တဲ့စကား ပြောကြားကြတယ်။ ပြောကြားပုံက–

http:\\www.dhammadownload.com



သမဏော အာဝုသော ဂေါတမော သာဝကာနံ ဧဝံ ဓမ္မံ ဒေသေတိ "ထေ တုမှေ ဘိက္ခဝေ သဗ္ဗံ ဓမ္မံ အဘိဇာနာထ၊ သဗ္ဗံ ဓမ္မံ အဘိညာယ ဝိဟရထာ" တိ။

ငါ့ရှင်တို့...ငါ့ရှင်တို့ရဲ့ဆရာ ရဟန်းကြီး ဂေါတမက မိမိရဲ့ တပည့် သာဝကရဟန်းတို့အား ယခုပြောမည့်အတိုင်း တရားဟော တယ်။ ဟောပုံက–

"ပရိသတ်လေးပါး ချစ်သား+ချစ်သမီးတို့...လာကြ၊ အားလုံးသော တရားကိုသိအောင် ကြိုးကုတ်အားထုတ်ကြ၊ အားလုံး တရားတွေ ကို ပိုင်းပိုင်းခြားခြားသိအောင် အားထုတ်ပြီးနေကြ"လို့ ဒီလိုပဲ ဟောတယ်။

ဤဒွိ မြတ်စွာဘုရားရဲ့ ရည်ရွယ်ချက် အလေးအနက် ရှိတယ်။ ၎င်းမှာ "သတ္တဝါတွေဟာ ပုဂ္ဂိုလ်ပဲ၊ သတ္တဝါပဲ၊ ငါပဲ၊ သူတစ်ပါးပဲ၊ ယောကျ်ားပဲ၊ မိန်းမပဲ အဲဒီလို အထင်လွဲပြီး ဒီအတိုင်း စွဲလမ်းနေကြ တယ်။ ပရမတ္ထ ဉာဏ်အမြင်နဲ့ကြည့်လျှင် ပုဂ္ဂိုလ်+သတ္တဝါ+ငါ+ သူတစ်ပါး+ယောကျ်ား+မိန်းမလို့ မရှိဘူး။ ရုပ်နှင့်နာမ် နှစ်ပါးသာ ရှိတယ်။ ပရမတ္ထတရားကိုမြင်မှ အရိယမဂ်ဖိုလ်သို့ ရောက်နိုင်တယ်။ အဲဒီ အလေးအနက် ရည်ရွယ်ချက်နဲ့ "ချစ်သား+ချစ်သမီးတို့... လာကြ၊ အားလုံးသောတရားကို သိအောင် အားထုတ်ပြီးနေကြ" ဤကဲ့သို့ ဘုရားဟောတော်မူတာ အမှန်ပဲ။ ပရိဗိုဇ်တို့ရဲ့စကား မဆုံးသေးပါ။

မယမ္ပိ ခေါ အာဝုသော သာဝကာနံ ဧဝံ ဓမ္မံ ဒေသေမ "ထေ တုမှေ အာဝုသော သဗ္ဗံ ဓမ္မံ အဘိဇာနာထ၊ သဗ္ဗံ ဓမ္မံ အဘိညာယ ဝိဟရထာ" တိ။

ငါ့ရှင်တို့ . . . ငါတို့လဲပဲ တပည့်သာဝကတို့အား ယခု

http:\\www.dhammadownload.com



ပြောမည့်အတိုင်း တရားဟောကြတယ်။ ဟောပုံက –

ငါ့ရှင်တို့...လာကြ၊ အားလုံးသော တရားကိုသိအောင် အားထုတ်ကြ၊ အားလုံးတရားတွေကို ပိုင်းပိုင်းခြားခြားသိအောင် အားထုတ်ပြီး နေကြ" လို့ ဒီလိုပဲ ဟောကြတယ်။

ဣဓ နော အာဝုသော ကော ဝိသေသော ကော အဓိပ္ပယာသော ကိံ နာနာ ကရဏံ သမဏဿ ဝါ ဂေါတမဿ အမှာကံ ဝါ ယဒိဒံ ဓမ္မဒေသနာယ ဝါ ဓမ္မဒေသနံ, အနုသာသနိယာ ဝါ အနုသာသနိန္တိ။

ငါ့ရှင်တို့...။ ငါ့ရှင်တို့ရဲ့ဆရာ ရဟန်းဂေါတမကလဲ ဒီအတိုင်း ဟောတယ်။ ငါတို့ကလည်း ဒီအတိုင်းဟောတယ်။ အဲဒီလို ဟောကြားတဲ့ နေရာမှာ ရဟန်းကြီး ဂေါတမရဲ့ တရားဒေသနာနဲ့ ငါတို့ရဲ့ တရားဒေသနာ ရဟန်းကြီး ဂေါတမရဲ့ အဆုံးအမနဲ့ ငါတို့ရဲ့ အဆုံးအမ ဘာများ ထူးကြလို့လဲ။ ဘယ်သူက ပိုလို့လဲ၊ ထူးတာ ကွဲတာ ပြောကြစမ်းပါလို့ ပြောကြတယ်။

ထိုအခါ နားထောင်နေတဲ့ ရဟန်းတို့က ပရိဗိုဇ်တို့ ပြောတဲ့ စကားကို "ဒီလိုဆိုလျှင် ဟုတ်သားပဲ" လို့ လက်လဲ မခံကြဘူး။ "အေး...တို့ ဘုရားက ဒီလိုမဟောဘူး" လို့ ဆန့်ကျင်ဘက် စကားကိုလဲ မပြောကြားကြပဲ–

ဘဂဝတော သန္တိကေ ဧတဿ ဘာသိတဿ အတ္ထံ အာဇာနိဿာမ။

မြတ်စွာဘုရား အထံတော်ကျမှ ဒီစကားရဲ့ အနက်အဓိပ္ပာယ်ကို သိကြရတော့မည်။ ဤကဲ့သို့ နှလုံးသွင်းပြီး ပြန်လာကြတယ်။

ပြန်လာကြပြီး သာဝတ္ထိပြည်တွင်း ဆွမ်းခံသွားကြ၍ ဆွမ်းကိစ္စပြီးတဲ့အခါ ဆွမ်းခံရာမှ ဖဲပြီးတော့ ဘုရားရှိရာသို့ တောက်လျှောက်

http:\\www.dhammadownload.com



သွားကြပြီး နံနက်တုန်းက မိမိတို့ရဲ့ ဖြစ်ရပ်တွေကို –

ဣဓ မယံ ဘန္တေ ပုဗ္ဗဏှသမယံ နိဝါသေတွာ ပတ္တစီဝရ+မာဒါယ သာဝတ္ထိံ ပိဏ္ဍာယ ပဝိသိမှာ။

(အစရှိသည်ဖြင့်) "မြတ်စွာဘုရား...တပည့်တော်တို့ ယနေ့ နံနက် သာဝတ္ထိပြည်တွင်း ဆွမ်းခံဝင်ကြပါတယ်။ အဲဒီလို ဝင်ကြတဲ့အခါ လမ်းခရီးအကြား တပည့်တော်တို့မှာ ဤကဲ့သို့ စိတ်အကြံ ဖြစ်ပါတယ် ဘုရား။ (ဖြစ်ပုံက) ဩ...သာဝတ္ထိပြည်တွင်း ဆွမ်းခံဖို့ အလွန်စော သေးတယ်။ ဒီတော့ တို့တစ်တွေ ပရိဗိုဇ်တို့ရဲ့ အာရာမ်သို့ သွားကြရ လျှင် ကောင်းမှာပဲဆိုပြီး တပည့်တော်တို့ ပရိဗိုဇ်တွေရဲ့ အာရာမ်ကို သွားကြတော့ သူတို့က ဤသို့ဤသို့ ပြောကြပါတယ်ဘုရား။ ရှင်တော် ဘုရားရဲ့ တရားဒေသနာနဲ့ သူတို့ရဲ့တရားဒေသနာ၊ ရှင်တော်ဘုရားရဲ့ အဆုံးအမနဲ့ သူတို့ရဲ့ အဆုံးအမ ဘာထူးလို့လဲ"လို့ ပြောကြပါတယ် ဘုရား။ (ဤကဲ့သို့ ပြန်ကြား လျှောက်ထားကြပါတယ်)။

## ပြဿနာဆယ်ချက် ဟောတော်မူခြင်း

ဧဝံ ဝါဒိနော ဘိက္ခဝေ အညတိတ္ထိယာ ပရိဗ္ဗဇကာ ဧဝ+မဿု ဝစနီယာ။

ထိုအခါ မြတ်စွာဘုရားက ရဟန်းတို့...အဲဒီလိုပြောတဲ့ သာသနာပြင်ပ အယူရှိကြတဲ့ ပရိဗိုဇ်တို့ကို ချစ်သားတို့က ဤသို့ ပြန်ပြီး မေးကြရမည်။ မေးပုံမှာ–

၁။ ဧကော အာဝုသော ပဉ္ဟော၊ ဧကော ဥဒ္ဒေသော၊ ဧကံ ဝေယျာကရဏံ

ငါ့ရှင်တို့...သိလိုတဲ့ တစ်ခုသော အကြောင်းအရာ ပြဿနာ ရှိတယ်။ ယင်းသိလိုတဲ့ ပြဿနာတစ်ခုခုကို အကျဉ်းချုပ် မေးပုံရှိတယ်။

http:\\www.dhammadownload.com



အဲဒီတရားရဲ့ အကျဉ်းချုပ် အဖြေရှိတယ်။ (သိကြရဲ့လား၊ အဲဒီလိုလဲ မေးကြ)။

၂။ ဒွေ ပဉှာ၊ ဒွေ ဥဒ္ဒေသာ၊ ဒွေ ဝေယျာကရဏာနိ။

သိလိုတဲ့ အကြောင်းအရာ တရားနှစ်ပါး ရှိတယ်။ အဲဒီသိလိုတဲ့ အကြောင်းအရာ တရားနှစ်ပါးကို အကျဉ်းချုပ် မေးပုံရှိတယ်။ အဲဒီ တရားစကားရဲ့ အကျဉ်းချုပ် အဖြေရှိတယ်။ (သိကြရဲ့လား၊ အဲဒီလို မေးကြ)။

၃။ တယော ပဉှာ၊ တယော ဥဒ္ဒေသာ၊ တီဏိ ဝေယျာကရဏာနိ။

သိလိုတဲ့ အကြောင်းအရာ သုံးပါးတို့ ရှိကြတယ်။ အဲဒီ သိလိုတဲ့ အကြောင်းအရာ တရားသုံးပါးတို့ကို အကျဉ်းချုပ် မေးပုံရှိတယ်။ အဲဒီ တရားစကားရဲ့ အကျဉ်းချုပ် အဖြေရှိတယ်။ (သိကြရဲ့လား၊ အဲဒီလို မေးကြ)။

(ပေယျာလ)–၄+၅+၆+၇+၈++၉+၁၀၊ ဒသ ပဉှာ၊ ဒသ ဥဒ္ဒေသာ၊ ဒသ ဝေယျာ ကရဏာနိ။

သိလိုတဲ့အရာ တရားဆယ်ပါးတို့ ရှိကြတယ်။ အဲဒီသိလိုတဲ့ အကြောင်းအရာ တရားဆယ်ပါးတို့ကို အကျဉ်းချုပ်မေးပုံရှိတယ်။ အဲဒီ တရားစကားရဲ့ အကျဉ်းချုပ် အဖြေရှိတယ်။ (သိကြရဲ့လား၊ အဲဒီလိုလဲ မေးကြ)။

ဇေ‌ံ ပုဋ္ဌာ ဘိက္ခဝေ အညတိတ္ထိယာ ပရိဗ္ဗာဇကာ န စေဝ သမ္ပာယိဿန္တိ၊ ဥတ္တရိ စ ဝိဃာတံ အာပဇ္ဇိဿန္တိ။ တံ ကိဿ ဟေတု၊ ယထာ တံ ဘိက္ခဝေ အဝိသယသ္မိံ။

ရဟန်းတို့...အဲဒီလိုမေးတဲ့ သာသနာပြင်ပ အယူရှိကြတဲ့ ပရိဗိုဇ် တွေဟာ အပြည့်အစုံလဲ ဖြေနိုင်ကြလိမ့်မည် မဟုတ်သည့်ပြင်

http:\\www.dhammadownload.com



ကိုယ်စိတ် ပင်ပန်းခြင်းသို့ ရောက်ကြပေလိမ့်မည်။ အဘယ်ကြောင့်ဟူမူ ရဟန်းတို့... ဒိပြဿနာ ဆယ်ချက်တို့ဟာ ပရိဗိုဇ်တို့ ကျက်စားရာ တရားမျိုး မဟုတ်သောကြောင့် (ဖြစ်ပေသည်)။

နာ+ဟံ တံ ဘိက္ခဝေ ပဿာမိ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ၊ ယော က္ကမေသံ ပဉာနံ ဝေယျာကရဏေန စိတ္တံ အာရာဓေယျ အညတြတထာ ဂတေန ဝါ တထာဂတသာဝကေန ဝါ၊ က္ကတော ဝါ ပန သုတွာ။

ရဟန်းတို့...အဲဒီပြဿနာတို့ရဲ့ အဖြေကို ကျေကျေနပ်နပ် ပြောကြားနိုင်တဲ့ ပုဂ္ဂိုလ်ဟာ ငါဘုရား၊ ငါဘုရားရဲ့ တပည့်သာဝက၊ ဒီသာသနာမှ တစ်စုံတစ်ရာ ဒီအဖြေကို ကြားနာသွားတဲ့ ပုဂ္ဂိုလ်၊ အဲဒီ ပုဂ္ဂိုလ်သုံးမျိုးကို ဖယ်ထား၍ လူမှာ၊ နတ်မှာ၊ ဗြဟ္မာမှာ ဒီပြဿနာ ဆယ်မျိုးကို အဖြေကို အပြည့်အစုံ ဘယ်လူ၊ ဘယ်နတ်၊ ဗြဟ္မာမှ မဖြေဆိုနိုင်ဘူး။ (ဒီအမေး+အဖြေ အကျယ်ကို ယခုအခါ ငါဘုရား ဟောကြားဖော်ပြမယ်) -

၁။ ဧကော ပဉှော ဧကော ဥဒ္ဒေသော ဧကံ ဝေယျာကရဏန္တိ က္ကတိ ခေါ ပနေတံ ဝုတ္တံ၊ ကိဉ္စေ+တံ ပဋိစ္စ ဝုတ္တံ။

သိလိုတဲ့ အကြောင်းအရာ ပြဿနာတစ်ခု ရှိတယ်ဆိုတဲ့ စကား၊ ယင်းသိလိုတဲ့ အကြောင်းအရာ ပြဿနာတစ်ခုရဲ့ အကျဉ်းချုပ် ညွှန်ပြမှု ဆိုတဲ့စကား၊ တစ်ခုသောအဖြေ ဝေယျာကရဏ်း တစ်ခု ရှိတယ်ဆိုတဲ့ စကား၊ အဲဒါကို သိရဲ့လားလို့ မေးလျှင် အဲဒီအမေးရဲ့ အဖြေအကျယ်က ဟောဒီလို(တဲ့)။ ဘယ်လိုလဲ-

http:\\www.dhammadownload.com



ကေစဓမ္မေ ဘိက္ခဝေ ဘိက္ခု **သမ္မာ** **နိဗ္ဗိန္ဒမာနော** **သမ္မာ** ဝိရဇ္ဇမာနော သမ္မာဝိမုစ္စမာနော သမ္မာ ပရိယန္တ ဒဿာဝီ သမ္မဒတ္ထံ အဘိသမေစ္စ ဒိဋ္ဌေဝ **ဓမ္မေ** ဒုက္ခဿန္တကရော ဟောတိ။

ရဟန်းတို့...ယောဂီ (ယောဂါဝစရ) ရဟန်းသည် တစ်ခုသော တရားအချက်၌ ငြီးငွေ့တဲ့=နိဗ္ဗိဒါဉာဏ်ရင့်သန်အောင် တပ်ခြင်းကင်းတဲ့=ဝိရာဂဉာဏ် ရင့်သန်အောင် လွတ်မြောက်လိုတဲ့=မုစ္စိတုကမျတာဉာဏ် ရင့်သန်အောင် ဒီတရားတွေရဲ့ အပိုင်းအခြားကို **သိအောင်** ကြိုးကုတ်အားထုတ်လျှင် မဖောက်မပြတ် မှန်ကန်တဲ့ သစ္စာ **လေးပါးကို** မဂ်ဉာဏ် လေးပါးဖြင့် ဆင့်ကာဆင့်ကာ ပိုင်းပိုင်းခြားခြား **သိ**ပြီးလျှင် မျက်မှောက် ဘဝ=ပစ္စက္ခ၌ သံသရာဝဋ်ဒုက္ခ အဆုံးကိုပြုတဲ့ ပုဂ္ဂိုလ်ဖြစ်လေတော့သည်။ (စကားအခြေခံသာ ရှိသေးသည်။ ကြားညပ် အမှာစကား ဖော်ပြလိုသည်မှာ) –

ယခု ဖော်ပြခဲ့သည်မှာ ပရိယတ္တိစာစကား=**ရဟန်းစကား** ဖြစ်၍ အရပ်ထဲက ဒကာ ကြီး+ဒကာမကြီးတွေ နားလည်အောင် ပြောရလျှင် "အကြင်တရားတစ်ပါးကို (၁) ဉာတပရိညာ၊ (၂) တီရဏပရိညာ (၃) ပဟာနပရိညာ ဤပရိညာသုံးပါးဖြင့် ပိုင်နိုင်စွာသိလျှင် သံသရာဝဋ်ဒုက္ခမှ လွတ်၏။ အဲဒီ သိရမည့် တရားတစ်ပါးက အဘယ်တရားလဲ" ဤကဲ့သို့ မေးလိုရင်း (တဲ့)။

ကတမသ္မိံ ဧကဓမ္မေ=အဘယ်မည်သော တရားတစ်ပါးလဲ (ဆိုတော့) (အဖြေက) သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ=အားလုံးသော သတ္တဝါတွေဟာ အကြောင်းမဲ့ ဖြစ်ကြတာမဟုတ်။ ဆိုင်ရာအကြောင်း တရားလျှင် အခြေခံ ရှိကြတယ်။ (အဲဒီအချက်ကို နှစ်နှစ်ကာကာ သိရမှာ (တဲ့)။

http:\\www.dhammadownload.com



အဘယ့်ကြောင့် ဒီစကားကို ပြောရသနည်းဆိုလျှင်–

(က) အဓိစ္စသမုပ္ပါဒ–ဆိုတဲ့ မိစ္ဆာအယူဝါဒ ရှိတယ်။ အဲဒီ အဓိစ္စသမုပ္ပါဒ မိစ္ဆာအယူရှိတဲ့လူက "လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေဟာ ဘာ့ကြောင့်ဖြစ်သလဲ"လို့ မေးလျှင် ဘယ်အကြောင်းကိုမှ စွဲပြီး ဖြစ်သလဲ" လို့ မေးလျှင် ဘယ်အကြောင်းကိုမှ စွဲပြီးဖြစ်တာ မဟုတ်ဘူး။ သူ့ဖြစ် ချင်သလို ဖြစ်ကြတာ" ဤကဲ့သို့ အလွဲလွဲ အချော်ချော် ပြောတယ်။

(ခ) ဣဿရနိမ္မာနဆိုတဲ့ မိစ္ဆာအယူဝါဒလဲ ရှိတယ်။ အဲဒီ ဣဿရနိမ္မာန မိစ္ဆာအယူဝါဒရှိတဲ့ လူကကျတော့ "လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေ (သတ္တဝါတွေ)ဟာ ဘာ့ကြောင့်ဖြစ်သလဲ"လို့ မေးလျှင် "သတ္တဝါတွေကို မဟေဿရနတ်မင်းက ဖန်ဆင်းပေးတယ်။ မဟေဿရ နတ်မင်းကြောင့် သတ္တဝါတွေ ဖြစ်တယ်"လို့ အလွဲလွဲအချော်ချော် ပြောတယ်။

အဲဒီအကြောင်းတွေ အလွဲလွဲ အယူမှားတွေ ရှိနေလို့ မြတ်စွာဘုရားက "အားလုံးသော သတ္တဝါတို့ရဲ့ အကြောင်းမှန်ကား အာဟာရ လေးပါး ပစ္စယသမုပ္ပါဒက အကြောင်းတရားများပဲ–

(က) ကဗဠီကာရအာဟာရဆိုတဲ့ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်+

(ခ) ဖဿာဟာရဆိုတဲ့ ဖဿခြောက်ပါး(အတွေ့ ခြောက်ပါး)+

(ဂ) မနောသဉ္စေတနာဟာရဆိုတဲ့ ကုသိုလ်+အကုသိုလ် စေတနာ+

(ဃ) ဝိညာဏာဟာရဆိုတဲ့ စိတ်ဝိညာဏ်+(အဲဒီ ၄ ပါးနှင့်)

(င) အကျိုးကိုဖြစ်စေတတ်တဲ့ ရုပ+အရူပဈာန်တွေ+

ဒီတရားတွေသာလျှင် အခြေခံအကြောင်းရင်း ရှိတယ်"လို့ ပိုင်ပိုင် နိုင်နိုင် သိဖို့လိုတယ်။

တစ်နည်းအားဖြင့် "အာဟာရလေးပါးကို ဝိပဿနာဉာဏ်

http:\\www.dhammadownload.com



ဆယ်ပါးဖြင့် ပိုင်းပိုင်းခြားခြားသိလျှင် မျက်မှောက်ဘဝမှာပင် သံသရာဝဋ် ဒုက္ခအဆုံးသို့ ရောက်တယ်" (ဤသို့ ဆိုလို၏။)

၂။ ဒွေ ပဉှာ ဒွေ ဥဒ္ဒေသာ ဒွေ ဝေယျာကရဏာနီတိ ဣတိ ခေါ ပနေတံ ဝုတ္တံ၊ ကိဉ္စေ+တံ ပဋိစ္စ ဝုတ္တံ။

သိလိုတဲ့ အကြောင်းအရာ ပြဿနာနှစ်ခုတို့ ရှိကြတယ် (ဆိုတဲ့ စကား)+ယင်းသိလိုတဲ့ အကြောင်းအရာ ပြဿနာနှစ်ခုတို့ကို အကျဉ်းချုပ် ညွှန်ပြမှု=ဥဒ္ဒေသ နှစ်ပါးတို့ ရှိကြတယ် (ဆိုတဲ့စကား)+ အဖြေ=ဝေယျာကရဏ်နှစ်ပါးတို့ ရှိကြတယ်(ဆိုတဲ့စကား) ရှိတယ်။ အဘယ်ကို ရည်ရွယ် ပြီး ဤစကားကို ငါဘုရားဟောကြားအပ်သလဲ- လို့ မေးလျှင် အဲဒီအမေးရဲ့ အဖြေအကျယ်က ဟောဒီလိုတဲ့၊ ဘယ်လိုလဲ ဆိုလျှင်-

ဒွီသု ဘိက္ခဝေ ဓမ္မေသု ဘိက္ခု သမ္မာ နိဗ္ဗိန္ဒမာနော သမ္မာ ဝိရဇ္ဇမာနော သမ္မာ ဝိမုစ္စမာနော သမ္မာပရိယန္တဒဿာဝီ သမ္မဒတ္ထံ အဘိသမေစ္စ ဒိဋ္ဌေဝ ဓမ္မေ ဒုက္ခဿန္တကရော ဟောတိ။

ရဟန်းတို့...ယောဂါဝစရ ရဟန်းသည် နှစ်ပါးသော တရားတို့၌ ငြီးငွေ့တဲ့=နိဗ္ဗိဒါဉာဏ် ရင့်သန်အောင် တပ်ခြင်းကင်းတဲ့=ဝိရာဂ ဉာဏ်ရင့်သန်အောင် လွတ်မြောက်လိုတဲ့=မုစ္စိတုကမျတာဉာဏ် ရင့်သန်အောင် ဒီတရားတွေရဲ့ အပိုင်းအခြားကို သိအောင်ကြိုးကုတ် အားထုတ်လျှင် မဖောက်မပြန် မှန်ကန်တဲ့ သစ္စာလေးပါး တရားကို မဂ်ဉာဏ်လေးပါးဖြင့် ဆင့်ကာဆင့်ကာ ပိုင်းပိုင်းခြားခြားသိပြီးလျှင် မျက်မှောက်ဘဝ=ပစ္စက္ခ၌ သံသရာဝဋ်ဒုက္ခ အဆုံးကိုပြုတဲ့ ပုဂ္ဂိုလ် ဖြစ်လေတော့သည်။

ကတမေသု ဒွီသု=အဘယ်မည်သော တရားနှစ်ပါးတို့၌လဲ

http:\\www.dhammadownload.com



(ဆိုတော့) (အဖြေက) – နာမေ စ ရူပေ စ=ထိုထိုအာရုံ၌ ညွတ်တတ်တဲ့ စိတ်+စေတသိက်ခေါ်တဲ့ နာမ်တရား+အချမ်းအပူ အစရှိတဲ့ ဆန့်ကျင်ဘက် အကြောင်းတို့ကြောင့် ဖောက်ဖောက်ပြန်ပြန် ခုတစ်မျိုး ခုတစ်မျိုး ဖြစ်တတ်တဲ့ ရုပ်တရား=ဒီတရားနှစ်ပါးကို နစ်နစ်ကာကာ သိရမှာ ဖြစ်တယ်။ (တစ်နည်းဆိုရလျှင်) "နာမ်ရုပ်တရား နှစ်ပါးတို့ကို ဝိပဿနာ ဉာဏ်ဆယ်ဆင့်ဖြင့် ပိုင်းပိုင်းခြားခြား သိရမယ်။ ပိုင်းပိုင်း ခြားခြားသိလျှင် မျက်မှောက်ဘဝမှာပင် သံသရာဝဋ် ဒုက္ခအဆုံးသို့ ရောက်တယ်" (ဤသို့ ဆိုလို၏)။

၃။ တယော ပဉှာ တယော ဥဒ္ဒေသာ တီဏိ ဝေယျာကရဏာနီတိ ဣတိ ခေါ ပနေ+တံ ဝုတ္တံ၊ ကိဉ္စေ+တံ ပဋိစ္စ ဝုတ္တံ။

သိလိုတဲ့ အကြောင်းအရာ ပြဿနာသုံးခုတို့ ရှိကြတယ် (ဆိုတဲ့ စကား)+ယင်းသိလိုတဲ့ အကြောင်းအရာ ပြဿနာ သုံးခုတို့ကို အကျဉ်းချုပ် ညွှန်ပြမှု=ဥဒ္ဒေသ သုံးပါးတို့ ရှိကြတယ် (ဆိုတဲ့စကား)+ အဖြေ=ဝေယျာကရဏ်းသုံးပါးတို့ ရှိကြတယ်(ဆိုတဲ့စကား) ရှိတယ်။ အဘယ်ကို ရည်ရွယ်ပြီး ဤစကားကို ငါဘုရား ဟောကြားအပ်သလဲ-လို့ မေးလျှင် အဲဒီအမေးရဲ့ အဖြေအကျယ်က ဟောဒီလိုတဲ့၊ ဘယ်လိုလဲ ဆိုလျှင် –

တီသု ဘိက္ခဝေ ဓမ္မေသု ဘိက္ခု သမ္မာ နိဗ္ဗိန္ဒမာနော သမ္မာ ဝိရဇ္ဇမာနော သမ္မာ ဝိမုစ္စမာနော သမ္မာ ပရိယန္တဒဿာဝီ သမ္မဒတ္တံ အဘိသမေစ္စ ဒိဋ္ဌေဝ ဓမ္မေ ဒုက္ခဿန္တကရော ဟောတိ။

ရဟန်းတို့. . .။ ယောဂါဝစရ ရဟန်းသည် သုံးပါးသော တရားကို၌ ငြီးငွေ့တဲ့=နိဗ္ဗိဒါဉာဏ်ရင့်သန်အောင် တပ်ခြင်းကင်းတဲ့=ဝိရာဂ

http:\\www.dhammadownload.com



ဉာဏ် ရင့်သန်အောင် လွတ်မြောက်လိုတဲ့=မုစ္စိတုကမျတာဉာဏ် ရင့်သန်အောင် ဒီတရားတွေရဲ့ အပိုင်းအခြားကို သိအောင် ကြိုးကုတ် အားထုတ်လျှင် မဖောက်မပြန် မှန်ကန်တဲ့ သစ္စာလေးပါးတရားကို မဂ်ဉာဏ်လေးပါးဖြင့် ဆင့်ကာဆင့်ကာ ပိုင်းပိုင်းခြားခြားသိပြီးလျှင် မျက်မှောက်ဘဝ=ပစ္စက္ခဒ္ဓိ သံသရာဝဋ် ဒုက္ခအဆုံးကို ပြုတဲ့ပုဂ္ဂိုလ် ဖြစ်လေတော့သည်။

ကတမေသု တိသု=အဘယ်မည်သော တရားသုံးပါးတို့၌လဲ (ဆိုတော့)(အဖြေက) တိသု ဝေဒနာသု=သက်သက်သာသာ ခံစားမှု ဆိုတဲ့ သုခဝေဒနာ၊ မသက်မသာ ခံစားမှုဆိုတဲ့ ဒုက္ခဝေဒနာ၊ (သက်သာသည်လည်းမဟုတ်၊ မသက်သာသည်လည်း မဟုတ်) အလယ်အလတ် ခံစားမှုဆိုတဲ့ ဥပေက္ခာဝေဒနာ=ဒီတရားသုံးပါးတို့ကို နှစ်နှစ်ကာကာ သိရမှာ ဖြစ်ပါတယ်။ (တစ်နည်းဆိုရလျှင်) – "သုခ ဝေဒနာ၊ ဒုက္ခဝေဒနာ ဥပေက္ခာ ဝေဒနာ ဒီတရားသုံးပါးတို့ကို ဝိပဿနာဉာဏ် ဆယ်ဆင့်ဖြင့် ပိုင်းပိုင်းခြားခြား သိရမယ်။ ပိုင်းပိုင်း ခြားခြားသိလျှင် မျက်မှောက်ဘဝမှာ ပင် သံသရာဝဋ် ဒုက္ခအဆုံးသို့ ရောက်တယ်" (ဤသို့ ဆိုလို၏။)

၄။ စတ္တာရော ပဥှာ စတ္တာရော ဥဒ္ဒေသာ စတ္တာရိ ဝေယျာကရဏာနိတိ ဣတိ ခေါ ပနေ+တံ ဝုတ္တံ၊ ကိဉ္စေ+တံ ပဋိစ္စ ဝုတ္တံ။

သိလိုတဲ့ အကြောင်းအရာ ပြဿနာလေးခုတို့ ရှိကြတယ် (ဆိုတဲ့ စကား)+ယင်းသိလိုတဲ့ အကြောင်းအရာ ပြဿနာလေးခုတို့ကို အကျဉ်းချုပ် ညွှန်ပြမှု=ဥဒ္ဒေသလေးပါးတို့ ရှိကြတယ် (ဆိုတဲ့စကား)+ အဖြေ=ဝေယျာကရဏ်းလေးပါးတို့ ရှိကြတယ် (ဆိုတဲ့စကား) ရှိတယ်။ အဘယ်ကို ရည်ရွယ်ပြီး ဤစကားကို ငါဘုရားဟောကြား

http:\\www.dhammadownload.com



အပ်သလဲ–လို့ မေးလျှင် အဲဒီအမေးရဲ့ အဖြေအကျယ်က ဟောဒီလိုတဲ့၊ ဘယ်လိုလဲဆိုလျှင် –

စတ္တာရော ဘိက္ခဝေ ဓမ္မေသု ဘိက္ခု သမ္မာ နိဗ္ဗိန္ဒမာနော သမ္မာ ဝိရဇ္ဇမာနော သမ္မာ ဝိမုစ္စမာနော သမ္မာ ပရိယန္တ ဒဿာဝီ သမ္မဒတ္ထံ အဘိသမေစ္စ ဒိဋ္ဌေဝ ဓမ္မေဒုက္ခဿန္တကရော ဟောတိ။

ရဟန်းတို့. . .ယောဂါဝစရ ရဟန်းသည် လေးပါးသော တရားတို့၌ ငြီးငွေ့တဲ့=နိဗ္ဗိဒါဉာဏ်ရင့်သန်အောင် တပ်ခြင်းကင်းတဲ့=ဝိရာဂ ဉာဏ် ရင့်သန်အောင် လွတ်မြောက်လိုတဲ့=မုစ္စိတုကမျတာဉာဏ် ရင့်သန်အောင် ဒိတရားလေးမျိုးတို့ရဲ့ အပိုင်းအခြားကို သိအောင် ကြိုးကုတ်အားထုတ်လျှင် မဖောက်မပြန် မှန်ကန်တဲ့ သစ္စာလေးပါး တရားကို မဂ်ဉာဏ် လေးပါးဖြင့် ဆင့်ကာဆင့်ကာ ပိုင်းပိုင်းခြားခြား သိပြီးလျှင် မျက်မှောက်ဘဝ=ပစ္စက္ခ၌ သံသရာ ဝဋ်ဒုက္ခအဆုံးကို ပြုတဲ့ပုဂ္ဂိုလ် ဖြစ်လေတော့သည်။

ကတမေသု စတူသု=အဘယ်မည်သော တရားလေးပါးတို့၌လဲ (ဆိုတော့) (အဖြေက) စတူသု အာဟာရေသု=ဆွမ်းခဲဖွယ် ဘောဇဉ်ဆိုတဲ့ ကဗဠီကာရ အာဟာရ၊ အတွေ့အထိ ခြောက်ပါးဆိုတဲ့ ဖဿာဟာရ၊ ကုသိုလ်စေတနာ+အကုသိုလ်စေတနာဆိုတဲ့ မနောသဉ္စေတနာဟာရ စိတ်ဝိညာဏ်ဆိုတဲ့ ဝိညာဏာဟာရ ဒီ အာဟာရလေးပါး တို့အနက် နစ်နစ်ကာကာ သိရမှာဖြစ်တယ်။ (တစ်နည်းဆိုရလျှင်)–"ကဗဠီကာရ အာဟာရ ဖဿာဟာရ မနောသဉ္စေတနာဟာရ ဝိညာဏာဟာရ ဒီတရားလေးပါး တို့ကို ဝိပဿနာဉာဏ် ဆယ်ဆင့်ဖြင့် ပိုင်းပိုင်းခြားခြား သိရမယ်။ ပိုင်းပိုင်း ခြားခြားသိလျှင် မျက်မှောက် ဘဝမှာပင် သံသရာဝဋ် ဒုက္ခအဆုံးသို့

http:\\www.dhammadownload.com



ရောက်တယ်" (ဤသို့ဆိုလို၏။)

၅။ ပဉ္စ ပဉ္စာ ပဉ္စ ဥဒ္ဒေသာ ပဉ္စ ဝေယျာကရဏာနီတိ ဣတိ ခေါ ပနေ+တံ ဝုတ္တံ၊ ကိဉ္စေ+တံ ပဋိစ္စ ဝုတ္တံ။

သိလိုတဲ့ အကြောင်းအရာ ပြဿနာငါးခုတို့ ရှိကြတယ် (ဆိုတဲ့ စကား)+ယင်းသိလိုတဲ့ အကြောင်းအရာ ပြဿနာငါးခုတို့ကို အကျဉ်းချုပ် ညွှန်ပြမှု=ဥဒ္ဒေသငါးပါးတို့ ရှိကြတယ်။ (ဆိုတဲ့စကား)+အဖြေ=ဝေယျာကရဏ်းငါးပါးတို့ ရှိကြတယ် (ဆိုတဲ့စကား) ရှိတယ်။ အဘယ်ကို ရည်ရွယ်ပြီး ဤစကားကို ငါဘုရား ဟောကြားအပ်သလဲ-လို့ မေးလျှင် အဲဒီအမေးရဲ့ အဖြေအကျယ်က ဟောဒီလိုတဲ့၊ ဘယ်လိုလဲဆိုလျှင်

**ပဉ္စသု ဘိက္ခဝေ ဓမ္မေသု ဘိက္ခု သမ္မာ နိဗ္ဗိန္ဒမာနော သမ္မာ ဝိရဇ္ဇမာနော သမ္မာ ဝိမုစ္စမာနော သမ္မာ ပရိယန္တဒဿာဝီ သမ္မဒတ္ထံ အဘိသမေစ္စ ဒိဋ္ဌေဝ ဓမ္မေ ဒုက္ခဿန္တကရော ဟောတိ။**

ရဟန်းတို့...ယောဂါဝစရ ရဟန်းသည် ငါးပါးသော တရားတို့၌ ငြီးငွေ့တဲ့=နိဗ္ဗိဒါဉာဏ်ရင့်သန်အောင် တပ်ခြင်းကင်းတဲ့=ဝိရာဂ ဉာဏ်ရင့်သန်အောင် လွတ်မြောက်လိုတဲ့ မုဉ္စိတုကမျတာ ဉာဏ်ရင့်သန်အောင် ဒီတရားငါးမျိုးတို့ရဲ့ အပိုင်းအခြားကို သိအောင် ကြိုးကုတ်အားထုတ်လျှင် မဖောက်မပြန် မှန်ကန်တဲ့ သစ္စာလေးပါး တရားကို မဂ်ဉာဏ်လေးပါးဖြင့် ဆင့်ကာဆင့်ကာ ပိုင်းပိုင်းခြားခြားသိပြီးလျှင် မျက်မှောက်ဘဝ=ပစ္စက္ခ၌ သံသရာဝဋ်ဒုက္ခ အဆုံးကို ပြုတဲ့ပုဂ္ဂိုလ် ဖြစ်လေတော့သည်။

ကတမေသု ပဉ္စသု=အဘယ်မည်သော တရားငါးပါးတို့၌လဲ (ဆိုတော့) (အဖြေ က) - ပဉ္စသု ဥပါဒါနက္ခန္ဓေသု=ရုပ်, ဝေဒနာ, သညာ, သင်္ခါရဝိညာဏ်ဆိုတဲ့ လောကီခန္ဓာငါးပါးတို့ကို နစ်နစ်ကာကာ

http:\\www.dhammadownload.com



သိရမှာ ဖြစ်တယ်။ (တစ်နည်းဆိုလျှင်)- "လောကီ ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို ဝိပဿနာ ဉာဏ်ဆယ်ဆင့်ဖြင့် ပိုင်းပိုင်းခြားခြား သိရမယ်။ ပိုင်းပိုင်းခြားခြားသိလျှင် မျက်မှောက်ဘဝမှာပင် သံသရာဝဋ် ဒုက္ခ အဆုံးသို့ ရောက်တယ်" (ဤသို့ ဆိုလို၏။)

(ဤ၌ ခန္ဓာကမ္မဋ္ဌာန်းနှင့် ပတ်သက်၍ အဓိပ္ပာယ်အကျယ်ကို နောက်၌ ဖော်ပြပါဦးမည်။)

၆။ ဆ ပဥှာ ဆ ဥဒ္ဒေသာ ဆ ဝေယျာကရဏာနီတိ ဣတိ ခေါ ပနေ+တံ ဝုတ္တံ၊ ကိဉ္စေ+တံ ပဋိစ္စ ဝုတ္တံ။

သိလိုတဲ့ အကြောင်းအရာ ပြဿနာခြောက်ခုတို့ ရှိကြတယ်။ (ဆိုတဲ့စကား) + ယင်းသိလိုတဲ့ အကြောင်းအရာ ပြဿနာခြောက်ခု တို့ကို အကျဉ်းချုပ် ညွှန်ပြမှု=ဥဒ္ဒေသ ခြောက်ပါးတို့ ရှိကြတယ် (ဆိုတဲ့ စကား+) အဖြေ=ဝေယျာကရဏ်း ခြောက်ပါးတို့ ရှိကြတယ် (ဆိုတဲ့ စကား) ရှိတယ်။ အဘယ်ကို ရည်ရွယ်ပြီး စကားကို ငါဘုရား ဟောကြားအပ်သလဲ-လို့ မေးလျှင် အဲဒီအမေးရဲ့ အဖြေအကျယ်က ဟောဒီလိုတဲ့၊ ဘယ်လိုလဲဆိုလျှင်-

ဆသု ဘိက္ခဝေ ဓမ္မေသု ဘိက္ခု သမ္မာ နိဗ္ဗိန္ဒမာနော သမ္မာ ဝိရဇ္ဇမာနော သမ္မာ ဝိမုစ္စမာနော သမ္မာ ပရိယန္တ ဒဿာဝီ သမ္မဒတ္တံ အဘိသမေစ္စ ဒိဋ္ဌေဝ ဓမ္မေ ဒုက္ခဿန္တကရော ဟောတိ။

ရဟန်းတို့...ယောဂါဝစရ ရဟန်းသည် ခြောက်ပါးသော တရားတို့၌ ငြီးငွေ့တဲ့=နိဗ္ဗိဒါဉာဏ်ရင့်သန်အောင် တပ်ခြင်းကင်းတဲ့= ဝိရာဂဉာဏ်ရင့်သန်အောင် လွတ်မြောက်လိုတဲ့=မုစ္စိတုကမျတာဉာဏ် ရင့်သန်အောင် ဒီတရားခြောက်မျိုးတို့ရဲ့ အပိုင်းအခြားကို သိအောင် ကြိုးကုတ်အားထုတ်လျှင် မဖောက်မပြန် မှန်ကန်တဲ့ သစ္စာလေးပါး

http:\\www.dhammadownload.com



တရားကို မဂ်ဉာဏ်လေးပါးဖြင့် ဆင့်ကာဆင့်ကာ ပိုင်းပိုင်းခြားခြား သိပြီးလျှင် မျက်မှောက်ဘဝ=ပစ္စက္ခ၌ သံသရာ ဝဋ်ဒုက္ခအဆုံးကိုပြုတဲ့ ပုဂ္ဂိုလ် ဖြစ်လေတော့သည်။

ကတမေသု ဆသု=အဘယ်မည်သော တရားခြောက်ပါးတို့၌လဲ (**ဆိုတော့**) (အဖြေက)–ဆသု အဇ္ဈတ္တိကေသု အာယတနေသု= အတွင်းအာယတန ခြောက်ပါးလို့ ခေါ်တဲ့ မျက်စိရယ်၊ နားရယ်၊ နှာရယ်၊ လျှာရယ်၊ ကိုယ်ရယ်၊ စိတ်ရယ်ဆိုတဲ့ အတွင်းအာယတန ခြောက်ပါးတို့ကို နှစ်နှစ်ကာကာ သိရမှာဖြစ်တယ်။ (**တစ်နည်းဆိုလျှင်**) အတွင်းအာယတနခြောက်ပါးတို့ကို ဝိပဿနာဉာဏ် **ဆယ်ဆင့်**ဖြင့် ပိုင်းပိုင်းခြားခြား သိရမယ်။ ပိုင်းပိုင်းခြားခြားသိလျှင် မျက်မှောက်ဘဝ မှာပင် သံသရာဝဋ်ဒုက္ခ အဆုံးသို့ ရောက်တယ်" (ဤသို့ ဆိုလို၏။)

၇။ သတ္တ ပဥှာ သတ္တ ဥဒ္ဒေသာ သတ္တ ဝေယျာကရဏာ**နီတိ** ဣတိ ခေါ ပနေ+တံ ဝုတ္တံ၊ ကိဉ္စေ+တံ ပဋိစ္စ ဝုတ္တံ။

သိလိုတဲ့ အကြောင်းအရာ ပြဿနာ ခုနစ်ခုတို့ ရှိကြတယ်။ (ဆိုတဲ့စကား)+ ယင်းသိလိုတဲ့ အကြောင်းအရာ ပြဿနာ ခုနစ်ခုတို့ကို အကျဉ်းချုပ် ညွှန်ပြမှု=ဥဒ္ဒေသ ခုနစ်ပါးတို့ ရှိကြတယ်(ဆိုတဲ့စကား)+ အဖြေ=ဝေယျာကရဏ်းခုနစ်ပါးတို့ ရှိကြတယ်(ဆိုတဲ့စကား) ရှိတယ်။ အဘယ်ကို ရည်ရွယ်ပြီး ဤစကားကို ငါဘုရားဟောကြားအပ်သလဲ– လို့ မေးလျှင် (အဲဒီ အမေးရဲ့ အဖြေအကျယ်က ဟောဒီလိုတဲ့၊ ဘယ်လိုလဲ ဆိုလျှင်)–

သတ္တသု ဘိက္ခဝေ ဓမ္မေသု ဘိက္ခု သမ္မာ နိဗ္ဗိန္ဒမာနော သမ္မာ ဝိရဇ္ဇမာနော သမ္မာ ဝိမုစ္စမာနော သမ္မာ ပရိယန္တ ဒဿာဝီ သမ္မဒတ္ထံ အဘိသမေစ္စ ဒိဋ္ဌေဝ ဓမ္မေ ဒုက္ခဿန္တကရော ဟောတိ။

http:\\www.dhammadownload.com



ရဟန်းတို့...ယောဂါဝစရ ရဟန်းသည် ခုနစ်ပါးသော တရားတို့၌ ငြီးငွေ့တဲ့=နိဗ္ဗိဒါဉာဏ် ရင့်သန်အောင် တပ်ခြင်းကင်းတဲ့=ဝိရာဂဉာဏ် ရင့်သန်အောင် လွတ်မြောက်လိုတဲ့= မုစ္စိတုကမျတာဉာဏ် ရင့်သန်အောင် ဒီတရားခုနစ်ပါးတို့ရဲ့ အပိုင်းအခြားကို သိအောင် ကြိုးကုတ်အားထုတ်လျှင် မဖောက်မပြန် မှန်ကန်တဲ့ သစ္စာလေးပါး တရားကို မဂ်ဉာဏ်လေးပါးဖြင့် ဆင့်ကာဆင့်ကာ ပိုင်းပိုင်းခြားခြား သိပြီးလျှင် မျက်မှောက်ဘဝ=ပစ္စက္ခ၌ သံသရာ ဝဋ်ဒုက္ခအဆုံးကို ပြုတဲ့ပုဂ္ဂိုလ် ဖြစ်လေတော့သည်။

ကတမေသု သတ္တသု=အဘယ်မည်သော တရားခုနစ်ပါးတို့၌လဲ (ဆိုတော့) (အဖြေက)–သတ္တသု ဝိညာဏဋ္ဌိတီသု=ဝိညာဏဋ္ဌိတိ ခုနစ်ပါးလို့ ခေါ်တဲ့–

(၁) နာနတ္တကာယ နာနတ္တသညီသတ္တဝါ+

(၂) နာနတ္တကာယ ဧကတ္တသညီသတ္တဝါ+

(၃) ဧကတ္တကာယ နာနတ္တသညီသတ္တဝါ+

(၄) ဧကတ္တကာယ ဧကတ္တသညီသတ္တဝါ+

(၅+၆+၇) ဧကတ္တသညီသတ္တဝါ ၃–မျိုး ဤဝိညာဏဋ္ဌိတိ ခုနစ်ပါးတို့၌ နစ်နစ်ကာကာ သိရမှာဖြစ်တယ်။ (ဤဝိညာဏဋ္ဌိတိ ခုနစ်ပါး အဓိပ္ပာယ်ကို ဆက်၍ ဖော်ပြပါမည်။ တစ်နည်းဆိုလျှင်–) ဝိညာဏဋ္ဌိတိ ခုနစ်ပါးတို့ကို ဝိပဿနာဉာဏ် ဆယ်ဆင့်ဖြင့် ပိုင်းပိုင်းခြားခြား သိရမယ်။ ပိုင်းပိုင်းခြားခြားသိလျှင် မျက်မှောက်ဘဝမှာပင် သံသရာဝဋ်ဒုက္ခ အဆုံးသို့ ရောက်တယ်" (ဤသို့ ဆိုလို၏။)

http:\\www.dhammadownload.com



## ဝိညာဏဋ္ဌိတိခုနစ်ပါးအကြောင်း

(၁) နာနတ္တကာယ နာနတ္တသညီသတ္တဝါ=လူ+အချို့သော နတ်+ အချို့သော ဝိနိပါတိ အသူရကာယ် သတ္တဝါများကို ခေါ်သည်။ (၁) လူများ စကြဝဠာအနန္တ၌ ရှိသမျှသော လူတို့သည် အဆင်း+ ပုံပန်းသဏ္ဌာန် စသည်အားဖြင့် ထပ်မျှတူသော လူ–ဟူ၍ မရှိကြ၊ အမြွှာပူးမွေးကြသော လူတို့ပင်သော်လည်း ကြည့်ပုံရှုပုံ ပြောဆိုပုံ သွားပုံ ရပ်ပုံ စသည်ချင်း မတူကြပါချေ။ ထို့ကြောင့် လူများကို နာနတ္တကာယ=ရုပ် ကိုယ်ကာယချင်း ကွဲပြားကြသော သတ္တဝါများဟု ခေါ်ဆိုရသည်။ ထို လူသားတို့၏ ပဋိသန္ဓေ စိတ်ဝိညာဏ်မှာလည်း တချို့တိဟိတ်၊ တချို့ ဒွိစိတ် တချို့ကုသလဝိပါက် အဟိတ်စိတ်ဖြင့် ပဋိသန္ဓေစိတ်ချင်း ကွဲပြား ကြသော သတ္တဝါများဟု ခေါ်ဆိုရသည်။

(ခ) အချို့သော နတ်=စကြဝဠာ၌ ရှိသမျှသော ကာမာဝစရ နတ်ဘုံခြောက်ထပ် နတ်တို့သည်လည်း အချို့မှာ အညိုရောင်၊ အချို့ မှာ အဝါရောင်စသည် ကိုယ်ရောင်အဆင်း ရှိကြ၍ ပဋိသန္ဓေစိတ် ဝိညာဏ်မှာ တချို့ဒွိဟိတ်၊ တချို့တိဟိတ်စိတ်ဖြင့် ပဋိသန္ဓေတည် နေကြသောကြောင့် နာနတ္တကာယ+နာနတ္တသညီ=ရုပ်ကိုယ်ချင်း+ ပဋိသန္ဓေစိတ် ဝိညာဏ်ချင်း ကွဲပြားကြသော သတ္တဝါများဟု ခေါ်ဆိုရသည်။

(ဂ) အချို့သော ဝိနိပါတိက အသူရကာယ် သတ္တဝါများ ဟူသည်မှာ –(ငရဲ+တိရစ္ဆာန်+ပြိတ္တာ+အသူရကာယ်) အပါယ်ဘုံမှ အလွတ်ဖြစ်ကြသော ဥတ္တရမာတာဘီလူးမ၊ ပိယင်္ကရမာတာ၊ ဖုဿမိတ္တာ၊ ဓမ္မဂုတ္တာ အစရှိသည့် အခြားသော ဝေမာနိက (နေ့စံ+ ညည့်ခံ) ပြိတ္တာများ ဖြစ်ကြသည်။ ဤဝေမာနိက ပြိတ္တာတို့မှာ အဝါ+ အဖြူ+အမည်းစသော အဆင်းအားဖြင့် လည်းကောင်း၊ အဆူ+အကြုံ +အရပ်တို+ရှည်အားဖြင့် လည်းကောင်း၊ ကိုယ်ခန္ဓာအမျိုးမျိုး ရှိကြ

http:\\www.dhammadownload.com



သည်။ ပဋိသန္ဓေ စိတ်ဝိညာဏ်မှာလည်း လူသားတို့ကဲ့သို့ တချို့ ဒွိစိတ်၊ တချို့တိဟိတ်၊ တချို့ အဟိတ်စိတ်ဖြင့် ပဋိသန္ဓေ တည်နေကြသောကြောင့် နာနတ္တကာယ+နာနတ္တသညီ=ရုပ်ကိုယ်ချင်း+ပဋိသန္ဓေ စိတ်ဝိညာဏ်ချင်း ကွဲပြားကြသော သတ္တဝါများဟု ခေါ်ဆိုရသည်။ (အထူးမှာ)–ဝိနိပါတိက အသူရာတို့ကား နတ်များကဲ့သို့ တန်ခိုးမကြီးကြ၊ ဆင်းရဲသား လူများကဲ့သို့ တန်ခိုးနည်းပါး အဝတ်+အစားရှားပြီး ဆင်းရဲနွမ်းပါးကြသည်။ တချို့ လဆုတ်ပက္ခ၌ ဆင်းရဲ+လဆန်းပက္ခ၌ ချမ်းသာကြသည်။ သို့ရကား ချမ်းသာသုခမှ ဖရိဖရဲ ကြသောကြောင့် ဝိနိပါတိက အသူရာ မည်ကြလေသည်။ ထိုဝိနိပါတိက အသူရာတို့တွင် ပိယင်္က ရမာတု အသူရာ စသည်တို့ကဲ့သို့ တိဟိတ်ပဋိသန္ဓေ တည်သူတို့သည် သစ္စာလေးပါးသိမြင် ကျွတ်တမ်းဝင်နိုင်ကြသည်။ (ဤကား အထူးမှတ်ရန်တည်း)။

(၂) နာနတ္တကာယ ဧကတ္တသညီ သတ္တဝါ=ဗြဟ္မပါရိသဇ္ဇာ၊ ဗြဟ္မပုရောဟိတာ၊ မဟာဗြဟ္မာတည်းဟူသော ရူပါဝစရ ပဌမဘုံသုံးဘုံသား ဗြဟ္မာများကိုလည်းကောင်း၊ ငရဲ+တိရစ္ဆာန်+ပြိတ္တာ အသူရကာယ် အပါယ်ဘုံသားတို့ကိုလည်းကောင်း၊ ရုပ်ကိုယ်ကာ ချင်း မတူကြဘဲ ပဋိသန္ဓေစိတ် ဝိညာဏ်ချင်း တူကြသောကြောင့် နာနတ္တကာယ ဧကတ္တသညီ သတ္တဝါများ ဟု ခေါ်ဆိုရသည်။

ရှင်းလင်းချက်

ပဌမဈာန်ဘုံသား ဗြဟ္မာများတွင် ဗြဟ္မပါရိသဇ္ဇာ ဗြဟ္မာများမှာ အားနည်းသော ပဌမဈာန်ကုသိုလ်၊ ဗြဟ္မပုရောဟိတ ဗြဟ္မာ အလယ်အလတ်ဖြစ်သော ပဌမဈာန်ကုသိုလ်၊ မဟာဗြဟ္မာတို့မှာ အမြတ်ဆုံးသော ပဌမဈာန်ကုသိုလ်ကြောင့် သေသီးဖြစ်ကြပြီးလျှင် အသက်တမ်းမှာလည်း ဗြဟ္မပါရိသဇ္ဇာ ဗြဟ္မာတို့မှာ အန္တရကပ်

http:\\www.dhammadownload.com



နှစ်ဆယ့်တစ်ကပ်၊ ဗြဟ္မပုရောဟိတ ဗြဟ္မာတို့မှာ အန္တရကပ် သုံးဆယ့်နှစ်ကပ်၊ မဟာဗြဟ္မာတို့မှာ အန္တရကပ် ခြောက်ဆယ့်လေးကပ် တည်းဟူသော အသင်္ချေယျ ကပ်တစ်ကပ် အသက်ရှည်ကြကုန်၏။

အထူးအားဖြင့်–

ဤနာနတ္တကာယ ဧကတ္တသညီ သတ္တဝါစာရင်းဝယ် ပါဠိတော်၌ အပါယ်လေးဘုံ မပါရှိသော်လည်း (က) ငရဲဘုံသားတို့မှာ တချို့ဂါဝုတ် မျှ၊ တချို့ ဂါဝုတ်ဝက်မျှ၊ တချို့ တစ်ယူဇနာမျှ ရှိကြသည်။ (ဒေဝဒတ်၏ ပြိတ္တာဘဝ ကိုယ်ခန္ဓာမှာ ယူဇနာ ၁၀၀ ရှိသည်။) (ခ) တိရစ္ဆာန်တို့မှာ တချို့ငယ်၍ တချို့ကြီး၊ အဆင်းအမျိုးမျိုး ရှိကြသည်။ (ဂ) ပြိတ္တာဘုံသားတို့မှာလည်း တချို့အတောင် ခြောက်ဆယ်မျှ၊ တချို့အတောင် ရှစ်ဆယ်မျှ ရှိ၍ တချို့အဆင်းလှ+တချို့ အဆင်း မလှ ဖြစ်ကြသည်။ (ဃ) အသူရကာယ် ဘုံသားတို့မှာလည်း ပြိတ္တာတို့နည်းတူ ခန္ဓာကိုယ် ရှိကြပြီး အထူးအားဖြင့် ဒီဃပိဋ္ဌိကခေါ်သော ပြိတ္တာတို့မှာ ခန္ဓာကိုယ် ပမာဏ ယူဇနာခြောက်ဆယ်ခန့်တို့လည်း ရှိကြသည်။ ပဋိသန္ဓေ စိတ်သညာမှုကား အပါယ်ဘုံသား အားလုံးတို့ပင် အဟိတ် အကုသလ ဝိပါက် ဥပေက္ခာ သန္တီရဏ စိတ်ဖြင့်ချည်း ပဋိသန္ဓေ တည်နေကြသည်။ သို့ရကား အပါယ်လေးဘုံသားတို့လဲ (ရုပ်ကိုယ်ကာယချင်း မတူဘဲ ပဋိသန္ဓေ စိတ်ဝိညာဏ်ချင်း တူကြသောကြောင့်) နာနတ္တကာယ ဧကတ္တသညီ ဝိညာဏဋ္ဌိတိ၌ ထည့်သွင်းရမည်ဟု အဋ္ဌကထာ၌ အထူး ဖော်ပြအပ်သည်။

(၃) ဧကတ္တကာယ နာနတ္တသညီ သတ္တဝါဟူသည်မှာ ပရိတ္တာဘာ၊ အပ္ပမာဏာဘာ၊ အာဘဿရာတည်းဟူသော ရူပါဝစရ ဒုတိယဈာန် သုံးဘုံသား ဗြဟ္မာများကို (ရုပ်ကိုယ်ချင်းတူ၍ ပဋိသန္ဓေ စိတ်ဝိညာဏ်ချင်း မတူကြသောကြောင့်) ဧကတ္တကာယ ဧကတ္တသညီ

http:\\www.dhammadownload.com



သတ္တဝါများဟု ခေါ်ဆို ရသည်။

ရှင်းလင်းချက်–

ဒုတိယဈာန်ဘုံသား ဗြဟ္မာများတွင် ပရိတ္တာဘာဘုံသား ဗြဟ္မာများမှာ အားနည်းသော ရူပါဝစရ ဒုတိယဈာန် ကုသိုလ်ကံ၊ အားနည်းသော ရူပါဝစရ တတိယဈာန်ကုသိုလ်တို့တွင် တစ်ပါးပါး ကြောင့် ဖြစ်ပြီးလျှင် အသက်တမ်းမှာ မဟာကပ်နှစ်ကပ် အသက်ရှည် ကြကုန်၏။ အပ္ပမာဏာဘုံသား ဗြဟ္မာများမှာ အလယ်အလတ်ဖြစ် သော ရူပါဝစရ ဒုတိယဈာန် ကုသိုလ်ကံ၊ အလယ်အလတ်ဖြစ်သော ရူပါဝစရ တတိယဈာန်ကုသိုလ်ကံတို့တွင် တစ်ပါးပါးကြောင့် ဖြစ်ပြီး လျှင် အသက်တမ်းမှာ မဟာကပ်လေးကပ် အသက်ရှည်ကြကုန်၏။ အာဘဿရာဘုံသား ဗြဟ္မာများမှာ အမြတ်ဆုံးဖြစ်သော ရူပါဝစရ ဒုတိယကုသိုလ်ကံ၊ အမြတ်ဆုံးဖြစ်သော ရူပါဝစရ တတိယဈာန် ကုသိုလ်ကံတို့တွင် တစ်ပါးပါးကြောင့် ဖြစ်ပြီးလျှင် အသက်တမ်းမှာ မဟာကပ် ရှစ်ကပ် အသက်ရှည်ကြကုန်၏။ (ပါဠိတော်၌ ဥက္ကဋ္ဌ နည်းအားဖြင့် ဘာဘဿရဗြဟ္မာ့ဘုံကို ဟောတော်မူသည်။ ဒုတိယ ဈာန် သုံးဘုံလုံးကို ယူရမည်။) ထို ဒုတိယဈာန်သုံးဘုံလုံးရှိ ဗြဟ္မာတို့မှာ ကိုယ်ကာယပုံပန်းချင်း တူကြ၍ ပဋိသန္ဓေစိတ်ဝိညာဏ်ကာသာ တချို့ မှာ ဒုတိယဈာန်ဝိပါက်စိတ်၊ တချို့မှာ တတိယဈာန်ဝိပါက်စိတ် ဤသို့ ကွဲပြားကြသောကြောင့် ဧကတ္တကာယ နာနတ္တသညီ ဝိညာဏဋ္ဌိတိ မည်ကြကုန်၏။ ။

(၄) ဧကတ္တကာယဧကတ္တသညီ သတ္တဝါမှာ ပရိတ္တသုဘာ၊ အပ္ပမာဏသုဘာ၊ သုဘကိဏှာ တည်းဟူသော ရူပါဝစရ တတိယ ဈာန်ဘုံ သုံးဘုံသား ဗြဟ္မာများကို (ရုပ်ကိုယ်ကာယချင်းလဲတူ+ ပဋိသန္ဓေ စိတ်ဝိညာဏ်ချင်းလဲ တူကြသောကြောင့်) ဧကတ္တ

http:\\www.dhammadownload.com



ကာယကေတ္တသညီ သတ္တဝါများဟု ခေါ်ဆိုရသည်။

ရှင်းလင်းချက် –

ဤတတိယစျာန်ဘုံသား ဗြဟ္မာများကား ကိုယ်ရောင်ပြတ်၍ ပြတ်၍မကျဘဲ တစ်ခဲနက်ကိုယ်ရောင် တည်ရှိနေကြသည်။ အကြောင်းဖြစ်သော စတုတ္ထစျာန် ကုသိုလ်ကံကို ပရိတ္တ+မဇ္ဈိမ+အပ္ပမာဏအားသုံးမျိုးပြား၍ ဖြစ်ကြရသည်။ အသက်တမ်းမှာလဲပဲ ဘာဝနာသုံးပါးပွားစဉ်အတိုင်း မဟာကပ် တစ်ဆယ့်ခြောက်ကပ်+သုံးဆယ့်နှစ်ကပ်+ခြောက်ဆယ့်လေးကပ် အသီးအသီး အသက်ရှည်ကြသည်။ (အထူးမှတ်ရန်မှာ) = ဝေဟပ္ဖိုလ်ဘုံသား ဗြဟ္မာများသည် ဤ စတုတ္ထ (ကေတ္တကာယကေတ္တသညီ) ဝိညာဏဋ္ဌိတိ၌ ပါဝင်၍ အသညသတ် ဗြဟ္မာတို့မှာမူ စိတ်ဝိညာဏ် မရှိကြသောကြောင့် ဤဝိညာဏ ဋ္ဌိတိ အရာ၌ မပါဝင်ကြသည်ကို မှတ်ရာ၏။ ။

(၅+၆+၇) ကေတ္တသညီ သတ္တဝါသုံးမျိုးအနက် (၅)အရကား "အနန္တော အာကာသော+အနန္တော အာကာသော"ဟု ထပ်တလဲလဲ ပွား၍ ရောက်အပ်သော အာကာသာနဉ္စာယတနဘုံသား ဗြဟ္မာကြီးများတည်း။ (၆) အရကား "အနန္တံ ဝိညာဏံ+အနန္တံ ဝိညာဏံ"ဟု ထပ်တလဲလဲ ပွား၍ ရောက်အပ်သော ဝိညာဏဉ္စာယတနဘုံသား ဗြဟ္မာကြီးများတည်း။ (၇)အရကား "နတ္ထိ ကိဉ္စိ+နတ္ထိ ကိဉ္စိ"ဟု ထပ်တလဲလဲ ပွား၍ ရောက်အပ်သော အာကိဉ္စညာယ တနဘုံသား ဗြဟ္မာကြီးများတည်း။

(ဝိညာဏဋ္ဌိတိခုနစ်ပါး မှတ်ဖွယ်ပြီး၏။)

(၈) အဋ္ဌ ပဉ္ဉာ အဋ္ဌ ဥဒ္ဒေသာ အဋ္ဌ ဝေယျာ ကရဏာနီတိ
ဣတိ ခေါ် ပနေ+တံ ဝုတ္တံ၊ ကိဉ္စေ+တံ ပဋိစ္စ ဝုတ္တံ။

http:\\www.dhammadownload.com



သိလိုတဲ့အကြောင်းအရာ ပြဿနာရှစ်ခုတို့ ရှိကြတယ် (ဆိုတဲ့စကား)+ယင်းသိလိုတဲ့ အကြောင်းအရာ ပြဿနာရှစ်ခုတို့ကို အကျဉ်းချုပ် ညွှန်ပြမှု=ဥဒ္ဒေသရှစ်ပါးတို့ ရှိကြတယ် (ဆိုတဲ့စကား)+ အဖြေ=ဝေယျာကရဏ်း ရှစ်ပါးတို့ ရှိကြတယ် (ဆိုတဲ့စကား) ရှိတယ်။ အဘယ်ကို ရည်ရွယ်ပြီး ဤစကားကို ငါဘုရား ဟောကြားအပ်သလဲ- လို့ မေးလျှင် (အဲဒီအမေးရဲ့ အဖြေအကျယ်က ဟောဒီလိုတဲ့၊ ဘယ်လိုလဲဆိုလျှင်)-

ကတမေသု အဋ္ဌသု=အဘယ်တရား ရှစ်ပါးတို့၌လဲ(ဆိုတော့) (အဖြေက) အဋ္ဌသု လောကဓမ္မေသု=လောကဓံတရား ရှစ်ပါးဆိုတဲ့ လာဘ၊ အလာဘ၊ ယသ၊ အယသ၊ နိန္ဒာ၊ ပသံသာ၊ သုခ၊ ဒုက္ခ ဤရှစ်ပါးတို့ကို နစ်နစ်ကာကာ သိရမှာဖြစ်တယ်၊ တစ်နည်းဆိုလျှင် လောကဓံ ရှစ်ပါးတို့ကို ဝိပဿနာ ဉာဏ်ဆယ်ဆင့်ခြင့် ပိုင်းပိုင်းခြားခြား သိရမယ်။ ပိုင်းပိုင်းခြားခြားသိလျှင် မျက်မှောက်ဘဝမှာပင် သံသရာဝဋ်ဒုက္ခ အဆုံးသို့ ရောက်တယ်" (ဤသို့ ဆိုလို၏။)

(အနည်းငယ် ထင်ရှားစေဦးအံ့)- လာဘဟူသည် မိမိရအပ်သော သက်ရှိ+သက်မဲ့ ခန္ဓာငါးပါးတို့ ဖြစ်သည်။ ထိုခန္ဓာငါးပါးတို့ကို ဉာဏ်ဖြင့်မြင်အောင် စဉ်းစားပြီး-

"လာဘော အနိစ္စော ဒုက္ခော အနတ္တာ၊ နေ+တံ မမ၊ နေ+သော+ဟ+မသ္မိ၊ န မေ သော အတ္တာ"

ဤကဲ့သို့ ရှုရမည် ဖြစ်ပါသည်။ ကျန်သော လောကဓံတရားတို့ကိုလည်း ထို့အတူပင် ပရမတ္ထအရကောက် တရားသားကို ဉာဏ်ဖြင့် မြင်အောင် စဉ်းစားပြီး ဝိပဿနာ ရှုရမည် ဖြစ်ပါသည်။

၉။ နဝ ပဉှာ နဝ ဥဒ္ဒေသာ နဝ ဝေယျာကရဏာနီတိ ဣတိ ခေါ ပနေ+တံ ဝုတ္တံ၊ ကိဉ္စေ+တံ ပဋိစ္စ ဝုတ္တံ။

http:\\www.dhammadownload.com



သိလိုတဲ့အကြောင်းအရာ ပြဿနာကိုးခုတို့ ရှိကြတယ် (ဆိုတဲ့ စကား+ယင်းသိလိုတဲ့ အကြောင်းအရာ ပြဿနာကိုးခုတို့ကို အကျဉ်းချုပ် ညွှန်ပြမှု=ဥဒ္ဒေသ ကိုးခုတို့ ရှိကြတယ် (ဆိုတဲ့စကား) + အဖြေ ဝေယျာကရဏ်းကိုးခုတို့ ရှိကြတယ် (ဆိုတဲ့စကား) ရှိတယ်။ အဘယ်ကို ရည်ရွယ်ပြီး ဤစကားကို ငါဘုရား ဟောကြားအပ်သလဲ-လို့ မေးလျှင် (အဲဒီအမေးရဲ့ အဖြေအကျယ်က ဟောဒီလိုတဲ့ ဘယ်လိုလဲ ဆိုလျှင်) -

နဝသု ဘိက္ခဝေ ဓမ္မေသု ဘိက္ခု သမ္မာ နိဗ္ဗိန္ဒမာနော သမ္မာ ဝိရဇ္ဇမာနော သမ္မာ ဝိမုစ္စမာနော သမ္မာ ပရိယန္တဒဿာဝီ သမ္မဒတ္ထံ အဘိသမေစ္စ ဒိဋ္ဌေဝ ဓမ္မေ ဒုက္ခဿန္တကရော ဟောတိ။

ရဟန်းတို့ . . .ယောဂါဝစရ ရဟန်းသည် ကိုးပါးသော တရားတို့၌ ငြီးငွေ့တဲ့=နိဗ္ဗိဒါဉာဏ် ရင့်သန်အောင်၊ တပ်ခြင်းကင်းတဲ့=ဝိရာဂဉာဏ် ရင့်သန်အောင်၊ လွတ်မြောက်လိုတဲ့= မုစ္စိတုကမျတာ ဉာဏ် ရင့်သန်အောင်၊ ဒီတရားကိုးမျိုးတို့ရဲ့ အပိုင်းအခြားကို သိအောင် ကြိုးကုတ်အားထုတ်လျှင် မဖောက်မပြန် မှန်ကန်တဲ့ သစ္စာလေးပါးတရားကို မဂ်ဉာဏ်လေးပါးဖြင့် ဆင့်ကာဆင့်ကာ ပိုင်းပိုင်းခြားခြား သိပြီးလျှင် မျက်မှောက်ဘဝ=ပစ္စက္ခ၌ သံသရာဝဋ်ဒုက္ခ အဆုံးကို ပြုတဲ့ပုဂ္ဂိုလ် ဖြစ်လေတော့သည်။

ကတမေသု နဝသု=အဘယ်တရား ကိုးပါးတို့၌လဲ (ဆိုတော့) (အဖြေက) နဝသု သတ္တာဝါသေသု="သတ္တာဝါသဘုံကိုး၀"လို့ ခေါ်ဆိုရတဲ့ (၁) နာနတ္တကာယနာနတ္တ သညီသတ္တာဝါသ-ဖြစ်တဲ့ လူ့ဘုံ+နတ်ပြည်နှင့် ဝိနိပါတိကာအသူရာဘုံ၊ (၂) နာနတ္တကာယ ဧကတ္တသညီ သတ္တာဝါသဖြစ်တဲ့ ရူပပထမစျာန်သုံးဘုံနှင့် အပါယ်လေးဘုံ၊ (၃)

http:\\www.dhammadownload.com



ကေတ္တကာယ နာနတ္တသညီ သတ္တာဝါသဖြစ်တဲ့ ရူပဒုတိယဈာန်သုံးဘုံ၊ (၄) ဧကတ္တကာယ ဧကတ္တသညီ သတ္တာဝါသဖြစ်တဲ့ ရူပါဝစရတတိယဈာန်သုံးဘုံနှင့် ဝေဟပ္ဖိုလ်ဖြဟ္မာ့ဘုံ၊ (၅) ကေတ္တကာယ သတ္တာဝါသဖြစ်တဲ့ အသညသတ်ဘုံ၊ (၆+၇+၈+၉) ဧကတ္တသညီ သတ္တာဝါသ လေးမျိုးဖြစ်တဲ့ အရူပါဝစရ ဗြဟ္မာဘုံလေးဘုံ=ဤကိုးပါးတို့ကို နစ်နစ်ကာကာ သိရမှာ ဖြစ်တယ်။ (တစ်နည်းဆိုလျှင်)- သတ္တဝါသ ဘုံကိုးဝမှာရှိတဲ့ ရုပ်တရား နာမ်တရား ရုပ်နာမ်တရားတို့ကို ဝိပဿနာ ဉာဏ်ဆယ်ဆင့်ဖြင့် ပိုင်းပိုင်းခြားခြား သိရမယ်။ ပိုင်းပိုင်းခြားခြားသိလျှင် မျက်မှောက်ဘဝမှာပင် သံသရာဝဋ်ဒုက္ခ အဆုံးသို့ ရောက်တယ်" (ဤသို့ ဆိုလို၏)။

၁၀။ ဒသ ပဉှာ ဒသ ဥဒ္ဒေသာ ဒသ ဝေယျာကရဏာ နီတိ
ဣတိ ခေါ ပနေ+ တံ ဝုတ္တံ၊ ကိဉ္စေ+တံ ပဋိစ္စ ဝုတ္တံ။

သိလိုတဲ့ အကြောင်းအရာ ပြဿနာဆယ်ခုတို့ ရှိကြတယ် (ဆိုတဲ့စကား) + ယင်းသိလိုတဲ့ အကြောင်းအရာ ပြဿနာ ဆယ်ခုတို့ကို အကျဉ်းချုပ် ညွှန်ပြမှု=ဥဒ္ဒေသ ဆယ်ခုတို့ ရှိကြတယ် (ဆိုတဲ့စကား)+ အဖြေဝေယျာကရဏ်း ဆယ်ခုတို့ ရှိကြတယ်(ဆိုတဲ့စကား) ရှိတယ်။ အဘယ်ကို ရည်ရွယ်ပြီး ဤစကားကို ငါဘုရား ဟောကြားအပ်သလဲ-လို့ မေးလျှင် (အဲဒီ အမေးရဲ့ အဖြေအကျယ်က ဟောဒီလိုတဲ့ ဘယ်လိုလဲဆိုလျှင်) -

ဒသသု ဘိက္ခဝေ ဓမ္မေသု ဘိက္ခု သမ္မာ နိဗ္ဗိန္ဒမာနော သမ္မာ ဝိရဇ္ဇမာနော သမ္မာ ဝိမုစ္စမာနော သမ္မာ ပရိယန္တဒဿာဝီ သမ္မဒတ္ထံ အဘိသမေစ္စ ဒိဋ္ဌေဝ ဓမ္မေ ဒုက္ခဿန္တကရော ဟောတိ။

ရဟန်းတို့...ယောဂါဝစရ ရဟန်းသည် ဆယ်ပါးသော

http:\\www.dhammadownload.com



တရားတို့၌ ငြီးငွေ့တဲ့= နိဗ္ဗိဒါဉာဏ် ရင့်သန်အောင် တပ်ခြင်းကင်းတဲ့ ဝိရာဂဉာဏ် ရင့်သန်အောင် လွတ်မြောက်လိုတဲ့ မုစ္စိတုကမျတာဉာဏ် ရင့်သန်အောင် ဒီတရားဆယ်မျိုးတို့ရဲ့ အပိုင်းအခြားကိုသိအောင် ကြိုးကုတ်အားထုတ်လျှင် မဖောက်မပြန် မှန်ကန်တဲ့ သစ္စာလေးပါး တရားကို မဂ်ဉာဏ်လေးပါးဖြင့် ဆင့်ကာဆင့်ကာ ပိုင်းပိုင်းခြားခြား သိပြီးလျှင် မျက်မှောက်ဘဝ=ပစ္စက္ခ၌ သံသရာဝဋ် ဒုက္ခအဆုံးကို ပြုတဲ့ပုဂ္ဂိုလ် ဖြစ်လေတော့သည်။

ကတမေသု ဒသသု=အဘယ်တရား ဆယ်ပါးတို့၌လဲ (ဆိုတော့) (အဖြေက) ဒသသု အကုသလေသု ကမ္မပထေသု=အကုသိုလ် ကမ္မပထ တရားဆယ်ပါးဆိုတဲ့ ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသု မိစ္ဆာစာရ (ကာယကံသုံးပါး)၊ မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ (ဝစီကံလေးပါး)၊ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ (မနောကံ သုံးပါး)=ဤ အကုသိုလ် ကမ္မပထတရား ဆယ်ပါးတို့ကို နစ်နစ် ကာကာ သိရမှာ ဖြစ်တယ်။ (တစ်နည်းဆိုလျှင်) - ဤအကုသိုလ် ကမ္မပထတရား ဆယ်ပါးတို့ကို ဝိပဿနာဉာဏ် ဆယ်ဆင့်ဖြင့် ပိုင်းပိုင်း ခြားခြား သိရမယ်။ ပိုင်းပိုင်းခြားခြား သိလျှင် မျက်မှောက်ဘဝမှာပင် သံသရာဝဋ်ဒုက္ခအဆုံးသို့ ရောက်တယ်" (ဤသို့ ဆိုလို၏)။ (ဤတွင် ပဉ္စမဒသပဉ္ဟာသုတ် ပြီး၏)။ ။

ဤသုတ္တန်လာ ပြဿနာ ဆယ်ချက်ကို စိတ္တသေဋ္ဌေးက နိဂဏ္ဌနာဋပုတ္တတက္ကဒွန်းကို မေးရာ လုံးဝမဖြေနိုင်သဖြင့် စိတ္တသေဋ္ဌေး က "အဲဒီပြဿနာ ၁၀ ချက်၏ အနက်အဓိပ္ပာယ်ကို ဖြေကြားနိုင်လျှင် ကြွခဲ့ပါ။ လှလှကြီးကိုးကွယ်ပါမည်"ဟု ဆိုပြီး ရှိမခိုးဘဲ နေရာမှထ၍ ပြန်သွားလေသည်။ နာဋပုတ္တလဲ ပြန်မလာပါ။ ။

နိဂဏ္ဌနာဋပုတ္တသုတ်နှင့်စပ်၍ မှတ်ဖွယ်ပြီး၏။

http:\\www.dhammadownload.com



## စိတ္တသံယုတ်(၉) အစေလကဿပသုတ် တရားတော်

စိတ္တသံယုတ်မှ သုတ္တန်ပေါင်း ၁၀–သုတ်ရှိတဲ့အနက် (၈)ရှစ်သုတ် ဟောပြီးခဲ့ပြီ။ ယနေ့ (၉)ကိုးခုမြောက်ဖြစ်တဲ့ အစေလကဿပသုတ်ကို ဟောဖို့ အလှည့်အကြိမ် ရောက်ရှိခဲ့ပါပြီ၊ သုတ္တန်ကို စကြပါစို့။

တေန ခေါ ပန သမယေန အစေလော ကဿပေါ မစ္ဆိကာသဏ္ဍံ အနုပ္ပတ္တော ဟောတိ စိတ္တဿ ဂဟပတိနော ပုရာဏဂိဟိသဟာယော။

ဤသုတ္တန် ဖြစ်ပေါ်လာမည့်အချိန်မှာ မစ္ဆိကာသဏ္ဍာနိဂုံးနေ စိတ္တသေဌေး၏ ရှေးလူဖြစ်စဉ်အခါ အလွန်ရင်းနှီးသူ သူငယ်ချင်းဖြစ်တဲ့ အဝတ်မလွှမ်း "ကဿပ" ခေါ်တဲ့ တက္ကဒွန်းဟာ သူ့သူငယ်ချင်း စိတ္တသေဌေးရှိရာ မစ္ဆိကာသဏ္ဍာနိဂုံးကို ရောက်ရှိလာတယ်။

ဣန္ဒိယမှာ အယူဖောက်ပြန်တဲ့ လူတွေက အဝတ်မဝတ်တာသည်ပင် အင်မတန် ကောင်းတဲ့ အကျင့်လို့ ထင်မှတ်ကြတယ်။ ခေါင်းရိတ်ပြန်လျှင်လည်း ဆံပင်ကို ထန်းစေ့မှုတ်နဲ့ မွေးညှပ်နဲ့ ညှပ်ပြီး ဆွဲနုတ်ကြတယ်။ အဲဒီလို ဆင်းရဲအောင် ပြုကျင့်ခြင်းကိုပင် သူတို့အဖို့ရာ "ပဗ္ဗဇ္ဇ=ရဟန်းအကျင့်" လို့ အယူဖောက်ပြား များရှာကြတယ်။

အစေလကဿပတက္ကဒွန်း မစ္ဆိကာသဏ္ဍနိဂုံးသို့ ရောက်တယ်လို့ သတင်းကြားတော့ စိတ္တသေဌေး အစေလကဿပထံ သွားပြီး ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက် စကားပြောကြား၍ အပြစ်လွတ်ရာက ထိုင်နေပြီး –

ကီဝစိရံ ပဗ္ဗဇိတဿ ဘန္တေ ကဿပ။

အရှင်ကဿပ...အရှင်ဘုရား ရဟန်းဖြစ်တာ မည်မျှကြာပြီလဲ (လို့ မေးတယ်)။

အစေလကဿပက –

http:\\www.dhammadownload.com



**တိံသမတ္တာနိ ခေါ မေ ဂဟပတိ ဝဿာနိ ပဗ္ဗဇိတဿ။**

ဒါယကာ စိတ္တသဋ္ဌေး ... ငါ့အဖို့ရာ ရဟန်းပြုခဲ့သည်မှာ နှစ်ပေါင်းသုံးဆယ်မျှ ရှိခဲ့ပြီ (ဤကဲ့သို့ ဖြေတယ်)။

**တစ်ဖန် စိတ္တသဋ္ဌေးက–**

**ဣမေဟိ ပန တေ ဘန္တေ တိံသမတ္တေဟိ ဝဿေဟိ ပဗ္ဗဇိတဿ အတ္ထိ ကောစိ ဥတ္တရိမနုဿဓမ္မော အလမရိယ ဉာဏဒဿနဝိသေသော အဓိဂတော ဖာသုဝိဟာရောတိ။**

အရှင်ဘုရား...ဤ နှစ်ပေါင်းသုံးဆယ်မျှ **ကြာအောင်** ရဟန်း ပြုခဲ့သော အရှင်ဘုရား၏ အဖို့ရာ ချမ်းသာစွာ နေနိုင်**ကြောင်း** လူတို့၏ ကသိုလ်တရားထက် သာလွန်တဲ့ အရိယာမဂ်ဉာဏ်**အထူးကို** ရအပ် တာများ ရှိပါသလား (ဟု မေးလျှောက်လေသည်)။

ထိုအခါ အစေလကဿပက–

**ဣမေဟိ ခေါ မေ ဂဟပတိ တိံသမတ္တေဟိ ဝဿေဟိ ပဗ္ဗဇိတဿ နတ္ထိ ကောစိ ဥတ္တရိမနုဿဓမ္မော၊ အလမရိယ ဉာဏဒဿနဝိသေသော အဓိဂတော ဖာသုဝိဟာရော အညတြ နဂ္ဂေယျာ စ မုဏ္ဍေယျာ စ ပါဝဠနိပ္ဖောဋနာယ စ။**

ဒါယကာစိတ္တသဋ္ဌေး...ဤနှစ်ပေါင်းသုံးဆယ်မျှ ကြာ အောင် ရဟန်းပြုခဲ့ရသော ငါ့အဖို့ရာ အဝတ်မဝတ်ရခြင်း၊ ဆံချတဲ့အခါ မှာ **မွေးညှပ်+ထန်းစေ့မှုတ်တို့ဖြင့်** ညှပ်၍ ဆင်းရဲစွာ ဆံချရခြင်း၊ အဝတ်မပါ **မြေမှာထိုင်ရ၍** ကိုယ်၌ လိမ်းကပ်နေသည့် မြူမှုန်ဖုန်ကို ခါရခြင်း**ကလွဲ၍** ချမ်းသာစွာ နေနိုင်ကြောင်း လူတို့၏ ကသိုလ်တရား ထက် **သာလွန်တဲ့** အရိယမဂ်ဉာဏ် အထူးကို ရအပ်တာများ တစိုးတစိ မျှ မရှိပါချေ။ (ဤကဲ့သို့ ဖြေဆိုသည်)။

**ဤ၌ မှတ်ဖွယ်ကို ပြဦးအံ့ –**

http:\\www.dhammadownload.com



ဗုဒ္ဓမြတ်စွာ သာသနာက "သာသနာဟူသော စကား၊ ပဗ္ဗဇိတ =ရဟန်းပြုသည် ဆိုသောစကား" ဤသို့စသော ဝေါဟာရစကားတွေကို သာသနာပြင်ပ အယူရှိတဲ့ ပုဂ္ဂိုလ်တွေ **အလွန်နှစ်**သက်ကြတယ်။ ဗုဒ္ဓဘာသာ အယူဝါဒကို မနှစ်သက် **လက်မခံမယူ**ကြသော်လဲ သာသနာဆိုတဲ့ ဝေါဟာရ+ပဗ္ဗဇိတ=ရဟန်းပြုခြင်းဆိုတဲ့ ဝေါဟာရတို့ကို အခြားအယူဝါဒသမားတို့က နှစ်သက်စွာ ခေါ်ဆိုသုံးစွဲကြသည်။

ဗုဒ္ဓမြတ်စွာ သာသနာက အဘိဓမ္မာလို့ ဆိုလိုက်တော့ လူ့ပြည်လောက လူတွေကလဲပဲ အဘိဓမ္မာတဲ့ +ရုပ်အဘိဓမ္မာတဲ့ +နာမ်**အဘိဓမ္မာ**တဲ့+နိုင်ငံရေးအဘိဓမ္မာတဲ့၊ တစ်မိုးလုံး ဖျောက်ဆိပ်ကျနေ**တာပဲ။ ဘုန်းကြီး** ကဲ့ရဲ့ရှုတ်ချတာ မဟုတ်ပါဘူး။ ဗုဒ္ဓကိုယ်တော်ရဲ့ **တရားတွေဟာ** တရားကိုယ်=တရားသားကို မဆိုထားနဲ့ အမည်နာမကိုတောင်မှ အယူဝါဒမတူသော ပုဂ္ဂိုလ်များ နှစ်သက်ကြသည်ကို ပြောလိုပါတယ်။ ယခုလဲ အစေလကဿပ–"နှစ်ပေါင်းသုံးဆယ်ကြာအောင် ရဟန်းပြုခဲ့ရသော ငါ့အဖို့ရာ" လို့ သူ့ကိုယ်သူ "ပဗ္ဗဇိတ=ရဟန်းပြုခဲ့သည်"ဟု ပြောဆိုခြင်း ဖြစ်သည်။

သာသနာက ရဟန်းများအဖို့ သစ်ပင်ရင်း **စသည်**မြေ၌ ထိုင်သောအခါ နေရာထိုင်+(နေရာထိုင်မရှိက) သစ်ရွက်များကို ခင်း၍ထိုင်ရ သည်။ အစေလကဿပအဖို့ရာ မြေ၌သာ ထိုင်ရသောကြောင့် "တင်ပါး၌ ကပ်သည့် ဖုန်မြူမှုံတို့ကို ခါထုတ်ရခြင်း ဒုက္ခ" ပိုသည်။ (ဤကား မှတ်ဖွယ်)။

## သူငယ်ချင်းနှစ်ဦး တရားဆွေးနွေးခန်း

ဤကဲ့သို့ အစေလကဿပ တက္ကဒွန်းက မိမိ၏ အဖြစ်သနစ်ကို ပြန်လည်ဖြေကြား ပြောဆိုလတ်သောအခါ–

စိတ္တသေဋ္ဌေးက –

http:\\www.dhammadownload.com



အစ္ဆရိယံ ဝတ ဘော၊ အဗ္ဘုတံ ဝတ ဘော ဓမ္မဿ သွာက္ခာတတာ၊ ယတြ ဟိ နာမ တိံသမတ္တေဟိ ဝဿေဟိ ပဗ္ဗဇိတဿ န ကောစိ ဥတ္တရိမနုဿ ဓမ္မာ အလမရိယဉာဏဒဿနဝိသေသော အဓိဂတော အဘာဝိဿ ဖာသုဝိဟာရော အညတြ နဂ္ဂေယျာ စ မုဏ္ဍေယျာ စ ပါဝဠနိပ္ဖောဋနာယ စ။

နှစ်ပေါင်းသုံးဆယ်မျှ ကြာအောင် ရဟန်းပြုခဲ့ရပါလျက် အဝတ်မဝတ်ရခြင်း၊ ဆံချတဲ့အခါမှာ မွေးညှပ်+ထန်းစေ့မှုတ်တို့ဖြင့် ညှပ်၍ ဆင်းရဲစွာ ဆံချရခြင်း၊ အဝတ်မပါ မြေမှာ ထိုင်ရ၍ ကိုယ်၌ လိမ်းကပ်နေသည့် မြူမှုန်ဖုန်ကို ခါရခြင်းကလွဲ၍ ချမ်းသာစွာ နေနိုင်ကြောင်း၊ လူတို့၏ ကုသိုလ်တရားထက် သာလွန်တဲ့ အရိယမဂ်ဉာဏ် အထူးကို ရအပ်တာများ တစိုးတစိမျှ မရှိတာကြောင့် (မရှိတုံရကား:)– အို–အရှင်ကဿပတို့ရဲ့ တရားကောင်းစွာ ဟောကြားအပ်ပုံက လက်ဖျစ်တီး အံ့ချီး ထိုက်ပါပေစွ။ အို...မဖြစ်စဖူး အထူးဖြစ်ပါပေစွ– (ဤကဲ့သို့ ချီးမွမ်းသည့် အယောင်ဖြင့် ကဲ့ရဲ့စကား ပြောကြားသောအခါ)–

ကဿပတက္ကဒွန်းက–

တုယှံ ပန ဂဟပတိ ကိံစိရံ ဥပါသကတ္တံ ဥပဂတဿ။

ဒါယကာ စိတ္တသေဌေး...သင့်အဖို့ရာ သရဏဂုံခံ၍ ဗုဒ္ဓဘာသာဝင် ဥပါသကာအဖြစ်သို့ ကပ်ရောက်ခဲ့သည်မှာ မည်မျှကာလ ကြာပြီလဲ။

ဤသို့ မေးသဖြင့် စိတ္တသေဌေးက–

မယှမ္ပိ ခေါ ဘန္တေ တိံသမတ္တာနိ ဝဿာနိ ဥပါသကတ္တံ ဥပဂတဿ။

http:\\www.dhammadownload.com



အရှင်ကဿပ...တပည့်တော်အဖို့ရာ သရဏဂုံခံ၍ ဗုဒ္ဓဘာသာဝင် ဥပါသကာ အဖြစ်သို့ ကပ်ရောက်ခဲ့သည်မှာလဲ နှစ်ပေါင်းသုံးဆယ်တို့မျှ ရှိခဲ့ပါပြီဘုရား ... (ဤသို့ ဖြေကြားလေသည်)။ ထိုအခါ–

ကဿပဝ ဘ္တဒ္ဒန်းက –

ကြမေဟိ ပန တေ ဂဟပတိ တိံသမတ္တေဟိ ဝဿေဟိ အတ္တိ ကောစိ ဥတ္တရိ မနုဿဓမ္မာ အလမရိယဉာဏဒဿန ဝိသေသော အဓိဂတော ဖာသုဝိဟာ ရော။

ဒါယကာစိတ္တသေဋ္ဌေး...သင့်အဖို့ရာ သရဏဂုံခံ၍ ဗုဒ္ဓဘာသာဝင် ဥပါသကာ အဖြစ်သို့ ကပ်ရောက်ခဲ့သည်မှာလဲ နှစ်ပေါင်းသုံးဆယ်တို့ မျှကြာ ကာလအတွင်းမှာ ချမ်းသာစွာ နေနိုင်ကြောင်း လူတို့၏ ကုသိုလ်တရားထက် သာလွန်တဲ့ အရိယမဂ်ဉာဏ် အထူးကို ရအပ်သည်များ တစိုးတစိ ရှိပါသလား (ဟု မေးမြန်းလေသည်)။

ထို အခါ စိတ္တသေဋ္ဌေးက–

ဂိဟိနောပိ သိယာ ဘန္တေ။

အရှင်ကဿပ...တရားသဖြင့် ဆုံးမရာ ဤဓမ္မဝိနယ သာသနာတော်မှာ လူဝတ်ကြောင်အဖို့ရာလဲပဲ အရိယမဂ်ဉာဏ်အထူးကို ရအပ်သည်များလဲ ဖြစ်နိုင်ပါတယ်။ (ဟု စကားပလ္လင် ခံပြီးလျှင်)–

အဟံ ဟိ ဘန္တေ ယာဝဒေဝ အာကင်္ခါမိ၊ ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသ လေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိ သုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရာမိ။ (အစရှိသည်ဖြင့်)

အရှင်ကဿပဘုရား ... တပည့်တော် အလိုရှိသလောက်

http:\\www.dhammadownload.com



ရှုပါ၀စရ ပဋ္ဌမဈာန်ကိုလဲ ဝင်စားနိုင်ပါတယ်။ (ပ) ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ကိုလဲ အလိုရှိသလောက် ဝင်စားပြီး နေနိုင်ပါတယ်။

သစေ ခေါ ပနာ+ဟံ ဘန္တေ ဘဂဝတော ပဌမတရံ ကာလံ ကရေယျံ။

အရှင်ကဿပဘုရား...အကယ်၍များ တပည့်တော်သည် မြတ်စွာဘုရားရဲ့ အလျှင်(အရင်)လက်ဦး စုတိပြတ်ကြွေ သေလွန်ခဲ့ပါလျှင်

အနစ္ဆရိယံ ခေါ ပနေ+တံ ယံ မံ ဘဂဝါ ဧဝံ ဗျာကရေယျ

"နတ္ထိ တံ သံယောဇနံ၊ ယေန သံယောဇနေန သံယုတ္တော စိတ္တော ဂဟပတိ ပုန ဣမံ လောကံ အာဂစ္ဆေယျာ"တိ။

တပည့်တော်ကို မြတ်စွာဘုရားက "အောက်ကာမဘုံကို ဆွဲဆောင်တတ်တဲ့ ဩရမ္ဘာဂိယ သံယောဇဉ်ငါးပါးရဲ့ ဆွဲဆောင်ချက်ကြောင့် စိတ္တသေဋ္ဌေး နောက်ထပ်တစ်ဖန် ဤကာမဘုံသို့ ပြန်လာဖို့ရန် ဆွဲဆောင်မည့် ထိုဩရမ္ဘာဂိယ သံယောဇဉ်လုံးဝမရှိချေ" ဟု မိန့်ကြားတော်မူလျှင် ထိုစကားသည် အံ့ဖွယ်မဟုတ်ပါ ဘုရား။

တပည့်တော်က ဘုရားရဲ့အလျဉ် (အယင်) သေလို့ မြတ်စွာဘုရားကများ "စိတ္တသေဋ္ဌေးမှာ ဤကာမဘုံသို့ ပြန်လာရမည့် သံယောဇဉ် လုံးဝမရှိ"ဟု မိန့်ခဲ့သော် ထိုစကားသည် တပည့်တော်အဖို့ အဆန်း မဟုတ်ပါဘူး ဘုရား။ တပည့်တော် သိပြီးသားပါဘုရား... ဤသို့ ဆိုလိုရင်း ဖြစ်သည်။

အစေလကဿပ တရားကျပြီ

ထိုသို့ စိတ္တသေဋ္ဌေးက မိမိအနာဂါမ် အရိယာဖြစ်ကြောင်း ဓမ္မဓိဋ္ဌာန်စကား ပွင့်ပွင့်လင်းလင်း ပြောကြားလိုက်သောအခါ အစေလ ကဿပက –

http:\\www.dhammadownload.com



အစ္ဆရိယံ ဝတ ဘော၊ အဗ္ဘုတံ ဝတ ဘော၊ ယတြ ဟိ နာမ ဂိဟီ ဩဒါတ ဝသနော ဗြဟ္မစရိယံ ဥတ္တရိမနုဿဓမ္မာ အလမရိယဉာဏဒဿန ဝိသေသံ အဓိဂမိဿတိ ဖာသုဝိဟာရံ။

ငါ့သူငယ်ချင်း စိတ္တသေဋ္ဌေးတို့ရဲ့ ဓမ္မဝိနယသာသနာမှာ လူဝတ်ကြောင်များကပင် ပကတိ လူတို့ကျင့်တဲ့ တရားထက် သာလွန်မြင့်မြတ်တဲ့ ချမ်းသာစွာ နေနိုင်ကြောင်း အရိယမဂ်ဉာဏ် **အထူးကို** ရရှိကြသည် ဖြစ်ပါပေ၏။ အိုး...သူငယ်ချင်းတို့ရဲ့ သာသနာမှာ ဓမ္မဝိနယတရား ဟောကြားထားပုံကား လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေစွ။ အိုး ... မဖြစ်စဖူး အထူးဖြစ်ပါပေစွ။ (ဤကဲ့သို့ ချီးမွမ်းပြီးလျှင်) –

လဘေယျာဟံ ဂဟပတိ ဣမသ္မိံ ဓမ္မဝိနယေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဥပသမ္ပဒံ။

ကျောင်းဒကာသေဋ္ဌေး...ငါသည် တရားသဖြင့် ဆုံးမရာ ဤဘုရားသာသနာ၌ ရှင်သာမဏေအဖြစ်ကို ရပါရစေ၊ ရဟန်း**အဖြစ်ကို** ရပါရစေ (ရအောင်ဆောင်ရွက်ပေးပါ)၊ (ဤကဲ့သို့ တောင်းပန်**ရှာလေ**သည်)။

**အထူးမှတ်ရန်**

ဤ၌ စိတ္တသေဋ္ဌေးက "မိမိမှာ ဤလူ့ပြည်သို့ ပြန်လာရမည့် သံယောဇဉ် လုံးဝမရှိ" ဟု ပြောခြင်းမှာ မိမိက အနာဂါမ်အရိယာ ဖြစ်သောကြောင့် **ဩ**ရမ္ဘာဂိယ သံယောဇဉ်ငါးပါး မရှိသည်ကို ပြောခြင်း ဖြစ်သည်။ **သံယော**ဇဉ်ဆယ်ပါးတို့တွင်–

(၁) သက္ကာယဒိဋ္ဌိသံယောဇဉ်

(၂) ဝိစိကိစ္ဆာသံယောဇဉ်

http:\\www.dhammadownload.com



(၃) သီလဗ္ဗတပရာမာသသံယောဇဉ်

(၄) ကာမစ္ဆန္ဒသံယောဇဉ်

(၅) ဗျာပါဒသံယောဇဉ်

ဤသံယောဇဉ်ငါးပါးတို့မှာ အောက်ကာမဘုံသို့ ဆွဲဆောင်တတ်သောကြောင့် ဩရမ္ဘာဂိယ သံယောဇဉ်မည်ကြောင်းနှင့်–

(က) ရူပရာဂ (ခ) အရူပရာဂ

(ဂ) မာန (ဃ) ဥဒ္ဓစ္စ

(င) အဝိဇ္ဇာ

ဤသံယောဇဉ်ငါးပါးတို့မှာ အထက်ဗြဟ္မာဘုံသို့ ဆွဲဆောင်တတ်သောကြောင့် ဥဒ္ဓမ္ဘာ ဂိယသံယောဇဉ်မည်ကြောင်းနဝကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော် (အံ၊ ၃၊ ၂၅၂)၌ မြတ်စွာဘုရား ဟောတော်မူသည်။

အရှင်ကဿပ ရဟန်းပြု၍ ရဟန္တာဖြစ်ခြင်း

ထို့နောက် စိတ္တသေဋ္ဌေးသည် ငယ်သူငယ်ချင်း အစေလကဿပကို မိမိတည်ဆောက် လှူဒါန်းထားသော "ငွေးချိုပင်တောရကျောင်းတိုက်"သို့ ပင့်ဆောင်သွားပြီး မထေရ်ကြီးများ ရှိရာသို့ သွား၍ မထေရ်ကြီးတို့ကို –

အယံ ဘန္တေ အစေလော ကဿပေါ အမှာကံ ပုရာဏဂိဟိသဟာယော၊ ဣမံ ထေရာ ပဗ္ဗာဇေန္တု ဥပသမ္ပာဒေန္တု။

အရှင်ဘုရား...ဤအစေလကဿပ တက္ကဒွန်းသည် တပည့်တော်တို့ရဲ့ ရှေးလူ့ဘဝတုန်းက ရင်းနှီးသော သူငယ်ချင်း ဖြစ်ပါတယ်ဘုရား၊ မထေရ်မြတ်တို့သည် ဤ အစေလကဿပကို ရှင်+ရဟန်း ပြုပေးတော်မူကြပါ။

http:\\www.dhammadownload.com



**အဟ+မဿ ဥဿုက္ကံ ကရိဿာမိ စီဝရ ပိဏ္ဍပါတ သေနာသန ဂိလာနပစ္စယ ဘေသဇ္ဇပရိက္ခာရာနံ။**

တပည့်တော် သူ့ရဲ့ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး=ပစ္စည်းလေးပါးတို့အတွက် ကြောင့်ကြစိုက် (တာဝန်ယူ) ပါမယ်" (ဤကဲ့သို့ တောင်းပန်လျှောက်ထားလေသည်။)

**အလတ္ထ ခေါ် အစေလော ကဿပေါ ဣမသ္မိံ ဓမ္မဝိနယေ ပဗ္ဗဇ္ဇံ၊ အလတ္ထ ဥပသမ္ပဒံ။**

တက္ကဒွန်းသည် ဤဓမ္မဝိနယ သာသနာတော်၌ ရှင်အဖြစ်၊ ရဟန်းအဖြစ်ကို ရလေပြီ။

ဤ၌ သာသနာပြင်ပ အယူရှိကြသူတို့ ဤဘုရားသာသနာ၌ ရဟန်းပြုလိုလျှင် (၄)လ ကြာအောင် တိတ္ထိယပရိဝါသ်နေပြီးမှ ရဟန်းပြုပေးရသည်။ သဒ္ဓါတရားကြီးမားသူ တိတ္ထိကိုသာ တိတ္ထိယပရိဝါသ် (၄)လ မနေစေဘဲ ရဟန်းပြုပေးရသည့် ဝိနည်းဥပဒေ ရှိသော်လည်း ပါဠိတော် အသွားကို ကြည့်ရှုရသည်မှာ သဒ္ဓါတရားကြီးသူ ဖြစ်သောကြောင့် တိတ္ထိယပရိဝါသ် မနေစေဘဲ မထေရ်ကြီးတို့က ရှင်+ရဟန်း ပြုပေးတော်မူ လိုက်ကြသည့် သဘောရှိသည်ဟု အကဲခပ်၍ ရပါသည်။ ဆင်ခြင်ကြည့်ညိုတော်မူကြပါ။

**အစိရူပသမ္ပန္နော စ ပနာ+ယသ္မာ ကဿပေါ ဧကော၊ ဝူပကဋ္ဌော၊ အပ္ပ မတ္တော၊ အာတာပီ၊ ပဟိတတ္တော၊ ဝိဟရန္တော နစိရဿေဝ ယဿတ္ထာယ ကုလပုတ္တာ သမ္မဒေဝ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇန္တိ၊ တဒနုတ္တရံ ဗြဟ္မစရိယ ပရိယောသာနံ ဒိဋ္ဌေဝ ဓမ္မေ သယံ အဘိညာ သစ္ဆိ ကတွာ ဥပသမ္ပဇ္ဇ ဝိဟာသိ။**

ဆက်၍ အထူးပြုလိုသည်မှာ–အရှင်ကဿပသည် ရဟန်း

http:\\www.dhammadownload.com



ဖြစ်ပြီး မကြာမီမှာပင် (၁) တစ်ကိုယ်ရေ=ဧကောစာရီ+(၂) ဆိတ်ငြိမ်ရာသို့ ကပ်ပြီး +(၃) အပ္ပမာဒ သတိတရား လက်ကိုင်ထားလျက်+ (၄) သမ္မပ္ပန်ဓာန် လုံ့လဝီရိယ ထက်သန်စွာ ဖြစ်ရှိလျက် + (၅) ကမ္မဋ္ဌာန်းအာရုံသို့ စိတ်ကို အမြဲပို့လွှတ်၍ (ဤအင်္ဂါ ၅-ရပ်တို့ဖြင့်) တရားအလုပ်ကို အားထုတ် နေထိုင်လေသော် မကြာမီမှာပင် အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး (အရဟတ္တဖိုလ် သမာပတ်ကို ဝင်စား၍) နေတော်မူလေပြီ။

ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာတိ အဗ္ဘညာသိ။

အရဟတ္တမဂ္ဂဝီထိ ဖြစ်ပြီးသည့်အခြားမဲ့၌ မဂ္ဂပစ္စဝေက္ခဏာဝီထိ၊ ဖလပစ္စဝေက္ခဏာဝီထိ၊ နိဗ္ဗာနပစ္စဝေက္ခဏာဝီထိ၊ ပဟီနကိလေသပစ္စဝေက္ခဏာဝီထိ တည်းဟူသော "မူလ ပစ္စဝေက္ခဏာဝီထိ ၄-မျိုး"တို့ ဖြစ်ကြပြီးနောက် အရဟတ္တဖိုလ်သမာပတ် ကို ဝင်စားတော်မူမြဲ ဖြစ်သည်။

အဲဒီလို အရဟတ္တဖိုလ် သမာပတ် ဝင်စားပြီးတဲ့နောက် "ပရမ္ပရပစ္စဝေက္ခဏာ" ခေါ်တဲ့ ပစ္စဝေက္ခဏာဝီထိများ ဖြစ်ပြီး ခီဏာ ဇာတိ=သြ... ငါ့ဖို့ရာ ပဋိသန္ဓေတည်နေရခြင်း=ဇာတိဒုက္ခ ကုန်ပါပေါ့တကား။ ဝုသိတံ ဗြဟ္မစရိယံ=အရိယမဂ်တည်းဟူသော မြတ်သောအကျင့်ကို အပြီးအဆုံး ကျင့်သုံးအပ်ပြီးပါပေါ့တကား။ ကတံ ကရဏီယံ=ငါပြုရမည့် မဂ်ကိစ္စ ၁၆-ပါးကို ငါကား ပြုအပ်ပြီးပါပေါ့တကား။ နာ+ပရံ ဣတ္ထတ္တာယ=ဤ(မဂ်ကိစ္စအတွက်) အခြားတစ်ပါး ပြုဖွယ်ကိစ္စ မရှိတော့ပါတကား၊ ဤကဲ့သို့ "ပရမ္ပရပစ္စဝေက္ခဏာဉာဏ်" ဖြင့် သိတော်မူလေပြီ။ အညတရော စ ပနာ+ယသ္မာ ကဿပေါ အရဟတံ အဟောသိ=အရှင်ကဿပသည် ရဟန္တာ အရှင်မြတ်တို့

http:\\www.dhammadownload.com



တွင် တစ်ပါးအပါအဝင် ဖြစ်တော်မူလေပြီ။

မှတ်ဖွယ်

ဤ၌ (၁) သီလက္ခန္ဓကျေးဇူး=သီလဂုဏ်+(၂) သမာဓိက္ခန္ဓကျေးဇူး=သမာဓိဂုဏ်+ (၃) ပညာက္ခန္ဓကျေးဇူး=ပညာဂုဏ်+ (၄) ဝိမုတ္တိက္ခန္ဓကျေးဇူး=တဒင်္ဂ+ဝိက္ခမ္ဘန+သမုစ္ဆေဒ+ပဋိပဿဒ္ဓိဝိမုတ္တိ+နိဿရဏဝိမုတ္တိတည်းဟူသော ဝိမုတ္တိက္ခန္ဓ ကျေးဇူးဂုဏ်+(၅) ဝိမုတ္တိဉာဏဒဿနကျေးဇူး=ပစ္စဝေက္ခဏာဉာဏ် တစ်ဆယ့်ကိုးပါးတို့ကို မှတ်ရာ၏။ ထိုကျေးဇူးဂုဏ်ငါးပါးတို့အထက် ယခု "ခီဏာ ဇာတိ၊ ဝုသိတံဗြဟ္မစရိယံ၊ နာပရံ့ဣတ္ထတ္တာယ" ဟူ၍ သိသော ပစ္စဝေက္ခဏာဉာဏ်ကား ဝိမုတ္တိဉာဏ ဒဿန ကျေးဇူးအဝင်အပါ "သိခါပတ္တ ပရမ္မရပစ္စဝေက္ခဏာ" ဉာဏ်ပညာ ဖြစ်ကြောင်း အထူးမှတ်ယူရာ၏။

ဤ၌ တွင် ၍

(၉) အစေလကဿပသုတ် ပြီးပါပြီ

* * *

## (၁၀) ဂိလာနဒဿနသုတ်

ဘုန်းကြီး သာသနာ့ ချိန်ခွင်ကြီးများ ဖြစ်ကြတဲ့ ရဟန်းယောကျ်ားချိန်ခွင်ကြီး၊ ရဟန်းမိန်းမ ချိန်ခွင်ကြီး၊ ဥပါသကာချိန်ခွင်ကြီးတို့ကို ဟောခဲ့ရာမှာ ယနေ့ဆိုလျှင် ဥပါသကာပညာ ချိန်ခွင်ကြီးဖြစ်တဲ့ "စိတ္တသေဋ္ဌေးရဲ့အကြောင်း" (ဥပါသကာဒကာကြီးများ ပညာဘက်က အတုယူ စံဟင်ရမည့်ဝတ္ထု)ကို ဟောလို့ ယနေ့ပြီးပါတော့မယ်။ ဘုန်းကြီး သွားရမည့် "တရားဟောမွေခရီး"က ဥပါသကာ ဒကာကြီးတွေဘက် ချိန်ခွင်ကြီး နှစ်လက်ပြီးလျှင် အမျိုးသမီး=ဥပါသိကာဒါယိကာမကြီး တွေဘက်က ချိန်ခွင်ကြီးနှစ်လက်ဖြစ်တဲ့ "ခုဇ္ဇုတ္တရာနဲ့ နန္ဒမာတာ" တို့ရဲ့ အကြောင်းကိုလဲ ဟောရဦးမယ်။ ပြီးပြန်တော့လဲ

http:\\www.dhammadownload.com



တရားနာပရိသတ်တို့ရဲ့ တောင်းပန်တောင့်တချက်အရ "ဝိဓုရဇာတ်" ကို ဟောရဦးမယ်။ ဒီတော့ မိမိသွားရမည့် ခရီးက ရှည်လျားတော့ ခပ်လှမ်းလှမ်း ရောက်သလောက် သွားရပါမယ်။ ယနေ့ စိတ္တသံယုတ် ရဲ့ နောက်ဆုံးဆယ်ခု မြောက်သုတ်ဖြစ်တဲ့ "ဂိလာန ဒဿနသုတ်" ကို သံဂါယနာတင် မထေရ်မြတ်တို့က တရားဦး စပေးလိုက်ပုံက–

တေန ခေါ ပန သမယေန စိတ္တော ဂဟပတိ အာဗာဓိကော ဟောတိ ဒုက္ခိတော ဗာဠှဂိလာနော။

ယခု သုတ္တန်ဖြစ်ပေါ်မည့် အချိန်မှာ စိတ္တသေဋ္ဌေးဟာ (တဲ့) အနာရောဂါစွဲကပ်လို့ ဆင်းရဲဒုက္ခရောက်ပြီး အပြင်းအထန် မမာမကျန်း ဖြစ်နေတယ်။

အထ ခေါ သမ္ဗဟုလာ အာရာမဒေဝတာ ဝနဒေဝတာ ရုက္ခဒေဝတာ ဩသဓိ တိဏ ဝနပ္ပတိသု အဓိဝတ္ထာ သင်္ဂမ္မ သမာဂမ္မ စိတ္တံ ဂဟပတိံ ဧတဒဝေါစုံ "ပဏိဓေဟိ ဂဟပတိ 'အနာဂတမဒ္ဓါနံ ရာဇာ အဿံ စက္ကဝတ္တိ'တိ"။

ထိုအခါမှာ အာရာမ်စောင့်နတ်များ+တောစောင့်နတ်များ+ သစ်ပင်စောင့်နတ်များ+ဆေးပင် မြက်ပင် တောစိုးသစ်ပင်တို့၌ စိုးအုပ် နေထိုင်ကြသော နတ်များ တစုတဝေး ရောက်ရှိလာကြပြီး ကျောင်း ဒကာ စိတ္တသေဋ္ဌေးကို ဤသို့ ပြောကြတယ်။ (ပြောကြပုံမှာ)

"ကျောင်းဒကာ စိတ္တသေဋ္ဌေး... 'ငါသည် နောက်ဘဝမှာ (ဒုတိယဘဝမှာ) စကြဝတေးမင်း ဖြစ်ရပါလို၏' လို့ ဆုတောင်းပါ" (ဤကဲ့သို့ ပြောကြတယ်)။

(မှတ်ဖွယ်)

ဤ၌ အထူးမှတ်ဖွယ်ကား–စိတ္တသေဋ္ဌေးသည် အနာဂါမ် အရိယာ ဖြစ်သည့်အတွက် ရှေးကသေဋ္ဌေး ပြောခဲ့တဲ့အတိုင်း

http:\\www.dhammadownload.com



ဤလူ့ဘဝ သို့ နောက်ထပ် ပဋိသန္ဓေ ကပ်ရောက်နေမည် မဟုတ်၊ ဤယခု "ဂိလာန ဒသကနသုတ်"၌ စိတ္တသေဋ္ဌေး ဘယ်ဘုံသို့ ဒုတိယ ရောက်သွားသည်ဟု တိုက်ရိုက်မလာသော်လည်း သူနှင့်တွဲဖက် ဟတ္ထကာဠဝက သီတင်းသည် အဝိဟာဘုံသို့ ရောက်ရှိကြောင်း အာဠဝကသံယုတ်၌ တိုက်ရိုက်လာ သည်ကို ထောက်၍ စိတ္တသေဋ္ဌေး လဲ ဒုတိယဘဝမှာ–အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပ္ပတ္တိ – သင်္ဂဟကျမ်း အဆိုအတိုင်း အနည်းဆုံး သုဒ္ဓါဝါသ အဝိဟာဘုံသို့ ရောက်နိုင်သည်ကို သတိပြု မှတ်ယူရပါမည်။

> ဧဝံ ဝုတ္တေ စိတ္တော ဂဟပတိ တာ အာရာမဒေဝတာ ဝနဒေဝတာ ရုက္ခဒေဝတာ ဩသဓိ တိဏ ဝနပ္ပတိသု အဓိဝတ္ထာ ဒေဝတာ ဧတ+ဒဝေါစ "တမ္ပိ အနိစ္စံ၊ တမ္ပိ အဒ္ဓုဝံ၊ တမ္ပိ ပဟာယ ဂမနီယ"န္တိ။

ဤသို့ စိတ္တသေဋ္ဌေးအား နတ်များက နောက်(ဒုတိယ)ဘဝ မှာ စကြဝတေးမင်း ဖြစ်ဖို့ရန် တောင့်တခိုင်းသောအခါ စိတ္တသေဋ္ဌေး က "အဲဒီ စကြဝတေးမင်းရဲ့ စည်းစိမ်ဟာလဲပဲ မမြဲတဲ့သဘော၊ မခိုင်မာ တဲ့သဘော၊ စွန့်ပြီးသွားရမည့် သဘောပါပဲ၊ မခိုင်မာတဲ့ သဘောပါဘဲ၊ စွန့်ပြီးသွားရမည့်သဘောပါပဲ" အဲဒီလို ပြန်လည်ဖြေကြား ပြောဆိုတယ်။

## ဆွေမျိုးများ အထင်မှားကြသဖြင့် စိတ္တသေဋ္ဌေး တရားဟောပြသခြင်း

စိတ္တသေဋ္ဌေး သေရမည့် ညောင်စောင်းမှာ လျှောင်းစက်ရင်း ဤကဲ့သို့ နတ်တို့ကို "အဲဒီစကြဝတေးမင်းရဲ့ စည်းစိမ်ဟာလဲပဲ မမြဲတဲ့ သဘော၊ မခိုင်မာတဲ့သဘော၊ စွန့်ပြီးသွားရမည့်သဘောပါပဲ"လို့ တရားသဘောကို ပြောလိုက်သောအခါ သူ့ဘေးနားမှာ ရှိနေကြတဲ့

http:\\www.dhammadownload.com



ဆွေမျိုးတွေ သူနာပြု တွေက "ကယောင်ကတမ်း" ပြောတယ်လို့ အထင်လွဲပြီး -

သတိ အယျပုတ္တ ဥပဋ္ဌပေဟိ၊ မာ ဝိပ္ပလပိ။

အရှင့်သား...သတိထားပါ၊ ကယောင်ကတမ်း မပြောပါနဲ့။ (ဤကဲ့သို့ ပြောကြတဲ့အခါမှာ)-

စိတ္တသေဋ္ဌေးက-

ကိန္တာ+ဟံ+ဝဒါမိ၊ ယံ မံ တုမှေ ဧဝံ ဝဒေထ "သတိ အယျပုတ္တ ဥပဋ္ဌပေဟိ၊ မာ ဝိပ္ပလပီ"တိ။

ငါ့ကို အသင်ဆွေမျိုးတို့က "အရှင့်သား...သတိထားပါ၊ ကယောင်ကတမ်း မပြောပါနဲ့"လို့ သတိပေးစကား ပြောကြားရန် ငါ ဘယ်လိုပြောလို့လဲ၊ (ဤကဲ့သို့ ပြန်၍ မေးလေသည်)။ ။

ထိုအခါ ဆွေမျိုးများက-

ဧဝံ ခေါ တွံ အယျပုတ္တ ဝဒေသိ "တမ္ပိ အနိစ္စံ၊ တမ္ပိ အဒ္ဓုဝံ၊ တမ္ပိ ပဟာယ ဂမနီယ" န္တိ။

အရှင့်သား...အရှင့်သားက "အဲဒီ စကြဝတေးမင်းရဲ့ စည်းစိမ်ဟာလဲပဲ မမြဲတဲ့ သဘော၊ မခိုင်မာတဲ့သဘော၊ စွန့်ပြီးသွားရမည့် သဘောပါပဲ" လို့ ဤကဲ့သို့ ကယောင်ကတမ်း ပြောသကိုး-ဟု ပြောကြပါတယ်။ ထိုအခါ စိတ္တသေဋ္ဌေးက-

တထာ ဟိ ပန မံ အာရာမဒေဝတာ ဝနဒေဝတာ ရုက္ခ ဒေဝတာ ဩသဓိ တိဏ ဝနပ္ပတိသု အဓိဝတ္ထာ ဒေဝတာ ဧဝ+မာဟံသု "ပဏိဓေဟိ ဂဟပတိ 'အနာဂတမဒ္ဓါနံ ရာဇာ အသံ စက္ကဝတ္တီ'တိ"။

ဆွေမျိုးများတို့...ငါ့ကို အာရာမ်စောင့်နတ်တွေ၊ တောစောင့် နတ်တွေ၊ သစ်ပင်စောင့်နတ်တွေ၊ ဆေးပင်+မြက်ပင်+တောစိုးသစ်ပင်

http:\\www.dhammadownload.com



တို့၌ စောင့်ကြတဲ့နတ်တွေက "ကျောင်းဒကာသေဌေး နောက် (ဒုတိယ)ဘဝမှာ စကြဝတေးမင်း ဖြစ်ရပါလို၏"ဟူ၍ ဆုတောင်းပါ= စိတ်ကို ဆောက်တည်ပါ" လို့ တိုက်တွန်းစကား ပြောကြားကြတယ်။

တာ+ဟံ ဝေ ဝဒါမိ "တမ္ပိ အနိစ္စံ၊ တမ္ပိ အဒ္ဓုဝံ၊ တမ္ပိ ပဟာယ ဂမနီယ" န္တိ။

ထိုနတ်တို့ကို "အဲဒီ စကြဝတေးမင်းရဲ့ စည်းစိမ်ဟာလဲပဲ မမြဲတဲ့ သဘောပါပဲ။ မခိုင်မာတဲ့ သဘောပါပဲ။ စွန့်ပြီးသွားရမည့် သဘောပါပဲ" လို့ ငါပြန်ပြီး ပြောကြားတာပါ။

ထိုအခါ ဆွေမျိုးများက–

ကိံ ပန တာ အယျပုတ္တ အာရာမဒေဝတာ ဝနဒေဝတာ ရုက္ခဒေဝတာ ဩသဓိ တိဏ ဝနပ္ပတီသု အဓိဝတ္ထာ ဒေဝတာ အတ္ထဝသံ သမ္ပဿမာနာ ဝေ+မာဟံသု "ပဏိဓေဟိ ဂဟပတိ 'အနာဂတမဒ္ဓါနံ ရာဇာ အဿံ စက္ကဝတ္တီ'တိ"။

အရှင့်သား၊ ဘယ်လိုအကြောင်းကို မြင်ကြလို့ အဲဒီ အာရာမ် စောင့်နတ်တွေ၊ တောစောင့်နတ်တွေ၊ သစ်ပင်စောင့်နတ်တွေ၊ ဆေးပင်+မြက်ပင်+တောစိုးသစ်ပင်တို့၌ စောင့်ကြတဲ့ နတ်တွေက "ကျောင်း ဒကာ... နောက်ဘဝမှာ ငါ စကြဝတေးမင်း ဖြစ်ရပါလို၏" ဟူ၍ ဆုတောင်းပါ=စိတ်ကို ဆောက်တည်ပါလို့ တိုက်တွန်းစကား ပြောကြားကြတာလဲလို့ မေးကြတဲ့အခါမှာ–

စိတ္တသေဌေးက–

တာသံ ခေါ အာရာမဒေဝတာနံ ဝနဒေဝတာနံ ရုက္ခဒေဝတာနံ ဩသဓိ တိဏ ဝနပ္ပတီသု အဓိဝတ္ထာနံ ဒေဝတာနံ ဧဝံ ဟောတိ။

http:\\www.dhammadownload.com



ဆွေမျိုးများတို့...အာရာမ်စောင့်နတ်၊ တောစောင့်နတ်၊ သစ်ပင်စောင့်နတ်၊ ဆေးပင်+မြက်ပင်+တောစိုးသစ်ပင်တို့ကို စိုးအုပ်နေကြတဲ့ နတ်တို့အဖို့ရာ ဤကဲ့သို့ အကြံ ဖြစ်ကြတယ်။ ဘယ်လို ဖြစ်သလဲဆိုတော့ –

"အယံ ခေါ စိတ္တော ဂဟပတိ သီလဝါ ကလျာဏဓမ္မော၊ သစေ ပဏိဒဟိဿတိ 'အနာဂတမဒ္ဓါနံ ရာဇာ အဿံ စက္ကဝတ္တီ'တိ။

ဩ...ဤစိတ္တသေဋ္ဌေးဟာ ကိုယ်ကျင့်သီလကောင်းတဲ့ ပုဂ္ဂိုလ်+ကောင်းသော တရားရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်တယ်။ အကယ်၍ ဤစိတ္တသေဋ္ဌေးက 'နောက် (ဒုတိယ)ဘဝမှာ စကြဝတေးမင်း ဖြစ်ရပါလို၏။' ဟူ၍ ဆုတောင်းလျှင်–

"တဿ ခေါ အယံ ဣဇ္ဈိဿတိ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ၊ ဓမ္မိကော ဓမ္မိကံ ဖလံ အနုပဿတီ"တိ။

"သီလရှိသော ထိုသေဋ္ဌေး၏ စိတ်တောင့်တချက်သည် သီလစင်ကြယ်သောကြောင့်ပင် ပြည့်စုံကြပေလိမ့်မည်။ တရားရှိသောသူသည် တရားသောအကျိုးကို မပြတ်မြင်နေရပေ၏။" ဤကဲ့သို့ နတ်တို့အဖို့ အကြံဖြစ်ကြတယ်။

ဣမံ ခေါ တာ အာရာမဒေဝတာ ဝနဒေဝတာ ရုက္ခဒေဝတာ ဩသဓိ တိဏ ဝနပ္ပတီသု အဓိဝတ္ထာ ဒေဝတာ အတ္ထဝသံ သမ္ပဿမာနာ ဧဝ+မာဟံသု "ပဏိဓေဟိ ဂဟပတိ 'အနာဂတမဒ္ဓါနံ ရာဇာ အဿံ စက္ကဝတ္တီ'တိ"။ တာ+ဟံ ဧဝံ ဝဒါမိ "တမ္ပိ အနိစ္စံ၊ တမ္ပိ အဒ္ဓုဝံ၊ တမ္ပိ ပဟာယ ဂမနီယ"န္တိ။

http:\\www.dhammadownload.com



(ထိုသို့ အကြံဖြစ်ပြီး) ထိုအာရာမ်စောင့်နတ်များ၊ တောစောင့်နတ်များ၊ သစ်ပင်စောင့်နတ်များ၊ ဆေးပင်+မြက်ပင်+တောစိုး သစ်ပင်တို့၌ စိုးအုပ်နေထိုင်ကြတဲ့ နတ်များဟာ ဤဆိုခဲ့တဲ့ အကြောင်းကိုမြင်ကြပြီး "ကျောင်းဒကာသေဌေး...'ငါသည် နောက် (ဒုတိယ) ဘဝမှာ စကြဝတေးမင်း ဖြစ်ရပါလို၏'ဟု ဆုတောင်းပါ"၊ ဤသို့ တိုက်တွန်းစကား ပြောကြားခြင်း ဖြစ်ပါတယ်။ ထို့ကြောင့် ငါ ထိုနတ်များကို "အဲဒီ စကြဝတေးမင်းရဲ့ စည်းစိမ်လဲပဲ မမြဲတဲ့သဘောပါပဲ"လို့ ပြန်ပြီး ပြောကြားတာပါ။ ကယောင်ကတမ်း ပြောခြင်း မဟုတ်ပါဘူး။

## ဆွေမျိုးများ သတိတရားရ တောင်းပန်ကြ၍ စိတ္တသေဌေး ဩဝါဒပေးခြင်း

ဤကဲ့သို့ စိတ္တသေဌေး ဖြေရှင်းတဲ့စကား အကျယ်တဝင့် ပြောကြားသောအခါ သေဌေးရဲ့ ဆွေမျိုးများ အမြင်မှန် ရကြပြီး–

တေန ဟိ အယျပုတ္တ အမှေပိ ဩဝဒါဟိ။

အရှင့်သား...သို့တပြီးကား အကျွန်ုပ်တို့ကိုလဲ ဩဝါဒတရားစကား ဟောကြားပေးပါ။ ဤသို့ တောင်းပန်ကြသဖြင့် စိတ္တသေဌေးက

တသ္မာ ဟိ ဝေါ ဧဝံ သိက္ခိတဗ္ဗံ။

သို့ဖြစ်လျှင် သင်တို့သည် ဤသို့ ကျင့်ရမည် (ဟုဆိုပြီး)–

"ဗုဒ္ဓေ အဝေစ္စပ္ပသာဒေန သမန္နာဂတာ ဘဝိဿာမ။

အစရှိသည်ဖြင့် ဩဝါဒ ၄–ချက် အလေးအနက်ပေး ဟောကြားပါသည်။

## ၁၀–ဂိလာန ဒဿနသုတ်

ဤ၌ စိတ္တသေဌေး ဆွေမျိုးများအား ဩဝါဒပေးသောအခန်း (ဟရားလေးချက်မှာ) ကြည်ညိုဖွယ် အလွန်ကောင်းသည့်ပြင်

http:\\www.dhammadownload.com



လက်တွေ့ကျင့်သုံးရမည့် တရားတို့ဖြစ်သဖြင့် (၊) ကြည်ညိုရန်အတွက် ပါဠိနှင့် မြန်မာပြန်တွဲ၍လည်းကောင်း၊ (။) လက်တွေ့ကျင့်သုံး နှလုံးသွင်းရန် မြန်မာစကားပြေကိုလည်းကောင်း၊ (က-၊) (က-။)စသည် အမှတ်ပြ၍ ရေးသားပါမည်။ ကြည်ညိုမှတ်သား၍ ပွားများကြပါလေ။

## ဘုရားဂုဏ်တော် ၉-ပါး

### (က-၊) (၁) ဣတိပိ သော ဘဂဝါ အရဟံ။=

သောဘဂဝါ=ထိုမြတ်စွာဘုန်းသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဣတိပိ=ဤသို့ လူနတ်ဗြဟ္မာသတ္တဝါတို့၏ ပူဇော်အထူးကို ခံထိုက်ကြောင်းဖြစ်သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏဒဿနဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့်လည်း။ အရဟံ=အရဟံဟူသော ဂုဏ်တော်ကြီးဖြင့် အကနိဋ္ဌ ဗြဟ္မာပြည်တိုင် ပြန့်လှိုင်ထင်ရှား ကျော်ကြားတော်မူပါပေ၏...။ (ကြည်ညိုရန်)

(က-။) လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ပူဇာဝိသေသ ခံထိုက်လှသည့် သီလ+သမာဓိ+ဝိမုတ္တိ+ဝိမုတ္တိဉာဏဒဿနဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် အရဟံ+အရဟံ-ဟူသော ဂုဏ်တော်ကြီးဖြင့် အကနိဋ္ဌဗြဟ္မာ့ပြည်တိုင် ပြန့်လှိုင်ကျော်စောတော်မူသော မြတ်စွာဘုရား ... မြတ်စွာဘုရား... =သော ဘဂဝါ ဣတိပိ အရဟံ...။ (နှလုံးသွင်းရန်)

### (၂)၊ ၊(က-၊) ဣတိပိ သော ဘဂဝါ သမ္မာသမ္ဗုဒ္ဓေါ။

=သော ဘဂဝါ=ထိုမြတ်စွာဘုန်းတော်သခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ ဣတိပိ=ဤသို့ မဖောက်မပြန် ပင်ထွက်ဉာဏ်ဖြင့် ဥေယျမံငါးပါး ထိုတရားကို ပိုင်းခြားထင်ထင် အကြွင်းမဲ့ သိမြင်တော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓေါ=သမ္မာသမ္ဗုဒ္ဓ=ဟူသော

http:\\www.dhammadownload.com



ဂုဏ်တော်ကြီးဖြင့် အကနိဋ္ဌဗြဟ္မာ့ပြည်တိုင် ပြန့်လှိုင်ထင်ရှား ကျော်ကြားတော်မူပါပေ၏။ (ကြည်ညိုရန်)

(က-။) မဖောက်မပြန် ပင်ထွက်ဉာဏ်ဖြင့် ဉေယျခံငါးပါး ထို တရားကို ပိုင်းခြားကုန်စင် သိမြင်တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ကြီးဖြင့် အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင် ပြန့်လှိုင်ကျော်စောတော် မူသော မြတ်စွာဘုရား...=သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ...။ (နှလုံးသွင်းရန်)

(၃)၊ ၊(က-၊) ဣတိပိ သော ဘဂဝါ ဝိဇ္ဇာစရဏသမ္ပန္နော။

=သောဘဂဝါ=ထိုရွှေဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော် မြတ်သည်။ ဣတိပိ=ဤသို့လျှင် သုံးပါးရှစ်ဖြာ ဉာဏ်ဝိဇ္ဇာတည့်စရဏ အပြား တစ်ဆယ့်ငါးတို့နှင့် ထူးခြားလောက်လုံ ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏ သမ္ပန္နော= ဝိဇ္ဇာစရဏသမ္ပန္န ဟူသော ဂုဏ်တော်ကြီးဖြင့် အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင် ပြန့်လှိုင် ထင်ရှား ကျော်ကြားတော်မူပါပေ၏။ (ကြည်ညိုရန်)

(က-။) စရဏအပြား တစ်ဆယ့်ငါးတည့် သုံးပါး+ရှစ်ဖြာ ဉာဏ်ဝိဇ္ဇာနှင့် ကောင်းမွာလောက်လုံ ပြည့်စုံတော်မူသောကြောင့် ဝိဇ္ဇာစရဏ သမ္ပန္နဂုဏ်တော်ကြီးဖြင့် အကနိဋ္ဌဗြဟ္မာ့ပြည်တိုင် ပြန့်လှိုင် ကျော်စောတော်မူသော မြတ်စွာဘုရား... မြတ်စွာဘုရား...=သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော။ (နှလုံးသွင်းရန်)

(၄)၊ ၊(က-၊) ဣတိပိ သော ဘဂဝါ သုဂတော=သော ဘဂဝါ=ထို ရွှေဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဣတိပိ=ဤသို့လျှင် မှန်လဲမှန်+သူလဲနာလို+အကျိုးလဲရှိတဲ့စကား သူပင် မနာလိုသော်လဲပဲ မှန်၍ အကျိုးရှိတဲ့စကား=ဤစကားနှစ်မျိုး ကိုသာ မိန့်ကြားတော်မူသော အကြောင်းကြောင့်လည်း။ သုဂတော=

http:\\www.dhammadownload.com



သုဂတ–ဟူသော ဂုဏ်တော်ကြီးဖြင့် အကနိဋ္ဌဗြဟ္မာ့ပြည်တိုင် ပြည့်လျှိုင်ထင်ရှား ကျော်ကြားတော်မူပါပေ၏။ (ကြည်ညိုရန်)

(က–॥) အမှန်နှစ်ပါး တရားစကားကို မိန့်ကြားတော်မူသော ကြောင့် သုဂတဂုဏ်တော်ကြီးဖြင့် အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင် ပြန့်လျှိုင် ကျော်စောတော်မူသော မြတ်စွာဘုရား... မြတ်စွာဘုရား သော ဘဂဝါ ဣတိပိ သုဂတော...။ (နှလုံးသွင်းရန်)

(၅)၊ ၊(က–၊) ဣတိပိ သော ဘဂဝါ လောကဝိဒူ=သော ဘဂဝါ=ထို ရွှေဘုန်းတော်သခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ ဣတိပိ=ဤသို့လျှင် သတ္တလောက+သင်္ခါရလောက+ဩကာသ လောကတည်းဟူသော လောကသုံးပါးကို ပိုင်းခြားထင်ထင် အကြွင်း မဲ့ သိမြင်တော်မူသော အကြောင်းကြောင့်လည်း။ လောကဝိဒူ= လောကဝိဒူဟူသော ဂုဏ်တော်ကြီးဖြင့် အကနိဋ္ဌဗြဟ္မာ့ပြည်တိုင် ပြန့်လျှိုင်ထင်ရှား ကျော်ကြားတော်မူပါပေ၏၊ (ကြည်ညိုရန်)

(က–॥)။ လောကသုံးပါး သဘောတရားကို ပိုင်းခြားသိမြင် တော်မူသောကြောင့် လောကဝိဒူဂုဏ်တော်ကြီးဖြင့် အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင် ပြန့်လျှိုင်ကျော်စောတော်မူသော မြတ်စွာဘုရား... မြတ်စွာဘုရား ... သော ဘဂဝါ ဣတိပိ လောကဝိဒူ။ (နှလုံးသွင်းရန်)

(၆)၊ ၊(က–၊) ဣတိပိ သော ဘဂဝါ အနုတ္တရော ပုရိသ ဒမ္မသာရထိ။ =သော ဘဂဝါ=ထို ရွှေဘုန်းတော်သခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ ဣတိပိ=ဤသို့လျှင် မယဉ်ကျေးသော လူနတ် ဗြဟ္မာသတ္တဝါတို့၏ ယဉ်ကျေးအောင်ပြု ဆုံးမမှုဝယ် အတုမရှိ လွန်မြတ်ဘိသော အကြောင်းကြောင့်လည်း။ အနုတ္တရောပုရိသ ဒမ္မသာရထိ=အနုတ္တရော ပုရိသဒမ္မသာရထိ–ဟူသော ဂုဏ်တော်ကြီး

http:\\www.dhammadownload.com



ဖြင့် အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင် ပြည့်လျှိုင်ထင်ရှား ကျော်ကြားတော်မူပါပေ၏။ (ကြည်ညိုရန်)

(က-။) မယဉ်ကျေးသော သတ္တဝါတို့ကို ယဉ်ကျေးအောင်ပြုဆုံးမမှုဝယ် အတုမရှိ လွန်မြတ်တော်မူသောကြောင့် အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်ကြီးဖြင့် အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင် ပြန့်လျှိုင်ကျော်စောတော်မူသော မြတ်စွာဘုရား...မြတ်စွာဘုရား သောဘဂဝါ ဣတိပိ အနုတ္တရောပုရိသဒမ္မသာရထိ။ (နှလုံးသွင်းရန်)

(၇)၊ ၊(က-၊) ဣတိပိ သော ဘဂဝါ သတ္ထာဒေဝမနုဿာနံ။= သောဘဂဝါ= ထိုရွှေဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဣတိပိ=ဤသို့လျှင် လူနတ်ဗြဟ္မာ သတ္တဝါများသောင်းတိုက်သားတို့ကို တရားညွှန်ပြ ဆိုဆုံးမတော်မူတတ်သောကြောင့်လည်း။ သတ္ထာဒေဝ မနုဿာနံ=သတ္ထာဒေဝ မနုဿာနံ ဟူသော ဂုဏ်တော်ကြီးဖြင့် အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင် ပြည့်လျှိုင်ထင်ရှား ကျော်ကြားတော်မူပါပေ၏။ (ကြည်ညိုရန်)

(က-။) လူနတ်ဗြဟ္မာ သတ္တဝါများအား တရားညွှန်ပြဆိုဆုံးမတော်မူသောကြောင့် သတ္ထာဒေဝမနုဿာနံ ဂုဏ်တော်ကြီးဖြင့် အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင် ပြန့်လျှိုင်ကျော်စောတော်မူသော မြတ်စွာဘုရား... မြတ်စွာဘုရား...သော ဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ။ (နှလုံးသွင်းရန်)

(၈)၊ ၊(က-၁) ဣတိပိ သော ဘဂဝါ ဗုဒ္ဓေါ။=သောဘဂဝါ= ထိုရွှေဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဣတိပိ= ဤသို့လျှင် သစ္စာလေးပါးကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် သိမြင်၍ ဝေနေယျတို့အားလည်း သိစေတော်မူတတ်သော အကြောင်းကြောင့်လည်း။ ဗုဒ္ဓေါ=ဗုဒ္ဓ-ဟူသော ဂုဏ်တော်ကြီးဖြင့် အကနိဋ္ဌ

http:\\www.dhammadownload.com



ဖြဟ္မာပြည်တိုင် ပြည့်လျှိုင်ထင်ရှား ကျော်ကြားတော်မူပါပေ၏။ (ကြည်ညိုရန်)

(က-။) သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင်သိမြင်၍ ဝေနေယျတို့အားလည်း ဟောကြားသိစေတော်မူသောကြောင့် ဗုဒ္ဓဂုဏ်တော်ကြီးဖြင့် အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင် ပြန့်လျှိုင်ကျော်စောတော်မူသော မြတ်စွာဘုရား... မြတ်စွာဘုရား... သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ။ (နှလုံးသွင်းရန်)

(၉)၊ ။(က-၊) ဣတိပိ သော ဘဂဝါ ဘဂဝါ။=သော ဘဂဝါ=ထို ရွှေဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဣတိပိ=ဤသို့လျှင် ဣဿရိယ၊ ဓမ္မ၊ သိရီ၊ ကာမ၊ ပယတ္တ တည်းဟူသော ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း။ ဘဂဝါ=ဘဂဝါဟူသော ဂုဏ်တော်ကြီးဖြင့် အကနိဋ္ဌဗြဟ္မာပြည်တိုင် ပြည့်လျှိုင်ထင်ရှား ကျော်ကြားတော်မူပါပေ၏။ (ကြည်ညိုရန်)

(က-။) ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် ဘဂဝါ ဂုဏ်တော်ကြီးဖြင့် အကနိဋ္ဌ ဗြဟ္မာပြည်တိုင် ပြန့်လျှိုင်ကျော်စောတော်မူသော မြတ်စွာဘုရား... မြတ်စွာဘုရား... သော ဘဂဝါ ဣတိပိ ဘဂဝါ။ (နှလုံးသွင်းရန်)

နိဂုံး

မြတ်စွာဘုရားရဲ့ အသချေ်ယျ အပ္ပမေယျဂုဏ်တော်တွေထဲက ဒီဂုဏ်တော် ၉ ပါးတို့ ကို စိတ္တသေဋ္ဌေး သူ့ဆွေ+သူ့မျိုးများ နှလုံးသွင်းပွားများကြရန်။

ဣတိ=ဤသို့။ ဗုဒ္ဓေ=သဗ္ဗညု ဗုဒ္ဓအမည်ရတဲ့ လောကထွတ်ထား မြတ်ဘုရား၌။ အဝေစ္စပ္ပသာ ဒေန=သက်ဝင်၍ ကြည်ညိုတဲ့

http:\\www.dhammadownload.com



သဒ္ဓါတရားနှင့် (သိကြားမင်းက နားကင်းနဲ့လာပြီး ဖျက်သော်လဲ ငါသည် ဒီ ယုံကြည်ချက်+ ဒီအသိဉာဏ်+ဒီအမြင်မှန်တို့ဖြင့် ဘယ်နည်းနဲ့မှ မဖျက်ဘူးလို့ ဘုရားနှင့် ပတ်သက်၍ ယုံကြည်ချက် သဒ္ဓါတရားနှင့်) သမန္နာဂတာ= ပြည့်စုံကုန်သည်။ ဘဝိဿာမ=ငါတို့တတွေ ဖြစ်ကြပေကုန်လတ်အံ့ (ဟူ၍)။ (ဤပဥ္စမ ဩဝါဒကို စိတ္တသေဌေး ဆွေမျိုးများအား ပေးအပ်ခဲ့လေသည်)။

ပဥ္စမဩဝါဒ ပြီး၏။

## (ခ) ဒုတိယဩဝါဒအခန်း

ဓမ္မေ အဝေစ္စပ္ပသာဒေန သမန္နာဂတာ ဘဝိဿာမ 'သွာက္ခာတော ဘဂဝတာ ဓမ္မော သန္ဒိဋ္ဌိကော အကာလိကော ဧဟိပဿိကော ဩပ နေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီ'တိ။

## တရားဂုဏ်တော် ၆–ပါး

(၁)၊ ။(ခ–၊) သွာက္ခာတော ဘဂဝတာ ဓမ္မော။= ဘဂဝတာ= ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည်။ ဓမ္မော= နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို။ သွာက္ခာတော=အစ၌ သီလကောင်းခြင်း၊ အလယ်၌ သမာဓိကောင်းခြင်း၊ အဆုံး၌ ပညာကောင်းခြင်းတည်းဟူသော ကောင်းခြင်းသုံးပုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံထင်ရှား ဟောကြားတော်မူအပ်ပါပေ၏။ (ကြည်ညိုရန်)

(ခ–။) ဘဂျဝန္တ မြတ်ဗုဒ္ဓသည် စ+လယ်+အဆုံး=သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ဟောကြားတော်မူအပ်ပါပေစွာ့ တကား...=သွာက္ခာတော ဘဂဝတာ ဓမ္မော။ (နှလုံးသွင်းရန်)

(၂)၊ ။(ခ–၊) သန္ဒိဋ္ဌိကော ဘဂဝတော ဓမ္မော။=

http:\\www.dhammadownload.com



ဘဂဝတော=ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်၏။ ဓမ္မော= ကောင်းစွာဟောကြား မြတ်တရားသည်။ သန္ဒိဋ္ဌိကော=မျက်မှောက် ဘဝ ကောင်းကျိုး ရထိုက်ပါပေစွ။ (ကြည်ညိုရန်)

(ခ-။) မြတ်စွာဘုရား ဟောကြား လောကုတ္တရာတရား ကိုးပါးသည် မျက်မှောက်မျက်မှောက်ကာလ ဤဘဝ၌ပင် ဝဋ်ဒုက္ခ ဘေး ကင်းငြိမ်းအေးအောင် ရွက်ဆောင်နိုင်လှပါစွတကား...= သန္ဒိဋ္ဌိကော ဘဂဝတော ဓမ္မော...။ (နှလုံးသွင်းရန်)

(၃)၊ ။(ခ-။) မြတ်စွာဟောကြား မဂ်လေးပါးသည် အခြားမဲ့ ကာလ စိတ္တက္ခဏဝယ် ဖလလေးပါး အကျိုးတရားကို ဖြစ်ပွားစေ တတ်ပါစွတကား။ အကာလိကော ဘဂဝတော ဓမ္မော။ (နှလုံးသွင်းရန်)

(၄)၊ ။(ခ-၊) ဧဟိပဿိကော ဘဂဝတော ဓမ္မော။ =ဘဂဝတော=ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်၏။ ဓမ္မော=မိန့် မြွက်ဟောကြား လောကုတ္တရာတရားကိုးပါးသည်။ ဧဟိပဿိကော= အမှန်လည်းရှိ စင်ကြယ်ဘိ၍ ဧဟိ+ပဿ=လာကြည့်ပဟု နှုတ်က မြွက်ဖော်ဖိတ်ခေါ်ခြင်းငှာ ထိုက်တန်ပါပေစွ။ (ကြည်ညိုရန်)

(ခ-။) မြတ်စွာဟောကြား လောကုတ္တရာတရားကိုးပါးသည် ထင်ရှားလည်းရှိ စင်ကြယ်ဘိ၍ ဧဟိ+ပဿ=လာကြည့်ကြပဟု နှုတ်က မြွက်ဖော် ခေါ်ဆိုဖို့ရန် ထိုက်တန်ပါပေစွတကား။ ဧဟိ ပဿိကော ဘဂဝတော ဓမ္မော။ (နှလုံးသွင်းရန်)

(၅)၊ ။(ခ-၊) ဩပနေယျိကော ဘဂဝတော ဓမ္မော။ =ဘဂဝတော=ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင်၏။ ဓမ္မော=မဂ် ဖိုလ်နိဗ္ဗာန် ကိုးတန်ဟောဖော် လောကုတ္တရာ တရားတော်သည်။ ဩပနေယျိကော=မရရအောင်၊ မရောက်ရောက်အောင် မိမိစိတ်၌

http:\\www.dhammadownload.com



ကပ်၍ ဆောင်ထိုက်၊ မိမိစိတ်ဖြင့် ကပ်၍ ဆောင်ထိုက်ပါပေစွ။ (ကြည်ညိုရန်)

(ခ–။) မြတ်စွာဘုရား လောကုတ္တရာတရားကိုးပါးသည်။ ဦးဖျား+အဝတ်မီး သင့်လတ်လည်း ငြိမ်းသတ်မပြု လျစ်လျူရှု၍ မိမိစိတ်၌ မရ–ရအောင် မိမိစိတ်ဖြင့် မရောက် ရောက်အောင် ကပ်၍ ဆောင်ထိုက်ပါပေစွတကား။ ဩပနေယျိကော ဘဂဝတော ဓမ္မော။ (နှလုံးသွင်းရန်)

(၆)၊ ။(ခ–၊) ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဘဂဝတော ဓမ္မော။ ဘဂဝတော=ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်၏။ ဓမ္မော=မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်ထင်ဖော် တရားတော်ကို။ ဝိညူဟိ= ဥဃဋိတညူ ဝိပဉ္စိတညူ နေယျ–ဟူဘိ ပညာရှိတို့သည်။ ပစ္စတ္တံ= အသီးအသီး ကိုယ်စီကိုယ်င အစွမ်းတွင်၌။ ဝေဒိတဗ္ဗော=သုံးဆောင်ပါအပ် ခံစားအပ်ပါပေ၏။ (ကြည်ညိုရန်)

(ခ–။) မြတ်စွာဘုရားဟောကြား လောကုတ္တရာတရားကိုးပါးသည် ဉာဏ်အား နှိုင်းညှိ ဥဃဋိတညူ ဝိပဉ္စိတညူ နေယျ–ဟူဘိ ပညာရှိတို့ မိမိတို့သန္တာန်ဝယ် ဝေဖန်သုံးသပ် ခံစားအပ်ပါပေစွတကား။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဘဂဝတော ဓမ္မော။ (နှလုံးသွင်းရန်)

ဤကဲ့သို့ တရားတော်ရဲ့ ဂုဏ်တော်ခြောက်ပါးကိုလဲပဲ မတုန်မလှုပ် သက်ဝင်ယုံကြည်တဲ့ သဒ္ဓါတရားနှင့် ပြည့်စုံအောင် နေကြမည်လို့ နှလုံးသွင်းကြ။ ဤကား စိတ္တသေဋ္ဌေး ဆွေမျိုးတို့အား ပေးအပ်သည့် ဒုတိယဩဝါဒတည်း။ ။

ဒုတိယဩဝါဒပြီး၏။

http:\\www.dhammadownload.com



## (ဂ) တတိယသြဝါဒအခန်း
### သံဃာဂုဏ်တော် ၉–ပါး

(၁)၊ ၊(ဂ–၊) သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။ =ဘဂဝတော=မြတ်စွာဘုရား၏။ သာဝကသံဃော=ကလျာဏ ပုထုဇဉ် သီလဝန် ပညဝန် အရှင်မွန် အရှင်မြတ်တို့နှင့်တကွ အရိယာ ရှစ်ပါး တပည့်သား သံဃာတော်မြတ်အပေါင်းသည်။ သုပ္ပဋိပန္နော= အဓိသီလ+အဓိစိတ္တ+အဓိပညာ=သိက္ခာသုံးရပ် လွန်ကောင်းမြတ် သော ပဋိပတ်ဂုဏ်နှင့် ပြည့်စုံတော်မူပါပေစွ။ သုပ္ပဋိပန္နော ဝတ ဘဂဝတော သာဝက သံဃော။

#### အမှာစကား

ဤမှစ၍ (၊) ကြည်ညိုရန်၊ (။) နှလုံးသွင်းရန်–ဟု မခွဲခြား တော့ဘဲ တစ်ခေါက်တည်းဖြင့်ပင် ကြည်ညိုခြင်း+နှလုံးသွင်းခြင်းတို့ကို ပြုကြပါကုန်စို့။

(၂)။ (ဂ) ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော= ဘဂဝတော= မြတ်စွာဘုရား၏ သာဝကသံဃော=ကလျာဏပုထုဇဉ် သီလဝန် ပညဝန် အရှင်မွန် အရှင်မြတ်တို့နှင့်တကွ အရိယာရှစ်ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်။ ဥဇုပ္ပဋိပန္နော= အဓိသီလ+အဓိစိတ္တ+အဓိပညာ=သိက္ခာသုံးရပ် လွန်ဖြောင့်မတ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေစွ။ ဥဇုပ္ပဋိပန္နော ဝတ ဘဂဝတော သာဝက သံဃော။

(၃)၊ (ဂ) ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။ =ဘဂဝတော=မြတ်စွာဘုရား၏။ သာဝကသံဃော=ကလျာဏ ပုထုဇဉ် သီလဝန် ပညဝန် အရှင်မွန် အရှင်မြတ်တို့နှင့်တကွ အရိယာ ရှစ်ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်။ ဉာယပ္ပဋိ

http:\\www.dhammadownload.com



ပန္နော=နိဗ္ဗာန်အလို့ငှာ ကျင့်ကြံခြင်းတည်းဟူသော ပဋိပတ်နှင့်လည်း ပြည့်စုံတော်မူပါပေစွာ့။ ဉာယပ္ပဋိပန္နော ဝတ ဘဂဝတော သာဝကသံဃော။

(၄)၊ (ဂ) သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။ =ဘဂဝတော=မြတ်စွာဘုရား၏။ သာဝကသံဃော=ကလျာဏ ပုထုဇဉ် သီလဝန် ပညဝန် အရှင်မွန် အရှင်မြတ်တို့နှင့်တကွ အရိယာ ရှစ်ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်။ သာမီစိပ္ပဋိ ပန္နော=လူတိုင်း၊ နတ်တိုင်း၊ ဗြဟ္မာတိုင်းတို့ ညွတ်ကိုင်းပျပ်ဝပ် ရှိသေအပ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေစွာ့။ သာမီစိပ္ပဋိပန္နော ဝတ ဘဂဝတော သာဝက သံဃော။

ဤဂုဏ်လေးပါးတို့ကား အကြောင်းဂုဏ်လေးပါးတို့တည်း။ ထိုအကြောင်းဂုဏ်လေးပါးတို့ကြောင့် (အညာ၌ မိုးရွာလျှင် မြစ်ထဲ၌ ရေတိုးခြင်းအကျိုး ဖြစ်စေသကဲ့သို့) ထို သံဃာဂုဏ်တော်မှာ ဆိုလတ္တံ့ သော အာဟုနေယျ–စသော အကျိုးဂုဏ်ငါးပါးတို့ အလိုလို ပြီးပြည့် စုံလေသည်။ (မှတ်ရန်)

ယဒိဒံ=ယာနိ ဣမာနိ စတ္တာရိ ပုရိသယုဂါနိ=အကြင် ယောကျ်ားမြတ်အစုံတို့သည်။ ယဒိဒံ=ယေ ဣမေ အဋ္ဌ ပုရိသ ပုဂ္ဂလာ= အကြင်တစ်ယောက်စီ တစ်ယောက်စီ ရေတွက်က ရှစ်ယောက်သော အရိယာပုဂ္ဂိုလ်မြတ်တို့သည်။ သန္တိ=ရှိပါကုန်၏။ (အဓိပ္ပာယ် ထင်ရှား ပါ၏။)

(၅)၊ ၊(ဂ) ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယျော။ =ဘဂဝတော=မြတ်စွာဘုရား၏။ ဧသ=ဧသော သာဝက သံဃော=ဤလေးစုံရှစ်ပါး တပည့်သား သံဃာတော်သည်။ အာဟုနေယျော=အဝေးမှ ယူဆောင်၍ လှူဒါန်းအပ်သော အလှူဝတ်

http:\\www.dhammadownload.com



ကို ခံယူခြင်းငှာ ထိုက်တန်စွာသော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံတော်မူပါပေစွာ့။ အာဟုနေယျော (ဝတ) ဘဂဝတော သာဝကသံဃော။

(၆)၊ ၊(ဂ) ဧသ ဘဂဝတော သာဝကသံဃော ပါဟုနေယျော။ =ဘဂဝတော=မြတ်စွာဘုရား၏။ ဧသ=ဧသော သာဝကသံဃော=ဤ လေးစုံရှစ်ပါး တပည့်သား သံဃာတော်သည်။ ပါဟုနေယျော=ဧည့်သည် အလို့ငှာ စီမံအပ်သည့် လှူဖွယ်ဝတ္ထုတို့ကို ခံယူခြင်းငှာ ထိုက်တန်စွာသော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံတော်မူပါပေစွာ့။ ပါဟုနေယျော (ဝတ) ဘဂဝတော သာဝကသံဃော။

(၇)၊ ၊(ဂ) ဧသ ဘဂဝတော သာဝကသံဃော ဒက္ခိဏေယျော။ = ဘဂဝတော = မြတ်စွာဘုရား၏။ ဧသ = ဧသော သာဝကသံဃော=ဤလေးစုံရှစ်ပါး တပည့်သား သံဃာတော်သည်။ ဒက္ခိဏေယျော=ကံကံ၏ အကျိုးကို နစ်နစ်ကာကာ ယုံကြည်၍ လှူဒါန်းအပ်သည့် မြတ်သောအလှူကိုလည်း ခံယူခြင်းငှာ ထိုက်တန်စွာသော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံတော်မူပါပေစွာ့။ ဒက္ခိဏေယျော (ဝတ) ဘဂဝတော သာဝကသံဃော။

(၈)၊ ၊(ဂ) ဧသ ဘဂဝတော သာဝကသံဃော အဉ္ဇလိကရဏီယော။ =ဘဂဝတော =မြတ်စွာဘုရား၏။ ဧသ=ဧသော သာဝကသံဃော=ဤလေးစုံရှစ်ပါး တပည့်သား သံဃာတော်သည်။ အဉ္ဇလိကရဏီယော လူနတ် ဗြဟ္မာ သတ္တဝါတို့ကို လက်အုပ်ချီမိုး ရှိခိုးခြင်းအမှုကို ပြုထိုက်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံတော်မူပါပေစွာ့။ အဉ္ဇလိ ကရဏီယော (ဝတ) ဘဂဝတော သာဝကသံဃော။

(၉)၊ ၊(ဂ) ဧသ ဘဂဝတော သာဝကသံဃော အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။ =ဘဂဝတော =မြတ်စွာဘုရား၏။ ဧသ=

http:\\www.dhammadownload.com



သော သာဝကသံဃော=ဤလေးစုံရှစ်ပါး တပည့်သား သံဃာတော်သည်။ လောကဿ=လူနတ်ဗြဟ္မာ သတ္တဝါ အပေါင်း၏။ အနုတ္တရံ=အတုမရှိ လွန်မြတ်ဘိသော။ ပုညက္ခေတ္တံ=ကောင်းမှုမျိုးကို စိုက်ပျိုးကြဲချရာ လယ်ယာမြေနှစ် ပုညခေတ်လျှင် စင်စစ် ဖြစ်တော်မူပါပေစွ။ **အနုတ္တရံ ပုညက္ခေတ္တံ လောကဿ(ဝတ) ဘဂဝတော သာဝက သံဃော။**

ဣတိ=ဤသို့။ သံဃေ=အရိယာရှစ်ဖော် သံဃာတော်၌။ အဝေစ္စပ္ပသာဒေန=မလှုပ်မတုန် သက်ဝင်ယုံကြည်တဲ့ သဒ္ဓါတရားနှင့်။ သမန္နာဂတာ=ပြည့်စုံကုန်သည်။ ဘဝိဿာမ=ငါတို့တစ်တွေ ဖြစ်ကုန်ပေအံ့" ဤကဲ့သို့ သံဃာ့ဂုဏ် ကိုးပါးကိုလည်းပဲ မလှုပ်မတုန် သက်ဝင်ယုံကြည်တဲ့ သဒ္ဓါတရားနှင့် ပြည့်စုံအောင် နေကြမည်လို့ နှလုံးသွင်းကြပါကုန်။ ဤကား စိတ္တသေဋ္ဌေး ဆွေမျိုးတို့အား ပေးအပ်သည့် တတိယဩဝါဒတည်း။

တတိယဩဝါဒပြီး၏။

## (ဃ) စတုတ္ထဩဝါဒအခန်း
## အပ္ပဋိဝိဘတ္တဘောဂီ

"ယံ ခေါ ပန ကိဉ္စိ ကုလေ ဒေယျဓမ္မံ၊ သဗ္ဗံ တံ အပဋိ ဝိဘတ္တံ ဘဝိဿတိ သီလဝန္တေဟိ ကလျာဏဓမ္မေဟီ"တိ ဧဝံ ဟိ ဝေါ သိက္ခိတဗ္ဗံ။

ကုလေ=မိမိတို့၏အိမ်၌။ ယံ ကိဉ္စိ ဒေယျဓမ္မံ=အမှတ်မထင် အကြင်တစ်စုံတစ်ခုသော လှူသင့်လှူထိုက်သော ဝတ္ထုသည်။ အတ္ထိ=ရှိ၏။ တံ သဗ္ဗံ=ထိုအိမ်မှာရှိတဲ့ လှူသင့်လှူထိုက်သည့် ဝတ္ထုမှန်သမျှကို။ သီလဝန္တေ ဟိ=သီလရှိကုန်သော။ ကလျာဏ ဓမ္မေဟိ=ကောင်း

http:\\www.dhammadownload.com



သောအကျင့်နှင့် ပြည့်စုံကုန်သော။ (သမဏ ဗြာဟ္မဏေဟိ= ကိလေသာ ခပ်သိမ်းကို ငြိမ်းစေတတ်တဲ့ ပုဂ္ဂိုလ်သူမြတ် (မကောင်းမှု ကို အပပြုတတ်တဲ့ သူတော်သူမြတ်တို့နှင့် ထည့်ပါ။) အပ္ပဋိဝိဘတ္တံ= "ဤရွေ့ကိုလှူ၊ ဤရွေ့ကိုထား" မခွဲခြားအပ်သည်။ ဘဝိဿတိ= ဖြစ်ပေလိမ့်မည်။ (ဝါ) ဖြစ်စိမ့်မည်တဲ့။ ဣတိ ဧဝံ ဟိ=ဤသို့လျှင်။ ဝေါ=အသင်ဆွေမျိုးတို့သည်။ သိက္ခိ တဗ္ဗံ=ကျင့်ကြံကြိုးကုတ် အားထုတ်ကြရမည်။ ဤကား စတုတ္ထ ဩဝါဒတည်း။

ဤစတုတ္ထဩဝါဒ၌ ဆိုလိုတာက မိမိမှာရှိတဲ့ စီးပွားဥစ္စာကို ဤရွေ့သာ ငါလှူမယ်၊ ဤရွေ့ကို ငါသိမ်းထားမယ်၊ ဤကဲ့သို့ မခွဲခြမ်း ပါနှင့်။ အကြောင်းညီညွတ်သလို လှူမည်ဟဲ့လို့ လှူဖို့ကိုသာ ဦးတည် စိတ်ထားပါ။ လှူရမှာကလဲ ဒုဿီလပုဂ္ဂိုလ်တွေအား လှူဖို့ မဆိုလိုပါ ဘူး။ "ငါ့မှာ ရလာလျှင် အရိယာသူမြတ်တို့အား လှူဖို့ပဲ" ဤကဲ့သို့ စိတ်ထဲမှာ စွဲမြဲထားပါ။ ဤကဲ့သို့ ဆုံးမလိုရင်း ဖြစ်ပါတယ်။ စတုတ္ထ ဩဝါဒပြီး၏။

တရားနိဂုံး

အထ ခေါ စိတ္တော ဂဟပတိ မိတ္တာမစ္စေ ဉာတိသာလောဟိ တေ ဗုဒ္ဓေ စ ဓမ္မေ စ သံဃေ စ စာဂေ စ သမာဒပေတွာ ကာလ+မကာသိ။

ထိုနောက် စိတ္တသေဋ္ဌေးသည် မိတ်ဆွေ+အတူနေပုဂ္ဂိုလ်များ၊ ဆွေမျိုးသားချင်းများကို ဘုရားရတနာ (တစ်နည်း ဗုဒ္ဓသရဏဂုံ)၊ တရားရတနာ (တစ်နည်း ဓမ္မသရဏဂုံ)၊ သံဃာရတနာ (တစ်နည်း သံဃသရဏဂုံ)၊ စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း စာဂဂုဏ်တို့၌ စိတ်ကို ဆောက်တည်စေပြီး စုတိပြတ်ကြွေ သေလွန်ခဲ့လေပြီ။ (သေလွန်ပြီး နောက် သုဒ္ဓါဝါသဘုံသို့ ရောက်သည်ဟုသာ မှတ်ယူရပါမည်။)

http:\\www.dhammadownload.com



စိတ္တသေဋ္ဌေးရဲ့ ကြည်ညိုဖွယ်ရာ အကြောင်းအရာကို "စိတ္တသံယုတ်"ဆယ်သုတ် တို့ကို အချုပ်စဉ်းစားကြည့်လျှင် လေးနက်သော တရားဘက်ဆိုင်ရာ ပြဿနာတို့ကို သူက မေးလိုက် မထေရ်ကြီးတို့က ဖြေလိုက်၊ မထေရ်ကြီးတို့က မေးလိုက် သူက ဖြေလိုက်၊ အဲဒီသဘောတွေပဲ ဖြစ်ပါတယ်။ အဲဒီလို သာသနာမှာ ဝင်ပြီးတော့ တရားဟောကောင်းတဲ့နေရာမှာ ဒကာဘက်မှ အခြားလူ မရှိပါဘူး။ စိတ္တသေဋ္ဌေးဟာ တရားဟော အလွန်ကောင်းတဲ့အတွက် မြတ်စွာဘုရားက ကိုယ့်တော့်တပည့် ဘိက္ခု+ ဘိက္ခုနီ+ဥပါသကာ+ဥပါသိကာ=ဆိုတဲ့ ပရိသတ်လေးပါးအား ဧတဒဂ်ဘွဲ့ထူး အပ်နှင်းတဲ့ (ဘွဲ့နှင်းသဘင်ကြီး ဆိုကြပါစို့) နှုတ်တော်မြွက်၍ ဧတဒဂ်ဘွဲ့ထူး ချီးကျူးတော်မူတဲ့အခါမှာ–

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ
ဓမ္မကထိကာနံ ယဒိဒံ စိတ္တော ဂဟပတိ။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ ယဒိဒံ စိတ္တော ဂဟပတိ=အကြင်စိတ္တသေဋ္ဌေးသည်။ အတ္ထိ=ရှိ၏။ ဓမ္မကထိကာနံ=တရားဟော ကောင်းကြကုန်သော။ မမ သာဝကာနံ=ငါဘုရား၏ တပည့်သာဝက ဖြစ်ကြကုန်သော။ ဥပါသကာနံ=ဒါယကာတို့အနက်။ ဧတံ–ဧသော=ဤ စိတ္တသေဋ္ဌေးသည်။ အဂ္ဂံ–အဂ္ဂေါ=အသာဆုံးအမြတ်ဆုံးပါပေ။

ဤကဲ့သို့ မြတ်စွာဘုရားက စိတ္တသေဋ္ဌေးကို တရားဟောကောင်းတဲ့ အရာမှာ ဧတဒဂ်ဘွဲ့ထူး ချီးကျူးတော်မူပါတယ်။

ဤတွင် ဥပါသကာ=ဒကာဘက်က စံယူစရာ "ပညာချိန်ခွင်ကြီး" ဖြစ်သော စိတ္တသေဋ္ဌေး၏အကြောင်း ပြီးစီးပြည့်စုံပါပြီ။ ။

သာဓု သာဓု သာဓု။

http:\\www.dhammadownload.com



# (၈) ဥပါသကာ=ဒါယကာ သာသနာ့ချိန်ခွင်ကြီး ဟတ္ထကာဠဝကသိတင်းသည် (သမာဓိချိန်ခွင်) တရားတော်

အာဠဝကသုတ် (သုတ္တနိပါတ၊ ပါ–၃၀၆၊ ဋ္ဌ–၂၁၂)

ဥပါသကာ ဒါယကာတို့ဘက်က သမာဓိနဲ့ ပတ်သက်ပြီး စံနမူနာယူရမည့် သမာဓိ ချိန်ခွင်ကြီးဆိုတာက "ဟတ္ထက အာဠဝက" ခေါ်တဲ့ မင်းသား ဖြစ်ပါတယ်။ တစ်နှယ်ငင် တစ်စင်ပါ ဆိုသလို ထိုမင်းသားအကြောင်းကို ဖော်ပြရလျှင် ခုဒ္ဒကနိကာယသုတ္တနိပါတ ကျမ်းလာ အာဠဝကသုတ္တန်က စရပါမယ်။ အဲဒီအာဠဝကသုတ္တန်ကို အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ မထေရ်မြတ်တို့က နိဒါန်းပျိုးပေး လိုက်ကြ တာက –

ဧကံ သမယံ ဘဂဝါ အာဠဝိယံ ဝိဟရတိ အာဠဝကဿ ယက္ခဿ ဘဝနေ (တဲ့)။

တစ်ချိန်က မြတ်စွာဘုရား အာဠဝီပြည်၏အနီးမှာ အာဠဝက နတ်ဘီလူးရဲ့ ဘုံဗိမာန်၌ သီတင်းသုံး နေတော်မူတယ်။ (မိမိတို့ အာရုံပြုထားကြရမှာက–အာဠဝီပြည်ရဲ့အနီး ညောင်ပင်ကြီးမှာ အာဠဝက နတ်ဘီလူး စစ်သူကြီးရဲ့ ဘုံဗိမာန်အတွင်းမှာ ရတနာ အမျိုးမျိုး ခြယ်စီထားတဲ့ ဒိဗ္ဗပလ္လင်ပေါ်မှာ မြတ်စွာဘုရား သီတင်းသုံး ထိုင်နေတော်မူတဲ့ပုံကို အာရုံယူထားကြရမည် ဖြစ်ပါတယ်။

အကြောင်းအရာ အကျယ်ကား–

အများသိနေတဲ့ သာဝတ္ထိပြည် ယူဇနာပေါင်း (၃၀)သုံးဆယ် (မိုင်ပေါင်း–၃၆၀)ဝေးတဲ့ အရပ်မှာ "အာဠဝီ"မည်တဲ့ မင်းနေပြည်ကြီး မှာ အာဠဝီမင်းကြီး စိုးအုပ်နေထိုင်တယ်။ အာဠဝီမင်းကြီးသည်–

http:\\www.dhammadownload.com



(၁) စောရပဋိဗာဟန=တိုင်းပြည်အတွင်း ထကြွသောင်းကျန်းတတ်တဲ့ လူဆိုးသူဆိုး သူပုန် ရန်ဘေးကို တွန်းလှန်ရန်၊

(၂) ပဋိရာဇနိသေဓန=ပြည်ထောင်ချင်းမင်းတို့ မိမိရဲ့ နိုင်ငံအတွင်း ထိပါးလာမှုကို ဟန့်တားရန်၊

(၃) ဗျာယာမကရဏ=မိမိရဲ့ ကိုယ်လက်ကြံ့ခိုင်မှုပြုရန်

အဲဒီရည်သန်ချက် သုံးခုနှင့် ခုနစ်ရက်တစ်ကြိမ် ခုနစ်ရက်တစ်ကြိမ် တောလိုက် (စစ်သည်ဗိုလ်ပါနှင့်) ထွက်လေ့ရှိတယ်။ ထိုအလေ့အထအတိုင်း အာဠဝိမင်းကြီး စစ်သည်ဗိုလ်ပါတို့နှင့် တောလိုက်ထွက်ခဲ့ရာ တောထဲရောက်တော့ မင်းကြီးက–

ယဿ ပဿေန မိဂေါ ပလာယတိ၊

တဿေဝ သော ဘာရော။

ဘဏေ=အချင်းတို့။ ယဿ=အကြင်သူ၏။ ပဿေန=နံပါးအနီးအပါးဖြင့်။ မိဂေါ=သားကောင်သည်။ ပလာယတိ=ပြေးသွားငြားအံ့။ တဿေဝ=ထိုသူ၏သာလျှင်။ သော=ထိုသားကောင်သည်။ ဘာရော=တာဝန်ဖြစ်ပစေ။ (ဤသို့ တာငန်းချ၍ တောလိုက်ကြတယ်)။ ။

"ရွှေသမင် မင်းကြီးတာကထွက်"

ထိုသို့ တောလိုက်ကြတဲ့အခါ "ဧဏိမိဂ"လို့ ခေါ်တဲ့ ရွှေရောင်အဆင်း ဂါဝင်းသော အမွေးအရောင်ရှိတဲ့ သားကောင်ကိုတွေ့၍ ဝိုင်းပြီး တောခြောက်ကြတဲ့အခါ မင်းကြီးရဲ့တာက ရွှေသမင် လွတ်ထွက်သွားတယ်။ ထိုအချိန်မှာ မင်းကြီးရဲ့အရွယ်ကလည်း အသက်လေးဆယ်လောက်အရွယ်မှာပဲ ရှိပါလိမ့်ဦးမယ်၊ မင်းကြီးသည် လေလောက် လျင်မြန်တဲ့ အဟုန်ဖြင့် လေးကိုကိုင်စွဲပြီး အပြေးလိုက်ခဲ့တယ်။

http:\\www.dhammadownload.com



ဇဏီဆိုတဲ့ သားကောင်မျိုးကလည်း သုံးယူဇနာပဲ တစ်ဟုန်ထိုး ပြေးနိုင်တယ်။ သုံးယူဇနာ ပြေးပြီးရင် တစ်ခါထဲ ရေထဲမှာ ရပ်နေသလိုပဲ မပြေးနိုင်တော့ဘဲ တဟဲဟဲမောပြီး ရပ်နေတယ်။ မင်းကြီးသည် သမင်သားကို မလိုချင် မစားချင်သော်လဲပဲ "မင်းကြီးသည် သားကောင်ကိုရအောင် မဖမ်းနိုင်ပေဘူး"လို့ မှူးမတ်များ ကဲ့ရဲ့မည့်ဘေးက လွတ် ချင်လို့ သမင်ကို တွေ့တဲ့နေရာမှာ နှစ်ပိုင်းပိုင်းပြီး ဦးနှင့်ပဲ့ ဝန်နှစ်မျိုး ပြုထမ်းပြီး ပြန်လာခဲ့တယ်။

မှူးမတ်ပရိသတ်ကလဲ "ဟာ–ရှင်ဘုရင်တော့ တို့နဲ့ကွဲသွားပြီ၊ ပြန်လာရင် တိုင်းပြည်ကို ပြန်လာရမှာပဲ"လို့ တိုင်ပင်ကြပြီး တိုင်းပြည်မှ တစ်ဂါဝုတ် (သုံးမိုင်)လောက် မရှိတရှိ မြို့ပြင်ဘက်မှာ သစ်ခက်တဲနန်း (ယာယီနန်း)များ ထိုးပြီး စောင့်နေကြတယ်။

## မင်းကြီး အာဠဝကနန်းသို့ ရောက်ရှိခြင်း

မင်းကြီးသည် တစ်ယောက်တည်းလာခဲ့၍ မြို့မှ တစ်ဂါဝုတ်လောက်ဝေးတဲ့ ပညောင်ပင်ကြီးရောက်တော့ သုံးယူဇနာခရီးကို တစ်ဟုန်ထိုး လိုက်ခဲ့ရတဲ့အတွက် ပင်ပန်းလွန်းလို့ ထမ်းလာခဲ့တဲ့ သမင်နှစ်ပိုင်းနှင့်တကွ ပညောင်ပင်ရဲ့ အရိပ်ကို ဝင်ပြီးတော့လဲ နားလိုက်ကရော အာဠဝက ဘီလူးက ကိုယ်ထင်ပြပြီး "အသင်လူသား– သင်သည် ငါ့ရဲ့အစာ ဖြစ်ပြီ"လို့ ဆိုပြီး တစ်ခါတည်း လက်ကို ဆွဲကိုင်တော့တာပါပဲ။

မှန်ပါတယ်။ ဝေဿဝဏ်နတ်ဘီလူးမင်းကြီးက "နေမွန်းတည့်အချိန်ကို ညောင်ပင်ရိပ်ကျရာ အရပ်သို့ ရောက်လာတဲ့လူကို စားလော့" ဟု သူ့အား အပိုင်စား ပေးခဲ့တဲ့အတွက် ညောင်ပင်ရိပ်အောက် ရောက်လာတဲ့ မင်းကြီးအား အာဠဝကဘီလူးက "အသင်

http:\\www.dhammadownload.com



လူသား- သင် ငါ့ရဲ့အစာဖြစ်ပြီ"လို့ ဆိုပြီး လက်ကိုဆွဲကိုင်လေသည်။ ထိုသို့ လက်ကို ဆွဲကိုင်ပြီးနောက် မင်းကြီး(နှင့်) အာဠဝကဘီလူးတို့ အပြန်အလှန် ပြောဆိုကြပုံမှာ-

မင်းကြီး။ ။မုဉ္စ မံ=အသင်ဘီလူး၊ ငါ့ကို လွှတ်လိုက်ပါ။ အဟံ တေ ဒိဝသေ မနုဿဉ္စ ထာလိပါကဉ္စ ပေသေဿာမိ=ငါသည် သင့်အတွက် နေ့စဉ်နေ့စဉ် လူတစ်ယောက်နဲ့ ချက်ပြီး ထမင်းတစ်အိုး တစ်အိုး အပို့လွှတ်ပါ့မယ်။

အာဠဝကဘီလူး။ ။ တွံ ရာဇူပဘောဂေန ပမတ္တော သမ္မုဿသိ၊ အဟံ ပန ဘဝနံ အနုပဂတဉ္စ အနနုညာတဉ္စ ခါဒိတုံ န လဘာမိ၊ သွာ+ဟံ ဘဝန္တိမ္ပိ ဓိယေယျံ။

အသင်မင်းကြီးဟာ တိုင်းတော်ပြည်တော် ရောက်လို့ မင်း စည်းစိမ်ကို ခံစားသုံးဆောင်ရလျှင် ကျွန်ုပ်ကို မေ့နေမှာပါ။ (အမှတ် ရမှာ မဟုတ်ပါဘူး)။ ငါတမူကား ငါ့ရဲ့ဘုံဗိမာန် (ဒီပညောင်ပင်ကြီး) အောက် မရောက်တဲ့လူ=အဲဒီလူကိုလဲ ငါမစားနိုင်ဘူး။ ဝေဿဝဏ် နတ်မင်းကြီး ခွင့်မပြုတဲ့လူ=(တစ်ဦးတစ်ယောက်က စားပါလို့ ခွင့်မပြုတဲ့လူ) အဲဒီ လူကိုလဲ ငါမစားနိုင်ဘူး=စားခွင့်မရဘူး၊ အကယ်၍ သင်မင်းကြီးကို လွှတ်လိုက်လျှင် အရှင်မင်းကြီးကိုလဲ ငါမစားရ၊ အရှင် မင်းကြီးက မေ့နေလို့ မပို့လျှင်လဲပဲ မစားရ၊ ဒီတော့ နှစ်ဖက်ရှုံးရှုံး နေမှာပ၊ (ဤကဲ့သို့ အာဠဝကဘီလူးက ပြောတယ်)။

ထိုအခါ အာဠဝိမင်းကြီးက-

ယံ ဒိဝသံ န ပေသေမိ၊ တံ ဒိဝသံ မံ ဂဟေတွာ ခါဒါဟိ=

ငါ ရဲရဲကြီး ဝန်ခံပါတယ်။ မပို့နိုင်တဲ့နေ့မှာ ငါ့ကို ဖမ်းပြီး စားလော့။ (ဒါ ခွင့်ပြုလိုက်တာပဲ၊ အဲဒီလိုဆိုတော့ အာဠဝကဘီလူးက စားနိုင်ခွင့်ရှိ သွားတယ်။) ထိုအခါ အာဠဝကဘီလူးက "ကောင်းပြီ၊

http:\\www.dhammadownload.com



အသင်မင်းကြီးရဲ့ ကတိအတိုင်း တည်ပါစေ" ဆိုပြီး မင်းကြီးကို လွှတ်လိုက်တယ်။ အာဠဝကဘီလူးရဲ့ ပဿောင်ပင်ကမြို့နှင့် သုံးမိုင်လောက်မှာ တည်ရှိတယ်။

## မင်းကြီး ပြည်တော်ဝင်ခန်း

အာဠဝီမင်းကြီးက ပဿောင်ပင်က ထွက်ခဲ့လို့ ပြည်ဘက်လာတဲ့အခါ ပြည်ရဲ့အနီး သစ်ခက်တနန်းမှာ စောင့်နေကြတဲ့ စစ်သည်ဗိုလ်ပါ မှူးမတ်များနဲ့တွေ့လို့ မှူးမတ်ဗိုလ်ပါတို့က မင်းကြီးကို မြင်လျှင်ပင် –

ကိံ မဟာရာဇ အယသမတ္တဘယာ ဧဝံ ကိလန္တော+သိ။–

အရှင်မင်းကြီးနှယ်နော်၊ "ရွှေသမင်ကို မိအောင် မဖမ်းနိုင်ဘူးလို့ အများကဲ့ရဲ့မှာလောက်များ ကြောက်ပြီး ဘာပြုလို့ ဒီလောက်အပင်ပန်းခံရတာလဲ" ဤကဲ့သို့ အားလုံးက ပြောကြတဲ့အခါ မင်းကြီးအဖို့ရာ စိတ်ထဲမှာ မချမ်းသာလွန်းလို့ ဘာမှစကားတုံ့ မပေးဘဲ ပရိသတ်ခြံရံ၍ ရွှေနန်းတော်သို့ ဝင်ခဲ့တယ်။

ပရိသတ်ခြံရံ၍ ရွှေနန်းတော် ရောက်တဲ့အခါကျတော့မှ နဂရဂုတ္တိကခေါ်တဲ့ မြို့ဝန်မင်းကို ခေါ်ပြီး တိတ်တဆိတ် နှစ်ဦးကြား "မြို့ဝန်ရေ၊ ငါတော့ အာဠဝကဘီလူးထံမှာ ဟောဒီလို ဝန်ခံခဲ့ရပြီ" ဆိုတော့ မြို့ဝန်မင်းက –

ကိံ ဒေဝ ကာလပရိစ္ဆေဒေါ ကတော။–

ဒေဝ=အရှင်မင်းကြီး။ ကာလပရိစ္ဆေဒေါ=အချိန်ပိုင်းကို။ ကတော ကိံ=ပြုအပ်ခဲ့သလား။ =ဘယ်နှစ်ရက် ပို့ပါမယ်။ (သို့မဟုတ်) ဘယ်နှစ်လပို့ပါမယ်၊ အဲဒီလို အချိန်အခါ အပိုင်းအခြားကို အရှင်မင်းကြီး ပြုခဲ့သလား=ပြောခဲ့သလားလို့ မေးတယ်။

http:\\www.dhammadownload.com



မင်းကြီးက န ကတော ဘဏော။ ဘဏော=အချင်းမြို့ဝန်မင်း။ န ကတော=အချိန်အပိုင်းအခြားကို ငါ မပြုအပ်ခဲ့ပေ။ ဘယ်ဒါတွေ ငါ အမှတ်ရမည်လဲ၊ ငါ့အသက်ဘေး ကင်းဝေးမှ ကင်းဝေးစေတော့ဆိုပြီး ငါလည်းပဲ အဲဒီအပိုင်းအခြားကို မစဉ်းစားမိပါဘူးကွယ်လို့ဆိုတော့ မြို့ဝန်မင်းက–

ဒုဋ္ဌု တယာ ကတံ ဒေဝ။

ဒေဝ=အရှင်မင်းကြီး။ တယာ=သင်ကြီးသည်။ ဒုဋ္ဌု=မကောင်းသည်ကို။ ကတံ=ပြုအပ်ခဲ့လေပြီ။ =အရှင်မင်းကြီး ပြုလုပ်ခဲ့ပုံက မကောင်းဘူး၊ တကယ်ဆို ဘယ်နှစ်ရက် ပို့မယ်၊ ဒီလို ဝန်ခံခဲ့ဖို့ကောင်းတယ်။

အမနုဿာ ဟိ ပရိစ္ဆိန္န မတ္တမေဝ လဘန္တိ။

ဟိ=မှန်၏။ အမနုဿာ=ဘီလူးတို့သည်။ ပရိစ္ဆိန္န မတ္တ မေဝ=ပိုင်းခြားအပ်သလောက်သာလျှင်။ လဘန္တိ=ရပိုင်ခွင့် ရှိကုန်၏။ အရှင်မင်းကြီးက "ငါ လူတစ်ကျိပ်ပို့မယ်" ဆိုလျှင် လူတစ်ကျိပ်ပဲ သူတို့ရပိုင်ခွင့် စားပိုင်ခွင့် ရှိတယ်။ ယခုတော့ အရှင်မင်းကြီးက ရက်လည်းမပိုင်း၊ လူလည်း မပိုင်း၊ ဘယ်အပိုင်းမှ မပြုခဲ့ဘူးဆိုတော့ အရှင်မင်းကြီးရဲ့ ပြုလုပ်ပုံဟာ မကောင်းဘူး။

အပရိစ္ဆိန္နေ ပန=အပိုင်းအခြား မပြုအပ်သော်ကား။ ဇနပဒဿ=တိုက်နယ်၏။ အာဗာဓော=ပင်ပန်းနွမ်းနယ်ခြင်းသည်။ ဘဝိဿတိ=ဖြစ်တော့မှာပဲ ဘုရား။ လူအပေါင်းအားလုံး ဒုက္ခရောက်ကုန်တော့မှာပဲ။

ဟောတု ဒေဝ ကိဉ္စာပိ ဧဝ+မကာသိ။

ဒေဝ=အရှင်မင်းကြီး။ ဧဝံ=ဤသို့။ ကိဉ္စာပိ အကာသိ=အကယ်၍ကား ပြုမှားခဲ့လေဦးတော့။ ဟောတု=ရှိပါစေ။

http:\\www.dhammadownload.com



အပ္ပေါဿုက္ကော တွံ ရဇ္ဇသုခံ အနုဘောတိ။

တွံ=အသင်မင်းကြီးသည်။ အပ္ပေါဿုက္ကော=ကြောင့်ကြမဲ့။ ရဇ္ဇသုခံ=မင်းစည်းစိမ်ကို။ အနုဘောဟိ=ခံစားတော်မူပါလော။ အဟံ=အကျွန်ုပ်သည်။ ဧတ္ထ=ဤကိစ္စ၌။ ကာတဗ္ဗံ=ပြုရမည့်အမှုကို။ ကရိဿာမိ=ပြုလုပ်ဆောင်ရွက်ပါမည်ဘုရား။ (အရှင်မင်းကြီး မင်းစည်းစိမ်ကိုသာ စိတ်ချမ်းသာစွာ ခံစားသုံးဆောင်၍ နေပါ၊ ကျွန်တော်မျိုး လုပ်ဆောင်ဖွယ် အမှုတို့ကို လုပ်ဆောင်ပါ့မယ်လို့ နှစ်သိမ့်စေတယ်။)

မြို့ဝန်မင်း စီမံပုံ

နှစ်သိမ့်စေပြီး မြို့ဝန်မင်းက မိမိအိမ်မှာ နေ့တိုင်း နေ့တိုင်း ထမင်းချက်ပြီး အုပ်နှင့်ထည့်ပြီး ထောင်အဝသွားပြီး အကွပ်မျက် (အသတ်)ခံရမယ့် ရာဇဝတ်သားတွေ ကြားလောက်အောင် ထောင်ဝကနေပြီး –

ယော ဇီဝိတတ္ထိကော ဟောတိ၊ သော နိက္ခမတု။

ယော=အကြင်သူသည်။ ဇီဝိတတ္ထိကော=အသက်ရှင်လိုသည်။ ဟောတိ=ဖြစ်၏။ သော=ထိုသူသည်။ နိက္ခမတု=ထွက်ခဲ့လော။ (ဆိုတော့) ထောင်ထဲက အသတ်ခံရမည့် ထောင်သားများ သူ့ထက်ငါ အလုအယက် ထွက်လာကြတဲ့အခါ "များများမလိုချင်ဘူး၊ တစ်ယောက်ထဲ လွှတ်နိုင်မှာ" ဆိုပြီး အဲဒီ အသတ်ခံရမယ့် ရာဇဝတ်သားကို သူ့အိမ်ခေါ်လာပြီး ထမင်းဝအောင်ကျွေး၊ ရေမိုးအချိုးခိုင်း ထမင်းအုပ်ကို လက်ထဲအပ်ပြီး–

ဣမံ ထာလိပါကံ ယက္ခဿဒေဟိ။

ဣမံ ထာလိပါကံ=ဤထမင်းကျက်အိုးကို။ ယက္ခဿ=အာဠဝကဘီလူးအား။ ဒေဟိ=အမောင် သွားပေးလော့ ဆိုပြီး တစ်

http:\\www.dhammadownload.com



ယောက်တည်း လွှတ်လိုက်ရင် မသေချာမှာ စိုးပြီး မင်းချင်းယောက်ျား များ အဖော်ထည့်ပြီးတော့ လွှတ်လိုက်တယ်။ ထိုလူ အာဠဝကဘီလူး ၏ ညောင်ပင်ကြီးအောက် ဝင်မိသည်နှင့်တစ်ပြိုင်နက် အာဠဝက ဘီလူးသည် ထိုသူနှင့်တကွ ထမင်းအုပ်ကို ကျွတ်ကျွတ်ဝါးစားလေ တော့၏။

ယက္ခာနုဘာဝေန ကိရ မနုဿာနံ ကေသာဒီနိ ဥပါဒါယ သကလ သရီရံ နဝနီတပိဏ္ဍော ဝိယ ဟောတိ။

ယက္ခာနုဘာဝေန=ဘီလူးတို့၏ အာနုဘော်ကြောင့်။ မနုဿာနံ=လူတို့၏။ ကေသာဒီနိ=ဆံပင် စသည်တို့ကို။ ဥပါဒါယ= အစပြု၍။ သကလသရီရံ=တစ်ကိုယ်လုံးသည်။ နဝနီတပိဏ္ဍော ဝိယ=ဆီဥခဲကဲ့သို့။ ဟောတိ ကိရ=ဖြစ်သတည်း။

ဘီလူးများက လူသားကို စားကြတဲ့အခါ သူတို့ရဲ့ အာနုဘော် ကြောင့် လူသားတစ်ကိုယ်လုံးဟာ ဘယ်အနားဖြင့် အရိုးတွေမို့လို့ မာနေလို့ စားမဖြစ်ဘူး၊ မဝါးနိုင်ဘူးလို့ မရှိဘူး။ တစ်ကိုယ်လုံး ဆီဥခဲကြီးလိုပဲတဲ့။ လူသာမန်က လူ့အနေနဲ့ကြည့်ရင် ဆံပင်ဟာ ရှုံစရာပေမယ့် ဘီလူး အဖို့ရာမှာတော့ သူတို့ အာနုဘော်ကြောင့် ဆံပင်ကအစ ခြေသည်းလက်သည်းကျအောင် တစ်ကိုယ်လုံးဟာ ဆီဥခဲကြီးလိုပါတဲ့။

လိုက်ပါ ပို့ဆောင်တဲ့လူတွေ၊ မင်းချင်းယောက်ျားတွေက ထိုအခြင်းအရာကို မြင်ကြရတော့ မိမိတို့နှင့် နီးစပ်ရာလူများကို "အေး‥ ကိုရင်တို့၊ မခိုးကြ၊ မဝှက်ကြ၊ မတိုက်ခိုက်ကြလေနဲ့၊ ခိုးဝှက် တိုက်ခိုက်ကြလျှင် –

ရာဇာ စောရေ ဂဟေတွာ ယက္ခဿ ဒေတိ။

ရာဇာ=ပြည့်ရှင်မင်းကြီးသည်။ စောရေ=ခိုးဝှက် တိုက်ခိုက်

http:\\www.dhammadownload.com



လုယက်**တဲ့** လူဆိုးသူခိုးတို့ကို။ ဂဟေတွာ=ဖမ်းယူ၍။ ယက္ခဿ= အာဋဝကဘီလူးအား။ ဒေဟိ=ပေး၏။

အဲဒီလို တိုးတိုးတိတ်တိတ် ပြောရာက တစ်ဆင့်စကား တစ်ဆင့် နားကြားကြတော့ တိုင်းပြည်တစ်ခုလုံး ခိုးဝှက်တိုက်ခိုက်တဲ့ လူတစ်ယောက်မျှ မပေါ်တော့ဘူး။

အေး.. ရှေးက လူဆိုးအဟောင်းတွေလည်း ထောင်ထဲမှာ ကုန်၊ နောက်ထပ်လူဆိုး အသစ်တွေလည်း မပေါ်လာတော့ ထောင်ထဲမှာ လူဆိုးသူခိုးရယ်လို့ မရှိတော့ဘူး(တဲ့)။ ထိုအခါ မြို့ဝန်မင်းက ဒီအကြောင်းကို လျှောက်ထားတော့ မင်းကြီးက အကြံပေးတယ်။ အေး.. မြို့ဝန်၊ ငါ အကြံပေးမယ်၊ လမ်းဆုံလမ်းခွမှာ ငွေထုပ်များ ပစ်ထား၊ ကောက်ယူတဲ့ လူကို "မင်းဘဏ္ဍာစိုး ခိုးတဲ့လူ"လို့ ဆိုပြီး ဖမ်းလေ၊ ဤနည်းဖြင့် လူဆိုးသူခိုး ရအောင် ရှာတာပေ့ါ ဆိုတော့ **မြို့ဝန်မင်းလည်း–**

အပ္ပေဝ နာမ ကောစိ လောဘေန ဂဏှေယျ။

ကောစိ=တစ်စုံတစ်ယောက်သော သူသည်။ လောဘေန= လိုချင်သဖြင့်။ အပ္ပေဝ နာမ ဂဏှေယျ=ကောက်ယူမှု ကောက်ယူလေရာ၏။ အဲဒီ ကောက်ယူတဲ့လူကို သူခိုးဆိုပြီး ဖမ်းတာပေ့ါ(လို့) အကြံပေးတဲ့အတိုင်း မြို့ဝန်မင်း ဆောင်ရွက်တဲ့အခါ နောက်ပိုင်းကျတော့ ရှေးနည်းအတူပင် –

တံ ပါဒေနပိ န ကောစိ ဆုပိ။

တံ=ထိုဥစ္စာကို။ ပါဒေနပိ=ခြေဖြင့်လည်း။ ကောစိ=တစ်ဦးတစ်ယောက်သောသူသည်။ န ဆုပိ=တို့ရုံမျှပင် မတို့ဝံ့တော့ချေ။ ဤအကြောင်းကို မြို့ဝန်မင်းက မင်းကြီးအား လျှောက်ထားတဲ့အခါ–

မင်းကြီးက မှူးမတ်တွေနဲ့ တိုင်ပင်တယ်။ တိုင်ပင်တဲ့အခါ

http:\\www.dhammadownload.com



မှူးမတ်တို့က–

ကုလပဋိပါဋိယာ ဧကေ+ဧကံ ဗိလ္လာကံ ပေသေမ။ သော ပကတိယာပိ မစ္ဆုမုခေ ဝတ္တတိ။

ကုလပဋိပါဋိယာ=အိမ်စဉ်အတိုင်း။ ဧကေ+ဧကံ=တစ်အိမ်လျှင် တစ်ယောက်ကျ။ ဗိလ္လာကံ=လူအိုကြီးများကို။ ပေသေမ=ပို့ကြတာပ။ သော=ထိုလူအိုကြီးသည်။ ပကတိယာပိ=သူ့နဂို ပကတိသဘောအားဖြင့်လည်း။ မစ္ဆုမုခေ=သေမင်း၏ ခံတွင်းဝ၌။ ဝတ္တတိ=ဖြစ်နေရောက်နေတာပါ။ (သေမင်းရဲ့ ခံတွင်းဝ ရောက်နေတာဖြစ်တော့ မထူးပါဘူး)။ အဲဒီ လူအိုကြီးတွေကို တစ်နေ့လျှင် တစ်ယောက်ကျ ပို့ကြတာပလို့ ပြောကြတော့ –

အာဠဝီမင်းကြီးက–

အမှာကံ ပိတရံ အမှာကံ ပိတာမဟံ ပေသေတီဟိ မနုဿာ ခေါဘံ ကရိဿန္တိ၊ မာ ဝေါ ဧတံ ရုစ္စိ။

ဘဏေ=အချင်းတို့။ မနုဿာ=တိုင်းသားပြည်သူ မိုလ်လူတို့က။ အမှာကံ ပိတရံ=ငါတို့၏ဖခင်ကို။ အမှာကံ ပိတာမဟံ=ငါတို့ရဲ့ အဘိုးကို။ ပေသေတိ=ဘီလူးစာကျွေး ပို့သပေ၏။ ဣတိ=ဤသို့။ ခေါဘံ=တိုင်းပြည် ချောက်ခြားမှုကို။ ကရိဿန္တိ=ပြုကြလိမ့်မယ်။ ဝေါ=သင်တို့သည်။ ဧတံ=ဤလူအိုကြီးများကို တစ်နေ့တစ်ယောက် ပို့ဆက်မှုကို။ မာရုစ္စိ=မနှစ်သက်ပါနဲ့။ (ဒါကိုတော့ သဘောမတူကြပါနဲ့လို့ မင်းကြီးက ကန့်ကွက်တဲ့အခါ)

မှူးမတ်တို့က တစ်မျိုးပြန်ပြီး အကြံပေးကြတယ်၊ အကြံပေးပုံမှာ–

တေန ဟိ ဒေဝ ဒါရကံ ပေသေမ ဥတ္တာနသေယျကံ၊ တထာဝိဓဿဟိ 'မာတာ မေ+ ပိတာ မေ' တိ သိနေဟော နတ္ထိ။

http:\\www.dhammadownload.com



ဒေဝ = အရှင်မင်းကြီး။ တေန ဟိ = သို့ပြီးတကား။ ဥတ္တာနသေယျကံ=ပက်လက်အိပ်ကာမျှဖြစ်သော။ ဒါရကံ=ကလေးသူငယ်ကို။ ပေသေမ=ပို့ကြကုန်အံ့။ (ဘာပြုလို့လဲဆိုတော့)။ ဟိ=မှန်၏။ (ဝါ) ကလေးကို ပို့သင့်တဲ့ အကြောင်းကား။ တထာဝိဓဿ=ထိုသို့သဘောရှိတဲ့ ပုခက်တွင်း ပက်လက်အိပ်နေတဲ့ ကလေးသူငယ်၏ (အဖို့ရာ) 'မေ=ငါ၏။ မာတာတိ=အမိဟူ၍ လည်းကောင်း၊ မေ=ငါ၏။ ပိတာ=အဖဟူ၍ လည်းကောင်း' ဣတိ+ ဤသို့။ သိနေဟော=ချစ်ခင်ခြင်းသည်။ နတ္ထိ=မရှိပါဘူးဘုရား။ (ပုခက်တွင်း ပက်လက်အိပ်တဲ့ ကလေးကျတော့ အဖေမှန်း + အမေမှန်း မသိသေးဘူး၊ ဒီပြင်လည်း နည်းလမ်း မရှိတော့ဘူး ဆိုတော့ မင်းကြီးက ခွင့်ပြုရတယ်။

ခွင့်ပြုတဲ့ အချိန်ကစပြီး ပုခက်တွင်းက ကလေးတွေ တစ်နေ့တစ်ယောက် ထမင်းအုပ်တစ်အုပ်နဲ့ ဘီလူးအစာ သွားသွားကျွေးကြရတယ်။ ကလေးတွေကို ဘီလူးစာ ကျွေးတယ် ဆိုတဲ့သတင်းလည်း ကြားရော၊ သားသည်မိခင်တွေ ဟိုး ကိုယ်ဝန်ရှိတဲ့ မိခင်တွေ အကုန်လုံး တိုင်းတစ်ပါးကို ထွက်ပြေးကုန်ကြတယ်။ အာဠဝီပြည်နန်းတော်ရဲ့ ပြင်ဘက်မှာ ကလေးတွေ မရှိတော့ဘူး။ ထောင်သားတွေကို ဘီလူးစာကျွေး၊ ကလေးတွေကို ဘီလူးစာကျွေးပြီး လာခဲ့တာ (၁၂–နှစ်)=ဆယ့်နှစ်နှစ် ကြာခဲ့တယ်။

## အာဠဝကမင်းသား အလှည့်ကျရောက်လာခြင်း

အဲဒီ ၁၂–နှစ်ကြာ ထောင်သားတွေ ကလေးတွေကို ဘီလူးအစာ ကျွေးလာလို့ နောက်ဆုံး ဝဋ်ကျွတ်မဲ့နေ့ ရောက်ပြီ။ တစ်ပြည်လုံး မြို့တွင်းမှာ ကလေးရယ်လို့ မရှိတော့ဘဲ နန်းတွင်းမှာ အာဠဝကမင်းသားကလေး တစ်ယောက်သာ ကျန်တော့တယ်။

http:\\www.dhammadownload.com



ထိုအခါ မှူးမတ်များက မင်းကြီးအား ဘယ်လိုလျှောက်သလဲဆိုတော့

နတ္ထိ ဒေဝ နဂရေ ဒါရကော ဌပေတွာ အန္တေပုရေ တဝ
ပုတ္တံ အာဠဝက ကုမာရံ။

ဒေဝ=သမ္မုတိနတ် အရှင်မင်းမြတ်။ အန္တေ ပုရေ=ရွှေနန်းတော်အတွင်း၌။ တဝ=အရှင်မင်းကြီး၏။ ပုတ္တံ=သားတော်ဖြစ်သော။ အာဠဝက ကုမာရံ=အာဠဝကမင်းသားကို။ ဌပေတွာ=ချန်လှပ်ထား၍။ နဂရေ=မြို့ထဲမှာတော့။ ဒါရကော=ကလေးသည်။ နတ္ထိ=တစ်ယောက်မှ မရှိတော့ဘူး။

အရှင်မင်းကြီး၊ ရွှေနန်းတော်ထဲက အရှင်မင်းကြီးရဲ့သား အာဠဝက မင်းသားကို ချန်ထား၍ (ဝါ–အာဠဝကမင်းသားမှတစ်ပါး) မြို့ထဲမှာဖြင့် ကလေးတစ်ယောက်မှ မရှိတော့ဘူး။ ကလေးဆိုလို့ အရှင်မင်းကြီးရဲ့ သားတော် အာဠဝကမင်းသားလေး တစ်ယောက်ပဲ ရှိတော့တယ် –

ဤကဲ့သို့ လျှောက်ထားတဲ့အခါ မင်းကြီးက ဘာပြန်ပြောသလဲ ဆိုတော့ ယထာ မမ ပိယော ပုတ္တော၊ ဧဝံ သဗ္ဗလောကဿ။ မမ=ငါသည်။ ပုတ္တော=သားတော် အာဠဝကမင်းသားကို။ ပိယောယထာ=ချစ်အပ်သကဲ့သို့။ ဧဝံ=ဤအတူ။ သဗ္ဗလောကဿ=အလုံးစုံသော လူအပေါင်းသည်။ ပုတ္တော=မိမိ မိမိသားကို။ ပိယော=ချစ်အပ်ပေ၏။

သြ… ငါ့သားကို ငါချစ်သလို တိုင်းသူပြည်သားတွေလည်းပဲ မိမိသားကို ချစ်ကြတာပဲ။ "တိုင်းသူပြည်သားရဲ့သားကိုတော့ သေစေ၊ မိမိသားကိုတော့ လွတ်စေ"၊ ဒီအချက်သည် မသင့်လျော်မတော်ဘူး။

အတ္တနာ ပန ပိယတရံ နတ္ထိ။ လောကေ=လောက၌။ အတ္တနာ ပန ပိယတရံ နတ္ထိ။ လောကေ=လောက၌။ အတ္တနာ=

http:\\www.dhammadownload.com



မိမိထက်။ ပိယတရံ=အထူးသဖြင့် ချစ်အပ်သော ဝတ္ထုသည်။ နတ္ထိ= မရှိဘူး။

ဂစ္ဆထ တမ္ဘိ ဒတွာ မမ ဓီဝိတံ=ငါ့ရဲ့သား အာဠဝက မင်းသားကိုလည်းပဲ။ ဒတွာ=ဘီလူးအားပေး၍။ မမ ဓီဝိတံ=ငါ့ရဲ့ အသက်ကို။ ရက္ခထ=စောင့်ကြကုန်လော။ (ဤကဲ့သို့ အမိန့်ပေး တယ်)။

ထိုအချိန်၌ အာဠဝကမင်းသားကလေးကို မယ်တော် မိဖုရားကြီးသည် မိမိ၏သားကို နံ့သာရေမိုး ချိုးစေပြီးလျှင် တန်ဆာ ဆင်ကာ ဘွဲ့ဖြူအဝတ်နှ၌ ထွေးထားမှုပြုကာ မိမိရင်ခွင်ထက်၌ သိပ်၍ ထိုင်နေဆဲ ဖြစ်လေသည်။ မင်းချင်းယောကျ်ားများသည် မင်းကြီး၏ အမိန့်အာဏာဖြင့် ထို (မိဖုရားကြီး သားတော်ကို ရင်ခွင်၌ သိပ်၍ထိုင်နေရာ) အရပ်သို့ သွားရောက်ကြပြီးလျှင် မိဖုရားကြီးနှင့် တကွ မောင်းမအပေါင်း တစ်သောင်းခြောက်ထောင်တို့ ငိုကြွေး မြည်တမ်းကြစဉ်ပင် အထိန်းတော်ကြီးနှင့်တကွ ထိုအာဠဝကမင်းသား လေးကို ယူဆောင်ကြ၍ “နက်ဖန်ခါ ဤမင်းသားကလေးသည် ဘီလူးအစာ ဖြစ်ရပေတော့မည်” ဟု ပြောဆို ဖဲသွားကြလေသည်။

## မြတ်စွာဘုရားရှင် အာဠဝီပြည်သို့ ကြွတော်မူခြင်း

ထိုနေ့၌ပင် မြတ်စွာဘုရားရှင်သည် နံနက်မိုးသောက် ထသော အခါ စောစောထတော်မူ၍ ဇေတဝန်ကျောင်းတိုက်တော်အတွင်း ဂန္ဓကုဋီကျောင်းတော်ဝယ် မဟာကရုဏာ သမာပတ်ကို ဝင်စားတော် မူပြီးနောက် တစ်ဖန် အာသယာနုသယဉာဏ်၊ ဣန္ဒြိယပရောပရိယတ္တိ ဉာဏ် တည်းဟူသော ဗုဒ္ဓစက္ခုတော်အစုံဖြင့် ကျွတ်ထိုက်သသူ နတ်လူ ဖြဟ္မာ သတ္တဝါလောကကို ကြည့်ရှုတော်မူလတ်သော်–

http:\\www.dhammadownload.com



(၁) အာဠဝကမင်းသားကလေး၏ အနာဂါမိဖိုလ်သို့ ရရောက်ကြောင်း ရှေးကောင်းမှု ကုသိုလ်ကို လည်းကောင်း၊

(၂) အာဠဝကဘီလူး၏ သောတာပတ္တိဖိုလ်သို့ ရရောက်ကြောင်း ရှေးကောင်းမှု ကုသိုလ်ကို လည်းကောင်း၊

(၃) တရားဒေသနာနိဂုံး ဆုံးလတ်သောအခါ သတ္တဝါအပေါင်း ရှစ်သောင်းလေးထောင်တို့၏ သစ္စာလေးပါး တရားကို သိမြင်မှု=ဓမ္မစက္ခုကို ရရောက်ကြောင်း ရှေးကောင်းမှု ကုသိုလ်ကို လည်းကောင်း–

ဤအကြောင်းထူး သုံးရပ်ကို မြင်တော်မူလတ်ရကား ထိုညဉ့်ကုန်ကင်း မိုးလင်းသောအခါ နံနက်ခင်း၌ ပြုလုပ်ဖွယ်ရာ ဗုဒ္ဓကိစ္စကို ပြုလုပ်ဆောင်ရွက်တော်မူပြီးနောက် နေမွန်းလွဲအခါ ပြုလုပ်ရမည့် ဗုဒ္ဓကိစ္စ မပြီးဆုံးသေးမီပင် လကွယ်နေ့ နေဝင်ချိန်၌ ကိုယ်တော်မြတ် တစ်ပါးတည်းသာ သပိတ်သင်္ကန်းကို ယူဆောင်တော်မူကာ ခြေလျင်ကြွချီတော်မူခြင်းဖြင့် သာဝတ္ထိပြည်မှ ယူဇနာသုံးဆယ်တို့တိုင်တိုင် ကြွတော်မူ၍ အာဠဝကဘီလူး၏ ဘုံဗိမာန် အာရာမ်အတွင်းသို့ ဝင်တော်မူတယ်။

ဤ၌ ယူဇနာသုံးဆယ်ဆိုသည်မှာ မိုင်ပေါင်း(၃၆၀) သုံးရာ့ခြောက်ဆယ်ဖြစ်၍ ထိုခရီးကို တစ်မွန်းလွဲတည်းနှင့် ခြေလျင်ကြွတယ်ဆိုတော့ စက်နာရီအနေဖြင့် ကြည့်လျှင် မွန်းတည့် ၁၂ နာရီအချိန်ကစပြီး ကြွခြင်းဖြစ်လို့ (၆)နာရီလောက်နဲ့ ယူဇနာသုံးဆယ်=မိုင်ပေါင်း သုံးရာ့ခြောက်ဆယ်ခရီး ရောက်သွားတာ သာမန်အသိနဲ့ကြည့်ရင် ယုံနိုင်ဖွယ် မရှိသလို ထင်ရတယ်။ သို့သော် မြတ်စွာဘုရားရဲ့ ပကတိကာယဗလ အားတော်ကို ဆင်ခြင်ကြည့်ရမယ်။

http:\\www.dhammadownload.com



ဆင်ခြင်ကြည့်လျှင် ကာဠာဝကဆင်၊ ဂင်္ဂေယျဆင်၊ ပဏ္ဍရဆင်၊ တမ္ဗဆင်၊ ပိင်္ဂလ ဆင်၊ ဂန္ဓဆင်၊ မင်္ဂလဆင်၊ ဟေမဆင်၊ ဥပေါသထဆင်၊ ဆဒ္ဒန်ဆင်လို့ ဆယ်ဆ ဆယ်ဆ အားတက်သွားတဲ့ ဆင်ဆယ်မျိုး ရှိကြတယ်။ အဲဒီ ဆင်ဆယ်မျိုးမှာ မြတ်စွာဘုရားရဲ့ ပကတိ ကာယဗလ အားတော်ဟာ ဆဒ္ဒန်ဆင်ဆယ်စီးရဲ့အား ရှိတယ်။ မဇ္ဈိမပုရိသ (အားအလယ်အလတ်ရှိတဲ့) ယောကျ်ားပေါင်း ကုဋေ တစ်သောင်းအားနှင့် ဘုရားအလောင်း တစ်ဦးတည်းရဲ့အားဟာ ညီမျှတယ်။ အဲဒီလို မဇ္ဈိမ ပုရိသ ကုဋေတစ်သောင်းအား ကြွားကြွား ကုန်အောင် ကိုယ်တော်ထိး ရွက်ဆောင်နိုင်တဲ့ ဒီအင်အားမျိုးကို "နာရာ ယနကာယဗလအား" လို့ ခေါ်တယ်။ အဲဒီအားနဲ့ဆိုတော့ လေလောက်မြန်တယ်၊ စဉ်းစား ကြည့်စမ်းပါ။ "၆ နာရီလောက်နဲ့ ယူဇနာသုံးဆယ်=မိုင်ပေါင်း သုံးရာ့ ခြောက်ဆယ်ဆိုတာ တစ်နာရီလျှင် မိုင်ပေါင်းခြောက်ဆယ်/ခုနစ်ဆယ် တိုက်ခတ်တဲ့ လေအားမျိုးနဲ့ ပကတိ ခြေလျှင်ကြွတာ"။ နေလည်း ဝင်ရော။ အာဠဝကဘီလူးရဲ့ ဘုံဗိမာန်သို့ ရောက်တော်မူတယ်။

## မြတ်စွာဘုရားနှင့် ဂဒြဘာ

ဤ၌ မြတ်စွာဘုရားသည် ပဒေါင်ပင်၏အနီးဝယ် လူသာမန်တို့ မမြင်နိုင်တဲ့ အာဠဝကဘီလူး၏ဗိမာန်၌ နေတော်မူ သလော၊ သို့မဟုတ် ပဒေါင်ပင်ရင်း၌ နေတော်မူသလော၊ အဘယ်၌ နေတော်မူသနည်းဟုမူ အဖြေကား ဘီလူး၏ဗိမာန်အတွင်း ပလ္လင် ထက်၌ နေတော်မူ၏။ ထင်ရှားစေဦးအံ့၊ ဘီလူးတို့သည် မိမိတို့၏ ဘုံဗိမာန်ကို မြင်ကြသကဲ့သို့ ထို့အတူ မြတ်စွာဘုရားရှင်သည်လည်း မြင်တော်မူ၏။ သို့ရကား မြတ်ဘုရားရှင်သည် အာဠဝကဘီလူး၏ ဗိမာန်ရှိရာသို့ ကြွတော်မူပြီးလျှင် ဗိမာန်တံခါးဝ၌ ရပ်တည်တော်မူ

http:\\www.dhammadownload.com



လေ၏။

ထိုအချိန်၌ အာဠဝကဘီလူးကား ဟိမဝန္တာတောင်ဝယ် ဘီလူးတို့၏ အစည်းအဝေးသို့ သွားရောက်နေသောကြောင့် အာဠဝကဘီလူး၏ တံခါးစောင့်ဖြစ်သော "ဂဒြဘ"မည်သော ဘီလူးသည် ဘုရားထံမှောက် သွားရောက်ရှိခိုးပြီး မြတ်စွာဘုရားနှင့် စကားအချီအချ ပြောဆိုကြသည်မှာ–

ဂဒြဘ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဘုန်းတော်သခင် ရှင်ပင်ဘုရားသည် နေဝင်သောအခါမှ ကြွလာတော်မူပါသလော။

ဗုဒ္ဓ။ ။ အိမ်း... ဂဒြဘ၊ ငါဘုရားသည် နေဝင်သောအခါမှပဲ ကြွလာပေသည်။ အကယ်၍ သင့်အဖို့ရာ ဝန်မလေးလျှင် ငါ ဘုရားသည် အာဠဝကဘီလူး၏ ဗိမာန်၌ ယနေ့ တစ်ညဉ့်မျှ နေလိုသည်။

ဂဒြဘ။ ။ ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရား၊ အကျွန်ုပ် အဖို့ရာ ဝန်မလေးပါ။ သို့သော် ထိုအာဠဝကဘီလူးသည် ခက်ထန် ကြမ်းတမ်းလှဘိ၏။ မိဘတို့အားသော်မှ ရှိခိုးမှု စသည်ကို မပြုပါချေ။ သို့ရကား ဘုန်းတော်သခင် ရှင်တော်ဘုရားသည် ဤအာဠဝကဘီလူး၏ ဗိမာန်၌ နေထိုင်ရခြင်းကို နှစ်သက်တော် မမူပါလင့်ဘုရား။

ဗုဒ္ဓ။ ။ ဇာနာမိ ဂဒြဘ တဿ ကက္ခဠတံ၊ န ကောစိ မမ+န္တရာယော ဘဝိဿတိ၊ သစေ တေ အဂရု၊ ဝိဟာရေယျာမေ+ ကရတ္တိံ။ =ဂဒြဘ=ဒကာ ဂဒြဘ။ တဿ=ထိုအာဠဝက ဘီလူး၏။ ကက္ခဠတံ=ကြမ်းတမ်းသည်၏အဖြစ်ကို။ ဇာနာမိ=ငါဘုရား သိပါ၏။ မမ=ငါဘုရား၏ (အဖို့ရာ)။ ကောစိ=တစ်စုံတစ်ခုမျှသော။ အန္တရာယော=အန္တရာယ်သည်။ န ဘဝိဿတိ=ဖြစ်လိမ့်မည် မဟုတ်

http:\\www.dhammadownload.com



ပါ။ **သစေ တေ အဂရု**=သင့်အဖို့ရာ ဝန်မလေးပါမူ။ **ကေရတ္တိံ**= **တစ်ညဉ့်မျှ**။ ဝိဟရေယျာမ=ငါတို့ နေလိုကုန်၏။

ဂဒြဘရယ်.. အေး.. အာဠဝကရဲ့ ကြမ်းခက်မှုကို ငါဘုရား သိပါတယ်။ ငါ့မှာ တစ်စုံတစ်ရာ အန္တရာယ်ဖြစ်မည် မဟုတ်ပါဘူး ကွယ်။ မင်း ဝန်မလေးရင် ငါ တစ်ညဉ့်လောက် နေချင်သကွယ်၊ (ဤကဲ့သို့ မြတ်စွာဘုရား မိန့်တော်မူသောအခါ-)

ဒုတိယအကြိမ် ဂဒြဘ နတ်ဘီလူး လျှောက်ထားပြန်သည်မှာ

ဂဒြဘ ။ ။ အဂ္ဂိတတ္တကပါလသဒိသော ဘန္တေ **အာဠဝကော၊ 'မာတာ ပိတရော' 'တိ ဝါ' သမဏဗြာဟ္မဏာ' 'တိ ဝါ' 'ဓမ္မော' တိ** ဝါ န ဇာနာတိ၊ ဤဓာ+ ဂတာနံ စိတ္တက္ခေပမ္ပိ ကရောတိ၊ ဟဒယမ္ပိ ဖာလေတိ၊ ပါဒေပိ ဂဟေတွာ ပရ သမုဒ္ဒေ ဝါ ပရစက္ကဝါဠေ ဝါ ခိပတိ။

မြတ်စွာဘုရား၊ အာဠဝကဘီလူးသည် မီးအိုးကင်းကြီး မီးဖုတ် ထားတာနဲ့ တူပါတယ်ဘုရား။ မိဘရယ်လို့လည်း သူ မသိဘူး၊ ရဟန်း ပုဏ္ဏားရယ်လို့လည်း သူ မသိဘူး။ ဒါ တရားရယ်လို့လည်း သူ မသိပါဘူး၊ သူလုပ်တတ်တာက ဒီဗိမာန်သို့ ရောက်လာတဲ့ လူလူ ရှင်ရှင် မည်သူမဆို စိတ်ပျံ့လွင့်သွားအောင် သူ လုပ်တတ်တယ်၊ နှလုံးကို ခွဲပစ်တတ်တယ်၊ ခြေကကိုင်ပြီး သမုဒ္ဒရာတစ်ဖက် သို့မဟုတ် စကြဝဠာတောင်တစ်ဖက်သို့ ပစ်တတ်ပါတယ်ဘုရား။

ဗုဒ္ဓ။ ။ ဇာနာမိ ဂဒြဘ=ဒါတွေ သိပါတယ် ဂဒြဘရယ်၊ သစေတေ အဂရု၊ ဝိဟရေယျာမေ+ကရတ္တိံ။ =သင့်မှာ ဝန်မလေး ဘူးပဆိုရင် ငါ ဘုရား တစ်ညဉ့်တာ နေလိုတယ်။

တတိယအကြိမ် ဂဒြဘ နတ်ဘီလူး လျှောက်ထားသည်မှာ-

ဂဒြဘနှင့် ဗုဒ္ဓတို့ ဤ ဒုတိယအကြိမ် နည်းတူပြောကြပြီးလျှင်

http:\\www.dhammadownload.com



စကုတ္တအကြိမ်မြောက် ရောက်သောအခါ–

ဂဒြဘ။ ။ န မေ ဘန္တေ ဂရု၊ အပိ စ ခေါ သော ယက္ခော အတ္တနော အနာရောစေတွာ အနုဇာနန္တံ မံ ဇီဝိတာ ဝေါရောပေယျ၊ အာရောစေမိ ဘန္တေ တဿ။

မြတ်စွာဘုရား၊ တပည့်တော်၏ (အဖို့ရာ) ဝန်မလေးပါ။ အထူးစကား တပည့်တော် လျှောက်ထားလိုတာကတော့ ထို အာဠဝကဘီလူးသည် မိမိအား မပန်ကြားဘဲ နေခွင့်ပြုရကောင်းလား လို့ ဆိုပြီး တပည့်တော်ကို သတ်ပါလိမ့်မည်၊ သို့အတွက် သူ့အား ပြောကြားပါရစေဦး မြတ်ဘုရားလို့ လျှောက်ထားတဲ့အခါ–

ဗုဒ္ဓ။ ။ ယထာသုခံ ဂဒြဘ အာရောစေဟိ။ ဂဒြဘ၊ သင် အလိုရှိတိုင်း ချမ်းသာသလို သွားပြီးပြောလေဟု ခွင့်ပြုတော်မူတယ်။

## အာဠဝကဗိမာန် ရတနာပလ္လင်၌ မြတ်စွာဘုရားတရား ဟောတော်မူခြင်း

ဂဒြဘ နတ်ဘီလူး ဘီလူးအစည်းအဝေးသို့ ထွက်သွားသော် မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အာဠဝကဗိမာန်တံခါးကြီး အလိုလိုပွင့်လာတဲ့အခါ ဘုရားရဲ့ အသရေဖြင့် ဗိမာန်တွင်းသို့ ကြွတော် မူပြီး အာဠဝကဘီလူး မင်္ဂလာပွဲများ ကျင်းပတဲ့အခါမှာ ထိုင်တဲ့ ဒိဗ္ဗ ရတနာပလ္လင်ပေါ်မှာ ဘုရားကိုယ်တော်မြတ် ကြွ၍ ထိုင်တော်မူတယ်၊ ထိုင်တော်မူပြီး ရွှေရောင်အဆင်း ဝါဝင်းသော ပီတရောင်ခြည်တော်ကို လွှတ်တော်မူတယ်။ ထိုရောင်ခြည်တော်ကို ဖူးမြော်ကြရ၍ အာဠဝက ဘီလူးရဲ့ မောင်းမမိဿံ ယက္ခိနီများ အကုန်ထွက်ပြီး မြတ်ဘုရားအား ရှိသေမြတ်နိုး ရှိခိုး၍ ထိုင်ကြတဲ့အခါ မြတ်ဘုရား တရားဟောတော်မူ သည်မှာ–

http:\\www.dhammadownload.com



ပုဗ္ဗေ တုမှေ ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ပူဇနေယျံ ပူဇေတွာ ဣမံ သမ္ပတ္တိံ ပတ္တာ၊ ဣဒါနိပိ တထေဝ ကရောထ၊ မာ အညမညံ ကလဟာ မစ္ဆရိယာဘိဘူတာ ဝိဟရထ။

ယက္ခိနီ ဒါယိကာမတို့ သင်တို့သည် ရှေးအခါက အလှူဒါန ပေးလှူခဲ့ကြ၍ သီလကို ဆောက်တည်ခဲ့ကြ၍ ပူဇော်ထိုက်သူကို ပူဇော်ခဲ့ကြ၍ ဤနတ်စည်းစိမ်ကို ရောက်ရှိခံစံ ကြရကုန်ပြီ။ ယခုအခါ၌လည်း ထိုရှေးအတူသာလျှင် ပြုကြလော့။ တစ်ယောက်က တစ်ယောက်ကို မနာလိုခြင်း=ကလဟတရား၊ ဝန်တို၊ စေးနဲ နှမြော ခြင်း=မစ္ဆရိယတရားတို့ လွှမ်းမိုးနှိပ်စက်ကြကာ မနေကြကုန်လင့်။

ဤသို့ အစရှိသည်ဖြင့် ထိုဘိလူးမတို့အား ပကိဏ္ဏက ဓမ္မကထာ ဒေသနာတရားကို ဟောကြားတော်မူလေ၏။ ဘိလူးမများ လည်း မြတ်ဘုရား၏ ချိုမြိန်လှစွာသော တရားသံကို ကြားနာကြရ၍ သာဓုကောင်းချီး အထောင်ပေးကြပြီး ဘုရားရှင်ကို ခြံရံလျက် ထိုင်နေမြဲ ထိုင်နေကြတယ်။

### အာဠဝကနှင့် ဂဒြဘတို့ အပြန်အလှန် ပြောကြဆိုကြပုံ

ဂဒြဘ နတ်ဘီလူး အစည်းအဝေးသို့ သွားရောက်၍ သူ့ဆရာ အာဠဝကဘီလူးနှင့် တွေ့သောအခါ နောက်နားက ကပ်ပြီး–

ဂဒြဘ။ ။ ယဂ္ဃေ မာရိသ ဇာနေယျာသိ၊ ဝိမာနေ တေ ဘဂဝါ နိသိန္နော။

မာရိသ=ဆင်းရဲကင်းသော အရှင်အာဠဝက နတ်မင်း။ ယဂ္ဃေ=အကျွန်ုပ် တိုက်တွန်းပါ၏။ ဇာနေယျာသိ=ဆင်ခြင်စဉ်းစား သတိထားတော်မူ။ တေ=အရှင့်၏။ ဝိမာနေ=ဘုံဗိမာန်၌။ ဘဂဝါ=

http:\\www.dhammadownload.com



မြတ်စွာဘုရားသည်။ နိသိန္နော=ထိုင်နေပြီ။

ဒကာကြင်းရှင်း အို–အရှင် အာဠဝကဘီလူးမင်း၊ အကျွန်ုပ် တိုက်တွန်းပါ၏။ ဆင်ခြင်စဉ်းစား သတိထားတော်မူပါ၊ အရှင်၏ ဗိမာန်၌ မြတ်စွာဘုရားသခင် ကြွရောက်ထိုင်နေတော်မူပါတယ်ဟု ရှိသေစွာ ပြောကြားတယ်။

ထိုအခါ အာဠဝကဘီလူးက ပုရိသမာန်ဖြင့် ရှက်နိုးရကား–

အာဠဝက။ ။ တုဏှိ ဟောတိ=မင်း တိတ်တိတ်နေစမ်း၊ ဂန္တွာ ကတ္တဗ္ဗံ ကရိဿာမိ=ယခုပင် ပြန်သွားပြီး ငါလုပ်သင့်သည်ကို ပြုလုပ်မည်ဟု ဂဒြဘ ဘီလူးအား တိုးတိုးတိတ်တိတ် အမှတ်သညာ လက်ကာ၍ ပြတယ်။

ဤ၌ အာဠဝကဘီလူးကား အယောနိသော မနသိကာရ= မသင့်မတင့် နှလုံးသွင်းခြင်း ပြင်းထန်လှသဖြင့် သူ့ဗိမာန်အတွင်းသို့ မြတ်စွာဘုရား ဝင်၍နေတော်မူသည်ကိုပင် ဘီလူးမာန်တက်ကာ ရှက်နိုးလှသောကြောင့် "ဤ နတ်ဘီလူး ပရိသတ်အလယ်၌ တစ်ဦး တစ်ယောက်မျှ ထိုအကြောင်းကို မကြားပါစေလင့်"ဟု အောက်မေ့ ကာ အသံကျယ်ကျယ် မပြောရန် တားမြစ်ခြင်း ဖြစ်လေသည်။

## သာတာဂိရနှင့် ဟေမဝတ (အရိယာ)သူငယ်ချင်း နတ်ဘီလူးမင်းနှစ်ဦးတို့အကြောင်း

ထိုအချိန်ဝယ် သာတာဂိရ နတ်ဘီလူးနှင့် ဟေမဝတ နတ် ဘီလူး မင်းသူငယ်ချင်း (အရိယာနတ်) နှစ်ဦးတို့သည် မြတ်စွာဘုရား ကို ဇေတဝန်ကျောင်း၌ပင် ရှိခိုးကြပြီးနောက် "ယက္ခသမာဂမံ ဂမိဿာမ=ငါတို့သည် နတ်ဘီလူးတို့၏ အစည်းအဝေးသို့ သွားကြ မည်"ဟု တိုင်ပင်ကြကာ အခြံအရံ နတ်ဘီလူးတို့နှင့်တကွ အထူးထူး

http:\\www.dhammadownload.com



သော ယာဉ်တို့ကို စီးကြကာ ကောင်းကင်ခရီးက သွားကြတယ်။

အထူးအားဖြင့် ကောင်းကင်၌ နတ်ဘီလူးတို့အတွက် နေရာ တကာမှာ လမ်းခရီးက ရှိသည်မဟုတ် (ဗိမာန်တွေက အပြည့်ရှိနေ သည်)၊ ထိုအာကာသဋ္ဌဗိမာန်တို့ကို ရှောင်ရှားပြီး လမ်းခရီးဖြစ်သင့် သော အရပ်ဖြင့်သာ သွားရာလမ်းခရီး ဖြစ်ရှိလေသည်။

အာဠဝကဘီလူး၏ ဗိမာန်သည်ကား မြေပြင်၌ တည်၏။ ကောင်းစွာ လုံခြုံအောင် တံတိုင်းဖြင့် ဝန်းရံအပ်၏။ တံခါး+ပြအိုး+ တံခါးမုခ်များကို နေရာတကျ ကောင်းစွာတပ်ဆင် စီရင်၍ ထားအပ် ပေ၏။ ဗိမာန်၏ အထက်၌ ကြေးဖြူဇာ ကွန်ရက်ဖြင့် ဖုံးအုပ်၍ ထား အပ်သော သေတ္တာနှင့်တူပေ၏။ အမြင့်အစောက်အားဖြင့် သုံးယူဇနာ ရှိလေသည်။ ထို အာဠဝက ဗိမာန်၏အထက်၌ နတ်ဘီလူးတို့ သွားရာ ကောင်းကင်လမ်းခရီး ဖြစ်၍နေ၏။

သာတာဂိရ နတ်ဘီလူးမင်းနှင့် ဟေမဝတ နတ်ဘီလူးမင်း သူငယ်ချင်း (အရိယာနတ်) နှစ်ဦးတို့သည် ကောင်းကင်လမ်းခရီးဖြင့် ဘုရားဖူးရန် လာကြလေရာ ထို (အာဠဝကဗိမာန်၏ အထက် ကောင်းကင်လမ်းခရီး) အရပ်သို့ ရောက်ကြလေလျှင် ရှေ့သို့ တိုး မသွားနိုင် ဖြစ်နေကြလေသည်။

အထူးမှတ်ရန်မှာ။ ။မြတ်စွာဘုရားရှင်တို့ နေထိုင်ရာအရပ် ၏ အထက်အဖို့ ဘဝဂ်တိုင်အောင် တစ်ဦးတစ်ယောက်မျှ ဖြတ်သန်းကျော်လွှား၍ မသွားနိုင်ကြချေ။

သို့ရကား ထိုသူငယ်ချင်း (အရိယာနတ်မင်း) နှစ်ဦးတို့သည် "ဤသို့ မသွားနိုင်ဘဲ ရှိရခြင်းသည် အဘယ်အကြောင်း ရှိသနည်း" ဤသို့ ဆင်ခြင်ကြလေသော် မြတ်စွာဘုရားရှင် အာဠဝကဗိမာန် အတွင်း သီတင်းသုံး နေတော်မူသည်ကို မြင်ကြရ၍ ကောင်းကင်၌

http:\\www.dhammadownload.com



ပစ်အပ်သော ခဲပမာ မြေပြင်သို့ ဆင်းသက်ကြပြီး ဘုရားကို ရှိခိုးကာ တရားနာကြ ပြီးနောက် လက်ျာရစ်လှည့်ကြကာ–

ယက္ခသမာဂမံ ဂစ္ဆာမ ဘဂဝါ။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ အကျွန်ုပ်တို့သည် နတ်ဘီလူး အစည်းအဝေးသို့ သွားကြပါဦးမည်ဘုရားဟု ခွင့်ပန်စကား လျှောက်ထားကြပြီးသော် ရတနာသုံးပါး၏ ကျေးဇူးဂုဏ်တို့ကို ချီးမွမ်း ပြောဆိုကြလျက် နတ်ဘီလူးများ စည်းဝေးရာ ဟိမဝန္တာသို့ သွားကြတယ်။

အာဠဝကဘီလူးသည် ထိုသူငယ်ချင်း (အရိယာနတ်မင်း) နှစ်ဦးကို မြင်လေလျှင် "ဣဓ နိသီဒထ။ ဤနေရာ၌ ထိုင်တော်မူကြ"ဟု ဖိတ်မန်စကား ပြောကြားကာ နေရာဖယ်၍ ပေးလေသည်။

အာဠဝကဘီလူး ဒေါသအမျက်ပြင်းစွာထွက်ခြင်း

ထိုသူငယ်ချင်း (အရိယာနတ်မင်း)နှစ်ဦးတို့သည်–

လာဘာ တေ အာဠဝက၊ ယဿ တေ ဘဝနေ ဘဂဝါ ဝိဟာရတိ၊ ဂစ္ဆ+ ဝုသော ဘဂဝန္တံ ပယိရုပါသဿု။

အမောင် အာဠဝက၊ အမောင်၏ ဘုံဗိမာန်၌ မြတ်စွာဘုရား ရှင် ကြွရောက်နေထိုင်တော်မူ၏။ သို့ရကား အမောင်သည် အရတော် လေစွ၊ အမောင်အာဠဝက သွားပါလေ၊ မြတ်စွာဘုရားကို ဆည်းကပ် ပါလော့"ဟု အာဠဝကဘီလူးအား ပြောကြား သိစေကြတယ်။

(သဒ္ဓါတရား မရှိသူ၏အဖို့ရာ သဒ္ဓါနှင့်စပ်သော တရားစကား သည် နားကြားပြင်း ကပ်ဖွယ်သာ ဖြစ်၍နေ၏။ ဗဟုသုတ မရှိသူ ၏ အဖို့ရာ ဗဟုသုတနှင့်စပ်သော တရားစကားသည် နားကြားပြင်း ကပ်ဖွယ်ရာသာဖြစ်၍ နေ၏။ စေးနဲ့ဝန်တို

http:\\www.dhammadownload.com



မပေးလိုသော သူ၏အဖို့ရာ စွန့်ကြဲပေးကမ်း လှူဒါန်းမှု စာဂနှင့်စပ်သော တရားစကားသည် နားကြားပြင်း ကပ်ဖွယ်သာ ဖြစ်၍နေ၏။ ပညာမရှိသူ အဖို့ရာ ပညာနှင့်စပ်သော တရားစကားသည် နားကြားပြင်း ကပ်ဖွယ်သာ ဖြစ်၍နေ၏။)

သို့ရကား ထိုသူငယ်ချင်း (အရိယာနတ်မင်း) နှစ်ဦးတို့ ပြောဆိုအပ်သည့် သဒ္ဓါတရား ဖြစ်ဖွယ်ရာ မြတ်စွာဘုရား၏ အကြောင်းအရာနှင့် စပ်သော စကားရပ်များသည် သဒ္ဓါတရား မရှိသူ အာဋ္ဌဝကဘီလူး၏ အဖို့မှာမူ နားကြားပြင်း ကပ်ဖွယ်ရာသာ ဖြစ်၍ နေရကား ထိုနတ်မင်းတို့အထံမှ မြတ်စွာဘုရားအား ချီးမွမ်းပြောဆို အပ်သောစကားကို ကြားရလေလျှင် သဒ္ဓါတရားမရှိသူ အာဋ္ဌဝက ဘီလူးသည် မီးပုံထဲ ပစ်ချအပ်သော ဆားခဲကဲ့သို့ အတွင်း၌ ဒေါသ အမျက် ချောင်းချောင်းထွက်သဖြင့် တဖျစ်ဖျစ်မြည်သော စိတ်နှလုံး ရှိလျက် –

ကော သော ဘဂဝါ နာမ၊ ယော မမ ဘဝနံ ပဝိဋ္ဌော။

ငါ့ဗိမာန်အတွင်းသို့ ဝင်ရောက်နေထိုင်သည့် မြတ်စွာဘုရားရှင် ဆိုသောသူသည် ဘယ်လိုလူစားမျိုးနည်း”ဟု အမျက်ထွက်စကား ပြောကြားလေသည်။ ထိုအခါ နတ်မင်းနှစ်ဦးတို့က–

န တွံ အာဝုသော ဇာနာသိ ဘဂဝန္တံ အမှာကံ သတ္ထာရံ၊ ယော တုသိတ ဘဝနေ ဌိတော ပဥ္စ မဟာဝိလောကနာနိ ဝိလောကေတွာ။

အမောင် အာဋ္ဌဝက၊ အမောင်သည် ငါတို့၏ဆရာ မြတ်စွာ ဘုရားကို မသိဘူးလော (အလွန်ထင်ရှား မြင့်မြတ်သည့်ပုဂ္ဂိုလ် တစ်ဆူ ဖြစ်တော်မူပါသည်။) ယင်း ငါတို့ဆရာ မြတ်စွာဘုရား အလောင်း တော်သည် တုသိတာနတ်ပြည်၌ တည်နေစဉ်ကပင် ကြည့်ခြင်း ကြီး

http:\\www.dhammadownload.com



ငါးပါးတို့ကို ကြည့်တော်မူ၍ ဤသို့အစရှိသော နည်းဖြင့် ဓမ္မစကြာ တရား ဟောကြားတော်မူသော အကြောင်းအရာတိုင်အောင် ပြောကြားကြသည်မှာ "ငါတို့ဆရာ မြတ်စွာဘုရားသည် လူပြည်သို့ မဆင်းခင် တုသိတာနတ်ပြည်ဝယ် တည်နေရင်းကပင် ကြည့်ခြင်းကြီးငါးပါးတို့ကို ကြည့်၍ သုံးဆယ့်နှစ်ပါးသော နိမိတ်ကြီးများ ဖြစ်ပေါ်စေလျက် လည်းကောင်း၊ မယ်တော်မာယာ ဝမ်းတိုက်ကြာ၌ ပဋိသန္ဓေ တည်နေ၍ ကိုးလလွန်မြောက် ဆယ်လရောက်၍ ဖွားမြောက်တဲ့အခါမှာလည်း သုံးဆယ့်နှစ်ပါးသော နိမိတ်ကြီးများ ထင်ရှားဖြစ်ပေါ်စေလျက် လည်းကောင်း ဤသို့စသည်ဖြင့် အံ့ဩဖွယ်တို့ကို စကြဝဠာတိုက်တစ်သောင်းမှာ ရှိကြတဲ့ နတ်တိုင်း ဗြဟ္မာတိုင်း သိကြတယ်။ အရွယ်တော် နှစ်ဆယ့်ကိုး (၂၉)နှစ်မှာ တောထွက်တော်မူ၊ ဒုက္ကရစရိယာ ခြောက်နှစ်ကြာ ကျင့်တော်မူ၊ ဘုရားဖြစ်တော်မူသည်ကိုလည်းပဲ စကြာဝဠာ တိုက်တစ်သောင်းမှာရှိကြတဲ့ နတ်တိုင်း ဗြဟ္မာတိုင်း သိကြတယ်၊ ဘုရားဖြစ်ပြီး ဣသိပတန မိဂဒါဝုန်တောမှာ ဓမ္မစကြာ တရားဦးဟောလို့ မဟာပထဝီ မြေကြီး သွက်သွက်ခါ တုန်လှုပ်ခဲ့တာကိုလည်းပဲ စကြဝဠာတိုက်တစ်သောင်းက နတ်တွေ ဗြဟ္မာတွေ အားလုံးသိကြပါလျက်–

ဣမာနိပိ တွံ အာဝုသော အစ္ဆရိယာနိ နာ+ ဒ္ဒသ။

အမောင်အာဠဝက သင်သည် ဤပုဗ္ဗနိမိတ်ကြီးတို့ကိုလည်း မမြင်လိုက်ဘူးလော–ဟု ငါတို့မေးသောအခါ အမောင်က မြင်ပါလျက် အမျက်ဒေါသ အလိုသို့လိုက်ပြီး "နဒ္ဒသံ=ငါမမြင်ဘူး"ဟု ကွယ်ဝှက်စကား ပြောကြားခဲ့တယ်။

အာဝုတော အာဠဝက ပဿေယျာသိ ဝါ တွံ နဝါ၊

ကော တယာ အတ္ထော ပဿတာ ဝါ အပဿတာ ဝါ=

http:\\www.dhammadownload.com



အမောင်အာဋ္ဌဝက အမောင်မြင်သည်ဖြစ်စေ၊ မမြင်သည်ဖြစ်စေ၊ မြင်သော အမောင်ဖြင့် လည်းကောင်း၊ မမြင်သော အမောင်ဖြစ် လည်းကောင်း၊ အဘယ်အကျိုးရှိအံ့နည်း၊ အမောင်သည် ငါတို့ဆရာ မြတ်စွာဘုရားအား အဘယ်အမှုကို ပြုနိုင်ချိမ့်မည်နည်း။

အမောင်က ငါတို့မြတ်စွာဘုရားကို ထောက်ဆလျှင် (က) လည်ဘို့ တလှုပ်လှုပ်ရှိသော ဥသဘနွားလားကြီး၏အနီး၌ ယနေ့မွေးသစ်စ နွားသူငယ်ကဲ့သို့လည်းကောင်း၊ (ခ) နှာမောင်း+သိုဖျား+နားတည်း ဟူသော သုံးဌာနမှ မုန်ယိုစီးကျ ဆင်ပြောင်ကြီး၏အနီး၌ ယနေ့ဖွားသစ်စ ဆင်ငယ်ကလေးကဲ့သို့လည်းကောင်း၊ (ဂ) အရောင်တောက်ပ ဖားဖားကျသည့် လည်မင်ဆံဖြင့် တင့်တယ်မောက်လုံးကျောက်ပုခုံးရှိသော ကေသရာခြင်္သေ့မင်းအနီး၌ ကျက်သရေယွင်းယိုမြေခွေးအိုကဲ့သို့လည်းကောင်း၊ (ဃ) ယူဇနာ (၁၅၀) တစ်ရာ့ငါးဆယ် ဖြိုးကြွယ်သောကိုယ်ရှိသည့် ဂဠုန်မင်းအနီး၌ အတောင်ကျိုးပျက်ကျီးကန်းငှက်ကဲ့သို့ လည်းကောင်း ထင်ချေ၏။ "သွားလော့-သင်ပြုဖွယ်ရှိသည်ကို ပြုလော့"ဟု ပြောဆိုကြလေသော် -

အာဋ္ဌဝကဘီလူးသည် အမျက်ချောင်းချောင်းထွက်ကာ မိမိနေရာမှထသွား၍ ဆေးဒန်းမြင်းသီလာ ကျောက်ဖျာအပြင်၌ လက်ဝဲခြေဖြင့် ကြို့ကြို့ရပ်တည်ကာ "သင်တို့ ဆရာဘုရားကပင် တန်ခိုးအာနုဘော်ကြီးသလော၊ ငါကပင် တန်ခိုးအာနုဘော်ကြီးသလော (မည်သူက တန်ခိုးအာနုဘော် ကြီးမြတ်သည်ကို) ယခုပင်ကြည့်ကြလော့"ဟု ကြုံးဝါးလျက် လကျ်ာဘက်ခြေဖြင့် ယူဇနာခြောက်ဆယ် ပမာဏရှိသော ကေလာသ တောင်ထွတ်ကို ဆောင့်၍နင်းလေ၏။ ထိုအခါ ပန်းပဲဖိုအတွင်း၌ မီးပြင်းတိုက်အပ်သော သံတွေခဲသည် ပေပေါ်တင်၍ တူဖြင့်ထုခတ် အပ်သည်ရှိသော် သံလျှာ

http:\\www.dhammadownload.com



မိုးပွားတို့ တဖွားဖွား အလျှာလိုက်ကျွာ၍ ထွက်သကဲ့သို့ ထို့အတူပင် ကေလာသ တောင်ထွတ်သည်လည်း ကျောက်လွှာ ကျောက်ချပ်တို့ အထပ်လိုက်ကွာ၍ ထွက်လေ၏။

အာဠဝကဘီလူးသည် ကေလာသတောင်ထွတ်ပေါ်၌ ရပ်တည်လျက် "အဟံ အာဠဝကော= အာဠဝကဆိုတာ ငါပဲကွ"ဟု အသံကျယ်စွာ ကြွေးကြော်အော်ဟစ်လေ၏။ ထိုအသံသည် ဇမ္ဗူဒိပ် တစ်ကျွန်းလုံးကို ပျံ့နှံ့လွှမ်းမိုး၍ သွားလေသည်။

## အသံကြီးလေးမျိုး

(၁) ဝိဓုရဇာတ်၌ ပုဏ္ဏကဘီလူးစစ်သူကြီး ဓနဉ္စယကောရဗျ မင်းကို ကြွေအန်ကစားရာ၌ အောင်နိုင်၍ လက်ပန်းပေါက်ခတ်ပြီး (လက်ခမောင်းခတ်) "အဟံ ဝိနိ=ငါနိုင်ပြီ" ဟု ဟစ်အော်ကြွေးကြော် သောအသံ၊

(၂) သိကြားမင်းသည် ကဿပမြတ်စွာသာသနာ ဆုတ်ယုတ် သောအခါ၌ ဝိသကြုံနတ်သားကို ခွေးနက်ကြီးယောင်ဆောင်စေ၍-

အဟံ ပါပဘိက္ခူစ ပါပဘိက္ခုနိယောစ ဥပါသကေ စ ဥပါသိကာယော စ သဗ္ဗေဝ အဓမ္မဝါဒိနော ခါဒါမိ=

ငါသည် ယုတ်မာသော ရဟန်းတို့ကို လည်းကောင်း၊ ယုတ်မာ သော ရဟန်းမတို့ကို လည်းကောင်း၊ ယုတ်မာသော ဥပါသကာတို့ကို လည်းကောင်း၊ ယုတ်မာသော ဥပါသကာမ တို့ကိုလည်းကောင်း အဓမ္မဝါဒီပုဂ္ဂိုလ် အလုံးစုံတို့ကို ခဲစားအံ့"ဟူ၍ ဟစ်အော်ကြွေးကြော် စေသော အသံ၊

(၃) ကုသဇာတ်၌ ပဘာဝတီမင်းသမီးကို ရလိုကြသောကြောင့် ခုနစ်ပြည်ထောင်မင်းများ မြို့ကိုဝန်းရံပိတ်ဆို့လတ်သောအခါ

http:\\www.dhammadownload.com



ပဘာဝတီ မင်းသမီးကို ကိုယ်တော်နှင့်အတူတကွ ဆင်ကျောက်ကုန်း ထက်၌ တင်ဆောင်၍ မြို့မှထွက်ပြီးလျှင် "အဟံ သီဟဿရ ကုသမဟာရာဇာ=ခြင်္သေ့မင်းကဲ့သို့ ရဲတင်းသော အသံရှိသည့် သီဟဿရ ကုသမင်းမြတ် ဟူသည်မှာ ငါပင်တည်း"ဟု အလောင်း တော် ကုသမင်း၏ ဟစ်အော်ကြွေးကြော်သောအသံ၊

(၄) ယခုရေးသားဖော်ပြနေဆဲဖြစ်သည့် ကေလာသတောင ထွတ်၌ ရပ်တည်ကာ "အဟံ အာဠာဝကော၊ အာဠဝကဘီလူး စစ်သူကြီး၏ ကြုံးဝါးဟစ်အော် ကြွေးကြော်သော အသံ၊

ဤသို့လျှင် ဇမ္ဗူဒိပ် တစ်ကျွန်းလုံးအနှံ့ ကြားသိရသော အသံကြီးတို့သည် လေးမျိုးရှိကုန်၏။ မှန်၏။ ထိုအသံကြီး လေးမျိုး တို့ဖြင့် ကြွေးကြော်သောအခါများ၌ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၌ ရှိသမျှသော မြို့များရွာများ၏ တံခါးဝတိုင်း တံခါးဝတိုင်း၌ ရပ် တည်ကာ ကြွေးကြော်ဟစ်အော်သကဲ့သို့ လူတိုင်း လူတိုင်း ထင်မှတ် ကြရလေသည်။

အာဠဝဘီလူး၏ တန်ခိုးအာနုဘော်ကြောင့် ယူဇနာ သုံးထောင် အပြန့်ကျယ်သော ဟိမဝန္တာတောင်သည်လည်း တဖိမ့်ဖိမ့် တုန်လှုပ်လေ၏။

ထို့နောက် အာဠဝကဘီလူးသည် (မဟာဗုဒ္ဓဝင် ဒုတိယတွဲ စာမျက်နှာ ၂၈၇ ဒေဝပုတ္တမာရ်ကို အောင်မြင်ခန်း၌ ဖော်ပြအပ်ခဲ့သည့် အတိုင်း) လက်နက်ကြီး ကိုးမျိုးတို့ဖြင့် မြတ်စွာဘုရားရှင်ကို နှောင့်ယှက် တိုက်ခိုက်လေတော့သည်။ (ယင်း ဒုတိယတွဲ စာမျက်နှာ ၂၈၇ ကို ပြန်ကြည့်ပါလေ။)

ထိုသို့ လက်နက်ကြီး ကိုးမျိုးတို့ဖြင့် နှောင့်ယှက်တိုက်ခိုက်ပါ သော်လည်း မြတ်စွာဘုရားရှင်ကို အရပ်တစ်ပါးသို့ ထွက်ခွာသွား

http:\\www.dhammadownload.com



စေခြင်းငှာ မစွမ်းနိုင်ရကား လက်နက်အမျိုးမျိုး ဆွဲကိုင်ထားသော ရုပ်အဆင်း အမျိုးမျိုးရှိသည့် ဘုတ်ပြိတ္တာအပေါင်းတို့ဖြင့် သောင်းပြောင်း ရောယှက်သည့် ကြောက်မက်ဖွယ်ရာ အင်္ဂါလေးပါးရှိသော စစ်တပ်ကြီးဖြင့် မိမိကိုယ်တိုင်ကွပ်ကဲဦးစီးကာ မြတ်စွာဘုရားရှင်သို့ ရှေးရှုတပ်ချီ စစ်တက်၍ လာလေ၏။

ထိုဘုတ်ပြိတ္တာ အပေါင်းတို့သည် ဖောက်ပြန်မှု အမျိုးမျိုး ခြောက်လှန့်မှု အမျိုးမျိုးတို့ကို ပြုလုပ်ကြကာ "ဂဏှထ မာရေထ= ဖမ်းကြလော့၊ သတ်ကြလော့"ဟု ကြွေးကြော်လျက် မြတ်စွာဘုရားရှင်၏ အထက်ကောင်းကင်က လွှမ်းမိုး၍ လာကြသကဲ့သို့ ဖြစ်ကုန်၏။ သို့သော်လည်း ထိုဘုတ်ပြိတ္တာ အပေါင်းတို့သည် လောလောပူသော သံတွေခဲသို့ ယင်ကောင် မကပ်ဝံ့သကဲ့သို့ မြတ်စွာဘုရား အနီးသို့ကား မကပ်ဝံ့ကြပဲ ရှိကြကုန်၏။ ဤသို့ပင် မကပ်ဝံ့ပဲ ရှိကြသော်လည်း မဟာဗောဓိမဏ္ဍိုင်၌ ဘုရားဖြစ်တော်မူခါနီး ကာလဝယ် ဝသဝတ္တိမာရ်နတ်သည် မာရ်စစ်တပ်ကြီးနှင့် ရောက်ရှိပြီး မကြာမြင့်မီပင် စစ်ရှုံး၍ တပ်ဆုတ်သကဲ့သို့ အချိန်ကာလပိုင်း အနည်းငယ်မျှဖြင့် တပ်ဆုတ်မှုကို မပြုကြပဲ ညဥ့်ထက်ဝက်ကြာ နှောင့်ယှက်မှု ပြုကြလေကုန်သည်။

## ဘွဲ့ဖြူလက်နက်ဖြင့် နောက်ဆုံးပစ်ခတ်ခြင်း

ဤသို့လျှင် အာဠဝကဘီလူးသည် ညဥ့်ထက်ဝက်ကြာ ကာလပတ်လုံး ကြောက်မက်ဖွယ် အာရုံအမျိုးမျိုးကို ပြသဖြင့်လည်း မြတ်စွာဘုရားရှင်ကို တုန်လှုပ်စေရန် မတတ်နိုင်ရကား -

ယံနူနာ ဟံ ကေနစိ အဇေယျံ ဒုဿာဝုဓံ မုဉ္စေယျံ=

ငါသည် မည်သူတစ်ဦးတစ်ယောက်မျှ မအောင်နိုင်သည်

http:\\www.dhammadownload.com



ဘွဲ့ဖြူ လက်နက်ပုဆိုး လက်နက်ကို ပစ်လွှတ်ရမှု ကောင်းလေစွ"ဟု ကြံစည်မိ လေ၏။

## လက်နက်ကြီးလေးမျိုး

လောကဌ် အကြီးမြတ်ဆုံး လက်နက်ကြီး လေးမျိုးတို့ ရှိကြသည်။ ၎င်းတို့မှာ–

(၁) သိကြားမင်း၏ ဝဇိရစိန် (ဝရဇိန်) လက်နက်၊

(၂) ဝေဿဝဏ်နတ်မင်း၏ သံတင်းပုတ်လက်နက်၊

(၃) ယမမင်း၏ မျက်စောင်းလက်နက်၊

(၄) အာဠဝကဘီလူး၏ ဘွဲ့ဖြူနတ်ပုဆိုး လက်နက်တို့ဖြစ်ကြသည်။ ချဲ့ဦးအံ့–

(၁) အကယ်၍ သိကြားမင်းသည် အမျက်ထွက်၍ ဝဇိရစိန်လက်နက်ကို မြင့်မိုရ်တောင်ထိပ်၌ ပစ်လွှတ်လိုက်လျှင် ယူဇနာပေါင်း (၁၆၈၀၀၀) တစ်သိန်းခြောက်သောင်း ရှစ်ထောင် အစောက်ရှိသော မြင့်မိုရ်တောင်မင်းကို တိုးလျှိုးပေါက် ဖောက်ထွင်း၍ အောက်အဖို့ဖြင့် ထွက်သွားလေရာ၏။

(၂) ဝေဿဝဏ်နတ်မင်းကြီး၏ (ပုထုဇဉ်ဖြစ်စဉ်) ရှေးယခင်အခါက အမျက်ထွက်၍ ပစ်လွှတ်အပ်သော သံတင်းပုတ်လက်နက်သည် ယက္ခနတ် ထောင်ပေါင်းများစွာတို့၏ ဦးခေါင်းကို တောင်းလောင်းပြတ် ကြွေကျစေလျက် တစ်ဖန်ဝေဿဝဏ်နတ်မင်း၏ ဟတ္ထပါသ်အတွင်းသို့ ပြန်လာကာ မူလနေရာ၌ ရပ်တည်လေသည်။

(၃) ငရဲသနင်း ယမမင်း အမျက်ထွက်၍ မျက်စောင်းတစ်ချက်ထိုး၍ ကြည့်လိုက်လျှင် ကုမ္ဘဏ်ထောင်ပေါင်းများစွာတို့သည် လောလောပူသော သံအိုးကင်း၌ထည့်အပ်သော နှမ်းစေ့တို့ကဲ့သို့ တဖျစ်ဖျစ် မြည်ကုန်လျက် ပျက်စီးကြရကုန်၏။

http:\\www.dhammadownload.com



(၄) အာဠဝကဘီလူးသည် အကယ်၍ အမျက်ထွက်ကာ ကောင်းကင်သို့ ဘွဲ့ဖြူနတ် ပုဆိုးလက်နက်ကို ပစ်လွှတ်လိုက်လျှင် ဆယ့်နှစ်နှစ်ကြာ မိုးခေါင်လေရာ၏၊ အကယ်၍ မြေပေါ်၌ ပစ်ချလိုက်လျှင် အလုံးစုံသော မြက်ပင်သစ်ပင် စသည်တို့ တစ်ခါတည်း ခြောက်သွေ့ သွားပြီးလျှင် ဆယ့်နှစ်နှစ်အတွင်း၌ တစ်ဖန်ပြန်၍ မပေါက်နိုင်ကုန်ရာ။ အကယ်၍ သမုဒ္ဒရာ၌ ပစ်လွှတ်လိုက်လျှင် လောလောပူသော အိုးကင်း၌ ရေပေါက်ကဲ့သို့ အလုံးစုံသော သမုဒ္ဒရာရေသည် ခြောက်ခန်း သွားလေရာ၏။ အကယ်၍ မြင့်မိုရ်တောင်နှင့်တူသော တောင်၌မူလည်း ပစ်လွှတ်လိုက်လျှင် အပိုင်းအပိုင်းဖြစ်ကာ ဖရိုဖရဲ ပြိုကွဲပျက်စီးလေရာ၏။ (ဤကား လက်နက်ကြီးလေးမျိုး အကြောင်းတည်း။)

အာဠဝကဘီလူးသည် ဤသို့ကြံစည်ပြီးနောက် ထိုမျှလောက်သော အာနုဘော် ကြီးလှသည့် အပေါ်ရုံစုလျားတစ်ဘက် ဘွဲ့ဖြူနတ်ပုဆိုး လက်နက်ကို ချွတ်ပြီးလျှင် ငါပစ်လွှတ်တော့မည်ဟု ကိုင်လျက် ရပ်တည်နေလေ၏။

ထိုအချိန်၌ များသောအားဖြင့် စကြာဝဠာတိုက်တစ်သောင်း၌ နေကြသော နတ်အပေါင်းတို့သည်–

အဇ္ဇ ဘဂဝါ အာဠဝကံ ဒမေဿတိ၊ တတ္ထ ဓမ္မံ သောဿာမ=

ယနေ့ မြတ်စွာဘုရားရှင်သည် အာဠဝကဘီလူးကြမ်းကို ဆုံးမတော်မူလိမ့်မည်၊ ထိုဆုံးမရာနေရာ၌ ငါတို့သည် တရားနာကြကုန်အံ့"ဟု ကြံစည်ကြကာ လျှင်မြန်စွာ စည်းဝေးကြလေကုန်၏၊ တရားနာလိုသည့် နတ်တို့သည်လည်း စည်းဝေးရောက်လာကြကုန်၏၊ ဤသို့လျှင် ကောင်းကင်တစ်ခုလုံးသည် နတ်တို့ဖြင့် ပြည့်လျက်နေလေ

http:\\www.dhammadownload.com



တော့၏။

ထိုအခါ အာဠာဝကဘီလူးသည် မြတ်စွာဘုရားရှင်၏ အနီး အပါးဝယ် အထက်အထက် တက်ကာတက်ကာ လှည့်ပတ်သွားလာ ပြီးလျှင် အပေါ်ရုံစုလျားတစ်ဘက် ဘွဲ့ဖြူနတ်ပုဆိုး လက်နက်ကို မြတ်စွာဘုရားရှင် ရှိရာသို့ ပစ်လွှတ်လိုက်သော ဘွဲ့ဖြူနတ်ပုဆိုး လက်နက်သည် မိုးကြိုးစက်ဝန်းကဲ့သို့ ကောင်းကင်၌ ကြောက်မက် ဖွယ်သော အသံကိုပြုလျက် အခိုးခြောင်းခြောင်းထလျက် အလျှံ တပြောင်ပြောင် တောက်လောင်ကာ မြတ်စွာဘုရားရှင်အနီးသို့ ရောက်ရှိလေလျှင် ဘီလူး၏ မာန်စွယ်ကျိုးစိမ့်သောငှာ ခြေသုတ် ပုဆိုးဖြစ်၍ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ကျရောက်လေသည်။

အာဠဝကသည် ထိုအခြင်းအရာကို မြင်၍ ဦးချိုကျိုးသော နွားလားဥသဘကဲ့သို့ လည်းကောင်း၊ အစွယ်ကို နုတ်အပ်ပြီးသော မြွေဆိုးမြွေဟောက်ကဲ့သို့ လည်းကောင်း၊ တန်ခိုးကင်းပ ပုရိသ မာန်ယစ်ခြင်း အလျှင်းမရှိဘဲ မာနတံခွန် ပြုတ်ကျကာ –

ဒုဿာဝုဓမ္ပိ သမဏံ နာဘိဘောသိ၊ ကိံ နု ခေါ ကာရဏံ=

ဘွဲ့ဖြူနတ်ပုဆိုး လက်နက်သည်လည်း ရဟန်းဂေါတမကို မလွှမ်းမိုး မနှိပ်စက်နိုင်၊ အကြောင်းကား အသို့နည်း" ဟု စဉ်းစား လတ်သည်တွင်–

ဣဒံ ကာရဏံ မေတ္တာဝိဟာရယုတ္တော သမဏော၊ ဟန္ဒနံ ရောသေတွာ မေတ္တာယ ဝိယောဇေမိ=

ရဟန်းဂေါတမသည် မေတ္တာဖြင့်နေခြင်းနှင့် ယှဉ်သူဖြစ်၏၊ ဤသည်ပင် အကြောင်းရင်း ဖြစ်သည်၊ ယခုပင် ငါသည် ထိုရဟန်းကြီး ဂေါတမကို ချုပ်ချယ်စကား ပြောကြားပြီးလျှင် မေတ္တာနှင့်ကင်းကွာ အောင် ပြုလုပ်ပေအံ့" ဟု ကြံစည်ပြီးနောက် မြတ်စွာဘုရား ကြား

http:\\www.dhammadownload.com



လောက်ရာ အရပ်သို့ ချဉ်းကပ်၍–

ကသ္မာ မယာ အနနုညာတော မမ ဘဝနံ ပဝိသိတွာ ဃရ
သာမိကော ဝိယ ဣတ္ထာဂါရေသု မဇ္ဈေ နိသိန္နော+ သိ=

အို– အရှင်ဂေါတမ၊ အဘယ်ကြောင့် ကျွန်ုပ်အခွင့်ပြုချက် မရရှိဘဲ ကျွန်ုပ်၏ ဘုံဗိမာန် အတွင်းသို့ ဝင်ရောက်ကာ အိမ်ရှင်ယောကျ်ားကဲ့သို့ မောင်းမမိဿံပေါင်း၏ အလယ်၌ ထိုင်နေဘိသနည်း။

နနု အယုတ္တ+ မေတံ သမဏဿ ယဒိဒံ အဒိန္နပရိဘောဂေါ
ဣတ္ထိသံသဂ္ဂေါစ=

အရှင်မပေးအပ်သော သူ့ပစ္စည်းကို သုံးဆောင်ခြင်းသည်လည်း ကောင်း၊ မိန်းမတို့နှင့် ရောထွေးယှက်တင် ထိုင်နေခြင်းသည်လည်းကောင်း ရဟန်းဖြစ်သူအား မသင့်သည် မဟုတ်ပါလော။

တသ္မာ ယဒိ တွံ သမဏဓမ္မေ ဌိတော၊ နိက္ခမ သမဏ=

သို့ရကား သင်ရဟန်းဂေါတမသည် အကယ်၍ ရဟန်းတရား၌ တည်သူဖြစ်လျှင် “အို ရဟန်းဂေါတမ၊ ယခုပင် ကျွန်ုပ်၏ ဘုံဗိမာန်မှ ထွက်ပါလော့”ဟု ပြောကြားလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည်–

ယဿ ထဒ္ဓေါ ပဋိထဒ္ဓဘာဝေန ဝိနေတုံ န သက္ကာ=
ကြမ်းတမ်းသောသူကို အကြမ်းတို့မှုသဖြင့် ဆုံးမရန်မတတ်နိုင်။
သော ဟိ ပဋိ ထဒ္ဓဘာဝေ ကရိယမာနေ သေယျထာပိ
စဏ္ဍဿ ကုက္ကု ရဿ နာသာယ ပိတ္တံ ဘိန္ဒေယျ၊
သောဘိယျောသော မတ္တာယ စဏ္ဍတရော အဿ၊ ဧဝံ
ထဒ္ဓတရော ဟောတိ=
မှန်၏၊ ခွေးကြမ်းခွေးဆိုး၏ နှာခေါင်း၌ ဝံသည်းခြေကို ခွဲ၍

http:\\www.dhammadownload.com



ထည့်ပေးလျှင် တိုး၍သာ ကြမ်းတမ်းဆိုးသွမ်းသကဲ့သို့ ထို့အတူ ကြမ်းတမ်းဆိုးသွမ်းသောသူသည် အကြမ်းတုံ့မှု အပ်သည်ရှိသော် တိုး၍သာ ကြမ်းတမ်းဆိုးသွမ်းလာ၏။

မုဒုနာ ပန သော. သက္ကာ ဝိနေတုံ=

"စင်စစ်သော်ကား ကြမ်းတမ်းသောသူကို နူးညံ့သော အစီအရင်ဖြင့်သာ ဆုံးမခြင်းငှာ စွမ်းနိုင်၏"

ဟူသော ဤဓမ္မသဘာဝအချက်ကို ပိုင်းခြားသိမြင်တော်မူကာ "အာမာ+ဝုသော=ကောင်းပြီအာဝုသောက"ဟု အလွန်ချစ်ဖွယ်သော စကားဖြင့် အာဝုသောက၏စကားကို လက်ခံတော်မူကာ ဗိမာန်ပြင်ဘက်သို့ ထွက်ကြွတော်မူလေ၏။ ထိုအခါ အာဠဝကဘီလူးသည် -

သုဝဏေ ဝတာ+ယံ သမဏော ကေဝစနေနေဝ နိက္ခန္တော၊

ဧဝံ နာမ နိက္ခမေတုံ သုခံ သမဏံ အကာရဏေနေ ဝါ+ဟံ

သကလရတ္တိံ ယုဒ္ဓေန အဗ္ဘုယျာ သိံ =

ဤရဟန်းဂေါတမသည် ပြောဆို၍ အလွန်လွယ်ကူသူ ဖြစ်ပါပေစွ၊ တစ်ခွန်းတည်းဖြင့်ပင် ထွက်ရှာလေသည်၊ ဤသို့ ထွက်စေဖို့ရန် အလွန်လွယ်ကူသော ရဟန်းဂေါတမကို ငါသည် အကြောင်းမဲ့ တစ်ညဉ့်လုံး စစ်ထိုးခဲ့မိလေပြီ" နူးညံ့သော စိတ်ရှိသူ ဖြစ်လာပြီးလျှင် တဖန်-

ဣဒါနိပိ န သက္ကာ ဇာနိတုံ၊ ကိံ နု ခေါ သုဝစတာယ

နိက္ခန္တော, ဉဒါဟု ကောဓေန၊ ဟန္ဒ နံ ဝီမံသာမိ=

ယခုလည်း ကေန်ကေ မသိနိုင်သေး၊ ပြောဆို၍ လွယ်ကူသူဖြစ်သောကြောင့်တည်း ထွက်လေသလော၊ သို့မဟုတ် အမျက်ထွက်စိတ်ဆိုး၍တည်း ထွက်လေသလော၊ ယခုအခါ ငါသူ့ကို စုံစမ်းဦးအံ့" ဟု ကြံစည်ပြီးလျှင် "ပဝိသ သမဏ=အို ရဟန်း ဂေါတမ ဝင်လိုက်ဦး" ဟု ပြောဆိုလေ၏။

http:\\www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားရှင်သည် အာဠဝက၏ စိတ်သန္တာန်၌ "သုဝစော=ပြောဆို၍ အလွန်လွယ်ကူသော ရဟန်းကြီးပါပေ" ဟု နူးညံ့သော စိတ်ထားဖြင့် ပိုင်းခြားဆုံးဖြတ်မှု ပြုစိမ့်သောငှာ "သာဓု+ ဝုသော=ကောင်းပါပြီဒကာ အာဠဝကဘီလူး"ဟု တဖန် ချစ်ဖွယ် စကား မိန့်ကြားတော်မူကာ ဗိမာန်တွင်းသို့ ဝင်ကြွတော်မူပြန်၏။

အာဠာဝကဘီလူးသည် အဖန်ဖန် အထပ်ထပ်ပြောဆို၍ လွယ်ကူသောသူ ဟုတ်မဟုတ်ကို စုံစမ်းလိုသည်ဖြစ်၍ နှစ်ကြိမ် မြောက် လည်းကောင်း၊ သုံးကြိမ်မြောက် လည်းကောင်း "ထွက်လိုက် ဦး+ဝင်လိုက်ဦး" ဟု ပြောဆိုလေသည်၊ မြတ်စွာဘုရားရှင်သည်လည်း အာဠဝက၏စိတ် နူးညံ့သည်ထက် နူးညံ့လာအောင် သူပြောတိုင်းပင် လိုက်နာ ပြုကျင့်တော်မူလေသည်၊ (မဟာကရုဏာတော်ကား ကြီးမြတ်တော်မူပါပေစွ)။

အကယ်၍ ဘီလူးဆိုတိုင်း မပြုလုပ်လျှင် ပင်ကိုယ်က ကြမ်းတမ်းသော ဘီလူး၏စိတ်သည် တိုး၍တိုး၍ ကြမ်းတမ်းလာကာ တရားဒေသနာ၏တည်ရာ မဖြစ်နိုင်လေရာ၊ ထို့ကြောင့် လောက ဥပမာအားဖြင့် ငိုကြွေးမြည်တမ်း ဆိုးသွမ်းနေသော သားငယ်ဆိုး ကလေးကို သူအလိုရှိရာ ပေး၍လည်းကောင်း၊ သူ့အကြိုက်လိုက်နာ ပြုကျင့်၍ လည်းကောင်း၊ လိမ္မာအောင် စောင့်ရှောက် ချီးမြှောက် သကဲ့သို့ ထို့အတူ (လောကသုံးပါး ၏ မိခင်ကြီးဖြစ်တော်မူသော) မြတ်စွာဘုရားရှင်သည် ဒေါသကိလေသာ တည်းဟူသော ငိုကြွေးခြင်း ဖြင့် ငိုကြွေးမြည်တမ်း၍နေသော အာဠဝကဘီလူး (သားဆိုးသားကြမ်း ကလေး)ကို လိမ္မာအောင် စောင့်ရှောက် ချီးမြှောက်တော်မူလိုရကား ထိုဘီလူးပြောဆိုသမျှကို လိုက်နာပြုလုပ်တော်မူလေသည်။

ဥပမာ တစ်နည်းသော်ကား အထိန်းတော်သည် နို့ရည်

http:\\www.dhammadownload.com



မစိုသော ကလေးဆိုးကို တစုံတခုပေး၍ ချော့ဆောင်ဖြားယောင်းပြီးလျှင် နို့ချိုအေးကို တိုက်ကျွေးသကဲ့သို့ ထို့အတူပင် လောကသုံးပါး၏ အထိန်းတော်ကြီး ဖြစ်တော်မူသော မြတ်စွာဘုရားသည် အာဠဝကဘီလူး(ကလေးဆိုး)ကို လောကုတ္တရာ တရားတော်တည်းဟူသော နို့ချိုအေးကို တိုက်ကျွေးတော်မူခြင်းငှာ ထိုအာဠဝကဘီလူး (ကလေးဆိုး)၏ တောင့်တအပ်သောအချက်ကို လိုက်နာပြုကျင့်တော်မူခြင်းဖြင့် ချော့ဆောင်ဖြားယောင်းတော်မူ လိုသည်ဖြစ်၍ ဤသို့ သူပြောသမျှကို လိုက်နာပြုကျင့်တော်မူလေသည်။

ဥပမာ တစ်နည်းသော်ကား ယောကျ်ားတစ်ယောက်သည် ဖလ်ဘူးအတွင်း၌ စတုမဓုအပြည့် ထည့်လိုသည်ရှိသော် ထိုဖလ်ဘူး၏ အတွင်းကို စင်ကြယ်အောင် သုတ်သင်ဆေးကြောသကဲ့သို့ ထို့အတူပင် မြတ်စွာဘုရားရှင်သည် ဘီလူး၏ စိတ်တည်းဟူသော ဖလ်ဘူးအတွင်း၌ လောကုတ္တရာတရားတည်းဟူသော စတုမဓုအပြည့် ထည့်တော်မူလိုသည်ဖြစ်၍ ထိုဘီလူး၏ စိတ်တည်းဟူသော ဖလ်ဘူးအတွင်း အမျက်ကောဓ တည်းဟူသော အညစ်အကြေးကို စင်ကြယ်အောင် သုတ်သင် ဆေးကြောတော်မူလိုသည်ဖြစ်၍ သုံးကြိမ်တိုင်အောင်ပင် ဘီလူးပြောဆိုတိုင်း ဗိမာန်မှ ထွက်ခြင်း, ဗိမာန်အတွင်းသို့ ဝင်ခြင်းအမှုကို လိုက်နာပြုကျင့်တော်မူလေသည်။ (ကြောက်၍ လိုက်နာပြုကျင့်ခြင်းမဟုတ်)။

## ဘီလူး၏ ယုတ်ညံ့သောစိတ်အကြံ

ထို့နောက် အာဠဝကဘီလူးသည် -

သုဝစော ဝတာ+ ယံ သမဏော ဂေဝစနေနေဝ နိက္ခန္တော၊

ဇဝံ နာမ နိက္ခမေတုံ သုခံ သမဏံ အကာရဏေနေဝါ+

ဟံ သကလရတ္တိံ ယုဒ္ဓေန အဇ္ဈုယျာသိံ =

http:\\www.dhammadownload.com



ဤရဟန်းကြီးကား တကယ်ပင် ပြောဆို၍ လွယ်ကူသူ ဖြစ်ပေ၏၊ "ထွက်လော့"ဟု ဆိုလျှင် တစ်ခွန်းတည်းနှင့် ထွက်၏၊ "ဝင်လော့"ဟု ဆိုလျှင် တစ်ခွန်းတည်းနှင့် ဝင်၏၊ ငါသည် ရဟန်းကြီး ကို ဤနည်းဖြင့် (ဤသို့ အထွက်ခိုင်း+အဝင်ခိုင်းသဖြင့်) တစ်ညဉ့်လုံး ပင်ပန်းနွမ်းနယ်စေပြီးမှ ခြေတို့ကို ဆွဲကိုင်၍ ဂင်္ဂါမြစ်တစ်ဘက်ကမ်းသို့ ပစ်လွှင့်လိုက်ရမူ ကောင်းလေစွ–ဟု ယုတ်မာသော စိတ်အကြံအစည် ကို ဖြစ်စေပြီးလျှင် လေးကြိမ်မြောက် "နိက္ခမ သမဏ=အို ရဟန်းကြီး ထွက်လိုက်ဦး" ဟု ပြောဆိုလေ၏

ထိုအခါ မြတ်စွာဘုရားရှင်သည် အာဠဝကဘီလူး၏ ယုတ်မာ သော စိတ်အကြံအစည်ကို သိတော်မူ၍လည်းကောင်း၊ ဤ ဆိုလတ္တံ့ သောအတိုင်း (ကိုယ်တော်မြတ်က) မိန့်ကြားတော်မူလိုက်လျှင် တစ်ဆင့်တက်ကာ အာဠဝကဘီလူး ပြဿနာကို ရာကြံလိမ့်မည်၊ ထိုသို့ ရာကြံသည်ရှိသော် ပြဿနာမေးခြင်းသည် တရားဟောဘို့ရန် အလွန် ကောင်းသည့် အကြောင်းကြီးတစ်ခု ဖြစ်ပေလိမ့်မည်ဟု သိတော်မူ၍ လည်းကောင်း၊ "ဒကာဘီလူး... သင့်စိတ်သန္တာန်ဝယ် ထိုကဲ့သို့ မကောင်းကြံသောကြောင့် ငါဘုရားရှင်သည် ဗိမာန်မှ မထွက်တော့အံ့၊ သင်ပြုဖွယ် ကိစ္စရှိသမျှကို ပြုလော့"ဟု မိန့်တော်မူ၏။

## အထူးမှတ်ဖွယ်

ထိုအခါ အာဠဝကဘီလူးသည် ဘုရားနှင့်မတွေ့မီ ရှေးအခါက လည်း ကောင်းကင်ခရီးဖြင့် လာကြသောအခါ "ဤဗိမာန်သည် ရွှေဗိမာန်လော၊ သို့မဟုတ် ငွေဗိမာန်လော + ပတ္တမြားဗိမာန်တို့တွင် တစ်ခုခု ပင်ဖြစ်သလော၊ ယခုပင်လျှင် ထိုဗိမာန်ကို ကြည့်ကုန်အံ့"ဟု ဤကဲ့သို့ ကြံစည်ကြကာ မိမိ၏ဗိမာန်သို့ လာရောက်ကြသော အဘိညာဉ်တန်ခိုးရှင် ရသေ့ပရိဗိုဇ်များကို ပြဿနာ မေးမြန်း၍ မဖြေ

http:\\www.dhammadownload.com



ဆိုနိုင်ကြသည်ရှိသော် စိတ်ပြန့်လွင့် ရူးသွပ်သွားအောင် ပြုခြင်း၊ နှလုံးသားကို ဖောက်ခွဲခြင်း၊ ခြေတို့၌ကိုင်၍ ဂင်္ဂါမြစ်တစ်ဖက်သို့ ပစ်လွှင့်ခြင်းဖြင့် ညှဉ်းပန်းနှိပ်စက်ခဲ့၏၊ အဘယ်သို့ ညှဉ်းပန်းနှိပ်စက်သနည်းဟူမူ-

အဖြေကား--- ဘီလူးတို့သည် (၁) ကြောက်မက်ဖွယ် အဆင်းကို ပြသသဖြင့်လည်းကောင်း၊ (၂) ဟဒယဝတ္ထု=နှလုံးအိမ်ကို ဆုပ်ချေသဖြင့် လည်းကောင်း၊ ဤသို့လျှင် နှစ်ပါးသော အခြင်းအရာတို့ဖြင့် စိတ်ပြန့်လွင့် ရူးသွပ်သွားအောင် ပြုလုပ်ကြကုန်၏၊ အာဠဝကဘီလူးသည်ကား ဤနှစ်ပါးတွင် ကန်ခိုးအဘိညာဉ် လ္ကဒ္ဓိရှင်ဖြစ်ကြသည့် ရသေ့ပရိဗိုဇ်တို့သည် ကြောက်မက်ဖွယ်သော အဆင်းကို ပြသဖြင့် ထိတ်လန့်ကြမည် မဟုတ်ဟု သိရှိသောကြောင့် (၁)မှတ် ပဌမနည်းကို အသုံးမပြုဘဲ မိမိ၏နတ်တန်ခိုးအစွမ်းဖြင့် သိမ်မွေ့သော အတ္တဘောကို ဖန်ဆင်းပြီးလျှင် ထိုရသေ့ပရိဗိုဇ် (လ္ကဒ္ဓိရှင်)တို့၏ ကိုယ်တွင်းသို့ ဝင်၍ ဟဒယဝတ္ထု- နှလုံးသားကို ဆုပ်ချေလေသည်၊ ထိုအခါ ထိုလ္ကဒ္ဓိရှင်တို့၏ စိတ်အစဉ်သည် ကောင်းစွာ မတည်တံ့နိုင်၊ ထိုစိတ်အစဉ် ကောင်းစွာ မတည်တံ့နိုင်သည်ရှိသော် စိတ်ပြန့်လွင့် ရူးသွပ်ကြ လေကုန်၏၊ ဤသို့ စိတ်ပြန့်လွင့် ရူးသွပ်ကြသော ထိုလ္ကဒ္ဓိရှင် ရသေ့ပရိဗိုဇ်တို့၏ နှလုံးသားကိုလည်း ဖောက်ခွဲ၏၊ "ဤသို့ ပြဿနာကို မဖြေဆိုနိုင်သော ပရိဗိုဇ်တို့သည် ငါ၏ ဗိမာန်သို့ နောက်တဖန် မလာကြကုန်လင့်"ဟု ပြောဆိုကာ ထိုလ္ကဒ္ဓိရှင် ရသေ့ပရိဗိုဇ်တို့ကို ခြေနှစ်ဖက်တို့၌သော်လည်း ဆွဲကိုင်ကာ ဂင်္ဂါမြစ် တစ်ဖက်ကမ်းသို့ ပစ်လွှတ်လေသည်။

မြတ်စွာဘုရားသည် သူ့အကြံကို သိတော်မူသောကြောင့် သူ့အလိုချည်းပဲ လိုက်နေယင် ပြဿနာမေးဖို့ တရားဟောဖို့ အခွင့်ရတော့မှာ မဟုတ်ဘူး၊ ဒီတော့ ငါနည်းလမ်း တစ်မျိုးပြောင်းပြီးတော့

http:\\www.dhammadownload.com



သူ့ပြဿနာ မေးဖို့ရာ စိတ်ပေါ်အောင် လုပ်ဦးမှပဲလို့ ဘုရား ကိုယ်တော်မြတ် အဲဒီလို စဉ်းစားပြီးတော့–

န ခွာဟံ တံ အာဝုသော နိက္ခမိဿာမိ၊ ယံ တေ ကရဏီယံ၊ တံ ကရောဟိ။

အာဝုသော=ဒကာ အာဠဝက၊ တံ–တသ္မာ=ထိုသို့ သင်ရဲ့စိတ် အကြံ မှုမမှန်သောကြောင့်ပင်လျှင်၊ အဟံ=ငါဘုရားသည်၊ န ခေါ နိက္ခမိဿာမိ=မထွက်တော့ဘူး မင်းစိတ်အကြံ မှုမမှန်ဘူးကွာ၊ အဲဒီ အတွက်ကြောင့် ငါမထွက်ဘူးဟာ၊ တေ=သင်သည်၊ ယံ=အကြင်အမှုကို၊ ကရဏီယံ=ပြုလို၏၊ တံ=ထို သင်ပြုလိုတဲ့ အမှုကို၊ ကရောဟိ= ပြုလော့၊ မင်းလုပ်ချင်တာ လုပ်တော့ ငါ မထွက်ဘူး။

ဒကာဘီလူး၊ သင့်စိတ်သန္တာန်ဝယ် ထိုကဲ့သို့ မကောင်းကြံ သောကြောင့် ငါဘုရားသည် ဗိမာန်မှ မထွက်တော့အံ့၊ သင်ပြုဖွယ် ကိစ္စရှိသမျှကို ပြုလော့ဟု မိန့်တော်မူ၏။

အဲဒီတော့မှ အာဠဝကဘီလူးက ရှေးက မိမိမေးခဲ့ဘူးသော ပြဿနာတို့ကို သတိရကာ "ငါသည် ဤရဟန်းကြီး ဂေါတမကို ယခုအခါ ဤသို့မေး၍ မဖြေနိုင်သောအခါ စိတ်ပြန့်လွင့် ရူးသွပ်အောင် ပြုလုပ်၍ နှလုံးသားကို ဖောက်ခွဲပြီး ခြေနှစ်ဘက်တို့ကို ဆွဲကိုင်ကာ ဂင်္ဂါမြစ်တစ်ဖက်ကမ်းသို့ ပစ်လွှတ်ခြင်းအမှုကို ပြုလုပ်ညှဉ်းဆဲရမှု ကောင်းလေစွ" ဟု ကြံစည်ပြီးလျှင်–

ပဉှံ တံ သမဏ ပုစ္ဆိဿာမိ။

သမဏ=ရဟန်း၊ တံ=သင့်ကို၊ ပဉှံ=ပြဿနာကို၊ ပုစ္ဆိဿာမိ= မေးပေအံ့။

သစေ မေ န ဗျာကရိဿသိ။

တွံ=သင်သည်၊ မေ=ငါ့အား၊ သစေ န ဗျာကရိဿသိ=

http:\\www.dhammadownload.com



အကယ်၍ မဖြေကြားနိုင်ငြားအံ့။

**စိတ္တံ ဝါ တေ ခိပိဿာမိ။**

တေ=သင်၏၊ စိတ္တံ ဝါ= စိတ်ကိုမူသော်လည်းပဲ၊ ခိပိဿာမိ= ပြန့်လွင့်အောင် လုပ်လိုက်မယ်။

**ဟဒယံ ဝါ တေ ဖာလေဿာမိ။**

ဝါ=သို့မဟုတ်၊ တေ=သင်၏၊ ဟဒယံ=နှလုံးသားကို၊ ဖာလေဿာမိ=ဖောက်ခွဲလိုက်မယ်။

**ပါဒေသု ဝါ ဂဟေတွာ ပါရဂင်္ဂါယ ခိပိဿာမိ။**

ဝါ=သို့မဟုတ်၊ ပါဒေသု=ခြေနှစ်ဖက်တို့၌၊ ဂဟေတွာ=ဆွဲယူ၍၊ ပါရဂင်္ဂါယ=ဂင်္ဂါမြစ်တစ်ဖက်၌၊ ခိပိဿာမိ=လွှင့်ပစ်လိုက်မယ်။

သူပြောတာက– ရဟန်းတဲ့၊ မင်းလုပ်ချင်တာလုပ် ဆိုလို့ရှိယင် ငါသင့်ကို ပြဿနာ မေးမယ်၊ ငါမေးတဲ့ ပြဿနာကို သင်မဖြေနိုင်ယင် ဖြင့် သင့်စိတ်ကို ပြန့်လွင့်အောင် ရူးသွပ်သွားအောင် လုပ်မယ်၊ ဒါမှ မဟုတ် သင့်နှလုံးသားကိုလည်း ခွဲလိုက်မယ်၊ ဒါမှမဟုတ်၊ သင့်ခြေ နှစ်ချောင်းကို ကိုင်ပြီးတော့ ဂင်္ဂါမြစ်ရဲ့ ဟိုဖက်ကမ်းကိုသော်လဲ ငါ ပစ်လိုက်မယ်လို့ ရိုင်းပြစွာ ပြောကြားတယ်။

မြတ်စွာဘုရားရှင်သည် ထိုဘီလူး၏ စကားကို ကြားတော်မူလေလျှင်–

(က) မြတ်စွာဘုရားရှင်တို့အား စွန့်လွှတ်အပ်သော လာဘ်လာဘ၊

(ခ) မြတ်စွာဘုရားရှင်တို့၏ အသက်၊

(ဂ) သဗ္ဗညုတဉာဏ်တော်

(ဃ) ကိုယ်တော်ရောင်

ဤလေးမျိုးတို့အတွက် တစ်ဦးတစ်ယောက်မျှ အန္တရာယ် မပြုနိုင်သောကြောင့် လောက၌ မည်သူတစ်ဦးတစ်ယောက်နှင့်မျှ

http:\\www.dhammadownload.com



မဆက်ဆံသော အာနုဘော်ကို ပြတော်မူလိုသည် ဖြစ်၍–

နခွာဟံ တံ အာဝုသော ပဿာမိ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ၊ ယော မေ စိတ္တံ ဝါ ခိပေယျ၊ ဟဒယံ ဝါ ဖာလေယျ၊ ပါဒေသု ဝါ ဂဟေတွာ ပါရဂင်္ဂါယ ခိပေယျ။

အာဝုသော=ဒကာ အာဠဝက။ ယော=အမှတ်မထင် အကြင် သူသည်။ မေ=ငါ၏။ စိတ္တံ=စိတ်ကို။ ခိပေယျ=ပြန့်လွင့်စေနိုင်ရာ၏။ ဝါ=သို့မဟုတ်။ ဟဒယံ=နှလုံးကို။ ဖာလေယျ=ဖောက်ခွဲနိုင်လေရာ၏။ ဝါ=သို့မဟုတ်။ ပါဒေသု=ခြေနှစ်ဖက်တို့၌။ ဂဟေတွာ=ကိုင်၍။ ပါရဂင်္ဂါယ=ဂင်္ဂါမြစ်တစ်ဖက်ကမ်း၌။ ခိပေယျ=ပစ်နိုင်လေရာ၏။ သဒေဝကေ=ကာမာဝစရ နတ်ပြည်ငါးထပ်နှင့် တကွသော။ သမာရကေ=ဝသဝတ္တိနတ်ပြည်နှင့်တကွသော။ သဗြဟ္မကေ=ဗြဟ္မာပြည် နှစ်ဆယ်နှင့် တကွသော။ လောကေ=ဩကာသလောက၌လည်းကောင်း။ သဿမဏ ဗြာဟ္မဏိယာ=ရဟန်း ပုဏ္ဏားနှင့်တကွသော။ သဒေဝမနုဿာယ=သမုတိနတ် တည်းဟူသော မင်းကြွင်းတွဲ့လူနှင့် တကွသော။ ပဇာယ= သတ္တဝါလောက၌လည်းကောင်း။ တံ တာဒိသံ ပုဂ္ဂလံ=ထိုသို့ ငါဘုရားရဲ့ စိတ်ကို ပျံ့လွင့်သွားအောင် ပြုလုပ်နိုင်တဲ့ပုဂ္ဂိုလ် ငါဘုရားရဲ့နှလုံးသား ခွဲနိုင်တဲ့ပုဂ္ဂိုလ် ငါဘုရားကို ခြေနှစ်ချောင်းကိုင်ပြီး ဂင်္ဂါမြစ်တစ်ဖက်ကမ်း ပစ်လွှင့်နိုင်မယ့် ပုဂ္ဂိုလ်ကို။ နခေါ ပဿာမိ=မမြင်ရိုးစကန် ငါဘုရား မှန်၏။

အာဠဝကတဲ့၊ မင်း ဒီလိုပြောပေမယ့် ငါ့စိတ်ကို ပျံ့လွင့်အောင် ပြုလုပ်နိုင်မယ့်၊ ငါ့နှလုံးသားကို ဖောက်ခွဲနိုင်မယ့်၊ ငါ့ကို ခြေက ကိုင်ပြီး ဂင်္ဂါမြစ်တစ်ဖက် ပစ်လွှင့်နိုင်မယ့် ပုဂ္ဂိုလ်ဟာကွာ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်မှာ တစ်ယောက်မှ မရှိဘူးဟ။ ငါဘုရား သဗ္ဗညုတဉာဏ်ထဲ

http:\\www.dhammadownload.com



ကြည့်တယ်။ တစ်ယောက်မှ မတွေ့ဘူး။

ဤကဲ့သို့ မြတ်စွာဘုရားသည် အာဠဝကဘီလူး၏ ညှင်းပန်းလိုသောစိတ်ကို တားမြစ်တော်မူပြီးလျှင် ပြဿနာမေးခြင်း၌ အားထုတ်မှုကို ဖြစ်စေလိုရကား သဗ္ဗညုပဝါရဏာ=သဗ္ဗညုမြတ်စွာဘုရားတို့ရဲ့ ဖိတ်ကြားတဲ့နည်းနဲ့-

အပိ စ တွံ အာဝုသော ပုစ္ဆ၊ ယဒါကင်္ခသိ

အာဝုသော=ဒါယကာ၊ အပိစ=စင်စစ်သော်ကား။ တွံ=သင်သည်။ ယံ=အကြင်အရာကို။ အာကင်္ခသိ=မေးလျှောက်လို၏။ တံ=ထိုသင် မေးလျှောက်လိုတဲ့ အရာကို။ ပုစ္ဆ ပုစ္ဆာဟိ=မေးလော့။

ဒကာဘီလူး၊ ထိုသို့ပင်ဖြစ်စေကာမူ သင် မေးလိုရာ ပြဿနာကို မေးလော့။ သင်၏ ပြဿနာကို အကျန်မထား ငါဘုရား ဖြေကြားအံ့ဟု သဗ္ဗညုဘုရားရှင်တို့၏ ဖိတ်ကြားခြင်းဖြင့် ဖိတ်ကြားတော်မူ၏။

သဗ္ဗညုမြတ်စွာဘုရား၏ ဖိတ်ကြားခြင်း၊ အခြားပုဂ္ဂိုလ်တို့၏ ဖိတ်ကြားခြင်းဟူ၍ ဖိတ်ကြားခြင်းနှစ်မျိုးရှိလေသည်။ ထိုတွင် သဗ္ဗညုဘုရားရှင်တို့သည် "သင်အလိုရှိရာ မေးလော့၊ သင်၏ပြဿနာကို အကျန်မထား ငါဖြေကြားအံ့"ဟု ရဲရဲတောက် ဖိတ်ကြားတော်မူကြသည်။ အခြားပုဂ္ဂိုလ်များက "မေးပါ ဒကာ" သင်၏ အမေးကို ကြားနာပြီး ငါသိလျှင် ဖြေပါမည်ဟု လျှော့လျှော့သာ ဖိတ်ကြားလေ့ရှိသည်။

ဘုရားကလည်း ခွင့်ပေးရော အာဠဝကမေးပြီ ဂါထာနဲ့-

ကိံ သူဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊

ကိံ သု သုစိဏ္ဏံ သုခ+ မာဝဟာတိ၊

ကိံ သု ဟဝေ သာဒုတရံ ရသာနံ၊

ကထံ ဇီဝိံ ဇီဝိတ+ မာဟု သေဋ္ဌံ၊

ဒီပြဿနာတွေ သူဘယ်က ရလာသလဲဆိုတော့ သူ့မိဘဆီက

http:\\www.dhammadownload.com



ရတာပ။ သူ့မိဘက ကဿပမြတ်စွာဘုရား သာသနာတုန်းက ပြဿနာ ရှစ်ချက်ကို အဖြေနဲ့တကွ ဂါထာတွေရှိတယ်။ အဖြေနဲ့တကွ ဂါထာတွေ ရှိတယ်ဆိုလို့ ရှစ်ဂါထာ မဟုတ်ပါဘူး။ တစ်ဂါထာလျှင် အမေးလေးခု ပါတယ်။ အဲဒီ အမေးလေးခုရဲ့ အဖြေကလည်းပဲ တစ်ဂါထာလျှင် လေးဖြေ တစ်ခါတည်းဖြေ။ ကဲ- အမေးရှစ်ချက် နှစ်ဂါထာ+အဖြေရှစ်ချက် နှစ်ဂါထာ=အားလုံး လေးဂါထာ။ အမေးနဲ့ အဖြေနဲ့အစကရှိ။ သူ့မိဘက ငယ်ငယ်က အာဠဝကကို ဒီအမေးဂါထာ အဖြေဂါထာတွေနဲ့ သင်ပေးထားတယ်။ သို့သော် သူက လူမိုက် လူကြမ်းဆိုတော့ တော်တော်ကြာတော့ အဖြေဂါထာတွေ ပျောက် ကုန်တယ်။ ပျောက်တော့ဟာ ကြာရင် အမေးဂါထာပါ ပျောက်ရချေရဲ့ ဆိုပြီးတော့ ရွှေပြားမှာ ဟင်္သပဒါးနဲ့ ရေးတယ်။

အာဠဝက မာန်ကျသွားပြီ။ ဗိမာန်ထဲဝင်ပြီး ဗိမာန်ထဲဝင်ပြီး တော့ ဘုရားရှေ့မှာ ဘီလူးထိုင်ပ၊ ပုံပန်းမှန်းသာ ကြည့်လိုက်။

ဘဂဝါ=မြတ်စွာဘုရား၊ ဣဓ- ဤလောက၌၊ ပုရိသဿ= ယောကျ်ားအ၏။ သေဋ္ဌံ=အချီးမွမ်းအပ်ဆုံး အမြတ်ဆုံးဖြစ်သော။ ဝိတ္တံ= ဥစ္စာကား။ ကိံသု=အဘယ်ပါနည်း။

မြတ်စွာဘုရား ဤလောက၌ ယောကျ်ား၏ အမြတ်ဆုံးဥစ္စာ ကား ဘယ်ဟာလဲ။ တစ်ခု။

ကိံ သု=အဘယ်တရားသည်။ ဝါ=အဘယ်တရားကို။ သုစိဏ္ဏံ =နေ့ရှည်ရက်ဆက် ကောင်းစွာ လေ့ကျက်အပ်သည်ရှိသော်။ သုခံ= လူနတ် နိဗ္ဗာန်သုံးတန်သော ချမ်းသာကို။ အာဝဟာတိ=ရွက်ဆောင် နိုင်သနည်း။

နေ့ရှည်ရက်ဆက် ကောင်းစွာလေ့ကျက်လျှင် လူနတ် နိဗ္ဗာန် ချမ်းသာသုံးပါးကို အောင်နိုင်တဲ့တရားသည် ဘယ်တရားလဲ၊ ဒါက

http:\\www.dhammadownload.com



တစ်ခု။

ရသာနံ=အရသာတကာတို့တွင်။ သာဒုတရံ=အထူးသဖြင့် ချိုမြိန် ကောင်းမြတ်တဲ့ အရသာကား။ ကိံ သု=အဘယ်ပါနည်း။

အရသာတွေထဲမှာ အချိုမြိန်ဆုံးဆိုတဲ့ အရသာဟာ ဘယ်ဟာလဲ၊ ဒါက တစ်ခု။

ကထံ ဇီဝိံ ဇီဝိတံ=အဘယ်သို့ အသက်ရှည်သောသူ၏ အသက်မွေးခြင်းကို။ သေဋ္ဌံ=အထူးသဖြင့် ချီးမွမ်းအပ်မြတ်၏ဟူ၍။ အာဟု=ဘုရားအစ များလှဘိတောင်း အရိယာသူတော်ကောင်းတို့ ငြိမ့်ငြောင်းသံချို မိန့်ဆိုတော်မူကြပါကုန်သနည်း။

ဘယ်လို အသက်မွေးခြင်းကို အဘယ်တရားဖြင့် အသက်ရှည်သောသူ၏ အသက်မွေးခြင်းကို လောကမှာဖြင့် အမြတ်ဆုံးသော အသက်မွေးခြင်းပဲလို့ ဘုရားအစရှိသော အရိယာ သူတော်ကောင်းတို့ မိန့်ဆိုကြသလဲ။ ဒါက တစ်ချက်။ ပြဿနာ လေးချက် မေးပါတယ်။

ထိုအခါ မြတ်စွာဘုရားသည် ကဿပမြတ်စွာဘုရား ဖြေကြားတော်မူသော နည်းအတိုင်းပင် ဖြေကြားတော်မူလိုသည် ဖြစ်၍ အဖြေဂါထာကို ဤသို့ ဟောကြားတော်မူ၏။

သဒ္ဓီဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊
ဓမ္မော သုစိဏ္ဏော သုခ+မာဝဟာတိ။
သစ္စံ ဟဝေ သာဒုတရံ ရသာနံ၊
ပညာဇီဝိံ ဇီဝိတ+မာဟု သေဋ္ဌံ။

အာဝုတော=အာဠဝက နာမမည်ထူး အို ဒကာဘီလူး။ ဣဓ= ဤလောက၌။ ပုရိသဿ ယောကျ်ား မိန်းမဟူသမျှ၏။ သေဋ္ဌံ=ချီးမွမ်းအပ် အမြတ်ဆုံးသော ဝိတ္တံ=ဥစ္စာကား=သဒ္ဓါ=လောကီ လောကုတ္တရာ နှစ်ဖြာအပြား သဒ္ဓါတရားပင်တည်း။

http:\\www.dhammadownload.com



လောကမှာ အမျိုးကောင်းသား မင်းယောကျ်ား၊ အမျိုးကောင်းသမီး မင်းမိန်းမတို့၏ အမြတ်ဆုံးသော ဥစ္စာဟာ သဒ္ဓါတရားတဲ့။ ဟာ စိန်တို့ ရွှေတို့ ငွေတို့ရတယ် ဆိုတာကိုက သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်မှ စိန်ရွှေငွေဆိုတဲ့ လောကရတနာတွေက ရဖြစ်တာ။ သဒ္ဓါတရားမရှိရင် ဘယ်နှယ့်လုပ်ပြီးတော့ ဒါနကောင်းမှု ပြုမလဲ၊ ဘယ်တော့မှ မပြုဘူး၊ မပြုရင် အဲဒီလူ ဘယ်တော့မှ စိန်ရွှေငွေ မရဘူး၊ အဲဒါကြောင့် လောကမှာ အမြတ်ဆုံးသော ဥစ္စာဆိုတာ, အာဠဝကတဲ့ , သဒ္ဓါတရား။

ဤသဒ္ဓါတရား တည်းဟူသော ဥစ္စာသည် လူနတ် နိဗ္ဗာန် သုံးတန်သော စည်းစိမ်၏ အကြောင်းဖြစ်သည်။ သူတစ်ပါးတို့နှင့် မဆက်ဆံသော ရတနာမျိုး၊ ဥစ္စာမျိုးဖြစ်သည့်အပြင် လောကီဥစ္စာ ရတနာမျိုးဖြစ်သည့် ရွှေ ငွေ စသည်တို့ကိုရခြင်း၏ အကြောင်းရင်းလည်းဖြစ်၏။ မှန်၏။ သဒ္ဓါတရား ရှိသောသူသာလျှင် ဒါနအစရှိသော ကောင်းမှုတို့ကို ပြုလုပ်၍ လောကီဥစ္စာ ရတနာတို့ကို ရနိုင်၏။ ထို့ကြောင့် ဤသဒ္ဓါတရားမရှိသူ၏ ဥစ္စာသည် အကျိုးမဲ့ဖြစ်ဖို့ရန်သာ ဖြစ်၏။ ထို့ကြောင့် ဤသဒ္ဓါတရားတည်းဟူသော ဥစ္စာကို "ချီးမွမ်းအပ် အမြတ်ဆုံးဥစ္စာ"ဟူ၍ မြတ်စွာဘုရားက ဟောတာနော်။

သုစိဏ္ဏော= နှေ့ရှည်ရက်ဆက် လေ့ကျက်အပ်သော။ ဓမ္မော= သုစရိုက်ဆယ်ပါး ကောင်းမှုတရားသည်။ ဝါ=ဒါန သီလ ဘာဝနာ သုံးဖြာအပြား ကောင်းမှုတရားသည်။ သုခံ=လူနတ် နိဗ္ဗာန်ချမ်းသာ သုံးတန်ကို။ အာဝဟာတိ=ကျေးဇူးမြားမြောင် ရွက်ဆောင်နိုင်ပေ၏။

ကုသိုလ် ကမ္မပထတရားဆယ်ပါး၊ တစ်နည်း ဒါန သီလ ဘာဝနာ တရားသုံးပါးတို့သည် နှေ့ရှည်ရက်ဆက် လေ့ကျက်ပွားများ အပ်သည်ရှိသော် လူ့ချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကို

http:\\www.dhammadownload.com



ရွက်ဆောင်နိုင်၏။

ရသာနံ=သာယာအပ်တောင်း အရသာပေါင်းတို့တွင်၊ သစ္စံ= ပရမတ္ထသစ္စာ မည်သာထင်ရှား နိဗ္ဗာန်တရားတည်း။ ဝါ=မဟုတ် စကား ရှောင်ရှားပယ်ခွာ ဝိရတိ သစ္စာနှင့်တကွ အမှန်စကား ပြောကြားမြွက်ဆိုခြင်း တည်းဟူသော ဝစီမင်္ဂလာ သစ္စာစကားသည်။ ဟဝေ=စင်စစ်ဧကန် အမှန်အားဖြင့်။ သာဒုတရံ=လွန်ကဲထူးချွန် သာလွန်လှစွာ သတ္တဝါတို့ သာယာအပ်တောင်း အရသာကောင်း မည်ပေ၏။

ပရမတ္ထသစ္စာဆိုတာ နိဗ္ဗာန်ကိုခေါ်တယ်၊ ဝိရတိသစ္စာဆိုတာက သမ္မာဝါစာဝိရတိကို ခေါ်တယ်၊ ဝစီသစ္စာဆိုတာက အဲဒီ သမ္မာဝါစာကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ မှန်သောစကားကို ဖော်ပြတဲ့ နှုတ်သံကို ခေါ်တယ်၊ ထို့ကြောင့် ပရမတ္ထသစ္စာ၊ ဝိရတီသစ္စာ၊ ဝစီသစ္စာ ဤသုံးမျိုးသော အရသာသည် အရသာတကာတို့တွင် အမြတ်ဆုံး အရသာမည်၏တဲ့။ သစ္စာအရသာထက် ချိုမြိန်တဲ့ အရသာ ဟာဖြင့် လောကမှာ မရှိဘူး။

ပညာဇီဝိံ ဇီဝိတံ=ပညာဖြင့် အသက်ရှင်သောသူ၏ အသက် မွေးမှုကို။ သေဋ္ဌံ=အထူးသဖြင့် ချီးမွမ်းအပ်မြတ်လှ၏ ဟူ၍။ အာဟု= ဘုရားအစ များလှဘိတောင်း အရိယာသူတော်ကောင်းတို့ ငြိမ့်ချောင်း သံချို မိန့်ဆိုတော်မူကြလေကုန်ပြီ။

လောကီမျက်စိ ဓမ္မမျက်စိဖြင့် နှစ်ဖက်မြင်သူ ဝတ်ကြောင် သည် အိမ်မှုကိစ္စကို အားထုတ်ခြင်း၊ သရဏဂုံဆောက်တည်ခြင်း၊ လှူဒါန်းပေးကမ်းခြင်း၊ သီလဆောက်တည်ခြင်း၊ ဥပုသ်ကျင့်သုံးခြင်း အစရှိသော လှူကျင့်ဝတ်များကို ပညာဖြင့်သာ ပြီးစေ၍ အသက်ရှင် လေသည်။ ထိုသို့ ပညာဖြင့် အသက်ရှင်သောသူ၏ အသက်ရှည်ခြင်း

http:\\www.dhammadownload.com



မျိုးကိုသာ ချီးမွမ်းအပ် မြတ်၏ဟူ၍ ဘုရားအစရှိသော အရိယာ သူတော်ကောင်းတို့ မိန့်ဆိုတော်မူကြလေသည်။

ပြဿနာလေးချက်ကို သူက ဂါထာနဲ့မေးတော့ ဘုရားက လည်း လေးချက်လုံးကို တစ်ဂါထာနဲ့ပဲ ဖြေတော်မူတယ်။

အာဠဝက စဉ်းစားတယ်။ သူငယ်ငယ်တုန်းက ဒီအဖြေတွေ ရတယ်၊ သို့သော် သူက လူမိုက်လူကြမ်းဆိုတော့ ဒီအဖြေဂါထာတွေ ပျောက်ကုန်ရော၊ အခု အမေးဂါထာလေးမှ အနိုင်နိုင်ကျန်တယ်။ မြတ်စွာဘုရားထံက အဖြေစကားနာကြားရတော့ သူ အလွန်ဝမ်းသာ သွားတယ်။ ဒါနဲ့ ကျန်တဲ့ ပြဿနာရေးကို ဆက်ပြီးတော့ မေးပြန် တယ်။

ကထံ သု တရတိ ဩဃံ၊
ကထံ သု တရတိ အဏ္ဏဝံ။
ကထံ သု ဒုက္ခ+မစ္စေတိ၊
ကထံ သု ပရိသုဇ္ဈတိ။

ဘဂဝါ=ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဩဃံ=ဩဃ လေးခန်း ရေပြင်ကြမ်းကို။ ကထံသု=ဘယ်ပုံဘယ်ပန်း အဘယ် နည်းလမ်းဖြင့်။ ဝါ=အဘယ်တရားဖြင့်၊ တရတိ=ဟိုဘက်ကမ်းရောက် ကူးမြောက်နိုင်ပါသနည်း ဘုရား။

မထူးပါဘူး၊ ယဉ်ကျေးလိုက်ကြပါစို့ ဟုတ်လား။ အခု ပြဿနာမေးလို့ တစ်ဂါထာလောက် နာရပြီဆိုတော့ စိတ်နှလုံး ယဉ်ကျေးလာပြီ၊ ဘဂဝါဂုဏ်ရှင် မြတ်စွာဘုရားတဲ့၊ ကာမောဃဒိဋ္ဌောဃ ဆိုတဲ့ ဩဃလေးခန်း ရေပြင်ကြမ်းကို ဘယ်လိုတရားနဲ့ နိဗ္ဗူသာဝှမ်း ဟိုဘက် ကမ်းရောက် ကူးမြောက်နိုင်ပါသတုန်း ဘုရာ။

အဏ္ဏဝံ=ဘဝသံသရာ သမုဒ္ဒရာကို။ ကထံ သု=ဘယ်ပုံ

http:\\www.dhammadownload.com



ဘယ်ပန်း ဘယ်နည်းလမ်းဖြင့်၊ ဝါ – အဘယ်တရားဖြင့်၊ တရတိ= ဟိုဘက်ကမ်းရောက် ကူးမြောက်နိုင်ပါသနည်း ဘုရား။

ဒုက္ခံ= ဆင်းရဲသော ဒုက္ခကို။ ကထံ သု=ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းဖြင့်၊ ဝါ=အဘယ်တရားဖြင့်။ အစ္စေတိ=လွန်မြောက် နိုင်ပါသနည်း ဘုရား။

ကထံ သု=ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းဖြင့်။ ပရိသုဇ္ဈတိ =ခပ်သိမ်းသော ကိလေသာတို့မှ စင်ကြယ်နိုင်ပါသနည်း ဘုရားလို့ မြတ်စွာဘုရားက မေးတယ်။

ဒီတော့ မြတ်စွာဘုရားက ကဿပမြတ်စွာဘုရား ဖြေကြား တုန်းက အတိုင်းပဲ ဖြေတော်မူတယ်။

သဒ္ဓါယ တရတိ သြဃံ၊

အပ္ပမာဒေန အဏ္ဏဝံ။

ဝီရိယေန ဒုက္ခ+မစ္စေတိ၊

ပညာယ ပရိသုဇ္ဈတိ။

အာဠဝက=ဒါယကာ အာဠဝက။ သဒ္ဓါယ=ယုံကြည်ခြင်း သဒ္ဓါ တရားဖြင့်။ သြဃံ=သြဃလေးခန်း ရေပြင်ကြမ်းကို။ တရတိ=ကူးသန်း ထုတ်ချောက်မှာကမ်းသို့ ရောက်နိုင်၏။

အပ္ပမာဒေန=ကုသိုလ်ဆယ်သင်း မမေ့လျော့ခြင်းဖြင့်။ အဏ္ဏဝံ =သံသရာတည်းဟူသော သမုဒ္ဒရာကို။ တရတိ=နိဗ္ဗူသာဝှမ်း ဟို ဘက်ကမ်းရောက် ကူးမြောက်နိုင်ပေ၏။

ဝီရိယေန=ကာယိက စေတသိက ဝီရိယနှစ်ပါးဖြင့်။ ဒုက္ခံ= ဒုက္ခကို။ အစ္စေတိ=လွန်မြောက်နိုင်၏။

ပညာယ=ပညာတရားဖြင့်။ ပရိသုဇ္ဈတိ=ကိလေသာခပ်သိမ်း မှ စင်ကြယ်နိုင်ပေ၏။

http:\\www.dhammadownload.com



အဲဒါလို မြတ်စွာဘုရားက ပြဿနာလေးချက်ရဲ့ အဖြေဂါထာကို ဟောလိုက်တယ်။

အဲဒီလို မြတ်စွာဘုရားက ပြဿနာလေးချက်ရဲ့ အဖြေဂါထာကို ဟောလိုက်တဲ့ နေရာမှာ။ သဒ္ဓါတရားဖြင့် ဩဃလေးခန်း ရေပြင်ကြမ်းကို ကူးသန်းနိုင်တယ်ဆိုရင် သံသရာလည်းပဲ ပါပြီးသားဖြစ်ပေါ့ ဘာပြုလို့– အပ္ပမာဒနဲ့ အဏ္ဏဝသမုဒ္ဒရာကို ကူးတယ်လို့ တစ်မျိုးဖြေနေရတာတုန်း။ ဒီပြဿနာကိုက ရည်ရွယ်ချက်ရှိတယ်၊ ပဌမပြဿနာက သောတာပတ္တိမဂ်ကို ရည်ရွယ်မေးတာ၊ ဒုတိယပြဿနာက သကဒါဂါမိမဂ်ကို ရည်ရွယ် မေးတာ။ တတိယပြဿနာက အနာဂါမိမဂ်ကို ရည်ရွယ် မေးတာ၊ စတုတ္ထပြဿနာက အရဟတ္တမဂ်ကို ရည်ရွယ်မေးတာ၊ အဲဒီတော့ ဩဃလေးပါး– ကာမောဃ ဘဝေါဃ ဒိဋ္ဌောဃ အဝိဇ္ဇောဃ၊ သဒ္ဓါတရား ထက်သန်တဲ့ ပုဂ္ဂိုလ်မှ တရားအလုပ် အားထုတ်တော့ ဒိဋ္ဌောဃကို လွန်မြောက်ပြီးတော့ သောတာပန် ဖြစ်တယ်။ ဒါကြောင့် မြတ်စွာဘုရား က သဒ္ဓါယ တရတိ ဩဃံလို့ ဟောတာ အဲဒီလို ဒိဋ္ဌောဃ လွန်မြောက်လို့ သောတာပန် ဖြစ်သွားပြီဆိုရင် အဲဒီသောတာပန် ပုဂ္ဂိုလ်သည် အပ္ပမာဒ တရားလက်ကိုင်ထားပြီး တစ်ဖန် ပွားများလာတဲ့အခါကျတော့ သကဒါဂါမိမဂ်ဖိုလ်ကို ရောက်သွားတယ်။ သကဒါဂါမိမဂ်ဖိုလ်ကို ရောက်တော့ အို သောတာပန် ဘဝတုန်းက သံသရာ ကာမဘဝ၊ တစ်နည်း။ သတ္တက္ခတ္တုပရမဆိုရင် ခုနစ်ဘဝ သံသရာရေပြင်ကျယ် ရှိတယ်၊ သကဒါဂါမိ ကျတော့ တစ်ဘဝတည်းပဲ ကျန်တော့တယ်။ ဒီလူ့ပြည်ကို တစ်ကြိမ်သာ လာနိုင်တော့တယ်။ အဲဒါကြောင့် အပ္ပမာဒေနအဏ္ဏဝံဖြင့် ဘုရားကိုယ်တော်မြတ်ဟာ သကဒါဂါမဂ်ဖိုလ်ကို ဟောတာ–

သကဒါဂါမိ အရိယဖြစ်လာပြီဆိုမှဖြင့် ကာယိကစေတသိက

http:\\www.dhammadownload.com



ဝီရိ နှစ်ပါးနဲ့ ကြိုးစားတော့ ကာမောဃလို့ခေါ်တဲ့ ဒုက္ခရဲ့အကြောင်းကို လွှတ်မြောက်ပြီး အနာဂါမိမဂ်သို့ရောက်တယ်။ ဒါကို ဝီရိယေန ဒုက္ခ+မစ္စေတိလို့ ဟောတယ်။

အဲဒီ အနာဂါမိမဂ်ဖိုလ် ရောက်ပြီးပြီဆိုတော့ အနာဂါမ် အရိယာပုဂ္ဂိုလ်သည် တစ်ဖန်ထပ်ပြီးတော့ ဝိပဿနာပညာတရား ပွားများလို့ ရှိယင် အဝိဇ္ဇာပြုတ်၍ ကိလေသာခပ်သိမ်း အကုန်လုံး စင်ကြယ်တယ်တဲ့၊ အဲဒါကြောင့် ဒီအဖြေဂါထာက အရိယမဂ်လေးပါးကို ဦးတည်ပြီးတော့ ဖြေထားတဲ့ ဂါထာဖြစ်ပါတယ်။ အဲဒီလို အရိယာမဂ်လေးပါးမယ် နောက်ဆုံး အရဟတ္တမဂ် အရဟတ္တဖိုလ် အထွတ်တပ်ပြီးတော့ ဖြေတဲ့ဂါထာ ဖြစ်ပါတယ်။ အဲဒီ ဂါထာအဖြေ လည်းဆုံးရော–

ဣမာယစ အရဟတ္တ နိကုဋေန ကထိတာယ ဂါထာယ

ပရိယောသာနေ ယက္ခော သောတာပတ္တိဖလေ ပတိဋ္ဌာသိ။

အရဟတ္တနိကုဋေန=အရဟတ္တဖိုလ် အထွတ်တပ်သဖြင့်။ ကထိတာယ=ဟောဆိုအပ်သော။ ဣမာယ ဂါထာယ= ဤဂါထာ၏။ ပရိယောသာနေ=အဆုံး၌။ ယက္ခော=အာဠဝကဘီလူးသည်၊ သောတာပတ္တိဖလေ=သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌာသိ=တည်လေပြီလို့ –

မြတ်စွာဘုရားက– သဒ္ဓါယ တရတိ ဩဃံဆိုတဲ့ ဟောဒီပိုဒ်မှာ သောတာပတ္တိမဂ်ဖိုလ်သို့ရောက်အောင် သဒ္ဓါတရား အရင်းခံပြီး ကျင့်ကြံ ပုံတွေကိုလည်း ဟောပြတယ်။ ပြီးတော့မှ အပ္ပမာဒေန အဏ္ဏဝံကျတော့ ပမာဒတရား အရင်းခံပြီးတော့ သကဒါဂါမိမဂ် ဖိုလ်ရောက်အောင် ဟောဒီလို ကျင့်ရတယ် ဒါလည်းပြောပြတယ်။ ဝီရိယေန ဒုက္ခ+မစ္စေတိ။ တတိယပိုဒ် အဓိပ္ပာယ် ပကိဏ္ဏကဒေသနာ ပြောပြတဲ့ ဟောပြတဲ့အခါကျတော့ ဝီရိယ အရင်းခံပြီးတော့ အနာဂါမိ

http:\\www.dhammadownload.com



မဂ်ဖိုလ်ရောက်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်ပုံတွေ အကုန်ဟောပြတယ်။ ပညာယ ပရိသုဒ္ဓတိစတုတ္ထပိုဒ်ပညာကို အရင်းခံပြီးတော့ အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက်အောင် ကျင့်ပုံတွေ မြတ်စွာဘုရား အကုန်ဟောပြတယ်။ မြတ်စွာဘုရား ဟောလိုက်တာကတော့ အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက်အောင် ပဋိပတ်တွေ ကုန်အောင်ဟောတာ၊ ဒါပေမယ့်လို့ အာဠဝကရဲ့ဉာဏ် အာဠဝကရဲ့ ပါရမီကသောတာပတ္တိမဂ်ဉာဏ်လောက် ခံတွင်းက ရှိတာတဲ့၊ အေး မြတ်စွာဘုရားက ကိုယ်တော်ရဲ့ ဉာဏ်အားနဲ့ အလွန်ကြီးစွာသော ဓမ္မထမင်းလုတ်ကြီးကို အာဠဝက ဉာဏ်ပညာတည်းဟူသော ခံတွင်းထဲ ခွံ့လိုက်တာ လေးပုံတစ်ပုံပဲ ဝင်တယ်။ သောတာပန်ပဲဖြစ်တယ်။ အဲသောတာပန်လည်း ဖြစ်ပြီးရော အာဠဝကက ကိုယ်ပိုင်ဉာဏ်တွေတက်လာတယ်။

> ကထံ သု လဘတေ ပညံ၊ ကထံ သု ဝိန္ဒတေ ဓနံ။
> ကထံ သု ကိတ္တိံ ပပ္ပောတိ၊ ကထံ သု မိတ္တာနိ ဂန္ထတိ။
> အသ္မာ လောကာ ပရံလောကံ၊ ကထံ ပေစ္စ န သောစတိ။

ဒါ သူ သောတာပန်ဖြစ်ပြီးမှ အရိယာဉာဏ် ပေါ်ပြီးတော့ မေးတာ။

ဘဂဝါ=ဘုန်းတော်နေဝန်း ထွန်းပတော်မူသော မြတ်စွာဘုရား။

ပညာရနိုင်တဲ့ အကျင့်ပဋိပတ် ဟုတ်လား၊ ဘယ်တရားလဲ။ ပညာရကြောင်း တရားမေးတယ်။

ကထံ သု=ဘယ်ပုံ ဘယ်ပန်း ဘယ်နည်းလမ်းဖြင့် ဘယ်သို့သော အကျင့်ဖြင့်။ ဓနံ=ဥစ္စာကို။ ဝိန္ဒတေ=ရနိုင်ပါသနည်း ဘုရား။

လောကဓမ္မ သူတော်ကောင်းဥစ္စာ လောကီရတနာဥစ္စာကို ဘယ်လိုအကျင့်မျိုးနဲ့ ရနိုင်သလဲ။

http:\\www.dhammadownload.com



ကထံ သု=ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းဖြင့်။ ကိတ္တိံ= ကျော်ဇောခြင်းသို့။ ပပ္ပောတိ=ရောက်သနည်း။

ကထံ=ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းဖြင့်။ မိတ္တာနိ= အဆွေခင်ပွန်းတို့ကို။ ဂန္ထတိ=ပြုနိုင်သနည်း။ ဖွဲ့နိုင်သနည်း။

အသ္မာ လောကာ=ပစ္စုပ္ပန်လောကမှ။ ပရံ လောကံ=တမလွန် လောကသို့။ ပေစ္စ=ပြောင်းရွှေ့၍သွားရသည်ရှိသော်။ ကထံ=အဘယ် သို့လျှင်။ နသောစတိ=မစိုးရိမ် မပူဆွေးရသနည်း။ ဒီပစ္စုပ္ပန်မှာ တမလွန် ပြောင်းသွားရင် ဘယ်တရားများပါမှ မစိုးရိမ် မပူဆွေးရ သလဲ။ ပြဿနာ ငါးချက် မေးတယ်။

မေး။ ။ပညာကို ရစေနိုင်တဲ့ တရား ဘယ်တရားလဲ။

ဥစ္စာကို ရစေနိုင်တဲ့ တရား ဘယ်တရားလဲ။

ကျေးရှူးသတင်း ကျော်ဇောခြင်းကို ရစေနိုင်တဲ့ တရား ဘယ်တရားလဲ။

အဆွေခင်ပွန်းကို ရစေနိုင်တဲ့ တရား ဘယ်တရားလဲ။

တမလွန်လောက၌ မစိုးရိမ် မပူဆွေးရတဲ့ တရား ဘယ်တရား လဲ။ မြတ်စွာဘုရားကို ပြဿနာ ငါးချက်မေးတယ်။ ဘုရားက အစဉ်တိုင်း ဖြေတယ်။

သဒ္ဒဟာနော အရဟတံ၊ ဓမ္မံ နိဗ္ဗာန ပတ္တိယာ။

သုဿူသံ လဘတေ ပညံ၊ အပ္ပမတ္တော ဝိစက္ခဏော။

ဒါ- တစ်။ ပညာရဖို့ရန် အကြောင်းကို ပြောပြတယ်။

အာဠဝက=ဒါယကာ အာဠဝက။ (ပညာရကြောင်းတရား လေ) အရဟတံ=ပူဇော်အထူးကို ခံတော်မူထိုက်ကြတဲ့ ဘုရား၊ ပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့၏။ ဓမ္မံ=ပုဗ္ဗဘာဝ အကျင့်ပဋိပတ် ရှေးရှေးက ကျင့်သုံးကြတဲ့ ပုဗ္ဗစရိယ ယခုနောက်ဆုံး ဘဝမှာ ကျင့်သုံး

http:\\www.dhammadownload.com



ကြတဲ့ ဗောဓိပက္ခိယဓမ္မကို။ သဒ္ဓဟာနော=ယုံကြည်သည်ဖြစ်၍။

အေး- အာဠဝက၊ ပညာလိုချင်ရင် ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာ သူတော်မြတ်တို့ရဲ့ ပုဗ္ဗစရိယတရားတွေ ရှေးက ကျင့်စဉ်တွေ ယခု နောက်ဆုံးဘဝမှာ ကျင့်တဲ့ ဗောဓိ ပက္ခိယတရားတွေ အဲဒီတရားတွေကို ယုံကြည်ရတယ်။ ယုံကြည်တဲ့အခါ သဒ္ဓါတရား ရှိရတယ်။ အဲဒီသဒ္ဓါတရား မရှိရင် ပညာကို မရနိုင်ဘူးနော်။ ဒီဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာ သူတော်မြတ်တို့ရဲ့ အတိတ်ကျင့်တဲ့ ကျင့်စဉ် အခုပစ္စုပ္ပန်ဘဝမှာ ကျင့်စဉ် ဗောဓိပက္ခိယ=သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်တွေကို ကျင့်တယ်။ အဲဒီတရားတွေကို ယုံကြည်ရတယ် ယုံကြည်ချက် ဒါ- တစ်။

သဒ္ဓဟာနော= ယုံကြည်သည်ဖြစ်၍။ (ယုံကြည်ရုံနဲ့ကော ပညာရသလား မရသေးဘူး။) သုဿူသံ=ဆရာတို့ထံ ရိုသေစွာ နာခံသော။ (ဆရာကောင်း သမားကောင်းထံမှာ ရိုရိုသေသေလည်း နာယူရတယ်) အပ္ပမတ္တော=အပ္ပမာဒတရား လက်ကိုင်ထားသော။ ဝိစက္ခဏော =စူးစမ်းဆင်ခြင်လေ့ရှိတဲ့ သူသည်။ ပညံ=ပညာကို။ လဘတေ=ရနိုင်၏။

၁၊ သဒ္ဓါ။ ၂၊ သုဿူသာ။ ၃၊ အပ္ပမာဒ။ ၄၊ ဝိစက္ခဏလို့ ပညာရကြောင်း တရားလေးပါး။

အရိယာ သူတော်ကောင်း တရားတို့ရဲ့ တရားကို ယုံကြည်ရတယ်။ ယုံကြည်တဲ့ သဒ္ဓါ။ အဲဒီလို ယုံကြည်တဲ့ အတိုင်းလည်းပဲ ဆရာကောင်းတို့ထံ နာခံခြင်း-သုဿူသာ။ အဲဒီ သုဿူသာအရ နာထားတဲ့ ဥစ္စာ မေ့မေ့ပျောက်ပျောက် မလုပ်နဲ့တဲ့။ မမေ့မလျော့ခြင်း အပ္ပမာဒ။ ဝိစက္ခဏာ ဆင်ခြင်စဉ်းစားခြင်း၊ အဲဒီတရားလေးပါး ရှိလို့ရှိရင်လည်း ဉာဏ်ပညာကို ရပါရောတဲ့။ လောကီလောကုတ္တရာ ပညာနှစ်မျိုး စလုံးပဲ ရတယ်။ တစ်-ပုစ္ဆာဖြေပြီးပြီ။

http:\\www.dhammadownload.com



နှစ်က ဘယ်တရားဖြင့် ဥစ္စာကို ရနိုင်သလဲ။
ပတိရူပကာရီ ဓု ရဝါ၊ ဥဋ္ဌာတာ ဝိန္ဒတေ ဓနံ။
သစ္စေန ကိတ္တိံ ပပ္ပေါတိ၊ ဒဒံ မိတ္တာနိ ဂန္ထတိ။
(အသ္မာလောကာ ပရံလောကံ၊ ဧဝံ ပေစ္စ န သောစတိ။)

အာဝုသော=ဒါယကာအာဠဝက၊ နှစ်–ပုစ္ဆာ ဖြေတော့မယ်တဲ့။ ပတိရူပကာရီ=သင့်လျော်သောအမှုကို ပြုလေ့ရှိသော။ ဓုရဝါ= စေတသိက လုံ့လဝီရိယနှင့်လည်း ပြည့်စုံသော။ဥဋ္ဌာတာ=ကာယိက ဝီရိယနှင့်လည်း ပြည့်စုံသောသူသည်။ ဓနံ=ဥစ္စာကို။ ဝိန္ဒတေ=ရ၏။

ဥစ္စာရချင်သလား၊ ရချင်တယ်။ ရချင်ရင် ၁၊ ပတိရူပကာရီ တဲ့။ သင့်လျော်လျောက်ပတ်သော အမှုကိုပြုပါ။ တရားဥပဒေဘောင် အတွင်းက အမှုမျိုးပြု၊ တရားဥပဒေဘောင် ပြင်ဘက်က အမှုမျိုး ပြုလို့ရှိရင် အဲ့.. ဥစ္စာ မရဘဲနဲ့ ဒုက္ခပွားတတ်တယ်၊ အဲဒီတော့ ဒီအလုပ် သည် တကယ်သင့်လျော် လျောက်ပတ်သောအလုပ်၊ တရားမျက်စိနဲ့ ကြည့်၊ ဟုတ်ရင် အဲဒီ အလုပ်မျိုး ပြုလုပ်ပါ။ အဲဒီ ပြုလုပ်တဲ့နေရာ စေတသိကဝီရိယ၊ ကာယိကဝီရိယ။ ကာယိက ဝီရိယကို ဥဋ္ဌာနသမ္ပဒါ လို့ ခေါ်တယ်၊ စေတသိကဝီရိယကို ဓုရခေါ်ပါတယ်။ အဲဒီလို ကာယိက၊ စေတသိက နှစ်ပါးရှိပြီးတော့ အပြစ်မရှိ သင့်လျော်လျောက် ပတ်တဲ့ အလုပ်ကိုလုပ်ရင် ဥစ္စာရတယ်။

သစ္စေန=ဝစီမင်္ဂလာသစ္စာစကားဖြင့်။ သစ္စေန=ပရမတ္ထသစ္စာ ဝိရတိသစ္စာနှင့်တကွ ဝစီမင်္ဂလာသစ္စာစကားဖြင့်။ ကိတ္တိံ=ကျော်စော ခြင်းသို့။ ပပ္ပောတိ=ရောက်နိုင်၏။

ကောင်းသောသတင်း ကျော်စောခြင်း ဖြစ်ချင်ရင်တဲ့ ပြောတဲ့ စကား မှန်ပါစေ၊ ဒါ ဝစီသစ္စာခေါ်တယ်၊ အဲဒီလို ပြောတဲ့စကား မှန်အောင်ကလည်းပဲ မုသာဝါဒဝိရတီဆိုတဲ့ သမ္မာဝါစာဝိရတီ ရှိရမယ်။

http:\\www.dhammadownload.com



အဲ.. မှသာဝါဒ ဝိရတိဆိုတဲ့ ဝိရတိသစ္စာ အခြေခံပြီးတော့ မှန်ကန်တဲ့ စကားပြောကြားရင် အဲဒီပုဂ္ဂိုလ်သည် ကျေးဇူးသတင်း ကျော်စောခြင်းသို့ ရောက်ကရော။ ပြီးတော့ အေး လိုရင်းတော့ ကောင်းသောသတင်း ကျော်စောခြင်း ရဖို့ရန်က သစ္စာပဲ။

စတုတ္ထအမေးရဲ့ အဖြေကျတော့ ဒဒံ မိတ္တာနိ ဂန္ထတိ။ ဒဒံ= ဒဒန္တော=စွန့်ကြဲပေးကမ်း လှူဒါန်းတဲ့သူသည်။ မိတ္တာနိ=အဆွေခင်ပွန်းတို့ကို။ ဂန္ထတိ=ဖွဲ့နိုင်၏။ ဝါ–ပြုနိုင်၏။

မိတ်ဆွေဖြစ်အောင် ပြုချင်ရင် ပေးကမ်းတဲ့၊ စွန့်ကြဲပေးကမ်းတဲ့ စာဂ စွန့်ကြဲပေးကမ်းတဲ့ ဒါနသည် မိတ်ဖြစ်အောင် ပြုလုပ်တဲ့ မိတ္တကာရ တရားတဲ့။

အသ္မာလောကာ=ပစ္စုပ္ပန် ဤလောကမှ။ ပရံလောကံ= တမလွန်လောကသို့။ ပေစ္စ=သွားရောက်ရသည်ရှိသော်။ ဧဝံ=ဤဆိုခဲ့ပြီးသောနည်းဖြင့်။ န သောစတိ=မစိုးရိမ်ရပါ။

ဒီတရားလေးပါးသာ ကိုယ်က လက်ကိုင်ရှိနေရင် ဒီပစ္စုပ္ပန်ဘဝက ဟိုဘဝ ပြန်သွားလည်းပဲ ဘာမှ စိုးရိမ်ပူဆွေးစရာ မရှိဘူးတဲ့။ ကိုင်း ... ပေါ်သထက်ပေါ်အောင် ထပ်ဟောဦးမယ်ဆိုပြီးတော့–

ယဿေတေ စတုရော ဓမ္မာ၊ သဒ္ဓဿ ဃရ+မေသိနော။
သစ္စံ ဓမ္မော ဓိတိ စာဂေါ၊ သ ဝေ ပေစ္စ န သောစတိ။

အာဝုသော=ဒါယကာ အာဠဝက။ သဒ္ဓဿ=သဒ္ဓါတရားနှင့် ပြည့်စုံ သော။ ဃရ= မေသိနော=အိမ်၏ အစီးအပွားရှာမှီးလေ့ရှိသော။ ယဿ=အမှတ်မထင် အကြင်သူအား။ သစ္စံ=ဝစီမဂ်လာသစ္စာစကားလည်းကောင်း။

ခုနက ကိတ္တိ၊ ဒီ ကျော်စောသတင်းရဲ့အကြောင်း ဝစီသစ္စာရ၏။ ဓမ္မော=သုဿုတာ အမည်နဲ့ ဝိစက္ခဏာအမည်နဲ့ ဟောကြားခဲ့တဲ့

http:\\www.dhammadownload.com



အသိ ဉာဏ်ပညာ သုတမယပညာ ဝိစက္ခဏာ ဉာဏ်ပညာ လည်းကောင်း။

ဓိတိ=ဓုရ၊ ဥဋ္ဌာနအမည်ဖြင့် ဟောခဲ့တဲ့ ဝိရိယလည်းကောင်း။ စာဂေါ=ဒါနအမည်ဖြင့် ဟောခဲ့တဲ့ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း လည်းကောင်း။

သဒ္ဓါ ပညာ ဝိရိယ စာဂတရားလေးပါး။ ဧတေ စတုရော ဓမ္မာ ဤတရားလေးပါးတို့သည်။ သန္တိ=ရှိကုန်၏။ သ–သော။ ထို တရားလေးမျိုး ရှိတဲ့သူသည်။ ဝေ=စင်စစ်။ ပေစ္စ=တမလွန်လောက ဘဝသို့ သွားရောက် ရသည်ရှိသော်။ န သောစတိ=မစိုးရိမ် မပူဆွေး ရပါပေ။

ကိုယ်က သဒ္ဓါသာ ရှိပါစေ၊ ပညာသာ ရှိပါစေ၊ ဝိရိယသာ ရှိပါစေ၊ စာဂဆိုတဲ့ စွန့်ကြဲပေးကမ်းတဲ့ ဒါနစေတနာတွေ အောင် အောင်မြင်မြင် ရှိပါစေတဲ့၊ ဒီတရားလေးချက်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်သည်၊ တမလွန်လောက ဟိုဘဝသွားရေးကို ဘာမှ စိုးရိမ် ပူဆွေးစရာ မရှိဘူး။ ဒုက္ခမရောက်ဘူး။ ဘာမှ ပူစရာမရှိဘူး။ ဒီတရား လေးပါး ကိုယ့်မှာ မရှိရင်ဖြင့် တမလွန်လောက ဘဝခရီးသွားရေး ပူဆွေးမယ် သာ ကြံရော့၊ မသက်သာဘူး။

ဣဃ် အညေပိ ပုစ္ဆဿု၊ ပုထူ သမဏဗြာဟ္မဏေ။ ယဒိ သစ္စာ ဒမာ စာဂါ၊ ခန္တျာဘိယျော’ဓ ဝိဇ္ဇတိ။

အာဠဝသော=ဒါယကာ အာဠဝကဘီလူး။ သစ္စာ=ပြောခဲ့တဲ့ အတိုင်း သစ္စာတရားမှ လည်းကောင်း။ ဒမာ=ဣန္ဒြိယဒမလို့ခေါ်တဲ့ ပညာတရားမှ လည်းကောင်း။ စာဂါ=စွန့်ကြဲပေးကမ်း လှူဒါန်းတဲ့ စာဂတရားမှ လည်းကောင်း။ ခန္တျာ=သည်းခံနိုင်တဲ့ ဝီရိယမှ လည်း ကောင်း။ ဘိယျော=ဤ တရားလေးပါးမှ ပိုလွန်၍။ ဣဓ=ဤလောက

http:\\www.dhammadownload.com



၌။ ယဒိ–ဝိဇ္ဇတိ=အကယ်၍ တမလွန်ဘဝမှာ မစိုးရိမ်ရမယ့် တရားများ ရှိသေးသပဆိုင်။ ဣဃ်=ငါတိုက်တွန်း၏။ အညေပိ=ငါဘုရားမှ တစ်ပါးလည်း ဖြစ်ကုန်သော။ ပုထူ=များလှကုန်သော။ သမဏ ဗြာဟ္မဏေ=သမဏဗြာဟ္မဏ အမည်ခံ ပုဂ္ဂိုလ်တို့ကို။ ပုစ္ဆသု=သင် သွားရောက် မေးမြန်းလျှောက်လေလော့။

အာဠဝက၊ သင့်ကို ငါတိုက်တွန်းတယ်၊ အခု ငါဘုရားပြောတဲ့ သစ္စာ၊ ပညာ၊ ဝိရိယ၊ စာဂ ဒီတရားလေးပါးထက် ပိုပြီးတော့ တမလွန် လောကမှာ ငြိမ်းအေးကြောင်းတရား ရှိသေးတယ်လို့များ ထင်ရင် အေး ... ငါဘုရားမှတစ်ပါး အခြားအခြားသော သမဏဗြာဟ္မဏ အမည်ခံ ပေါပါတယ်ကွာတဲ့။ ပူရဏကဿပ(မင်းတို့ လောကက) မက္ခလိဂေါသာလ–အဲဒီလို လူကြီးတွေ လျှောက်မေးစမ်း၊ ဒီလေးပါး ထက် ပိုပြီးတော့များ ဘယ်သူ ဟောနိုင်မလဲ၊ ဒီ လေးပါးထက် ပိုပြီး တော့ ရှိကိုမရှိဘူး။ ဒီတော့ အာဠဝက သောတာပန် ဖြစ်နေပြီ။ ဘုရား၌ မတုန်မလှုပ် သက်ဝင် ယုံကြည်နေပြီ။ မပျက်စီးတဲ့ သဒ္ဓါ တရားနဲ့ ရှိတော့ –

ကထံ နု ဒါနိ ပုစ္ဆေယျံ၊ ပုထူ သမဏဗြာဟ္မဏေ။

ယော+ဟံ အဇ္ဇ ပဇာနာမိ၊ ယော အတ္ထော သမ္ပရာယိကော။

ဘန္တေ=ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ယော=အဟံ အကြင်တပည့်တော်သည်။ အဇ္ဇ=ယခုအခါ၌။ ယော အတ္ထော=အကြင် အကြောင်းတရားသည်။ သမ္ပရာယိ ကော=တမလွန်ဘဝ၌ စိတ်အေး ရခြင်း အကျိုးရှိ၏။ သော အတ္ထော=ထိုတမလွန်ဘဝ စိတ်အေးရမဲ့ သစ္စာရယ် ပညာရယ် ဝိရိယရယ် စာဂရယ် ဆိုတဲ့ အကြောင်းတရား လေးပါးကို။ ပဇာနာမိ=ခွဲခွဲခြမ်းခြမ်း တပည့်တော် သိခဲ့ပါပြီ။

တပည့်တော်ဘုရား တဲ့၊ စိတ်အေးရမယ့် တရားကို အရှင်

http:\\www.dhammadownload.com



ဘုရား ဟောကြားခဲ့တဲ့အတိုင်း လေးပါးကို ပိုင်းပိုင်းခြားခြား သိထား ပါတယ်။

တသ္မာ=သို့ရကား။ ဒါနိ-ဣဒါနိ=ယခုအခါ၌။ အညော= ရှင်တော်ဘုရားမှ တစ်ပါးကုန်သော။ ပုထူ=များလှကုန်သော။ သမဏ ဗြာဟ္မဏေ=သမဏဗြာဟ္မဏ အမည်ခံ ပုဂ္ဂိုလ်တို့ကို။ ကထံ နု ပုစ္ဆေယျံ =အဘယ်ကြောင့် မေးတော့အံ့နည်း ဘုရား။ န ပုစ္ဆေယျံဧဝ=မမေး တော့အံ့သည်သာ ဘုရား။

တပဿုတော် ကောင်းကောင်းသိပါပြီတဲ့၊ သောတာပတ္တိမဂ် ဉာဏ်ရောက်ပေါ့၊ တမလွန်ဘဝမှာ ငြိမ်းအေးရမယ့် တရားလေးပါး ကျေကျေနပ်နပ်ကြီး သိပြီးသူဖြစ်ရကား အခြားအခြားသော သမဏ ဗြာဟ္မဏအမည်ခံ ပုဂ္ဂိုလ်တွေကို ဘယ်လိုနည်းနဲ့ တပဿုတော် မေးရမှာလဲ၊ ဘယ်လိုနည်းနဲ့မှ မမေးဘူး။ မေးဆိုတာ မသိမှ မေးရ တာ။ အခုတော့ ရှင်တော်ဘုရား ဟောကြားလို့ အရိယာတို့ အသိဖြင့် သိပြီးဖြစ်လို့ မမေးဘူး ဘုရား တဲ့။

ပြီးတော့မှ ဘုရားကြွလာခြင်းကို ချီးမွမ်းချင်လို့-

အတ္ထာယ ဝတ မေ ဗုဒ္ဓေါ၊ ဝါသာယာ+ဌဝိ+မာဂမာ။

ယော+ဟံ အဇ္ဇ ပဇာနာမိ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။

ယော အဟံ=အကြင်ငါသည်။ အဇ္ဇ=ယနေ့။ ယတ္ထ=အကြင် ဘုရား တရား သံဃာ ရတနာသုံးပါး၌။ ဒိန္နံ=ပေးလှူအပ်တဲ့ အလှူ ဒါနသည်။ မဟပ္ဖလံ=လူ့ရပ်နတ်ဌာန် နိဗ္ဗာန်တိုင်ထိ သမ္ပတ္တိဖွံ့ဖြိုး များ မြတ်သော အကျိုးရှိ၏။ တံ=ထို ဘုရား တရား သံဃာ ရတနာသုံးပါး ကို။ ပဇာနာမိ=ပိုင်းပိုင်းခြားခြား သိမြင်ခဲ့လေပြီ။

အေး.. အလှူဒါနပြုရင် အကျိုးကြီးမြတ်မယ့် ဘုရား တရား သံဃာဆိုတဲ့ ရတနာသုံးပါးကို ပိုင်းပိုင်းခြားခြား သိခဲ့ရပြီ။ ဘယ်သူ့

http:\\www.dhammadownload.com



ကျေးဇူးလဲ၊ ဘုရားရဲ့ကျေးဇူး။

တဿ မေ=ထိုအကျွန်ုပ်၏။ အတ္ထာယ=အလို့ငှာ။ ဗုဒ္ဓေါ=မြတ်စွာဘုရားသည်။ အာဠဝိံ=အာဠဝီပြည်အရပ်သို့။ ဝါသာယ=သီတင်းသုံးဖို့ရန်။ အာဂမာ=ကြွလာခဲ့လေပြီတကား။

ဘုရား အာဠဝီပြည် ကြွလာတာဟာ ကျွန်ုပ်ရဲ့အကျိုးငှာ ကြွလာတာတဲ့။

သောဟံ ဝိစရိဿာမိ၊ ဂါမာ ဂါမံ ပုရာ ပုရံ။

နမဿမာနော သမ္ဗုဒ္ဓံ၊ ဓမ္မဿ စ သုဓမ္မတံ။

ဘန္တေ=ရှင်ပင်မြတ်ဘုရား။ သော အဟံ=အာဠဝကတွင်ခေါ်ထိုတပည့်တော်သည်။ ဣတော=ဤနေ့မှစ၍။ သမ္ဗုဒ္ဓံ=မြတ်စွာဘုရားကို လည်းကောင်း။ ဓမ္မဿ=တရားတော်၏။ သုဓမ္မတံ=ကောင်းသောတရား၏အဖြစ်ကို လည်းကောင်း။ သံဃဿ=သံဃာတော်၏။ သုပ္ပဋိပန္နတဉ္စ=သုပဋိပန္နတာ ကျေးဇူးဂုဏ်ကို လည်းကောင်း။ နမဿာ မာနော=ရှိသေမြတ်နိုး ရှိခိုးလျက်။

ဘုရားတရားသံဃာ ရတနာသုံးပါးကို ရိုသေမြတ်နိုးရှိခိုးပြီးတော့

သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါ၊

သွာက္ခာတော ဝတ ဘဂဝတာ ဓမ္မော၊

သုပ္ပဋိပန္နော ဝတ ဘဂဝတော သာဝကသံဃော။

ဘဂဝါ=ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားသည်။ သမ္မာ သမ္ဗုဒ္ဓေါဝတ=သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် **ကေန်စင်စစ်** ဖြစ်တော်မူပါပေစွ။

ဘဂဝတာ=မြတ်စွာဘုရားသည်။ ဓမ္မော=တရားကို။ သွာက္ခာတောဝတ=အစ အလယ် အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ဟောကြားအပ်ပါပေစွ။

http:\\www.dhammadownload.com



ဘဂဝတော သာဝကသံဃော=မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည်။ သုပ္ပဋိပန္နောဝတ=အပြစ်ခပ်သိမ်းကင်းလွတ်ငြိမ်းတဲ့ အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးရပ်ပဋိပတ်ကို ကောင်းစွာကျင့်ကြံ ကြိုးကုတ် အားထုတ်တော်မူပါပေစွာလို့ အဓိသိက္ခာ=ဘုရား ဂုဏ် တရားဂုဏ် သံဃာဂုဏ်ကို ချီးမွမ်းစကားပြောကြားပြီးတော့။

ဂါမာ=နတ်ရွာတစ်ရွာမှ။ ဂါမံ=နတ်ရွာတစ်ရွာသို့လည်းကောင်း။ ပုရာ=နတ်ပြည်တစ်ပြည်မှ။ ပုရံ=နတ်ပြည်တစ်ပြည်သို့လည်းကောင်း။ ဝိစရိဿာမိ=မွေ့လျော်သက နတ်သားတစ်ယောက် အနေအားဖြင့် တပည့်တော် လှည့်လည်ကျက်စား သွားလာပါတော့မယ်ဘုရား။

ဒီကနောက်တော့ တပည့်တော် ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တွေ ချီးမွမ်းပြီးတော့ နတ်ရွာတစ်ရွာမှ တစ်ရွာသို့၊ နတ်မြို့တစ်မြို့မှတစ်မြို့သို့ မွေ့လျော်သက နတ်သားအနေနဲ့ လှည့်လည်ကျက်စား သွားတော့မယ်ဘုရား တဲ့။ အာဠဝကဘီလူး လူရိုင်းကြီးအနေနဲ့ နတ်ရိုင်းကြီးအနေနဲ့ မသွားတော့ဘူး။ မွေ့လျော်သက နတ်သားအနေနဲ့ ယနေ့ကစပြီးတော့ လှည့်လည်ကျက်စား သွားတော့မယ်ဘုရားလို့ အဲဒီလို လျှောက်တဲ့။ တရားဒေသနာသံပေ့ါ။

တရားဂါထာတွေလည်း ဆုံးရော၊ အရုဏ်ကျင်း အလင်းလည်း ရောက်ရော။ အဲဒီ အလင်းရောက်လို့ သာဓု သာဓု သာဓုနဲ့ အာဠဝကရဲ့ ဗိမာန်ထဲက အာဠဝကဘီလူးနဲ့တကွ နတ်ဒေဝိတို့ ကောင်းချီးပေးတဲ့ အသံရော၊ ဟို မနက်မိုးသောက်လို့ အာဠဝက မင်းသားကလေးကို ဟောဒီ ညောင်ပင်ကြီး လာပို့တာရော အဲဒီ လေးချက်ဟာ တစ်ပြိုင်နက်တည်းပဲတဲ့။

ဟာ ... မင်းသားလေး လာပို့တဲ့ မင်းချင်းတွေက သာဓု

http:\\www.dhammadownload.com



ကောင်းချီးပေးတဲ့ အသံဟာ ဒီသအံမျိုးဟာ ဘုရားကိုယ်တော်မြတ်ကို ချန်ထား၍ အခြားပုဂ္ဂိုလ်တို့ရဲ့ ရောက်တဲ့ နေရာမှာ ဒီသာဓုကောင်းချီး သံမျိုး မဖြစ်ဘူး။

ဝေရုပေါ=ဤသို့သဘောရှိသော။ သာဓုကာရသဒ္ဒေါ=ကောင်း ချီးပေးတဲ့ အသံသည်။ ဗုဒ္ဓေ=သဗ္ဗညုဗုဒ္ဓအမည်ရတဲ့ လောကထွဋ်ထား မြတ်စွာဘုရားတို့ကို။ ဌပေတွာ=ထား၍။ အညေသံ=တစ်ပါး သော သူတို့၏အတွက်။ နအဗ္ဘုဂ္ဂစ္ဆတိ=မပျံ့တက်နိုင်။

ယခုလို ကျယ်လောင်သော ကောင်းချီးပေးတဲ့ အသံဟာ ဘုရားကလွဲရင် အခြားပုဂ္ဂိုလ် တရားဒေသနာနဲ့ မပေါ်ထွက်နိုင်ဘူး–

အာဂတော နု ခေါ ဘဂဝါ။ ဘဂဝါ=မြတ်စွာဘုရားသည်။ အာဂတောနုခေါ=ဤမိမာန် ဤဌာနသို့ ကြွလာလေရောသလားလို့။ တစ်ခါတည်း ညောင်ပင်အောက် သေသေချာချာ ကြည့်လိုက်တာနဲ့ ဘုရားရောင်ခြည်တော်လွှတ် တစ်ခါတည်း ဘုရားကိုယ်တော်မြတ်ကြီး ကို မားမားထင်ထင်မြင်ရတော့ ခါတိုင်းများဖြင့် ဘယ်.. ညောင်ပင် အောက် ဝင်ဝံ့မလဲ။ ပြင်ဘက်ကနေ ပေးရတယ်။ ဘာပြုလို့တုန်း၊ အဲဒီ ညောင်ပင်အောက် ရောက်လို့ရှိရင် အဲဒီလူ အစားခံရ၊ ကနေ့တော့ ဘုရား ရောက်နေတော့ မကြောက်ဘူး၊ ညောင်ပင်အောက်ကို အကုန်လုံး စုပြုံဝင်လာတယ်။ မင်းချင်းတွေ၊ အာဠဝိပြည်က မင်းချင်း တွေ ရဲလာတယ်၊ ဘုရားကြောင့်။ ဘာပြောလိုက်သလဲ။

အယံ တေ မဟာယက္ခ ရာဇကုမာရော (တုယှံ) ဗလိကမ္မာယ အာနီတော။

မဟာယက္ခ=အာဠဝကဘီလူးကြီး။ အယံ ရာဇကုမာရော= ဤအာဠဝကမင်းသားလေးကို။ တုယှံ=သင့်အား။ ဗလိကမ္မာယ=ဗလိ ပူဇော်မှုပြုရန် အလို့ငှာ။ အာနီတော=ဆောင်အပ်ခဲ့ပါပြီ။

http:\\www.dhammadownload.com



သိပြီလေ၊ စိတ်ချသွားပြီ။ ရဲပြောတယ်။ ဟန္ဒ နံ ခါဒ ဝါ ဘုဥ္ဇ ဝါ ယထာပစ္စယံ ဝါ ကရောဟိ။

ဟန္ဒ၊ ရော့ယူလော့။ နံ=ထိုအာဠဝကမင်းသားလေးကို။ ခါဒ ဝါ= ခဲလိုမှုလည်း ခဲလော့။ ဘုဥ္ဇ ဝါ=စားလိုမှုလည်း စားလော့။ ယထာပစ္စယံ= သင့်အကြောင်းအားလျော်စွာ။ ကရောဟိ=ပြုလော့။

သင်ပြုချင်သလိုပြု။ ရော့ စားချင်လည်းစား၊ ခဲချင်လည်းခဲ ဆိုပြီးတော့ ဒီမင်းသားလေးကို အာဠဝကဘီလူး လက်ထဲကို ထည့်ကြတယ်။ မြင်ရတယ်၊ ဘီလူးကြီးက ဘုရားကို လက်အုပ်ချီမိုး ရှိခိုးလို့၊ ဒီတော့ မကြောက်ဘူး။ နေ့တိုင်းလို မဟုတ်တော့ ရဲရဲကြီး ဝင်ပြီးတော့ ဒီစကားပြောတော့ ရှက်လိုက်တာတဲ့၊ အာဠဝကဘီလူး ကြီး။ သောတာပန်ဖြစ်တော့ ဘုရားရှေ့မှာလည်းပဲ သူ့လူသားစားကြီး အနေနဲ့ ထင်ရှားပြီး အပြောခံ ရှက်လာတယ်။ ရှက်ရှက်နဲ့ပဲ အဲဒီ မင်းချင်းတွေလက်ထဲက အာဠဝက မင်းသားကိုယူတယ်၊ သူ့လက်ထဲ ရောက်ပြီးတော့ –

အယံ ဘန္တေ ကုမာရော မယှံ ပေသိတော။

ဘန္တေ=ရှင်ပင်မြတ်ဘုရား။ အယံကုမာရော=ဤမင်းသား လေးကို။ မယှံ=တပည့်တော်အား။ ပေသိတော=ပို့သအပ်ပါသည် ဘုရား။

အာဠဝီပြည်က အာဠဝီမင်းကြီးက ပို့သအပ်တာပါ။

တ္ထမာ+ဟံ ဘဂတော ဒမ္မိ။ အဟံ=တပည့်တော်သည်။ တ္ထမံ=ဤအာဠဝက မင်းသားလေးကို။ ဘဂဝတော=မြတ်စွာဘုရား အား။ ဒမ္မိ=ပေးလှူပါ၏။ ကလေးလေးကို ကိုင်ပြီးတော့ ပြောနေတယ်။

လောကာနုကမ္ပကာ ဗုဒ္ဓါ။

ဗုဒ္ဓါ=မြတ်စွာဘုရားတို့သည်။ လောကာနုကမ္ပကာ=လောက

http:\\www.dhammadownload.com



ကို သနားစောင့်ရှောက်တော် မူတတ်ပါကုန်၏။

ပဋိဂ္ဂဏှာတု ဘန္တေ ဘဂဝါ ကုမာရံ ဒါရကံ ကုမာရဿ ဟိတတ္ထာယ သုခတ္ထာယ။

ဘန္တေ=ရှင်ပင်မြတ်ဘုရား။ ဘဂဝါ=ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ ကုမာရံ ဒါရကံ=ဤ အာဠဝကမင်းသားငယ်ကို။ ကုမာရဿ=ဤမင်းသား၏။ ဟိတတ္ထာယ=အစီးအပွား အကျိုးငှာလည်း ကောင်း။ သုခတ္ထာယ=ချမ်းသာသုခ အကျိုးငှာ လည်းကောင်း။ ပဋိဂ္ဂဏှာတု=ကရုဏာရှေးရှု ခံယူတော်မူဘုရား။ ဟောဒီ–

ကုမာရံ ကုမာရံ သတပုညလက္ခဏံ၊
သဗ္ဗင်္ဂုပေတံ ပရိပုဏ္ဏဗျဉ္ဇနံ။
ဥဒဂ္ဂစိတ္တော သုမနော ဒဒါမိ တေ၊
ပဋိဂ္ဂဟ လောကဟိတာယ စက္ခုမ။

အာဠဝကကြီး လျှောက်တဲ့ဂါထာ။ ခုနက ပြောတာက စကား ပြေ စုဏ္ဏိယ–လေးပိုဒ် ပြောပြီးတဲ့နောက် ဟောဒီဂါထာနဲ့ –

စက္ခုမ=စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ သတပုညလက္ခဏံ=အရာမကသော ကောင်းမှုကြောင့်ဖြစ်ပေါ်တဲ့ တင့်တယ်လျောက်ပတ်တဲ့ ကောင်းမှုရှိပေထသော။ သဗ္ဗင်္ဂုပေတံ= ခပ်သိမ်းသော အင်္ဂါကြီးငယ်တို့နှင့် ပြည့်စုံပေထသော။ ပရိပုဏ္ဏ ဗျဉ္ဇနံ= ပြည့်စုံသော အသေးအင်္ဂါအစိတ်အစိတ်လည်း ရှိပေထသော။ ကုမာရံ ကုမာရံ=ဤအာဠဝက မင်းသားကလေးကို (မင်းသားလေးဆိုတော့ ရုပ်ရည်လက္ခဏာ အင်မတန် ပြည့်စုံတယ်၊ အားလုံးသော ရာဇရုပ်အင်္ဂါ တွေနဲ့ ပြည့်စုံနေတဲ့ ဤမင်းသားလေးကို) ဥဒဂ္ဂစိတ္တော=တက်ကြွ သော စိတ်နှလုံးရှိသည်ဖြစ်၍။ သုမနော=နှစ်လိုအားရ ဝမ်းမြောက် သော စိတ်ရှိသည်ဖြစ်၍။ (ဥဒဂ္ဂစိတ္တဖြင့် ပီတိနဲ့ယှဉ်တဲ့စိတ် သုမနော

http:\\www.dhammadownload.com



ဖြင့် သုခဝေဒနာနဲ့ ယှဉ်တဲ့စိတ် နှစ်သက်ဝမ်းမြောက်စွာ။) တေ=ရှင်ပင် ဘုရားအား။ ဒဒါမိ=ပေးလှူပါ၏။ စက္ခုမာ=စက္ခုငါးပါးနှင့် ပြည့်စုံသော မြတ်စွာဘုရား။ လောက ဟိတာယ=လောက၏ အစီးအပွား ဖြစ်ပါစေခြင်းငှာ။ ပဋိဂ္ဂဟ=ကရုဏာရှေးရှု အလှူခံတော်မူပါဘုရား။

မြတ်စွာဘုရားကို လျှောက်တယ်။ သူက ဂါထာနဲ့လျှောက်ပြီး ဆက်ကပ်တော့ ဘုရားကလည်း ဟောဒီဂါထာနဲ့ပဲ ပြန်လာတယ်။

ဒီဃာယုကော ဟောတု အယံ ကုမာရော။

တုဝဋ္ဋ ယက္ခ သုခိတော ဘဝါဟိ။

အဗျာဓိတာ လောကဟိတာယ တိဋ္ဌထ။

မြတ်စွာဘုရားက အပြည့်ခံဂါထာ သုံးပိုဒ်ရွတ်။ အဲဒီတော့ အဲဒီဂါထာရဲ့ စတုတ္ထပိုဒ်ကို ပြည့်သောအနေနဲ့ အာဠဝကဘီလူးကြီးက ဒီကလေးကို စားဖို့နေနေသာသာ မိဘက သားကလေးကို

အယံ ကုမာရော သရဏ+မုပေတိ ဗုဒ္ဓံ။ ဟောဒီလို စတုတ္ထ ဂါထာပိုဒ်ကို အာဠဝကဘီလူးက အာဠဝကမင်းသားလေးရဲ့အတွက် သရဏဂုံခံသော စာပိုဒ်ထည့်ပေးတယ်။ ဟော-

ဒီဃာယုကော ဟောတု အယံကုမာရော။ ဒါက မြတ်စွာဘုရား စကား၊ အယံ ကုမာရော=ဤမင်းသားလေးသည်။ ဒီဃာယုကော=ရှည်သောအသက်ရှိသည်။ ဟောတု=ဖြစ်ပါစေသတည်း။ ယက္ခ=အာဠဝက နာမမည်ထူး ဒါယကာဘီလူး။ တုဝဋ္ဋ= အသင်ဘီလူးကလည်းပဲ။ သုခိတော=ကိုယ်စိတ်နှစ်ဖြာချမ်းသာသည်။ ဘဝါဟိ=ဖြစ်ပါစေသတည်း။ တုမှေ=သင်တို့နှစ်ဦးသားတို့သည်။ အဗျာဓိတာ=အနာကင်းစင်ကြကုန်လျက်။ လောက ဟိတာယ= လောက၏ အစီးအပွားအလို့ငှာ။ တိဋ္ဌထ=မားမားခိုင်ကျည် တည်ကြ ပါကုန်စေ။

http:\\www.dhammadownload.com



ဘုရားက ဆုတောင်းသုံးပိုဒ် စတုတ္ထအပိုဒ်ကျတော့ အာဠဝက ဘီလူးကြီးက –

အယံ ကုမာရော သရဏ+မုပေတိ ဗုဒ္ဓံ။

အယံကုမာရော=တပည့်တော်လက်ထဲက ရှိတဲ့ ဤအာဠဝက မင်းသားကလေးသည်။ ဗုဒ္ဓံ=မြတ်စွာဘုရားကို။ သရဏံ=ကိုးကွယ် လဲလျောင်း ပုန်းအောင်းရာဟူ၍။ ဥပေတိ=ဆည်းကပ်သိမှတ်ပါသည် ဘုရား။

ဗုဒ္ဓသရဏဂုံ ဒီ သူ့လက်ထဲကရှိတဲ့ အာဠဝကမင်းသားလေး အတွက် ကိုယ်စား သူကခံပေးတာ (တယ်.. သူတို့ ဒီကျတော့ ဆရာ တပည့် ဟုတ်လား၊ အချီအချကိုက် ဗုဒ္ဓသရဏဂုံ ခံပြီး) ဓမ္မသရဏဂုံ ခံနိုင်အောင် မြတ်စွာဘုရားက ဒုတိယတစ်ကြော့ ပြန်လာတယ်။

ဒီဃာယုကော ဟောတု အယံ ကုမာရော၊

တုဝဋ္ဋ ယက္ခ သုခိတော ဘဝါဟိ။

အဗျာဓိတာ လောကဟိတာယ တိဋ္ဌထ။

အာဠဝကဘီလူးကြီးက–

အယံ ကုမာရော သရဏ+မုပေတိ ဓမ္မံ။ ဖြည့်ပေးလိုက် တယ်။ ဒီ ဒုတိယအကြိမ်ကျတော့ မင်းသားလေးအတွက် သရဏဂုံ ခံပေးတယ်။ ရှေ့ပိုဒ်တွေက အတူတူ။

အယံ ကုမာရော=ဤတပည့်တော်လက်မှာရှိတဲ့ အာဠဝက မင်းသားလေးသည်။ ဓမ္မံ–မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန် ထင်ပေါ် တရားတော်ကို။ သရဏံ၊ ကိုးကွယ်လဲလျောင်း ပုန်းအောင်း ရာ ဟူ၍။ ဥပေတိ=ဆည်းကပ် သိမှတ်ပါသည်ဘုရား။ ကလေးအစား သူက ဓမ္မသရဏဂုံကို ခံပေးတယ်။ မြတ်စွာဘုရားက တစ်ကျော့ပြန် လာတယ်။ တတိယ သရဏဂုံ ဖြည့်နိုင်အောင်လို့။

http:\\www.dhammadownload.com



ဒီဃာယုကော ဟောတု အယံကုမာရော။
တုဝဋ္ဌ ယက္ခ သုခိတော ဘဝါဟိ။
အဗျာဓိတာ လောကဟိတာယ တိဋ္ဌထ။
ဘုရားက ရပ်လိုက်။ အာဠဝကဘီလူးကြီးက
အယံ ကုမာရော သရဏာမု+ပေတိ သံဃံ။
ဟောဒီလို စတုတ္ထပိုဒ်ကို ဘီလူးက ဖြည့်။

အယံ ကုမာရော=ဤအာဠဝက မင်းသားလေးသည်။ သံဃံ= အရိယာရှစ်ဖော် သံဃာတော်ကို။ သရဏံ=ကိုးကွယ်လဲလျောင်းရာ ဟူ၍။ ဥပေတိ=ဆည်းကပ် သိမှတ်ပါသည်ဘုရား။ ဆိုတော့–

ကလေး ဘာမှမသိခင်ကတည်းက သူက ကလေးရဲ့အတွက် သရဏာဂုံ ခံပေး။ ဒီလို ခံပေးလို့ သရဏာဂုံ ဒီကလေး တည်ပြီလား။ မတည်ဘူးတဲ့။ နို့ ဒါဖြင့်ရင် ဒီလို ခံပေးတာ အချည်းနှီးလား၊ အချည်းနှီး လည်း မဟုတ်ဘူး။ ဘယ်လိုအကျိုးရသလဲ။ အကြင်အခါ၌ ကလေးက ဘုရား၊ တရား၊ သံဃာ သိပြီးတော့လာတဲ့အခါ "မင်းလေး ဘာမှတ် သလဲ၊ မင်း ငယ်ငယ်ကလေး၊ မင်း ဘာမှန်း မသိခင်ကတည်းကိုက မင်းမိ မင်းဘ အေး.. မင်းရဲ့ အာဠဝကဘီလူးကြီးက မင်းအတွက်လေ ဘုရားက ရှေ့က ဂါထာသုံးပိုဒ် ရွတ်တော့ မင်း အာဠာဝကဘီလူးကြီး က မင်း အတွက်–

အယံ ကုမာရော သရဏာ+မုပေတိ ဗုဒ္ဓံ၊
အယံ ကုမာရော သရဏာ+မုပေတိ ဓမ္မံ၊

အယံ ကုမာရော သရဏာ+မုပေတိ သံဃံ လို့ မင်းအတွက် ဗုဒ္ဓသရဏာဂုံ၊ ဓမ္မသရဏာဂုံ၊ သံဃာသရဏာဂုံ ဆောက်တည်ခံယူထား တယ်။ အဲဒီတော့ မင်းနှယ်နှယ် မမှတ်နဲ့၊ သရဏာဂုံတည်တဲ့ ဥပါသကာ လေးတစ်ယောက်"။ အဲဒီလို ဆွေမျိုးများက ပြောလိုက်တဲ့ အချိန်

http:\\www.dhammadownload.com



ကျတော့ "ဟုတ်လား၊ ဟာ... ဒါဖြင့် ကျွန်တော် သရဏဂုံ တည်ပြီး သားပေါ့။ ဟုတ်တယ်။ အဲဒီအချိန်မှာ ဒီကလေးက သရဏဂုံ တည် သွားရော။ အဲ.. အခုတော့ ကလေး ဘာမှန်းမသိတဲ့အချိန် သရဏဂုံ တည်တယ်လို့ မဆိုရဘူး။ သို့သော် သူသိတဲ့အချိန်မှာ သရဏဂုံ တည်ပြီးသားဖြစ်အောင် ကြိုတင်၍ သရဏဂုံ ခံတယ်။ အဲဒီတော့မှ မြတ်စွာဘုရားလက်ထဲ။ အဲ ... ဘုရားကမှ –

ဣမံ ဝဍ္ဎေတွာ ပုန မမေဝ ဒေထ။

ဣမံ=ဤကလေးကို။ ဝဍ္ဎေတွာ=ကြီးအောင်မွေးပြီး သကာလ။ ပုန=တစ်ဖန်။ မမေဝ=ငါဘုရားအားသာလျှင်။ ဒေထ= ပေးကြကုန် ဆိုပြီးတော့ မင်းချင်းတွေထက်လဲ ဘုရားက အာဠဝက မင်းသားလေးထည့်။ ဒီတော့ ဒီအာဠဝကမင်းသားကလေးသည် မင်းချင်းတို့လက်မှ ဘီလူးလက်။ ဘီလူးလက်မှ ဘုရားလက်။ ဘုရား လက်မှ တစ်ဖန် မင်းချင်းတို့ လက်သို့ အဆင့်ဆင့်ကူးပြောင်း ရောက်ရှိ လို့ ဟတ္ထက။

ဟတ္ထတော ဟတ္ထံ ဂတ္တတ်တိ ဟတ္ထဂေါ ဆိုလိုလျက် ဂကိုက ပြုပြီးတော့။ ဟတ္ထတော=မင်းချင်းတို့လက်မှ။ ဟတ္ထံ=အာဠဝက ဘီလူးရဲ့လက်ထဲသို့။ ဟတ္ထတော=အာဠဝကဘီလူးလက်မှ။ ဟတ္ထံ= ဘုရားလက်သို့။ ဟတ္ထတော=ဘုရားသခင်လက်တော်မှ။ ဟတ္ထံ= တစ်ဖန် မင်းချင်းတို့ရဲ့လက်သို့။ ဂစ္ဆတိ=ရောက်တတ်၏။ ဣတိ= ထို့ကြောင့်။ သော=ထို မင်းသားသည်။ ဟတ္ထဂေါ=ဟတ္ထဂ မည်၏။

ခမည်းတော် မယ်တော်တို့ရဲ့ အနွယ်က ဆင်းသက်လာတဲ့ အာဠဝကဆိုတဲ့ အမည်ရယ်၊ ဟတ္ထကဆိုတဲ့ ဗျူပ္ပတ် အမည်ရယ် နှစ်မည် ခပ်ပြီးတော့ ဒီမင်းသားကလေးကို အဲဒီအချိန်ကစ၍ ဟတ္ထက အာဠဝက ဟတ္ထကအာဠဝကလို့ တွင်တယ်။ မင်းသားကလေး မွေ့ချိ

http:\\www.dhammadownload.com



ပြီးတော့ ဝမ်းမြောက်ဝမ်းသာ ထိုမင်းချင်းတွေရော လူတွေ အုန်းအုန်း အုန်းအုန်းနဲ့ ပြန်သွားတော့ လယ်သမားတွေက ယာတောထဲကို ယာထွန်တဲ့ လူတွေက -

ဘော=အိုအချင်းတို့။ ကိံ=ဘယ်နှယ်လဲ။ ကုမာရံ=မင်းသား ကလေးကို။ အတိဒဟ ရတ္တာ=အလွန်ငယ်နေသောကြောင့်။ ယက္ခော =အာဠဝကဘီလူးကြီးက။ န ဣစ္ဆတိ=အလိုမရှိဘူးလား။

အေး...အချင်းတို့၊ ဘယ်နှယ့်လဲ။ အာဠဝကဘီလူးကြီးက မင်းသားကလေး သိပ်ငယ်လို့ မစားချင်လို့ အလိုမရှိလို့ ပြန်လာ တာလားလို့ ပြောတယ်။

မာ ဘာယထ=မကြောက်ကြနဲ့။ ခေမံ ကတံ ဘဂဝတာ= ဘုရားကိုယ်တော်မြတ်ကြီးက ဘေးကင်းအောင် ပြုအပ်ပြီဟေ့။ အို သာစုကောင်းချီး ပေးလိုက်တာ တစ်ခါတည်း တစ်ဂါဝုတ်လောက်ရှိတဲ့ အာဠဝကညောင်ပင်ကြီးနဲ့ အာဠဝီပြည်မှာ ဒီ အုတ်အုတ်ကျက်ကျက် သာစုကောင်းချီးသံကြီးဟာ ဖုံးသွားတာပဲတဲ့။

ဘုရားက ဆွမ်းခံချိန်ရောက်တော့ အာဠဝကဘီလူးက ဘုရား ရဲ့ သပိတ်ထမ်းလိုက်။ မြို့တော့ မဝင်ဘူးနော်။ လမ်းတဝက်လောက် ရောက်အောင် လိုက်ပို့ပြီးတော့မှ ဘုရားကို သပိတ်ကပ်ပြီးတော့ သူ့ ညောင်ပင် သူပြန်တယ်။ ဘုရားကိုယ်တော်မြတ် အာဠဝီပြည် ဆွမ်းခံ လို့ ဆွမ်းကိစ္စပြီးတဲ့ အခါကျတော့ အာဠဝီမြို့ တံခါးဝ သစ်ပင်ကြီး တစ်ပင်ရဲ့ ခြေရင်းမှာ ခင်းထားအပ်တဲ့ ဗုဒ္ဓါသန ဓမ္မပလ္လင်ပေါ်မှာ ထိုင်နေတော်မူလို့ မင်းနဲ့တကွ အာဠဝီပြည်သူပြည်သားတို့ စုဝေး၍-

**ကထံ ဘန္တေ ဧဝံ ဒါရုဏော ယက္ခော ဒမယိတ္တော။**

ဘန္တေ=ရှင်တော်မြတ်ဘုရား။ ကထံ=ဘယ်ပုံဘယ်ပန်း ဘယ် နည်းလမ်းဖြင့်။ ဧဝံ ဒါရုဏော=ဤမျှကြမ်းသော။ ယက္ခော=ဘီလူးကြီးကို။

http:\\www.dhammadownload.com



ဒမယိတ္ထ=ယဉ်ကျေးအောင် ဆုံးမပါသနည်း ဘုရား။

ရှင်တော်ဘုရား ဘယ်ပုံဘယ်နည်းလမ်းနဲ့ ဒီလောက်ကြမ်းတဲ့ ဘီလူးကြီးကို ဘုရား ယဉ်ကျေးအောင် ဆုံးမသလဲလို့ မေးမြန်းလျှောက်ထားတော့မှ မြတ်စွာဘုရားက ကိုယ်တော် သာဝတ္ထိက ကြွလာတဲ့ အကြောင်းရောက်တဲ့အခါ ဒီလို ဒီလိုပဲဆိုတဲ့ ပြီးခဲ့တဲ့ အကြောင်းအရာတွေ အကုန်ပြန်ဟောတယ်။ အာဠဝက သုတ္တန်တစ်ခုလုံး အကုန်ပြန်ဟောတယ်။ အဲဒီ ပြန်ပြီးတော့ ဟောပြန်တော့လည်းပဲ–

ကထာ ပရိယောသာနေတဲ့–အာဠဝကသုတ္တန်ကို တစ်ဖန်မြတ်စွာဘုရား ဟောကြား၍ အဆုံး၌လည်း စတုရာသီတိပါဏသဟဿာနံ= ရှစ်သောင်းလေးထောင်သော အာဠဝိပြည်သူပြည်သားသတ္တဝါများတို့အား။ ဓမ္မာဘိ သမယော=သစ္စာလေးပါး တရားသိမြင်ကျွတ်တမ်းဝင်ခြင်းသည်။ အဟောသိ=ဖြစ်ခဲ့လေပြီ။

အခု အာဠဝိမြို့ တံခါးဝမှာ မင်းနဲ့တကွသော အာဠဝိပြည်သူပြည်သားတို့ရဲ့ မေးလျှောက်ချက်အရ အာဠဝကသုတ္တန်ကို တစ်ဖန်ပြန်ပြီး ဟောပြန်တော့ အဲဒီအဆုံးမှာ အာဠဝိပြည်က မင်းနဲ့တကွ–

ရှစ်သောင်းလေးထောင်သော သတ္တဝါတွေ ဓမ္မာဘိသမယသစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြတယ်။ ပြီးပြီ။ မြတ်စွာဘုရား မူလရည်ရွယ်ချက် အောင်မြင်ပြီ။ သာဝတ္ထိပြည် ပြန်ကြွ။ ဒီမင်းသားကလေး အာဠဝကကို ကျွေးမွေးသုတ်သင်ကြတဲ့ အာဠဝိမင်းကြီးနဲ့တကွ တိုင်းသူပြည်သား လူအများတို့လည်းပဲ ဘီလူးကြီးအပေါ်မှာ သောတာပန် ဖြစ်သွားတော့ ကြည်ညိုကြတယ်။ သူတို့ရဲ့ အာဠဝိပြည်မှာ နဂိုက ဝေဿဝဏ် နတ်မင်းကြီးအတွက် နတ်ကွန်းတစ်ခု ရှိတယ်။ အဲဒီနတ်ကွန်း နတ်စင်ရဲ့ အနီးမှာ အာဠဝက နတ်စင်

http:\\www.dhammadownload.com



ဆောက်ပေးပြီးတော့ အမြဲမပြတ် ဗလိနတ်စာ ပူဇော်ကြတယ်တဲ့။ အာဠဝက ဘီလူးကြီးကို။

အာဠဝက ဘီလူးကြီးကလည်းပဲ သူတို့ရဲ့ အပူဇော် ငါ ခံရတယ် ဆိုပြီးတော့ သူတို့ နယ်ပယ်မှာ အန္တရာယ်မရောက်အောင် စောင့်ရှောက်ကာကွယ်တယ်တဲ့။ ဟောဒါ ဟို အင်္ဂုတ္တိုရ်ရဲ့ အဋ္ဌကထာမှာ ဒါ သေသေချာချာ ဆိုလျှက်ရှိတယ်။

အာဠဝက မင်းသားကလေး ကြည့်ကြစို့ မင်းသားကလေး အသက်ဆယ့်နှစ်နှစ် ဆယ့်သုံးနှစ် အရွယ်ရောက်တော့-

တွံ ဘဂဝန္တံ နိဿာယ ဇီဝိတံ လဘိ။

တွံ=အမောင်သည်။ ဘဂဝန္တံ နိဿာယ=မြတ်စွာဘုရားကို အမှီ ပြု၍။ ဇီဝိတံ=အသက်ကို။ လဘိ=ရခဲ့ပြီ။

အရှင့်သား၊ အရှင့်သားလေ... ပေးပြီပြီ။ ဘီလူးလက်ထဲ ရောက်ပြီးပြီ။ မြတ်စွာဘုရား အမှူးပြု၍ အရှင့်သား အသက်ကလေး ပြန်ရတယ်။ ဒီတော့ ဘာမှ စိတ်ကူးမလွဲနဲ့။ ခမည်းတော်ရဲ့ အရိုက် အရာ ထီးနန်းစည်းစိမ်တွေကို မလိုချင်နဲ့၊ ဘယ့်နှယ့်-

ဂစ္ဆ=သွားတော်မူပါ။ ဘဂဝန္တံ ယေဝ=မြတ်စွာဘုရားကိုသာ လျှင် လည်းကောင်း၊ ဘိက္ခုသံဃဉ္စ=ရဟန်းသံဃာကို လည်းကောင်း၊ ပယိရုပါသဿု=ဆည်းကပ်ပါလော။

အရှင့်သား စိတ်ကူးမလွဲနဲ့၊ အရှင့်သားရဲ့အသက် ဘုရား အသက်ပဲ ရှိတယ်။ ဒီတော့ အရှင့်သား ကြွတော်မူ။ မြတ်စွာဘုရားနဲ့ ရဟန်းသံဃာကိုသာ အရှင့်သား ဆည်းကပ်မှီတွယ် နေတော်မူ ဆိုပြီး တော့ အားလုံးသော ဆွေမျိုးတွေက ဒီကလေးလေးကို ဘုရားထံ ပို့တယ်။

ဣတိ=ဤသို့ဆို၍။ ဝိဿဇ္ဇေသုံ=ဘုရားထံ ပို့သကြကုန်၏။

http:\\www.dhammadownload.com



သောပိ=ထို အာဠဝက မင်းသားလေးလည်းပဲ (ဟတ္ထကအာဠဝက မင်းသားလို့ ခေါ်တယ်)။ ဘဂဝန္တံ=မြတ်စွာဘုရားကိုလည်းကောင်း၊ ဘိက္ခုသံဃဉ္စ=ရဟန်းသံဃာကိုလည်းကောင်း။ ပယိရုပါ သမာနော= ရိုသေစွာ ဆည်းကပ်သည်ဖြစ်၍။

ရိုသေစွာ ဆည်းကပ်ဆိုတဲ့အထဲမှာ ရဟန်းသံဃာအနား နေတာလေးတွင် မဟုတ်ဘူးနော်။ ရဟန်းသံဃာအနားမှာ နေပြီး တော့ သီလသိတင်းဆောက်တည်တယ်၊ တရားနာတယ်။ ကမ္မဋ္ဌာန်း ဘာဝနာအလုပ် အားထုတ်တယ်။ အဲဒါတွေ ပယိရုပါသမာနော– ရိုသေစွာ ဆည်းကပ်သည်ဖြစ်၍ ဆိုတဲ့စကားထဲမှာ ဒီအဓိပ္ပါယ်တွေ အကုန်ပါတယ်။ အဲဒီလို အားထုတ်တော့ ဘာဖြစ်တုန်း။

န စိရဿေဝ=မကြာမြင့်မီပင်လျှင်။ အနာဂါမိဖလေ= အနာဂါမိဖိုလ်၌။ ပတိဋ္ဌာယ–ပတိဋ္ဌာသိ=တည်လေပြီ။

မကြာခင်ပဲတဲ့၊ ရက်လနှစ် မကြာခင် အနာဂါမ်အရိယာ ဖြစ်ကရော။ အနာဂါမိဖလေ၊ အနာဂါမိဖိုလ်၌။ ပတိဋ္ဌာယ=တည်ပြီး သည် ရှိသော်။ သဗ္ဗံ=အလုံးစုံသော။ ဗုဒ္ဓ ဝစနံ=ဘုရားစကား ပိဋကတ်တော်ကို။ ဥဂ္ဂဟေတွာ=ဥဂ္ဂဟေသိ=သင်ယူခဲ့ပြီ။

ဘုရားစကားတော်တွေ ပါဠိတော်တွေ သူသင်၊ အနာဂါမ်ဖြစ် ပြီးတော့။ ဥဂ္ဂ ဟေတွာ=သင်ယူပြီးတော့။ ပဉ္စသတ ဥပါသကာ ပရိဝါရော=ဥပါသကာ သီတင်းသည်ပေါင်း ငါးရာ အခြံအရံရှိသည်။ အဟောသိ=ဖြစ်ခဲ့လေပြီ။

သူ့ရဲ့အဖြစ်ကို နောက်ပိုင်း အဋ္ဌကထာက စာတစ်ပိုဒ်တည်းနဲ့ ဖော်ပြတယ်။ အေး ... အရွယ်ရောက်လာတော့ (ကလေးကြီးလာ တော့) မင်းချင်းတွေက ဒီလို တိုက်တွန်းပြီးတော့ ဘုရားထံပို့၊ အဲဒီ ဟတ္ထကာဠဝက ကလေးကလည်းပဲ သီတင်းသည်လေး အမည်ခံပြီး

http:\\www.dhammadownload.com



တော့ ဘုရားနဲ့ ရဟန်းသံဃာကို ဆည်းကပ်၊ ဝတ်ကြီးဝတ်ငယ်ပြု၊ ဥပုသ်သီတင်း ဆောက်တည်၊ တရားနာ၊ တရားအားထုတ်လို့ မကြာမီမှာပင် အနာဂါမိဖိုလ်ရောက်၊ အနာဂါမ်အရိယာလေးဖြစ်။ အဲ အရိယာဖြစ်ပြီး သကာလ ပိဋကတ်တော်များ သင်လို့ သူလည်းပဲ တိပိဋကဓရပဲ၊ စိတ္တသူဌေးလိုပဲ။ အဲဒီလို ပိဋကတ်တော် သင်ပြီးတဲ့ နောက် သူ့မှာ အခြံအရံ ဥပသကာ သီတင်းသည်ပေါင်း ငါးရာ အခြံအရံနဲ့ လှည့်လည်ကျက်စား၊ ဟိုအရပ်၊ ဒီအရပ် သွားတာ မဟုတ်ဘူးနော်။ ဘုရားဆီသွားလိုက်၊ အဲ ... သူ့ရဲ့ အိမ်ပြန်လိုက်၊ ဒါလောက်ပဲ သူနေတယ်။ ဒါ သူ့ရဲ့ဥပသကာ ငါးရာ အခြံအရံနဲ့ အဲဒီ သူရဲ့ဥပသကာငါးရာ ဒီအခြံအရံငါးရာဟာ အင်မတန် တည်ငြိမ်ဆို။ ဟိုတစ်ချိန်ကျတော့ သူ့ကို မြတ်စွာဘုရားက ဟောဒီလို တေဒဂ် ပေးရတယ်။ ဘုရားက တစ်ချိန် သူ့မေးတယ်–

ဟတ္ထက သင့်ပရိသတ် တယ်ပြီးတော့ သင့်အလိုကိုပေါ့လေ လိုက်ပါ့။ ဘာပြုလို့လဲ–

တပည့်တော် တဲ့၊ ဒီပရိသတ်ထဲမှာ ဒါနကို အလိုရှိတဲ့ ပုဂ္ဂိုလ် ကျတော့ ပေးကမ်းစွန့်ကြဲ ချီးမြှောက်၊ ဒီပရိသတ်ထဲမှာ တစ်ချို့က လည်းပဲ ချစ်ဖွယ်စကားမှ ကြိုက်တာဘုရားတဲ့၊ အဲဒီလို ပရိသတ်ကျ တော့ သူ့အကြိုက်ကြည့်ပြီးတော့ ချစ်စဖွယ်စကားပြောပြီး တပည့် တော် ချီးမြှောက်၊ တစ်ချို့ကလည်းပဲ သူ့အကျိုးရှိအောင် လုပ်ပေးမှ ကြိုက်တဲ့ ပုဂ္ဂိုလ်ကျတော့လည်း အကျိုးရှိအောင် လုပ်ပေးမှုဆိုတဲ့ အတ္ထစရိယာ၊ တချို့ကျတော့လည်းပဲ ကိုယ်တူထားပြီးတော့ အတူ သွား အတူစား အတူနေမှ ကြိုက်တယ်။ အေး ... ဒီပြင် မပေးချင်နေ ပေးချင်ပေး ဟုတ်လား။ တို့အရှင့်သားနဲ့ တို့အတူ စားရမှဆိုတဲ့ လူမျိုး က ရှိသေးသဗျ။ အဲ ... အဲ အဲဒီ ပုဂ္ဂိုလ်ကျတော့လည်း သမာနတ္တ=

http:\\www.dhammadownload.com



ကိုယ်တူထားပြီး ကျင့်ခြင်းဆိုတဲ့ ဒီတရားလေးပါးနဲ့ တပည့်တော် ချီးမြှောက်ပါတယ်ဘုရား။ ချီးမြှောက်လို့ တပည့်တော် ပရိသတ်တွေ တပည့်တော် စိတ်ကြိုက် အတိုင်း ကဲ ... သွားကြစို့၊ ဘုရားဖူးကြစို့၊ တစ်ညီတည်း တရားနာကြစို့၊ တစ်ညီတည်း အားလုံး ညြဇာညောင်း တာဟာ သင်္ဂဟ ဝတ္ထုလေးပါးဖြင့် ချီးမြှောက်လို့ပါ ဆိုတာ မြတ်စွာ ဘုရားကိုလည်း သူ လျှောက်။ ဘုရားကလည်း သူ့အကြောင်းကိုသိ။ ဒါကြောင့် တစ်ချိန်မှာ ကိုယ်တော်မြတ်ရဲ့ သာဝက သာဝိကာတွေကို ဧတဒဂ်ဘွဲ့ထူး ချီးကျူးတဲ့ပွဲ သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ ဆင်နွှဲ တော့ မြတ်စွာဘုရားက ဟောဒီ ဟတ္ထကအာဠဝကသန္တိ စပ်လိုက်တဲ့ အခါကျတော့ ဟတ္ထကာဠဝကခေါ်တဲ့ သိတင်းသည်ကို –

ဘဂဝါ စ=ဘုန်းတော်ခြောက်ပါး ရှိတော်မူတဲ့ မြတ်စွာဘုရား ကလည်းပဲ၊ နံ=ထို ဟတ္ထကာဠဝက သိတင်းသည်ကို။

**ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ စတူဟိ သင်္ဂဟဝတ္ထူဟိ ပရိသံ သင်္ဂဏှန္တာနံ ယဒိဒံ ဟတ္ထကော အာဠဝကော။**

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ ယဒိဒံ ယော အယံ ဟတ္ထကော အာဠဝကော=အကြင် ဟတ္ထကာဠဝက သိတင်း သည်သည်။ အတ္ထိ=ရှိ၏။ ပရိသံ=ပရိသတ်ကို၊ စတူဟိ သင်္ဂဟဝတ္ထူဟိ =ဒါန ပိယဝါစာ အတ္ထစရိယ သမာနတ္တ=လေးဖြာသော သင်္ဂဟဝတ္ထု တို့ဖြင့်၊ သင်္ဂဏှန္တာနံ = သင်္ဂြိုဟ်ချီးမြှောက်ကြကုန်သော။ မမ သာဝကာနံ ဥပါသကာနံ=ငါဘုရား၏ တပည့်သား သာဝက ဥပါသကာတို့အနက်။ ဧတံ ဧသော ဟတ္ထကော အာဠဝကော ဤ ဟတ္ထကာဠဝက သိတင်းသည်သည်။ အဂ္ဂံ=အဂ္ဂေါ=အသာဆုံး အမြတ်ဆုံးပါပေ။

http:\\www.dhammadownload.com



ပရိသတ်ကို သင်္ဂဟလေးပါးဖြင့် ချီးမြှောက်တဲ့နေရာ အသာဆုံး အမြတ်ဆုံးဆိုတဲ့ ဧတဒဂ်ဘွဲ့ထူး။ ဧတဒဂ္ဂေ=ဧတဒဂ်ရာထူး၌။ နိက္ခိပိ=ညွှန်ကြား မိန့်ဆိုတော်မူခဲ့လေပြီ။

ဤတွင် အာဠဝက သုတ္တန် ဆုံးပါပြီ။

ဟတ္ထကာဠဝက အနာဂါမ်အရိယာပုဂ္ဂိုလ်ရဲ့ ဆိုင်ရာသုတ္တန်ကိုတော့ မကုန်ရင်တော့ မထတော့ဘူးလေ၊ နို့မို့ ကြွေးချည်းထဲ တင်တင်နေပါတော့တယ်။ လိုက်ပြီးတော့ သာသနာ့ ချိန်ခွင်ကြီးတွေမှာ ဥပသကာဘက်က ချိန်ခွင်ကြီး စိတ္တသူဌေးနဲ့ ဟတ္ထကာဠဝက သီတင်းသည် ဆိုပြီးတော့ အဲဒီချိန်ခွင်ကြီးနှစ်ဖက်မှာ ကနေ့ သမာဓိဘက်က ချိန်ခွင်ကြီးဖြစ်တဲ့ ဟတ္ထကအာဠဝက သီတင်းသည်ရဲ့ ဆိုင်ရာသုတ်နဲ့စပ်၍ ကြည်ညိုစရာ မှတ်စရာ သုတ္တန်လေးသုတ် တွေ့ပါတယ်။ အဲဒီ လေးသုတ်ကိုတော့ ကုန်အောင်ပဲ ဟောဖို့ စဉ်းစားထားပါတယ်။ ဒါမှ ဟိုဘက်နား မှာ လပြည့်ကျော် ၃–ရက်နေ့ကျတော့ ဝွမ်းရုံဈေးရှိ အဲဒီလေးရက်၊ ငါးရက်၊ ခြောက်ရက် ဆိုတာ ဒီအနားမှာပဲ တန်းပြီးတော့ ဘုံဘိုင်တန်းတို့ ရွှေချည်ထိုးတို့ တရုတ်တန်းတို့ အဲဒီတရားလေးပွဲမှာ အမျိုးသမီးများ ဘက်ဆိုင်ရာ သာသနာ့ချိန်ခွင်ကြီး နှစ်ဘက်ကို ဟောဖို့ စီစဉ်ထားပါတယ်။ အဲဒီတော့ တစ်နေ့က အမျိုးသား ဥပါသကာတွေဘက်က သမာဓိ ချိန်ခွင်ကြီးဖြစ်တဲ့ ဟတ္ထကအာဠဝကရဲ့ ဆိုင်ရာတရားကို သုတ္တန် လေးသုတ်စလုံး ကနေ့ ဟောဖို့ စဉ်းစားထားပါတယ်။

အဋ္ဌကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်မှာ ပဌမဟတ္ထကသုတ် ဒုတိယ ဟတ္ထကသုတ် လို့ သုတ္တန်နှစ်ခု လာပါတယ်။ တရားဦးကို အရှင်အာနန္ဒာ တို့က စပေးတယ်။

**ဧကံ သမယံ ဘဂဝါ အာဠဝိယံ ဝိဟရတိ အဂ္ဂါဠဝေ**

http:\\www.dhammadownload.com



စေတိယေ။

တစ်ချိန်က ဘုရားကိုယ်တော်မြတ်ကြီး အာဠဝီပြည်ကို အမှီ ဂေါစရဂါမ်ပြု၍ အဂ္ဂါဠဝစေတီယလို့ ခေါ်ဆိုရတဲ့ ကျောင်းတိုက်ကြီးမှာ သီတင်းသုံး နေထိုင်တော်မူဆဲ ဖြစ်ပါတယ်။ အဲဒီလို သီတင်းသုံး နေထိုင်တော်မူတဲ့အခါ ဓမ္မသဘာ ဓမ္မာရုံကြီးရဲ့အတွင်း ဘုရား ကိုယ်တော်မြတ်က တရားနာတဲ့ သံဃာတော်တွေကို ဘာဟောလိုက်သလဲ။

သတ္တဟိ ဘိက္ခဝေ အစ္ဆရိယေဟိ အဗ္ဘုတေဟိ ဓမ္မေဟိ

သမန္နာဂတံ ဟတ္ထကံ အာဠဝကံ ဓာရေထ။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ သတ္တဟိ=ခုနစ်ပါး ကုန်သော။ အစ္ဆရိ ယေဟိ=လက်ဖျစ်တီး၍ အံ့ချီးထိုက်လှသော။ အဗ္ဘုတေဟိ=မဖြစ်စဖူး အထူးဖြစ်ကုန်သော။ ဓမ္မေဟိ=တရားတို့နှင့်။ ဟတ္ထကံ အာဠဝကံ=ဟတ္ထကအာဠဝက သိတင်းသည်ကို။ သမန္နာ ဂတံ=ပြည့်စုံသောသူဟူ၍။ ဓာရေထ=သင်ချစ်သားတို့ မှတ်သားထား ကြကုန်လော့။

မြတ်စွာဘုရားသည် ချီးမြှောက်သင့်တဲ့ပုဂ္ဂိုလ် ဆိုလို့ရှိရင် ဘာမှ ဟတ္ထကအာဠဝကနဲ့ ဆိုင်ရာ အလှူပွဲ ဘာပွဲရှိလို့ မဟုတ်ဘူး။ ဟတ္ထကအာဠဝကခေါ်တဲ့ သိတင်းသည်ရဲ့ ကျေးဇူးဂုဏ်တွေကို ဘုရား ကိုယ်တိုင်က ကျေနပ်လွန်းလို့၊ အားရလွန်းလို့၊ နှစ်သက်လွန်းလို့၊ ကြည်ညိုလွန်းလို့ ဟောဒီ သုတ္တန်ကို ဟောပါတယ်။

ရဟန်းတို့တဲ့၊ ဟတ္ထကအာဠဝက သိတင်းသည်ကို သင် ချစ်သားတို့ နှယ်နှယ်မမှတ်ကြနဲ့၊ ခုနစ်ပါးသော အံ့ဩဖွယ်တို့နဲ့ ပြည့်စုံတဲ့ သူတော်ကောင်းတစ်ယောက် ဟူ၍ မှတ်ကြတဲ့။

ကတမေ ဟိ သတ္တ ဟိ။ ခုနစ်ပါး ဘာတွေလဲဆိုတော့-

သဒ္ဓေါ ဟိ ဘိက္ခဝေ ဟတ္ထကော အာဠဝကော။

http:\\www.dhammadownload.com



ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့၊ ဟတ္ထကော အာဠဝကော=ဟတ္ထကအာဠဝက သိတင်းသည်သည်။ သဒ္ဓေါ=ရတနာသုံးတန် ကံ ကံ၏အကျိုးကို နှစ်နှစ်ကာကာ ဖျက်ဆီး၍မရအောင် ယုံကြည်တဲ့ သဒ္ဓါတရားနှင့်လည်း ပြည့်စုံပေ၏။

ဟောဒါက အံ့ဖွယ်တစ်ပါးတဲ့။

သီလဝါ ဘိက္ခဝေ ဟတ္ထကော အာဠဝကော။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့၊ ဟတ္ထကော အာဠဝကော=ဟတ္ထက အာဠဝက သိတင်းသည်သည်၊ သီလဝါ=ငါးပါး အထက် ရှစ်ပါးတို့အထက်မှာ ဆယ်ပါးသော သီလတည်းဟူသော အဓိသီလနှင့် ပြည့်စုံသည်လည်း မည်ပါပေ၏။

အနာဂါမ် အရိယာဖြစ်တော့ ငါးပါးသီလတွင် မဟုတ်ဘူးတဲ့၊ ဩရမ္ဘာဂိယ သံယောဇဉ်ငါးပါး ပယ်ရှားဖြတ်တောက်ပြီး ဖြစ်တော့ ဆယ်ပါးသီလကို အမြဲတမ်း စောင့်ထိန်းသတဲ့။

ဟိရိမာ ဘိက္ခဝေ ဟတ္ထကော အာဠဝကော။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့၊ ဟတ္ထကော အာဠဝကော=ဟတ္ထကအာဠဝက သိတင်းသည်သည်၊ ဟိရိမာ= မကောင်းမှုကို စက်ဆုပ်ရွံရှာခြင်း ဟိရိတရားနှင့်လည်း ပြည့်စုံပါပေ၏။

ဟောဒါက ဂုဏ်ကျေးဇူးတစ်ပါး။

ဩတ္တပ္ပီ ဘိက္ခဝေ ဟတ္ထကော အာဠဝကော။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့၊ ဟတ္ထကော အာဠဝကော=ဟတ္ထကအာဠဝက သိတင်းသည်သည်၊ ဩတပ္ပီ= မကောင်းမှုမှ လန့်ခြင်းဆိုတဲ့ ဩတ္တပ္ပတရားနှင့် ပြည့်စုံပါပေ၏။

မကောင်းမှုမှ ရှက်တယ်၊ မကောင်းမှုမှ လန့်တယ်ဆိုတဲ့ ဟိရိနဲ့ ဩတ္တပ္ပအထူးကို သတိပြုပြီးတော့ မှတ်ရမယ်။

http:\\www.dhammadownload.com



မကောင်းမှုမှ ရှက်တာက ဘယ်လိုလဲ၊ မကောင်းမှုမှ လန့်တာက ဘယ်လိုလဲ၊ ဥပမာ– အသိဉာဏ်ရှိတဲ့ ယောက်ျား တစ်ယောက်၊ အဲ.. သူ့ရှေ့မှာ သံခဲတစ်ခု သံတုံး တစ်ခုပဲ ဆိုပါစို့။ အဲဒီ သံခဲသံတုံးတစ်ခုကို အညစ်အကြေးတွေ လိမ်းထေးထားပြီးတော့ အမောင် ကိုင်စမ်းပါ ဒီသံတုံးဆို မကိုင်ချင်ပါဘူး ပြောမယ်။ ဘာပြုလို့တုန်း မောင်ရယ် ဆိုတော့၊ အို ရွံလွန်းလို့၊ ဒါက တစ်မျိုး၊ ဟို ဒီ့ပြင် သံခဲကြီးတစ်ခု မီးရဲရဲဖုတ်၊ ဖုတ်ပြီးတော့ ထိုယောက်ျားကိုပဲ အကိုင်ခိုင်းစမ်းပါ။ ကိုရင် ဒီသံခဲကြီး မီးရဲရဲကို ကိုင်စမ်းပါ။ မကိုင်ဝံ့ပါဘူး။ ဘာပြုလို့၊ ဩော်.. သွားကိုင်ရင် လောင်မှာပေါ့၊ ပူမှာ ကြောက်တယ်။ ဟောဒီလို ပြောတယ်။

အဲဒါလိုပဲ ဒီမကောင်းမှု ဒုစရိုက်ကို ဟိရီဆိုတဲ့ တရားက အညစ်အကြေး လိမ်းထေးနေတဲ့ သံခဲကြီးကို မကိုင်ချင်သလို စက်ဆုပ်တယ်။ ရွံရှာတယ်။ အဲဒီ မကောင်းမှု ဒုစရိုက်ကို သံတွေခဲ မီးရဲရဲကြီးကို ကြောက်လို့ မကိုင်ဝံ့သလို။ အဲ... မကောင်းမှုမှ ကြောက်တယ်ဆိုတာ သံတွေခဲ မီးရဲရဲကြီးကို ကြောက်လို့ မကိုင်ဝံ့သလို မကောင်းမှု ဒုစရိုက်ရဲ့ ဆင်းရဲတဲ့ အကျိုးကို မီးရဲရဲကဲ့သို့ မြင်ပြီးတော့ မပြုဝံ့ဘူး။ ဒါကို ဩတ္တပ္ပ လို့ခေါ်တယ်။

အခု ဒီသုတ္တန်မှာ ဟောတဲ့တရားတွေဟာ လောကီရော လောကုတ္တရာပါ နှစ်ပါးစုံ ဟောပါတယ်တဲ့။ လောကီ လောကုတ္တရာ အရောရော။ သဒ္ဓါအရ လောကီလောကုတ္တရာ သဒ္ဓါတရား။ သီလအရ လောကီ လောကုတ္တရာ သီလတရား။ ဟိရီအရ လောကီ လောကုတ္တရာ ဟိရီတရား။ ဩတ္တပ္ပအရ လောကီလောကုတ္တရာ ဩတ္တပ္ပတရားလို့ လေးခု ရှိသွားပြီ။

ဗဟုဿုတော ဘိက္ခဝေ ဟတ္ထကော အာဠဝကော။

http:\\www.dhammadownload.com



ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ ဟတ္ထကော အာဠဝကော=ဟတ္ထကအာဠဝက သီတင်းသည်သည်၊ ဗဟုဿုတော =လောကီလောကုတ္တရာ နှစ်ဖြာသော ဗဟုသုတနှင့်လည်း ပြည့်စုံ ကုံလုံပါပေ၏။

လောကီရော လောကုတ္တရာရော စွယ်စုံ ဗဟုသုတနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်တဲ့။

စာဂဝါ ဘိက္ခဝေ ဟတ္ထကော အာဠဝကော။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ ဟတ္ထကော အာဠဝကော=ဟတ္ထက အာဠဝက သီတင်းသည်သည်၊ စာဂဝါ=ရဲရဲ ရက်ရက် စွန့်ကြဲလှူဒါန်းခြင်းနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်လည်း ဖြစ်ပါပေ၏။

ဒါက ခြောက်ခုမြောက်ဂုဏ်။

ပညဝါ ဘိက္ခဝေ ဟတ္ထကော အာဠဝကော။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ ဟတ္ထကော အာဠဝကော=ဟတ္ထက အာဠဝက သီတင်းသည်သည်၊ ပညဝါ= လောကီ လောကုတ္တရာ ပညာနှစ်မျိုးနှင့်လည်း ပြည့်စုံသူ ဖြစ်ပါပေ၏။

က္လမေဟိ ခေါ ဘိက္ခဝေ သတ္တဟိ အစ္ဆရိယေဟိ အဗ္ဘုတေဟိ

ဓမ္မေဟိ သမန္နာဂတံ ဟတ္ထကံ အာဠဝကံ ဓာရေထ။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့၊ ဟတ္ထကံအာဠဝကံ = ငါဘုရား၏ တေဒဂ်ဘွဲ့ထူးရ မိမိရဲ့ ပရိသတ်ကို သင်္ဂဟဝတ္ထုတို့ဖြင့် ချီးမြှောက်တဲ့နေရာ အသာဆုံး အမြတ်ဆုံးလို့ တေဒဂ်ဘွဲ့ထူးရတဲ့ ဟတ္ထကအာဠဝက သီတင်းသည်ကို။ က္လမေဟိ သတ္တဟိ အစ္ဆရိယေဟိ အဗ္ဘုတေဟိ=ဤခုနစ်ပါးသော အံ့ဩဖွယ် မဖြစ်စဖူး အထူးဖြစ်သော တရားတို့နှင့်။ သမန္နာ ဂတံ=ပြည့်စုံသောသူဟူ၍။ ဓာရေထ–သင် ချစ်သားတို့ မှတ်သားကြကုန်လော့။

http:\\www.dhammadownload.com



အဲဒီ မှတ်သားကြကုန်လော့လည်း ပြီးရော၊ ဘုရားကိုယ်တော်မြတ်ကြီး ဓမ္မာသနပလ္လင်ပေါ်က ဆင်းပြီးတော့ ကျောင်းတော် ကြွသွားတယ်။ အဲဒီတရား အဲဒီပွဲမှာ ဒါပဲ။ ဟတ္ထကာဠဝက သီတင်းသည်ရဲ့ ဂုဏ်ကျေးဇူးခုနစ်ပါး ဟောပြီးတော့ ကျောင်းတော်ထဲ ပြန်ဝင်သွားပြီ။ ဘုရားကိုယ်တိုင် ချီးမွမ်းယူရတဲ့ ဒကာတစ်ယောက်ပဲ။ ရဟန်းတွေဟာ ချီးမွမ်းပြီးတော့ ကျန်ရစ်၊ အဲဒီအထဲက ရဟန်းတော်တစ်ပါးက နောက်တစ်နေ့ ရောက်တဲ့အခါ နံနက်စောစော သင်္ကန်းကို ပြင်ဝတ်၊ သပိတ်ကိုယူ၊ သပိတ်သင်္ကန်း ယူဆောင်ပြီး သကာလ အာဠဝီနန်းတော်ရဲ့အတွင်းမှာ ဟတ္ထကာဠဝက သီတင်းသည်ဆိုတာက သာသနာက ခေါ်ထားတဲ့ နာမည်ပါ။ အမှန်က သူသည် မင်းသား၊ သူ့ခမည်းတော်ကြီးက အာဠဝီနန်းတော်ရဲ့ အတွင်းမှာ သူတော်ကောင်း သားတော်တစ်ယောက်အနေနဲ့ ကြီးစွာသောစံအိမ်ဖြင့် ထားပါတယ်။ အဲဒီ ဟတ္ထကာဠဝကသီတင်းသည် ရဲ့ နေအိမ်သို့ ကြွရောက်ခင်းထားအပ်သောနေရာ၌ ထိုင်နေပါတယ်။ အဲဒါကို ပါဠိတော်ကျတော့–

အထ ခေါ အညတရော ဘိက္ခု ပုဗ္ဗဏှသမယံ နိဝါသေတွာ ပတ္တစီဝရ မာဒါယ ယေန ဟတ္ထကဿ အာဠဝကဿ နိဝေသနံ တေနုပသင်္ကမိ၊ ဥပ သင်္ကမိတွာ၊ ပညတ္တေ အာသနေ နိသီဒိ။

ကိုယ်တော်တစ်ပါး ညဏ်ထဲမှာ ကြည့်ထားပေါ့။ ဟတ္ထကာဠဝကမင်းသား သီတင်းသည် သူတော်ကောင်းရဲ့ စံအိမ်တော်ကို သွားပြီးတော့ အဲဒီမှာ အမြဲတမ်း ကြွလာတဲ့ သံဃာတော်များ နေစရာ ထိုင်စရာ ခင်းပြီးတော့ ထားတယ်။ အဲဒီအခင်းမှာ ကြွထိုင်တယ်။ အဲဒီလို ကြွထိုင်တဲ့အခါကျတော့–

http:\\www.dhammadownload.com



အထ ခေါ ဟတ္ထကော အာဠဝကော ယေန သော ဘိက္ခူ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ တံ ဘိက္ခုံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ။

အဲဒီ အရှင်မြတ် ထိုင်ပြီးတော့ ဟတ္ထကာဠဝက သိတင်းသည် မင်းသားဟာတဲ့ အရှင်မြတ်ရှိရာ လာရောက် ရိုသေမြတ်နိုး ရှိခိုးပြီး အပြစ်လွတ်တဲ့နေရာက ထိုင်နေပါပြီ။ အဲဒီလို ထိုင်နေလို့ နေသား တကျလည်း ရှိရော၊ အဲဒီအရှင်မြတ်က ဝမ်းမြောက်လွန်းလို့ သူကြား ခဲ့တဲ့ ဘုရားချီးမွမ်းတဲ့ အချက်တွေကို ဟတ္ထကာဠဝကသိတင်းသည်ကို ပြန်ပြီးတော့ အမိန့်ရှိတယ်။

သတ္တဟိ ခေါ တွံ အာဝုသော အစ္ဆရိယေဟိ အဗ္ဘုတေဟိ ဓမ္မေဟိ သမန္နာဂတော ဘဂဝတာ ဗျာကတော။

အာဝုသော=ဒါယကာ။ တွံ ခေါ=သင့်ကို။ ဘဂဝတာ= မြတ်စွာဘုရား ကိုယ်တော်မြတ်က။ သတ္တဟိ=ခုနစ်ပါးကုန်သော။ အစ္ဆရိ ယေဟိ=အံ့ချီးထိုက်ကုန်သော။ အဗ္ဘုတေဟိ=မဖြစ်စဖူး၊ အစ္ဆရိယေဟိ=အံ့ချီး ထိုက်ကုန်သော။ အဗ္ဘုတေဟိ=မဖြစ်စဖူး အထူး ဖြစ်ကုန်သော။ ဓမ္မေဟိ=ကျေးဇူးတို့နှင့်။ သမန္နာဂတော=ပြည့်စုံ သောသူဟူ၍။ ဗျာကတော=ချီးမွမ်းစကား ဟောကြားအပ်လေပြီ။

ဒကာ၊ ဒကာ့ကို မြတ်စွာဘုရားက ခုနစ်ပါးသော ကျေးဇူး တရားနဲ့ အံ့ဩဖွယ် ကျေးဇူးတရားတွေနဲ့ ပြည့်စုံတယ်လို့ ဘုရား ချီးမွမ်းစကား မနေ့က ဟောတယ် ဒကာရယ်။

ကတမေဟိ သတ္တဟိ = ခုနစ်ပါး ဘာတွေလဲဆိုတော့-

သဒ္ဓေါ ဘိက္ခဝေ ဟတ္ထကော အာဠဝကော=

ချစ်သားတို့၊ ဟတ္ထကာဠဝက သိတင်းသည်သည် လောကီ လောကုတ္တရာ သဒ္ဓါနှစ်ပါးနှင့်လည်း ပြည့်စုံ၏။

http:\\www.dhammadownload.com



သီလဝါ ဘိက္ခဝေ ဟတ္ထကော အာဠဝကော=

ချစ်သားတို့၊ ဟတ္ထကာဠဝက သီတင်းသည်သည် လောကီ လောကုတ္တရာသီလနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ် ဖြစ်ပေ၏။

ဟိရိမာ ဘိက္ခဝေ ဟတ္ထကော အာဠဝကော=

ချစ်သားတို့၊ ဟတ္ထကာဠဝက သီတင်းသည်သည် လောကီ လောကုတ္တရာ မကောင်းမှုမှ ရှက်ခြင်းဆိုတဲ့ ဟိရိတရားနဲ့လည်း ပြည့်စုံပေ၏။

ဩတ္တပ္ပီ ဘိက္ခဝေ ဟတ္ထကော အာဠဝကော=

ချစ်သားတို့၊ ဟတ္ထကာဠဝက သီတင်းသည်သည် လောကီ လောကုတ္တရာ နှစ်ဖြာသော ဩတ္တပ္ပတရားနဲ့လည်း ပြည့်စုံတဲ့သူ ဖြစ်ပါပေ၏။

ဗဟုဿုတော ဘိက္ခဝေ ဟတ္ထကော အာဠဝကော=

ချစ်သားတို့၊ ဟတ္ထကာဠဝက သီတင်းသည်သည် လောကီ လောကုတ္တရာ နှစ်ဖြာသော သုတနဲ့လည်း ပြည့်စုံတဲ့ ဒါယကာဖြစ်ပါပေ၏။

စာဂဝါ ဘိက္ခဝေ ဟတ္ထကော အာဠဝကော=

ချစ်သားတို့၊ ဟတ္ထကာဠဝက သီတင်းသည်သည် စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်းနဲ့လည်း ပြည့်စုံတဲ့ ဒါယကာ ဖြစ်ပါပေ၏။

ပညဝါ ဘိက္ခဝေ ဟတ္ထကော အာဠဝကော=

ချစ်သားတို့၊ ဟတ္ထကာဠဝက သီတင်းသည်သည် လောကီ လောကုတ္တရာ ပညာနှစ်ပါးနဲ့လည်း ပြည့်စုံတဲ့ပုဂ္ဂိုလ်လည်း ဖြစ်ပါပေ၏။

ဟောဒီလို ဟောတယ် ဒကာ-

ဣမေဟိ ခေါ တွံ အာဝုသော သတ္တဟိ အစ္ဆရိယေဟိ အဗ္ဘုတေဟိ ဓမ္မေဟိ သမန္နာဂတော ဘဂဝတာ ဗျာကတော။

အာဝုသော=ဒါယကာ။ တွံ=သင့်ကို။ ဘဂဝတာ=မြတ်စွာ

http:\\www.dhammadownload.com



ဘုရား ကိုယ်တော်မြတ်က။ (မနေ့ကပဲ) သတ္တဟိ=ခုနစ်ပါးကုန်သော။ ဋ္ဌမေဟိ အစ္ဆရိယေဟိ အဗ္ဘုတေဟိ ဓမ္မေဟိ=ဤ လက်ဖျစ်တီး၍ အံ့ချီးထိုက်စွာ မဖြစ်စဖူး ထူးကဲလှစွာသော ကျေးဇူးတရားတို့နှင့်။ သမန္နာဂတော=ပြည့်စုံသောသူဟူ၍။ ဗျာကတော=ချီးမွမ်းစကား ဟောကြားခဲ့လေပြီ။

ကိုယ်တော်က သတင်းကောင်းပို့။ ဒီတော့ ဟတ္ထကာဠဝက သီတင်းသည် သူတော်ကောင်းက ဘယ်လိုလျှောက်သလဲ–

ကစ္စိတ္ထ ဘန္တေ န ကောစိ ဂိဟိ အဟောသိ ဩဒါတ ဝသနော။

(ဒီလို တပည့်တော်ကို ဘုရားက ချီးမွမ်းသလားလို့ တအံ့တသြ အနေနဲ့ သူ မမေးဘူး။ ဘာသာ သူမေးသလဲ။)

ဘန္တေ=အရှင်ဘုရား။ ကစ္စိ=အသို့နည်း။ သိလိုရေး မေးပါရစေ ဘုရား။ ဧတ္ထ=ဤ မြတ်စွာဘုရား ယခုကဲ့သို့ ချီးမွမ်းစကား မိန့်ကြား တော်မူတဲ့ နေရာ၌။ ဩဒါတဝသနော=အဝတ်ဖြူကို ဝတ်ဆင်သော။ ကောစိ ဂိဟိ=လူတစ်ဦးတစ်ယောက်မျှ။ န အဟောသိ=မရှိဘဲ ဖြစ်ပါ ရဲ့လား ဘုရား။

ဘုရားတဲ့၊ အဲဒီလို မြတ်စွာဘုရား တပည့်တော်ရဲ့ ဂုဏ် ကျေးဇူးတွေကို ချီးကျူးဟောကြားတဲ့နေရာမှာ လူဝတ်ကြောင် ဥပါသကာ တစ်ယောက် တစ်စုံတစ်ယောက်မျှ မပါဘဲ ရှိပါရဲ့လား။ ဘာပြုလို့၊ သူ့ကို ဘုရားက ဒီလိုချီးမွမ်းတယ်၊ သူဟာ ဒီလို ကျေးဇူး ခုနစ်ပါးနဲ့ ပြည့်စုံတယ် ဆိုတာကို လူတွေ မသိစေချင်ဘူးတဲ့။ အပ္ပိစ္ဆ ခေါ်တယ်။ အဓိဂမအပ္ပိစ္ဆ၊ မိမိရပြီးတဲ့ သူတော်ကောင်းတရားကို မိမိသည် ဒီတရားတွေ ရတယ်လို့ သူတစ်ပါးသိမှာကို အလွန်စိုးတယ်။ အဲဒါမျိုးကို အဓိဂမ အပ္ပိစ္ဆ။ တရားကို ဝန်တိုတာ မဟုတ်ဘူး။ မိမိကို

http:\\www.dhammadownload.com



သူတကာတွေ အထင်ကြီးပြီးတော့ ဟိုတရားရတာ ရရုံပဲ သူကျေနပ်တယ်။ အဲဒါမျိုးကို အဓိဂမအပ္ပိစ္ဆ ခေါ်တယ်။ အဲဒီလို အဓိဂမအပ္ပိစ္ဆဂုဏ်ထူးရှင်ဖြစ်တော့ သူ ဘယ့်နှယ့်မေးသလဲ -

အရှင်ဘုရားတဲ့၊ ဘယ်နှယ့်လဲ။ အဲဒီတရားပွဲမှာ ဒကာတစ်ယောက်မှ မပါဘဲ ရှိရဲ့လား။

န ဟေတ္ထ အာဝုသော ကောစိ ဂိဟီ အဟောသိ သြဒါတ ဝသနော။

အာဝုသော=ဒါယကာ။ ဧတ္ထ=ဤတရားပွဲ၌။ ကောစိ=တစ်စုံတစ်ယောက်သော။ သြဒါတဝသနော=အဝတ်ဖြူကို ဝတ်သော။ (ဝတ်ကြောင်ရယ်လို့ မဆိုဘူး၊ ဒီကတော့ သြဒါ တဝသနော=အဝတ်ဖြူကိုဝတ်သော) ဂိဟီ=လူသည်။ န အဟောသိ=တစ်ယောက်မျှ မပါပါ။

ဟာ .. ဒကာတဲ့၊ အဲဒီတရားပွဲထဲမှာ လူဝတ်ကြောင် ဒကာတစ်ယောက်မျှ မပါဘူး။

ဒီတော့ ဟတ္ထကာဠ၀က သီတင်းသည် မင်းသားဟာ ဘယ့်နှယ့် ပြန်လျှောက်သလဲ။

သာဓု ဘန္တေ ယဒေတ္ထ န ကောစိ ဂိဟီ အဟောသိ သြဒါတဝသနော။

ဘန္တေ=အရှင်ဘုရား။ သာဓု=ကောင်းပါပေစွ။ ဧတ္ထ=ဤမြတ်စွာဘုရား တပည့်တော်ရဲ့ ဂုဏ်ကျေးဇူးကို ဟောကြားရာ၌။ ကောစိ=တစ်စုံတစ်ယောက်သော။ သြဒါတဝသနော=ဖြူစင်တဲ့ အဝတ်ကို ဝတ်သော။ ဂိဟီ=လူသည်။ ယံ န အဟောသိ=အကြင် မပါမရှိ။ တံ=ဤသို့ လူတစ်ယောက်မျှ မပါရှိခြင်းသည်။ သာဓု=ကောင်းလှပါသည်ဘုရား။

http:\\www.dhammadownload.com



လူတွေသိမှာ(ပေါ့လေ) သူ စိုးလွန်းလို့ အဓိဂမအပွိစ္ဆ ဂုဏ်ရှင်မို့ အဲဒီလိုလျှောက်။ ဒီတော့မှ အခု ကိုယ်တော်က ဒါ သူပြောချင်တာသူ သတင်းကောင်း ပို့ပြီးပြီ။ သတင်းကောင်း ပို့ပြန်တော့လည်းပဲစကား အပေးအယူဟာ (ပေါ့လေ) သုံးခါပဲ ရှိတယ်။

အရှင်ဘုရား အဲဒီလို ဟောတဲ့အခါမှာ လူဒကာ တစ်ဦးတစ်ယောက်မှျ မပါဘဲ ရှိပါရဲ့လား။

အေး... ဒကာ၊ လူဒကာဆို တစ်ယောက်မှ မပါဘူး။

ကောင်းပါလေ့ဘုရား၊ ကောင်းပါလေ့။ ဤတရားပွဲ လူဒကာတစ်ယောက်မှျ မပါတာ ကောင်းပါ့လေ့။ အဲဒီလိုလည်း ဆိုပြီးရောဟတ္ထကာဠဝက သီတင်းသည်က အရှင်မြတ် ပြောချင်တာ ပြောပြီးပြီ။သိတော့မှ အဲဒီအရှင်မြတ်ရဲ့ သပိတ်ထဲမှာ ဆွမ်းများ လောင်းလှူ၊အလိုတော်ရှိရာ ကြွရောက်ဘုဉ်းပေးတော်မူပါ။ ကိုယ်တော်သည် အဲဒီဟတ္ထကာဠဝက သီတင်းသည် မင်းသားရဲ့အိမ်က လှူလိုက်တဲ့ဆွမ်းကိုအလှူခံ၊ လျော်ကန်တဲ့နေရာမှာ ဆွမ်းဘုဉ်းပေးလို့ ဆွမ်းစားပြီးတဲ့အခါကျတော့ ဘုရားထံမှောက် ဝပ်လျှိုးရှိခိုးပြီးတော့ အပြစ်လွတ်တဲ့နေရာက ထိုင်နေပြီး မြတ်စွာဘုရားကို ဟောဒီလို လျှောက်တယ်။

ဣဓာဟံ ဘန္တေ ပုဗ္ဗဏှသမယံ နိဝါသေတွာ ပတ္တစီဝရ+မာဒါယ ယေန ဟတ္ထကဿ အာဠဝကဿ နိဝေသနံ တေန+ ပသင်္ကမိ။

ခုနက စာပိုဒ်တွေ ခုနက အကြောင်းအရာပဲ။ မြတ်စွာဘုရားတဲ့၊ တပည့်တော် နံနက်စောစော သင်းပိုင်ပြင်ဝတ်ပြီးတော့သပိတ်သင်္ကန်း ယူဆောင်ကာ ဟတ္ထကာဠဝက သီတင်းသည်မင်းသားရဲ့ စံအိမ်ကိုသွား ရောက်၍ ခင်းထားအပ်တဲ့နေရာမှာ ထိုင်နေပါတယ်။ ယင်းသို့ ထိုင်နေတဲ့အခါ ဟတ္ထကာဠဝက သီတင်းသည်

http:\\www.dhammadownload.com



မင်းသား လာရောက်ပြီး ရှိသေစွာ ရှိခိုး၍ အပြစ်လွတ်ရာက ထိုင်နေပါတယ်။ အဲဒီလို ထိုင်နေပြီးတဲ့အခါ တပည့်တော် ဟတ္ထကာဠဝက သီတင်းသည် မင်းသားကို–

ဒကာ၊ မြတ်စွာဘုရားက သင့်ကိုလေ အံ့ဖွယ်ခုနစ်ပါး ကျေးဇူးတရားနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်လို့ ချီးမွမ်းစကား ဟောကြားအပ်ပေတယ်။ ခုနစ်ပါးဆိုတာ ဘာတွေလဲဆိုတော့ ၁–သဒ္ဓါ၊ ၂–သီလ၊ (လောကီလောကုတ္တရာ သဒ္ဓါ၊ လောကီလောကုတ္တရာ သီလ)၊ ၃–လောကီလောကုတ္တရာ ဟိရီ၊ ၄–လောကီလောကုတ္တရာ ဩတ္တပ္ပ၊ ၅–လောကီလောကုတ္တရာ ဗဟုသုတ၊ ၆–လောကီလောကုတ္တရာ ဒါနစေတနာ၊ ၇–လောကီလောကုတ္တရာ ပညာ၊ ဤလောကီလောကုတ္တရာ ကျေးဇူးအံ့ဖွယ် ခုနစ်ပါးနဲ့ ဟတ္ထကာဠဝက သီတင်းသည်သည် ပြည့်စုံတဲ့ အကြောင်း ရဟန်းတော်တို့ အလယ်မှာ မိန့်ကြားအပ်ခဲ့တယ် ဒကာလို့ ပြောပါတယ် ဘုရား၊ အဲဒီလို ပြောတဲ့အခါ ဟတ္ထကာဠဝက သီတင်းသည်က တပည့်တော်ကို ပြန်မေးတယ်။

ကစ္စိတ္ထ ဘန္တေ နကောစိ ဂိဟီ အဟောသိ ဩဒါတဝသနော။

အရှင်ဘုရား၊ ဘယ့်နှယ့်လဲ၊ အဲဒီလို ဟောပြောတဲ့နေရာမှာ လူဝတ်ကြောင် ဒကာတစ်ယောက်မျှ မပါဘဲ ရှိရဲ့လားဘုရား။ အဲဒီလို မေးတော့ တပည့်တော်က ပြန်ပြီးတော့ ပြောတယ်။

န ဟေတ္ထ အာဝုသော ကောစိ ဂိဟီ အဟောသိ ဩဒါတဝသနော။

ဒကာ၊ အဲဒီတရားပွဲမှာ လူဝတ်ကြောင် ဒကာတစ်ယောက်မျှ မပါဘူးလို့ ပြောပါတယ်။

အဲဒီလိုပြောတဲ့အခါ ဟတ္ထကာဠဝကသီတင်းသည်က ပြန်ပြီးတော့

http:\\www.dhammadownload.com



သာဓု ဘန္တေ ယဒေတ္တ ကောစိ ဂိဟီ အဟောသိ
ဩဒါတဝသနော။

အရှင်ဘုရားတဲ့၊ အဲဒီ တရားပွဲမှာ လူဝတ်ကြောင် ဒကာ တစ်ယောက်တလေမျှ မပါခြင်းသည် ကောင်းလိုက်လေစွ၊ အဲဒီလို ပြောပါတယ် မြတ်စွာဘုရားလို့ ပြန်ကြားလျှောက်ထားတော့ ဘုရား ကိုယ်တော်မြတ်က သာဓု ကောင်းချီးပေးတယ်။

သာဓု သာဓု ဘိက္ခု။

ဘိက္ခု=ချစ်သားရဟန်း။ သာဓု သာဓု=ကောင်းလေစွ။ သာဓု သာဓုပါ ချစ်သားရယ်တဲ့။

အပ္ပိစ္ဆော သော ဘိက္ခု ကုလပုတ္တော သန္တေယေဝ အတ္တနိ
ကုသလဓမ္မေ န ဣစ္ဆတိ ပရေဟိ ဉာယမာနေ။

သော ကုလပုတ္တော=ထိုဟတ္ထကာဠဝက အမျိုးကောင်းသားသည်။ အတ္တနိ=မိမိ၌။ သန္တေယေဝ=ထင်ရှားရှိကုန်သည်သာလျှင် ဖြစ်သော။ ကုသလဓမ္မေ=အပြစ်ကင်းတဲ့ တရားတို့ကို။ ပရေဟိ=အခြားသော သူတို့သည်။ ဉာယမာနေ=သိအပ်သည်တို့ကို။ န ဣစ္ဆတိ=အလို မရှိဘူး။

မိမိမှာရှိတဲ့ ကုသိုလ်တရားတွေကို သူတစ်ပါးသိတာကို သူ အလို မရှိဘူးတဲ့။ အလွန် အလိုနည်းတဲ့ အမျိုးကောင်းသား။

တေန ဟိ တွံ ဘိက္ခု ဣမိနာပိ အင္ဂုမေန အစ္ဆရိယေန
ဓမ္မေန သမန္နာဂတံ ဟတ္ထကံ အာဠဝကံ ဓာရေဟိ။ ယဒိဒံ
အပ္ပိစ္ဆတာယ။

ဘိက္ခု=ချစ်သားရဟန်း။ တေနဟိ=ထိုသို့ တပြီးကား။ ဝါ– ထိုသို့ ဟတ္ထကာဠဝက အမျိုးကောင်းသားသည် အလိုနည်းတဲ့သူ အပ္ပိစ္ဆပုဂ္ဂိုလ် ဖြစ်ရကား။ တွံ=သင်ချစ်သားသည်။ ယဒိဒံ=

http:\\www.dhammadownload.com



ယာယက္လမာယ အပ္ပိစ္ဆတာယ=အကြင်အလိုနည်းခြင်း အဓိဂမ အပ္ပိစ္ဆ တည်းဟူသော။ ဣမိနာပိ အဋ္ဌမေန အစ္ဆရိယေန အဗ္ဘုတေန ဓမ္မေန= ဤရှစ်ခုမြောက် အံ့ဩဖွယ် ဂုဏ်ကျေးဇူးတရားနှင့်။ သမန္နာဂတံ= ပြည့်စုံတဲ့သူဟူ၍။ ဓာရေဟိ=သင်ချစ်သား မှတ်လော့။

ဒီကိုယ်တော်ကို အဲဒီလို အမိန့်ရှိလိုက်တယ်။ ချစ်သား– ဒီတော့ အင်မတန် အပ္ပိစ္ဆဂုဏ်နဲ့ ပြည့်စုံတဲ့ အမျိုးကောင်းသား ဖြစ်ရကား သင်ချစ်သားသည် ဒီနေ့ကစပြီးတော့ ဟတ္ထကာဠဝက အမျိုးကောင်းသားကို ရှေးဟောပြီး ကျေးဇူးခုနစ်ပါးမှ တစ်ဆင့် တိုးပြီးတော့ အပ္ပိစ္ဆတာ ဆိုတဲ့ အလိုနည်းခြင်းဆိုသော ရှစ်ခုမြောက် အံ့ဩဖွယ် ဂုဏ်ကျေးဇူးနဲ့ ပြည့်စုံတာကိုလည်းပဲ ချစ်သား မှတ်ထား။ ဒီကိုယ်တော်ကို ဒီလို ဟောတယ်။

ဒီသုတ်က တစ်ခုပြီးသွားပြီ။ ကိုင်း–နောက်သုတ္တန်တစ်ခု ဒုတိယဟတ္ထကသုတ်၊ ဒီဟာက မြတ်စွာဘုရားနဲ့ ဒီကိုယ်တော်နဲ့ပင် သိသေးတာ။

## ဒုတိယဟတ္ထကသုတ် (အံ၊ ၃၊ ၅၄)

မြတ်စွာဘုရား အာဠဝီပြည် အဂ္ဂါဠဝ နတ်ကွန်းသို့ ရှေး ဝေါဟာရခေါ်တဲ့ ကျောင်းတိုက်ကြီး၊ အဲဒီကျောင်းတိုက်ကြီးမှာ သီတင်းသုံး နေထိုင်တော်မူနေတဲ့အချိန် ဟတ္ထကာဠဝက သီတင်း သည်သည် များစွာသော အရေအတွက် သင်္ချာငါးရာသော ဥပါသကာ တို့ ခြံရံအပ်လျက် ဘုရားသီတင်းသုံးရာကိုသွား ရှိသေမြတ်နိုး ရှိခိုး ဦးညွှတ်၍ အပြစ်လွတ်ရာအရပ်၌ ထိုင်နေပြီ။ အဲဒီ ထိုင်နေတဲ့ ဟတ္ထကာဠဝက သီတင်းသည်ကို မြတ်စွာ ဘုရားက–

**မဟတိ ခေါ တျာယံ ဟတ္ထက ပရိသာ။**

ဟတ္ထက=ချစ်သားဟတ္ထက။ တေ=သင်၏။ အယံ **ပရိသာ=**

http:\\www.dhammadownload.com



ဤဥပါသကာ ပရိသတ်သည်။ မဟတိ ခေါ=များလှချည်တကားတဲ့။

ကထံ ပန တွံ ဟတ္ထက ဣမံ မဟတိံ ပရိသံ သင်္ဂဏှာသိ။

ဟတ္ထက=ချစ်သား ဟတ္ထက။ တွံ=သင်ချစ်သားသည်။ ကထံ =ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းဖြင့်။ ဣမံ မဟတိံ ပရိသံ=ဤ အရေအတွက်အား ငါးရာလို့ များလှသော ပရိသတ်ကို။ သင်္ဂဏှာသိ =သင်္ဂြိုဟ်ချီးမြှောက် သူတို့စိတ်တွေကို ချစ်သားရဲ့ဘက်သို့ လိုက်လာ အောင် ဆွဲယူ၍ ထားသနည်း။

သူ့အလိုအကြိုက်ကို အကုန်လိုက်ရတယ်။ ဟတ္ထကာဠဝက သီတင်းသည် မင်းသားရဲ့ အလိုအကြိုက်ကို အဲဒိပရိသတ်ငါးရာက လိုက်တာကို မြင်သဖြင့် အဲဒီ ပရိသတ်ရဲ့စိတ်ကို ဟတ္ထကာဠဝက သီတင်းသည်သည် ဖွဲပြီးတော့ ယူထားတယ်။ အဲ့ ချီးမြှောက်တယ်။ ချီးမြှောက်ထားတာ ဘုရားက သိတယ်။ အမှုအရာမြင်သဖြင့်။ အဲဒီတော့ ဟတ္ထကာဠဝက သီတင်းသည် မင်းသားက ဘယ့်နှယ့် ပြန်လျှောက်သလဲ။

ယာနိ မာနိ ဘန္တေ ဘဂဝတာ ဒေသိတာနိ စတ္တာရိ သင်္ဂဟ ဝတ္ထူနိ။

ဘန္တေ=ရှင်ပင်မြတ်ဘုရား။ ဘဂဝတာ=မြတ်စွာဘုရားသည်။ ဒေသိတာနိ=ဟောကြားတော်မူအပ်ကုန်သော။ စတ္တာရိ=လေးပါးကုန် သော။ ယာနိ ဣမာနိ သင်္ဂဟဝတ္ထူနိ=အကြင်သင်္ဂဟဝတ္ထုတို့သည်။ သန္တိ=ရှိကုန်၏။

သင်္ဂဟ=လူတစ်ဖက်သားရဲ့စိတ်ကို မိမိဘက်ပါအောင် ဆွဲ ဆောင်နိုင်တဲ့ ဆွဲဆောင်နိုင်ခြင်း၏ ဝတ္ထုအကြောင်း ဖြစ်တဲ့တရား။

သင်္ဂဟ ဆိုလိုက်ရင်ပေါ့လေ၊ ကိုယ်က ပေးရတာချည်းပဲ မြင်နေ။ အမှန်က ကိုယ်က တစ်ပဲပေးပြီးတော့ တစ်ကျပ်ကို ဆွဲယူတာ၊

http:\\www.dhammadownload.com



အဲ ... ပေးရတာ သင်္ဂဟမှာ လေးမျိုး။ ဘာလဲ၊ ဒါန၊ ပေယျဝဇ္ဇ။ အတ္ထစရိယာ။ သမာနတ္တတာလို့ ဟောဒီလို လေးမျိုး။

ဒါန=ပေးကမ်းခြင်း။

ပေယျဝဇ္ဇ=ချစ်ဖွယ်စကား ပြောကြားခြင်း။

အတ္ထစရိယာ=သူရဲ့အကျိုးကို ကျင့်ပေးခြင်း။

သမာနတ္တတာ=ကိုယ်တူထားပေးခြင်း။ အတူသွားတယ် အတူ စားတယ် အတူထိုင်တယ်။ ငါ မင်းသားပဲ ငါ အထက်က ထိုင်မယ်။ ဟိုလူ ငါးရာအောက် အထိုင်မခိုင်းဘူး။ အဲ.. မိမိက ခုံနဲ့ထိုင်ရင် ပရိသတ် ငါးရာလည်း ခုံနဲ့ပဲနေစေ။ အတူတကွ စားတယ်၊ အတူတကွ သွားတယ်။ အတူတကွ နေထိုင်တယ်။ ဒါတွေကို သမာနတ္တတာလို့။ သင်္ဂဟလေးပါး။

တေဟာဟံ (ဘန္တေ) ဣမံ မဟတိံ ပရိသံ သင်္ဂဏှာမိ။

အဟံ=တပည့်တော်သည်။ တေဟိ=ထိုသင်္ဂဟဝတ္ထု လေးပါးတို့ဖြင့်။ မဟတိံ=များစွာသော။ ဣမံ ပရိသံ=ဤပရိသတ်ကို။ သင်္ဂဏှာမိ= ချီးမြှောက်ပါသည်ဘုရား။ ဝါ။ သင်္ဂဟ ဝတ္ထုလေးပါးတို့ဖြင့် ဤပရိသတ်ရဲ့ စိတ်ဓာတ်ကို တပည့်တော်ဘက် အလိုပါအောင် ဆွဲယူ၍ ထားပါတယ် ဘုရား။

ဘန္တေ=ရှင်ပင်မြတ်ဘုရား။ ဟိ=သင်္ဂဟဝတ္ထုတို့ဖြင့် ချီးမြှောက်ပုံကို လျှောက်ဆိုပါရစေ။ အဟံ=တပည့်တော်သည်။

ယံ ဇာနာမိ အယံ ဒါနေန သင်္ဂဟေတဗ္ဗောတိ။

ယံ=အကြင်သူကို၊ အယံ=ဤသူကတော့ဖြင့်။ ဒါနေန=ဒါန ဆိုတဲ့ သင်္ဂဟဝတ္ထုဖြင့်။ သင်္ဂဟေတဗ္ဗော=ချီးမြှောက်ထိုက်တဲ့ ပုဂ္ဂိုလ်ပဲ။ ဣတိ=ဤသို့။ ဇာနာမိ=စဉ်းစားမိငြားအံ့။ တံ=ထိုသူကို။ ဒါနေန=ပေးကမ်းခြင်းဖြင့်။ သင်္ဂဏှာမိ=ချီးမြှောက်ပါတယ်ဘုရား။

http:\\www.dhammadownload.com



လူကိုကြည့်ရတာ သြော်... သူ့အကဲ ကြည့်ရတာ ပေးကမ်းမှု ဆိုတဲ့ ဒါနဖြင့် ချီးမြှောက်ထိုက်တဲ့ ပုဂ္ဂိုလ်ပဲလို့ စဉ်းစားမိရင် တပည့်တော် အဲဒီပုဂ္ဂိုလ်ကို သူအလိုရှိတဲ့ အဝတ်ပေးတယ်၊ အသုံး အဆောင်ပေးတယ်။ သူ့ပရိသတ်ထဲမှာ လယ်သမားတွေလည်း ပါတယ်။ တောင်သူတွေလည်း ပါတယ်။ သြော် ... သူဖြင့် ထွန်လို ချင်နေတယ်။ ထွန်ပေးလိုက်တယ်။ လှည်းလိုချင် လှည်းပေး။ နွားလိုချင် နွားပေး။ အေး ... သူရဲ့ ပရိသတ်ထဲကပေါ့လေ။ ပုဂ္ဂိုလ် တွေကို ကြည့်လိုက်လို့ ဒီပုဂ္ဂိုလ်ကဖြင့် ပေးကမ်းခြင်း ဒါနဖြင့် ချီးမြှောက်ရမယ်ဆိုရင် အဲ သူလိုတာကို ပေးပါတယ်တဲ့။ အဲဒီ ဒါန သင်္ဂဟတရားဖြင့် တပည့်တော် ချီးမြှောက်ပါတယ်။

ယံ ဇာနာမိ အယံ ပေယျဝဇ္ဇေန သင်္ဂဟေတဗ္ဗောတိ။

ယံ=အကြင်သူကို။ အယံ=ဤသူက။ ပေယျဝဇ္ဇေန=ချစ်ဖွယ် စကားကို ပြောကြားခြင်းဖြင့်။ သင်္ဂဟေတဗ္ဗော=ချီးမြှောက်ထိုက်တဲ့ ပုဂ္ဂိုလ်တည်း။ ဣတိ=ဤသို့။ ဇာနာမိ=စဉ်းစားမိငြားအံ့။ တံ=ထိုသူ ကို။ ပေယျဝဇ္ဇေန=ချစ်ဖွယ်စကား ပြောကြားခြင်းဖြင့်။ သင်္ဂဏှာမိ =ချီးမြှောက်ပါတယ် ဘုရား။

လူမြင် အကဲခတ်ကြည့် အသိသားပေါ့။ သြော်... သူကတော့ ပိယဝါစာ ကြိုက်တဲ့ ပုဂ္ဂိုလ်၊ အဲဒီလို ပိယဝါစာ ချိုသာစကားကြိုက်တဲ့ ပုဂ္ဂိုလ်ကျတော့ ဦးကြီး ဦးလေး နောင်ကြီး ငါ့ညီ ဟောဒီလို၊ အဲဒီလို သူချစ်ခင်လောက်အောင် ပိယဝါစာ ချိုသာစကား ပြောခြင်းဆိုတဲ့ ပေယျဝဇ္ဇသင်္ဂဟတရားဖြင့် ချီးမြှောက်ပါသည်ဘုရား။

ယံ ဇာနာမိ အယံ အတ္ထစရိယာယ သင်္ဂဟေတဗ္ဗောတိ။

ယံ=အကြင်သူကို။ အယံ=ဤသူကတော့ဖြင့်။ အတ္ထစရိယာယ =တတိယမြောက် အတ္ထစရိယ သူ့အကျိုးကို ကျင့်ပေးခြင်းဆိုတဲ့

http:\\www.dhammadownload.com



သင်္ဂဟတရားဖြင့်။ သင်္ဂဟေတဗ္ဗောတိ=ချီးမြှောက်ထိုက်တဲ့ ပုဂ္ဂိုလ်ပဲ ဟူ၍။ ယံ=အကြင်သူ့ကို။ ဇာနာမိ=စဉ်းစားမိငြားအံ့။ တံ=ထိုသူ့ကို။ အတ္ထစရိယာယ=အကျိုးရှိအောင် အကျိုးပြီးအောင် ကျင့်ပေးခြင်းဖြင့်။ သင်္ဂဏှာမိ=ချီးမြှောက်ပါသည်ဘုရား။

**ယံဇာနာမိ အယံ သမာနတ္တတာယ သင်္ဂဟေတဗ္ဗောတိ။**

အယံ။ ဤ သူကတော့ဖြင့်။ သမာနတ္တတာယ=ကိုယ်တူကျင့်ခြင်းဆိုတဲ့။ သမာနတ္တ တာသင်္ဂဟ တရားဖြင့်။ သင်္ဂဟေတဗ္ဗောတိ။ ချီးမြှောက်ထိုက်တဲ့သူပဲဟူ၍။ ယံ=အကြင်သူကို။ ဇာနာမိ=စဉ်းစားမိငြားအံ့။ တံ=ထိုသူ့ကို။ သမာနတ္တတာယ=ကိုယ်တူကျင့်ခြင်း သမာနတ္တတာ သင်္ဂဟတရားဖြင့်။ သင်္ဂဏှာမိ=ချီးမြှောက်ပါသည် ဘုရား။

လူကဲကို ကြည့်ပြီးတော့ ဒါနနဲ့ ချီးမြှောက်သင့်တဲ့ ပုဂ္ဂိုလ်ကို ဒါနသင်္ဂဟဝတ္ထုဖြ   ချီးမြှောက်ပါတယ်။ ပေယျဝဇ္ဇ=ပိယဝါစာဖြင့် ချီးမြှောက်သင့်တဲ့   ာ်ကို ပိယဝါစာဖြင့် ချီးမြှောက်ပါတယ်ဘုရား။

အတ္ထစရိယာ=သူ့ကျိုးကို ကျင့်ပြီးတော့ ချီးမြှောက်သင့်တဲ့ ပုဂ္ဂိုလ်ပဲလို့ စဉ်းစားမိရင် အဲဒီသူ့ကျိုးကို ကျင့်ခြင်းတည်းဟူသော အတ္ထစရိယသင်္ဂဟာဖြင့် ချီးမြှောက်ပါတယ်။ ဟာ- ဒီလူ အကဲခတ်ရတာကတော့ စွ[illegible]လည်း မလိုချင်ဘူး။ အဲ ပိယဝါစာ ပြောတာလည်း မလိုချင်ဘူး။ အဲ သူ့မှာလည်းပဲ ပြည့်ပြည့်စုံစုံ ဖြစ်နေတဲ့အတွက် ဘာမှအကျိုးရှိအောင်ပေါ့လေ ရွက်ဆောင်ပေးတာ မလိုချင်ဘူး။ တစ်ချို့က ရှိတယ်။ ဘယ့်နဲ့လည်း သူနဲ့အတူထိုင်ရ အတူသွားရ အတူစားရ အဲဒါမျိုးမှ ကျေနပ်တဲ့ ပုဂ္ဂိုလ်မျိုးလို့ အကဲခတ်ရတဲ့ ပုဂ္ဂိုလ်ကျတော့လည်း သမာနတ္တတာ - ကိုယ်တူကျင့်ခြင်းဆိုတဲ့ သူ့အကြိုက်အတိုင်း သမာနတ္တတာ စတုတ္ထသင်္ဂဟဝတ္ထုဖြင့် တပည့်တော် ချီးမြှောက်ပါတယ်။

http:\\www.dhammadownload.com



သံဝိဇ္ဇန္တိ ခေါ ပန ဘန္တေ ကုလေ ဘောဂါ၊
ဒလိဒ္ဒဿ ခေါ နော တထာ သောတဗ္ဗံ မညန္တိ။

ဘန္တေ=ရှင်ပင်မြတ်ဘုရား။ မေ=တပည့်တော်၏။ ကုလေ=နန်းအိမ်၌။ ဘောဂါ=စည်းစိမ်ဥစ္စာတို့သည်။ သံဝိဇ္ဇန္တိ=ခမည်းတော်ဘုရား ချီးမြှောက်ထားသဖြင့် အများကြီး ရှိကြပါကုန်သည်ဘုရား။

မြတ်စွာဘုရား–တဲ့၊ တပည့်တော်ရဲ့နန်းအိမ်မှာ ခမည်းတော်ဘုရား သနားချီးမြှောက်ထားသဖြင့် စည်းစိမ်ဥစ္စာ အသုံးအဆောင်တွေ သိပ်များပါတယ်ဘုရား။ များတော့ ဒီလူကတော့ စွန့်ကြဲပေးကမ်းခြင်းနဲ့ ချီးမြှောက်သင့်တဲ့ပုဂ္ဂိုလ်ဆို စွန့်ကြဲပေးကမ်းလှူဒါန်းမှု ဒါနနဲ့ ချီးမြှောက်လိုက်တာပဲ။ အတူစားမှ ကြိုက်မယ့်လူ အတူစားတယ်။ အားလုံး ... လုပ်နိုင်တယ်။ လုပ်နိုင်ပါသကောဘုရား။ ခမည်းတော်ဘုရား ချီးမြှောက်ထားလို့ တပည့်တော်ရဲ့ နန်းအိမ်မှာ စည်းစိမ်ဥစ္စာတွေက အများကြီးကို၊ ဒီတော့ တပည့်တော် အလိုရှိသလို သင်္ဂဟလေးပါးနဲ့ ချီးမြှောက်နိုင်ပါတယ် ဘုရား။

ဒလိဒ္ဒဿ ခေါ=ဆင်းရဲသား အဖို့ရန်တော့။ တထာ=ထို တပည့်တော်အတူ။ သောတ ဗ္ဗံ=နာကောင်း၏ဟူ၍။ နော မညန္တိ=မအောက်မေ့နိုင်ကြကုန်။

ဆင်းရဲသား တစ်ယောက်ဆိုယင်တော့ တပည့်တော်လို သင်္ဂဟလေးပါးနဲ့ မချီးမြှောက်နိုင်တဲ့အတွက် ဆင်းရဲသားရဲ့စကားကို သူ့ ပရိသတ်က နာကြားကောင်းတယ်လို့ မအောက်မေ့ဘူး ဘုရား။ ဘာပြုလို့၊ စီးပွား ဥစ္စာမရှိလို့၊ မရှိတော့ သင်္ဂဟလေးပါးနဲ့ မချီးမြှောက်နိုင်ဘူး။ မချီးမြှောက်နိုင်တော့ သူ့စကားကို ရှိသေစွာ နာရကောင်းတယ်လို့ သူ့ပရိသတ်က မအောက်မေ့ဘူး ဘုရားတဲ့၊ တပည့်တော်မှာတော့ ခမည်း တော်ဘုရား ချီးမြှောက်ထားလို့ မြှောက်များ

http:\\www.dhammadownload.com



စွာသော စည်းစိမ်ဉစ္စာတွေ ရှိတဲ့အတွက် တပည့်တော်ဒါန၊ ပိယဝါစာ၊ အတ္ထစရိယ၊ သမာနတ္တတာ သင်္ဂဟလေးပါးဖြင့် လိုအပ်သလို ချီးမြှောက်တဲ့အတွက် တပည့်တော် စကားကို တပည့်တော် ပရိသတ် ဥပါသကာငါးရာက မြေဝယ်မကျ နားထောင်ကြတယ် ဘုရားလို့ လျှောက်။ ဒီတော့မှ မြတ်စွာဘုရားက–

သာဓု သာဓု ဟတ္ထက သာဓု။

သာဓုပါ ချစ်သားဟတ္ထကတဲ့။

ယောနိ ခေါ တျာယံ ဟတ္ထက မဟတိံ ပရိသံ သင်္ဂဟေတုံ။

ဟတ္ထက=ချစ်သားဟတ္ထက။ အယံ=ဤသင်္ဂဟလေးပါးဆိုတဲ့ တရားအစုသည်။ မဟတိံ ပရိသံ=များစွာသောပရိသတ်ကို။ သင်္ဂဟေတုံ=ချီးမြှောက်ခြင်းငှာ။ ဝါ–သူ့ရဲ့စိတ်ကို ကိုယ့်ဘက်ပါ အောင် ဆွဲဆောင်ခြင်းငှာ။ ယောနိခေါ=အကြောင်း မှန်ပေ၏။

ချစ်သားဟတ္ထက၊ များစွာသော ပရိသတ်ကို ချီးမြှောက်ဖို့ရန် ဤသင်္ဂဟတရား လေးပါးအစုသည် မှန်ကန်ကြောင်းပဲ။

ယေ ဟိ ကေစိ ဟတ္ထက အတီတမဒ္ဓါနံ မဟတိံ ပရိသံ သင်္ဂဟေသုံ။ သဗ္ဗေတေ ဣမေဟေဝ စတူဟိ သင်္ဂဟဝတ္ထူဟိ မဟတိံ ပရိသံ သင်္ဂဟေသုံ။

ဟတ္ထက=ချစ်သားဟတ္ထက။ ဟိ=မှန်၏။ ယေ ကေစိ=အမှတ်မထင် အကြင်သူတို့သည်။ ဝါ=ခပ်သိမ်းကုန်သော။ အတီတမဒ္ဓါနံ= အတိတ်အခွန့်၌။ ယေ ကေစိ=အမှတ်မထင် အကြင်သူတို့သည်။ ဝါ= ခပ်သိမ်းဉဿုံအလုံးစုံသော သူတို့သည်။ မဟတိံ ပရိသံ=များစွာသော ပရိသတ်ကို။ သင်္ဂဟေသုံ=ချီးမြှောက်ကြကုန်ပြီ။ သဗ္ဗေ=ခပ်သိမ်းကုန် သော။ တေ=ထိုအတိတ်ကာလက များလှသော ပရိသတ်ကို ချီး မြှောက်ကြတဲ့ ပုဂ္ဂိုလ်တို့သည်။ ဣမေဟေဝ စတူဟိ သင်္ဂဟဝတ္ထူဟိ

http:\\www.dhammadownload.com



=ဤသင်္ဂဟဝတ္ထုလေးပါး တရား ဖြင့်သာလျှင်။ သင်္ဂဟေသုံ= ချီးမြှောက်ခဲ့ကြကုန်ပြီ။

ယေပိ ဟိ ကေစိ ဟတ္ထက အနာဂတမဒ္ဓါနံ မဟတိံ ပရိသံ သင်္ဂဏှိဿန္တိ။

ချစ်သား ဟတ္ထက၊ အတိတ်မှာသာ မဟုတ်သေးဘူး၊ အနာဂတ်အတွင်းမှာလည်း ခပ်သိမ်းသော ပုဂ္ဂိုလ်တို့သည် များစွာသော ပရိသတ်ကို ချီးမြှောက်ကြမယ်၊ သူ့စိတ်ကို ကိုယ့်ဘက်ပါအောင် ဆွဲဆောင်ယူမယ် ဆိုလို့ရှိယင်–

သဗ္ဗေတေ ဣမေဟေဝ စတူဟိ သင်္ဂဟဝတ္ထူဟိ မဟတိံ ပရိသံ သင်္ဂဏှိဿန္တိ။

အဲဒီအနာဂတ်မှာ ချီးမြှောက်ကြမယ့် ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း အကုန်လုံးဟာ ဒါန ပိယဝါစာ အတ္ထစရိယ သမာနတ္တတာဆိုတဲ့ သင်္ဂဟလေးပါးတို့ဖြင့်သာလျှင် ချီးမြှောက်ကြပေလိမ့်မယ်။ အဲဒီ လေးပါး ဟိုဘက် ချီးမြှောက်မယ့်တရား မရှိဘူး၊ အဲဒီ လေးပါးထက် ပိုပြီးသကာလ သူ၏ စိတ်ကို ကိုယ့်ဘက်ပါအောင် ကိုယ့်အလိုပါအောင် ဖွဲယူဆောင်နိုင်တဲ့ တရားတော့ မရှိဘူး။

ယေပိ ဟိ ကေစိ ဟတ္ထက ဧတရဟိ မဟတိံ ပရိသံ သင်္ဂဏှန္တိ။ သဗ္ဗေ တေ ဣမေဟေဝ စတူဟိ သင်္ဂဟဝတ္ထူဟိ မဟတိံ ပရိသံ သင်္ဂဏှန္တိ။

ချစ်သားဟတ္ထက။ ယခုနေ့ လောလောဆယ် ပစ္စုပ္ပန်မှာလည်းပဲ များစွာသော ပရိသတ်ကို ချီးမြှောက်တယ်၊ ထိန်းအုပ်ထားနိုင်တယ် ဆိုတဲ့ ခပ်သိမ်းဥဿုံ အလုံးစုံသော သူတို့သည် ရှိကြ၏၊ ထိုအလုံးစုံသော သူတို့သည်ပင် ဤသင်္ဂဟလေးပါးတရားတို့ဖြင့် များစွာသော ပရိသတ်ကို ချီးမြှောက်နေကြဆဲ ထိန်းအုပ်နေကြဆဲစိတ်ကို မိမိဘက်

http:\\www.dhammadownload.com



ပါအောင် ဆွဲဆောင်ယူငင်နေကြဆဲ ဖြစ်တယ်။ ကာလသုံးပါးမှာပင် သင်္ဂဟလေးပါးကသာဖြင့် **များစွာသော** ပရိသတ်ကို ထိန်းချုပ်နိုင်ဖို့ရန် အခြေခံ အကြောင်းပဲဆိုတာ **ဟတ္ထကာဠဝက** သီတင်းသည်မင်းသား သူကျင့်တဲ့တရားကို အားရအောင် **ဘုရားက** ထောက်ခံပေးလိုက်တယ်။ အဲဒီတော့မှ ဘုရား တရားသိမ်းတော့ ဟတ္ထကာဠဝက သီတင်းသည်သည် အဲဒီ မြတ်စွာဘုရားကို ရိုသေမြတ်နိုး ရှိခိုးဦးညွတ်ပြီးတော့ ပြန်သွားတယ်။ အခါကျတော့မှ ဘုရားကိုယ်တော်မြတ်က ရဟန်းတော်တွေချည်းပဲကျန်မှ ဘာပြောသလဲ-

အဋ္ဌဟိ ဘိက္ခဝေ အစ္ဆရိယေဟိ အဗ္ဘုတေဟိ ဓမ္မေဟိ သမန္နာဂတံ ဟတ္ထကံ အာဠဝကံ ဓာရေထ။

ချစ်သားတို့ ဟိုယမန်နေ့က ဟတ္ထကာဠဝက သီတင်းသည်ကို အံ့ဖွယ်ခုနစ်ပါး ကျေးဇူးတရားနှင့် ပြည့်စုံတဲ့သူလို့ ချစ်သားတို့ မှတ်ကြလို့ ငါဘုရားဟောခဲ့တယ်၊ ဒါပေမယ့် ကနေ့ တစ်မျိုးတိုးပြီးတော့ မှတ်ကြ။

ရဟန်းတော်များ အို ချစ်သားတို့၊ ဟတ္ထကာဠဝကသီတင်းသည်ကို ယနေ့ကစပြီးတော့ အံ့ဖွယ်ရှစ်ပါး ဂုဏ်ကျေးဇူးတရားနဲ့ ပြည့်စုံတဲ့ သူတော်ကောင်း တစ်ယောက်ပဲလို့ မှတ်ထားကြ။

ကတမေဟိ အဋ္ဌဟိ=

ချစ်သား၊ ရှစ်ပါး ဘာတွေလဲဆိုတော့။

သဒ္ဓေါ ဘိက္ခဝေ ဟတ္ထကော အာဠဝကော=

ချစ်သားတို့၊ ဟတ္ထကာဠဝက သီတင်းသည်သည် လောကီ လောကုတ္တရာ သဒ္ဓါတရားနဲ့လည်း ပြည့်စုံ၏။

သီလဝါ ဘိက္ခဝေ ဟတ္ထကော အာဠဝကော=

ချစ်သားတို့၊ ဟတ္ထကာဠဝက သီတင်းသည်သည် လောကီ

http:\\www.dhammadownload.com



လောကုတ္တရာ သီလနှစ်ပါးနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ် ဖြစ်ပေ၏။

ဟိရိမာ ဘိက္ခဝေ ဟတ္ထကော အာဠဝကော=

ချစ်သားတို့၊ ဟတ္ထကာဠဝက သီတင်းသည်သည် လောကီ လောကုတ္တရာ မကောင်းမှုမှ ရှက်ခြင်း၊ ရှုံ့ရှာစက်ဆုတ်ခြင်းဆိုတဲ့ ဟိရိ တရားနဲ့လည်း ပြည့်စုံပေ၏။

ဩတ္တပ္ပီ ဘိက္ခဝေ ဟတ္ထကော အာဠဝကော=

ချစ်သားတို့၊ ဟတ္ထကာဠဝက သီတင်းသည်ဟာဖြင့် လောကီ လောကုတ္တရာ ဩတ္တပ္ပတရားနဲ့လဲ ပြည့်စုံသူလဲ ဖြစ်ပေ၏။

ဗဟုဿုတော ဘိက္ခဝေ ဟတ္ထကော အာဠဝကော=

ချစ်သားတို့၊ ဟတ္ထကာဠဝက သီတင်းသည်ဟာဖြင့် လောကီ လောကုတ္တရာ ဗဟုသုတ ကြွယ်ဝတဲ့ ပုဂ္ဂိုလ်လည်း ဖြစ်ပါပေ၏။

စာဂဝါ ဘိက္ခဝေ ဟတ္ထကော အာဠဝကော=

ချစ်သားတို့၊ ဟတ္ထကာဠဝကသီတင်းသည်သည် စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်း ဆိုတဲ့ စာဂစေတနာနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်လည်း ဖြစ်ပေ၏။

ပညဝါ ဘိက္ခဝေ ဟတ္ထကော အာဠဝကော=

ချစ်သားတို့၊ ဟတ္ထကာဠဝက သီတင်းသည်သည် လောကီ လောကုတ္တရာ ပညာနှစ်ပါးနဲ့လည်း ပြည့်စုံတဲ့သူလည်း ဖြစ်ပေ၏။

အပ္ပိစ္ဆော ဘိက္ခဝေ ဟတ္ထကော အာဠဝကော=

ချစ်သားတို့၊ ဟတ္ထကာဠဝက သီတင်းသည်ဟာဖြင့် မိမိရတဲ့ လောကီလောကုတ္တရာ တရားထူးတွေကို သူတစ်ပါးကို သိမှာ အလွန် စိုးတယ်တဲ့၊ သူတစ်ပါးကိုပေါ့လေ သိဖို့ရန်အလို မရှိတဲ့ အလိုနည်းတဲ့ အမျိုးကောင်းသား သူတော်ကောင်း ဖြစ်ပါပေ၏။

ဣမေဟိ ခေါ ဘိက္ခဝေ အဋ္ဌဟိ အစ္ဆရိယေဟိ အဗ္ဘုတေဟိ

http:\\www.dhammadownload.com



ဓမ္မေဟိ သမန္နာဂတံ ဟတ္ထကံ အာဠဝကံ ဓာရေထ။

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့။ ဟတ္ထကံ အာဠဝကံ=ဟတ္ထကာဠဝက သီတင်းသည်ဒါယကာကို။ အဌဟိ=ရှစ်ပါးကုန်သော။ ဣမေဟိ အစ္ဆရိယေဟိ အဗ္ဘုတေဟိ ဓမ္မေဟိ=ဤအံ့ဖွယ်ထူးဆန်း ရှစ်ခန်းသော ကျေးဇူးတရားတို့နှင့်။ သမန္နာ ဂတံ=ပြည့်စုံတဲ့ သူတော်ကောင်း တစ်ယောက်ဟူ၍။ ဓာရေထ=သင်ချစ်သားတို့ မှတ်သားထားကြပါကုန်။ လို့– ဒါနဲ့ ဒီတရားပွဲ သိမ်းတယ်။ ဟောဒါ သုတ္တန်တစ်ခုပြီးပြီ။

## ဟတ္ထကသုတ်
## (အင်္ဂုတ္တိုရ် တိကနိပါတ်– ၁၃၅)

တိကနိပါတ်– ဟတ္ထကသုတ်လို့ လာပြန်တယ်။ အဲဒါကျတော့ မြတ်စွာဘုရား သီတင်းသုံးတဲ့ပုံကို ဘုရားနေတဲ့ပုံကို။

ဧကံ သမယံ ဘဂဝါ အာဠဝိယံ ဝိဟရတိ ဂေါမဂ္ဂေ သိံသပါဝနေ ပဏ္ဏသန္ထရေ။

ဧကံသမယံ=အခါတစ်ပါး၌။ ဘဂဝါ=မြတ်စွာဘုရားသည်။ အာဠဝိယံ=အာဠဝိပြည်၏ အနီးဖြစ်သော။ (အာဠဝီပြည်ဂေါ်စရဂါမ် ပြုပြီးတော့။) ဂေါမဂ္ဂေ=နွားတွေသွားတဲ့လမ်း၌။ သိံသပါဝနေ=ယင်းတိုက်တော၌။ ပဏ္ဏသန္ထရေ=သစ်ရွက်အခင်းပေါ်၌။ ဝိဟရတိ=သီတင်းသုံး နေထိုင်တော်မူဆဲ ဖြစ်ပါပေ၏။

ဘယ့်နဲ့ဗျာ ကျောင်းတိုက်ကြီးတွေ ရှိပါရဲ့သားနဲ့ ကျောင်းတိုက်ကြီးတွေကို မနေဘူး၊ နွားတွေသွားတဲ့လမ်း တောအုပ်ရဲ့တစ်ခု ဘယ်လို တောအုပ်တုန်း၊ ယင်းတိုက်တောအုပ်ကြီး။ ယင်းတိုက်တောအုပ်ရဲ့အတွင်း နွားတွေသွားတဲ့လမ်းမှာ၊ ပဏ္ဏသန္ထရေ=သစ်ရွက်

http:\\www.dhammadownload.com



အခင်း၌ ထိုင်နေတော်မူတယ်။ **ဘာပြုလို့ အို–** အဲဒီအနားမှာ ကိုယ်တော် တရားဟောရမှာ မြင်လို့ထိုင်၊ ဘယ်သူ့မြင်လို့တုန်း၊ ဟတ္ထကာဠဝက သီတင်းသည်ကို မြင်လို့၊ ကိုင်း ဆိုကြပါစို့။

**အထ ခေါ ဟတ္ထကော အာဠဝကော ဇင်္ဃာဝိဟာရံ အနုစင်္ကမမာနော အနုဝိစရမာနော။**

ယင်းသို့ မြတ်စွာဘုရား ဟောကြားတဲ့ သစ်ရွက်ခင်းနေရာပါး ပေါ်မှာ ထိုင်နေတော်မူတဲ့အချိန် ဟတ္ထကာဠဝကသီတင်းသည်ဆိုတဲ့ ကိုယ်တော့်တပည့်သာဝကကလည်းပဲ အညောင်းအညာပြေအောင် **လည်း တစ်**ကြောင်း၊ လူပရိသတ်ကြီးနဲ့ ငါးရာသော ပရိသတ်နဲ့ ဘုရား **သီတင်းသုံးတော်မူ**တဲ့ အဂ္ဂါဠဝစေတိယခေါ်သော ကျောင်းတိုက်ကြီး ကို သွားကြမယ်ကြံတော့ လမ်းအကြားမှာ ကျောင်းတော်ကိုရောက်တဲ့ အခါကျတော့ တောပန်းလေးနဲ့ ငါ ဘုရားပူဇော်ချင်ပါဘိ၊ ဒီအနေနဲ့ ယင်းတိုက်တောထဲကို သူ...လည်း ဝင်သွားတယ်။ ခရီးမက တကယ့်ကို လမ်းကြီးဖြူးလို့ အဲဒ်...မ်းကြီးမှ ဖယ်ပြီးတော့ ယင်းတိုက် တောထဲကို သူက ဝင်သွားတော့–

**အဒ္ဒသ ဘဂဝန္တံ ဂါမဂ္ဂေ သိံသပါဝနေ ပဏ္ဏသန္ထရေ နိသိန္နံ=**

ဘဂဝန္တံ=မြတ်စွာဘုရားကို။ ဂါမဂ္ဂေ=နွားတွေသွားတဲ့ လမ်း၌။ (မြေပြန့်မြေညီ မဟုတ်ဘူး၊ နွားခွါရာတွေနဲ့။) သိံသပါဝနေ =ယင်းတိုက်တောထဲ၌။ ပဏ္ဏသန္ထရေ=သစ်ရွက်အခင်းဆိုတဲ့ နေရာပါး ပေါ်၌။ နိသိန္နံ= ထိုင်နေတော်မူသည်ကို။ အဒ္ဒသ=မျက်ဝါးထင်ထင် ဖူးမြင်ရလေပြီ။

ဟာ– သူ, တောပန်းအရှာ ဒီအထဲဝင်တော့ ဘုရားကိုယ် တော်မြတ်ကြီး နွားတွေသွားတဲ့လမ်းမှာ သစ်ရွက်အခင်း နေရာပါး

http:\\www.dhammadownload.com



ပေါ်၌ တစ်ပါးထဲ ထိုင်နေတာမြင်တော့။

ဒိသွာ ယေန ဘဂဝါ တေန+ ပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ။

မြင်လည်းပြီးရော ဝမ်းသာအားရနဲ့ ဘုရားရှိရာ သွားရောက် ဝပ်လျှိုး ရှိသေစွာ ရှိခိုးပြီးတော့ အပြစ်လွတ်တဲ့နေရာက ထိုင်နေပြီ။

**ဧကမန္တံ နိသိန္နော ခေါ ဟတ္ထကော အာဠဝကော ဘဂဝန္တံ ဧတ+ ဒဝေါစ။**

အဲဒီလို အပြစ်လွတ်တဲ့ နေရာက ထိုင်နေပြီးတဲ့အခါ ဟတ္ထကာဠဝက သီတင်းသည်က မြတ်စွာဘုရားကို ဟောဒီလို လျှောက်ထားတယ်။

ကစ္စိ ဘန္တေ ဘဂဝါ သုခ+ မသယိတ္ထ။

ကစ္စိ=အသို့နည်း။ သုခံ=ချမ်းသာစွာ။ အသယိတ္ထ=ကိန်းစံပျော် နေတော်မူပါရဲ့လား ဘုရား။

ဘုရား၊ ချမ်းချမ်းသာသာ နေတော်မူပါရဲ့လား ဘုရား၊ လျှောက်တော့ ဘုရားက ပြန်ဖြေတယ်။

**ဧဝံ ကုမာရ သုခ+မသယိတ္ထံ၊ ယေ စ ပန လောကေ သုခံ သေန္တိ၊ အဟံ တေသံ အညတရော။**

ကုမာရ= မင်းသား၊ ဧဝံ=အေး- ဟုတ်တယ်။ အဟံ= ငါဘုရားသည်။ သုခံ=ချမ်းသာစွာ။ အသယိတ္ထံ=ကိန်းစံပျော်နေတော်မူရပါ၏။ လောကေ=လောက၌။ ယေ=အကြင်သူတို့သည်။ သုခံ= ချမ်းသာစွာ။ သေန္တိ=အိပ်ကြနေကြကုန်၏။ အဟံ=ငါဘုရားသည်။ တေသံ=ထို ချမ်းချမ်းသာသာ အိပ်နေကြတဲ့ ပုဂ္ဂိုလ်တို့အနက်။ အညတရော=တစ်ပါး အပါအဝင်ပါ။

အေး- ဟုတ်တယ် မင်းသား၊ ငါဘုရား ချမ်းချမ်းသာသာ

http:\\www.dhammadownload.com



အိပ်ရနေရပါ၏။ လောက၌ ချမ်းချမ်းသာသာ အိပ်ရနေရတဲ့အထဲမှာ ငါဘုရားလည်း တစ်ပါးအပါအဝင်ပေါ့။ အဲဒီလို ဘုရားက အမိန့်ရှိလိုက်တော့။ မင်းသားလေး ဟတ္ထကာဠဝက သီတင်းသည်က ဘယ်နဲ့ လျှောက်သလဲ။

**သီတာ ဘန္တေ ဟေမန္တိကာ။**

ဘန္တေ=ရှင်ပင်မြတ်ဘုရား။ ရတ္တိ=ညဉ့်ကလည်းပဲ။ ဟေမန္တိကာ =ဆောင်းဥတုဖြစ်တဲ့အတွက်။ သီတာ=အလွန့်ကို အေးလှပါသည် ဘုရား။

ဘုရားတဲ့၊ ညဉ့်ကလည်းပဲ ဆောင်းရာသီ ဖြစ်တဲ့အတွက် အလွန်လည်း အေးတယ်။ အေး– ဘာဖြစ်။

**အန္တရဋ္ဌကော ဟိမပါတသမယော။**

အန္တရဋ္ဌကော=တပို့တွဲလနဲ့ တပေါင်းလတို့ရဲ့အကြား ရှစ်ရက်ဖြစ်၍၊ ဟိမပါတ သမယော=နှင်းတဖြိုက်ဖြိုက်ကျနေတဲ့ အချိန်ကြီးပါဘုရား။

ရက်ကလည်း ဘုရားတဲ့– အန္တရဋ္ဌကရက်ကြီး (တပို့တွဲလရဲ့ အဆုံး လေးရက်နဲ့ တပေါင်းလအစ လေးရက်ကို အန္တရဋ္ဌရက်လလို့ အဋ္ဌကထာက ဒီလို ဖွင့်တယ်၊ တစ်နည်းအားဖြင့် အဋ္ဌကထာ ဆရာတော်က ဒီနေရာမှာ ဖွင့်တယ်။ ဒီပြင်နေရာမှာတော့ ပြာသိုနဲ့ တပို့တွဲကြား အန္တရဋ္ဌက။ နတ်တော်နဲ့ ပြာသိုကြား အန္တရဋ္ဌက။ တန်ဆောင်မုန်းနဲ့ နတ်တော်ကြား အန္တရဋ္ဌက အဲဒီလိုအမျိုးမျိုး ဝါဒပြားသော်လည်းပဲ ဒီနေရာ အဋ္ဌကထာ ဆရာတော်က တပို့တွဲလနဲ့ တပေါင်းလအစ လေးရက်၊ အဲဒီရှစ်ရက်ကို အန္တရဋ္ဌကတဲ့၊ တပို့တွဲလနဲ့ တပေါင်းလ နှစ်လတို့ရဲ့အကြား ရှစ်ရက်။ ဟိမပါတသမယော= နှင်းတဖြိုက်ဖြိုက်ကျနေတဲ့ အချိန်ပါဘုရား။ ဘာဖြစ်တုန်း။

http:\\www.dhammadownload.com



ခရာ ဂေါကဏ္ဍကဟတာ ဘူမိ။

ဘူမိ=ရှင်တော်ဘုရား ယခုထိုင်နေတဲ့ မြေကလည်းပဲ။ ခရာ= ပင်ကိုယ်ကကြမ်းလှတဲ့ အထဲ။ ဂေါကဏ္ဍကဟတာ=နွားတို့၏ ခွာရာ ဖြင့် ဖြတ်၍ ထားအပ်ပါသည်ဘုရား။

အခု ရှင်တော်မြတ်ဘုရား ထိုင်နေတဲ့ နေရာက မြေကိုက နဂိုက ကြမ်း၊ အဲဒီကြမ်းတဲ့ အပေါ်မှာ နွားတွေက (မိုးတွင်း တစ်နယ် မြေတွေနဲ့ တူပါတယ်။) တစ်ခါထဲ ခွာရာချင်း ထပ်အောင် နင်းထား တော့ ခွာကြားထဲက မြေကြီးတွေက ထောင်နေ။ အဲဒီထောင်နေတဲ့ မြေတွေက ဆောင်းရာသီဆိုတာ အေးမှသာအေးတယ် နေဒဏ်ကျ တော့ အင်မတန် ပြင်းတယ်နော်။ တစ်ခါတည်း ခြောက်နေတယ်။ ဆူးတွေကို ထနေတယ်တဲ့။ ဂေါကဏ္ဍကဟတ ဘူမိ။ အေး– ပြီးတော့ ဘာဖြစ်သေးလဲ။

တနုကော ပဏ္ဏသန္ထရော။

ပဏ္ဏသန္ထရော=ရှင်တော်ဘုရား အောက်က ခင်းထားတဲ့ သစ်ရွက်အခင်း နေရာပါးကလေးရယ်။ ဒါအောက်က အပေါ်ကို ကြည့်လိုက်ပြန်တော့လည်းပဲ။

ဝိရဠာနိ ရုက္ခဿပတ္တာနိ။

ရုက္ခဿ၊ ရှင်တော်ဘုရား သီတင်းသုံးနေတဲ့ သစ်ပင်၏။ ယင်း တိုက်ပင်ကြီး၏။ ပတ္တာနိ=အပေါ်သစ်ရွက်တွေကလည်းပဲ။ ဝိရဠာနိ= ဖရိုဖရဲ ကျိုးတို့ကျဲတဲသာ ရှိကြပါကုန်၏။

အပေါ်ကလည်းပဲ သစ်ရွက်တွေက အုပ်ပြီးတော့ လင်းမိပြီး၊ နွေးရအောင်ဟာ နွေးဖို့ ရန်မရှိဘူး၊ သစ်ရွက်ကလည်း ကျဲတယ်။

သီတာနိ ကာသာယာနိ ဝတ္ထာနိ။

ကာသာယာနိ ဝတ္ထာနိ= ရှင်တော်ဘုရား ဝတ်ထားတဲ့

http:\\www.dhammadownload.com



ဖန်ရည်စွန်းတဲ့ အဝတ်တွေကလဲ။ ဘာနိ=တပည့်တော်တို့ လူဝတ်ကြောင်များ အဝတ်ထက် ပို၍ အေးကြကုန်၏။

ဟတ္ထကာဠဝကကတော့ သူသိတဲ့အတိုင်း လျှောက်နေတယ်။

**သီတော စ ဝေရမ္ဘော ဝါတော ဝါယတိ။**

စ=သည်သာမကသေး။ သီတော=အလွန်အေးမြသော။ ဝေရမ္ဘော ဝါတော=အရပ်လေးမျက်နှာက တိုက်တဲ့လေကလည်းပဲ။ ဝါယတိ=အရှေ့ကတိုက်လိုက် တောင်ကတိုက်လိုက် အနောက်ကတိုက်လိုက် တောင်ကတိုက် မြောက်ကတိုက်လိုက်နဲ့ လှည့်ပြီးတော့ တိုက်နေတယ် ဘုရား–တဲ့၊ ဘယ်ဘက်ကမှ နွေးတယ်လို့ ပြောစရာ မရှိ ဘူး။

အထ စ ပန=သို့ဖြစ်ပါလျက်။ ဘဂဝါ=မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက။

**ဧဝံ ကုမာရ သုခ+မသယိတ္ထံ၊ ယေ စ ပန လောကေ သုခံ သေန္တိ၊ အဟံ တေသံ အညတရောတိ။**

မင်းသား၊ အေး ငါဘုရား ချမ်းချမ်းသာသာ အိပ်ရနေရ၏။ လောကမှာ ချမ်းချမ်းသာသာ အိပ်ကြနေကြရတဲ့ အထဲမှာဖြင့် ငါဘုရားလည်း တစ်ဦးအပါအဝင်ပဲလို့ မိန့်ကြားတော်မူတယ် ဘုရား။ ယုံနိုင်ပါ့မလား။ ဘယ်ချမ်းချမ်းသာသာ အိပ်ရမလဲ။ စောင်လည်း မပါဘူး။ ဟို ဘုရားမှာ တိစီဝရိက်လောက် အဲဒီတိစီဝရိက်ဆိုတဲ့ ဒီဖန်ရည်စွန်းတဲ့ သင်္ကန်းကလဲပဲ တပည့်တော်တို့လူတွေရဲ့ အဝတ်နဲ့ မတူဘူးတဲ့၊ အင်မတန် အေးတယ်၊ ဒီပင်ကိုယ်အေးရတဲ့ အထဲမှာ အလွန်အေးမြတဲ့ လေးဘက်လေးတန်က လေကလဲ တိုက်သနဲ့။ သို့ပါလျက်ကနဲ့ ရှင်တော်ဘုရားက အေး မင်းသား၊ ငါဘုရား ချမ်းချမ်း သာသာ အိပ်ရနေရ၏။ လောက၌ ချမ်းချမ်းသာသာ အိပ်ရနေရတယ်

http:\\www.dhammadownload.com



ဆိုတဲ့ ပုဂ္ဂိုလ်တွေထဲမှာ ငါဘုရား တစ်ပါး အပါအဝင်ပေါ့လို့ မိန့်ကြားတော်မူပါဘိ၏။ တပည့်တော် ဘယ်လိုနည်းနဲ့မှ ယုံလို့ မဖြစ်ဘူး။ သူက ဥတုဒဏ်နဲ့ စဉ်းစားပြီး ပြောတာ။ ဒီတော့ မြတ်စွာဘုရားက–

တေန ဟိ ကုမာရ တညေဝေတ္ထ ပဋိပုစ္ဆိဿာမိ။

ကုမာရ=မင်းသား။ တေနဟိ=သို့တပြီးကား။ ဝါ သင့်စိတ်ထဲမှာ မယုံမရဲရှိနေလို့ ရှိတာဖြင့်။ တညေဝ=သင့်ကိုပင်လျှင်။ ဧတ္ထ=ဤအရာ၌။ ပဋိပုစ္ဆိဿာမိ=တဖန်ပြန်၍ ငါဘုရား မေးမြန်းမယ်။

ကိုင်း–သင့်စိတ်ထဲ မယုံမရဲ ရှိနေလို့ဖြင့်ယင် သင့်ကိုပဲ ငါဘုရား ပြန်မေးမယ်။

ယထာ တေ ခမေယျ၊ တထာနံ ဗျာကရေယျာသိ။

ယထာ=အကြင်ခြင်းဖြင့်။ တေ=သင်ချစ်သားသည်။ ခမေယျ=နှစ်သက်အပ်၏။တထာ=ထိုသင်ချစ်သား နှစ်သက်တဲ့အတိုင်း။ နံ=ထို ငါဘုရား မေးတဲ့အမေးကို။ ဗျာကရေ ယျာသိ=ဖြေကြားလော့။

အေး ချစ်သားစိတ်ထဲ နှစ်သက်တဲ့အတိုင်း ကျေနပ်တဲ့အတိုင်း သဘောကျတဲ့အတိုင်း ငါဘုရား မေးမည့် ပြဿနာ ချစ်သား ဖြေတဲ့။

တံ ကိံ မညသိ ကုမာရ။

မင်းသား ငါဘုရား အခုမေးလိုက်မည့် ပြဿနာ ဘယ်လိုများ သဘောကျသလဲ သဘောကျတဲ့အတိုင်း ဖြေစမ်း။

ဣဓဿ ဂဟပတိဿ ဝါ ဂဟပတိပုတ္တဿ ဝါ ကူဋ္ဌာဂါရံ ဥလ္လိတ္တာဝလိတ္တံ နိဝါတံ ဖုသိတဂ္ဂဠံ ပိဟိတဝါတပါနံ။

ကုမာရ=မင်းသား။ ဣဓ=ဤလောက၌။ ဂဟပတိဿဝါ=အိမ်ရှင်ဒါယကာ၏ ဖြစ်စေ၊ ဝါ၊ သို့မဟုတ်။ ဂဟပတိ- ပုတ္တဿ=အိမ်ရှင် ဒါယကာရဲ့ သား၏ဖြစ်စေ။ (အေး– သေဌေး၊ သို့မဟုတ် သေဌေးသား တစ်ယောက် အဲဒီသေဌေးသားတစ်ယောက်၏။) ကူဋ္ဌာ

http:\\www.dhammadownload.com



ဂါရံ=အထွတ်တပ်တဲ့ နေအိမ်ကြီးသည်။ ဥလ္လိတ္တာဝလိတ္တံ=အတွင်းအပ နှစ်ဌာနက ဆေးတွေ လိမ်းကျံ ထားတယ် ဆိုပါစို့။ (ဖိတ်ဖိတ်တောက် တိုက်ဖြင့်လဲပဲ တိုက်အိမ်တဲ့ ဆေးတွေ အတွင်းအပ နှစ်ဌာနက လိမ်း ကျံထားတယ် ဆိုပါစို့။ ဒါတွင်ပဲလား။) နိဝါတံ=လေကလည်းတိတ်လို့ (မအေးအောင် မအေးအောင်။) ဖုသိတဂ္ဂဠံ၊ တံခါးရွက်တွေကလဲပဲ စေ့စပ်ပါဘိသနဲ့။ (ဘယ်တံခါးရွက်ကမှ ကျိုးတိုးကျဲတဲ မရှိဘူး။) ပိဟိတဝါတပါနံ=လေသာပြတင်းပေါက်တွေကိုလည်းပဲ ပိတ်၍ ထား အပ်၏။ (ဆိုပါစို့။ ပြတင်းပေါက်တွေကိုလည်း ပိတ်သေး။)

တေလပ္ပဒီပေါ စေတ္တ ဈာယေယျ။

တွေ=ဤပြတင်းပေါက်တွေ ပိတ်ထားတဲ့ အတွင်းအပ ဆေးလိမ်း ဆေးသုတ်ထားတဲ့ သူကြွယ် သို့မဟုတ် သူကြွယ်သား။ သဌေး သို့မဟုတ် သဌေးသားရဲ့ တိုက်အိမ်ကြီးထဲ၌။ တေလပ္ပဒီပေါ စ=ဆီမီးကိုလဲပဲ။ ဈာယေယျ=ညှိပြီးထားတယ် ဆိုပါစို့။ (ကုန်ပြီလား။ မကုန်သေးဘူး။)

စတဿော စ ပဇာပတိယော မနာပါမနာပေန ပစ္စုပဋ္ဌိတာ အဿု။

စ=သည်သာ မကသေး။ စတဿော ပဇာပတိယော=ဇနီး လေးယောက်တို့ကလည်း (လက်ဝဲတစ်ယောက် လက်ျာတစ်ယောက် ရှေ့တစ်ယောက် နောက်တစ်ယောက်)။ မနာပါမနာပေန= (မနာပါမနာပေဟိ ဥပဋ္ဌာနေဟိ) နှစ်သက်ဖွယ်၊ ပိုပြီးနှစ်သက်ဖွယ် သော ပြုစုခြင်း၊ မှုယူခြင်း အမျိုးမျိုးတို့ဖြင့်။ ပစ္စုပဋ္ဌိတာ=ပြုစုမှုယူ၍ တည်နေကြကုန်သည်။ အဿု=ဖြစ်ကြတယ် ဆိုပါစို့။ (သရုပ်ဖော်နေ တယ်)။ တိုက်ကြီးကလည်း ကောင်းသနဲ့။ အဲဒီတိုက်ကြီးပေါ်မှာ။

တတြဿ ပလ္လင်္ကော။

တတြ = ထိုအထွတ်တပ်တဲ့ ဘုံနန်းပြာသာဒ်ကြီး အတွင်း၌။

http:\\www.dhammadownload.com



အဿ=ထိုသေဌေး၊ သို့မဟုတ် သေဌေးသား၏ အထွတ်။ ပလ္လင်္ကော=ပလ္လင်ကြီးကလည်းပဲ။ ဘယ်လိုတုန်း။

ဂေါနကတ္ထတော=လက်လေးသစ်ထက် အမွေးရှည်တဲ့ ကော်ဇောနက်ကြီးတွေ ခင်းထားအပ်တယ် ဆိုပါစို့။ ပဋိကတ္ထတော=ဖြူဖွေးတဲ့ သားမွေးအခင်းကြီးဖြင့် ခင်းထားအပ်တယ် ဆိုပါစို့။ ပဋလိကတ္ထတော=တခဲနက် ပန်းဆုပ်ကြီးတွေ ထနေသော သားမွေးအခင်းဖြင့် ခင်းထားအပ်တယ် ဆိုပါစို့။ ကဒလိမိဂပဝရ ပစ္စတ္ထရဏော၊ ဝံပိုင်ရေအပေါ်က လွှမ်းတဲ့ မြတ်သောအခင်း ရှိတယ်ဆိုပါစို့။ (သူအိပ်ရနေရမည့် ပလ္လင်ကြီးပြောတာ) သဥတ္တရစ္ဆဒေါ=အပေါ်ကလည်းပဲ ဗိတာန် မျက်နှာကြက်နီကြီး ကြက်လျက် ဆိုပါစို့။ ဥဘတော လောဟိတ ကူပဓာနော=ခြေရင်းက ခြေအုံး၊ ခေါင်းရင်းက ခေါင်းအုံး၊ နီမြန်းတဲ့ ခြေအုံး၊ ခေါင်းအုံးနှစ်ပါး ရှိတယ်ဆိုပါစို့။ ပလ္လင်ကြီးက သူအိပ်ရမည့် အိပ်ရာပလ္လင်က။

တေလပ္ပဒီပေါ စေတ္ထ ဈာယေယျ=အဲဒီပြာသာဒ်ကြီးထဲမှာ ဆီမီး တွေကလည်းပဲ မြိုင်မြိုင်ဆိုင်ဆိုင် ထွန်းညှိထားတယ်ဆိုပါစို့။ အဲဒီခေတ်ကတော့ လျှပ်စစ်၊ လျှပ်စစ်မီးရယ်လို့ မပေါ်သေးဘူး။

စတဿော စ ပဇာပတိယော မနာပါမနာပေန ပစ္စုပဋ္ဌိတာ အဿ။

သူ့ရဲ့ဇနီးလေးယောက်တို့ကလည်းပဲ လက်ဝဲတစ်ယောက်၊ လက်ျာတစ်ယောက်၊ ခြေရင်းတစ်ယောက်၊ ခေါင်းရင်းတစ်ယောက်. သူ နှစ်သက်သော အထူးသဖြင့် သူနှစ်သက်တဲ့ အမူအယာမျိုး အပြုအစုမျိုးနဲ့ ဝိုင်းဝန်းဖျော်ဖြေ၍ နေတယ်ဆိုပါစို့။ မင်းသားတဲ့ သရုပ်ဖော်နေတာ။

တံ ကိံ မညသိ ကုမာရ။

http:\\www.dhammadownload.com



ကုမာရ=မင်းသား။ တံ=ထိုယခု ငါဘုရား မေးမြန်းမည့် စကားကို။ ကိံ မညသိ=သင်မင်းသား ဘယ်လိုများ မှတ်ထင်သလဲ။

သုခံ ဝါ သော သယေယျ နော ဝါ၊ (ကတံ ဝါတေ ဇတ္တ ဟောတိ)

သော=ထိုပြောခဲ့တဲ့ သေဌေး၊ သေဌေးသားသည်။ အထွတ် တပ်တဲ့ ဆိုအပ်ပြီးတဲ့ ဘုံနန်းပြာသာဒ်ကြီးအတွင်း နပေ့ဆိုတဲ့ ခင်းနီး တွေ ခင်းထားတဲ့ ပလ္လင်ကြီးပေါ်မှာ ဇနီးလေးဖော်တို့ အမှုအယု အပြုအစုခံနေရတဲ့ အဲဒီသေဌေး သို့မဟုတ် သေဌေးသားသည်။ သုခံ= ချမ်းချမ်းသာသာ။ သယေယျ အပိနု=အိပ်ရနေရပ့ါမလား။ (ပါဠိကျန်) မြတ်စွာဘုရားက မေးတယ်။

သုခံ သော ဘန္တေ သယေယျ။ (ဟတ္ထကာဠဝက ပြန်ဖြေတဲ့ စကား။)

ဘန္တေ=ရှင်ပင်မြတ်ဘုရား။ သော=ထိုသေဌေး သို့မဟုတ် သေဌေးသားသည်။ သုခံ=ချမ်းသာစွာ။ သယေယျ=အိပ်ရနေရ လေရာပါ၏ ဘုရား။

ယေ စ ပန လောကေ သုခံ သေန္တိ သော တေသံ အညတရော။

လောကေ=လောက၌။ ယေ စ ပန=အမှတ်မထင် အကြင်သူ တို့သည်။ သုခံ=ချမ်းချမ်းသာသာ။ သေန္တိ=အိပ်ကြနေကြကုန်၏။ သော=ထိုသူသည်။ တေသံ=ထို ချမ်းချမ်းသာသာ အိပ်ကြနေကြတဲ့ ပုဂ္ဂိုလ်တို့အနက်။ အညတရော=တစ်ယောက်အပါအဝင် ဘုရား။

ကောင်းပြီ။ မြတ်စွာဘုရားက တစ်ခါတည်း လူ့လောက အမြင်မှာပေ့ါလေ၊ ဒီလူကို ဒုက္ခနည်းနည်းမှ မမြင်ရအောင် သရုပ် ဖော်လိုက်တယ်။ ဖော်ပြီးတော့မှ မြတ်စွာဘုရားက။

တံ ကိံ မညသိ ကုမာရ။

ကုမာရ=ဟတ္ထကာဠဝကမင်းသား။ တံ=ထိုယခု ငါဘုရား

http:\\www.dhammadownload.com



မေးမြန်းမည့်စကားကို။ ကိံမညသိ=သင် မင်းသား ဘယ်လိုများ သဘောကျသလဲ။ သဘောကျတဲ့အတိုင်း ဖြေစမ်းပါ။

အပိ နု တဿ ဂဟပတိဿ ဝါ ဂဟပတိပုတ္တဿ ဝါ

ဥပ္ပဇ္ဇေယျုံ ရာဂဇာ ပရိဠာဟာ ကာယိကာ ဝါ စေတသိကာဝါ။

တဿ ဂဟပတိဿ ဝါ=ထိုသေဌေး၏ အဖို့ရန်ဖြစ်စေ။ ဂဟပတိပုတ္တဿ=ထိုသေဌေး၏ သားအဖို့ရန်ဖြစ်စေ။ ရာဂဇာ= လောဘကြောင့် ဖြစ်ကုန်သော။ ကာယိကာ=ကိုယ်၌ ဖြစ်ကုန်သော။ ပရိဠာဟာ ဝါ=ပူပန်ခြင်းတို့သည် လည်းကောင်း၊ စေတသိကာ=စိတ်၌ မှီကုန်သော။ ပရိဠာဟာ ဝါ=ပူပန်ခြင်းတို့သည် လည်းကောင်း။ ဥပ္ပဇ္ဇေယျုံ=ဖြစ်ကုန်လေရာ၏။

ယေ ဟိ သော ရာဂဇေဟိ ပရိဠာဟေဟိ ပရိဒယှမာနော

(သုခံ) ဒုက္ခံ သယေယျ။

ကုမာရ=မင်းသား။ သော=ထိုသေဌေး၊ သို့မဟုတ် သေဌေး သားသည်။ ရာဂဇေဟိ=လောဘကြောင့်ဖြစ်သော။ ပရိဠာဟေဟိ= ပူပန်ခြင်းတို့နှင့်။ ပရိဒယှ မာနော=တောက်လောင်၍ နေအပ်သော။ သော=ထိုသူသည်။ (ယေဟိ+ဒုက္ခံကျန်) သုခံ=ချမ်းသာစွာ။ သယေယျ = အိပ်နိုင်နေနိုင်ပါ့မလား။

အေး... ခုနက ပြောတဲ့သေဌေး၊ သို့မဟုတ် သေဌေးသား၊ အဲဒီ သေဌေးသားရဲ့ သန္တာန်မှာ လောဘကို အကြောင်းပြုပြီးတော့ စိတ်နှလုံး ပူပန်မှုတွေ မဖြစ်ဘူးလားကွယ်။ လောဘကို အကြောင်း ပြုပြီးသကာလ ကိုယ်၏ပူပန်မှု၊ စိတ်၏ပူပန်မှုတွေ မရှိဘူးလား၊ ရှိတယ်။ အဲဒီလို ကိုယ်၏ပူပန်မှု၊ စိတ်၏ပူပန်မှုဆိုတဲ့ ဒီပူပန်မှုတွေ လောင်မြိုက်နေပြီဆိုရင် အဲဒီ သေဌေး၊ သေဌေးသားဟာ ချမ်းချမ်း သာသာ အိပ်နိုင်ဦးမလားတဲ့။

http:\\www.dhammadownload.com



ဝေ ဘန္တေ။ (နော ဟေ တံ ဘန္တေ)။

ဘန္တေ=ရှင်ပင်ဘုရား။ တေံ=ဤသို့ ချမ်းချမ်းသာသာ အိပ်နိုင် ဖွယ်သည်။ နော ဟိ=မရှိတော့ပါ။

လောဘအပူသာ နှိပ်စက်လာရင် ထိုသူ ချမ်းချမ်းသာသာ မအိပ်နိုင်၊ မနေနိုင်တော့ပါဘူးဘုရား တဲ့။

ယေဟိ ခေါ သော ကုမာရ ဂဟပတိ ဝါ ဂဟပတိ ပုတ္တော ဝါ ရာဂဇေဟိ ပရိဠာဟေဟိ ပရိဒယှမာနော ဒုက္ခံ သယေယျ (န သုခံ သယေယျ)။

ကုမာရ=မင်းသား။ သော=ထိုသေဌေး၊ သို့မဟုတ် သေဌေး သားသည်။ ယေဟိ ရာဂဇေဟိ ပရိဠာဟေဟိ=အကြင်ရာဂကြောင့် ဖြစ်တဲ့ ပူပန်ခြင်းတို့ဖြင့်။ ပရိဒယှမာနော=ထက်ဝန်းကျင် လောင် အပ်သည် ဖြစ်၍။ သုခံ=ချမ်းသာစွာ။ န သယေယျ=မအိပ်နိုင် မနေနိုင် လေရာ။

သော ရာဂေါ=ထိုသေဌေး၊ သေဌေးသား သန္တာန်မှာဖြစ်တဲ့ ရာဂနှင့်တူသော ရာဂမျိုးကို။

တထာဂတဿ ပဟီနော၊ ဥစ္ဆိန္နမူလော တာလဝတ္ထု ကတော အနဘာဝံ ကတော အာယတိံ အနုပ္ပါဒဓမ္မော။

တထာဂတဿ=ရှေးဘုရားတို့ အတူလာခြင်း ကောင်းတော် မူတဲ့ ငါဘုရားသည်။ ပဟီနော=ပယ်အပ်လေပြီ။ ဥစ္ဆိန္နမူလော= အမြစ်ပြတ် ဖြတ်အပ်လေပြီ။ တာလဝတ္ထု ကတော=ထန်းငုတ်ရာ ကဲ့သို့ ပြုအပ်လေပြီ။

အနဘာဝံကတော=နောက်ထပ်တစ်ဖန် မဖြစ်အောင် ပြုအပ် လေပြီ။ အာယတိံ အနုပ္ပါဒဓမ္မော=ဘုရားသန္တာန်မှာ အဲဒီသေဌေး၊ သေဌေးသားတို့ သန္တာန်မှာဖြစ်တဲ့ လောဘ ကဲ့သို့သော လောဘဟာ

http:\\www.dhammadownload.com



နောက်လေ ဘယ်တော့မှ မဖြစ်ခြင်းသဘော ရှိခဲ့လေပြီ။

တသ္မာ ဟံ သုခ+မသယိတ္ထံ။

ကုမာရ=မင်းသား။ တသ္မာ=ထို့ကြောင့်။ ဝါ=သို့ရကား။ အဟံ=ငါဘုရားသည်။ သုခံ= ချမ်းသာစွာ။ အသယိတ္ထံ=အိပ်ရနေရပြီ။

မြတ်စွာဘုရားက သူ တရားဟောချင်လို့ကို ဒီနွားခွာရာတွေ မြေကြီး အကြမ်းချည်းထဲက စောင့်နေ။ သန္တိ=ဘုရားရဲ့သုခ၊ ဘုရားရဲ့ အငြိမ်းဓာတ်၊ အအေးဓာတ် ဟောချင်လွန်းလို့ လာပြန်ပြီ။

တံ ကိံ မညသိ ကုမာရ၊ အပိ နု တဿ ဂဟပတိဿ ဝါ ဂဟပတိပုတ္တဿ ဝါ ဥပ္ပဇ္ဇေယျုံ၊ ဒေါသဇာ ပရိဠာဟာ မောဟဇာ ပရိဠာဟာ ကာယိကာ ဝါ စေတသိကာ ဝါ။

မင်းသား၊ အခုမေးမည့်စကား သဘောကျတဲ့အတိုင်း ဖြေစမ်းနော်၊ ထိုသေဌေး သို့မဟုတ် သေဌေးသားရဲ့ သန္တာန်မှာ ဒေါသကြောင့် ဖြစ်တဲ့ ပူပန်မှုတွေ မောဟကြောင့်ဖြစ်တဲ့ ပူပန်မှုတွေ မဖြစ်ဘူးလား၊ ဖြစ်တယ်။ အဲဒီလို ဖြစ်တဲ့အခါမှာ–

ယေ ဟိ သော မောဟဇေဟိ ပရိဠာဟေဟိ ပရိဒယှမာနော (သုခံ) ဒုက္ခံ သယေယျ။

မောဟကြောင့်ဖြစ်တဲ့ ပူပန်ခြင်းတို့ဖြင့် ပူပန်၍နေတဲ့ အဲဒီ သေဌေး သို့မဟုတ် သေဌေးသားသည် ချမ်းချမ်းသာသာ အိပ်နေနိုင်ဦး မလား။ မျက်မြင်ကတော့ သူ ချမ်းချမ်းသာသာ အိပ်နေရတာပဲ။

ပူပန်နေရတဲ့ အဲဒီသေဌေး သို့မဟုတ် သေဌေးသားဟာ ချစ်သားရယ်၊ ချမ်းချမ်းသာသာ အိပ်ရဦးမလား။ မြတ်စွာဘုရား မေးတယ်။

(နော ဟေတံ ဘန္တေ) ဧဝံ ဘန္တေ။

ဟုတ်ပါတယ်ဘုရား။ အဲဒီသေဌေးသား ချမ်းချမ်းသာသာ

http:\\www.dhammadownload.com



အိပ်ဖို့ရန် မဖြစ်နိုင်ပါဘူး။

ယေ ဟိ ခေါ သော ကုမာရ ဂဟပတိ ဝါ ဂဟပတိပုတ္တော ဝါ မောဟဇေဟိ ပရိဠာဟေဟိ ပရိဒယှမာနော ဒုက္ခံ (န သုခံ) သယေယျ။

မင်းသား၊ ထိုသေဌေး သို့မဟုတ် သေဌေးသား အကြြင်သို့သော မောဟကြောင့်ဖြစ်တဲ့ ပူပန်ခြင်းတို့ဖြင့် ပူပန်နှိပ်စက် ခံနေရတဲ့အတွက် ချမ်းချမ်းသာသာ မအိပ်နိုင်ရာ။

သော ဒေါသော သော မောဟော တထာဂတဿ ပဟီနော ဉစ္ဆိန္နမူလော တာလဝတ္ထုကတော အနဘာဝံ ကတော အာယတိံ အနုပ္ပါဒဓမ္မော။

ထိုဒေါသကို မောဟကို မြတ်စွာဘုရားသည် ဉစ္ဆိန္နမူလော= အမြစ်ပြတ် ပယ်အပ်ပြီ၊ အမြစ်ပြတ်ဖြတ်ပြီးပြီ၊ တာလဝတ္ထုကတော= ထန်းပင်ရာကဲ့သို့ ပြုအပ်ပြီ၊ ထန်းပင်ကြီး တူးမြှုပ်ပစ်လိုက်တဲ့ ဒီနေရာအဲ ကိုယ်တော့်ခန္ဓာမှာ ရှေးတုန်းက ဟုတ်လား၊ လောဘ ဒေါသ ဘုရား မဖြစ်ခင်က ဖြစ်တယ်ထား၊ သို့သော် ဒီအချိန်မှာ ဘုရားကိုယ်တော်ကြီးရဲ့ ကိုယ်တော်ဟာ ထန်းပင်ရာကဲ့သို့ဖြစ်၊ ဒေါသ မောဟတည်းဟူသော ထန်းပင် မရှိတော့ဘူး၊ ထန်းပင်ရာကဲ့သို့ ပြုအပ်ပြီ။ အနဘာဝံကတော= နောက်တစ်ဖန် ငုံးသန်ခြင်း မဖြစ်အောင် ပြုအပ်ပြီ။ အာယတိံ အနုပ္ပါဒ ဓမ္မော=နောက်အခါ၌ ဒေါသ မောဟ ဖြစ်ခြင်းသဘော မရှိတော့ဘူး။

တသ္မာ တံ သုခ+မသယိတ္ထံ။

တသ္မာ=ထို့ကြောင့်။ အဟံ အဟံ ဝေ=ငါဘုရားသာလျှင်။ သုခံ =ချမ်းချမ်းသာသာ။ အသယိတ္ထံ=အိပ်ရနေရတဲ့ ပုဂ္ဂိုလ်ဖြစ်ပါပေ၏။

မြတ်စွာဘုရားသည် ခုနက သေဌေး၊ သေဌေးသားတို့ရဲ့

http:\\www.dhammadownload.com



(ဟုတ်လား) သုခကို အကောင်ထင်အောင် ဖော်ပြ၊ အဲ ဖော်ပြတဲ့ အတိုင်း ဟတ္ထကာဠဝက သိတင်းသည် တပည့်ဒကာက ချမ်းသာ ပါတယ်ဘုရား၊ ချမ်းသာတဲ့လူထဲ သူတစ်ယောက် အပါအဝင်ပေါ့ ဆိုတော့မှ။ အေး.. ချစ်သားက ဒါ ချမ်းသာတယ် ထင်တယ်၊ အဲဒီ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ လောဘကြောင့်ဖြစ်တဲ့ ပူပန်မှု၊ မောဟကြောင့် ဖြစ်တဲ့ ပူပန်မှု၊ ကိုယ်ပူပန်မှု စိတ်ပူပန်မှု မဖြစ်ဘူးလား၊ ဖြစ်တယ်။ ဖြစ်နေရင် အဲဒီပုဂ္ဂိုလ်သည် ချမ်းချမ်းသာသာ အိပ်နေနိုင်သေးရဲ့လား။ မအိပ်နိုင် မနေနိုင်တော့ပါဘူး မြတ်စွာဘုရားဆိုတော့ အေး.. ငါဘုရား သန္တာန်မှာတော့ အဲဒီသေဌေး၊ သေဌေးသား ရာဂကြောင့်ဖြစ်တဲ့ ပူပန်မှု ဒေါသကြောင့်ဖြစ်တဲ့ ပူပန်မှု၊ မောဟကြောင့်ဖြစ်တဲ့ ပူပန်မှု တို့ဖြင့် ထက်ဝန်းကျင် ပူလောင်အပ်တဲ့အတွက် ချမ်းချမ်းသာသာ မအိပ်မနေနိုင်ရမယ့် ထိုလောဘ ထိုဒေါသ ထိုမောဟတွေကို အကုန် ပယ်ပြီးပြီ၊ အမြစ်ပြတ် ဖြတ်ပြီးပြီ။ ထန်းပင်ရာကဲ့သို့ ပြုအပ်ပြီ၊ နောက် တစ်ဖန် ငါ့သန္တာန်မှာ မဖြစ်အောင် ပြုအပ်ပြီ။ ငါဘုရားရဲ့ သန္တာန်မှာ လောဘ ဒေါသ မောဟဟာဖြင့် နောက်တစ်ချိန်မှာ မဖြစ်ခြင်း သဘောရှိတော့မည်၊ ဝါ=ဖြစ်ခြင်းသဘော လုံးဝမရှိတော့ဘူး။ ဒါကြောင့် လောကမှာ တကယ့်အေးခန်းအမှန် ချမ်းချမ်းသာသာ နေရ တယ်ဆိုတာ ငါဘုရား။ အင်း ... နှစ်သက်လွန်းလို့ မြတ်စွာဘုရားက—

သဗ္ဗဒါ ဝေ သုခံ သေတိ၊ ဗြာဟ္မဏော ပရိနိဗ္ဗုတော။ ယော
န လိမ္ပတိ ကာမေသု၊ သီတိဘူတော နိရူပဓိ။

ကုမာရ=ဟတ္ထကာဠဝက နာမမည်ဒြား ဒါယကာ မင်းသား။ ဗြာဟ္မဏော=မကောင်းမှုကို အလုံးစုံ အပပြုပြီးသော။ ပရိနိဗ္ဗုတော= ကိလေသာခပ်သိမ်း ငြိမ်းအေးပြီးသော။ ယော=အကြင်ရဟန္တာပုဂ္ဂိုလ် သည်။ ကာမေသု=ဝတ္ထုကာမ ကိလေသာကာမတို့၌။ န လိမ္ပတိ=

http:\\www.dhammadownload.com



တဏှာ ဒိဋ္ဌိတို့ဖြင့် မလိမ်းကျံ။

ကာမနှစ်ပါး ဝတ္ထုကိလေသာ တရားတို့အပေါ်မှာ တဏှာနဲ့လည်းပဲ မတပ်မက်ဘူး။ ဒိဋ္ဌိနဲ့လည်းပဲ အမြင်မမှားတာကို တဏှာတည်းဟူသော လိမ်းကျံခြင်း ဒိဋ္ဌိတည်းဟူသော လိမ်းကျံခြင်းဖြင့် မလိမ်းကျံ။

သီတိဘူတော=ငြိမ်းအေးခြင်းသို့လည်း ရောက်တော်မူ၏။ နိရူပဓိ=ကိလေသာတည်းဟူသော ဥပဓိလည်း လုံးဝမရှိ၊ သောတာဒိသော=ထိုသို့ဆိုပြီးတဲ့ ဂုဏ်ကျေးဇူးနဲ့ ပြည့်စုံတဲ့ ရဟန္တာပုဂ္ဂိုလ်သည်။ သဗ္ဗဒါ=နေ့နေ့ညည ခပ်သိမ်းသောကာလ၌။ ဝေ= စင်စစ်ဧကန် အမှန်ပင်။ သုခံ=ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ။ သေတိ=အိပ်ရနေရ၏။

သဗ္ဗာ အာသတ္တိယော ဆေတွာ၊ ဝိနေယျ ဟဒယေ ဒရံ။
ဥပသန္တော သုခံ သေတိ၊ သန္တိံ ပပ္ပုယျ စေတသော။

ကုမာရ=ဟတ္ထကာဠဝက နာမမည်ကြား ဒါယကာမင်းသား။ သဗ္ဗာ=အလုံးစုံကုန်သော။ အာသတ္တိယော=ငြိကပ်တွယ်တာတတ်တဲ့ တဏှာအပြား တစ်ရာ့ရှစ်ပါးတို့ကို။ ဆေတွာ=ပယ်ဖြတ်ပြီး၍။

(ကိုယ်တော့်ကို ကိုယ်တော် ပြောလိုတာ။ ဒါပေမယ့်လို့ နာမယောဂ သူတစ်ပါးအား ပြောနေသကဲ့သို့။) ဟဒယေ=မိမိစိတ်နှလုံး၌။ ဒရံ=ရာဂကြောင့်ဖြစ်တဲ့ ပူပန်မှု၊ ဒေါသကြောင့်ဖြစ်တဲ့ ပူပန်မှု၊ မောဟကြောင့်ဖြစ်တဲ့ ပူပန်မှုကို။ ဝိနေယျ=ပယ်ဖျောက်၍။

ပူပန်မှုဆိုတာ လောဘ ဒေါသ မောဟ ရှိမှဖြစ်တာ။ ဘုရားကိုယ်တော်မြတ် ရဟန္တာ ကိုယ်တော်မြတ်မှာ လောဘ ဒေါသ မောဟ မရှိတော့ နှလုံးအပူတွေ အကုန်လုံး ပယ်ဖျောက်ပြီးပြီ။

ဥပသန္တော=ကိလေသာဟူ အပူခပ်သိမ်း ကင်းငြိမ်းပြီးတဲ့ ရဟန္တာ ပုဂ္ဂိုလ်သည်။ စေတသော=စိတ်၏။ သန္တိံ=ငြိမ်းအေးရာဖြစ်တဲ့

http:\\www.dhammadownload.com



နိဗ္ဗာန်သို့။ ပပ္ပုယျ=အရဟတ္တဖလ သမာပတ်ဖြင့် ရောက်၍။ သုခံ= ချမ်းသာစွာ။ သေတိ=အိပ်ရနေရပေ၏။

မြတ်စွာဘုရားကတော့ အင်မတန် မြိန်ယှက်လွန်းလို့ ဂါထာကိုလေ မြိန်မြိန်ယှက်ယှက်ကြီး ရွတ်ပြီးတော့ ဟောလိုက်။

ဟောတာကလည်း ဟတ္ထကသုတ် သုံးသုတ်ရှိပြီ။ ဒါတိက နိပါတ် ရာဂကြောင့် ဖြစ်တဲ့ ပူပန်မှု၊ ဒေါသကြောင့်ဖြစ်တဲ့ ပူပန်မှု၊ မောဟကြောင့်ဖြစ်တဲ့ ပူပန်မှု ကိုယ်တော့်မှာ မရှိတဲ့အကြောင်း ဖော်ပြတဲ့သုတ်။

ဟတ္ထကသုတ် (အံ၊ ၁၊ ၂၈၂)

တိကနိပါတ်အင်္ဂုတ္တိုရ်မှာပဲ ဟတ္ထကသုတ်တစ်သုတ် လာပြန်တယ်။ အဲဒီသုတ်ကျတော့ ပုံပန်းတစ်မျိုး ပြောင်းသွားပြီ။ ဘယ်မှာ ဟောသလဲ။

ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။ – (အံ၊ ၁၊ ၂၈၂)

တစ်ချိန်က ဘုရားကိုယ်တော်မြတ်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ရွှေကျောင်း ကိန်းအောင်းမွေ့လျော် နေတော်မူတဲ့အခိုက် ဖြစ်ပါ တယ်။

အထ ခေါ ဟတ္ထကော ဒေဝပုတ္တော အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တ ဝဏ္ဏော ကေဝလကပ္ပံ ဇေတဝနံ သြဘာသေတွာ ယေန ဘဂဝါ တေနု+ ပသင်္ကမိ။

ပြောင်းသွားပြီ တဲ့။

အထ ခေါ=ထိုသို့ မြတ်စွာဘုရား သာဝတ္ထိပြည်မွန် ဇေတဝန် ကျောင်း ကိန်းအောင်းမွေ့လျော် နေတော်မူတဲ့အခိုက်။ ဟတ္ထကော ဒေဝပုတ္တော=ဟတ္ထကခေါ်တဲ့ ဖြဟ္မာသည်။ (ဒေဝပုတ္တော=ဆိုလို့

http:\\www.dhammadownload.com



နတ်သား သွားမပေးနဲ့ အဝိဟာ ဆိုတဲ့ သုဒ္ဓါဝါသဘုံက ဟတ္ထကဗြဟ္မာတဲ့။ ဘယ်သူလဲ၊ အို ... လွန်ခဲ့တဲ့ သုံးသုတ်တုန်းက ပြောခဲ့တဲ့ ဟတ္ထကအာဠဝက သီတင်းသည် အနာဂါမ်အရိယာဆိုတော့ ထိုဘဝက စုတေ သုဒ္ဓါဝါသငါးဘုံမှာ အောက်ဆုံး အဝိဟာဘုံမှာ ရောက်နေလို့ အဝိဟာဘုံက နေပြီးတော့ ဘုရားရှိရာ လာရောက်။)

ဟတ္ထကော ဒေဝပုတ္တော=ဟတ္ထကဗြဟ္မာသည်။ အဘိက္ကန္တာယ ရတ္တိယာ=ညဥ့်ဦးယံ လွန်မြောက် သန်းခေါင်ယံသို့ ရောက်သောကာလ၌။ အဘိက္ကန္တဝဏ္ဏော=အလွန်နှစ်လိုဖွယ်သော အဆင်းရှိသည်ဖြစ်၍။ ယေန ဘဂဝါ တေနုပသင်္ကမိ=ဘုရားရှိရာသို့ သွားရောက်။ ဘုရား သီတင်းသုံးရာ ဇေတဝန်ကျောင်း (နတ်ဗြဟ္မာဆိုတာ သန်းခေါင်ကျော်မှ သူတို့ အလှည့်ကျလို့လာတာ၊ ရောက်ပြီး ဘာဖြစ်တုန်း)–

ဥပသင်္ကမိတွာ ဘဂဝတော ပုရတော ဌဿာမိတိ သြသီဒတိ မေဝ သံသီ ဒတိ မေဝ၊ န သက္ကောတိ သဏ္ဌာတုံ။

ဘုရားကိုယ်တော်မြတ်ရဲ့ အထံမှောက် လာပြီးရောက်။ ဥပသင်္ကမိတွာ=သွားရောက်၍။ ဘဂဝတော ပုရတော=ဘုရားရှေ့တော်၌။ ဌဿာမိ=ငါ ရပ်တည်အံ့။ ဤသို့ နှလုံးပိုက်၍ ရပ်တယ်၊ ရပ်လိုက်တာ။ သြသီဒတိမေဝ=နစ်၍နစ်၍သွား၏။ သံသီဒတိ မေဝ= အဖန်ဖန်အပြန်ပြန် နစ်၍နစ်၍သာလျှင် သွား၏။ သဏ္ဌာတုံ=မားမား မတ်မတ် ရပ်တည်ခြင်းငှာ။ န သက္ကောတိ=မစွမ်းနိုင်ဘူး။ ဟောဒီလို

သေယျထာပိ နာမ=လောကူပမာ နှိုင်းဖွယ်ရာကား။ သပ္ပိဝါ= ထောပတ်ကိုဖြစ်စေ။ တေလံ ဝါ=ဆီကိုဖြစ်စေ။ (ဝါလုကာယံ=မြစ်သဲ ဆိုကြပါစို့။ နူးညံ့တဲ့သဲဆိုတော့ မြစ်သဲ၊ တောင်သဲ မဟုတ်ဘူး– သောင်သဲ) ဝါလုကာယံ=သောင်သဲ၌။ အာသိတ္တံ=လောင်းလိုက် သွန် လိုက်အပ်သည်ရှိသော်။ သြသီဒတိမေဝ=နစ်၍သွားသကဲ့သို့သာလျှင်။

http:\\www.dhammadownload.com



သံသီဒတိမေဝ=အဖန်ဖန် ထပ်လောင်းလည်းပဲ လောင်းလေနစ်လေ။ န သဏ္ဍာတိ ယထာ=ဘယ်လိုနည်းနဲ့မှ သဲပေါ်မှာ ဆီထောပတ် မတည်ဘူး။ သဲပေါ်လောင်းလိုက်တဲ့ ဆီထောပတ် တစ်ခါတည်း မြုပ်မြုပ်သာသွားတယ်။ ဘယ်တော့မှ သဲပေါ်မှာပေါ်လေ၊ ထောပတ်တို့ ဆီတို့ တည်မနေဘူး အဲဒီတည်မနေသလိုပဲ။

ဧဝမေဝံ ခေါ ဟတ္ထကော ဒေဝပုတ္တော=ဤအတူ ဟတ္ထက ဗြဟ္မာသည်။ ဘဂဝတော ပုရတော=ဘုရားကိုယ်တော်မြတ်ရှေ့၌။ ဌဿာမီတိ=ရပ်မှာကောဟဲ့လို့ ရပ်လိုက်ပါသော်လည်းပဲ၊ သြသီဒတိမေဝ =နစ်၍ သာသွား၏။ သံသီဒတိမေဝ=အဖန်ဖန် နစ်၍နစ်၍သာ သွားလေတော့၏။ သဏ္ဍာတုံ=မားမားမတ်မတ် ရပ်တည်ခြင်းငှာ။ န သက္ကော တိ=မစွမ်းနိုင်။

ဘာပြောလဲ–အခုဟာက ဟတ္ထကာဠဝက သိတင်းသည် သည် လူ့ဘဝစွန့်ပြီးတော့ ဟိုသုဒ္ဓါဝါသငါးဘုံက အောက်ဆုံး အဝိဟာဘုံ ရောက်သွားရတယ်။ အဲဒီဘုံက နေပြီးတော့ ဘုရားဆီ သူလာတာ။ ဘုရားရှေ့မှောက် ရောက်တဲ့အခါကျတော့ ငါရပ်မဟဲ့ ဆိုပြီးတော့ ရပ်လိုက်တယ်။ ထောပတ်ခဲကြီး မြေကြီးထဲ စိမ့်ဝင်သလိုပဲတဲ့။ သူ့ကိုယ်က စိမ့်စိမ့်ဝင်သွားတယ်။ ဒါ ဘာပြုလို့၊ ဒီနေရာမှာ။ ဒီအဘိဓမ္မာသဘောဟာ အလွန်သိမ်မွေ့ပါတယ်။ အေး ... ကောင်းကင်က နတ်ဗြဟ္မာတွေ ဆိုကြပါစို့။

နတ်ဗြဟ္မာတွေနဲ့ လူတွေနဲ့ ခန္ဓာအိမ် တည်ဆောက်ပုံမတူဘူး။ လူ့ပြည်က လူသားတို့မှာတော့ ခန္ဓာအိမ် တည်ဆောက်ပုံက ပဋိသန္ဓေစိတ်ခဏ ကလလရေကြည် တည်တဲ့အချိန်တုန်းက ရေကြည်ဆီပေါက်ကလေး သုံးပေါက်မျှ ပမာဏရှိတဲ့ ရုပ်ကလာပ်သုံးမျိုးက စပြီးတော့ တည်လာရ။ အဲဒီရုပ်ကလာပ်သုံးမျိုး စ,တည်လိုက်တုန်းက အဲဒီရုပ်

http:\\www.dhammadownload.com



ကလာပ်သုံးမျိုးသည် ကံကြောင့်ဖြစ်တဲ့ ရုပ်တွေချည်းထဲပဲ ကမ္မဇ။ ကာယဒသက ကလာပ်၊ ဘာဝဒသက ကလာပ်၊ ဝတ္ထုဒသက ကလာပ် ဆိုတဲ့ ကမ္မဇရုပ် ကလာပ်ချည်းထဲပဲ သုံးမျိုး အစဆုံး တည်လိုက်၊ သို့သော် စိတ္တက္ခဏ တစ်ချက်ကယ်လို့ ရောက်လာရင်ကိုပဲ ဥတုဇက ဒီနဲ့ညီမျှ ပခုံးချင်း ယှဉ်လိုက်တယ်။ ဘယ်လိုတုန်း။ စိတ္တက္ခဏ တစ်ချက်လည်း လွန်ရော၊ အဲဒီပဌမ ပဋိသန္ဓေစိတ်နဲ့ ပြိုင်ဖြစ်တဲ့ ကလလရေကြည်ခေါ်သော ကမ္မဇကလာပ် သုံးမျိုးထဲကပါတဲ့ တေဇောဓာတ် ကလာပ်တိုင်း ကလာပ်တိုင်း တေဇောဓာတ် တစ်ခုစီ တစ်ခုစီ ပါတယ်။ အဲဒီပါတဲ့ တေဇောဓာတ်က မိမိဆီသို့ ရောက်ပြီဖြစ်၍ တေဇောတစ်ခုလျှင် ဥတုဇရုပ်တစ်ခု ဥတုဇရုပ်တစ်ခု အသီးသီးဖြစ်စေတယ်။ စိတ္တက္ခဏ တစ်ချက်လောက်ဆိုလျှင် မူလ ကမ္မဇရုပ်ကို မှီလောက်လုနီးနေပြီ။ အဲ... ရုပ်ဝီထိနဲ့ကြည့်ရင် စိတ္တက္ခဏ သုံးချက် လေးချက် ငါးချက်လောက် ဆိုရင်ကိုပဲ ဥတုဇရုပ်က ဒီကိုယ်မှာ များလာပြီး၊ များလာပြီ။ ဘာကြောင့်၊ ဖြစ်ကြည့်စမ်းပါ။ ဥပမာ ဒီ–စိတ်ကူးနဲ့ ဖြစ်ကြည့်ရအောင်။ ကမ္မဇရုပ် ကလာပ်တစ်ခု၊ စိတ္တဇ ရုပ်ကလာပ်တစ်ခု၊ ဥတုဇရုပ်ကလာပ်တစ်ခု၊ အာဟာရဇရုပ် ကလာပ် တစ်ခု ရုပ်ကလာပ်လေးခု ပြိုင်ပြီးတော့ ဖြစ်ကြည့်ရအောင် စုထား လိုက်။ အဲဒီစဖြစ်တဲ့အချိန်တုန်းက ကံကြောင့်ဖြစ်တဲ့ ကလာပ်တစ်ခု ထဲရယ်၊ စိတ်ကြောင့်ဖြစ်တဲ့ ကလာပ်တစ်ခု၊ ဥတုကြောင့်ဖြစ်တဲ့ ကလာပ်တစ်ခု၊ အာဟာရကြောင့် ဖြစ်တဲ့ ကလာပ်တစ်ခု၊ သချာ အညီအမျှ၊ ဘယ်သူကမှ မသာဘူး။ စိတ္တက္ခဏ တစ်ချက်လည်း လွန်သွားရော ကံကြောင့်ဖြစ်တဲ့ ကလာပ်ထဲကပါတဲ့ ဥတုကလည်းပဲ ဥတုဇရုပ်တစ်စင်ထောင် သူက ဖြစ်စေပြန်တယ်။

စိတ်ကြောင့်ဖြစ်တဲ့ ကလာပ်ထဲကပါတဲ့ ဥတုကလည်းပဲ

http:\\www.dhammadownload.com



ဥတုဇရုပ် တစ်စင်။ ဥတုကြောင့် ဖြစ်တဲ့ ရုပ်ထဲက ကလာပ်ထဲကပါတဲ့ ဥတုကလည်းပဲ ဥတုဇရုပ်တစ်စင်၊ အာဟာရကြောင့်ဖြစ်တဲ့ ကလာပ်ထဲ ကပါတဲ့ ဥတုကလည်းပဲ ဥတုဇရုပ်တစ်စင်ဆို၊ စိတ္တက္ခဏ တစ်ချက်လွန်ရင် ဥတုဇရုပ်က ပဌမလေးခုတည်ရင် လေးခု ထပ်ဖြစ်လာတယ်။ အဲ ... နောက်ဆက်ပြီးတော့များ သွားစမ်းပါဦး။ စိတ္တက္ခဏ နှစ်ချက်သုံးချက်ကျတော့ မူလ မ,တည် သည်ထက်ကို သူက သာသွားတယ်။ အဲဒါလို ကလလရေကြည်က စပြီးတော့ လာခဲ့တဲ့ လူ့ပြည် လူ့သားတို့ ခန္ဓာအိမ်တည်ဆောက်ပုံဟာ တစ်ဝီထိ နှစ်ဝိထိလောက်ဆိုရင် ဥတုဇရုပ်က အပုံကြီး လွှမ်းမိုးသွားပြီ။ အဲ ... ကိုးလ ဆယ်လ ဆိုတဲ့အချိန် လူအကောင်သဏ္ဍာန်ပေါ်တဲ့ အချိန်ကျတော့ ဒီခန္ဓာကိုယ်မှာ ဥတုဇက စိုးအုပ်ပြီးသား ဖြစ်နေပြီတဲ့။ ကမ္မဇရုပ်တို့က ဧည့်သည်လို လူ့ကိုယ်မှာ။ ဥတုဇရုပ်က အိမ်ရှင်လို ဖြစ်နေတယ်။ ဒီလူ့ရဲ့ခန္ဓာအိမ် တည်ဆောက်တဲ့ ကိုယ်မှာ ပြောနေတာ၊ အေး.. ဧည့်သည်နဲ့ အိမ်ရှင်လို ဖြစ်နေတယ်။ လူတွေမှာကျတော့ ဘယ်နဲ့ဖြစ်သလဲ။ ဧည့်သည် ပြန်သွားချင်သွား၊ အိမ်ရှင်က မပူဘူး။ အဲဒါမျိုးပဲ။ အဲ.. လူမှာ သေပြီဆိုတော့ ဧည့်သည်နဲ့တူသော ကမ္မဇရုပ်တွေ စိတ္တဇရုပ်တွေ ဧည့်သည်တွေ ပြန်သွားတာ အာဟာရဇရုပ်တွေ မင်းတို့ ဧည့်သည်တွေသွား၊ ဘယ်သူနဲ့ တူသော ဘာကျန်တုန်း။ အိမ်ရှင်နဲ့တူသော ဥတုဇရုပ်ကြီး အကောင်အထည် မပျက် ကျန်တယ်၊ ဟန်မပျက် ပန်မပျက်။ ဒါ ဘာပြုလို့၊ အစ ပဋိသန္ဓေက စပြီးတော့ ခန္ဓာအိမ် တည်ဆောက်ပုံကိုက ဥတုဇရုပ်က အခုပြောခဲ့တဲ့အတိုင်း အိမ်သည်လို ဖြစ်နေတယ်။

ကိုင်း... နတ်ဗြဟ္မာတွေ ပြောကြရအောင်။ နတ်ဗြဟ္မာတွေ ဥပပတ်ပဋိသန္ဓေ။ ပဋိသန္ဓေစိတ်လည်း ဖြစ်လိုက်သည်နှင့် တစ်ပြိုင်နက် အဲဒီပဋိသန္ဓေစိတ်နဲ့ အချိန်ပြိုင်ပြီးတော့ စက္ခုဒသကကလာပ်တဲ့၊

http:\\www.dhammadownload.com



ကမ္မဇကလာပ်မျက်စိ။ သောတ ဒသကကလာပ် နားပေါ့။ ဃာန–ဇိဝှာ–ကာယဒသက ကလာပ် အမျိုးသမီး နတ်သမီးများတော့ ဣတ္ထိဘာဝ–ဒသက ကလာပ်၊ နတ်သားကျတော့ ပုမ္ဘာဝ ဒသကကလာပ်၊ ဝတ္ထုဒသကကလာပ်ဆိုတဲ့ ကလာပ်နှစ်မျိုး အမျိုးခုနစ်မျိုး ပြောတယ်။

ခုနစ်စည်းတွင်မှ (ခုနစ်စည်းတွင် မဟုတ်ဘူး၊ ရုပ်ခုနစ်ဆယ်တွင် မဟုတ်ဘူး၊ ဘယ်နှဲ့ ကလာပ်လေးခုမှ ခုနစ်ဆယ်တွင်မဟုတ်ဘူး၊ အမျိုးပြောတာ အမျိုးခုနစ်စည်း–ပမာဏအားဖြင့် ဘယ်လောက်ရှိသလဲဆိုတော့ သုံးဂါဝုတ်လောက် ရှိတယ်။ သုံးဂါဝုတ်လောက် ကိုယ်ကြီး ပဋိသန္ဓေစိတ်နဲ့ ပြိုင်ပြီးတော့ တစ်ခါတည်း တစ်ပြိုင်နက် ဖြစ်လိုက်၊ ခန္ဓာအိမ် တည်ဆောက်ပေ့ါဟဲ့ ဆိုကတည်းကိုက) ကမ္မဇရုပ် ခုနစ်မျိုးက ဒီကိုယ်မှာ အုပ်စိုးပြီးသား ဖြစ်နေတယ်တဲ့။ ဒါကြောင့် ဒိနတ်ဗြဟ္မာတွေရဲ့ သန္တာန်မှာ စိတ္တဇရုပ်တို့ ဥတုဇရုပ်တို့ အာဟာရဇရုပ်တို့၊ အဲ ... ဗြဟ္မာတို့ကျတော့ အာဟာရဇရုပ် မရှိဘူးပေ့ါ၊ အဲဒိ ရုပ်တွေဟာ ဧည့်သည်တွေလို ဒီခန္ဓာကိုယ်ကြီးထဲက မင်းတို့ သွားချင်သွား၊ ခွာချင်ခွာ၊ အိမ်ပိုင်က ကမ္မဇရုပ်နဲ့ ခန္ဓာအိမ် တည်ဆောက်တော့ ပို၍နူးညံ့တယ်။ အဲ.. လူ့ပြည်က ဥတုဇရုပ်ကို အိမ်သည်ထားပြီး ခန္ဓာအိမ်တည်ဆောက်လို့ ခုနစ်ရက်လောက် ထမင်းအငတ်ခံပြီးတော့ နေနိုင်တာ ရုပ်ကြမ်းလို့။ အဲ ... နတ်ကျတော့ ထမင်းတစ်နပ် အငတ် မခံနိုင်ဘူး၊ ရုပ်က အလွန်နုလွန်းလို့၊ ပဒုမ္မာကြာပန်းလို အဲ.. နေနဲ့တွေ့ လိုက်တယ်ဆိုရင် တစ်ခါတည်း ညှိုးသွားတယ်။ ဘယ်လို ရေအိုး တစ်ရာနဲ့ လောင်း၊ ဘယ်တော့မှ ပြန်မလန်းဘူး၊ အဲဒိလို။ အဲဒါကြောင့် နတ်များမယ် ဥပပတ်မှာ စုတေခါ ခန္ဓာကြွင်းမရှိ။ စုတိတဲ့အခါကျ တော့ အိမ်သည် သဖွယ်ဖြစ်သော ကမ္မဇရုပ်တွေက အကုန်လုံး ချုပ်သွားတယ်။ ဒီတော့ အိမ်သည်မရှိတော့ အကောင်သဏ္ဍာန် ဒြပ်ကြီးပါ

http:\\www.dhammadownload.com



ပျောက်သွားတယ်။ သဏ္ဍာန်ပုံပန်းကြီးကို ကမ္မဇကလာပ်နဲ့ ပယ်တာ၊ ကမ္မဇရုပ်ကလာပ်တွေက စုတိစိတ်နဲ့ ပြိုင်ပြီး တော့ ချုပ်လည်းချုပ်လိုက်ရော၊ သဏ္ဍာန်ဒြပ်ကြီးလည်း ပျောက်သွားရော။ ဒါကြောင့် ဥပပတ်မှာ စုတေခါ ခန္ဓာကြွင်းမရှိ လို့ မီးငြိမ်းသလို ပျောက်သွားတယ်။ ပြောလိုရင်းက နတ်တွေ ဗြဟ္မာတွေရဲ့ကိုယ်ဟာ အလွန်နူးညံ့တယ်၊ ဘာကြောင့် နူးညံ့သလဲ။ ကမ္မဇရုပ်နဲ့ ခန္ဓာအိမ် တည်ဆောက်ရလို့၊ ထောပတ်ခဲကြီးလို။

အဲဒီတော့ သိမ်မွေ့တဲ့ ထောပတ်ခဲကြီးနဲ့တူတဲ့ ခန္ဓာကိုယ်နဲ့ အခု ဟတ္ထကနတ်သားက ဘုရားရှေ့မှာ ရပ်တော့ ထောပတ်ခဲကြီး မြေကြီးပေါ် ချလိုက်တော့ စိမ့်စိမ့်ပြီးတော့ ဟုတ်လား။ သဲထဲ ဝင်သလို ဟတ္ထကရဲ့ အလွန်နူးညံ့တဲ့ ကမ္မဇရုပ် အုပ်စိုးသော ရူပကာယကလည်း

ဘုရားရှေ့မှာ မြေထဲမှာ စိမ့်စိမ့်ဝင်သွားတယ်။ မရပ်နိုင်ဘူးတဲ့။ ဒီတော့ မြတ်စွာဘုရားက ဒါ သိပြီးတော့ ဘာအမိန့်ရှိသလဲ။

ဩဠာရိကံ ဟတ္ထက အတ္တဘာဝံ အဘိနိမ္မိနာဟိ။

ဟတ္ထက = ချစ်သား ဟတ္ထက။ တွံ = သင်ချစ်သားသည်။ ဩဠာရိကံ = ကြမ်းတမ်းသော။ အတ္တဘာဝံ = အတ္တဘောကို။ အဘိနိမ္မိနာဟိ = ဗြဟ္မာ့တန်ခိုးနဲ့ ဖန်ဆင်းလိုက်။

ချစ်သား ဟတ္ထက၊ ချစ်သားနော်–ဗြဟ္မာ့တန်ခိုး အရှိသားနဲ့ ချစ်သားရဲ့ကိုယ်ကို ကြမ်းသွားတဲ့ အတ္တဘောဖြစ်အောင် ဖန်ဆင်းလိုက်။ ငါရဲ့ကိုယ်သည် လူရဲ့ကိုယ်ကဲ့သို့ ကြမ်းတမ်းသော အတ္တဘောဖြစ်ပါစေ၊ အဲဒီလို ဆောက်တည်ပြီး ဖန်ဆင်းလိုက်၊ သင်ရဲ့ ဗြဟ္မာရဲ့ ပကတိကိုယ်က အလွန်နူးညံ့လို့ အလွန်သိမ်မွေ့လို့ မြေပေါ်မှာ ရပ်မဖြစ်ဘူး။ ဒီတော့မှ။

ဧဝံ ဘန္တေ=ကောင်းပါပြီ မြတ်စွာဘုရားလို့ လျှောက်ထား။

http:\\www.dhammadownload.com



ဟတ္ထကဖြဟ္မာသည် ဘုရားရဲ့စကားကို ဝန်ခံ၊ လက်ခံပြီးသကာလ ဘုရားပေးတဲ့ နည်းအတိုင်း လူရဲ့ကိုယ်နဲ့ ညီမျှတဲ့ ရုပ်ကာယကို ဖန်ဆင်းပြီး မြတ်စွာဘုရား ရှိသေမြတ်နိုး ရှိခိုး အပြစ်လွတ်တဲ့နေရာက ရပ်ပြီးတော့ နေတယ်။ ကိုင်း ... ရပ်ပြီးတော့မှ မြတ်စွာဘုရားက–

ယေ တေ ဟတ္ထက ဓမ္မာ ပုဗ္ဗေ မနုဿဘူတဿ ပဝတ္တိနော အဟေသုံ။

ဟတ္ထက=ချစ်သား ဟတ္ထက။ တေ=သင့်ချစ်သား၏သန္တာန်၌။ ပုဗ္ဗေ=ရှေးတုန်းက။ မနုဿဘူတဿ=လူပြည့်လူ့ရွာ လူသား ဖြစ်စဉ်တုန်းက။ (ဟတ္ထကအာဠဝကဆိုတဲ့ မင်းသားလေး ဖြစ်စဉ်တုန်းကလေ) ယေ ဓမ္မာ=အကြင်တရားတို့သည်။ ပဝတ္တိနော=သင် ချစ်သားရဲ့ နှုတ်ဖျားဝယ် လည်၍နေကုန်သည်။ အဟေသုံ= ဖြစ်ကုန်၏။

အပိ နု တေ တေ ဓမ္မာ ဧတရဟိ ပဝတ္တိနော။

ဟတ္ထက=ချစ်သား ဟတ္ထက။ ဧတရဟိပိ=ယခုအခါ၌လည်း။ တေ ဓမ္မာ=ထိုလူ့ပြည်တုန်းက သင်ချစ်သား နှုတ်ဖျားမှာ လည်နေတဲ့ မပြတ်မလပ် နှုတ်မှာရွတ်နေတဲ့ တရားတွေသည်။ ပဝတ္တိနော အပိနု တေ=ချစ်သားရဲ့နှုတ်ဖျားမှာ မပြတ်လည်တုန်းပဲလားတဲ့။ မြတ်စွာဘုရားက မေးတယ်။ သူက ဓမ္မကာမ ပုဂ္ဂိုလ်ဆိုတော့ လျှောက်ပြီ။ ဟတ္ထက က–

ယေ စ မေ ဘန္တေ ဓမ္မာ ပုဗ္ဗေ မနုဿဘူတဿ ပဝတ္တိနော အဟေသုံ။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော် ရှေးလူဖြစ်စဉ်တုန်းက အကြင်ပိဋကက်သုံးပုံဆိုတဲ့ တရားတွေသည် တပည့်တော်ရဲ့ လျှာထဲမှာ လည်နေပါတယ်။

တေ စ မေ ဓမ္မာ ဧတရဟိ ပဝတ္တိနော။

http:\\www.dhammadownload.com



တေ ဓမ္မာ=ထိုလူ့ပြည်တုန်းက တပည့်တော်လျှာဖျားမှာ လည်နေတဲ့ ပိဋကတ်သုံးပုံ ဆိုတဲ့ တရားတို့သည်။ ဧတရဟိ စ=အခု လည်းပဲ။ ပဝတ္တိနော မေ=တပည့်တော် လျှာဖျားမှာ မပြတ်လည်တုန်း ပါပဲ ဘုရား။

လူ့ပြည်တုန်းက တရားတွေ သူ ဘာမှ မမေ့ဘူးလို့ ပြောတာ။

ယေ စ မေ ဘန္တေ ဓမ္မာ ပုဗ္ဗေ မနုဿဘူတဿ အနုပ္ပဝတ္တိနော အဟေသုံ။

မြတ်စွာဘုရား၊ ဒါတွင် ဘယ်ဟုတ်ဦးမလဲ၊ လူ့ပြည်တုန်းက တပည့်တော်လျှာဖျားမှာ မလည်ခဲ့ဘူး၊ မဖြစ်ခဲ့ဖူးတဲ့ အကြင်တရား တွေရှိ၏၊

တေ စ မေ မဓ္မာ ဧတရဟိ ပဝတ္တိနော။

အဲဒီ တရားတွေလည်းပဲ အခု တပည့်တော်ရဲ့ လျှာဖျားမှာ လည်နေတယ် ဘုရားတဲ့။

အမယ်.. သူ့ဟာက လူ့ပြည်တုန်းက သင်ခဲ့ရ ရွတ်ခဲ့ရတဲ့ စာတွေထက် ပြဟ္မာပြည့်ရောက်မှ သူဟာ ပရိယတ္တိစာတွေ ပိုပြီးတော့ နှုတ်ထဲမှာ လည်နေသေးတဲ့သဘော၊ လူ့ပြည်တုန်းက မရသေးတဲ့ တရားသဘော စာပေဟာ နတ်ပြည်ကျတော့ သူ ပိုပြီးတော့ရတဲ့ သဘော ပြောနေတယ်။ ဘယ်နှယ့်ကြောင့်တုန်း၊ ဘုရားကို ကျူးကျူး ကျော်ကျော်လား၊ မဟုတ်ဘူး။

သေယျထာပိ ဘန္တေ ဘဂဝါ ဧတရဟိ အာကိဏ္ဏော ဝိဟရတိ ဘိက္ခူဟိ ဘိက္ခုနီဟိ ဥပါသကေဟိ ဥပါသိကာဟိ ရာဇူဟိ ရာဇမဟာ မတ္တေဟိ တိတ္ထိယေဟိ တိတ္ထိယသာဝကေဟိ။

ဘန္တေ=ရှင်တော်ဘုရား။ ဧတရဟိ=ယခုအခါ။ ဘဂဝါ=

http:\\www.dhammadownload.com



မြတ်စွာဘုရားသည်။ ဘိက္ခူဟိ=ရဟန်းယောကျာ်းတို့နှင့် လည်းကောင်း။ ဘိက္ခုနီဟိ=ရဟန်းမိန်းမတို့နှင့် လည်းကောင်း။ ဥပါသကေဟိ=ဒါယကာတို့နှင့် လည်းကောင်း။ ဥပါသိကာဟိ=ဒါယိကာမတို့နှင့် လည်းကောင်း။ ရာဇူဟိ=မင်းတို့နှင့်လည်းကောင်း။ ရာဇမဟာမတ္တေဟိ=မင်းအမတ်ကြီးတို့နှင့် လည်းကောင်း။ တိတ္ထိယေဟိ=တိတ္ထိတို့နှင့်လည်းကောင်း။ တိတ္ထိယသာဝကေဟိ=တိတ္ထိတို့ရဲ့ တပည့်တို့နှင့် လည်းကောင်း။ အာကိဏ္ဏော=ဝန်းကျင်ပတ်သန်း ပြွမ်းလျက်။ ဝိဟရတိ သေယျထာ=နေတော်မူသကဲ့သို့။

ရှင်တော်ဘုရားထံ ရဟန်းတွေက လာလိုက်၊ ရဟန်းမိန်းမတွေက လာလိုက်၊ ဥပါသကာ, ဥပါသိကာမ, မင်း, မင်းအမတ်ကြီးတွေဟာ တစ်ခါတစ်လေ တိတ္ထိတွေကလာပြီး ပြဿနာမေး။ တိတ္ထိတပည့်တွေက လာပြီးတော့ ပြဿနာမေးလို့ ပရိသတ်တွေဟာပေါ့လေ၊ ဘုရားရဲ့ ဝန်းကျင်ပတ်သန်းမှာ ပြွမ်းပြီးနေသလိုတဲ့၊ ဘာပြုတုန်း။

**ဧဝမေဝ ခေါ အဟံ ဘန္တေ အာကိဏ္ဏော ဝိဟရာမိ ဒေဝပုတ္တေဟိ။**

ဘန္တေ=ရှင်ပင်မြတ်ဘုရား။ ဧဝမေဝ ခေါ=ဤအတူပင်။ အဟံ=တပည့်တော်လဲပဲ။ ဒေဝပုတ္တေဟိ=နတ်ဗြဟ္မာတွေတို့ဖြင့်။ အာကိဏ္ဏော=ဝန်းကျင်ပတ်သန်း ပြွမ်းလျက်။ ဝိဟရာမိ=နေရပါသည်ဘုရား။

အဝိဟာဘုံရောက်သွား။ အဲ-ရှင်တော်ဘုရား။ အခု လူ့ပြည်မှာ ရဟန်းယောကျာ်း, မိန်းမ, ဥပါသကာ, ဥပါသိကာ, မင်း, မင်းရဲ့ အမတ်, တိတ္ထိတွေ, တိတ္ထိတွေရဲ့ တပည့်တွေ သူပြီးဝါဝင်ဆိုသလို ဝန်းကျင်ပတ်သန်း ပြွမ်းပြီးနေသလို တပည့်တော်ရဲ့ အဝိဟာဘုံမှာ ဘုရား၊ ဗြဟ္မာဘုံမှာ များစွာသော နတ်တွေ ဗြဟ္မာတွေနဲ့ ဝန်းကျင်

http:\\www.dhammadownload.com



ပတ်သန်းပြွမ်းလျက် နေရပါတယ်။ ဒါ ဘာလုပ်တာလဲ –

ဒူရတောပိ ဘန္တေ ဒေဝပုတ္တာ အာဂစ္ဆန္တိ "ဟတ္ထကဿ ဒေဝပုတ္တဿ သန္တိကေ ဓမ္မံ သောဿာမာ" တိ။

ဘန္တေ=ရှင်ပင်မြတ်ဘုရား။ မယံ=ငါတို့သည်။ ဟတ္ထကဿ ဒေဝပုတ္တဿ သန္တိကေ=ဟတ္ထကဗြဟ္မာ၏ အထံ၌။ ဓမ္မံ=တရားကို။ သောဿာမ=ကြားနာကြကုန်အံ့။ (ဟတ္ထက ဗြဟ္မာဟာ–သိပ်တရားဟော ကောင်းတယ်။) ဣတိ=ဤသို့ နှလုံးပိုက်ကြ၍။ ဒူရတောပိ= ဝေးခြားလှသော စကြဝဠာတိုက်တို့မှသော်လည်းပဲ။ ဒေဝပုတ္တာ= မြောက်မြားလှစွာသော နတ်ဗြဟ္မာတို့သည်။ အာဂစ္ဆန္တိ=တပည့်တော် ထံမှောက် တရားနာ လာရောက်ကြကုန်ပါသည် ဘုရား။

အဲဒီကလာတဲ့ နတ်ဗြဟ္မာတွေကို ရှင်တော်ဘုရား လူ့ပြည် တုန်းက တပည့်တော် သင်ထားတဲ့ ပိဋကတ်နဲ့ နှိုင်းညှိပြီးတော့ တပည့်တော် သူတို့နဲ့ ထိုက်တန်တဲ့တရား မပြတ် မပြတ် ဟောနေရလို့ လူ့ပြည်တုန်းက ရပြီးတဲ့ တရားတွေလည်းပဲ မေ့ပျောက်မသွားဘူး။ မဟောရသေးဘူးတဲ့ တရားလည်း ဟောရပါတယ်ဘုရား။ ဒါပြော ဝမ်းသာစရာပေ့။ ဘုရားကိုယ်တော်မြတ်ကြီး ဓမ္မကာမကိုယ်တော် မြတ်ကြီး ကိုယ်တော့သာဝက ဓမ္မဝုဍ္ဍိဖြစ်ပုံကို လျှောက်တော့ ဘုရား အနေနဲ့ အင်မတန် နှစ်လိုအားရ ဝမ်းမြောက်တော်မူတယ်။

ဒွေမာ ဘိက္ခဝေ ဝုဍ္ဍိယော=ကြီးပွားတိုးတက်ခြင်း နှစ်မျိုးရှိ တယ်တဲ့။ အာမိသ ဝုဍ္ဍိစ ဓမ္မဝုဍ္ဍိစ=ပစ္စည်းလေးပါး အာမိသ တိုးပွားခြင်း၊ တိုးတက်ခြင်း၊ ဓမ္မတိုးပွား တိုးတက်ခြင်း။

ဧတဒဂ္ဂံ ဘိက္ခဝေ ဣမာသံ ဒွိန္နံ ဝုဍ္ဍိနံ ယဒိဒံ ဓမ္မဝုဍ္ဍိ။

ချစ်သားတို့ ဤတိုးတက်ခြင်း နှစ်ရပ်တို့တွင် ဓမ္မဝုဍ္ဍိဆိုတဲ့ တရားရဲ့တိုးတက်ခြင်းက အသာဆုံး၊ အမြတ်ဆုံး ဧတဒဂ် လို့ အဲဒီလို

http:\\www.dhammadownload.com



ဘုရားဟောထားတာ ရှိတယ်။

အခုလည်းပဲ ဟတ္ထကဗြဟ္မာမယ် တရားတွေ တိုးတက် ဓမ္မဝုဍ္ဎိ ဖြစ်တဲ့အကြောင်း သူ့ အာမိသဝုဍ္ဎိ ဗြဟ္မာစည်းစိမ်ဆိုတဲ့ အာမိသ ဘာမှမပြောဘူး။ သူလည်း အနာဂါမ် ဓမ္မ ဝုဍ္ဎိဖြစ်ပုံကို သူ လျှောက်တယ်။

တိဏ္ဏာဟံ ဘန္တေ ဓမ္မာနံ အတိတ္တော အပ္ပဋိဝါနော ကာလင်္ကတော။

ဘန္တေ=ရှင်ပင်မြတ်ဘုရား။ အဟံ=တပည့်တော်သည်။ ဟတ္ထကဟု နာမတွင်ခေါ် တပည့်တော်သည်။ တိဏ္ဏံ ဓမ္မာနံ=တရား သုံးမျိုးတို့ကို။ အတိတ္တော=မရောင့်ရဲဘဲ။ အပ္ပဋိ ဝါနော=မဆုတ်နစ်ဘဲ။ ကာလင်္ကတော=စုတိပြတ်ကြွေ လူ့ပြည်က သေခဲ့ရပါသည်ဘုရား။

တပည့်တော် တရားသုံးမျိုး အားမရဘဲ တင်းမတိမ်ဘဲ ဆုတ်နစ်တဲ့စိတ် မရှိဘဲ လူ့ပြည်က စုတေခဲ့ရပါသည်ဘုရား။

ကတမေ တိဏ္ဏံ=အဘယ်တရားသုံးမျိုးလဲ ဆိုတော့-။

ဘဂဝတော အဟံ ဘန္တေ ဒဿနဿ အတိတ္တော အပ္ပဋိဝါနော ကာလင်္ကတော။

ဘန္တေ=ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ အဟံ=တပည့် တော်သည်။ ဘဂဝတော ဒဿနဿ=ရှင်တော်ဘုရားအား ဖူးမြော် ရခြင်းကို။ အတိတ္တော=မရောင့်ရဲနိုင်ဘဲ။ အပ္ပဋိ ဝါနော=ဆုတ်နစ်တဲ့ စိတ် မရှိဘဲ။ ကာလင်္ကတော=စုတိပြတ်ကြွေ သေလွန်ခဲ့ရပါသည် ဘုရား။ လူ့ပြည်က ဘုရားဖူးရတာ သူမဝဘဲနဲ့ သေခဲ့ရတယ်။ ဒါပဲ။

(ဓမ္မဿဝနဿ) သဒ္ဓမ္မဿဝနဿာဟံ ဘန္တေ အတိတ္တော အပ္ပဋိဝါနော ကာလင်္ကတော။

ဘန္တေ=ရှင်ပင်မြတ်ဘုရား။ အဟံ=ဟတ္ထကခေါ် တပည့်တော်

http:\\www.dhammadownload.com



သည်။ ဓမ္မသဝနဿ=တရားနာရခြင်းကို။ အတိတ္တော=မရောင့်ရဲဘဲ။ အပ္ပဋိဝါနော=ဆုတ်နစ်တဲ့စိတ် ဘိတ်မရှိဘဲနဲ့။ ကာလင်္ကတော= သေချိန်ကျလို့ လူ့ပြည်က စုတိပြတ်ကြွေ သေလွန်ခဲ့ရပါသည်ဘုရား။

သံဃဿာဟံ ဘန္တေ ဥပဋ္ဌာနဿ အတိတ္တော အပ္ပဋိဝါနော
ကာလင်္ကတော။

ဘန္တေ=ရှင်ပင်မြတ်ဘုရား။ အဟံ=တပည့်တော်သည်။ သံဃဿ=အရိယာရှစ်ဖော် သံဃာတော်အား။ ဥပဋ္ဌာနဿ=ပစ္စည်းဖြင့် ပြုစုလုပ်ကျွေးရခြင်း အမှုကို။ အတိတ္တော=မရောင့်ရဲပါဘဲ။ အပ္ပဋိဝါနော=ဆုတ်နစ်တဲ့စိတ် ဘိတ်မရှိဘဲနဲ့။ ကာလင်္ကတော=စုတိပြတ်ကြွေ လူ့ပြည်က သေလွန်ခဲ့ရပါသည် ဘုရား။

အေး ... ဘုရားဖူးရတာ သူ တင်းမတိမ်ဘဲ အားမရဘဲနဲ့၊ တရားနာရတာ တင်းမတိမ် အားမရဘဲနဲ့၊ သံဃာတော်တွေကို ပြုစုရတာ တင်းမတိမ် အားမရဘဲနဲ့ ဆုတ်နစ်တဲ့စိတ် ဘိတ်မရှိဘဲနဲ့ တပည့်တော် စုတိပြက်ကြွေ သေလွန်ခဲ့ရပါသည် ဘုရား။

တ္တမေသံ ခေါ အဟံ ဘန္တေ တိဏ္ဏံ ဓမ္မာနံ အတိတ္တော
အပ္ပဋိဝါနော ကာလင်္ကတော။

အရှင်ဘုရား၊ အခုပြောခဲ့တဲ့ တရားသုံးပါး၊ ဘုရားကို ဖူးရခြင်း၊ တရားကို နာရခြင်း၊ သံဃာတော်တို့ကို ပစ္စည်းလေးပါးဖြင့် ပြုစုလုပ်ကျွေးရခြင်း၊ ဤတရားသုံးမျိုး၌ တပည့်တော် ရောင့်ရဲခြင်း အလျဉ်းမရှိဘဲ ဆုတ်နစ်တဲ့စိတ် ဘိတ်မရှိဘဲနဲ့ စုတိပြတ်ကြွေ သေလွန်ခဲ့ရပါသည် ဘုရား။

နာဟံ ဘဂဝတော ဒဿနဿ၊ တိတ္တိံ+မဇ္ဈဂါ ကုဒါစနံ။
သံဃဿ ဥပဋ္ဌာ နဿ၊ သဒ္ဓမ္မသဝနဿ စ။

ဘန္တေ=ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရား။ အဟံ=

http:\\www.dhammadownload.com



ဟတ္ထကတွင်ခေါ် တပည့်တော်သည်။ ဘဂဝတော ဒသသနသား= ရှင်တော်ဘုရားအား ဖူးမြော်ရခြင်းကို။ ကုဒါစနံ=တရံတဆစ်မျှ။ ဝါ- နည်းနည်းကလေးမျှ။ တိတ္တိံ=တင်းတိမ်ရောင့်ရဲခြင်းကို။ န အဇ္ဈဂါ= မရခဲ့ပါ။

တပည့်တော် ဘုရားဖူးရတာ နည်းနည်းမှ တင်းမတိမ်ဘူး။ တင်းတိမ်ခြင်း ရောင့်ရဲခြင်းကို မရခဲ့ပါဘူး ဘုရား။

အဓိသီလံ သိက္ခမာနော၊ သဒ္ဓမ္မသဝနေ ရတော။

တိဏ္ဏံ ဓမ္မာနံ အတိတ္တော။ ဟတ္ထကော အဝိဟံ ဂတော။

ဘန္တေ=ရှင်ပင်မြတ်ဘုရား။ အဟံ=ဟတ္ထကတွင်ခေါ် အရှင့် တပည့်တော်သည်။ အဓိသီလံ=လူတွေ သုံးနေကျ ပဉ္စသီလထက် သာလွန်တဲ့ ဒသသီလကို။ (အနာဂါမ်ဆိုတော့ ငါးပါး ရှစ်ပါးတွင် မဟုတ်ဘူး။ ဆယ်ပါးသီလကို စောင့်ထိန်းတယ်။ အဓိသီလံ=လူတကာ သုံးနေကျ ပဉ္စသီလထက် သာလွန်သော ဆယ်ပါးသီလကို။) သိက္ခမာနော=နေ့စဉ်ညစဉ် ကျင့်ကြံ နေ့ည နိယံ ကျင့်ကြံကြိုးကုတ် အားထုတ်သည်ဖြစ်၍ လည်းကောင်း။ အမြဲတမ်း ဆယ်ပါးသီလ စောင့်တယ်။ သဒ္ဓမ္မသဝနေ=သူတော်ကောင်းတရား နာကြားရခြင်း၌။ ရတော=မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်သည်ဖြစ်၍ လည်းကောင်း။ တိဏ္ဏံဒိဓမ္မာနံ=ဘုရားကို ဖူးမြော်ရခြင်း၊ တရားကို နာရခြင်း၊ သံဃာတော်တို့ကို ပစ္စည်းလေးပါးဖြင့် ပြုစုရခြင်း တရားသုံးမျိုးတို့၌။ အတိတ္တော=ရောင့်ရဲတင်းတိမ်ခြင်း အားရခြင်း အလျဉ်းမရှိဘဲ၊ ဟတ္ထကော=ဟတ္ထကတွင်ခေါ် အရှင့်တပည့်တော်သည်။ အဝိဟံ= အဝိဟာဘုံသို့။ ဂတော=ဘဝပဋိသန္ဓေ ကပ်ရောက်ရပါပြီ ဘုရားလို့-

သူ အဝိဟာဘုံ ရောက်တဲ့အကြောင်း တရားသုံးမျိုး၌ သူ ရောင့်ရဲခြင်း တင်းတိမ်ခြင်း မရှိတဲ့အကြောင်း ဟော.. နှစ်ဂါထာနဲ့

http:\\www.dhammadownload.com



လျှောက်ပြီးတော့ ဟတ္ထကသုတ္တန်တစ်ခုလုံး ဆုံးတယ်။ ဒီတော့ ဟတ္ထက သုတ္တန်လေးသုတ် ဟတ္ထကသုတ်ပေါင်းချုပ် ဟောပြီးပြီ။ အဲဒီ ဥပါသကာ ဒကာတွေဘက်က ပညာဘက်က စိတ္တသူဌေးက ချိန်ခွင် တစ်လက် ချိန်ခွင်လက်ကြီး တစ်ခု။ သမာဓိဘက်က ဟတ္ထကာဠဝက သိတင်းသည်က ချိန်ခွင်လက်ကြီး တစ်ခု။ မြတ်စွာဘုရားက ဒကာ ကြီးတွေ ကိုယ်ရေးကိုယ်တာ တောင့်တချင်ရင်တဲ့–

**သဒ္ဓေါ ဘိက္ခဝေ ဥပါသကော ဧဝံ သမ္မာ အာယာစ မာနော အာယာစေယျ တာဒိသော ဟောမိ၊ ယာဒိသော စိတ္တော စ ဂဟပတိ ဟတ္ထကော စ အာဠဝကော။**

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ သဒ္ဓေါ=သဒ္ဓါ တရားနှင့် ပြည့်စုံသော။ ဥပါသကော=ဒါယကာတစ်ယောက်သည်။ သမ္မာ အာယာစ မာနော=ကိုယ်ရေးကိုယ်တာ ပန်ထွာတောင့်တလို သည်ရှိသော်။ စိတ္တော ဂဟပတိ=စိတ္တသေဋ္ဌေးသည်။ ယာဒိသော= အကြင်သို့ ပညာကြီးရင့်ခြင်း သဘောရှိ၏။ ဟတ္ထကောအာဠဝကော =ဟတ္ထကာဠဝက သိတင်းသည်သည်။ ယာဒိသော=အကြင်သို့ သမာဓိကြီးရင့်ခြင်း သဘောရှိပေ၏။ အဟံ=ငါသည်။ တာဒိသော= ထိုသို့ စိတ္တသူကြွယ်ကဲ့သို့ ပညာကြီးသူ ဟတ္ထကာဠဝက သိတင်းသည် ကဲ့သို့ သမာဓိ ကြီးရင့်သူသည်။ ဟောမိ=ဖြစ်ရလိုပါ၏။ ဣတိ=ဤသို့ ကိုယ်ရေးကိုယ်တာ ပန်ထွာတောင့်တမှု။ သမ္မာ=မဖောက်မပြန် အမှန်အတိုင်း။ ဝါ–ကောင်းမွန်စွာ။ အာယာ စေယျ=တောင့်တပန်ထွာ သည် မည်ရာ၏။

မြတ်စွာဘုရားက ကိုယ်တော့်တပည့် ဒကာကြီးတွေ ကိုယ်ရေးကိုယ်တာ ဆုတောင်းပတ္တနာမှု ပန်ထွာမှု ပြုချင်ရင် ငါသည် စိတ္တသူကြွယ်ကဲ့သို့ ပညာကြီးရင့်တဲ့ ဥပါသကာ၊ ဟတ္ထကာဠဝက

http:\\www.dhammadownload.com



သီတင်းသည်ကဲ့သို့ သမာဓိကြီးရင့်တဲ့ ဥပါသကာ ဖြစ်ရပါလို၏။ အဲဒီလို ပန်ထွာတောင့်တမှ သဘာဝကျ၍ အကောင်းဆုံးသော ပန်ထွာ တောင့်တခြင်း ဖြစ်မယ်။ ဘာပြုလို့။

ဧသော ဘိက္ခဝေ တုလာ ဧတံ ပမာဏံ မမ သာဝကာနံ ဥပါသကာနံ ယဒိဒံ စိတ္တော စ ဂဟပတိ ဟတ္ထကော စ အာဠဝကော။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ ယဒိဒံ စိတ္တော စ ဂဟပတိ=စိတ္တသူဌေးသည်လည်းကောင်း။ ယဒိဒံ ဟတ္ထကော စ အာဠဝကော=အကြင်ဟတ္ထကာဠဝက သီတင်းသည် မင်းသားသည် လည်းကောင်း။ အတ္ထိ=ရှိ၏။ ဧတံ=ဤစိတ္တသေဌေးနှင့် ဟတ္ထကာဠဝက သီတင်းသည်မင်းသား နှစ်ဦးသားသည်။ မမ သာဝကာနံ ဥပါသကာနံ=ငါဘုရားရဲ့ တပည့်သာဝက ဥပါသကာတို့အနက်။ တုလာ=စိတ္တက ပညာဘက်က၊ ဟတ္ထကက သမာဓိဘက်က ချိန်ခွင် လက်ကြီးနှစ်လက် ဖြစ်ကြပါပေ၏။ ဧတံ=ဤစိတ္တသေဌေးနှင့် ဟတ္ထကာဠဝက သီတင်းသည် နှစ်ဦးသားသည်။ ပမာဏံ=စိတ္တ သေဌေးက ပညာဘက်၊ ဟတ္ထကာဠဝက သီတင်းသည်က သမာဓိ ဘက်က သမာဓိတင်းတောင်းကြီး အစုံသဖွယ် ဖြစ်ပါပေ၏။ ဘုရား ကိုယ်တိုင်က ဒကာကြီးတွေ ဆုတောင်းချင်ရင် ငါသည် စိတ္တသေဌေး ကဲ့သို့ ပညာကြီးရင့်သူ၊ ဟတ္ထကာဠဝက သီတင်းသည်ကဲ့သို့ သမာဓိ ကြီးရင့်သူ ဖြစ်ရပါလို၏လို့ အဲဒီလို ဆုတောင်းမှ ကောင်းသော ဆုတောင်း၊ သဘာဝကျ အကောင်းဆုံး ဆုတောင်း ဖြစ်မယ်တဲ့၊ ဆုတောင်းနိုင်ကြပါစေ၊ ဒီတော့ ဒကာဘက် က ချိန်ခွင်ကြီးနှစ်လက် ဘုန်းကြီး ဟောတာ ပြီးသွားပြီ။

ဥပါသကာ ချိန်ခွင်ကြီးနှစ်လက် ပြီး၏။

http:\\www.dhammadownload.com



# အရှင်ဝိစိတ္တသာရာဘိဝံသ၏
# ဟောစဉ်တရားတော်များ (အဋ္ဌမတွဲ)
# အက္ခရာစဉ်အညွှန်း


[ က ]

ကဗဠီကာရအာဟာရ ၂၂၉
ကယောင်ကတမ်း ၂၆၀
ကလလရေကြည် ၃၉၃
ကာကကုက္ကုဋ္ဌီ ၁၈
ကာမစ္ဆန္ဒသံယောဇဉ် ၂၅၄
ကာမောဃ ၃၂၅
ကာယသင်္ခါရ ၁၅၄
ကာဋ္ဌာဝကဆင် ၂၉၂
ကုလမစ္ဆရိယ ၁၂
ကုသဇာတ် ၃၀၃
ကောသာလတောင်ထွတ် ၃၀၃
ကေသရာဇာခြင်္သေ့မင်း ၃၀၂
ကတ္တား ၁၄၇
ကပ္ပိယဘူမိ ၄၇
ကမ္ဗ ၁၆
ကဿပ ၂၄၇
ကဿပမြတ်စွာဘုရား ၃၀၃
ကုမ္ဘဏ် ၃၀၆
ကိုယ်တော်ရောင် ၃၁၆
ကျီးဖို ၁၈
ကြက်မလေး ၁၈
ကြည့်ခြင်း ကြီးငါးပါး ၃၀၁

[ ခ ]

ခဏနိရောဓ ၁၆၁
ခွေးအိပ် ၁၂၄
ခြင်္သေ့မင်း၏ဟိန်းဟောက်သံ ၆၆

[ ဂ ]

ဂဠုန်ငှက်မင်း ၃၀၂
ဂင်္ဂေယျဆင် ၂၉၂
ဂန္ဓဘ ၂၉၂
ဂန္ဓကုဋီ ၆၆
ဂန္ဓဆင် ၂၉၂
ဂေါတ္တ ၁၆
ဂွေးချိုတောကျောင်း
တိုက်ကြီး ၇
ဂိုဏ်း ၁၆

[ ငါ၊ စ၊ ဆ၊ ဇ၊ ဈ၊ ဉ၊ ဋ ]

ငှက်ကလေးမိမိတောင်ပံဖြင့်
ပျံသွားကြသလို ၁၁၀
စာဂ ၃၃၃
စုလျား ၁၂၄

http:\\www.dhammadownload.com




စောရပဋိဗာဟန ၂၇၉

စက္ကုဒ္ဒသက္ကာကလာပ် ၃၉၃

စကြဝတေးမင်း ၂၅၈

စမ္မာပြည် ၆၅

စိတ္တကဋ္ဌကာ ၃၉၂

စိတ္တနတ်သား ၅၅

စိတ္တသခ်ီရ ၁၅၄

စိတ္တသေဌေးအလောင်းမှဆိုး ၃၀၂

ဆေးဒန်းမြင်းသီလာကျောက်ဖျာ ၃၀၂

ဆဲရေးခြင်းဆယ်မျိုး ၁၆

ဆင်ပြောင်ကြီး ၃၀၂

ဆဒ္ဒန်ဆင် ၂၉၂

ဇာတိ ၁၆

ဇာတိကုလပုပ္ဖ ၁၃၆

ဇမ္ဗူဒိပ်တစ်ကျွန်းလုံးအနှံ့ ၃၀၄

ဈာနသမာပတ် ၁၃၆

ဉာဏမျက်စိ ၁၃၆

ဉာဏပရိညာ ၂၂၈

ဉာယပ္ပဋိပန္နောဝတဘဂဝတော
သာဝကသံဃော ၂၇၂

ဋ္ဌီခဏ ၁၆၁

[ တ ]

တိစီဝရိက် ၃၇၈

တိရစ္ဆာနကထာ ၅၉

တီရဏပရိညာ ၂၂၈

တေဇောဓာတ် ၃၉၂

တောက် ၇၃

တစ်ဂါထာလျှင်လေးဖြေ ၃၁၉

တစ်ဂါထာလျှင်အမေးလေးခု ၃၁၉

တစ်နှုယ်ငင် တစ်စင်ပါ ၄

တိတ္ထိယပရိဝါသ် ၂၅၅

တန်ခိုးရုပ်ဖန်ဆင်းခြင်း ၁၁၇

တန်ခိုးအဘိညာဉ် ၃၁၄

တမ္ဗဆင် ၂၉၂

[ ထ ]

ထောပတ်ခဲကြီးမြေကြီးထဲ
စိမ့်စိမ့်ဝင်သလို ၃၉၁

ထန်းပင်ရာကဲ့သို့ ၃၈၆

ထွက်လေ+ဝင်လေ ၁၅၇

[ ဒ ]

ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိ ၉၂

ဒါန ၃၆၅

ဒါနသင်္ဂဟတရား ၃၆၆

ဒီဃပိဋ္ဌိကပြိတ္တာ ၂၄၀

ဒုတိယကာမဘူသုတ္တန် ၁၄၅

ဒုတိယပြဿနာက
သကဒါဂါမိမင် ၃၂၅

ဒေါသကိလေသာတည်း
ဟူသောငိုကြွေးခြင်း ၃၁၁

http:\\www.dhammadownload.com



ဒကိ္ခဏေယျောဝတာဘဂဝတော
သာဝကသံဃော ၂၇၃
ဒိဋ္ဌေဝဿ ၃၂၅
ဒုက္ကရစရိယာ ၃၀၁

[ ဓ ]

ဓနဉ္စယကောရဗျ ၃၀၃
ဓရ ၃၃၀
ဓမ္မကာယ ၃၅
ဓမ္မဂုတ္တာ ၂၃၈
ဓမ္မဃောသကနတ်သား ၃၃၆
ဓမ္မစကျူ ၂၉၁
ဓမ္မထမင်းလုတ်ကြီး ၃၂၇
ဓမ္မပဒပါဠိတော်ပကိဏ္ဏကဝဂ် ၅၀
ဓမ္မဝိနယသာသနာ ၂၅၃
ဓမ္မဝုမို ၃၉၉
ဓမ္မသာလာ ဓမ္မယ
စိဋ္ဌာန်စကား ၆၅
ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်း
လေးထောင် ၁၇
ဓာတ်အထူးထူး ၈၅

[ န ]

နလဗိန်းတုံး ၉၆
နဝကမ္မ ၈
နာနာဘဏ္ဍဝိကောပန ၁၅၀
နာနတ္တကာယနာနတ္တသညီ
သတ္တဝါ ၂၃၇
နာမ ၁၆
နာရာယနကာယဗလအား ၂၉၂
နိရောဓသမာပတ် ၁၃၆
နီလကသိုဏ်း ၁၂၀
နေရာတိုင် ၂၄၉
နိဗ္ဗာနပစ္စယောကွဏာဝိထိ ၂၅၆
နိမ္မိဒါဉာဏ် ၂၂၈
နာမ်အဘိဓမ္မာ ၂၄၉
နိုဃနာဆွမ်း ၁၁၂
နွားနက်ကြီး ၇၃
နွားဖြူကြီး ၇၃
နှမ်းပြစ် ၁၆

[ ပ ]

ပဋိရာဇနိသေဓန ၂၇၉
ပဋိသာရဏီယကံ ၂၅
ပဋိသန္ဓေစိတ် ၃၉၂
ပဋိသမ္ဘိဒါပတ္တရဟန္တာ ၃၂
ပဋ္ဌမပြဿနာက
သောတာပတ္တိမဂ် ၃၂၅
ပတိရူပကာရီ ၃၃၀
ပဒုမုတ္တရမြတ်စွာဘုရား ၅၁
ပဒုမ္မာကြာပန်းလို ၃၉၄
ပဘာဝတီမင်းသမီး ၃၀၃

http:\\www.dhammadownload.com




ပရမတ္ထသစ္စာ ၃၂၂
ပရမ္မရပစ္စဝေက္ခဏာ ၂၅၆
ပရိနိဗ္ဗာနစုတိ ၁၄၈
ပရိဗိုဇ်တို့ကျက်စားရာတရားမျိုး ၂၂၇
ပရိသတ်လေးပါး ၃၅
ပရိတ္တာဘာဘုံသား ၂၄၀
ပသာဒမျက်စိ ၃၅
ပသာဒသဒ္ဓါ ၄၉
ပဟာနပရိညာ ၂၂၈
ပဟီနကိလေသ
ပစ္စဝေက္ခဏာဝီထိ ၂၅၆
ပါဒကဈာနဝီထိ ၁၁၇
ပါဟုနေယျောဝတဘဂဝတော
သာဝကသံဃော ၂၇၄
ပိယက်ရမာတာ ၂၃၈
ပူပန်မှု ၃၈၇
ပူရဏကဿပ ၃၃၃
ပေယျဝဇ္ဇ ၃၆၅
ပေယျဝဇ္ဇသင်္ဂဟ ၃၆၆
ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ
ဘဂဝတော ဓမ္မော ၂၇၁
ပဌမဘဝိကသား ၆
ပညာ ၃၃၃
ပညာဂုဏ် ၂၆၄
ပဏ္ဍာရဆင် ၂၉၁
ပဗ္ဗဇိတ ၂၄၉
ပိင်္ဂလဆင် ၂၉၂
ပုဂ္ဂိုလ် ၁၂
ပုညာဘိသင်္ခါရ ၁၅၃
ပုဏ္ဏကဘီလူးစစ်သူကြီး ၃၀၃
ပုဗ္ဗကိစ္စလေးပါး ၁၅၀
ပုမ္မာဝဒသက ကလာပ် ၃၉၄
ပြာဋိဟာများ ၃၈

[ ဖ ]

ဖလပစ္စဝေက္ခဏာဝီထိ ၁၅၆
ဖလသမာပတ် ၁၃၆
ဖားနတ်သားဝတ္ထု ၆၅
ဖဿာဟာရ ၂၂၉
ဖုဿမိတ္တာ ၂၃၈

[ ဗ ]

ဗလိနတ်စာပူဇော် ၃၄၆
ဗောဓိပက္ခိယ ၃၂၉
ဗုဒ္ဓစက္ခုတော် ၂၉၀
ဗုဒ္ဓဝီထိ ၄၃
ဗုဒ္ဓါသနမြေပလ္လင် ၁၃၂
ဗျာပါဒသံယောဇဉ် ၂၅၄
ဗျာယာမ ကရဏ ၂၇၉
ဗြဟ္မစရိယ ၁၃၆

[ ဘ ]

ဘရိုးလင်း ၁၂၅
ဘဝေါဃ ၃၂၅

http:\\www.dhammadownload.com




ဘုရားဂုဏ်တော် ၃၇၅
ဘင်ခဏ ၁၆၁
ဘွဲ့ဖြူနတ်ပုဆိုးလက်နက် ၃၀၆

[ မ ]

မနောသဉ္စေတနာဟာရ ၂၂၉
မမြင်ဖူးသောမိတ်ဆွေ ၁၀၄
မဟာကရုဏာသမာပတ် ၂၉၀
မဟာဒါန ၅၁
မဟာနာမထေရ် ၆
မာန ၂၅၄
မိဂပထက ၆၂
မိမစစ် ဖမစစ် ၂၀
မီးပုံထဲပစ်ချအပ်သော ဆားခဲကဲ့သို့ ၃၁၀
မီးအိုးကင်းကြီး ၂၉၄
မုဆိုးအလုပ် ၅၂
မူလပစ္စဝေက္ခဏာဝီထိ လေးမျိုး ၂၇၀
မက္ခလိဂေါသာလ ၃၃၃
မဂ္ဂပစ္စဝေက္ခဏာဝီထိ ၂၅၆
မဂ္ဂဗြဟ္မစရိယ ၁၃၇
မစ္ဆရိယတရား ၂၉၆
မဇ္ဈကာသဏ္ဍာမြို့ ၅
မိစ္ဆာဒိဋ္ဌိခြောက်ဆယ့်နှစ်ပါး ၉၅
မိစ္ဆာဒိဋ္ဌိဆယ်မျိုး ၉၂
မိစ္ဆာအယူ ၉၀
မင်္ဂလဆင် ၂၉၂
မောင်စိတ္တ ၅
မုစ္စိတုကမျတာဉာဏ် ၂၃၀
မဇ္ဈိမပုရိသ ၂၉၂
မယ်တော်မာယာ ၃၀၁
မျက်စောင်းလက်နက် ၃၀၆
မြတ်စွာဘုရားရှင်တို့အားစွန့်လှူ အပ်သော လာဘ်လာဘ ၃၁၆

[ ယ ]

ယောဂါဝစရမထေရ် ၅၃
ယံ ဝါ တံ ဝါ ၂၈
ယက္ခိနီများ ၂၉၅
ယင်းတိုက်တော ၃၇၃

[ ရ ]

ရတနာ ၁၇
ရသေ့ပရိဗိုဇ် ၃၁၄
ရူပကာယ ၃၅
ရူပရာဂ ၂၅၄
ရုပ်အဘိဓမ္မာ ၂၄၉
ရှစ်မင်းပယ်စားလယ်မြေ ၄၀

[ လ ]

လောကီလောကုတ္တရာ ဒါနစေတနာ ၃၆၁
လောကီလောကုတ္တရာပညာ ၃၆၁

http:\\www.dhammadownload.com




လောကီလောကုတ္တရာ
ဗဟုသုတ ၃၆၁
လောကီလောကုတ္တရာဟိရီ ၃၆၁
လောကီလောကုတ္တရာသြတ္တပ္ပ ၃၆၁
လောကီဥပါဒါနက္ခန္ဓာငါးပါး ၂၃၅
လောကီလောကုတ္တရာတရား
တည်းဟူသောစတုမဓု ၃၁၂
လောကီလောကုတ္တရာတရား
တည်းဟူသောနို့ချိုအေး ၃၁၂
လက်ျာဝါဒ ၉၁
လက်ဝဲဝါဒ ၉၁
လင်းနို့သားငါးရာ ၆၄
လိပ်ပြာ ၉၆
လိပ်ပြာခွဲ ၉၆
လုံးဝအနှောင်အဖွဲ့မရှိ ၁၃၈

[ ဝ ]

ဝစီသစ္စာ ၃၂၂
ဝစီသင်္ခါရ ၁၅၄
ဝဇီရစိန်(ဝရဇိန်)လက်နက် ၃၀၆
ဝါယောကသိုဏ်း ၁၁၉
ဝိကုဗ္ဗနိဒ္ဓိ ၁၂၃
ဝိစိကိစ္ဆာသံယောဇဉ် ၂၅၃
ဝိစက္ခဏ ၃၂၉
ဝိနိပါတိကအသူရကာယ် ၂၃၈
ဝိပဿနာ ၁၅၀
ဝိမုတ္တိဂုဏ် ၂၆၄
ဝိမုတ္တိဉာဏဒဿနဂုဏ် ၂၆၄
ဝိရတီသစ္စာ ၃၂၂
ဝိရာဂဉာဏ် ၂၃၅
ဝီရိယ ၃၃၃
ဝေဒနာက္ခန္ဓာဝန် ၁၅၂
ဝေမာနိကပြိတ္တာ ၂၃၈
ဝေယျာကရဏ်း ၂၂၇
ဝတ္တုဒ္ဒသက ကလာပ် ၃၉၄
ဝေဿဝဏ်နတ်ဘီလူးမင်းကြီး ၂၈၀
ဝိညာဏာဟာရ ၂၂၉
ဝိညာဏက္ခန္ဓာဝန် ၁၅၂
ဝိညာဏဋ္ဌိတိခုနစ်ပါး ၂၃၈

[ သ ]

သြကပ္ပနသဒ္ဓါ ၄၉
သမထ ၁၄၉
သမာဓိဂုဏ် ၂၆၄
သမာနတ္တတာ ၃၆၅
သမာနတ္တာစတုတ္ထသင်္ဂဟ ၃၆၇
သာတာဂိရိနတ်ဘီလူး ၂၉၇
သာမိစိပ္ပဋိပန္နောဝတဘဂဝတော
သာဝက သံဃော ၂၇၂
သာမန်လူသေ ၁၆၆
သာသနာ ၂၄၉
သားပြွမ်း(ဒံပေါက်)ဆွမ်း ၅၄

http:\\www.dhammadownload.com




သိကြားမင်း ၃၀၃
သိခါပဏ္ဏပရမ္မရ
ပစ္စဝေက္ခဏာ ၂၅၇
သီလ(လောကီလောကုတ္တရာ
သီလ) ၃၆၁
သီလဂုဏ် ၂၆၄
သီလဗ္ဗတပရာမာသသံယောဇဉ်
၂၅၄
သီလသမ္ပဒါ ၄၉
သော ဘာဂဝါ ဠတိပိ ဘဂဝါ ၂၆၈
သော ဘဂဝါ ဠတိပိ
လောကဝိဒူ ၂၆၆
သော ဘဂဝါ ဠတိပိ
ဝိဇ္ဇာစရဏသမ္ပန္နော ၂၆၅
သော ဘဂဝါ ဠတိပိ
သုဂတော ၂၆၆
သော ဘဂဝါ ဠတိပိ
သတ္ထာဒေဝမနုဿာနံ ၂၆၇
သော ဘဂဝါ ဠတိပိ
သမ္မာသမ္ဗုဒ္ဓေါ ၂၆၅
သော ဘဂဝါ ဠတိပိ အနုတ္တရော
ပုရိသဒမ္မသာရထိ ၂၆၇
သော ဘဂဝါ ဠတိပိ အရဟံ ၂၆၄
သက္ကာယဒိဋ္ဌိသံယောဇဉ် ၂၅၃
သစ္စာ ၃၃၃
သစ္စာအရသာ ၃၂၂
သတ္တာဝါသ ဘုံကိုး၀ ၂၄၄
သတ္တုပက္ကောသနအမိန့်ခွန် ၁၅၀
သဒ္ဓါ(လောကီလောကုတ္တရာ)၃၆၁
သန္ဒိဋ္ဌိကော ဘဂဝတော
ဓမ္မော ၂၆၉
သဗ္ဗေသတ္တာ
အာဟာရဋ္ဌိတိကာ ၂၂၈
သဗ္ဗညုတဉာဏ်တော် ၃၁၆
သမ္မာဝါစာ ၃၂၂
သမ္မာဝါစာဝိရတိ ၃၂၂
သဿတဒိဋ္ဌိ ၉၆
သုဒ္ဓါဝါသငါးဘုံ ၃၉၀
သုပ္ပဋိပန္နော ဝတ ဘဂဝတော
သာဝကသံဃော ၂၇၂
သုဿူသာ ၃၂၉
သင်္ခါရ ၁၅၃
သင်္ခါရက္ခန္ဓာ၀န် ၁၅၂
သင်္ဂဟ ၃၆၄
သင်္ဂဟလေးပါး ၃၆၈
သညာဝေဒယိတ နိရောဓ
သမာပတ် ၁၆၀
သညာအသိ ၆၆
သံဃနဝက–သံဃနော ၈၄
သံဃနော ၁၀၈

http:\\www.dhammadownload.com



သံဃပဋိမာနနအမိန့်ခွာန် ၁၅၀
သံဃာ ၁၂
သံတင်းပုတ်လက်နက် ၃၀၆
သံတွေခဲ ၃၀၂
သံတွေခဲ မီးရဲရဲကြီး ၃၅၃
သံယောဇန ၅၉
သံယောဇနိယ သုံးဆယ့်
နှစ်ပါးသော နိမိတ် ၃၀၁
သွာက္ခာတောဘဂဝတာဓမ္မော ၂၆၉

[ ဟ ]

ဟေမဆင် ၂၉၂
ဟေမဝတနတ်ဘီလူး ၂၉၇
ဟတ္ထက ၃၄၃
ဟတ္ထကအာဠဝက ၃၄၃
ဟတ္ထပါသ်အတွင်း ၃၀၆

[ အ ]

အကနိဋ္ဌဗြဟ္မာပြည် ၂၆၄
အကာလိကော
ဘဂဝတော ဓမ္မော ၂၇၀
အကုသိုလ်ကမ္မပထတရား
ဆယ်ပါး ၂၄၆
အကျဉ်းချုပ်ညွှန်ပြမှု ၂၃၀
အစေလကဿပသုတ် ၂၄၇
အစွယ်ကို နှုတ်အပ်ပြီးသော
မြွေဆိုးမြွေဟောက်ကဲ့သို့ ၃၀၈
အဆင်းငါးမျိုး နတ်ပန်းမိုး ၅
အညစ်အကြေးလိမ်းထေး
နေတဲ့ သံခဲကြီး ၃၅၃
အတွင်းအာယတန ၂၃၆
အဓိဂမအပ္ပိစ္ဆ ၃၅၈
အဓိစ္စသမုပ္ပန္န ၂၂၉
အဓိဋ္ဌာနိဒ္ဓိ ၁၂၃
အဓိဋ္ဌာန်ဝိထိ ၁၂၅
အနာဂါမ်အရိယာ ၁၀
အနုဒူတ ၂၉
အနုတ္တဝါဒ ၉၈
အနုတ္တရံ ပုညခေတ္တံဝတ
လောကဿ ဘဂဝတော
သာဝကသံဃော ၂၇၅
အပရလကုဏ္ဍကဘဒ္ဒိယ ၁၃၁
ဘဒ္ဒိယအပရလ
ကုဏ္ဍကသုတ် ၁၃၀
အပါယ်ဘုံသား ၂၃၉
အပုညာဘိသင်္ခါရ ၁၅၃
အဖော်တမန်ရဟန်း ၂၈
အဘယာရာမဆရာတော် ၉၇
အဘိဓမ္မာ ၂၄၉
အဘိဓမ္မာတရားတော် ၆၄
အမရာဝိက္ခေပငါး ၉၂
အမရာဝိက္ခေပဒိဋ္ဌိ ၉၂

http:\\www.dhammadownload.com



အရိယဘုံသုံးဆင့်မြောက် ၃၅
အရိယာမဂ်ဉာဏ်အထူး ၂၄၈
အရူပရာဂ ၂၅၄
အရှင်ကာမဘူ ၁၂၈
အရှင်ထေရ ၈၂
အရှင်မဟာကရဟန္တာ ၁၁၀
အရှင်မဟာကစ္စည်း ၉
အရှင်မဟာကပ္ပိန ၉
အရှင်မဟာကဿပ ၅၈
အရှင်မဟာကောဋ္ဌိက ၉
အရှင်မဟာမောဂ္ဂလ္လာန် ၉
အရှင်ပေကုဏ္ဍကဘဒ္ဒိယ ၁၃၁
အရှင်သာရိပုတ္တရာ ၉
အရှင်သုဓမ္မ ၉
အရှင်အာနန္ဒာ ၅၈
အဝန္တိတိုင်း ၁၀၄
အလဗ္ဗီဆဗ္ဗဂ္ဂီရဟန်း ၁၃၂
အဝိဟာဘုံ ၃၉၀
အဝိဇ္ဇောဃ ၃၂၅
အာကာသဋ္ဌဗိမာန် ၃၀၀
အာနေဉ္ဇာဘိသင်္ခါရ ၁၅၃
အာပေါကသိုဏ်း ၁၁၉
အာဝါသိကကျောင်းထိုင်
ကိုယ်တော် ၈
အာသယာနုသယဉာဏ် ၂၉၀
အာဟာရဇရုပ်ကလာပ် ၃၉၄
အာဟုနေယျောဝတ
ဘဂဝတော သာဝက
သံဃော ၂၇၄
အာဠဝကမင်းသားလေး ၂၈၈
အာဠဝကဘီလူး ၂၇၉
အာဠဝီ ၂၈၀
အာ+အောက်လိ ၁၇
ဣသိပတနမိဂဒါဝုန်တော ၃၀၁
ဥဇုပ္ပဋိပန္နော ဝတ ဘဂဝတော
သာဝက သံဃော ၂၇၂
ဥတုဇ ၃၉၂
ဥတုဇရုပ် ၃၉၂
ဥဒါန်းကျူး ၃၉၄
ဥပနိဿရည်း ၇၀
ဥပပတ်မှာ စုတေခါ
ခန္ဓာကြွင်းမရှိ ၃၉၄
ဥပေါသထဆင် ၂၉၂
ဥပါဒ်ခဏ ၁၆၁
ဥသဘနွားလား ၃၀၂
ဦးချိုကျိုးသော နွားလား
ဥသဘကဲ့သို့ ၃၀၈
ဧကစ္စသဿတဒိဋ္ဌိ ၉၁
ဧကတ္တကာယနာနတ္တ
သညီသတ္တဝါ ၂၃၇

http:\\www.dhammadownload.com




ဧကတ္တကာယဧကတ္တ
  သညီသတ္တဝါ ၂၃၇
ဧဏီမိဂ ၂၇၉
ဧဟိပဿိကော ဘဂဝတော
  ဓမ္မော ၂၇၀
ဩဃလေးခန်းရေပြင်ကြမ်း ၃၂၅
ဩပနေယျိကော
  ဘဂဝတော ဓမ္မော ၂၇၀
ဩရမ္ဘာဂိယ သံယောဇဉ် ၂၅၂
အံ့ဖွယ်ခုနစ်ပါး ကျေးဇူးတရား
  နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ် ၃၆၁
အောက်+ကလိ+အာ ၁၇
အာဠဝကစေတိယ ၃၇၄
အဥ္စလိကရဏီယောဝတဘဂဝတော
  သာဝကသံဃော ၂၇၄
ဧည့်သည် ၃၉၃
အတ္တဒိဋ္ဌိ ၉၇
အတ္တဝါဒ ၉၆
အစ္ဆရိယ ၃၆၅
အစ္ဆရိယသင်္ဂဟ ၃၆၇
အစ္ဆရိယာ ၃၄၈
အဒ္ဓါနပရိစ္ဆေဒ ၁၅၁
အဏ္ဏဝသမုဒ္ဒရာ ၃၂၅
အပ္ပမာဒ ၃၂၅
အပ္ပိစ္ဆဂုဏ် ၃၆၃
အပ္ပိစ္ဆတာ ၃၆၃
ဣတ္ထိဘာဝဒသက
  ကလာပ် ၃၉၄
ဣဒ္ဓိရှင် ၃၁၄
ဣဿရနိမ္မာန ၂၂၉
ဣဿာတရား ၂၉၆
ဥစ္ဆေဒဒိဋ္ဌိ ၉၁
ဥဋ္ဌာနသမ္ပဒါ ၃၃၀
ဥတ္တရမာတာဘီလူးမ ၂၃၈
ဥတ္တရိမနုဿဓမ္မမျိုး ၁၂၃
ဥဒ္ဒေသ ၂၃၀
ဥဒ္ဓစ္စ ၂၅၄
ဥဒ္ဓမ္ဘာဂိယသံယောဇဉ် ၂၅၄
ဣန္ဒြိယပရော
  ပရိယတ္တိဉာဏ် ၂၉၀
အန္တရဋ္ဌကရက်ကြီး ၃၇၆
အမ္ဗာဋ္ဌကဝန ၉
အိမ်ရှင် ၃၉၃


အရှင်ဝိစိတ္တသာရာဘိဝံသ၏
ဟောစဉ်တရားတော်များ (အဋ္ဌမတွဲ)
အက္ခရာစဉ်အညွှန်း ပြီး၏။